အာရက်ကန် (ရခိုင်ပြည်နယ်)
မြန်မာနိုင်ငံအနောက်ဘက်ဒေသမှ ပဋိပက္ခဖြေ



AUTHOR:
Martin Smith

DESIGN:
Guido Jelsma

PHOTO CREDITS:
Tom Kramer (TK)
Martin Smith (MS)
The Irrawaddy (IR)
Agence France-Presse (AFP) European Pressphoto Agency (EPA) Mizzima (MZ)
Reuters (RS)

COVER PHOTO:
Displaced Rakhine woman fetching water in IDP camp near Sittwe (TK)

ACKNOWLEDGEMENTS:
This publication was made possible through the financial support of Sweden. The contents of this publication are the sole responsibility of TNI and can under no circumstances be regarded as reflecting the position of the donor.

PUBLICATION DETAILS:
Contents of the report may be quoted or reproduced for non-commercial purposes, provided that the source of information is properly cited.

TRANSNATIONAL INSTITUTE (TNI)
De Wittenstraat 25, 1052 AK Amsterdam, The Netherlands
Tel: +31-20-6626608, Fax: +31-20-6757176
e-mail: Burma@tni.org
www.tni.org/en/myanmar-in-focus

Amsterdam, December 2020

မာတိကာ

မြန်မာနိုင်ငံ မြေပုံ ၁
အာရကန်နိုင်ငံရေးသမိုင်း ၂
အတိုကောက်များ ၅
၁။ မိတ်ဆက် ၉
အာရကန် မြေပုံ ၁၄
၂။ အမေ့လျော့ခံ အာရကန်ဘုရင့်နိုင်ငံတော် ၁၅
ပဋိပက္ခနှင့် ကိုလိုနီပြုခံရခြင်းတို့၏ ဆိုးမွေ ၁၅
■ ရခိုင်ပြည်နယ် - မျက်မှောက်ခေတ် ရုပ်ပုံလွှာ ၁၉
ဖြိတိသျှအုပ်ချုပ်ရေးနှင့် အမျိုးသားရေး လှုပ်ရှားမှုများ ပေါ်ပေါက်လာခြင်း ၂၂
ဂျပန်တို့ လက်အောက်ကျရောက်ခြင်းနှင့် လူမျိုးရေးအဓိကရုဏ်းများ ၂၄
အာရကန်တို့ ဘေးဖယ်ထားခြင်းနှင့် လွတ်လပ်ရေးသို့ ဖုတ်ပူမီးတိုက်ချီတက်ခြင်း ၂၇
■ ရခိုင်၊ ရိုဟင်ဂျာနှင့် အမည်သညာနိုင်ငံရေး ၃၃
၃။ ပါလီမန်ခေတ် (၁၉၄၈ - ၆၂) ၃၇
နိုင်ငံတစ်ခု တောခိုသွားခြင်း ၃၇
ရွေးကောက်ပွဲလှုပ်ရှားမှုများ ပြန်လည် အသက်ဝင်ခြင်း ၃၈
“လက်နက်နှင့် ဒီမိုကရေစီလဲလှယ်ရေး” ငြိမ်းချမ်းရေးလမ်းစနှင့် နိုင်ငံရေးကျဆုံးခြင်း ၄၁
မေယုနယ်ခြားခရိုင်နှင့် ဗိုလ်ချုပ်နေဝင်း၏ အာဏာသိမ်းခြင်း ၄၄
၄။ ဗမာ့နည်း ဗမာ့ဟန်ဆိုရှယ်လစ်လမ်းစဉ် (၁၉၆၂ - ၈၈) ၄၇
စစ်အုပ်ချုပ်ရေး ဖြတ်လေးဖြတ်နှင့် ပဋိပက္ခများ တစ်ကျော့ပြန်လာခြင်း ၄၇
အာရကန်တွင် လက်နက်ကိုင် တိုက်ပွဲဝင်မှုများ ပြန်လည်စတင်ခဲ့ပုံ ၄၉
၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ရခိုင်ပြည်နယ်နှင့် လူဦးရေ သန်းခေါင်စာရင်း ၅၂
နယ်မြေရှင်းလင်းရေး၊ နဂါးမင်းစစ်ဆင်ရေးနှင့် ဒုက္ခသည်အကျပ်အတည်း ၅၆
■ ဒေသတွင်း ပဋိပက္ခအရှုပ်အထွေး ၅၉
အတိုက်အခံများ အင်အား လျော့လာခြင်း၊ လူမျိုးစု-နိုင်ငံရေးဂိုဏ်းဂဏ ကွဲလာခြင်းနှင့်
မဆလအစိုးရပြိုကျခြင်း ၆၂
၅။ စစ်အစိုးရ - န.ဝ.တ- န.အ.ဖ အုပ်ချုပ်ရေး (၁၉၈၈-၂၀၁၁) ၆၉
ရွေးကောက်ပွဲကတိများနှင့် နိုင်ငံရေးနှိပ်ကွပ်မှုများ ၆၉
ပဋိပက္ခများပြန်စခြင်း၊ စစ်အင်အားပြန်လည်ထူထောင်ကြခြင်းနှင့်
၁၉၉၁-၉၂ ရိုဟင်ဂျာများ အစုလိုက် အပြုံလိုက် ထွက်ပြေးရခြင်း။ ၇၁
အစိုးရစပ်ကူးမပ်ကူးကာလနှင့် အတိုက်အခံတို့အနေအထားပြန်ညှိရခြင်း ၇၇
ပင်လယ်မျှော့ စစ်ဆင်ရေးနှင့် ရွှေခါတ်ငွေ့ - စစ်မျက်နှာသစ်များနှင့် အကျပ်အတည်းသစ်များ ၈၂

၂၀၀၈အဖွဲ့အစည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၂၀၁၀အထွေထွေရွေးကောက်ပွဲ ၉၂
အာရကန် လက်နက်ကိုင်လှုပ်ရှားမှုများ အစဉ်ပြဇယား ၉၃
၆။ အရပ်သားတစ်ပိုင်း အုပ်ချုပ်ရေး သမ္မတဦးသိန်းစိန်လက်ထက် (၂၀၁၁-၂၀၁၆) ၉၇
၂၀၂၀ မွတ်ဆလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများ ၉၈
၂၀၁၂ အကြမ်းဖက်မှု နောက်ပိုင်းခွဲခြားဆက်ဆံသော အစီအမံများ ၁၀၃
ရခိုင်အမျိုးသားရေးဝါဒပြန်လည်ဦးမော့လာခြင်း ၁၀၃
အပစ်အခတ်ရပ်စဲရေးနှင့် အပြောင်းအလဲကာလအတွင်း စစ်ရေးနယ်ပယ်ချဲ့ထွင်လာကြခြင်း ၁၀၇
လူမျိုးစု လက်နက်ကိုင်အဖွဲ့များ - ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအထိ ၁၁၁
တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် ရခိုင်ပြည်နယ်တွင်မအောင်မြင်ခဲ့သောနိုင်ငံရေး ၁၁၂
၂၀၁၅ အထွေထွေ ရွေးကောက်ပွဲ၊ အာရကန်အမျိုးသားပါတီနှင့်
ဦးသိန်းစိန် သမ္မတ သက်တမ်းကုန်ဆုံးခြင်း ၁၁၈
၇။ NLD- တပ်မတော် အစိုးရ (၂၀၁၆ မှ ယနေ့အထိ) ၁၂၄
၂၁ ရာစုပင်လုံညီလာခံနှင့် ညှိနှိုင်းဆွေးနွေးပွဲများမအောင်မြင်ရခြင်း ၁၂၅
ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ အခြေခံမူ (၈)ချက် ၁၃၀
ARSA အရှိန်ရလာခြင်းနှင့် တစ်ဖန်အသစ်ဖြစ်လာသော ရိုဟင်ဂျာ အကျပ်အတည်း ၁၃၁
ညှပ်ပူးညှပ်ပိတ် နိုင်ငံရေးနှင့် တရုတ်ကဝင်ရောက်လာပုံ ၁၃၄
ကိုဖီအာနန်ကော်မရှင်နှင့် ရိုဟင်ဂျာတို့ အစုလိုက် အပြုံလိုက်ထွက်ပြေးကြရခြင်း ၁၃၈
Facebookနှင့် ဆိုရှယ်မီဒီယာ၏ အခန်းကဏ္ဍ ၁၄၅
နိုင်ငံရေးပဋိပက္ခနှင့် ရခိုင်အမျိုးသားရေး ၁၄၅
ကြီးကျယ်သော ကစားပွဲအသစ် - နိုင်ငံတကာဇာတ်ခုံတွင်
ရှေ့တန်းရောက်လာသော ရခိုင်ပြည်နယ် ၁၄၉
၈။ ယနေ့အာရကန် ၁၅၉
ကသောင်းကနင်း အာရကန်မြေ ၁၅၉
ပဋိပက္ခအသစ်များ သို့မဟုတ် ဖြေရှင်းစရာ နည်းလမ်းသစ်များ ၁၆၄
ရိုဟင်ဂျာနောက်ဆက်တွဲ ၁၇၁
၉။ နိဂုံး ၁၇၇
မှတ်စုများ ၁၈၃

မြန်မာနိုင်ငံမြေပုံ


KACHIN STATE
Putao
INDIA
Myitkyina
Chindwin
YUNNAN
Kunming
Laiza
SAGAING REGION
Ayeyarwady
Lashio
BANGLA-DESH
Hakha
CHIN STATE
Kaladan
SHAN STATE
Panghsang
Mandalay
MYANMAR
Mekong
VIETNAM
MANDALAY REGION
Thanlwin
Panglong
Kengtung
Taunggyi
RAKHINE STATE
Sittwe
MAGWE REGION
Tachilek
Pakokku
LAO PEOPLE'S DEMOCRATIC REPUBLIC
Mae Sai
Nay Pyi Taw
Loikaw
Chiang Rai
Louangphrabang
Bay of Bengal
KAYAH STATE
Mae Hong Son
Taungoo
BAGO REGION
Chiang Mai
Sittaung
Vientiane
YANGON REGION
Hpa-An
AYEYARWADY REGION
KAYIN STATE
Mae Sod
Yangon
Myawaddy
Gulf of Martaban
THAILAND
Three Pagoda Pass
MON STATE
Chao Praya
Dawei
Bangkok
TANINTHARYI REGION
CAMBODIA
ANDAMAN SEA
Phnom Penh
Gulf of Thailand

အာရကန်နိုင်ငံရေးသမိုင်း

၁၇၈၄	ကုန်းဘောင်မင်းတစ်ပါးက မြောက်ဦးဘုရင့်နိုင်ငံတော်ကို ကျူးကျော်စစ်ဆင်နွဲ
၁၈၂၄-၁၈၂၆	အင်္ဂလိပ်-မြန်မာ ပထမစစ်အတွင်း အာရကန်ကို အင်္ဂလိပ်တို့သိမ်းပိုက်
၁၈၈၅-၁၈၈၆	အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအတွင်း ဗြိတိသျှ-ဘားမားခေါ်အင်္ဂလိပ်အုပ်ချုပ်သောဗမာပြည်ထဲသို့ အာရကန်ကို သွတ်သွင်း၊ ဗမာပြည်မ၏ တိုင်းတစ်ခုအဖြစ် အာရကန်ကို အုပ်ချုပ်
၁၉၁၈-၁၉၁၉	ရခိုင်ပြည်အသင်းနှင့်အတူ အမျိုးသားရေး အဖွဲ့အစည်းများ ပြန်လည်နိုးကြားသက်ဝင်လာ
၁၉၃၆	အာရကန်မြောက်ပိုင်းဆိုင်ရာ ဂျမီးယာတူး-အူလမာ (မွတ်ဆလင်ဘာသာရေးကောင်စီ) အဖွဲ့ပေါ်ပေါက်လာ
၁၉၃၇	အိန္ဒိယမှ ဗြိတိသျှဘားမားကို ခွဲထုတ်-ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးတည်ထောင်
၁၉၄၁-၄၅	ဒုတိယကမ္ဘာစစ်နှင့် ဂျပန်ကျူးကျော်စစ်
၁၉၄၂	ရခိုင်ဒေသအတွင်း အုပ်စုအချင်းချင်းကြား အကြမ်းဖက်မှုဖြစ်ပွား
၁၉၄၅	ရခိုင်ပြည် ပြည်သူ့လွတ်မြောက်ရေးပါတီ (APLP) ကို ဖွဲ့စည်း
၁၉၄၆	ဗမာပြည်ကွန်မြူနစ်ပါတီတွင် အလံဖြူ-အလံနီဟူ၍ ကွဲထွက်
၁၉၄၇	တန်းတူညီတူဖြစ်မှုနှင့် ပြည်ထောင်စုဖြစ်မှုကို အခြေခံကာပင်လုံစာချုပ်ကိုချုပ်ဆို
၁၉၄၈	မြန်မာနိုင်ငံလွတ်လပ်ရေးရရှိ- အာရကန်မှာ ရခိုင်တိုင်းအဖြစ်သို့ရောက်ရှိပြီး ရခိုင်နယ် တောင်တန်းဒေသများကို ချင်းဝိသေသတိုင်းအတွင်းထည့်သွင်း၊ ရခိုင်၊ မူဂျာဟစ်၊ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် အခြားအဖွဲ့များ၏ လက်နက်ကိုင်တိုက်ပွဲဝင်မှုများစတင်
၁၉၅၁	အထွေထွေရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလ ရခိုင်ပါလီမန်အမတ်များအဖွဲ့(IAPG)က မဲအများစုအနိုင်ရ
၁၉၅၆	ရတည (ANUO) က ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ဦး (ပ.မ.ည.တ-NUF) နှင့် မဟာမိတ်ဖွဲ့၊ အထွေထွေရွေးကောက်ပွဲတွင် ဦးနု၏ ဖ.ဆ.ပ.လ ပြီးလျှင် ပ.မ.ည.တ (NUF)က ဒုတိယမဲအများဆုံးရရှိ
၁၉၅၈	ဦးနုလက်ထက် "သင်ပုန်းခြေ လွတ်ငြိမ်းချမ်းသာခွင့်" အစီအစဉ်
၁၉၅၈-၁၉၆၀	ဗိုလ်ချုပ်နေဝင်း၏ "အိမ်စောင့် အစိုးရ" က အုပ်ချုပ်
၁၉၆၀-၁၉၆၂	ရှမ်း၊ ရခိုင် နှင့်အခြားလူမျိုးစုခေါင်းဆောင်များက ဖယ်ဒရယ်စနစ်ကို အဆိုပြု၊ ရခိုင်ပြည်နယ်ဖွဲ့စည်းရေးသဘောတူ၊မေယုနယ်ခြားခရိုင် အကောင်အထည်ဖော်
၁၉၆၂	ဗိုလ်ချုပ်နေဝင်းက အာဏာသိမ်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို အခြေခံလမ်းစဉ်ကြီးအဖြစ် ချမှတ်
၁၉၆၃	နိုင်ငံလုံးဆိုင်ရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရ.က.ပ တက်ရောက်၊ ရခိုင်၊မူဂျာဟစ်၊ရိုဟင်ဂျာနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့၏ လက်နက်ကိုင်တိုက်ပွဲဝင်မှုများ ပြန်လည်စတင်
၁၉၆၇	စစ်တွေ "ဆန်ပြဿနာ လူသတ်ပွဲနေ့"
၁၉၇၃	ပြည်လုံးကျွတ်သန်းခေါင်စာရင်းနှင့် လူထုဆန္ဒခံယူပွဲ
၁၉၇၄	မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြဋ္ဌာန်း၊ ရခိုင်ပြည်နယ် စတင်ပေါ်ပေါက်လာ

၁၉၇၈	နဂါးမင်းစစ်ဆင်ရေးနှင့် ရိုဟင်ဂျာများ ပထမအကြိမ် အစုလိုက်အပြုံလိုက်ထွက်ပြေးရခြင်းဖြစ်ပွား
၁၉၈၂	နိုင်ငံသားဖြစ်မှု ဥပဒေ ပြဋ္ဌာန်း
၁၉၈၈	ဒီမိုကရေစီအရေးဆန္ဒပြပွဲများပေါ်ပေါက်၊ မဆလ အစိုးရပြိုကျ၊ နဝတ က အာဏာယူ၊ ဒီမိုကရေစီအရေးလှုပ်ရှားသူများစွာ နေရပ်စွန့်ခွာရပြီး လက်နက်ကိုင်အတိုက်အခံနယ်မြေများတွင် ခိုလှုံ
၁၉၈၉	ဗ.က.ပ ပြိုကွဲ၊ လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးအစီအစဉ်စတင်
၁၉၉၀	အထွေထွေရွေးကောက်ပွဲတွင် NLD အနိုင်ရ၊ ရခိုင်ပြည်နယ်၏ မဲဆန္ဒနယ်အများစုတွင် ALD အနိုင်ရ၊ အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ (NDPHR) က လေးနေရာ အနိုင်ရ
၁၉၉၂	ALD၊ NDPHR နှင့် အခြားလူမျိုးစုပါတီများဖျက်သိမ်းခံရ၊ တပ်မတော်စစ်ဆင်ရေးကြောင့် ရိုဟင်ဂျာများ ဒုတိယအကြိမ် အစုလိုက်အပြုံလိုက်ထွက်ပြေး
၁၉၉၃	ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရန် အမျိုးသားညီလာခံစတင်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(USDA)တည်ထောင်
၁၉၉၇	နဝတ အစိုးရ (SLORC) က နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ဟု အမည်ပြောင်းလဲ
၁၉၉၈	ALD က NLD နှင့်အတူ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) တွင်ပါဝင်
၂၀၀၂	ALD က ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများအဖွဲ့ချုပ် (UNA) သို့ ဝင်ရောက်
၂၀၀၈	နာဂစ် ဆိုင်ကလုန်းမုန်တိုင်း၊ ပြည်သူ့ဆန္ဒခံယူပွဲ နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ကြေညာ
၂၀၀၉	အပစ်အခတ်ရပ်ထားသော အဖွဲ့များအား နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် အသွင်ပြောင်းရန် အစိုးရက အမိန့်ပေး
၂၀၁၀	NLD နှင့် ALD တို့ အထွေထွေရွေးကောက်ပွဲကို သပိတ်မှောက်၊ USDP က ရွေးကောက်ပွဲတွင် အနိုင်ရ၊ RNDP က ရခိုင်မဲဆန္ဒနယ် အများစုတွင်အနိုင်ရ
၂၀၁၁	SPDC ကအစိုးရသစ်သို့အာဏာလွှဲ၊ သမ္မတဦးသိန်းစိန်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အသစ်စတင်
၂၀၁၂	ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရပြီး NLD လွှတ်တော်ထဲရောက်ရှိ၊ ALP က အပစ်အခတ်ရပ်စဲ၊ လူမျိုးရေးမုန်းတီးမှုကို အခြေခံပြီး အချို့ရပ်ရွာများတွင် မတည်ငြိမ်မှုများဖြစ်ပွား
၂၀၁၅	လက်နက်ကိုင်အဖွဲ့အားလုံးမပါဝင်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူ စာချုပ်အသက်ဝင်၊အထွေထွေ ရွေးကောက်ပွဲတွင် NLDအနိုင်ရ၊ANPက ရခိုင်မဲဆန္ဒနယ်မြေအများစုတွင်အနိုင်ရ၊ မွတ်ဆလင်အမတ်လောင်းအများစု အပယ်ခံရ၊ ရိုဟင်ဂျာများ၏ မဲပေးခွင့်ကို ရုပ်သိမ်း
၂၀၁၆	၂၁ ရာစုပင်လုံညီလာခံ၊ ULA-AA က ရခိုင်ပြည်နယ်တွင် လက်နက်ကိုင်ပြီးစတင်လှုပ်ရှား၊ ARSA အဖွဲ့ပေါ်ထွက်၊ ပဋိပက္ခ အသစ်များဖြစ်လာ၊ နေရပ်စွန့်ခွာရသော ဒုက္ခသည်များ အရေးကြုံ
၂၀၁၇	ဒုတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံ၊တရုတ်က BRI စီမံကိန်းများကို စတင်၊ ကိုဖီအာနန်အကြံပေးကော်မရှင်၏ အစီရင်ခံစာ ထုတ်ပြန်၊ ARSA ကတိုက်ခိုက်မှုများ ပြန်စ၊ တပ်မတော်က ပြန်လည်ဖြိုခွင်း၊ တတိယအကြိမ် ရိုဟင်ဂျာ ဒုက္ခသည်များ နေရပ်စွန့်ခွာထွက်ပြေး
၂၀၁၈	မြောက်ဦးမြို့တွင် ဆန္ဒပြသူများအသတ်ခံရ၊ ANP ခေါင်းဆောင်ဟောင်း ဒေါက်တာအေးမောင်ဖမ်းဆီးခံရ၊ တတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံ၊ စစ်ရာဇဝတ်မှုများ ကျူးလွန်မှုရှိခဲ့သည်ဟု ကုလသမဂ္ဂအချက်အလက် ရှာဖွေရေးကော်မရှင်က စွပ်စွဲ၊ ရခိုင်မှ လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှ ဖယ်ထား

၂၀၁၉	ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အကျိုးဆောင်ပေးရန် တရုတ်ပါဝင်လာ၊ ULA နှင့် ပဋိပက္ခများ ပြင်းထန်လာ၊ ဘင်္ဂလားဒေ့ရှ်သို့ ဒုက္ခသည်ပေါင်း တစ်သန်းကျော်ရောက်ရှိ၊ နေရပ်မှ စွန့်ခွာ ထွက်ပြေး ရသူပေါင်း နှစ်သိန်းအထိရှိလာ၊ ICC နှင့် ICJ က ဖိနှိပ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများစတင်
၂၀၂၀	၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တတိယအကြိမ် အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို သတ်မှတ်

အတိုကောက်များ

AA Arakan Army	ရခိုင်တပ်မတော်
AA Arakan Army	ရခိုင်ပြည်တပ်မတော် (NUPA, နောင် ANC ၏ လက်နက်ကိုင် တပ်ဖွဲ့)
AA Arakan Army	ရကၡိုင့်တပ်တော် (ULA ၏ လက်နက်ကိုင်တပ်ဖွဲ့)
AASYC All Arakan Students and Youth Congress	ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားလူငယ်များ အစည်းအရုံး
ABSDF All Burma Students Democratic Front	မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦး
AFPFL /ဖဆပလ Anti-Facist People's Freedom League	ဖက်ဆစ် ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်
AIA Arakan Independence Alliance	ရခိုင်ပြည်လွတ်လပ်ရေး မဟာမိတ်အဖွဲ့
AIO Arakan Independence Organisation	ရခိုင်ပြည်လွတ်လပ်ရေး အဖွဲ့
ALD Arakan League for Democracy	ရခိုင် ဒီမိုကရေစီ အဖွဲ့ချုပ်
ALD (E) Arakan League for Democracy (Exile)	ရခိုင် ဒီမိုကရေစီ အဖွဲ့ချုပ် (ပြည်ပ)
ALO Arakan Liberation Organisation	ရခိုင်ပြည် လွတ်မြောက်ရေး အဖွဲ့
ALP Arakan Liberation Party	ရခိုင်ပြည် လွတ်မြောက်ရေး ပါတီ
ANC / ရတတစ Arakan National Congress	ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားများ အစည်းအရုံး
ANC Arakan National Council	ရခိုင်ပြည် အမျိုးသား ကောင်စီ (၂၀၀၄ ယနေ့အထိ)
ANLP Arakan National Liberation Party	ရခိုင်ပြည် အမျိုးသား လွတ်မြောက်ရေးပါတီ
ANP Arakan National Party	ရခိုင် အမျိုးသား ပါတီ
ANUO / ရတည Arakan National United Organisation	ရခိုင်ပြည် တိုင်းရင်းသား ညီညွတ်ရေး အဖွဲ့
ARIF Arakan Rohingya Islamic Front	အာရ်ကန် ရိုဟင်ဂျာ အစ္စလာမ္မစ် တပ်ဦး
ARSA / အာဆာ Arakan Rohingya Salvation Army	အာရကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော်
BCIM Bangladesh, China, India and Myanmar Economic Corridor	ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံ
BGF Border Guard Force	နယ်ခြားစောင့်တပ်ဖွဲ့
BIA Burma Independence Army	ဗမာ့လွတ်လပ်ရေး အဖွဲ့
BMC Burma Muslim Congress	ဗမာ မွတ်ဆလင် ကွန်ဂရက်
BNA Burma National Army	ဗမာ အမျိုးသား တပ်မတော်
BRI Belt and Road initiative	ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း
BSPP / မဆလ Burma Socialist Programme Party	မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ
CMEC China – Myanmar Economic Corridor	တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ
CNF Chin National Front	ချင်း အမျိုးသား တပ်ဦး
CNVP Chin National Vanguard Party	ချင်း အမျိုးသား တပ်ဦး ပါတီ
CPA / ရကပ Communist Party of Arakan	ရခိုင်ပြည် ကွန်မြူနစ် ပါတီ
CPB / ဗကပ Communist Party of Burma	ဗမာပြည်ကွန်မြူနစ်ပါတီ

CRPP Committee Representing People's Parliament	ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီ
DAB / မဒမခ Democratic Alliance of Burma	မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ် အဖွဲ့ချုပ်
DHRP Democracy and Human Rights Party	ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ပါတီ
DKBA Democratic Karen (Buddhist) Benevolent Army	ဒီမိုကရေစီ အကျိုးပြု ကရင့်တပ်မတော်
DPA Democratic Party of Arakan	ရခိုင်ပြည် ဒီမိုကရက်တစ် ပါတီ
EAO Ethnic Armed Organisation	လူမျိုးစု လက်နက်ကိုင် အဖွဲ့
FPNCC Federal Political Negotiation and Consultative Committee	ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေး ညှိနှိုင်းရေး ကော်မတီ
IAPG Independent Arakan Parliamentary Group	တစ်သီးပုဂ္ဂလ ရခိုင် ပါလီမန် အမတ်များ အဖွဲ့
ICC International Criminal Court	အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံး
ICJ International Court of Justice	အပြည်ပြည်ဆိုင်ရာ တရားရုံး
IDP Internally-displaced person	နေရပ်စွန့်ခွာ ထွက်ပြေးရသူများ
KIO Kachin Independence Organisation	ကချင် လွတ်လပ်ရေး အဖွဲ့
KMT Kuomintang	ကူမင်တန်
KNLD Kaman National League for Democracy	ကမန် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်
KNPP Kaman National Progressive Party	ကမန် အမျိုးသား တိုးတက်ရေး ပါတီ
KNPP Karenni National Progressive Party	ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ
KPC Karen (KNU/KNLA) Peace Council	ကရင် ငြိမ်းချမ်းရေး ကောင်စီ (KNU/KNLA)
LDU Lahu Democratic Union	လားဟူ ဒီမိုကရက်တစ် အစည်းအရုံး
LID Light Infantry Division	ခြေမြန်တပ်မ
MFA Mayu Frontier Administration	မေယု နယ်ခြားခရိုင်
MLOB Muslim Liberation Organisation of Burma	မြန်မာနိုင်ငံ မွတ်ဆလင် လွတ်မြောက်ရေး အဖွဲ့
MNDAA Myanmar National Democratic Alliance Army	မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်
MNF Mizo National Front	မီဇို အမျိုးသား တပ်ဦး
MP Member of Parliament	လွှတ်တော် ကိုယ်စားလှယ်
MPC Myanmar Peace Center	မြန်မာ ငြိမ်းချမ်းရေး စင်တာ
NBF Nationalities Brotherhood Federation	ညီနောင်တိုင်းရင်းသားပါတီများ ဖက်ဒရေးရှင်း
NCA Nationwide Ceasefire Agreement	တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်
NCCT National Ceasefire Coalition Team	တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့
NCGUB National Coalition Government Union of Burma	ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသား ညွှန့်ပေါင်းအစိုးရ
NCUB National Council Union of Burma	ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသား ကောင်စီ
NDAA National Democratic Alliance Army (Mongla)	မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် (မိုင်းလား)

NDF National Democratic Front	အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု
NDFA National Democratic Force of Arakan	ရခိုင်ပြည် အမျိုးသား ဒီမိုကရေစီ အင်အားစု
NDPD National Democratic Party for Development	အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ် ပါတီ
NDPHR National Democratic Party for Human Rights	အမျိုးသား လူ့အခွင့်အရေး ဒီမိုကရက်တစ် ပါတီ
NDPP National Development and Peace Party	အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး ပါတီ
NGO non-governmental organisation	အစိုးရမဟုတ်သော အဖွဲ့အစည်း
NLD National League for Democracy	အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်
NMSP New Mon State Party	မွန်ပြည်သစ် ပါတီ
NRPC National Reconciliation and Peace Centre	အမျိုးသား ပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန
NSCN-K National Socialist Council of Nagaland-Kaplan	နာဂပြည် အမျိုးသား ဆိုရှယ်လစ် ကောင်စီ- ကပ်ပလန်
NUF National United Front	အမျိုးသား ညီညွတ်ရေး တပ်ဦး
NUFA National United Front of Arakan	ရခိုင်ပြည် အမျိုးသားညီညွတ်ရေး တပ်ဦး
NULF National United Liberation Front	ညီညွတ်သော အမျိုးသား လွတ်မြောက်ရေး တပ်ဦး
NUP National Unity Party	တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီ
NUPA National United Party of Arakan	ရခိုင်ပြည် အမျိုးသား ညီညွတ်ရေး ပါတီ
PDP Parliamentary Democracy Party	ပါလီမန် ဒီမိုကရေစီ ပါတီ
PNLO Pa-O National Liberation Organisation	ပအို့ဝ် အမျိုးသား လွတ်မြောက်ရေး အဖွဲ့
RNDP Rakhine Nationalities Development Party	ရခိုင်တိုင်းရင်းသားများ တိုးတက်ရေး ပါတီ
RPF Rohingya Patriotic Front	ရိုဟင်ဂျာ မျိုးချစ် တပ်ဦး
RSO Rohingya Solidarity Organisation	ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေး အဖွဲ့
RSU Rakhine Sangha Union	ရခိုင် သံဃာ့ သမဂ္ဂ
SLORC / နဝတ State Law and Order Restoration Council	နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကောင်စီ
SNLD Shan Nationalities League for Democracy	ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်
SPDC / နအဖ State Peace and Development Council	နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ
SSA / RCSS Shan State Army / Restoration Council of Shan State	သျှမ်းပြည် တပ်မတော်/ သျှမ်းပြည် ပြန်လည် ထူထောင်ရေး ကောင်စီ
SSA/SSPP Shan State Army/ Shan State Progress Party	ရှမ်းပြည် တပ်မတော် / ရှမ်းပြည် တိုးတက်ရေး ပါတီ
TNLA Ta-ang National Liberation Army	တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်
TNP Tribal Nationalities Party	လူမျိုးစု တိုင်းရင်းသားများ ပါတီ
ULA United League of Arakan	ရက္ခိုင် အမျိုးသား အဖွဲ့ချုပ်
UN United Nations	ကုလသမဂ္ဂ
UNA United Nationalities Alliance	စည်းလုံးညီညွတ်သော တိုင်းရင်းသား လူမျိုးများ မဟာမိတ်

UNDP United Nations Development Programme	ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်
UNFC United Nationalities Federal Council	ညီညွတ်သောတိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ
UNHCR United Nations High Commissioner for Refugees	ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာ အေဂျင်စီ
UNLD United Nationalities League for Democracy	ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်
UNOCHA UN Office for the Coordination of Humanitarian Affairs	ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေ ညှိနှိုင်းရေးမှူးရုံး
UPDJC Union Peace and Dialogue Joint Committee	ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ
USDA Union Solidarity and Development Association	ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း
USDP Union Solidarity and Development Party	ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ
UWSA United Wa State Army	ဝပြည် သွေးစည်း ညီညွတ်ရေး တပ်မတော်
WNO Wa National Organisation	ဝအမျိုးသား အဖွဲ့

မိတ်ဆက်



ထုက္ကံသိမ် ပုထိုး၊ မြောက်ဦး (MS)

အာရကန်[၁] သို့မဟုတ် ယနေ့ခေတ်အခေါ် ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံရှိ ကိုလိုနီခေတ်အလွန် ကျရှုံးမှုများကို ပုံရိပ်ကို ထင်ဟပ်နေပေသည်။ လူမျိုးစုပဋိပက္ခများ၂၊ နိုင်ငံရေး ညှပ်ပူးညှပ်ပိတ် အခြေအနေ၊ စစ်ဘောင်ချဲ့လာခြင်း၊ ဒေသစီးပွားရေးကို လျစ်လျူရှုခဲ့ခြင်းများနှင့် ဌာနေလူထုကို ဖယ်ကျဉ်ဆက်ဆံခဲ့ခြင်းများ ရှိနေသော ရခိုင်ပြည်နယ်သည် မြန်မာပြည်အသေးစား ကလေးတစ်ခုလိုပင်။ လွန်ခဲ့သော ဆယ်စုနှစ်များတွင် ထိုပြဿနာများ၏ အတိုင်းအဆ ပိုမိုပြင်းထန်လာကြသည်။ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်တို့အကြား စိတ်ဝမ်းကွဲမှု ပိုမိုဆိုးရွားလာပြီး ခေတ်သစ်ကမ္ဘာ၏ အကြီးမားဆုံး ဒုက္ခသည် ပြဿနာကို ဖြစ်စေခဲ့သည်။ လူသားအရင်းအမြစ်နှင့် သဘာဝ သယံဇာတ အရင်းအမြစ်တို့ဖြင့် အသေအချာ အလားအလာရှိသည့် ဒေသတစ်ခုဖြစ်သော်လည်း အာရကန်မှာ မြန်မာနိုင်ငံ၏ အဆင်းရဲဆုံးဒေသတစ်ခု ဖြစ်လာခဲ့သည်။

လက်ရှိကြုံနေရသော အကျပ်အတည်းမျိုး ဖြစ်လာမည်ဟု ကြိုတင်တွက်ဆနိုင်ခဲ့ခြင်းမရှိခဲ့ပါပေ။ တောက်ပသော သမိုင်းနောက်ခံက အာရကန်သည် အာရှ၏ မဟာဗျူဟာလမ်းဆုံတွင် အရေးပါသည့် အနေအထားရှိကြောင်းကို ပြသနေသည်။ အာရကန်သည် အတိတ်ကာလက အမေ့လျော့ခံဝေးလံခေါင်သီသော ဒေသတစ်ခုအဖြစ် တည်ရှိခဲ့သည် မဟုတ်ပေ။ အာရကန်ပြည်နှင့် အာရကန်သားတို့သည် ရှေးရှေးကပင် ဒေသတွင်း ကူးလူးဆက်ဆံမှုများတွင် အချက်အချာ နေရာကျကျ နေခဲ့ကြပြီး ချောင်ကျကျ အာရကန်မဟုတ်ခဲ့ပါ။ သို့ရာတွင် ကိုလိုနီအုပ်ချုပ်ရေးသည် ဒေသတွင်း လူမှုဘဝ အသိုင်းအဝိုင်းများကြား ဆက်ဆံရေးကို များစွာ ပုံပျက်စေခဲ့သည်။ အာရကန်ကို ချည့်နဲ့စေခဲ့သော ကိုလိုနီခေတ်၏ အမွေသည် ယခုအချိန်ထိတိုင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပေါ် ကြာရှည်ကြာများသြဇာသက်ရောက် နေခဲ့သည်။ သမိုင်းအချိုးအကွေ့များစွာတွင် အာရကန်သည် ပဋိပက္ခများ၊ မတည်ငြိမ်မှုများနှင့် ကြုံရပြီး မကျေမချမ်းနိုင်စရာ အကျိတ်အခဲများနှင့် ကျန်ရစ်ရသောမြေ ဖြစ်ခဲ့ရသည်။ ဖြစ်ပျက်ခဲ့သမျှသည် ပြင်ပမှ ရခိုင်အရေးကို ဝင်ရောက်စီမံခြင်းများ၊ အုပ်ချုပ်ရေးဘက်က အပြောင်းအလဲများကြောင့် ဖြစ်ခဲ့ရပြီး ဒေသခံပြည်သူများ၏ အခွင့်အရေးများမှာထည့် မစဉ်းစားဘဲ ဖယ်ကျဉ်ခံခဲ့ရသည်။ ယနေ့တွင်လည်း ထိုကဲ့သို့သော သမိုင်းအကွေ့မျိုးကို ကြုံနေရပြန်သည်။

ယခုကြုံနေရသော အရေးပေါ်အခြေအနေများကို "ရခိုင်ဗုဒ္ဓဘာသာနှင့် မွတ်ဆလင် ရိုဟင်ဂျာ" တို့ကြား ဖြစ်ပွား

သော နိုင်ငံသားအခွင့်အရေး တိုက်ပွဲနှင့် "လူမျိုးစုသိမှတ် ခံယူပုံအတွက် တိုက်ပွဲဝင်နေသောကိစ္စများ" ဟူ၍ လမ်းလွဲစေသော ကောက်ချက်ဆွဲမှုများကို မကြာခဏကြား ရလေ့ရှိသည်။ သို့ရာတွင် အာရကန်လူမျိုးများ၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီး ခွင့်ရှိရေးနှင့် ဒီမိုကရေစီအခွင့်အရေးများ ရရှိနိုင်ရေး စိန်ခေါ်မှုများမှာထို့ထက်မက ပိုမိုနက်ရှိုင်းကျယ်ပြောပြီး ပို၍လည်း ရှုပ်ထွေးပါသည်။ ကိုလိုနီနယ်ချဲ့မှုမှာ ၁၈ ရာစုတွင် စတင်ခဲ့သည်ဖြစ်ရာ ရခိုင်နှင့်ပတ်သက်၍ ဗဟိုအစိုးရသည် မလွတ်လပ်သည့် အနေအထား သို့မဟုတ် ဘက်လိုက်သည့် အနေအထားမျိုးတွင်သာ အမြဲတစေရှိနေခဲ့သည်။ လွန်ခဲ့သည့် ရာစုနှစ်ခုအတွင်း ဤဒေသသို့ အုပ်ချုပ်ရေးစနစ်များ ပုံစံ အမျိုးမျိုးဖြင့် အဝင်အထွက်လုပ်ခဲ့ကြသည်။ ကုန်းဘောင် ခေတ်၊ တည်ငြိမ်သယောင်ရှိသော ဗြိတိသျှအုပ်ချုပ်ရေးခေတ်၊ ဒုတိယကမ္ဘာစစ်အတွင်း ကြားဖြတ်ရောက်ရှိလာသော ဂျပန် ခေတ်နှင့် ၁၉၄၈ မြန်မာ့လွတ်လပ်ရေး နောက်ပိုင်း ပေါ်ပေါက် လာသော စစ်တပ်က ကြီးစိုးသော အစိုးရအမျိုးမျိုး ခေတ်များကို ကြုံတွေ့ခဲ့ရသည်။ ၂၁ရာစုရောက်လာချိန်အထိ အာရကန် သည် လူမျိုးစုအရေးကို မဖြေရှင်းနိုင်သေးသလို မိမိတို့ ပြည်သူများ နိုင်ငံရေးတွင် ပါဝင်နိုင်မှုမှာလည်း အကန့်အသတ် ရှိနေမြဲဖြစ်သည်။

၂၀၁၀ကစတင်ခဲ့သော အရပ်သားတစ်ပိုင်း ဒီမိုကရေစီ စနစ်သစ်အောက်တွင် ပေါ်လာသည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့် လွတ်တော်အတွင်းဝင်ရောက်ပြီး ပြုပြင် ပြောင်း လဲရေး လုပ်ငန်းများ တွင် ပါဝင်ခြင်းအား ဖြင့် အမျိုးသားရင်ကြားစေ့ရေးနှင့် နိုင်ငံ၏အပြောင်းအလဲများ ဖြစ်လာမည်ဟု မျှော်လင့်လာခဲ့ကြသည်။ ၂၀၁၅ ၌ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD က ရွေးကောက်ပွဲတွင် အနိုင် ရလာသည့်အခါတွင် ထိုမျှော်လင့်ချက်များမှာ ပို၍ပင် အရှိန် မြင့်တက်လာခဲ့သည်။ သို့သော်လည်း လောလောဆယ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် အလုပ်ဖြစ်သည့် ဆွေးနွေးပွဲများ မပါသလို ပါဝင်ဆွေးနွေးခွင့်မှာလည်း အကန့် အသတ်များ ရှိနေပေသည်။ အစိုးရတို့၏ အမိန့်ဆန်ဆန် ဩဇာအာဏာဖြင့် လုပ်နည်းကိုင်နည်းများ တည်ရှိနေဆဲပင်။ ထိုအခါ မူလကပင်ရှိနေသော စိတ်ဝမ်းကွဲမှုများ ပို၍ပင် ကြီးမားလာခဲ့သည်။ စစ်ဘက်ဆိုင်ရာ ကဏ္ဍတွင်လည်း အပြစ် ရှိသူတို့ အပြစ်ပေးမခံရဘဲ လွတ်မြောက်ခွင့် ရနေခြင်း မှာလည်း မပြောင်းမလဲပင် တည်ရှိသည်။ များမကြာခင် နှစ်အနည်းငယ်အတွင်း၌ မြန်မာနိုင်ငံတွင် ပြည်သူတို့ ပိုမို လွတ်လပ်စွာ လှုပ်ရှားလာနိုင်သည်ကို မငြင်းနိုင်ပါ။ သို့ရာတွင် လက်ရှိ ရခိုင်၏ အခြေအနေမှာ အဆိုးရွားဆုံး သွေးထွက်သံယို ဖြစ်မှုများနှင့် ကြုံတွေ့နေရပြီး ဆယ်စုနှစ် များစွာအတွင်း အကြီးမားဆုံး လူအများ အိုးအိမ်စွန့်ခွာထွက် ပြေးရမှုများနှင့် ကြုံနေရသည်။

ဤအဖြစ်အပျက်မျိုးကို ရခိုင်ဒေသတစ်ခုတည်း ကြုံနေရခြင်းမျိုး မဟုတ်သည်က မြန်မာနိုင်ငံ၏ ဆိုးရွားသော အခြေအနေကို ပြနေသည်။[၃] ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း၌ စစ်ရေးအရှိန် ရကာ ယခင်က အခြေအနေမျိုးသို့ ပြန်လည်ရောက်ရှိလာ သည်။ ကိုလိုနီခေတ်အလွန် မြန်မာနိုင်ငံတွင် ကချင်၊ ရခိုင်နှင့် ရှမ်းအစရှိသည့် ပြည်နယ်သုံးခုတွင် ဖြစ်ပျက်နေသော အခြေ အနေများကို ထိပ်တန်းဦးစားပေးကိစ္စများ မဟုတ်ဟူ၍ လည်းကောင်း၊ ဖြစ်နေကျဟူ၍လည်းကောင်း ယူဆရန် မသင့်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုအရေးကိစ္စများသည် ခေတ်သစ်မြန်မာနိုင်ငံတော် မအောင်မြင်ရသည့်အဓိက အကြောင်းရင်းများထဲတွင် ပါဝင်နေကြသောကြောင့်ပင်။

ယခုအခါ လူမျိုးစု နိုင်ငံရေးအခင်းအကျင်းသည် မှုန်မှိုင်းနေသည့် အခြေအနေဖြစ်သည်။ လွန်ခဲ့သည့် သုံးနှစ်အတွင်း၌ အာရကန်တွင် နက်ရှိုင်းစွာဖြစ်ပေါ်နေသော ပဋိပက္ခများ၏ အကြောင်းဖစ်မြစ်များအား ကိုင်တွယ် ဖြေရှင်းနိုင်ရန် အမျိုးမျိုးသော စုံစမ်းစစ်ဆေးခြင်းများကို မြန်မာနိုင်ငံအတွင်း၌သာမက ပြည်ပတွင်ပါ စုံစမ်းစစ်ဆေး ခြင်းများစွာ ပြုလုပ်လျက်ရှိသည်။ အာရကန်နှင့် ပတ်သက်၍ ကွဲပြားခြားနားသော ထင်မြင်ယူဆချက်များလည်း ပေါ်လာ ကြသည်။ ယခုအချိန်အထိ အာရကန်တွင်ရှိသော ပြဿနာ များကို မည်သို့မည်ပုံဖြေရှင်းမည်၊ မူဝါဒဆိုင်ရာအကြံပေး ချက်များကို မည်သို့ရွေးဆက် အကောင်အထည် ဖော်ကြမည် ဆိုသည့် အချက်များနှင့်ပတ်သက်၍ အားလုံးလက်ခံသည့် သဘောတူညီချက်တစ်ခု မထွက်ပေါ်လာသေးပါ။

"၂၀၁၇ ကို ကိုဖီအာနန်၏ ရခိုင်ပြည်နယ်အရေး အကြံပေးကော်မရှင်" အနေနှင့် နိုင်ငံရေးအရတိုးတက်မှုများ ရှိစေရန် ပြုပြင်ပြောင်းလဲရမည့်အချက် အများအပြားကို အကြံပြုခဲ့ပါသည်။[၄] ၂၀၁၈ ခုနှစ် ကုလသမဂ္ဂ၏ "လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး မစ်ရှင်"၏ မြန်မာ နိုင်ငံကို အကြံပြုခဲ့သည်များ တွင်လည်း စစ်ရာဇဝတ်မှုကျူးလွန်ခြင်းအတွက် တပ်မတော်ဟုခေါ်သော မြန်မာစစ်တပ် ခေါင်းဆောင်များကို တရားစီရင် သင့်ကြောင်း ပါရှိသည်။[၅] မြန်မာအစိုးရက ခန့်အပ်သော "ရခိုင်ပြည်နယ် မြှောက်ပိုင်း လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်" သည်လည်း နိုင်ငံတကာ ပညာရှင်များ၏ အကြံပေးချက်ကို ရယူကာ ယခုအခါ ဘင်္ဂလားဒေ့ရှ်နယ်ခြားတွင် ဖြစ်ပျက်ခဲ့ သော အရေးပေါ် အခြေအနေများကို ပြန်လည်စိစစ်သုံးသပ် နေပါသည်။[၆] ၂၀၁၉ နိုဝင်ဘာလတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံး ICC က လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုနှင့် လူမျိုးရေးဘာသာရေး ဖိနှိပ် မှုများ အတွက် စုံစမ်းစစ်ဆေးမည်ဟု ကြေညာလိုက်သည်။ ဤအတောအတွင်း အပြည်ပြည်ဆိုင်ရာ တရားရုံး ICJ က

၁၉၄၈ ကုလသမဂ္ဂ ဂျီနိုဆိုက်ကွန်ဗင်းရှင်းအရ မြန်မာနိုင်ငံအပေါ် တရားစွဲဆိုမှုကို လက်ခံလိုက်သည်။

မြန်မာနှင့်ပတ်သက်၍ ရှုပ်ထွေးမှုများ ပိုမိုနက်နဲလာချိန်တွင် နိုင်ငံတကာအသိုင်းအဝိုင်းသည်လည်း ဤအရေးကို မူအမျိုးမျိုးဖြင့် ကိုင်တွယ်နေကြသည်။ အနောက်အစိုးရများစွာသည် လူ့အခွင့်အရေး ချိုးဖောက်မှုအတွက် တာဝန်ရှိသူများကို ကွပ်ညှပ်ဒဏ်ပေးသင့်သည်ဟူသော အယူအဆမျိုးရှိသည်။ တရုတ်ကမူ ရခိုင်ပြည်နယ်ကို သမ္မတ ရှီကျင့်ဖျင်၏ ဥရောပနှင့်ထိစပ်သော အာရှရပ်ဝန်းသို့ စီးပွားရေးလမ်းကြောင်း ချဲ့ထွင်မည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အချက်အချာနေရာတစ်ခုအဖြစ် သဘောထားသည်။[6] အိန္ဒိယကမူ နာရန်ဒါမိုဒီအစိုးရ၏ "အရှေ့နှင့် ချိတ်ဆက်" ဟူသော မူဝါဒအရ မီဇိုရမ်၊ အာသံနှင့် အခြားအရှေ့မြောက် ပြည်နယ်များ ချစ်ကြည်ရေးအတွက် ကုလားတန် စီမံကိန်းကို ဦးစားပေးလိုသည်။ ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးနိုင်ငံ တစ်ခုဖြစ်သော ဘင်္ဂလားဒေ့ရှ်သည် ရိုဟင်ဂျာဒုက္ခသည် တစ်သန်းကျော်၏ ဝန်ထုပ်ကို လက်ခံထားရပြီး အနာဂတ်တွင်လည်း ၎င်း၏ နယ်စပ်ဒေသများ၌ မတည်ငြိမ်နိုင်သည့်အလားအလာများကို တွေ့မြင်နေရသည်။

ထိုအရေးများအားလုံးမှာ အရေးကြီးနေသည့်ကိစ္စများချည်းဖြစ်သည်။ လာမည့်နှစ်များအတွင်း အထက်ပါလုပ်နည်းကိုင်နည်းအသီးသီးက ပေါ်ထွက်လာမည့် ရလဒ်များသည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် လွန်စွာအရေးကြီးသော အကျိုးဆက်များကို ချန်ရစ်မည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ စပ်ကူးမပ်ကူးကာလ အကဲဆတ်သော အခြေအနေတွင် အာရကန်အရေးသည် ပြည်တွင်း၌ရော ပြည်ပဝေဒီ နိုင်ငံရေးတွင်ပါ ရှေ့တန်းသို့ ရောက်ရှိလာခဲ့ပြန်သည်။ နိုင်ငံရေးအရလည်းကောင်း၊ ယဉ်ကျေးမှုအရ လည်းကောင်း အိန္ဒိယနှင့်များစွာ ကူးလူးဆက်ဆံမှုများ ရှိခဲ့သည့် အာရကန်မြေသည် မြန်မာနိုင်ငံအပေါ် တရုတ်ဩဇာ လွှမ်းမိုးမှု အရိပ်ထိုးလာချိန်တွင် နှစ်နှစ်ရာအတွင်း အကြီးဆုံးနိုင်ငံရေးအပြောင်းအလဲတစ်ရပ်ကို ကြုံနေရသည်။ ရခိုင်ကို ပြင်ပကမ္ဘာက ကြာရှည်ကြာများ မေ့လျော့ထားခဲ့သော်လည်း ယခုတစ်ဖန် ရခိုင်ပြည်နယ်မှာ နိုင်ငံတကာ နိုင်ငံရေးနှင့် သံခင်းတမန်ခင်းတွင် အများဆုံး စောင့်ကြည့်ခံရသော နယ်မြေတစ်ခု ဖြစ်လာခဲ့ပြန်လေပြီ။

သို့ရာတွင် ရခိုင်ပြည်နယ်၏ အနာဂတ်အရေးကို ပုံစံအမျိုးမျိုးဖြင့် ပြင်ဆင် ဆွေးနွေးကြသော ထိုစကားဝိုင်းများတွင် မပါဘဲ လွတ်နေသောအချက်တစ်ခုမှာ အာရကန်ပြည်သူတို့ ကိုယ်တိုင်၏အသံများပင် ဖြစ်သည်။ ဤအချက်ကပင် သမိုင်းဝင်မည့် အဆီအငေါ်မတည့်သော အမှားမျိုးလည်းဖြစ်သည်။ လူမျိုးစုအသီးသီးပါဝင်နေသည် ရခိုင်ရှိလူမှုအသိုက်အဝန်း အသီးသီးသည် ၎င်းတို့၏ သမိုင်းတစ်လျှောက် အခက်ခဲဆုံးအချိန်နှင့် ကြုံတွေ့နေရသည်။ သို့ရာတွင် ယခင်နိုင်ငံရေး အပြောင်းအလဲကာလများက ကဲ့သို့ပင် သူတို့နှင့် တိုင်ပင်ဆွေးနွေးခြင်း ရှားပါး လေစွ။ လုံးဝမတိုင်ပင်ကြ။ ဒေသခံများအား ဖယ်ကျဉ်ထားခြင်းကဲ့သို့ သမိုင်းတွင်မည့် အမှားမျိုး၊ လျစ်လျူရှုဘေးဖယ်ထားခြင်း အမှားမျိုးကို ထပ်မံ၍ ကျူးလွန်နေကြပြီး နာ ကြည်းမှုများကိုသာ အသစ်အသစ် မွေးထုတ်နေတော့သည်။ သို့ဖြစ်ရာ ၁၉၄၈ မြန်မာနိုင်ငံ လွတ်လပ်ရေးရကတည်းက သန္ဓေတည်ခဲ့သော လက်နက်ကိုင် တိုက်ပွဲဝင်မှုများနှင့် လူမျိုးစု ပဋိပက္ခများသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း တစ်ဖန်ပြန်လည် အားကောင်းလာခဲ့သည်။

သက်သေခံ အဖြစ်အပျက်တို့ကား ထင်ရှားလှ၏။ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့နှင့် ထိစပ်နေသော သုံးပွင့်ဆိုင်နယ်ခြားဒေသသည် ယခုအခါ ခေတ်သစ်ကမ္ဘာ၌ ပဋိပက္ခမျဉ်းများဖြင့် ပိုင်းခြားခြင်း ခံရသော နယ်မြေများထဲမှတစ်ခု ဖြစ်လာခဲ့ပြီ။ သက်ဆိုင်ရာ အစိုးရဌာနများနှင့် နယ်ခြားတစ်ဖက်စီမှ အဖွဲ့အစည်းများကြား ရန်စွယ်က ပြင်းထန်လှသလို ထိုဒေသ၏ လူဦးရေ၏ သုံးပုံတစ်ပုံ သို့မဟုတ် လူတစ်သန်းခန့်သည် ဘင်္ဂလားဒေ့ရှ်တွင် ဒုက္ခသည်အဖြစ်လည်းကောင်း၊ မိမိနေအိမ်ကို စွန့်ခွာ ထွက်ပြေးနေရသူများအဖြစ်လည်းကောင်း ရှိနေကြသည်။ နိုင်ငံ၏ ပွင့်သစ်စ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲအခြေပြုနိုင်ငံရေးသည် အပြိုင်အဆိုင် အာဏာရယူလိုမှုများဖြင့် တင်းကြမ်းပြည့်နေပြီး၊ အာရကန်မြေတွင် ကြုံခဲ့ဖူးသော အတိတ်က ဒုက္ခအပေါင်းနှင့် နှိုင်းစာလျှင် ယခုတွေ့ရနေသော ဖရိုဖရဲ ဘေးဒုက္ခများသည် အဆိုးဆုံးဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ မျှော်လင့်ချက် မပျက်စီးရန်မှာ အရေးကြီးပေသည်။ လက်ရှိပဋိပက္ခ၏ အတိုင်းအတာမည်မျှပင်ကြီးမားပါစေ။ ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံ၏ အခြားနေရာများတွင်ပါ တရားနှင့် ညီညွတ်ပြီး သာနာညီမျှစေသော အဖြေကို ရှာတွေ့နိုင်မည်ဟု ယုံကြည်သည့် ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ ရှိနေကြသေးသည်။ စစ်အုပ်ချုပ်ရေးလက်အောက်တွင် ဆယ်စုနှစ်ပေါင်းများစွာ နေလာခဲ့ကြပြီးဖြစ်ရာ လက်ရှိတွင် နိုင်ငံရေးအသိုင်းအဝိုင်းဘက်၌ ကျယ်ကျယ်ပြန့်ပြန့် ယူဆထားသည်မှာ လတ်တလော အစိုးရစနစ်များ အပြောင်းအလဲကာလတွင် အမျိုးသား ရင်ကြားစေ့ရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ယခင်ကထက်ပင် ပို၍အလားအလာရှိသင့်သည်ဟူ၍ ဖြစ်သည်။ သို့ရာတွင် ထင်သည့်အတိုင်း ဖြစ်လာရန်မှာ ငြိမ်းချမ်းရေးရမရ နှင့် ပြည်သူအားလုံး ဒီမိုကရေစီနည်းကျ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိမရှိတို့အပေါ် မူတည်နေပေသည်။

လက်ရှိတွင်မူ ထိုအလားအလာများကို မတွေ့ရပါ။

အာရကန်မှာ အခြားနယ်စပ် လူမျိုးစု ဒေသများကဲ့သို့ပင် လွတ်လပ်ရေး ရခါစကတည်းက စလာခဲ့သော ထပ်တလဲလဲ နိုင်ငံရေး ကျရှုံးမှုများသာတွေ့ရပြီး လက်နက်ကိုင်ပဋိပက္ခ သံသရာလည်နေခဲ့သည်။အရှည်တည်တံ့သော ငြိမ်းချမ်းရေး နှင့် တည်ငြိမ်ရေးကိုဆောင်ကြဉ်းနိုင်ရန်အတွက် လက်ရှိ ပဋိပက္ခများကိုတည့်တည့်ရင်ဆိုင်ကာ ဖြေရှင်းကြရမည် ဖြစ်သည်အမျိုးသားရင်ကြားစေ့ရေးနှင့် ပြုပြင်ပြောင်းလဲ ရေးလုပ်ငန်းများကို အထက်က အမိန့်နှင့် ညွှန်ကြားချက်များ အားဖြင့် အောင်မြင်နိုင်မည်မဟုတ်ပေ။ ဒေသခံပြည်သူများ၏ အားဖြင့်သာ တည်ဆောက်နိုင်ပေမည်။

မြန်မာနိုင်ငံ၏ အလွန်ထိလွယ်ရှလွယ် အကဲဆတ်သော အခြေသို့ ရောက်ရှိနေသည်။ လွန်ခဲ့သော သုံးနှစ်အတွင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်နှင့် ၂၁ ရာစုပင်လုံညီလာခံ အပါအဝင် အစိုးရ၏ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များမှာ နှေးတုံ့ဆုတ်ဆိုင်းနေသည်။ ရခိုင်ပြည်နယ် အရေးမှာလည်း လမ်းပျောက်နေသည်။ ဤအခြေအနေကို ကျော်လွှားရန်မှာ အာရကန် ပြည်သူတို့ ရုန်းကန်ရမှုများနှင့် ၎င်းတို့ ရင်ဆိုင် နေရသော ဒုက္ခများ၏ ဇစ်မြစ်များကို နားထောင်ပြီး ကျေလည်အောင် သဘောပေါက်ဖို့လိုပါသည်။ ယနေ့ဖြစ် နေသည့် အနေအထားတွင် ဗုဒ္ဓဘာသာဖြစ်စေ၊ အစ္စလာမ် ဖြစ်စေ၊ ခရစ်ယာန်ဖြစ်စေ၊ ဟိန္ဒူဖြစ်စေ၊ ပဋိပက္ခဇုန်ထဲတွင် နေထိုင်နေရသူအပေါင်းတို့မှာ မြန်မာနိုင်ငံထဲတွင် နာကျင် ခံစားရမှု အများဆုံး၊ ဘေးဖယ်ခံထားရဆုံး သူများထဲတွင် ပါဝင်နေကြသူများ ဖြစ်နေကြပါသည်။

ဤအစီရင်ခံစာမှာ မြန်မာနိုင်ငံကို စစ်အုပ်ချုပ်ရေးမှ အသွင်ပြောင်းနေသည့် အရေးကြီးသော ကာလအတွင်း ရခိုင် ပြည်နယ်အနေနှင့် တွေ့ကြုံနေရသော စိန်ခေါ်မှုများကို ဆန်းစစ်ဝေဖန်ထားပါသည်။ ထုံးစံအတိုင်း မြန်မာနိုင်ငံတွင် ပြည်တွင်းမှ ဒေသခံတို့၏ အမြင်များနှင့် တကယ့်မြေပြင် အခြေအနေများကို မတိမ်းမစောင်း နားလည်ရန်မှာ လူမျိုးစု အမျိုးမျိုး၊ ကိုးကွယ်သည့်ဘာသာအမျိုးမျိုး၊ နိုင်ငံရေး ခံယူချက်အမျိုးမျိုးကို ဘက်စုံထင်ဟပ်ရန် လိုပေသည်။ အခြားသော တိုင်းရင်းသား ပြည်နယ်များ ကြုံရသကဲ့သို့ပင် အာရကန်သည်လည်း ရှည်လျားလှသော ပြည်တွင်းစစ် ကာလများအတွင်း ပြင်ပနှင့်ဆက်ဆံရေးကျဲပါးကာ ပိုမို ခက်ခဲသော အခြေအနေများ ဖြစ်လာခဲ့သည်။ ဤကဲ့သို့ အာရကန်နှင့် အဆက်အသွယ်ကောင်းကောင်း မလုပ်နိုင် ခြင်းကြောင့် ဒေသနှင့်ပတ်သက်သည့် သုတေသနများ ရှားပါး ခဲ့ခြင်း၊ နိုင်ငံရေးနှင့် လူမျိုးရေးပဋိပက္ခများ၏ အခြေအနေနှင့် ပတ်သက်၍ သတင်းအချက်အလက်များ မရနိုင်ခဲ့ခြင်း များက အောက်ခြေက အနေအထားများကို ပို၍ပင်ဆိုးရွား စေခဲ့ပါသည်။ သို့ဖြစ်ရာ လူသားချင်း စာနာထောက်ထားစရာ အရေးကိစ္စများ၊ အရေးပေါ်အခြေအနေများ ပေါ်ပေါက် နေသည့် အချိန်မျိုးတွင် ပဋိပက္ခ၏ အကြောင်းရင်းခံများနှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာ နည်းနည်းသာရနိုင်ပြီး အခြေ အနေကိုလည်း ကောင်းကောင်းနားလည်ရန် ခက်ခဲလာသည်။

ဤအစီရင်ခံစာကို ဧာတ်ကြောင်းပြောသည့် ရေးထုံး ဖြင့် တင်ပြမည်ဖြစ်ပြီး ၁၈ ရာစု ကုန်းဘောင်မင်းအုပ်ချုပ်မှု အောက်တွင် စတင်ခဲ့သော ပဋိပက္ခမှသည် ဒုတိယကမ္ဘာစစ် အတွင်း ဂျပန်တို့ မြန်မာနိုင်ငံကို ဝင်ရောက်သိမ်းပိုက်ပြီး ကတည်းက မရပ်မနား ဆက်တိုက် ဖြစ်ပေါ်လာခဲ့သော တင်းမာမှုများ၏ သမိုင်းကြောင်းကို သုံးသပ်သွားပါမည်။[၈] ခေတ်သစ်အာရကန်မြေသည် ငြိမ်းချမ်းရေးစစ်စစ်ရခဲ့သော ကာလကို မကြုံခဲ့ရသည်မှာ ကြာပါပြီ။ ဤအစီရင်ခံစာတွင် ရွေးကောက်ပွဲနိုင်ငံရေးနှင့် လက်နက်ကိုင်တော်လှန်ခြင်းများ အပါအဝင် လူမျိုးစုလှုပ်ရှားမှုများနှင့် နိုင်ငံရေးလှုပ်ရှားမှုများ အချိန်နှင့်အမျှ ဖြစ်ထွန်းပေါ်ပေါက်လာပုံကို အလေးပေး သုံးသပ်သွားမည်ဖြစ်သည်။ ကိုလိုနီခေတ်အပြီး တက်လာ သော အစိုးရအဆက်ဆက်၏ အလွဲများက ရခိုင်ကို ဒုက္ခ ပတ်လည်ဝိုင်းသည့် နေရာဖြစ်စေခဲ့ပုံကိုလည်း ဆွေးနွေး သွားပါမည်။ နိုင်ငံရေးမတည်ငြိမ်မှုမှသည် နိုင်ငံသားဖြစ် ခွင့် ငြင်းပယ်မှုများအထိ ယနေ့ခေတ်တွင် ကြုံနေရသော ရခိုင်၏ စိန်ခေါ်မှုများစွာသည် ရှေးရှေးကပင် ရှိခဲ့သော မဖြေရှင်းနိုင်ခဲ့သည့် ပဋိပက္ခများထဲ၌ သန္ဓေတည်လာသည်ဟု သုံးသပ်ပါသည်။

နောက်ဆုံးအပိုင်းတွင် ဤအစီရင်ခံစာ၌ မျက်မှောက် ခေတ် အခင်းအကျင်းကို တင်ပြသွားပါမည်။ အာရကန်သည် အာရှ၏ လူမျိုးစုအရေးများ စုဆုံနေသော နေရာများအနက် တစ်ခု ဖြစ်ပါသည်။ အဓိက ရင်ဆိုင်နေရသည့် ကိစ္စများတွင် အတိုက်အခံလူမျိုးစု တပ်ဖွဲ့များနှင့် တပ်မတော်တို့ကြားတွင် ပစ်ခတ်နေသော လက်နက်ကိုင်တိုက်ပွဲများ ရှိနေခြင်း၊ ရိုဟင်ဂျာ မွတ်ဆလင်ဒုက္ခသည်များ အစုလိုက်အပြုံလိုက် ထွက်ပြေးခဲ့ရခြင်း၊ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်စရာ များ မပြီးပြတ်ခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှု များဆောင်ရွက်နေခြင်းနှင့် ရခိုင်ဒေသအတွင်း ဝင်ရောက် လာသော အိမ်နီးချင်းနိုင်ငံများမှ ချဲ့ထွင်လာသည့် စီပွားရေး စီမံကိန်းကြီးများတို့ ပေါ်လာခြင်းတို့ ပါဝင်ကြသည်။ ဤအစီရင်ခံစာထဲတွင် ယခင်အာရကန် တောင်တန်းဒေသ များမှ ချင်းဝေသတိုင်းထဲသို့ ခွဲထည့်ပေးခဲ့သော နယ်မြေ များတွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများအကြောင်း ကိုလည်း ထည့်သွင်းဆွေးနွေးသွားပါမည်။ ဘင်္ဂလားဒေ့ရှ် နှင့်ရော အိန္ဒိယနှင့်ပါ နယ်စပ်ချင်းထိစပ်နေသော သုံးနိုင်ငံ ဆုံချက်မှ မတည်ငြိမ်မှုများကိုလည်း ဤဒေသအတွင်း ကြုံတွေ့နေရသော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ခြိမ်းခြောက်နေသော စိန်ခေါ်မှုများနှင့် ခွဲခြားကာ သီးခြား

သုံးသပ်၍ မဖြစ်နိုင်ပါ။

ယခုအခါ အခြေအနေမှာ လက်ငင်းအရေးယူဆောင်ရွက်ရမည့် အခြေအနေဖြစ်ပါသည်။ အစိုးရအပြောင်းအလဲများ နောက်တစ်ကြိမ်ဖြစ်လာချိန်တွင်ပင် အာရကန်ပြည်သူတို့သည် နိုင်ငံရေးနှင့်လူမျိုးစု အခွင့်အရေးအတွက် ရုန်းကန်တိုက်ပွဲဝင်ရန် စိတ်ပိုင်းဖြတ်ထားကြသည်ကို မမေ့သင့်ကြပေ။ လက်ရှိတွင် ရခိုင်တစ်လွှား၌ စိတ်ပမ်းကွဲနေကြခြင်းများ၊ ခံစားနေရသော လူသားတို့၏ ဒုက္ခများ တင်းကြမ်းပြည့်နေသည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်အရေးကို ယနေ့ မြန်မာနိုင်ငံ၏ အရေးမကြီးလှသော၊ သူ့သတ်သတ် ခွဲထွက်ကာသီးခြားဖြစ်ပျက်နေသော နိုင်ငံရေးနှင့် လူမျိုးစုရေး အကွဲအပြဲတစ်ခုအနေနှင့် သဘောမထားရန် လိုပါသည်။ ဖြစ်သင့်ဖြစ်ထိုက်သည်မှာ လာမည့်ဆယ်စုနှစ် အတွင်း၌ တိုးတက်သော၊ တစ်ဖက်ကိုတစ်ဖက် သိရှိနားလည်ကြသော အပြောင်းအလဲများကို ဆောင်ကြဉ်းပေးနိုင်သည့် အာရကန်ဟူ၍ စံပြနယ်မြေတစ်ခု ဖြစ်လာသင့်ပေသည်။ အာရကန်ပြည်သူတို့အတွက် ငြိမ်းချမ်းရေးမှာ မြန်မာတစ်နိုင်ငံလုံး၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတို့နှင့် တဆက်တစပ်တည်းဖြစ်ကြောင်းကို သမိုင်းကြောင်းအရ သိရှိခဲ့ကြပြီးဖြစ်ပါသည်။

အာရကန် မြေပုံ


India
Bangladesh
Chittagong
Chittagong Division
Mizoram
Chin State
Arakan Hill Tracts
Mt. Victoria
Cox's Bazar
Paletwa
Samee
Kyaukhtu
Saw
Maungdaw District
Buthidaung
Kyauktaw
Maungdaw
Mrauk-U
Mrauk-U District
Rathedaung
Ponnagyun
Minbya
Sittwe District
Sittwe
Pauktaw
Myebon
Sidoktaya
Magway Region
Minbu
Magway
Ngape
Minhla
Kyaukpyu District
Ann
Rakhine State
Kyaukpyu
Ramree
Munaung
Mindon
Kamma
Thandwe District
Toungup
Thandwe
Bago Region
Gwa
Bay of Bengal
China
Laos
Thailand
Andaman Sea
T
N
I



ဝေသာလီဆင်တောင်းပြည့်ဘုရားကြီး (MS)

၂။ အမွေလျော့ခံ အာရကန် ဘုရင့်နိုင်ငံတော် ပဋိပက္ခနှင့် ကိုလိုနီပြုခံရခြင်းတို့၏ ဆိုးမွေ

> အင်အားသုံးခြင်းသက်သက်သည်ကား အခိုက်အတန့် နှိပ်ကွပ်လိုက်နိုင်သည့် ယာယီ အခြေအနေမျှသာ။ ထပ်ခါထပ်ခါ အင်အားသုံး နေရန် လိုအပ်သည့် အခြေအနေကို ဖယ်ရှား ပေးနိုင်သည်မဟုတ်။ ထိုအခါ နိုင်ငံတစ်ခုကို စီမံအုပ်ချုပ်ခြင်းမဟုတ်ဘဲ အစဉ်ထာဝရ စိုးမိုး သိမ်းပိုက်ထားရန် အရေးသာ ဖြစ်လာခဲ့သည်။
>
> အက်မန်ဘာ့ခ် ၁၇၇၁

အင်္ဂလို-အိုင်းရစ်စ် တိုင်းပြုပြည်ပြု နိုင်ငံရေးသမားနှင့် ဖီလော်ဆော်ဖာ အက်မန်ဘာ့ခ်က ဆိုခဲ့သော ထိုသတိပေးစကားမှာ ၁၈ ရာစုနှစ် ကိုလိုနီခေတ်တွင် ပြောခဲ့ခြင်းဖြစ်ပြီး ဗြိတိသျှအင်ပါယာ၏ နယ်မြေများ ချဲ့ထွင်နေသည့်အချိန်ဖြစ်သည်။ အိုင်ယာလန်၏ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းအတွေ့အကြုံများကို မိမိတို့နှင့် နီးစပ်သည်ဟု ယူဆကြသော ရခိုင်မျိုးချစ်များအတွက် ထိုစကားများမှာ အရေးကြီးလှသည်။ ဆယ်စုနှစ်တစ်ခုအတွင်း မြောက်ဦးဘုရင့်နိုင်ငံတော်၏ မြို့တော်ကို ကုန်းဘောင်မင်းဆက်တစ်ပါးက သိမ်းယူလိုက်သည်။ အာရကန်၏ လွတ်လပ်ရေးမှာ ဆုံးခန်းတိုင်ခဲ့ရသည်။

ယနေ့ တိုင်းရင်းသား လက်နက်ကိုင် အစုအဖွဲ့များနှင့် အစိုးရငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ရခိုင်ကို မထည့်သွင်းခြင်း၏ အဓိကအကြောင်းရင်းကို အစိုးရနှင့် တပ်မတော်ကိုယ်စားလှယ်များက ပြောကြားရာတွင် ရခိုင်ပြည်နယ်သည် အဖြူရောင်နယ်မြေအဖြစ်သာ သတ်မှတ်ထားသောကြောင့်ဟု ဆိုသည်။ အဓိပ္ပါယ်မှာ လက်နက်ကိုင် အတိုက်အခံ အုပ်စုများ ဤနယ်တွင် လက်နက်ချခဲ့ပြီသို့မဟုတ် လက်နက်ကိုင် အတိုက်အခံအုပ်စုများ မရှိဟု ဆိုလိုသည်။[၂] ဤအဖြေမှာ စစ်ရေးမဟာဗျူဟာဘက်မှ အတွေးအခေါ်မျိုးဟု ဆိုကောင်းဆိုနိုင်ပါလိမ့်မည်။ သို့ရာတွင် နိုင်ငံရေးအရ အကျိုးအကြောင်း ယုတ္တိတန်သည့် အဖြေတစ်ခုမဟုတ်ပေ။ ကိုလိုနီခေတ်သို့ ပြန်ပြောင်းကြည့်လျှင် အာရကန်သည် မငြိမ်သက်မှုများ ဖြစ်ခဲ့သည့် အစဉ်အလာ ကာလရှည်လျားစွာရှိခဲ့ပြီး ရှေးကပင် စတင်ခဲ့သော အာရကန်တို့၏ တော်လှန်ရေးမှာလည်း ယနေ့ထက်တိုင်ပင် ဆက်လက်တည်ရှိခဲ့သည်။ ငပလီနှင့် ရခိုင်ပြည်နယ်တောင်ဘက်ပိုင်းရှိ ကမ်းခြေများသို့ ခရီးသွားဟန်လွဲ လာရောက်သူများ အလည်အပတ် လာရောက်သူများ အနေနှင့် ဤအချက်ကို ရုတ်ချည်းထင်ထင်ရှားရှား မြင်ချင်မှမြင်ပါလိမ့်မည်။ သို့သော်လွန်ခဲ့သောနှစ်နှစ်ရာအတွင်း အာရကန်၏

နယ်ခြားဒေသများ၌ အာရှတွင် သွေးထွက်သံယိုအများဆုံးဟု ဆိုနိုင်သော မငြိမ်သက်မှုများ ကြုံကြားကြုံကြား မကြာခဏ ပေါ်ပေါက်နေခဲ့သည်။

ရခိုင်ပြည်နယ်နှင့် အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံ နယ်ခြားဆုံချက်တွင် ဖြစ်ပေါ်နေသော လူမျိုးစု - နိုင်ငံရေး တိုက်ပွဲများသည် ယနေ့မြန်မာနိုင်ငံ၏ အပြင်းထန်ဆုံး ပဋိပက္ခများ ဖြစ်နေကြသည်။ ရခိုင်၏ သမိုင်းကြောင်းကို ဘာသာပြန်ကြပုံများ အမျိုးမျိုးကွဲပြားသောကြောင့်လည်း သဘောထားများ ညှိနှိုင်းမရ ဖြစ်ကြသည်။ ယနေ့ရခိုင်ပြည်နယ်၏ ပစ္စုပ္ပန် ရုန်းကန်အားထုတ်မှုများသည် အတိတ်ဆီမှ ရုန်းကန်အားထုတ်မှုများလည်း ဖြစ်ကြသည်။ အတိတ်ကိုပြန်ပြောင်းကြည့်လျှင် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင် နီးပါးကြာရှည်ခဲ့သည့် ယဉ်ကျေးမှုသမိုင်းရှိခဲ့ပြီး အာရကန်ပြည် နယ်နိမိတ်အတွင်း မြို့ပြနိုင်ငံတော်များ ရှိခဲ့ကြောင်းလည်း အထောက်အထားများစွာ ရှိခဲ့သည်။ အာရှကုန်းမကြီး၏ အစိတ်အပိုင်းတစ်ခုအဖြစ် လူများ ဆက်တိုက်နေထိုင်အခြေချလာခဲ့သည့် သမိုင်းမှတ်တမ်းများ ရှည်လျားစွာ ရှိခဲ့သည့် နယ်မြေဖြစ်သည်။ များစွာသော မင်းနေပြည်တော်တို့ ဤနေရာတွင် တန်ခိုးထွားခဲ့ကြသည်။ ပြိုကျပျက်ယွင်းခဲ့ကြသည်။ အာရကန်ရွှေခေတ်တွင် ရှိခဲ့သော အကြီးဆုံးပိုင်နက်မှာ လက်ရှိနယ်မြေထက် ၅၀ ရာခိုင်နှုန်းခန့် ပိုကျယ်သည်။ အာရကန်ဘုရင်များ အုပ်ချုပ်ခဲ့သည်ဟု မှတ်တမ်းရှိခဲ့သော နယ်မြေများထဲတွင် ယခုချင်းပြည်နယ်ထဲတွင်ရှိသော အာရကန်တောင်တန်းဒေသများ၊ ဘင်္ဂလားဒေ့ရှ် ပိုင်နက်ဖြစ်သော စစ်တကောင်း၊ အိန္ဒိယဘက်မှ ထရိပူရတောင်ပေါ်ဒေသများ ပါဝင်ခဲ့ပြီး အနောက်လားသော် ဘင်္ဂလားနယ်စပ်၊ တောင်ဘက်သို့လားသော် အောက်မြန်မာပြည်နယ်စပ်အထိ ရှိခဲ့သည်။[၄]

ရခိုင်မင်းများ စိုးစံခဲ့သည့် နောက်ဆုံးထောင်စုနှစ်များတွင် ဒေသခံအများစုမှာ မြန်မာဘာသာစကားနှင့် အုပ်စုတူသော ရခိုင်ဘာသာစကားကို ပြောဆိုပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်သော ရခိုင်လူမျိုးများ ဖြစ်ကြသည်။ သို့သော် အမျိုးမျိုးပြောင်းလဲနေသော တိုင်းပြည်၏ နယ်နိမိတ်အတွင်း နေထိုင်ခဲ့ကြသူများတွင် ရခိုင်အပြင် အခြားလူမျိုးများလည်း ပါဝင်ခဲ့ကြသည်။ အာရကန်၊ ရခိုင်၊ ရိုဟင်ဂျာ၊ ချင်း၊ ဒိုင်းနက်၊ ကမန်၊ ခမီနှင့် မြို့အစရှိသည့် အမည်များမှာ ယဉ်ကျေးမှုဓလေ့များ ကွဲယဉ်ဝစုံလင်လှသော ကြီးကျယ်သောသမိုင်းရှိခဲ့သည့် မြေပေါ်တွင် နေထိုင်ကြသည့် လူများကို လက်ရှိ မျက်မှောက်ခေတ် သိမှတ်ပုံအရ ခေါ်ဝေါ်ကြသည့် အမည်များ ဖြစ်ကြသည်။ (ရခိုင်ပြည်နယ် - မျက်မှောက်ခေတ် ရုပ်ပုံလွှာကိုကြည့်ပါ။)

မြောက်ဦး ဘုရင့်နိုင်ငံတော် အထွဋ်အထိပ်သို့ရောက်လာသောအချိန်မှာ ၁၅ ရာစုနှင့် ၁၇ ရာစုကြားတွင် ဖြစ်သည်။ ဘုရင်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်သည့်တိုင်အောင် မွတ်ဆလင်ဘွဲ့များကို အသုံးပြုကြသည်။ ပါရှန်းဘာသာဖြင့် ရေးသားထားသော ဒင်္ဂါးများကို ထုတ်လုပ်သည်။ ဘင်္ဂလားနယ်၏ နိုင်ငံရေးနှင့် မြောက်ဦးဘုရင့်နိုင်ငံတော် အရေးမှာ ဆက်စပ်နေသည်။ သန့်မြင့်ဦး၏ အဆိုအရ "ထိုကာလသည် ရခိုင်ပြည်၏ ရွှေရောင်ကာလ ကနဦးအစနှစ်များ ဖြစ်ကြပြီး ဘုန်းတန်ခိုးကြီး၍ စည်ပင်ဝဖြောခဲ့သည်။ ဗုဒ္ဓဘာသာနှင့် အစွယ်လာမွစ်အယူအဆများ သက်ဝင်သောတရားရုံးစနစ်ကို တီထွင်ခဲ့ခြင်းက မှတ်သားဖွယ်ပင်ဖြစ်သည်။ ရခိုင်သည် ပါးရှား၊ အိန္ဒိယမှ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် အရှေ့ဘက် ဗုဒ္ဓဘာသာနိုင်ငံများမှ အယူအဆများကို တစ်သားတည်း မွေနှောက်ရောစပ်ခဲ့ရာ ပြည်ဖြစ်သည်။[၇] ထို ရွှေရောင်ကာလများ၏ အမွေအနှစ်များကို လက်ရှိရခိုင်တွင် နေထိုင်သူများစွာကလည်း ဂုဏ်ယူကြပါသည်။ အာရကန်သည် သမိုင်းကြောင်းအရ ယဉ်ကျေးမှုအဖုံဖုံ ပျံနှံ့ရောနှောရာ လမ်းမကြီးတစ်ခုပင်ဟု တတ်သိကျွမ်းကျင်သော ရခိုင်သားများကဆိုပါသည်။[၅]

သို့ရာတွင် မုန်တိုင်း၏ အရိပ်အယောင်များသည် အာရကန် မိုးကောင်းကင်တွင် မှုန်မှိုင်းခဲ့လေပြီ။ ကိုလိုနီခေတ်မတိုင်မီက အာရကန်မြေသည် ငြိမ်းချမ်းသောမြေဖြစ်သည်။ ပြီးခဲ့သည့် ရာစုနှစ်များတွင်မူ အာရကန်ဘုရင်များသည် ဗမာ၊ မွန်၊ ထိုင်းနှင့် ဘင်္ဂါလီနယ်မှ ပြိုင်ဘက်မင်းဆက်များနှင့် စစ်ရေးစစ်ရာတွင် ပတ်သက်လာခဲ့သည်။ ရခိုင်ပြည်သူများနှင့် ရခိုင်နယ်မြေများမှာ မကြာခဏဆိုသလိုပင်အရွယ်အစားအကျုံ့အချဲ့ ပြန်ညှိခဲ့ရသည်။ အာရကန်မှ ပင်လယ်ပျော် စွန့်စားသူများသည်လည်း ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် မကောင်းသောသတင်းဖြင့်နာမည်ကျော်ခဲ့သည်လည်း ရှိသည်။ ရခိုင်ဘက်မှလာသည်ဟု ယူဆကြသော ထိုအာရကန် ပင်လယ်ပျော်များကို ဘင်္ဂါလီဘာသာဖြင့် (Magh - မော့ဂ်) ဟုခေါ်ရာ ပင်လယ်ဓါးပြသို့မဟုတ် လူဆိုးများဟု အဓိပ္ပါယ်ရသည်။ အာရကန်တို့၏ ရွှေခေတ်ကို နိဒ္ဒိတ်စေခဲ့သည့် အဖြစ်အပျက်ကမူ အိန္ဒိယနယ်စပ်တွင် စစ်ရေးအင်အားပြိုင်ဆိုင်မှုများ ပေါ်ပေါက်လာခြင်းနှင့်ဆိုင်သည်။ မဂိုအင်ပါယာဘုရင်များ အဆက်ဆက်နှင့် ဥရောပနိုင်ငံကြီးများက အာရှတိုက် အရှေ့ဘက်သို့ အပြိုင်အဆိုင် နယ်ချဲ့လာကြချိန်လည်းဖြစ်သည်။ အထူးသဖြင့် စစ်တကောင်းကို မဂိုဘုရင်များထံသို့ ၁၆၆၆ တွင် ပေးလိုက်ရပြီးနောက် အာရကန်မြောက်ပိုင်း နယ်ခြားဒေသများတွင်လည်း မတည်ငြိမ်မှုများ ပေါ်ပေါက်လာခဲ့ခြင်းက ဘုရင့်နိုင်ငံတော်၏ သြဇာကိုကျဆင်းလာစေခဲ့သည်။[၆] ထိုအချိန်မှစ၍ ယနေ့ထက်တိုင်အောင်ပင် အာရကန်နယ်ခြား၌ စစ်ဘေးကျယ်လာလိုက် ကျဉ်းသွားလိုက် တစ်လှည့်စီ ဖြစ်နေသော အခြေအနေမျိုးရှိနေခဲ့သည်။



၁၇၈၀ ခုနှစ်ခန့်တွင် ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်သူတို့၏ ပုန်ကန်ထကြွမှုကို ဖော်ပြသော ပန်းချီကား

ထိုနောက်ပိုင်းတွင် အာရကန်၏ နိုင်ငံရေးအပေါ် အကျိုးသက်ရောက်မှု ကြီးမားစွာ ဖြစ်ပေါ်စေခဲ့သော ကျူးကျော် စစ်နှစ်ခု ဖြစ်ပွားခဲ့သည်။ ရခိုင်သမိုင်းတွင် ထိုကျူးကျော်စစ်ပွဲနှစ်ခုကို ကိုလိုနယ်နယ်ချဲ့ စစ်ပွဲငါးခုအနက် ပထမနှစ်ခုဟု ခေါ်ကြသည်။ ထိုအချိန်မှစ၍ တစ်ဆင့်နိမ့်သော ကိုလိုနီအပြုခံအနေအထားသို့ ရောက်ရှိခဲ့ပြီး ယနေ့နိုင်ငံရေးလှုပ်ရှားသူများစွာကမူ ရခိုင်သည် ထိုအခြေအနေအတိုင်းပင် ရှိနေဆဲဖြစ်သည်ဟု ဆိုကြသည်။ ထိုစစ်ပွဲငါးပွဲစလုံးကို အကျဉ်းချုံးရလျှင် ကုန်းဘောင်ခေတ်ကျူးကျော်မှု (၁၇၈၄-၁၈၂၄)၊ ဗြိတိသျှတို့၏ ကျူးကျော်မှု (၁၈၂၄ -၁၉၄၁)၊ ဂျပန်တို့၏ ကျူးကျော်မှု (၁၉၄၂ - ၁၉၄၅)၊ ဗြိတိသျှတို့ တစ်ဖန်ပြန်ဝင်လာသောခေတ် (၁၉၄၅ - ၁၉၄၈) နှင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခေတ် (၁၉၄၈ မှ ယနေ့တိုင်) ဟု ဆိုရမည်။ ဗြိတိသျှနှင့်ဂျပန် အုပ်ချုပ်သူတို့ ထွက်ခွာသွားခဲ့ကြသည်မှာ ကြာလေပြီ။ သို့ရာတွင် ထိုသက်တမ်းရှည်ကြာလှသော ကျူးကျော်သိမ်းပိုက်ပြီး ကိုလိုနီအပြုခံရခြင်းအတွေ့အကြုံများ ရှိခဲ့သည်ဖြစ်ရာ နိုင်ငံရေး အသိုင်းအဝိုင်းထဲတွင် အာရကန်ကို ယနေ့ထက်ထိတိုင် ဖျောက်ထားခံရသော ကိုလိုနီနယ်ဟု ရည်ညွှန်းနေကြသေးသည်။

ခေတ်သစ်မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်၏ နိုင်ငံရေးကို စပြောလိုက်သည်နှင့် လွန်ခဲ့သော နှစ်နှစ်ရာက ကိစ္စများကိုပြန်ပြောင်းအောက်မေ့တတ်ကြသည်။ ၁၇၈၄ တွင် ကုန်းဘောင်မင်းတစ်ပါးဖြစ်သော ဘိုးတော်ဘုရားသည် မြောက်ဦးကို သိမ်းပိုက်ကာ အာရကန်ဘုရင်နိုင်ငံတော်၏ နောက်ဆုံးဘုရင်ဖြစ်သော မဟာသမ္မတမင်းကို နန်းချခဲ့သည်။ ဘိုးတော်ဘုရား၏ တပ်များသည် ရခိုင်ပြည်သူတို့ ကိုးကွယ်ဆည်းကပ်ကြသော မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကို မန္တလေးရှိ လက်ရှိတည်နေရာသို့ သိမ်းယူသွားခဲ့သည်က ရခိုင်အမျိုးသားဝါဒီများကို စိတ်နှလုံးမငြိမ်းစေသည့် ဖြစ်ရပ်တစ်ခုအဖြစ် ယနေ့ထက်တိုင်ပင် ရှိနေခဲ့သည်။ မြောက်ဦးကိုသိမ်းယူပြီး နောက်ပိုင်းတွင်လည်း ရခိုင်အရပ်သား ထောင်ပေါင်းများစွာ အသတ်ခံရခြင်း၊ အနိုင့်အထက် စစ်မှုထမ်းခိုင်းခြင်းကို ခံရသည်များ ရှိခဲ့သည်။[7] လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသော ရခိုင်ဒုက္ခသည်ပေါင်းတစ်သိန်းခန့်သည် ဗြိတိသျှပိုင် ဘင်္ဂလားနယ်ထဲသို့ ခိုလှုံကြရသည်။[8] ရခိုင်တော်လှန်ရေး ခေါင်းဆောင် ဗိုလ်ချုပ်ဗျို (ခေါ်) (King Bering) သည် အကြိမ်ကြိမ် ဗမာမင်းကို ပြန်တိုက်ပြီး နယ်မြေပြန်လည် သိမ်းယူနိုင်ရန် ကြိုးစားသည်။ ၁၇၈၉ တွင် စစ်တကောင်းဘက်သို့ ဒုက္ခသည်များ အုံနှင့်ကျင်းနှင့် ဝင်လာနေဆဲဖြစ်ကြောင်း စစ်တကောင်းမြို့ဝန်က တပ်လှန့်ခဲ့သည်။[9] ရောက်ရှိလာသော ဒုက္ခသည်များအနက် အများစုမှာ ဗုဒ္ဓဘာသာရခိုင်များဖြစ်ကြပြီး ဗြိတိသျှတို့က ထိုအဖြစ်အပျက်ကို ဗမာတို့၏ အကြမ်းဖက်မှုဟု ဖော်ပြခဲ့ကြသည်။[10] သို့သော် ဗြိတိသျှတို့၏ မှတ်တမ်းများထဲတွင် ဘင်္ဂလားဘက်သို့ရောက်ရှိလာခဲ့သော မွတ်ဆလင်ဒုက္ခသည်များအကြောင်း ပါရှိသကဲ့သို့ အာရကန်တွင်ပေါ်လာသော အုပ်ချုပ်ရေးပုံစံသစ်အောက်တွင် နေထိုင်ကြသော မွတ်ဆလင်များအကြောင်းလည်း ဖော်ပြလေ့ရှိသည်။ အာရကန်ဘုရင့်



ဖမ်းမိသောငါးများကို ကမ်းနားသယ်လာသော ရေလုပ်သားများ၊ သံတွဲမြို့ (TK)

နိုင်ငံတော်ကို စိုးမိုးသော ဘုရင်တစ်ပါးက စစ်တကောင်းနယ်နှင့် အာရကန်တို့မှာ တစ်နယ်တည်းပင်ဖြစ်သည်ဟု ဆိုခဲ့ဖူးသည်။[၁၁] ဤအချက်ကပင်လျှင် နတ်မြစ်နယ်ခြား တစ်ဖက်နှင့်တစ်ဖက် နေထိုင်သူများကြား မည်မျှအထိ ကူးလူးဆက်နွယ်မှုရှိခဲ့ကြသည်ကို သတိထားစရာဖော်ပြနေသည်။[၁၂]

သို့ရာတွင် ကုန်းဘောင်မင်းဆက်၏ ရခိုင်ကို အောင်နိုင်မှုမှာ ကြာကြာမခံလိုက်ပါ။ ၁၇၈၄တွင် ရခိုင်ကို ဝင်ရောက်သိမ်းပိုက်နိုင်ခဲ့ခြင်းမှာ ရခိုင်နိုင်ငံရေးတွင် ဖြစ်ပေါ်လာတော့မည့် ဧရာမနိုင်ငံရေး အပြောင်းအလဲကြီးများ၏ ရှေ့ပြေးမျှသာတည်း။ ဗြိတိသျှနယ်ချဲ့သည် အလုံးအရင်းဖြင့် လာလေပြီ။ အိန္ဒိယနယ်စပ်တစ်လျှောက်တွင် သူနိုင်ငါနိုင်-လွှမ်းမိုးနိုင်ရေးအတွက် ဗြိတိသျှတို့နှင့် အဝနေပြည်တော်မှ စေလွှတ်လိုက်သောတပ်များ အပြိုင်အဆိုင် ဆက်လက်တိုက်ခိုက်ကြသည်။ အကျိုးဆက်မှာ ပထမအင်္ဂလိပ် - ဗမာစစ်ပွဲကို၁၈၂၄-၂၆ကာလအတွင်းကြုံရခြင်းဖြစ်သည်။မြောက်သို့ လားသော် စစ်တကောင်းမှသည် တောင်သို့လားသော် မာန်အောင်နှင့် ရမ်းဗြဲကျွန်း (Cheduba) ကျွန်းများအထိ ကျယ်ပြန့်သော ရခိုင်တလွှားမှာ စစ်မြေပြင်ဖြစ်လာခဲ့သည်။ ထို့နောက် ဗြိတိသျှတို့ အသာစီးရလာခဲ့ပြီး ရန်ကုန်သို့ ထိုးစစ်ဆင်မည့် အစီအစဉ်နှင့်အတူ ဒုတိယစစ် မြေပြင်ကို ဖွင့်ခဲ့တော့သည်။[၁၃] ကုန်းဘောင်မင်းဆက်များ၏ ဘုန်းလက်ရုံး ညှိုးချိန်ရောက်ခဲ့လေပြီ။

ရခိုင်သည် ပထဝီနိုင်ငံရေးကြောင့် အရေးကြီးသော အချိုး အကွေ့တစ်ခုသို့ ရောက်ရှိနေပေသည်။ ရန္တပိုစာချုပ်အရ အင်းဝသည် အာရကန်နှင့် တနင်္သာရီကို ယနေ့အိန္ဒိယနိုင်ငံ မြောက်ပိုင်းမှ ပြည်နယ်များ ဖြစ်ကြသော အာသံနှင့် မဏိပူရတို့နှင့် အတူ ဗြိတိသျှထံလွှဲပြောင်းပေးလိုက်ရသည်။ အာရကန် ပြည်သူတို့အဖို့မူ ထိုအပြောင်းအလဲကြီး၏ နောက်ဆက်တွဲကို အကြီးအကျယ် ချက်ချင်းလက်ငင်းခံစားခဲ့ရသည်။ ရခိုင်တွင် ကုန်းဘောင်မင်းများ ခြေကုတ်ရခဲ့သည့်ကာလမှာ စုစုပေါင်းနှစ်လေးဆယ်ခန့်သာ ကြာသည်။ ဗြိတိသျှတို့ သိမ်းပိုက်ခဲ့ပြီး နောက်တွင်မူ အာရကန်တို့၏ မြောက်ဦးဘုရင်နိုင်ငံတော် ရွှေခေတ်မှာ ရာဇဝင်မှတ်တမ်းတစ်ခုသာ ဖြစ်သွားတော့သည်။

ရခိုင်ပြည်နယ် - မျက်မှောက်ခေတ် ရုပ်ပုံလွှာ

အကျယ်အဝန်းအားဖြင့် ၃၆,၀၀၀ စတုရန်း ကီလိုမီတာမျှရှိသော ကမ်းမြောင်ဒေသတစ်ခုဖြစ်သည့် ယနေ့မျက်မှောက်ခေတ် ရခိုင်ပြည်နယ်သည် အာရှ၏ မဟာဗျူဟာကျသော အချက်အချာနေရာတစ်ခုအဖြစ် တည်ရှိသည်။ ရခိုင်သည် အောက်ပါ အချက်သုံးချက်ကြောင့် ပထဝီနိုင်ငံရေးအရ အရေးပါသော အချက်အချာ နေရာဖြစ်လာသည်။ မြန်မာ၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့ စုဆုံရာနေရာဖြစ်ခြင်း၊ တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်စပ်ရာနေရာဖြစ်ခြင်း၊ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်ကမ္ဘာကို ထိစပ်ပေးရာနေရာဖြစ်နေခြင်း အကြောင်းသုံးရပ် တိုက်ဆိုင်နေသည်။

ထို့ကြောင့်ပင်လျှင် ရခိုင်ကို မြန်မာနိုင်ငံ၏ 'အနောက်တံခါး' ဟု ရည်ညွှန်းတတ်ကြခြင်းဖြစ်သည်။ သို့ရာတွင် သီးခြားဆန်သော ပထဝီအနေအထားကြောင့် ရခိုင်ပြည်သူများနှင့် ရခိုင်နိုင်ငံရေးမှာ အရှေ့ဘက်ရှိ ဧရာဝတီမြစ်ဝှမ်းလွင်ပြင်မှ ဗမာမင်းနေပြည်တော်များနှင့်လည်းကောင်း တောင်ဘက် စစ်တောင်းမြစ်ဝှမ်း လွင်ပြင်မှ မွန်တို့နှင့်လည်းကောင်း မနီးကပ်ဘဲ သီးသီးသန့်သန့် တည်ရှိနေခဲ့သည်။ ရခိုင်ရိုးမ တောင်တန်းများနှင့် သစ်တောများ၏ အကာအကွယ်ကိုယူကာ ဘင်္ဂလားပင်လယ်အော်ထဲ စီးဝင်ကြသည့် ကောက်ကွေ့သော မြစ်ချောင်းများ၊ ရှုံထူသော ချောင်းကလေးများ ဖြန့်ကျက်ထားသည့် ကမ်းမြောင်တစ်လျှောက် ရခိုင်ပြည်သူတို့ နေထိုင်ခဲ့ကြသည်။

ဤဒေသမှ လူဦးရေ အချက်အလက်များမှာ များစွာအငြင်းပွားစရာရှိသည်။ ၂၀၁၆ ခုနှစ် အကြမ်းဖက်မှုများ ရခိုင်မြောက်ပိုင်းတွင် မဖြစ်ပွားမီကာလက ရခိုင်တွင်နေထိုင်သူ လူဦးရေ၏ ၆၀ရာခိုင်နှုန်းမှာ ရခိုင်လူမျိုးများဖြစ်ကြပြီး ရိုဟင်ဂျာများ၊ ကမန် (Kamein) များအပါအဝင် မွတ်ဆလင် လူဦးရေမှာ ၃၀ ရာခိုင်နှုန်းခန့် ရှိသည်ဟု တွေ့ရသည်။[၁၄] ကျန် ၁၀ ရာခိုင်နှုန်းထဲတွင် ချင်းလူမျိုးများနှင့် အခြားလူမျိုးစု အုပ်စုငယ်များ ဖြစ်ကြသော မြို၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီးတို့ ပါဝင်သည်ဟု ခန့်မှန်းကြသည်။ ရခိုင်တွင် နေသူများထဲတွင် ဟိန္ဒူနှင့် အခြားအိန္ဒိယနွယ်ဖွားများလည်း ရှိကြပြီး ချင်းတို့ထဲသို့ ခရစ်ယာန်ဘာသာမှာ လွန်ခဲ့သော နှစ်တစ်ရာလောက်က စတင်ပျံ့နှံ့လာခဲ့သည်။ သို့ရာတွင် လက်ရှိမြန်မာပြည်၏ အစိတ်အပိုင်းအချို့ကဲ့သို့ပင် ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသော လူမျိုးစုများ၏ အချိုးအဆနှင့် လူဦးရေဖွဲ့စည်းပုံကို တိတိကျကျ သိနိုင်သော အချက်အလက်များ ခိုင်ခိုင်မာမာမရှိပါ။

ထိုသို့ မရှင်းလင်းသည်ကို ရခိုင်ပြည်နယ်၏ စုစုပေါင်းလူဦးရေမှာ ၃,၁၈၈,၈၀၇ ဦးဟု ဖော်ပြထားသော ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း[၁၅]တွင် အလေးပေးဖော်ပြထားသည်။[၁၆] သို့သော် သန်းခေါင်စာရင်း၏ စံနှင့်မညီသော ကိစ္စတစ်ခုမှာ လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသော လူပေါင်း ၁,၀၉၀,၀၀၀ ဦး၏ အချက်အလက်များကို ကောက်ယူခဲ့ရခြင်းမရှိဟု ဖော်ပြထားခြင်းဖြစ်သည်။[၁၇] ထိုအထဲမှ အများစုသည် ရိုဟင်ဂျာများဖြစ်ကြပြီး ထိုသူတို့သည် ရခိုင်ပြည်နယ်အတွင်း၌ပင် နေအိမ်ကို စွန့်ခွာထွက်ပြေးနေရသူများနှင့် မြန်မာနိုင်ငံအစိုးရက နိုင်ငံသားဟူ၍ အပြည့်အဝသတ်မှတ်မထားသူများ ဖြစ်ကြသည်။ နောက်ပိုင်းတွင် ရိုဟင်ဂျာ အများစုမှာလည်း မြန်မာနိုင်ငံမှ ထွက်ပြေးသွားရပြီး လူတစ်သန်းကျော်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒုက္ခသည် အဖြစ်လည်းကောင်း၊ ပြည်ပသို့ တိမ်းရှောင်သူ (exile) အဖြစ်လည်းကောင်း နေထိုင်လျက်ရှိကြသည်။ ကမန် မွတ်ဆလင်များစွာသည်လည်း ၂၀၁၂ ခုနှစ် လူမျိုးရေး အဓိကရုဏ်းများအပြီးတွင် အိုးအိမ်များကို စွန့်ခွာခဲ့ရသည်။

ထိုမတည်ငြိမ်မှုများ အတောမသတ်သေးသောကြောင့် ယနေ့ရခိုင်ပြည်နယ် နိုင်ငံရေးနှင့် ရခိုင်လူ့အဖွဲ့အစည်းက ကြုံနေရသည့် အဓိကပြဿနာကြီးတစ်ခုမှာ နေရပ်ကို စွန့်ခွာထွက်ပြေးနေရသူ အမြောက်အများ ရှိနေခြင်းပင်ဖြစ်သည်။ လူပေါင်း ၁၂၈,၀၀၀ ခန့် (အများဆုံးမှာ မွတ်ဆလင်များ) ဖြစ်ကြသည်။[၁၈] ၂၀၁၂ အဓိကရုဏ်းများကတည်းကပင် ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ ဒုက္ခသည်စခန်းများ၌ ရခိုင်၊ ချင်း၊ မြို တိုင်းရင်းသားများပါဝင်သော အရပ်သား ၉၀,၀၀၀ကျော်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အာရကန် ညီညွတ်ရေးတပ်ဖွဲ့ ULA နှင့် အစိုးရတပ်များကြား ၂၀၁၉ ခုနှစ်ကတည်းက စတင်ခဲ့သော တိုက်ပွဲများကြောင့် အိုးမဲ့အိမ်မဲ့ ထွက်ပြေးနေကြရသည်။[၁၉] တစ်ချိန်တည်းတွင် လူမျိုးပေါင်းစုံပါဝင်သော လူငယ်လူရွယ်များသည် မြန်မာနိုင်ငံ၏ အခြားဒေသများနှင့် နိုင်ငံရပ်ခြားသို့ အလန့်တကြား ပြောင်းရွှေ့နေကြရသည်။ လွန်ခဲ့သော

နှစ်များအတွင်း၌ ပြည်ပပြောင်းရွှေ့အခြေစိုက် အင်အားစုများသည် ရခိုင်ရော၊ ရိုဟင်ဂျာ အမျိုးသားရေး လှုပ်ရှားမှုများအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။

အာရကန်၏ အလှပဆုံးသော နေ့ရက်များမှာ အတိတ်တွင် ကျန်ရစ်ခဲ့ပြီဟု ခံစားရသူအများပင် ရှိပါသည်။ သမိုင်းထဲတွင် အာရကန်မြေသည် စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ သဘော်လုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းတို့အတွက် များစွာအရေးပါခဲ့ပြီး ဗြိတိသျှတို့လက်ထက်တွင် ထိုလုပ်ငန်းများ ပို၍ပင် အရှိန်ရလာခဲ့သေးသည်။ အာရကန်တို့သည် ပညာရေးဘက်တွင် နာမည်ရှိကြပြီး တတ်သိပညာရှင်များအနေနှင့် ဗြိတိသျှအစိုးရ ရာထူးကြီးများတွင် နေရာရခဲ့ကြသည်။ အာရကန်၏ စီးပွားရေးလုပ်ငန်း အများစုသည် စစ်တွေ (အာကျတ် Akyab) တွင် အခြေစိုက်ရာ ထိုမြို့မှာ ဗြိတိသျှပိုင် အိန္ဒိယအင်ပါယာ၏ အရေးပါသော ကုန်သွယ်စခန်း ဖြစ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဗြိတိသျှပိုင် အိန္ဒိယဘက်က ရွှေ့ပြောင်းဝင်ရောက်လာသူ အရေအတွက်မှာ မြင့်မားလာပြီး နောင်တွင် လူမျိုးရေး၊ ပဋိပက္ခများဖြစ်စေသည့် အကြောင်းတစ်ရပ် ဖြစ်လာခဲ့သည်။ ယနေ့အချိန်အထိ နိုင်ငံရေး အရသော်လည်းကောင်း ကုန်သွယ်ရေးအရသော်လည်းကောင်း စစ်တွေသည် ဗဟိုရပ်ဝန်းအဖြစ်တည်ရှိပြီး၊ မြောက်ဦးနှင့် မောင်တောခရိုင်များသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူဦးရေအများဆုံးနေရာဖြစ်လာကြသည်။ ရခိုင်ပြည်နယ်အလယ်ပိုင်းနှင့် တောင်ပိုင်းကမူ အရှေ့ဘက်မှ မကွေး၊ ပဲခူးနှင့် မြန်မာအများစု နေထိုင်ရာဒေသများနှင့် ပို၍ နီးစပ်သည်။

၁၉၄၈ လွတ်လပ်ရေး ရကတည်းကပင် ရခိုင်ပြည်နယ်၏ စီးပွားရေးမှာ သိသိသာသာ ကျဆင်းလာခဲ့သည်။ ယနေ့ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုတွင် ဒုတိယမြောက် အဆင်းရဲဆုံး ပြည်နယ်ဖြစ်သည်။ ရောဂါဖြစ်ပွားမှုနှုန်း၊ ဆင်းရဲနွမ်းပါးမှုနှုန်း၊ စာမတတ်မြောက်မှုနှုန်းနှင့် ကလေးသန္ဓနှုန်းများတွင် တစ်ပြည်လုံးနှင့်ယှဉ်သော် အဆိုးဆုံး အညွှန်းကိန်းများတွင် ရှိနေသည်။ အမ်း-တောင်ကုတ်နှင့် ၇ တို့မှ မြန်မာပြည်၏ အခြားဒေသများနှင့် ဆက်သွယ်ထားသော အဓိကလမ်းမကြီး သုံးခုသာရှိသည်။ ဤမျှဆိုးသော အစိုးရ၏ လျစ်လျူရှုမှုများကပင် လူမျိုးရေး- နိုင်ငံရေး မကျေနပ်မှုများကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းဖြစ်လာသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ဘင်္ဂလားပင်လယ်အော်ရှိ ရွှေသဘာဝ ဓာတ်ငွေ့လုပ်ကွက်များမှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ သွယ်တန်းထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများကို တည်ဆောက်ခဲ့သည်။ သို့ရာတွင် ယနေ့အထိ ဒေသခံတို့ အကျိုးအမြတ်ခံစားခွင့်ရနေသည်ဟူ၍ လက်ဆုပ် လက်ကိုင် ပြစရာ သက်သေမရှိသလောက်ပင် ဖြစ်သည်။ ရခိုင်ပြည်နယ်မှ လူအများစုကြီးမှာ ကျေးလက်တောရွာနေ ပြည်သူများသာ ဖြစ်နေကြဆဲပင်။

အနာဂတ်ကို မျှော်ကြည့်လျှင် ပြည်နယ်၏အလယ်ပိုင်းတွင် တရုတ်အစိုးရက အကောင်အထည်ဖော်ရန် လျာထားသော ကျောက်ဖြူရေနက်ဆိပ်ကမ်းမှာ သမ္မတရှိကျင့်ဖျင်၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပေါ်ပေါက်လာမည့် အာရှတလွှား ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အဦလမ်းကြောင်းများ၏ ဗဟိုချက်မတစ်ခုအဖြစ် ပေါ်ထွန်းလာစေရန် သတ်မှတ်လျာထားကြသည်။ ထိုစီမံကိန်း အကောင်အထည်ဖော်နိုင်ရန် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစာချုပ်ကို ယမန်နှစ်ကပင် နှစ်နိုင်ငံအစိုးရများက လက်မှတ်ထိုးခဲ့ကြသည်။ အိန္ဒိယနှင့် သဘောတူဆောင်ရွက်လျက်ရှိသော ကုလားတန်မြစ်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဆောင်ရွက်လျက်ရှိသော ကညင်ချောင်း စီးပွားရေးဇုန်နှင့် ပုဏ္ဏားကျွန်းစက်မှုဇုန်တို့လည်း ရှိသေးသည်။ အကယ်၍ ထိုစီးပွားရေး စီမံကိန်းကြီးများ ဆက်လက်အကောင်အထည်ပေါ်လာလျှင် ရခိုင်ပြည်နယ်သည် ဗြိတိသျှအင်ပါယာအောက်က ထွက်သွားခဲ့ပြီးသည့် နောက်ပိုင်းတွင် အကြီးမားဆုံး လူမှုရေး၊ စီးပွားရေး အပြောင်းအလဲများနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ သို့သော် ပဋိပက္ခများရှိနေသောကြောင့် ထိုနိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများ နှေးကွေးသွားခဲ့သည်။ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရာ အဓိကနေရာများ ဖြစ်ကြသော ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြောက်ဦးရွေးဟောင်းမြို့နှင့် တောင်ပိုင်းရှိ သံတွဲမြို့မှ ငပလီကမ်းခြေသည်လည်း စစ်ကြောင့် ခရီးသွားလုပ်ငန်းများ ကျဆင်းလာခဲ့သည်။

ရခိုင်ပြည်နယ်သည် ယခင်အာရကန် တောင်တန်းဒေသတွင်ပါဝင်သော ချင်းတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လည်း များစွာဆက်စပ်နေသည်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့နှင့် ထိစပ်နေသောသုံးနိုင်ငံ နယ်ခြားဆုံချက်ဒေသသည် လူဦးရေကျဲပါးပြီး စတုရန်းကီလိုမီတာ ၉၁၇၆ မျှ ကျယ်ဝန်းသည်။ ၁၉၄၈ မြန်မာနိုင်ငံလွတ်လပ်ရေးရချိန်တွင်

ထိုနယ်မြေကို ချင်းအများစု နေထိုင်သောဒေသဖြစ်သောကြောင့် နယ်မြေထိစပ်နေသော ချင်းဝိသေသတိုင်းထဲသို့ ထည့်သွင်းလိုက်သည်။ သို့ရာတွင် လူမှုရေး နိုင်ငံရေးအရ ထိုနယ်ခြားတွင် ကူးလူးဆက်ဆံမှုများ ယခင်ကဲ့သို့ပင် ရှိနေမြဲဖြစ်သည်။ ရခိုင်ပြည်နယ်မှ စစ်တွေကိုဖြတ်ပြီး စီးဆင်းသော ကုလားတန်မြစ်သည် ချင်းပြည်နယ်ရှိ ပလက်ဝမြို့နှင့် အိန္ဒိယမြောက်ပိုင်းမှ မီဇိုရမ်နယ်တို့ကို ဆက်သွယ်ပေးသော ရေလမ်းဖြစ်သည်။ ထိုရေလမ်းကြောင်းမှာ ယခုအခါ စီးပွားရေးအရသော်လည်းကောင်း၊ ပထဝီ နိုင်ငံရေးအရသော်လည်းကောင်း စိတ်ဝင်စားစရာ ဖြစ်လာသည်။ ရခိုင်ပြည်နယ်အတွင်းသို့ စီးဝင်သော လေးမြို့မြစ်ပေါ်တွင် ရေအားလျှပ်စစ်စီမံကိန်းနှစ်ခု ဆောက်လုပ်မည့် အစီအစဉ်မှာလည်း မေးခွန်းထုတ်စရာများရှိနေသည့် စီမံကိန်းများဖြစ်သည်။ ပြည်နယ်နှစ်ခုစလုံးမှ ရွာသားထောင်ပေါင်းများစွာတို့ နေရာရွှေ့ပြောင်းပေးရဖွယ်ရှိသည့် စီမံကိန်းလည်း ဖြစ်နေကြသည်။[၂၀]

၁၉၄၈တွင် ဖြစ်ပေါ်ခဲ့သော လက်နက်ကိုင်တော်လှန်မှုများ နောက်ပိုင်းကတည်းက ရခိုင်ပြည်နယ် အတွင်း၌ အတိုက်အခံ လက်နက်ကိုင်တော်လှန်ရေးသမားများ ပုံစံအမျိုးမျိုးဖြင့် ရှိနေခဲ့ကြသည်။ ယမန်နှစ်မှ ဒေသခံ ရွာသား ထောင်ပေါင်းများစွာတို့ လက်နက်ကိုင်တိုက်ပွဲများကြောင့် စစ်ရှောင်ကြရပြီး စာသင်ကျောင်းများရာချီ၍ ပိတ်ထားရသည်။[၂၁] အချို့ရခိုင်အမျိုးသားရေးဝါဒီများတွင် ချင်းပြည်နယ်ထဲ ပေါင်းစည်းသွားသည့် အာရကန်က ယခင်ပိုင်ခဲ့ဖူးသော နယ်မြေများကို ပြန်လည်ရယူလိုသည့် စိတ်ကူးရှိကြသည်။ သို့ရာတွင် ထိုနယ်မြေများအား နိုင်ငံရေးအရ သတ်မှတ်ထားကြပုံများ ပြောင်းလဲလာရန် မမြင်ပေ။ (ဒေသတွင်း ပဋိပက္ခ အရှုပ်အထွေးကို ဖတ်ရန်)

ဖြိတိသျှအုပ်ချုပ်ရေးနှင့် အမျိုးသားရေး လှုပ်ရှားမှုများ ပေါ်ပေါက်လာခြင်း

ရန်ကုန်ပုစာချုပ် ချုပ်ဆိုပြီးသည့်နောက် အင်္ဂလိပ်တို့သည် ၁၈၈၆ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ခုလုံးကို သိမ်းပိုက်နိုင်ရန် နောက်ထပ်နှစ် ခြောက်ဆယ်ကြာပါသည်။ ဖြိတိသျှကို လက်နက်ကိုင် ပုန်ကန်မှုများသည် အာရကန်တွင် ဦးစွာစတင်ခဲ့ပြီး ရခိုင်ခေါင်းဆောင်များဖြစ်ကြသော (ဒေးဝန်းကြီး) အောင်ကျော်ဇံနှင့် မင်းသားကြီး ရွှီဘန်း (ရွှေပန်း)တို့က ဦးဆောင်ခဲ့သည်။ မြောက်ဘက်နယ်ခြားမှ ချင်းတို့ကလည်း အညံ့မခံသောကြောင့် ဒေသမငြိမ်သက်ခဲ့ပေ။ ထိုပုန်ကန်မှုများကို နှိမ်နင်းပြီးနောက်ပိုင်းတွင်လည်း ဖြိတိသျှ အုပ်ချုပ်သူများက မိမိတို့သိမ်းထားသော နယ်မြေကို ကိုယ်ပိုင်အစွမ်းအစဖြင့် တိုးတက်လာရန်ကိုပင် အားပေးအားမြှောက်ထောက်ကူခြင်း မပြုခဲ့ကြပေ။ ထိုနယ်၏ သယံဇာတပိုင်ဆိုင်မှုနှင့် တည်နေရာကြောင့်သာ ဖြိတိသျှဘားမားပိုင်နက်အတွင်း တိုးတက်ကြီးပွားသော နေရာတစ်ခု ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ကိုလိုနီနယ်ချဲ့တို့၏ အဓိကလိုလားချက်မှာ အင်ပါယာ၏ လုံခြုံရေးနှင့် အမြတ်အစွန်းရရှိရေးဖြစ်ရာ ၎င်းတို့လိုအင်ပြည့်သွားချိန်တွင် အာရကန်ကို ဖြိတိသျှလက်အောက်ခံ အိန္ဒိယအင်ပါယာအတွင်း၌ အရေးတကြီး ကိစ္စတစ်ခုအဖြစ် မစဉ်းစားကြတော့ပေ။

နယ်မြေသစ်များကို ထိန်းချုပ်ရန်ဖြိတိသျှ အာဏာပိုင်တို့က မြန်မာနိုင်ငံကို ဒိုင်အာခီစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ နယ်ခြားဒေသလူမျိုးစုနယ်မြေများကို တောင်တန်းဒေသအုပ်ချုပ်ရေး (FAA Frontier Areas Administration) အောက်တွင် ထည့်သွင်းပြီး ရှေးရိုးစဉ်လာ အုပ်ချုပ်ခဲ့သော နယ်စားပယ်စားများ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည်။ သို့ရာတွင် အာရကန်ကိုမူ နယ်စပ်ဒေသချင်း အတူတူဖြစ်သော်လည်း ဖြိတိသျှအစိုးရက "ဗမာပြည်မ" ၏ တိုင်းခုနှစ်တိုင်းအနက်မှ တစ်ခုအဖြစ် သတ်မှတ်ခဲ့ပြီး ပြည်မအစိုးရက တိုက်ရိုက်အုပ်ချုပ်ခဲ့သည်။ ၂၀ ရာစုထဲရောက်လာသောအခါတွင်မူ မြန်မာနိုင်ငံအတွက် ဟုမ်းရူးခေါ်ပါလီမန် ကိုယ်ပိုင်အုပ်ချုပ်ရေး အဆင့်တစ်ခုကို ပေးခဲ့သည်။

ဖြိတိသျှအုပ်ချုပ်ရေးယန္တရားသည် စစ်တွေ (Akyab) ကို ဗဟိုပြုပြီး ရခိုင်တွင် စစ်တွေ၊ အာရကန်တောင်တန်းဒေသ၊ ကျောက်ဖြူနှင့် သံတွဲဟူ၍ ခရိုင်ကြီးလေးခုခွဲထားသည်။ တစ်နေရာနှင့်တစ်နေရာ အဆက်အသွယ်မှာ ခက်ခဲနေဆဲပင်။ သို့ရာတွင် ယခင်က ငါးဖမ်းသောကျေးလက်ရွာကလေးသာသာ စစ်တွေသည် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာခြင်းနှင့် ရေကြောင်းခရီး တိုးတက်လာသောခေတ်ကို ရောက်လာခြင်းကြောင့် ကုန်သွယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာပြီး စစ်တွေ-စစ်တကောင်း-ကလကတ္တား သုံးပွင့်ဆိုင် တြိဂံရေလမ်းကြောင်းပေါ်မှ ဆန်တင်ပို့ရာ အဓိက ဆိပ်ကမ်းတစ်ခု ဖြစ်လာခဲ့သည်။ ပညာရေးဘက်တွင်လည်း အဆင့်အတန်းမြင့်ခဲ့ပြီး အာရကန်လူရည်တတ်များစွာသည် ဖြိတိသျှတို့၏ အုပ်ချုပ်ရေးယန္တရားသစ်ထဲတွင် အရာရှိကြီးများ ဖြစ်လာသလို ဘဏ်လုပ်ငန်းထဲတွင်လည်း ဝင်ရောက် လုပ်ကိုင်လာကြသည်။ ထိုအထဲတွင်မှ ရှေ့နေတစ်ဦးဖြစ်သူ ဆာပေါ်ထွန်းသည် နန်းရင်းဝန်ပင် ဖြစ်ခဲ့သည်မှာ မှတ်သားစရာပင်။

သို့သော်လွတ်လပ်ရေးကို ပြန်လည်ရယူလိုသော ဆန္ဒကမူ ပျောက်ပျက်မသွားပေ။ ဖြိတိသျှအုပ်ချုပ်ရေး သက်တမ်းရှည်လာသည်နှင့်အမျှ အာရကန်တို့၏ ဖြစ်တည်မှု (Identity)နှင့် အချုပ်အခြာကို ဖြိတိသျှအုပ်ချုပ်ရေး၏ မဏ္ဍိုင်နှစ်ရပ်က ထိပါးနေသည်ဟု ယူဆသည်။ ပထမတစ်ချက်မှာ ဖြိတိသျှတို့သည် မြန်မာနိုင်ငံကို အိန္ဒိယမှ ၁၉၃၇ တွင် ခွဲထွက်ခွင့်ပြုခဲ့ပြီး နောက်အာရကန်သည် ဖြိတိသျှ အင်ပါယာ၏ ကုန်သွယ်ရေးနှင့် ကူးသန်းသွားလာရေးအတွက် အရေးပါသည့်ဂိတ်ပေါက်တစ်ခုဖြစ်လာခဲ့သည်။ ဒုတိယမှာ-ဗမာပြည်မထဲသို့ တိုင်းတစ်ခုအဖြစ် အာရကန်ကို ထည့်သွင်းထားခြင်းက ရှေးအစဉ်အဆက်ရှိခဲ့သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ဆုံးရှုံးရသည်ဟု မှတ်ယူသည်။ ဖြိတိသျှတို့အနေနှင့်မူ ထိုဆုံးဖြတ်ချက်ကို ချခဲ့သည့်အချိန်က ရခိုင်လူမျိုးများသည် လူများစုဖြစ်သော ဗမာတို့နှင့် ဆွေမျိုးစပ်ရန် မခက်သောကြောင့် သီးခြားစီခွဲထားရန် အကြောင်းမရှိဟု တွေးခဲ့ပုံရပါသည်။ သို့ရာတွင် အခြားသော ကိုလိုနီနယ်များတွင် ဖြစ်ပျက်ခဲ့သကဲ့သို့ပင် ဖြိတိသျှတို့သည် ဌာနေတို့၏ လူမှုဘဝ



ပြောင်းဆင်းတွေ့ရှိရသည့် ဗုဒ္ဓရုပ်ပွား (MS)

ဖွဲ့စည်းပုံနှင့် နိုင်ငံရေး အခင်းအကျင်းများအပေါ် မည်သို့ ထိခိုက်နိုင်သည်ကို အရှည်တွေးတောခဲ့ပုံမရပါ။ အဆုံးသတ်မှာ အာရကန်နိုင်ငံတော်နှင့် လူမျိုးများ၏ အမျိုးသားစရိုက်လက္ခဏာမှာ ဗြိတိသျှဘားမားပိုင်နက်အတွင်း မွေးမြိန်သွားခဲ့ရသည်။

ထိုအခြေအနေများထဲတွင်ပင် အာရကန်တို့၏ အမျိုးသားရေး လှုပ်ရှားမှုများမှာ ၂၀ ရာစုအစောပိုင်း ဆယ်စုနှစ်များတွင် ပြန်လည်နိုးကြားလာခဲ့သည်။ သို့ရာတွင် ယနေ့တွေ့ကြုံနေရသကဲ့သို့ပင် အခြေခံကျသော ပြဿနာတစ်ခုကို မဖြေရှင်းနိုင်ခဲ့ပါ။ အာရကန်တို့၏ နိုင်ငံရေးလှုပ်ရှားမှုများက အလိုရှိသည်များကို ပြည်မမှ လူများစု ဗမာများနှင့် လက်တွဲဆောင်ရွက်ခြင်းဖြင့် ထိရောက်အောင်ဆောင်ကျဉ်းနိုင်မည်လော (သို့မဟုတ်) အာရကန်တို့ချည်းသီးခြားလှုပ်ရှားခြင်းဖြင့် ကြိုးပမ်းခြင်းဖြင့် ရနိုင်မည်လော ဟူသော မေးခွန်းအတွက် အဖြေမရှိခဲ့ပါ။ လမ်းကြောင်းအမျိုးမျိုးမှ စဉ်းစားကြသလို အကျပ်ရိုက်ခြင်းအမျိုးမျိုးလည်း ကြုံကြရပါသည်။ ဆရာတော်ဦးဥတ္တမနှင့် ရှေ့နေဆာပေါ်ထွန်းတို့က ဗမာပြည်မမှ နိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ရခိုင်လူမျိုးများကြားတွင်လည်း နိုင်ငံရေးအဖွဲ့အစည်း၊ ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်းအသစ်များ ပျံနှံ့ထွန်းကားလာခဲ့သည်။ ထိုအဖွဲ့များထဲတွင် ရခိုင်အမျိုးသားများ နိုးကြားရေးအစည်းအရုံး၊ အာရကန်အသင်း၊ ရက္ခပူရအဖွဲ့ကြီးအစရှိသည်တို့ ပါဝင်ခဲ့သည်။[JJ] ပါလီမန်ထဲတွင်လည်း ရခိုင်နိုင်ငံရေးသမားများ အချင်းချင်း စည်းလုံးကြသဖြင့် ရခိုင်ပါတီဟုပင် အမည်တွင်သည်။ ၁၉၃၅ တွင် ဘင်္ဂလားရှိ အာရကန်ဗုဒ္ဓဘာသာအဖွဲ့ကို စစ်တကောင်းဘက်ကမ်းတွင် တည်ထောင်ခဲ့ကြသည်။[JK]

အစပိုင်းတွင် ထိုအမျိုးသားရေး လှုပ်ရှားမှုအသစ်များမှာ ရခိုင်ပြည်အသင်းက ခေါ်ဝေါ်သော အမေ့လျော့ခံအာရကန်မြေ၏ အနာဂတ်အတွက် ရည်ရွယ်ကြသည်။[JL] နောင်တွင် ၁၉၃၇ ၌ ဗြိတိသျှတို့က အိန္ဒိယထဲမှမြန်မာကို ခွဲထုတ်လိုက်သောအခါ ရခိုင်အသင်းအဖွဲ့ အမျိုးမျိုးက ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံး (ANC) အဖြစ် ပိုင်းဝန်းလက်တွဲကာ နိုင်ငံရေး ရည်မှန်းချက်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ကြပါရန် သံဃာများကတိုက်တွန်းခဲ့ကြသည်။ ပေါင်းစုထားသော ထိုအင်အားစုများသည်ပင်လျှင် ရခိုင်နိုင်ငံရေး၏ ကိုယ်ပိုင် အသွင်သဏ္ဌာန်ဖြစ်လာခဲ့ပြီး ရခိုင်ပြည်အမျိုးသားကောင်စီကို ဖွဲ့စည်းကာ ထိုခေတ်ရခိုင်၏ အရေးကိစ္စများကို အဖြေရှာခဲ့သည်။ တစ်ဆက်တည်းတွင် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံး ANC သည် ၁၉၄၀ မေလတွင် ပေါက်တော၌ ပထမအကြိမ် ကွန်ဂရက်ကို ကျင်းပခဲ့သည်။ ထိုနှစ်တွင်ပင် လူမျိုးရေးပြင်းထန်သော ဆရာတော်ဦးစိန္တာက ဗုဒ္ဓဘာသာဗဟိုဩဝါဒစရိယအဖွဲ့ကို ကျောက်ဖြူမြို့တွင် ကျင်းပသော အစည်းအဝေးတစ်ခုတွင် ဖွဲ့စည်းခဲ့သည်။ ထိုအစည်းအဝေးသည် နောင်တွင် လက်နက်ကိုင် အမျိုးသားရေးလှုပ်ရှားမှုများစတင်မည့် အသင်းတစ်ခုကို မွေးထုတ်ပေးခဲ့သည်။

ထိုစဉ်က သိပ်သတိမထားမိကြသော်လည်း ဤနယ်တွင်နေထိုင်ကြသော မွတ်ဆလင်များထဲတွင်လည်း အမျိုးသားရေး လှုပ်ရှားမှုများ နိုးကြားလာခဲ့ပေသည်။ ယနေ့ကာလကဲ့သို့ပင် ထိုအချိန်ကလည်း ဤအရေးမှာ မလွယ်ကူသည့် ကိစ္စတစ်ခု ဖြစ်ပါသည်။ ဒေသတွင်း မွတ်ဆလင်များ နိုင်ငံရေးတွင် မည်ကဲ့သို့ပါဝင် လှုပ်ရှားသင့်သည်ဆိုသော အကြောင်းနှင့် ပတ်သက်၍ အယူအဆ အမျိုးမျိုးရှိကြသည်။ မွတ်ဆလင်တို့အနေနှင့် ဗမာပြည်မတွင် လှုပ်ရှားသင့်သလော။ အာရကန်တိုင်းအတွင်း လှုပ်ရှားသင့်သည်လော။ ၁၉၂၂ လောက်က တည်းကပင် ဂျမီယာတူ-အိုလမာ Jamiatul-Uluma (မော်လဝီများကောင်စီ) ကို ဗမာပြည်မတွင် ဖွဲ့စည်းခဲ့သည်။[JM] သို့သော် မွတ်ဆလင်၏ စုံလင်ကွဲပြားမှုကြောင့်ပင်လျှင် ၎င်းတို့သည် ဗြိတိသျှအုပ်ချုပ်မှုအောက်တွင် ရှိနေသော နယ်မြေတစ်ခုခုကို အခြေပြု၍ အမျိုးသားရေးလှုပ်ရှားမှုများ ဆောင်ရွက်ရန် နိုင်ငံသားအခွင့်အရေး ရှိသူများ မဟုတ်ကြဟု ယူဆခဲ့ကြသည်။ ဤအခြေအနေမှာ ၁၈၈၆ အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းယူပြီးသည့် နောက်ပိုင်း အိန္ဒိယဘက်မှ မြန်မာဘက်သို့ ရွှေ့ပြောင်းဝင်ရောက်လာသူ အရေအတွက်များစွာ မြင့်မားလာသောအခါ ပို၍ပင် ရှုပ်ထွေးလာခဲ့သည်။ ၁၉၃၁ သန်းခေါင်စာရင်း ကောက်ယူချိန်တွင် မြန်မာမြေပေါ်တွင်နေထိုင်သော ဘင်္ဂါလီ၊ စစ်တကောင်းသား၊ ဟိန္ဒူစတန်နီ၊ တမီလ် အစရှိသည်ဖြင့် အိန္ဒိယဟု ယူဆရသူပေါင်း တသန်းကျော်ရှိနေခဲ့ပြီး မြန်မာလူဦးရေ စုစုပေါင်းမှာ ထိုသန်းခေါင်စာရင်းအရ ၁၄,၆၅၀,၀၀၀ သာရှိသည်။[JN]

ထိုကာလနောက်ပိုင်းတွင် မြန်မာပြည်၏ လူမှုဘဝဖွဲ့စည်းပုံများ လျင်မြန်စွာ ပြောင်းလဲလာခြင်းသည် နိုင်ငံနေရာအနှံ့အပြားရှိ လူမျိုးတစ်မျိုးနှင့်တစ်မျိုးကြား ဆက်ဆံရေးအပေါ် ကြီးစွာအကျိုးသက်ရောက်မှု ရှိလာခဲ့သည်။ လက်ရှိ မြန်မာနိုင်ငံတွင် ကြုံနေရသော လူမျိုးများ၏ စရိုက်လက္ခဏာ သိမှတ်ပုံနှင့် နိုင်ငံသားအခွင့်အရေး ပြဿနာများသည် ထိုကာလက ဖြစ်ပျက်ခဲ့သော မတည်ငြိမ်မှုများထဲတွင် ရေသောက်မြစ်ခံခဲ့သည်။ အထူးသဖြင့် မကျေနပ်မှုများ အမြင့်ဆုံးရောက်ရှိစေခဲ့သည့်ကိစ္စများတွင် အိန္ဒိယကလာသော ငွေတိုးချေးသည့်လုပ်ငန်း ဆောင်ရွက်ကြသူချစ်တီးအန္တယ်ဂင်များ၏ လုပ်ငန်းကိုင်ငန်းများလည်း ပါဝင်သည်။ ဤအချက်မှာ ဗမာပြည်မတွင် အမျိုးသားရေးလှုံ့ဆော်မှုများ အရှိန်မြင့်လာစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ၁၉၃၀-၃၁ တွင် တစ်ကြိမ်၊ ၁၉၃၈တွင်တစ်ကြိမ် အိန္ဒိယ-ဗမာလူမျိုးရေး အဓိကရုဏ်းများ ဖြစ်ပွားခဲ့ပြီး

အိန္ဒိယနွယ်ဖွားများ ရာနှင့်ချီပြီး အသက်ဆုံးရှုံးခဲ့ကြသည်။[၂၇]

အာရကန်တွင်မူ ဗြိတိသျှလက်အောက်၌ နေရစဉ် လူမျိုးရေး အဓိကရုဏ်းများဖြစ်ပွားခဲ့သည်ဟူသော သမိုင်းကြောင်းမရှိသလောက်ပင်ဖြစ်သည်။ ဤအရပ်တွင် နေထိုင်သူ လူမျိုးစုတို့မှာ အနေကြာခဲ့ပြီ ဖြစ်သောကြောင့် တစ်ဖက်နှင့် တစ်ဖက် ကောင်းကောင်းသိနေကြသည်။ ဗြိတိသျှတို့သည် မည်သူ့ကိုမဆို ဗုဒ္ဓဘာသာဖြစ်စေ မွတ်ဆလင်ဖြစ်စေ အာရကန်များဟုသာ ရည်ညွှန်းသည်။ ပထမဆုံးအကြိမ် ၁၉၃၈ ခုနှစ်တွင် မောင်တောမြို့၌ ပေါ်ပေါက်ခဲ့သော အိန္ဒိယလူမျိုးများ ဆန့်ကျင်ရေး အဓိကရုဏ်းများမှာ မြန်မာနိုင်ငံ၏ အခြားအရပ်ဒေသတွင် ဖြစ်ပျက်နေသော အဓိကရုဏ်းများ၏ ရိုက်ခတ်မှုဟု ဆိုနိုင်ပါသည်။[၂၈] သို့သော်ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး လှုံ့ဆော်မှုများ ပြင်းထန်လာလေလေ မွတ်ဆလင် ခေါင်းဆောင်များအနေနှင့် မိမိတို့ရင်ဆိုင်နေရသည့် နိုင်ငံရေးပြဿနာများကို ပို၍ရိပ်စားမိ လေလေဖြစ်လာသည်။ ၁၉၃၇ အိန္ဒိယမှ ခွဲရေးကိစ္စပေါ်ပေါက်လာချိန်တွင် ၎င်းတို့၏ နိုင်ငံရေးအဖွဲ့အစည်းများထဲ၌ စဉ်းစားလာရသည့်ကိစ္စမှာ မွတ်ဆလင်တို့အနေနှင့် မြန်မာနိုင်ငံရှိ ဘာသာရေး၊ အယူဝါဒအရေး သို့မဟုတ် အမျိုးသားရေး အခြေပြုလူထုလှုပ်ရှားမှုများတွင် ပါဝင်ထောက်ခံရန် သင့်မသင့်ပင်ဖြစ်သည်။

ထိုလှုပ်ရှားမှုများ၏ အတက်အကျ အပြောင်းအလဲကိုလည်း သသောပေါက်သည့် အားလျော်စွာပင် ၁၉၃၆ တွင် မဟာဗျူဟာအရ အပြောင်းအလဲတစ်ရပ်ကို ဆောင်ရွက်ခဲ့သည်။ ဂျမီယာတူ-အိုလမာ Jamiatul – Uluma အဖွဲ့ကို မောင်တောမြို့တွင် ဖွဲ့စည်းခဲ့ပြီး အာရကန်မြောက်ပိုင်းအတွက် အဖွဲ့ဖြစ်သည်ဟု ခေါ်ဝေါ်သတ်မှတ်ကြသည်။ မေယုမြစ်နှင့် နတ်မြစ်နှစ်ခုကြား မြို့လူဦးရေအများစုမှာ မွတ်ဆလင်ဖြစ်ရာ အရပ်ကို ဗဟိုပြု၍ ပေါ်ပေါက်လာခဲ့သော ထိုအဖွဲ့မှာ အာရကန်တွင် မွတ်ဆလင်သက်သက်ကို ကိုယ်စားပြုသည့် လူထုလှုပ်ရှားမှုတစ်ရပ်ကို ဖော်ဆောင်လိုက်ခြင်းပင်ဖြစ်သည်။ ထိုဆုံးဖြတ်ချက်မှာ ထူးခြားသည့် သမိုင်းအချိုးအကွေ့တစ်ခုဖြစ်ပြီး နိုင်ငံရေးနှင့် အမျိုးသားစရိုက်လက္ခဏာအတွက် လှုပ်ရှားရန်းကန်ရခြင်းများအပေါ် ကြီးစွာသော အကျိုးဆက်များရှိလာခဲ့သည်။ မွတ်ဆလင်ရေးရာကျွမ်းကျင်သူ Moshe Yegar မိုရှေးယေဂါ ရေးသားခဲ့သလိုပင် "အာရကန်မြေပေါ်မှမွတ်ဆလင်များ၏ သမိုင်းမှာသီးသန့်ဖြစ်တည်လာခဲ့လေပြီ"။[၂၉]

ဗုဒ္ဓဘာသာနှင့်မွတ်ဆလင်၊ မျိုးချစ်စိတ်နှင့်နိုင်ငံရေး အယူအဆများ အစရှိသည့် အခြင်းအရာများစွာသည် ရခိုင်နိုင်ငံရေး ရုန်းကန်လှုပ်ရှားမှုများ၏ သရုပ်သကန်အဖြစ် တစ်စစ ရုပ်လုံးပေါ်လာပေသည်။ ထိုအချိန်တွင် သခင်အောင်ဆန်းနှင့် သခင်များ၏ တို့ဗမာအစည်းအရုံးတို့ကြောင့် လည်း ဗြိတိသျှထံမှ လွတ်လပ်ရေးရယူရန် စည်းရုံးလှုံ့ဆော်မှုများ အရှိန်အဟုန် မြင့်လာခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် အောင်ဆန်းနှင့် 'ရဲဘော်သုံးကျိတ်'တို့ ဂျပန်သို့ ကိုယ်ယောင်ဖျောက်သွားခဲ့ကြပြီး စစ်ပညာကို စတင်သင်ယူခဲ့ကြသည်။ အာရှ၌ စစ်ကြီးနီးကပ်လာချိန်တွင် အာရကန်သည်လည်း စစ်ထဲသို့ ခပ်မြန်မြန်ပင် ဝင်ရောက်လာခဲ့သည်။ သို့ရာတွင် စစ်ကြောင့်ဖြစ်လာမည့် အဆုံးအရှုံးများ မည်မျှကြီးမားနိုင်သည်ကို ကြိုတင်သိရှိနိုင်ရန် မလွယ်ခဲ့ပါ။

ဂျပန်တို့ လက်အောက်ကျရောက်ခြင်းနှင့် လူမျိုးရေးအဓိကရုဏ်းများ

ဒုတိယကမ္ဘာစစ်ကြောင့်ဖြစ်လာမည့် ပဋိပက္ခများနှင့် လူမျိုးရေး ပြဿနာများ၏ နောက်ဆက်တွဲ ကြီးမားသည့် အကျိုးဆက်များကို လျှော့တွက်ရန်မှာ မဖြစ်နိုင်ပါ။ ဗိုလ်တေဇ (အောင်ဆန်း) နှင့် အသစ်ဖွဲ့စည်းလိုက်သော ဗမာ့လွတ်လပ်ရေး တပ်မတော် BIA သည် မူလက ဂျပန်တို့နှင့်ပူးပေါင်းတိုက်ပွဲဝင်ခဲ့သော်လည်း ကချင်၊ ကရင်နှင့်အခြားလူမျိုးစုများသည် အင်္ဂလိပ်တို့ကိုသာ သစ္စာရှိမြဲ ရှိခဲကြသည်။ စစ်ရေးတွင် ထိုသို့နှစ်ဖက်ကွဲသွားခဲ့ခြင်းနှင့်အတူ မျိုးဆက်သစ် ခေါင်းဆောင်တို့ရခဲ့သော အတွေ့အကြုံများကြောင့် လူငယ်များစွာသည် မိမိတို့ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်ရေးအတွက် လက်နက်ကိုင်လမ်းစဉ်ကို ပဓာနကျသော နည်းလမ်းတစ်ခုအဖြစ် ရွေးချယ်ခဲ့ကြသောလမ်းကြောင်းပေါ် ရောက်သွားခဲ့သည်။ ဆိုရှယ်လစ်များ၊ ကွန်မြူနစ်များ၊ ဒီမိုကရက်များနှင့် အမျိုးသားရေးဝါဒီများ အားလုံးထံတွင် ထိုသို့စစ်ကို တိမ်းညွှတ်မှုကျန်ရစ်ခဲ့ရာ လက်နက်ကိုင်လမ်းစဉ်၏ အမွေမှာ တပ်မတော်က အစိုးရအာဏာကို နှစ်ငါးဆယ်မျှသိမ်းယူခဲ့သောမြန်မာနိုင်ငံတွင် မည်သည့်အခါကမျှ လွှင့်ပျောက်သွားခဲ့ခြင်း မရှိပါ။[၃၀]

ပဋိပက္ခများမှ ရလိုက်သော အတွေ့အကြုံမှာ အာရကန်အတွက် ပြင်းထန်လှသည်။ ရခိုင်အမျိုးသားနိုင်ငံရေးတွင် ဒုတိယကမ္ဘာစစ်အတွင်း ရခဲ့သောပျက်စီးဆုံးရှုံးရမှုများ၊ သေကြေပျက်စီးရမှုများကို ၁၇၈၄ နှင့် ၁၈၂၄ ကျူးကျော်စစ်များအတွင်းက အာရကန်ခံစားခဲ့ရသော ကြေကွဲစရာဖြစ်ရပ်များနှင့် နှိုင်းယှဉ်မိကြပြန်သည်။ တစ်ဖန် အာရကန်မြေသည် ပြင်ပမှ ကျူးကျော်သူတို့ကြောင့် ဖြစ်ရသော သုံးကြိမ်မြောက်စစ်ပွဲများ၏ စစ်မြေပြင် ဖြစ်လာပြန်သည်။ ဤတစ်ကြိမ် ကျူးကျော် ဝင်ရောက်လာသူတို့မှာ ဂျပန်ဘုရင့်တပ်များ ဖြစ်ကြသည်။ ထိုဂျပန်ခေတ်က ဖြစ်ပျက်ခဲ့သော လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးအဆုံးအရှုံးများမှာ ယနေ့ထက်တိုင် နာလန်မထူနိုင်သေးဟု ဆိုနိုင်ပါသည်။ ထိုနှစ်

များမှ အစပြုခဲ့သော ဂိုဏ်းဂဏကွဲပြားမှုမှာ အက်ကြောင်းများအဖြစ် ဆက်လက်တည်ရှိပြီး အာရကန်နိုင်ငံရေးနှင့် အာရကန်လူအဖွဲ့အစည်းကိုပို၍ ရန်ငါစည်းများဖြင့် ပိုင်းခြားမိလျက်သားဖြစ်ခဲ့၏။

ထိုကဲ့သို့ အဖြစ်မျိုးကို တစ်နိုင်ငံလုံး ကြုံခဲ့ရပါသည်။ ခန့်မှန်းခြေ အိန္ဒိယအနွယ်ပေါင်း ၅၀၀,၀၀၀ ခန့်သည် ဗြိတိသျှတို့ အိန္ဒိယကိုဆုတ်ခွာချိန်တွင် တစ်ပါတည်းထွက်ပြေးကြရသည်။ ပထမဆုံး ဂျပန်နှင့် BIA တပ်များ အာရကန်ထဲသို့ ဝင်ရောက်လာချိန် ၁၉၄၂ ခုနှစ်အတွင်း၌ အာရကန်တွင် လူမျိုးရေးအကြမ်းဖက်မှုများ အနှံ့အပြားဖြစ်ပေါ်လာခဲ့သည်။ ထိုအချိန်မှစ၍ ရပ်ရွာအတွင်း လူမျိုးရေးအဓိကရုဏ်းများဖြစ်ပွားအောင် နှိုးဆွပေးခဲ့သူများကြားတွင် တစ်ဖက်နှင့် တစ်ဖက် အပြစ်တင်ကြခြင်းများ မဆုံးတော့ပေ။ အာရကန်အလယ်ပိုင်း၌ရှိသော မင်းပြား၊ မြေပုံ၊ ပေါက်တောနှင့် အခြားဒေသများတွင် မွတ်ဆလင်ရွာများကို ဝင်ရောက်တိုက်ခိုက်မှုများရှိခဲ့ရာ သေဆုံးရသည့် အသက်ပေါင်းများစွာ ရှိခဲ့သည်။[၃၁] နောက်ရက်သတ္တပတ် အနည်းငယ် ကြာသောအခါတွင် မောင်တောနှင့် ဘူးသီးတောင်တို့ရှိ ရခိုင်ကျေးရွာများတွင် ဤနည်းနှင့် တိုက်ခိုက်မှုများပေါ်လာပြီး အသက်များ ဆုံးရှုံးရပြန်သည်။ ထိုအချိန်က ဗမာ့လွတ်လပ်ရေး တပ်မတော် BIA နှင့် အသစ်ပြန်လည်ဖွဲ့စည်းသော ဗမာအမျိုးသား တပ်မတော် BDA သည် ကုလားများ (အိန္ဒိယအနွယ်များကို နှိမ်ခေါ်သောအမည်) ကို ဗြိတိသျှတို့နှင့် ပူးပေါင်းသူများဟူ၍ စွပ်စွဲပြီး မောင်းထုတ်ရန် စည်းရုံးတိုက်တွန်းခဲ့ပြီး ပဋိပက္ခဖြစ်လာအောင် နှိုးဆွပေးခဲ့သည်ဟု ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်ဒေသခံနှစ်ဘက်စလုံးမှ စွပ်စွဲခဲ့ကြသည်။ BIA-BDA တပ်များက လူနည်းစုများကို လူမျိုးခြားဟု ပစ်မှတ်ထားတိုက်ခိုက်ခြင်းမျိုးမှာ မြန်မာနိုင်ငံ၏ အခြားဒေသများတွင်လည်း ဖြစ်ပေါ်ခဲ့သည်ဟု စွပ်စွဲချက်များ ရှိနေပြန်သည်။[၃၂] ("ရခိုင်၊ ရိုဟင်ဂျာ နှင့် အမည်သညာ နိုင်ငံရေး" ကို ရှုပါ။")

နောက်ဆုံးတွင် အာရကန်မြောက်ပိုင်းဘူးသီးတောင်တဝိုက်တွင် လုံခြုံရေးကို ထိန်းသိမ်းရန် ဒေသခံမွတ်ဆလင်အသိုင်းအဝိုင်းများက ရပ်ရွာအေးချမ်းရေး ကော်မတီများဖွဲ့စည်းခဲ့ကြသည်။ ရခိုင် ကာကွယ်ရေးတပ်မတော် (ADA) ကိုလည်း ရခိုင်ဒေသခံများက ဖွဲ့စည်းလိုက်ကြပြီး ထိုအဖွဲ့မှာ BNA ၏ အာရကန်နယ်မြေတပ်ခွဲများ ဖြစ်လာသည်။ ထိုသို့ပေါ်ပေါက်လာသော ဖြန်ဖြေရေးအစီအမံများမှာ ဒေသခံတို့ကြား လူမျိုးရေးပဋိပက္ခများကို အဆုံးမသတ်နိုင်ခဲ့ပါ။ ထိုနယ်မှ မွတ်ဆလင်များသည် ယေဘုယျအားဖြင့် ဗြိတိသျှတို့၏ မြေအောက်ထောက်လှမ်းရေး ပြောက်ကျားတပ်များ V-Force ကိုထောက်ခံအားပေးသူများဖြစ်ကြပြီး ရခိုင်တို့ကမူ ဂျပန်ဘက်သို့ ADA ကို ဖွဲ့စည်းပြီး ပူးပေါင်းခဲ့သည်။ သို့ရာတွင် ထိုလက်နက်ကိုင်အဖွဲ့များမှာ အာရကန်နယ်တွင် လူပ်ရှားနေသော လက်နက်ကိုင်များ အကုန်မဟုတ်ကြပါ။ ထိုအချိန်က လူအများ သတိမထားမိသည်များ ရှိပါသေးသည်။ ဗမာပြည် ကွန်မြူနစ်ပါတီ CPB သည် အသစ်ဖွဲ့ကာစဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်း၌ပင် အာရကန်တွင် လက်နက်ကိုင် တော်လှန်မှုများကို စတင်နေပြီဖြစ်သည်။ ဗမာပြည် ကွန်မြူနစ်ပါတီသည် အာရကန်မြေပေါ်တွင် နောက်ထပ် နှစ်လေးဆယ်အထိ အစိုးရကို တော်လှန်သော စစ်ရေးအင်အားစုအဖြစ် ဆက်လက်တည်ရှိခဲ့သည်။

ထိုအဖြစ်အပျက်များမှ ထွက်ပေါ်လာသော နောက်ဆက်တွဲ ရလဒ်များကို ၂၁ ရာစုအတွင်း၌ ထင်ထင်ရှားရှား တွေ့နေရသေးသည်။ "ဒုတိယကမ္ဘာစစ် အတွင်း ဖြစ်ပွားခဲ့သော လူမျိုးရေး အဓိကရုဏ်းများသည် နိုင်ငံရေးစရိုက်လက္ခဏာကို မွေးဖွားပေးရာ အခြေခံများ ဖြစ်ခဲ့ပြီး အတိတ်အတွေးအခေါ် အယူအဆများက ပစ္စုပ္ပန်အထိ လိုက်ပါနေဆဲပင် ဖြစ်သည်" ဟု Jacques Leider က ရေးသားခဲ့သည်။[၃၃] သေချာလှသည်မှာ ထိုအချိန်က သေကြေပျက်စီးရမှုများသည် ထောင်ချီနှိုင်ပြီး အိုးအိမ်မဲ့ ဖြစ်ရခြင်း၊ ဘဝပျက်ရခြင်း များစွာရှိခဲ့ပေမည်။ အချက်အလက်ကိန်းဂဏန်း တိတိကျကျ မရှိခဲ့သည့်အချိန်ဖြစ်သည်။[၃၄] ထို့ပြင် အရေးကြီးသော ဖြစ်စဉ်တစ်ခုမှာ အကြမ်းဖက်တိုက်ခိုက်မှုများ အပြန်အလှန် ဖြစ်ပွားချိန်တွင် အာရကန်မြောက်ပိုင်း၌ လူဦးရေဖွဲ့စည်းပုံ အချိုးအဆများ အကြီးအကျယ် ပြောင်းလဲခဲ့သည်။ မွတ်ဆလင်တို့သည် ကုလားတန်မြစ်ကိုဖြတ်ကာ မြောက်ဘက်သို့ ပြေးကြပြီး ဗုဒ္ဓဘာသာဝင်တို့ကမူ တောင်ဘက်သို့ ထွက်ပြေးခဲ့ကြသည်။ အချို့သော အဂတိကင်းသည့် လေ့လာချက်များတွင် တွေ့ရသည်မှာ ထိုကဲ့သို့ အာရကန်မြေပေါ်တွင် ဖြစ်ပွားခဲ့သော လူမှုအသိုင်းအဝိုင်း ပြိုကွဲရမှုများကို ပြန်လည်စေ့စပ် ထူထောင်ခဲ့ခြင်း အလျဉ်းမရှိပါဟူ၍ ဖြစ်သည်။ နောင်တွင် ထိုအကြမ်းဖက်မှုကို မမေ့နိုင်ခြင်းကြမှာ တစ်ဖက်နှင့်တစ်ဖက် စည်းခြားရန်စောင်လိုသူ ခေါင်းဆောင်များက နောက်လိုက်နောက်ပါများကို ဆွပေးရာတွင် သုံးသည့်အကြောင်းတရားများ ဖြစ်လာခဲ့ကြသည်။[၃၅]

၂၀၁၇ ခုနှစ် ရိုဟင်ဂျာများ အစုလိုက်အပြုံလိုက် ပြေးကြရသည့် အတောအတွင်း အခြေအနေဆိုး နေသည့် အချိန်တွင် လက်ရှိကာကွယ်ရေး ဦးစီးချုပ်မင်းအောင်လှိုင် ပြောကြားခဲ့သော စကားတစ်ခွန်းမှာ လူသိရှင်ကြား ဖြစ်ခဲ့သည်။ ရိုဟင်ဂျာအရေးမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ တပ်မတော် ထိုးစစ်များမှာ ဒုတိယကမ္ဘာစစ်လက်ကျန် မပြီးပြတ်သေးသည့် ကိစ္စများဟု ၎င်းကဆိုခဲ့သည်။[၃၆] ထိုစကားများက နောင်တွင် သူ့ကို တစ္ဆေပြန်ခြောက်မည့် စကားများဖြစ်လာကြသည်။ (အခန်း ၇ နှင့် ၈ ကိုကြည့်ပါ) မည်သို့ပင်ဖြစ်စေ ယနေ့ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင် အကြမ်းဖက်မှုများ



မြောက်ဦး၏ဆည်းဆာချိန်ခါ (Private source)

အကြောင်း ပြောကြသည့်အခါတိုင်းတွင် ထိုစစ်အတွင်းက ဖြစ်ပျက်ခဲ့သည်များကို ဇာတ်ကြောင်းပြန်ရမြဲဖြစ်သည်။ ၁၉၄၅ တွင် သစ်တောထူထပ်သော မေယုတောင်တန်းများပေါ်တွင် ဗမာပြည်သိမ်းတိုက်ပွဲဟူ၍ ကိုလိုနီနယ်ချဲ့နိုင်ငံနှစ်ခုဖြစ်သော ဂရိတ်ဗြိတိန်နှင့် ဂျပန်တို့ကြား သူနိုင် ကိုယ်နိုင် တိုက်ကြသော သမိုင်းဝင်တိုက်ပွဲများသည် အိန္ဒိယသို့ ဝင်ပေါက်ကို အုပ်စီးထားနိုင်ရန် အသေအကျေ တိုက်ကြခြင်း ဖြစ်သည်။[၃၇] နှစ်ပေါင်း ၇၀ ခန့်အကြာတွင် ထိုဒေသတွင်ပင် ပဋိပက္ခဆက်ဖြစ်နေပြီး စစ်ပွဲများ ဆက်တိုက်နေကြပြန်သည်။ ယနေ့ရခိုင်ပြည်နယ်တွင် လက်ရှိဒုက္ခသည်များ နေရပ်စွန့်ပြေးနေရသည့်ပမာဏနှင့် ဒေသ၏ မတည်ငြိမ်မှု အတိုင်းအတာသည် အာရကန်သမိုင်းထဲက အဖြစ်များနှင့်ယှဉ်လျှင် မည်သည့်ကာလနှင့်နှိုင်းနှိုင်း အဆိုးဆုံးအခြေအနေသို့ ရောက်ရှိနေပေသည်။

အာရကန်တို့ ဘေးဖယ်ထားခြင်းနှင့် လွတ်လပ်ရေးသို့ ဖုတ်ပူမီးတိုက်ချီတက်ခြင်း

၁၉၄၈ ဇန်နဝါရီလ မြန်မာလွတ်လပ်ရေး မရခင် စပ်ကြား ကာလများတွင် အာရကန်တွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကို ကံစီမံရာဆိုသလို ပစ်ထားခဲ့ကြသည်။ တစ်နိုင်ငံလုံး အပြောင်းအလဲကြီး ဖြစ်တော့မည့် အချိန်တွင် အာရကန်က ထိုသို့လျစ်လျူရှုခံလိုက်ရသည်မှာ ရှေ့ခရီးတစ်လျှောက်လုံး ကံဆိုးမိုးမှောင်ကျဖို့ ဖြစ်လာသကဲ့သို့ပင် ရှိသည်။ မြန်မာပြည်၏ အိမ်နီးချင်း အိန္ဒိယနှင့် ပါကစ္စတန်တို့သို့ လွတ်လပ်ရေး လွှဲပြောင်းပေးရန်ကိစ္စများဖြင့် ရှုပ်ထွေးနေခဲ့သည်ဟု ဗြိတိသျှအရာရှိတို့ ဝန်ခံခဲ့ကြပါသည်။[၃၈] သူတို့သာမက ဗိုလ်ချုပ်အောင်ဆန်းနှင့် မကြာခင်အာဏာလွှဲပြောင်းယူကြတော့မည့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဖ.ဆ.ပ.လ ခေါင်းဆောင်များသည်လည်း အာရကန်၏ အခြေအနေများကို ထည့်မစဉ်းစားခဲ့ကြပါ။ ထိုသို့မသိကျိုးကျွံပြုခဲ့ကြခြင်းများကပင် မော်ကွန်းဝင်အမှားများ ဖြစ်လာခဲ့ပါသည်။ တရားဝင် ပြောကြဆိုကြလေ့ရှိသည့် အထဲတွင် ထည့်၍ အရေးတယူလုပ်ခြင်း မရှိခဲ့ကြသော်လည်း လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာသည့် လူပ်ရှားမှုပုံစံများအရ အာရကန်မြေပေါ်တွင် နောင်ဖြစ်လာမည့် လူမျိုးစုအရေး လူပ်ရှားမှုများနှင့် နိုင်ငံရေးလူပ်ရှားမှုပုံစံများကို မှန်းဆနိုင်ပြီဖြစ်သည်။ လက်ရှိ ရခိုင်ပြည်နယ် နိုင်ငံရေးတွင် ရှိနေသည့် ထူးခြားသော လက္ခဏာများကို ထိုအချိန်ကတည်းက ဖြစ်ပျက်နေပုံ အရပ်ရပ်တွင် တွေ့မြင်နိုင်သည်။

စပ်ကူးမပ်ကူး ကာလကို ဖြတ်သန်းရချိန်တိုင်းတွင် တစ်နွယ်ငင် တစ်စင်ပါဖြစ်လာကြသော ရှုပ်ထွေးလှသည့် အဖြစ်အပျက်များကို ဇာတ်ကြောင်းတစ်ခုတည်းကြောင့်ဟု ပုံဖော်ပြောကြားရန် ခက်ခဲပါသည်။ ရခိုင်အမျိုးသားရေးဝါဒီများမှာ ပါးနပ်ကြပါသည်။ ADA သည် ၁၉၄၅ ဇန်နဝါရီ ၁ရက်နေ့တွင် ရခိုင်၌ဂျပန်များကို စတင်တော်လှန်ပြီး ဖ.ဆ.ပ.လ အဖွဲ့ကြီးက ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများ မတ်လတွင် မစတင်မီကပင် ကြိုတင်နယ်မြေ ရှင်းလင်းထားပြီး ဖြစ်သည်။ သို့ရာတွင် များမကြာမီပင် ဗြိတိသျှတပ်များ ပြန်ဝင်လာသောအခါ အာရကန်လက်နက်ကိုင် တပ်ဖွဲ့များကို လက်နက်ဖြုတ်သိမ်းလိုက်သဖြင့် ဒေသခံတို့ အကြီးအကျယ် အမျက်ထွက်စိတ်ပျက်ခဲ့ရသည်။ အဖမ်းခံရသောခေါင်းဆောင်များတွင် ADA ဥက္ကဋ္ဌ ဗိုလ်ကြာလှအောင်နှင့် အမျိုးသားရေးဝါဒီ ရဟန်းဦးစန္ဒာလည်းပါသည်။ ရခိုင်သမိုင်းတွင် ဗြိတိသျှတို့ ယခုတစ်ကြိမ်ပြန်လည် ဝင်ရောက်လာခြင်းကို လေးကြိမ်မြောက်ကိုလိုနီအပြုံခံရခြင်းဟု သတ်မှတ်ကြသည်။

ရှေ့လျှောက် အာရကန်လူပ်ရှားမှုများတွင် ရခိုင်ကြီးစိုးသော ပါတီများအကြားတွင် လိုင်းသုံးလိုင်းကွဲသွားခဲ့သည်။ အမျိုးသားရေးဝါဒီ လက်ယာဂိုဏ်းများတွင် နန်းရင်းဝန်ဟောင်း ဆာပေါ်ထွန်း ခေါင်းဆောင်သော ပါလီမန်အုပ်စုများ ပါဝင်ကြသည်။ အလယ်ဗဟိုတွင်မူ ဖ.ဆ.ပ.လ အမှုဆောင်ကောင်စီ အဖွဲ့ဝင်ဖြစ်လာသည့် ဦးအောင်ဇံဝေဦးဆောင်သော စစ်ကြိုခေတ်က အာရကန်အမျိုးသားကွန်ဂရက်ဟု သိကြသောအဖွဲ့ ဖြစ်သည်။ လက်ဝဲဘက်တွင် ၁၉၄၅ နိုဝင်ဘာတွင် ရခိုင်ပြည် ပြည်သူ့လွတ်မြောက်ရေးပါတီ APLP ကို တည်ထောင်ရန် ANC မှ ခွဲထွက်လာခဲ့သည့် ဆရာတော်ဦးစန္ဒာ ခေါင်းဆောင်သော လက်နက်ကိုင်အဖွဲ့ ရှိသည်။ လက်နက်ကိုင်စွဲထားသော တပ်ဖွဲ့ဝင် ၃,၀၀၀မျှ ခန့်မှန်းခြေရှိသော APLP ပြောက်ကျား အဖွဲ့ဝင်များသည် အစိုးရဌာနဆိုင်ရာ ပစ်မှတ်များကို အချိန်မဆိုင်းဘဲ တိုက်ခိုက်ကြသည်။ လက်နက်ကိုင်တိုက်ပွဲဝင်မှုများသည် အရှိန်နှင့်စတင်ခဲ့လေပြီ။ ၁၉၄၆ မတ်လတွင် မနုဿဗေဒပညာရှင် Edmund Leach ကို စစ်တွေရှိ ဗြိတိသျှကော်မရှင်နာတစ်ဦးက သတိပေးခဲ့သော စကားတစ်ခွန်းက ဒေသ အခြေအနေကို ဖော်ပြနေသည်။ "တောဘက်မှာ တရားဥပဒေစိုးမိုးရေးဆိုတာဟာ ပုလိပ်ဂတ်တဲကနေ ခဲတစ်ပစ်စာလောက်အတွင်းမှာပဲ ရှိတာမျိုးနော်" ဟု သူက ဆိုသည်။[၃၉]

သို့ရာတွင် ဖ.ဆ.ပ.လ ခေါင်းဆောင်များသည် အာရကန်ရှိ ထိုလူပ်ရှားမှုများ သုံးခုစလုံးနှင့် ခပ်ခွာခွာနေခဲ့ သည်။ ၎င်းတို့ ဆက်ဆံခဲ့သော အဖွဲ့မှာ ANC တစ်ခုတည်းသာဖြစ်သည်။ ဖ.ဆ.ပ.လက ANC အဖွဲ့ကိုဖျက်သင့်ပြီး လွတ်လပ်ရေးကို အရတိုက်ယူရန် ဖ.ဆ.ပ.လနှင့် လက်တွဲပါဟု တိုက်တွန်းနိုင်ခဲ့သည်။ ထိုအချက်သည် အာရကန် ရှေ့ရေးအတွက် အလွန်မှားသော ဆုံးဖြတ်ချက်ဖြစ်သည်။ အာရကန်နိုင်ငံရေးတွင် အကွဲအပြဲများ ပိုမိုကြီးထွားလာပြီး စိတ်ဝမ်းကွဲကာ မကျေမချမ်းဖြစ်နေသော အသံများကို မကြားသလို ဖယ်ထား

မိခဲ့သည်။ ထိုအချိန်က ဖ.ဆ.ပ.လ သည်လည်း သူကိုယ်တိုင် ပင်လျှင် စည်းလုံးသည့် အဖွဲ့အစည်းတစ်ခု မဟုတ်ပေ။ ၁၉၄၆ တွင် ဖဆပလထဲမှ ဗ.က.ပ ကို ထုတ်ပယ်လိုက်သောအခါ အခြေအနေမှာ ပိုဆိုးသွားတော့သည်။ အချို့သော ရခိုင်အမျိုး သားရေး လှုပ်ရှားသူများက ဖ.ဆ.ပ.လ နှင့် ကျန်ရစ်ကြပြီး အချို့မှာ ဗ.က.ပ နှင့် ပူးပေါင်းသွားကြသည်။ အချို့က ဦးစိန်ဘာ၏ APLP ထဲသို့ ဝင်သွားကြပြီး အချို့မှာ ပြည်သူ့ရဲဘော်အဖွဲ့ဝင်များဖြစ်လာကြသည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့မှာ ဗိုလ်ချုပ် အောင်ဆန်းက ဖွဲ့စည်းပေးခဲ့သော စစ်အတွင်းက ပြည်သူ့ စစ် အဖွဲ့ဝင်ဟောင်းများ ဖြစ်ကြသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲသော အချိန် တွင် ရှုပ်ထွေးမှုများ ပိုဆိုးလာခဲ့သည်။ အဖွဲ့ဝင်ပိုများ သော သခင်သန်းထွန်းဦးဆောင်သော အလံဖြူကွန်မြူနစ်နှင့် အဖွဲ့ အရွယ်အစားပိုငယ်သော သခင်စိုး ဦးဆောင်သည့် အလံနီ ကွန်မြူနစ်များဟူ၍ နှစ်ခြမ်းကွဲသွားခဲ့သည်။ နှစ်ဖက် စလုံးသည် အာရကန်တွင် ဩဇာရှိမြဲဖြစ်ပြီး ရမ်းဗြဲကျွန်း၊ သံတွဲနှင့် ဂွတို့သည် ချက်ချင်းလက်ငင်း ကွန်မြူနစ်များ ကြီးစိုးရာနယ်များ ဖြစ်လာကြသည်။ ဒုတိယကမ္ဘာစစ်ကြီး၏ နိဂုံးသည်ငြိမ်းချမ်းရေးကို အာရကန်သို့ ယူဆောင်လာပေးရန် နေနေသာသာ စစ်မှာဤဒေသ၌ ပို၍ပင် ပျံ့နှံ့စိုးမိုးလာခဲ့သည်။

ထိုနှစ်များ၏ ခါးသီးသော အတွေ့အကြုံများအား ANC ခေါင်းဆောင်ဦးအောင်ဇံဝေက နောက်နှစ် နှစ်ဆယ် အကြာတွင် ပြန်ပြောင်းရေးသားခဲ့ပါသည်။ ဖ.ဆ.ပ.လ အဖွဲ့ ထဲ ရောက်သွားသည့်အတွက် ANC အနေနှင့် အာရကန် တစ်မျိုးသားလုံး ညီညွတ်ရေးကို အားမပေးနိုင်ရုံမျှမက အာရကန်အရေးကို ပြည်မမှ ဝင်ရောက် စွက်ဖက်ခွင့်ပေးရန် တံခါးဖွင့် ပေးလိုက်သလို ဖြစ်ခဲ့သည်ဟု ၎င်းကဆိုသည်။[၄၀] ANC နိုင်ငံတော်သွားသောအခါ ဆိုရှယ်လစ်နှင့် ကွန်မြူနစ် အဖွဲ့ နှစ်ဖက်စလုံးမှ အဖွဲ့ကိုယ်စားလှယ်များ အာရကန်သို့ အပြိုင်အဆိုင် စေလွှတ်ခဲ့ကြပြီး မျိုးဆက်သစ် ခေါင်းဆောင် များကို အဖွဲ့ဝင်အဖြစ် စည်းရုံးနိုင်ရန် ကြိုးစားခဲ့ကြသည်။ ဦးအောင်ဇံဝေပြောခဲ့သည်မှာ-

> "ရခိုင်ပြည် အထူးသဖြင့် စစ်တွေခရိုင်သို့ စေလွှတ် ပြီး လျှင် ပါတီဝါဒဖြန့်၍ ဆိုရှယ်လစ် ကွန်မြူနစ် ပါတီ အသီးသီးတို့ကို ဖွဲ့စည်းစေခဲ့လေသည့်အတွက် ရခိုင်တိုင်းလုံးဆိုင်ရာ အစည်းအရုံး၏ လုံ့လဖြင့် ရခိုင်တိုင်းလုံးကို စည်းရုံး၍လွတ်လပ်ရေးကို ရှေးရှု သော ညီညွတ်မှုကိုရယူရန် ကြိုးပမ်းမှုဖြင့် ရရှိခဲ့သော အောင်မြင်မှုမှာ ဖြန်းဖြန်းကွဲ၍ အလံဖြူ၊အနီ၊ အလံဝါ အစရှိသည်တို့ဖြင့် အစိပ်စိပ်အမွှာမွှာ ဖြစ်ပြီး လျှင် နောက်ဆုံး၌ တောခိုဘဝသို့ ရောက်ရလေသည်။ တိုင်းသစ် ပြည်သစ် လူသစ် တည်ထောင်ခါစ အချိန်၌ ဤကဲ့သို့ လူနည်းစု လူငယ်များဖြစ်ကုန်သော ရခိုင်ဘက် လူငယ်များမှာ တဦးနှင့်တဦး တဖွဲ့နှင့်တဖွဲ့ တကယ် ရန်သူဘဝ ရုတ်ချည်း အသွင်ပြောင်းသွားကြသည်။"[၄၁] (ဦးအောင်ဇံဝေ၏ မောင်ကံထူးမှတ်စုပါ သတ်ပုံများ အတိုင်း ဖြစ်ပါသည်။ စီစဉ်သူ)

အာရကန်တို့ လျစ်လျူရှုခဲ့သည့်နည်းတူပင် ဗြိတိသျှ တို့နှင့် ဖ.ဆ.ပ.လ အရာရှိများသည် မွတ်ဆလင်တို့၏ နိုင်ငံရေး ကိုလည်း ပေယျာလကန်ထားခဲ့သည်။ စစ်ကြီးပြီးသည့် နောက်ပိုင်းတွင် လူမျိုးရေး တင်းမာမှုများ မလျော့သွားပေ။ လွတ်လပ်ရေး မကြာမီရတော့မည်ဆိုလျှင် ဖြစ်ပေါ်လာမည့် လက်ငင်း အပြောင်းအလဲများနှင့် ပတ်သက်၍ မွတ်ဆလင် ခေါင်းဆောင်များထဲတွင် စိုးရိမ်မှုများ ရှိခဲ့သည်။ လွတ်လပ် ရေး ပေးလျှင်ပေးချင်း ရုတ်ချည်းဆိုသလိုပင် ၎င်းတို့နေထိုင် ရာ အရပ်မှာ မြန်မာ-အိန္ဒိယ၊ ပါကစ္စတန် (နောင်တွင် ဘင်္ဂ လားဒေ့ရှ်) နိုင်ငံသုံးခု၏ အဝင်တံခါးဖြစ်လာတော့မည်။[၄၂] စစ်ပြီးချိန်မှာနိုင်ငံရေးနိုးကြားမှုရေချိန်ကလည်း မြင့်နေသည့် ကာလဖြစ်သည်။ Jacques Leider ရေးသားထားသကဲ့ သို့ပင် ဒုတိယကမ္ဘာစစ်အတွင်းက အဖြစ်အပျက်တို့သည် မွတ်ဆလင်များကို နိုင်ငံရေးအရ အရွယ်ရောက်စေခဲ့ပြီ။[၄၃]

အစောပိုင်းတွင် အာရကန်ရှိ အသိုင်းအဝိုင်း အမျိုး မျိုးမှ မွတ်ဆလင်ခေါင်းဆောင်များသည် ANC နှင့်အလား တူ နိုင်ငံရေး ဆုံးဖြတ်ချက်မျိုးကို ချမှတ်ခဲ့သည်။ ဖွဲ့စည်းပုံ အရ ၎င်းတို့သည်လည်း ဖ.ဆ.ပ.လ နှင့် တစ်သားတည်းဖြစ် သွားပြီး ရန်ကုန်နိုင်ငံရေး ဗဟိုချက်မှ ဗမာကြီးစိုးသော အစုအဖွဲ့များ နှင့် ပူးပေါင်းရန်ဆုံးဖြတ်ခဲ့ကြသည်။

၁၉၄၂ တွင် ဖြစ်ပွားခဲ့သော လူမျိုးရေး အဓိကရုဏ်း နောက်ပိုင်းတွင် မွတ်ဆလင်နှင့် အခြားအိန္ဒိယနွယ်ဖွား အုပ်စု များသည် မြန်မာလွတ်လပ်ရေးကြိုးပမ်းမှုကို ထောက်ခံ ကြောင်း ပြသလိုခဲ့ကြသည်။ မြန်မာနိုင်ငံသည် ၎င်းတို့၏ အိမ်ယာဖြစ်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်အရေးကိစ္စ များတွင် ၎င်းတို့လည်း ပါဝင်လိုသည်။ ထိုအခြေခံပေါ်မှ စဉ်းစားကာ တစ်နိုင်ငံလုံးမှ မွတ်ဆလင်အဖွဲ့အစည်းများ သည် ၁၉၄၅ ဒီဇင်ဘာတွင် ဖ.ဆ.ပ.လ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သော အသစ်ဖွဲ့စည်းထားသည့် ဗမာမွတ်ဆလင် ကွန်ဂရက် BMC အောက်တွင် တစ်စုတည်း ညီညွတ်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။ ထိုအချိန်မှစကာ နောက်ဆယ်နှစ် အတွင်း BMC သည် မြန်မာအမျိုးသား နိုင်ငံရေးတွင် မွတ်ဆလင် လူ့အဖွဲ့အစည်းကို ကိုယ်စားပြုသည့် အရေးကြီး သော အသံတစ်ခု ဖြစ်လာခဲ့သည်။

သို့ရာတွင် အာရကန်မြောက်ပိုင်းတွင် တွေ့ရသော ဖိအားကမူ ပုံစံတစ်မျိုးဖြစ်သည်။ အရှေ့ပါကစ္စတန်က အိန္ဒိယ မှခွဲထွက်မှုကြောင့် အာရကန်နှင့် စစ်တကောင်းတွင် နေထိုင် ကြသော လူမျိုးများကြား အစဉ်အဆက် ရှိခဲ့သည့် ကူးလူး ယှက်နွယ်မှုများ မူလအတိုင်းမဟုတ်ဘဲ ပျက်ပြားကြရမည့်



ဘင်္ဂလားဒေ့ရှ်နယ်စပ်ရွာတွင်ရှိသော မတ်ထလင်အမျိုးသား (T K)

အချိန်သို့ ရောက်ရှိလာခဲ့ပြီ။ ထိုအဖြစ်ကို Rajashree Mazumderက ဤသို့ ရေးသားခဲ့သည်။ "ပြည်သူတို့သည် ရုတ်ချည်းပင် နေမြဲအတိုင်းနေရင်း တိုင်းပြည်ခြားသွားသော အဖြစ်နှင့်ကြုံရသည်။ ထိုသို့ တိုင်းပြည်ခြားသွားသောကြောင့် မွတ်ဆလင်တို့ကြား၌ လူနည်းစုအဖြစ်သို့ ရောက်သွားခြင်း၊ မွတ်ဆလင်များကြား၌ ဟိန္ဒူလူနည်းစုဖြစ်လာရခြင်း၊ သို့မဟုတ် ဗုဒ္ဓဘာသာက လူများစု ဖြစ်လာခြင်း အစရှိသည့် အပြောင်းအလဲများ ကြုံလာရသည်။[59] "စစ်ကြီးပြီးသည့်နောက်ပိုင်းတွင် အခြေအနေများမှာ အတော်ပင် ကသောင်းကနင်းနိုင်ပါသည်။ လူပေါင်းများစွာသည် အိုးအိမ်မဲ့ ဒုက္ခသည်ဘဝတွင်ပင် ရှိနေကြသေးသည်။ အစိုးရအုပ်ချုပ်ရေးမှာ ပျက်စီးခဲ့ပြီ။ ဤကဲ့သို့ တိုင်းပြည်သစ်များ မငြိမ်သက်သေးဘဲ နယ်ခြားတစ်ဖက်နှင့်တစ်ဖက် ကူးသန်းမှုများ အကြီးအကျယ်ဖြစ်သောကာလတွင် ဖြစ်လာခဲ့သော ရွှေ့ပြောင်းနေထိုင်မှု ဖြစ်စဉ်များကို နောင်အခါ ဘင်္ဂလားမှအာရကန်ဘက်သို့တရားမဝင်ခိုးဝင်မှုများဟုစွပ်စွဲခေါ်ဝေါ်မှုများ စတင်လာကြသည်။

အမှန်စင်စစ် ထိုအချိန်က ဖြိတိသျှတို့ ထွက်ခွာသွားခဲ့ပြီးနောက်ပိုင်းတွင် အရှေ့ပါကစ္စတန်ဘက်၌ နေထိုင်ကြသူ ရခိုင်အနွယ်များ များစွာရှိပါသည်။ နတ်မြစ်နယ်ခြားမှာ ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်ဘာသာဝင်များ၏ ယဉ်ကျေးမှုကြား၌ ဘာလင်တံတိုင်းကဲ့သို့ အကာ အရံဖြစ်မနေပါ။ စစ်ပြီးခေတ်တွင် အရှေ့ပါကစ္စတန်ထဲတွင် နေထိုင်ကြသော အာရကန်ဗုဒ္ဓဘာသာများ ရခိုင်ဘက်သို့ ပြောင်းရွှေ့ဝင်ရောက်လာရေးနှင့် ပတ်သက်၍ ဆွေးနွေးမှုများရှိခဲ့ပါသည်။[60] အာရကန်ဘက်တွင် နေထိုင်ကြသော မွတ်ဆလင်များအပေါ် မြင်ကြသကဲ့သို့ပင် ယခင်ကတည်းက စစ်တကောင်းတွင် အခြေကျကာ မျိုးဆက်များစွာ နေထိုင်လာကြသူများနှင့် မကြာသေးခင်က ဝင်လာသော ဒုက္ခသည်များအပေါ် အုပ်စုခွဲပြီး မြင်သောအမြင်မျိုး အရှေ့ပါကစ္စတန်ဘက်တွင်လည်း ရှိပါသည်။ သို့ရာတွင်မြန်မာဘက်ရှိရိုဟင်ဂျာများနှင့် မတူသည်မှာ စစ်တကောင်းရှိ ဗုဒ္ဓဘာသာရခိုင်များ၏ လူမျိုးရေး နိုင်ငံရေး အခွင့်အရေးနှင့် ပတ်သက်ပြီး မည်သည့်အခါကမျှ စစ်စစ်ဆေးဆေး မေးခွန်းမထုတ်ကြခြင်းပင်ဖြစ်သည်။ ("ရခိုင်၊ ရိုဟင်ဂျာနှင့် အမည်သညာနိုင်ငံရေး" ဇယားကွက်ကို ကြည့်ပါ။) မရမာကြီး Marma ဟုခေါ်ကြသော ရခိုင်အနွယ်များသည် ဘင်္ဂလားနိုင်ငံသား အဖြစ် ၂၀၀,၀၀၀ ဦးခန့်ရှိပြီး ယခုအခါ တတိယမြောက်အကြီးဆုံးမျိုးနွယ်စု ဖြစ်လာသည်။ ကျော်မင်းထင်က ၎င်းတို့ကို ရခိုင်မှဖျောက်ထားခံရသော အာရကန်များဟု ရေးသားခေါ်ဝေါ်ခဲ့သည်။[61]

နတ်မြစ်၏ တစ်ဖက်ကမ်း အာရကန်ဘက် အခြမ်းတွင်မူ ဖြိတိသျှအင်ပါယာကြီး ဆုတ်ခွာတော့မည့် နေ့ရက်များ၌ အခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။ မွတ်ဆလင်ခေါင်းဆောင်များသည်လည်း မွတ်ဆလင်တို့၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရေးအတွက် စိတ်ကူးစိတ်သန်း ထုတ်ခဲ့ကြသည်။ အခြေအနေကို နေမြဲအတိုင်း မပြောင်းလဲလိုသူ ခေါင်းဆောင်များသည် ဖ.ဆ.ပ.လ နှင့် လက်တွဲ၍ နေမည့် BMC ၏ မဟာဗျူဟာအစီအစဉ်ကို ထောက်ခံကြသည်။ သို့ရာတွင် အာရကန်မြောက်ပိုင်း လူပ်ခတ်နေသော နိုင်ငံရေးထဲတွင် အပြောင်းအလဲကို ပို၍ တွန်းတွန်းတိုက်တိုက်လုပ်ရန် ဆန္ဒရှိသူများလည်း ရှိသည်။ မြောက်ပိုင်း အာရကန်တွင် လမ်းကြောင်းသုံးခု ပေါ်လာခဲ့ရာ တစ်ခုမှာ မေယုနယ်ခြားခရိုင် လုံးဝလွတ်လပ်ရေး ရရှိအောင်တောင်းဆိုရန်၊ မြန်မာပြည်ထောင်စုသစ်၏ အစိတ်အပိုင်းတစ်ခု၊ အာရကန်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေတစ်ခု ဖြစ်လာရန် (သို့မဟုတ်) မွတ်ဆလင်အများစု ပါဝင်သော အာရကန်မြောက်ပိုင်းကို အသစ်ပေါ်ပေါက်လာသည့် အရှေ့ပါကစ္စတန်၏ အစိတ်အပိုင်းအဖြစ် ပေါင်းစည်းကြရန်တို့ ဖြစ်ကြသည်။။

ထိုစိတ်ကူးစိတ်သန်းများမှာ တစ်ခုမျှ အကောင်အထည်မပေါ်ပါ။ နောက်ဆုံးတစ်ခုဖြစ်သော အရှေ့ပါကစ္စတန်သို့ ဝင်ရောက်ရန် စိတ်ကူးကို ထိုစဉ်က ပါကစ္စတန်နိုင်ငံတည်ထောင်သူ ခေါင်းဆောင် မိုဟာမက် အလီဂျင်နားက ပယ်ချခဲ့ပါသည်။[62] မည်သို့ပင်ဖြစ်စေ မြောက်ပိုင်းဒေသတွင်းကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိနိုင်ရေး တောင်းဆိုမှုများမှာ စစ်ပြီးခေတ်တွင် ပိုမိုအားကောင်းလာခဲ့သည်။ မြန်မာပြည်၏ လူမျိုး

စုအခြေပြု နိုင်ငံရေးထဲတွင် မွတ်ဆလင်ခေါင်းဆောင်များ အမြန်ပင် သဘောပေါက်လာသည်မှာ မွတ်ဆလင်တို့၏ အသံကို ကြားလောက်အောင် မြှင့်ရန်ဆိုပါလျှင် ၎င်းတို့ အတွက် နိုင်ငံသားဟူသောဖြစ်တည်မှု သတ်မှတ်ချက် လိုအပ်နေသည်ကိုပင်ဖြစ်သည်။ လူမျိုးစုအခြေခံ နိုင်ငံရေး သည် တစ်နိုင်ငံလုံးလိုလိုပင် သက်ဝင်လှုပ်ရှားနေသည်။ အိန္ဒိယအနွယ်များကို ဆန့်ကျင်ရေး သဘောတရားများ လည်း ထွန်းကားနေသည်။ အာရကန်ရှိ မွတ်ဆလင်များစွာ သည် အသိအမှတ်ပြုခြင်း မခံရသူများဟု မိမိတို့ဘာသာ ခံစားလာရသည်။ ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ထွက်ခွာတော့ မည့်အချိန်တွင် အာရကန်မြောက်ပိုင်းမှ မွတ်ဆလင်တို့ကို ကိုယ်စားပြုသည့် အမည်တစ်ခုအဖြစ် ၎င်းတို့ကိုယ်၎င်းတို့ ခေါ်သော ရိုဟင်ဂျာဟူ၍ အသိအမှတ်ပြု ခံရရေးအတွက် ဆွေးနွေးပြောဆိုမှုများ စတင်ပေါ်ပေါက်လာပြီ ဖြစ်သည်။

ရိုဟင်ဂျာသို့မဟုတ် မွတ်ဆလင်ခေါင်းဆောင် များကသာ မိမိတို့လူမျိုးများမှာ အရေးတယူ ပြုခံရခြင်း မရှိဟု ခံစားရသည်မဟုတ်၊ ရခိုင်လူမျိုးများကြား ထဲတွင် လည်း ထိုသို့ပင် ခံစားနေရသည်။ ANC ခေါင်းဆောင်ဟောင်း ဦးအောင်ဇံဝေသည် ၁၉၄၇ ဖေဖော်ဝါရီတွင် ပင်လုံညီလာခံ ကို တက်ရောက်ခဲ့သည်။ ထိုညီလာခံတွင် အားလုံးသာနာ ညီမျှခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရှိခြင်း အစရှိသည့် အခြေခံမူများကို ကိုင်စွဲပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် ကို ထူထောင်ရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသ များမှ ချင်း၊ ကချင်၊ ရှမ်း ကိုယ်စားလှယ်များ သဘောတူခဲ့ ကြသည်။ သို့ရာတွင် ထိုညီလာခံကို တက်ရောက်သော ဦးအောင်ဇံဝေမှာ ဖ.ဆ.ပ.လအဖွဲ့ဝင်အဖြစ် တက်ရောက် ခဲ့ခြင်းဖြစ်ပြီး အာရကန်ကိုကိုယ်စားပြုပြီး တက်ရောက်ခဲ့သည် မဟုတ်ပေ။ ထိုသို့ အာရကန်ကို ချန်လှပ်ထားခဲ့ခြင်းက လာ မည့်ဆယ်စုနှစ်ပေါင်းများစွာ၌ အမျိုးသားနိုင်ငံရေးတွင် မကျေမချမ်းဖြစ်စရာ အကြောင်းတစ်ရပ်ဖြစ်လာခဲ့သည်။[၄၈]

အာရကန်မြောက်ပိုင်း ဂျမီယာတူ-အူလမာ Jamiatul – Ulama အဖွဲ့ကလည်း ပူပန်မှုများကို မဆိုင်းမတွ ပင်ထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုအဖွဲ့ကြီး၏ ဥက္ကဋ္ဌ ဆူလတန် အာမက်က ပင်လုံရှိ ဗြိတိသျှကိုယ်စားလှယ် အာသာဘော် တွန်လေ Arthur Bottomley ထံသို့ ပေးဖို့ခဲ့သော ပန်ကြားလွှာ တွင် မိမိတို့အဖွဲ့ကို ချန်လှပ်ထားသည့်အတွက် ဝေဖန်ခဲ့သည်။ ထိုစာတွင် မွတ်ဆလင်များနှင့် အာရကန် ဗုဒ္ဓဘာသာဝင်များ မှာ ဗြိတိသျှတို့ ရောက်မလာမီကပင် ငြိမ်းချမ်းစွာ ညီရင်း အစ်ကို ကဲ့သို့ နေထိုင်လာကြသူများဖြစ်ကြောင်း ရေးသား ခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြောင့် လူမျိုးအချင်းချင်း ဆက်ဆံရေး ဆုတ်ယုတ်ရမှုများ ဖြစ်ခဲ့ရသည်ကို သတိပေးထားသည်။ ထို့ပြင် မဟာမိတ်တပ်များ၏ အောင်ပွဲအတွက် နယ်ခြား ဒေသရှိ မွတ်ဆလင်များ၏ ပေးဆပ်ရမှုများကို ထည့်သွင်း စဉ်းစားရန် တိုက်တွန်းခဲ့ပြီး ထိုသို့အောင်ပွဲရအောင် ကူညီ နိုင်ခြင်းကပင် မိမိတို့အနေနှင့် ပြည်တွင်းအရေးကို မိမိတို့ဘာသာ ဖြေရှင်းနိုင်သည့် သက်သေဖြစ်ကြောင်း ပြသနေပါသည်ဟု ရေးသားခဲ့သည်။[၄၉] ဂျမီယာတူ-အူလမာ အဖွဲ့က တောင်းဆိုသောအချက်မှာ မေယုမြစ်၏ အနောက် ဘက်ကမ်းရှိ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောကို မွတ်ဆလင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေအဖြစ်ဖွဲ့စည်း ပေးရန်ဖြစ်သည်။[၅၀] ဗြိတိသျှတို့သည် ထိုတောင်းဆိုချက်ကို မည်သို့မျှမတုံ့ပြန် ခဲ့ပေ။ ၁၉၄၇ မတ်လတွင် စတင်ခဲ့သော နယ်ခြားဒေသများ စုံစမ်းစစ်ဆေးရေး ကော်မတီသည် အာရ ကန်၏ အနာဂတ်အရေးကို မစဉ်းစားခဲ့ပါ။ အာရကန် တောင်တန်းဒေသများ အရေးကိုသာ ထည့်သွင်းဆွေးနွေး ခဲ့ကြသည်။

ပင်လုံစာချုပ် ချုပ်ဆိုပြီးနောက်ပိုင်းတွင် လုံခြုံရေး အခြေအနေမှာ လျင်မြန်စွာ ဆိုးရွားလာခဲ့သည်။ ဧပြီလတွင် အာရကန် လက်ဝဲညာတ်ရေးတပ်ဦးကို မြေပုံမြို့တွင် ဦးစိန်ဘာနှင့် ဒေသခံ အလံနီကွန်မြူနစ်ခေါင်းဆောင် ဘုံပေါက် သာကျော်တို့က ရခိုင်တိုင်းလုံးဆိုင်ရာညီလာခံ၌ ဦးဆောင် ဖွဲ့စည်းခဲ့သည်။ လုံးဝလွတ်လပ်ရေး တောင်းဆိုရန်နှင့် လက်နက်ကိုင်တော်လှန်ရန် ကြွေးကြော်နေသော ထိုအဖွဲ့ က ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆိုရှယ်လစ်ခေါင်းဆောင် ဦးဘဆွေတို့ လာရောက်ချိန်တွင် လူအုပ်ဖြင့် ဝိုင်းဆန့ ပြခဲ့ကြသည်။[၅၁] ထိုလတွင်ပင် မောင်တော၌ ဂျမီယာတူ-အူလမာ အဖွဲ့ လူထုအစည်းအဝေးတွင်အစ္စလာမ္မစ်နယ်ခြား ပြည်နယ် ရရန်တောင်းဆိုကြောင်း ကြေညာခဲ့သည်။[၅၂] ဇွန်လ အပူချိန်များမြင့်တက်နေသည့်ကာလတွင် ဗမာပြည်အစိုးရက လန်ဒန်ရှိ ဗြိတိသျှဝန်ကြီးများထံ ပေးပို့လိုက်သော အစီရင် ခံစာတွင် "အာရကန်ရှိ ပြဿနာမှာ အမှန်စင်စစ်အာရကန် ခွဲထွက်ရေးအတွက် သူပုန်ထနေခြင်း ဖြစ်သော်လည်း ကွန်မြူနစ် နိုင်ငံရေးသမားများနှင့် ခါးပြအဖွဲ့များကပါ ထိုလှုပ်ရှားမှုများထဲ စိမ့်ဝင်နေကြသည်" ဟု ပါရှိသည်။[၅၃] ထိုအခါတွင်လည်း ဗြိတိသျှတို့ကလည်းကောင်း၊ ဖ.ဆ.ပ.လ အနေဖြင့်လည်းကောင်း ဤပြဿနာကို မည်သို့မှ အရေးတယူ ဖြေရှင်းဆောင်ရွက်ခြင်း မရှိခဲ့ကြပေ။

ဝမ်းနည်းစရာမှာ ၁၉၄၇ ဇူလိုင်လတွင် ဦးအောင် ဆန်းနှင့် ဝန်ကြီးဝါးပါးကို နိုင်ငံရေးပြိုင်ဖက်တစ်ဦးဖြစ် သော ဝန်ကြီးချုပ်ဟောင်း ဦးစောဏ်၏ ဂိုဏ်းက ဝင်ရောက် လုပ်ကြံခဲ့ပြီးနောက် အာရကန်အရေးမှာ နောက်သို့ပိုရောက် သွားပြန်သည်။ လုပ်ကြံမှုမဖြစ်ခဲ့ဘဲ ထိုပုဂ္ဂိုလ်များသာ အသက်ဆက်ရှင်ခဲ့လျှင် အနာဂတ်မှာ မည်သို့ရှိမည်နည်းဟု မှန်းဆကြည့်ရန် မဖြစ်နိုင်ပါ။ လုပ်ကြံခံရသူများထဲတွင် ပညာရေးဝန်ကြီးနှင့် ဗမာ့မွတ်ဆလင် ကွန်ဂရက်ခေါင်း ဆောင် ဦးရာဇတ် လည်း ပါသွားခဲ့သည်။ ထိုလုပ်ကြံမှုကြီး

၏ သက်ရောက်မှုမှာ အားပြင်းလှသောကြောင့် ပြည်ထောင်စု အသစ်စက်စက်သည် ထိုဆုံးရှုံးမှုမှ မည်သည့်အခါကမျှ နာလန်ပြန်မထူနိုင်ခဲ့ပေ။ နောက်ပိုင်းတွင်လည်း ဦးအောင်ဆန်း မျှော်ရည်ခဲ့သော "ကွဲပြားစုံလင်မှုကို လက်ခံသော ညီညွတ်သည့် နိုင်ငံတော် Unity in Diversity မှာ မြန်မာနိုင်ငံတွင် အမြစ်တွယ်ခဲ့ဟန် မတူပါ။ နောက်ထပ်တစ်ဖန် ပင်လုံညီလာခံအသစ်၏ ရည်မှန်းချက်အဖြစ် ထပ်မံပေါ်ပေါက်လာခဲ့သော်လည်း နှစ်ပေါင်း ခုနှစ်ဆယ်ကြာခဲ့သည်။ ဤတစ်ကြိမ်တွင် ထိုရည်မှန်းချက်ကို ဦးဆောင်အကောင်အထည်ဖော်သူမှာ ဦးအောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည် ဖြစ်သည်။

ဤသို့ပြည်ထောင်စုသစ်၏ အနာဂတ်ကို ဆွေးနွေးကြရာတွင် တိုင်းပြည်အရေးမှာ မုန်တိုင်းထန်နေချိန်၌ အာရကန်အတွက်ခေါင်းစဉ်မှာဘေးရောက်သွားခဲ့ပြန်သည်။ ထိုသို့ ခေတ်အဆက်ဆက် အာရကန်အရေးကို မကိုင်တွယ်ခဲ့ခြင်းက ယနေ့တွေ့ကြုံနေရသော စိန်ခေါ်မှုကို ဖြစ်လာစေခဲ့သည်။ ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကြေညာချိန်တွင် ''အာရကန်ပြည်နယ်" ပင် ပါမလာခဲ့ပါ။ ပြည်နယ်အဆင့်အစား အာရကန်ကို ဗမာအများစုနေထိုင်ရာ ဗမာပြည်မထဲတွင် ယခင်က ထည့်သွင်းထားခဲ့သည့် အတိုင်းပင် တိုင်းတစ်ခုအဖြစ် ထည့်သွင်းခဲ့သည်။ ထိုဖွဲ့စည်းပုံ အခြေခံဥပဒေတွင် လူမျိုးစုပြည်နယ်များအဖြစ် ကချင်၊ ကရင်နီ (၁၉၅၁ မှ အစပြု၍ ကယား)၊ ရှမ်းနှင့်ကရင် (၁၉၅၂) အထိ Karen ဟူ၍ ရေးသား) ပြည်နယ်လေးခု ပါဝင်လာခဲ့သည်။

အာရကန် အမျိုးသားရေးဝါဒီများအတွက် ပို၍ စိတ်ပင်ပန်းစရာမှာ အာရကန်တောင်တန်းဒေသများကို ယခင်သမိုင်းကြောင်းအရ သက်ဆိုင်ခဲ့သော အာရကန်မှ ခွဲထုတ်ကာ ချင်းဝဲသေသတိုင်းထဲသို့ ပေါင်းထည့်ခဲ့ခြင်းဖြစ်သည်။[၃၄] ရခိုင်ခေါင်းဆောင်များသည် ထိုအချိန်က အာရကန်တောင်တန်းများ ချင်းထဲပါသွားသည့်အတွက် မကန့်ကွက်ခဲ့ကြပေ။ ထိုနယ်မြေတွင် နေထိုင်သူ လူများစုမှာ ချင်းအနွယ်ဝင်များ ဖြစ်နေကြသည်။ သို့သော် ကုလားတန်မြစ်ဝှမ်းအထက်ပိုင်းကို ထက်ပိုင်းခြမ်းပင် ခြမ်းလိုက်သော်လည်း လူမျိုးစုများ ပြန်လည်ပေါင်းစည်းရေး အစီအစဉ်များသို့မဟုတ် အာရကန်တွင် ထိုနယ်မြေကွဲထွက်သွားမှု နောက်ပိုင်း ကြုံလာနိုင်သည့် နိုင်ငံရေး၊ စီးပွားရေးအကျိုးဆက်များအတွက် ကြိုတင်မျှော်မြင်စီစဉ်ခြင်းများ မပါဝင်ခဲ့ပေ။ ထိုအဖြစ်အပျက်မှ ထွက်ပေါ်လာသော အကျိုးဆက်များကို ယနေ့အထိပင် မဖြေရှင်းရသေးပေ။ ယနေ့အချိန်တွင် ထိုသုံးနိုင်ငံ နယ်ခြားတွင်ရှိသော ပလက်ဝမြို့သည် ရခိုင်လက်နက်ကိုင် အတိုက်အခံအုပ်စုများ၏ အဓိက ခြေကုတ်နေရာတစ်ခုဖြစ်သည်။ (အခန်း ၇ နှင့် ၈ ကိုကြည့်ပါ။) တစ်ချိန်တည်းမှာပင် အာရကန်တွင်ရှိသော မွတ်ဆလင်များ၏ အခွင့်အရေးနှင့် စရိုက်လက္ခဏာသိမှတ်ပုံ ပြဿနာများကို မသိကျိုးကျွံပြုခဲ့ကြသည်။

မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသော ရလဒ်မှာ ၁၉၄၈ လွတ်လပ်ရေးနှင့်အတူ ထွက်ပေါ်လာသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်သော်လည်း ထိုရလဒ်ကြောင့် မည်သူမျှ မကြည်လင်ခဲ့ကြပေ။ ရခိုင်နှင့် မွတ်ဆလင်တို့၏ တောင်းဆိုချက်များ လျစ်လျူရှုခံရသလို အာရကန်တို့၏ သမိုင်းတွင်ရှိခဲ့သော ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို အလေးဂရု မပြုခဲ့ကြပါ။ နောက်ထပ် မကျေမချမ်းဖြစ်စရာကိစ္စမှာ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ချင်းပြည်နယ်ဟူ၍ မပါဝင်လာဘဲ ချင်းဝဲသေသတိုင်းအဖြစ်သာ အဆင့်နှိမ့်ထားပြီး ပါဝင်ခွင့်ရသည်။ ထို့ပြင် (ဇို) ဟုခေါ်သော ချင်းအနွယ်လူမျိုးများသည် ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ထွက်ခွာချိန်တွင် ကိုလိုနီခေတ်အလွန် ပြည်ထောင်စုမြန်မာနိုင်ငံ၊ အရှေ့မြောက် အိန္ဒိယနှင့် အရှေ့ပါကစ္စတန်နိုင်ငံသုံးခု နယ်နမိတ်ထဲသို့ အလိုအလျောက် ကျရောက်သွားခြင်းတည်းဟူသော အကျိုးဆက်လည်း ရှိလာခဲ့သည်။ အချိန်ကို နောက်ပြန်လှည့်ခိုင်း၍ မရနိုင်ပေ။ သို့ရာတွင် ထိုအကျိုးဆက်များကို ဘက်လားဒေ့ရှ်၊ အိန္ဒိယတို့နှင့် နယ်နိမိတ် ဆက်စပ်နေသော သုံးနိုင်ငံ နယ်ခြားဒေသမှာ ယနေ့တိုင် အာရှတိုက်ငယ်၏ မတည်ငြိမ်ဆုံးနေရာတစ်ခု ဖြစ်နေခြင်းတွင် တွေ့မြင်နိုင်ပေသည်။ ၂၁ ရာစုသို့ ရောက်ချိန် အထိပင် ကိုလိုနီအုပ်ချုပ်ရေးအောက်တွင် နေထိုင်စဉ်က ရှိခဲ့သော စိတ်ဝမ်းကွဲခြင်းများမှာ လူမျိုးစုနိုင်ငံရေးလမ်းကြောင်း အယူအဆများနှင့် ပဋိပက္ခများအပေါ်တွင် ဩဇာသက်ရောက်မှု ရှိနေဆဲပင်ဖြစ်သည်။ (ဘောင်ခတ်ထားသော အကွက် Boxထဲမှ ဒေသတွင်း ပဋိပက္ခအရှုပ်အထွေးကို ကြည့်ပါ။)

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သစ်ကို ငြိမ်းချမ်းခြင်းနှင့် တရားမျှတခြင်းတို့မဆောင်ယူလာနိုင်ကြောင်း ပြောဆိုဝေဖန်မှုများ ဆက်လက်ရှိနေခဲ့သည်။ ထိုသို့ ထောက်ပြဝေဖန်သည့် မေးခွန်းများအတွက် မည်သည့်အခါကမျှလည်း အဖြေရှိခဲ့ဟန်မတူပါ။ မအောင်မြင်ရသည့် အကြောင်းရင်းတစ်ခုမှာ အလျင်လိုခဲ့ကြခြင်း ဖြစ်ပါသည်။ ကျိုးဆက် ဆေးဖာစတိန်းက ထောက်ပြခဲ့သလိုပင် အဓိက အားနည်းချက်ကြီးတစ်ခုလည်း ရှိနေပါသေးသည်။ မျှော်မှန်းခဲ့သည်မှာ ဖက်ဒရယ်ပြည်ထောင်စုစနစ် ဖြစ်ခဲ့သော်လည်း တကယ့်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထွက်လာသည်မှာ တစ်ပြည်ထောင်စနစ်ဖြစ်ခဲ့သည်။[၃၅] လူမျိုးစုအခွင့်အရေးများနှင့် ကိုယ်စားပြုခွင့်များကို ညီညီမျှမျှ မသတ်မှတ်နိုင်ခဲ့ခြင်းကြောင့် လွတ်လပ်ရေးရပြီး မကြာမီမှာပင် မကျေမနပ်ဖြစ်မှုများ ပေါ်ထွက်

လာခဲ့သည်။ လူမျိုးစုကို ကိုယ်စားပြုသော အဖွဲ့ပေါင်းများစွာ လက်နက်ကိုင်ကြပြီး ထိုအထဲတွင် ကရင်၊ ကရင်နီ၊ မွန်နှင့် ပအို့ဝ်တို့ ပါဝင်သည်။

အာရကန်အရေးတွင် ထူးခြားသည်မှာ အာရကန်တို့က ကိုယ်ပိုင်ပြဌာန်းခွင့် ထုတ်ဖော်ပြောဆိုသည့်အခါတိုင်းတွင် အစိုးရအရာရှိများက အရေးမပါသကဲ့သို့ သဘောထားခြင်းဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးရာရှေ့နေတစ်ဦးလည်းဖြစ်၊ နောင်နိုင်ငံတော်သမ္မတလည်းဖြစ်လာသော ဦးမောင်မောင်က အာရကန်တို့၏ ကိုယ်ပိုင်ပြည်နယ်ရရှိရေးတောင်းဆိုချက်မှာ ယဉ်ကျေးမှုအရ သမိုင်းကြောင်းအရ တောင်းဆိုနေကြခြင်းဖြစ်သည်ဟု နောင်တွင် အသိအမှတ်ပြုခဲ့ဖူးသည်။ သို့ရာတွင် သူကပင် ပြန်ငြင်းခဲ့သည်မှာ ပြည်နယ်ဟူ၍ ဖြစ်လာဖို့ရာမှာ အာရကန်တို့သည် လူမျိုးအားဖြင့် ဗမာများနှင့် မည်သို့မျှ မကွာလှဟူ၍ ဖြစ်သည်။[၁၆] "အာရကန်တွေအတွက်လိုတာက လမ်းကောင်းကောင်းပဲ။ လမ်းပမ်းဆက်သွယ်ရေးတွေ ကောင်းလာရင် အာရကန်ဟာ အထီးတည်း ဖြစ်နေတာလည်းရှိတော့မှာ မဟုတ်ဘူး" ဟူ၍ ၎င်းက ပြောခဲ့ဖူးသည်။[၁၇]

ယနေ့ခေတ်သစ် အာရကန်အမျိုးသားရေး လှုပ်ရှားသူများ စိတ်ပျက်ရသည့်ကိစ္စမှာလည်း ထိုကဲ့သို့သော စကားမျိုးကို အစိုးရတာဝန်ရှိသူများထံမှ ကြားနေရခြင်းဖြစ်သည်။ နယ်စပ်ရေးရာ ပြည်ထောင်စု ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြီးရဲအောင်က ၂၀၁၆ တွင် "ရခိုင်ပြည်နယ်ဟာ သဘာဝသယံဇာတကြွယ်ဝတယ်။ ထူးခြားသောဒေသဖြစ်တယ်။ ပြည်ထောင်စုအစိုးရရဲ့ဦးဆောင်မှုအောက်မှာ ဒီအနေအထားတွေကို ကောင်းကောင်းပိုအသုံးချနိုင်ရင် ရခိုင်ဟာ ဖွံ့ဖြိုးလာမှာပဲ"ဟုပြောကြားခဲ့သည်။[၁၈]ဒေသခံတို့ကမျှော်ရည်သောဆန္ဒ၊ ဒေသခံတို့၏ တောင်းဆိုသောအရာ၊ ဒေသခံတို့၏ လုပ်ကိုင်နိုင်စွမ်းကို ထည့်သွင်းစဉ်းစားပုံမရပါ။ ဝမ်းနည်းစရာမှာ ထိုကဲ့သို့ ဒေသခံတို့၏ အရေးကိုဝင်ရောက် စီမံခဲ့သောနှစ်ပေါင်းများစွာတွင် ဆင်းရဲပင်ပန်းခြင်းနှင့် အသက်ဆုံးရှုံးရခြင်းများ ကြီးမားစွာရှိခဲ့ပါပြီ။ ရခိုင်ပြည်နယ်သည် သမိုင်းတစ်လျှောက်တွင် ယခုအချိန်လောက် ပြည်မနှင့် စိတ်ဝမ်းကွဲခဲ့သောအချိန် မရှိပေ။

၁၉၄၈ ဇန်နဝါရီလ လွတ်လပ်ရေးရကာစကာလသို့ ပြန်ပြောင်းတွေးကြည့်လျှင် ထိုအချိန် အာရကန်၏ နိုင်ငံရေးအရ တင်းမာမှုများ ပြင်းထန်နေသည်။ အဖွဲ့အစားလုံးသည် ဒုတိယကမ္ဘာစစ်ကျန် လက်နက်များကို ကောက်ကိုင်ထားကြသည်။ ရခိုင် ပြည်သူ့လွတ်မြောက်ရေးပါတီ APLP နှင့် အလံနီကွန်မြူနစ် ပြောက်ကျားများသည် စစ်ရေးတိုက်ခိုက်မှုများ စတင်နေကြပြီ။ စစ်တွေခရိုင် တစ်ခုတည်းတွင် တပ်ဖွဲ့ဝင် ၇၀၀ မျှ အင်အားရှိသည်ဟု ကြားရသည်။ ထိုအချိန်တွင် နာမည်ကြီးအဆိုတော် ဂျဖားရ်ဟူစိန်ခေါ် ဂျဖားရ်ကာဝယ်ကို ထောက်ခံအားပေးကြသူများ ရာချီကာဘူးသီးတောင်မြို့နယ်တွင် မူဂျာဟစ်ပါတီကို ဖွဲ့စည်းလိုက်သည်။ ၁၉၄၇ ဩဂုတ် Dabboni Chaung ကြေညာချက်တွင် မွတ်ဆလင်ခေါင်းဆောင်များက မွတ်ဆလင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရနယ်မြေကို ဖွဲ့စည်းမည်ဟု ကြေညာလိုက်သည်။ ကုလားတန်မြစ်နှင့် နတ်မြစ်ကြားတွင်ရှိသော အာရကန်မြောက်ပိုင်းဟု ခေါ်ကြသည့် နယ်မြေကိုရည်ညွှန်းသည်။[၁၉] မွတ်ဆလင်ခေါင်းဆောင်များက နယ်မြေကာကွယ်ရေးတပ်များကိုလည်း ဖွဲ့စည်းလိုက်ပြီး အာရကန်မြောက်ပိုင်း မွတ်ဆလင်တပ်ဖွဲ့ဟု အမည်ပေးလိုက်သည်။

စင်စစ်ဗြိတိသျှတို့ ထွက်မသွားခင်ကတည်းကပင် အာရကန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများမှာ တစစီ ပျက်စီးနေခဲ့ပြီး ဖြစ်သည်။ မတည်ငြိမ် မရေရာသည့် အခြေအနေတစ်ရပ်မှာ ဝင်ရောက်လာတော့မည်။ ဤမြေပေါ်တွင် နောက်ထပ် နှစ်ခုနှစ်ဆယ်အကြာ၌ မတည်ငြိမ်မှုများ တစ်ပုံစံတည်း ရှိနေလိမ့်ဦးမည်။ ပဋိပက္ခများဖြစ်နေကြလိမ့်ဦးမည်ဟုခန့်မှန်းနိုင်သူ အတော်ပင်ရှားပါလိမ့်မည်။ ခေတ်သစ် ရခိုင်ပြည်နယ်သည် ထိုအချိန်မှစ၍ ယနေ့တိုင်အောင် မငြိမ်းချမ်းနိုင်သေးသော မြေဖြစ်လာရသည်။

ရခိုင်၊ ရိုဟင်ဂျာနှင့် အမည်သညာနိုင်ငံရေး[၆၀]

မွတ်ဆလင်နှင့် အခြားလူနည်းစုများ သို့မဟုတ် ရှေးရှေးကပင် အခြေချခဲ့ကြသူများ သမိုင်းတစ်လျှောက်လုံး အာရကန်တွင် ရှိခဲ့သည်ဟူသော အချက်ကို သင်္ကာမကင်း မဖြစ်တတ်ကြပေ။ အာရပ်ခရီးသွားတို့သည် ဂျာ်အရပ်သို့ ၉ ရာစုလောက်ကပင် ရောက်ရှိခဲ့ပြီး ပါးရှန်းနှင့် အခြားမွတ်ဆလင် ယဉ်ကျေးမှုများ ကူးလူးဆက်ဆံမှုများမှာ ၁၄ ရာစု ဘင်္ဂလားဆူတန်နယ် အင်အားကြီးမားချိန်တွင် ပိုမိုမြင့်မားလာခဲ့သည်။ ဥပမာ - ကမန်တို့ မှာ ၁၇ ရာစု အတွင်း အာရကန်ကို ပြေးဝင်ခိုလှုံခဲ့သော မဂိုဘုရင် ရှား ရှူဂျာ (Shah Shuja) ၏ နောက်လိုက် နောက်ပါများမှ ဆင်းသက်လာသည်ဟု ယုံကြည်ကြသည်။[၆၁] အထူးသဖြင့် မြောက်ဦးဘုရင်နိုင်ငံတော် (၁၄၂၉ - ၁၇၈၄)မှာ ယဉ်ကျေးမှု အဖုံဖုံစုံလင်သော နေရာအဖြစ် ကျော်ကြားသည်။

လက်ရှိကြုံတွေ့နေရသော ပြဿနာများကမူ ထိုသမိုင်းအဖြစ်အပျက်များပေါ်တွင် အခြေခံထားသည် မဟုတ်ဘဲ ယနေ့မြန်မာနိုင်ငံတွင် ဖွင့်ဆိုသော တိုင်းရင်းသားဖြစ်ခြင်း၊ လူမျိုးရေးအမှတ် လက္ခဏာနှင့် နိုင်ငံသားဖြစ်မှုတို့အပေါ်တွင် အခြေပြုစဉ်းစားခြင်းကြောင့် ဖြစ်ရသည်။ နှစ်ဖက် လူမျိုးရေး လှုပ်ရှားကြသူတို့က အသီးသီးပြောနေကြသော ဗုဒ္ဓဘာသာအစဉ်အလာ ယဉ်ကျေးမှုများပိုင်ဆိုင်သော ရခိုင်တို့၏ အမျိုးသားစရိုက်လက္ခဏာ နှင့် မွတ်ဆလင်ဖြစ်သော ရိုဟင်ဂျာတို့၏ သိမှတ်ပုံ စရိုက်လက္ခဏာများကြား နားလည်မှု နှစ်မျိုးကွဲနေခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၇၀ အတွင်း အလွန်ကျယ်ပြောစွာ ဖြစ်ပေါ်လာခဲ့သည်။ ကိုဖီအာနန်၏ အကြံပေးကော်မရှင်က ထိုအချက်ကို "အာရကန်တွင်ဖြစ်နေသော လူမျိုးစုအချင်းချင်း ပဋိပက္ခများမှာ မတူသော ဇာတ်ကြောင်းများ တိုးတိုက်မိခြင်းပင်" ဟူ၍ ဖော်ပြခဲ့သည်။[၆၂]

အရင်းစစ်သော် ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်တို့အနေနှင့် ဘင်္ဂါလီ၊ စစ်တကောင်းသားနှင့် ကမန်အစရှိသည့် မိမိတို့၏ ယဉ်ကျေးမှုနှင့် လူမျိုးစုံလင်ကွဲပြားမှု အမွေကို ဆက်ခံကာ အားလုံးက မိမိတို့ကိုယ်ကို အာရကန်မွတ်ဆလင်များဟူ၍ လက်ခံကြခြင်းရှိမရှိ အငြင်းပွားချက်လည်း ရှိသည်။ အခြား စဉ်းစားပုံတစ်မျိုးကမူ ပြည်နယ်မြောက်ပိုင်းရှိ မွတ်ဆလင်အများစု နေထိုင်ရာအရပ်တွင် လက်ခံထားကြသည့် လူမျိုးစုအပေါ် အခြေခံစဉ်းစားသော အမြင်ဖြစ်သည်။ ထိုအမြင်က မြောက်ပိုင်းမှ မွတ်ဆလင်တို့မှာ သီးခြားလူမျိုးတစ်စုဖြစ်ပြီး အခြားသော ရခိုင်၊ ဗမာ၊ ချင်းနှင့် အခြား လူမျိုးစုများကဲ့သို့ တန်းတူအခွင့်အရေး အရရှိသင့်သည်ဟု ယူဆသည်။ လောလောဆယ်တွင် အာရကန်မူဆလင်ဟူသော ရပ်တည်ပုံကိုလည်းကောင်း ရိုဟင်ဂျာလူမျိုးဟူသော ရပ်တည်ပုံကိုလည်းလောင်း မြန်မာနိုင်ငံသားထဲတွင် ပါဝင်သော လူမျိုးဟု လက်မခံထားပါ။ သို့ဖြစ်ရာ ရပ်ထဲရွာထဲတွင် ထိုကဲ့သို့ လူမျိုးသတ်မှတ်ပုံနှင့် ပတ်သက်၍ တင်းမာမှုများရှိနေကြမြဲပင်။ မွတ်ဆလင်တို့ကို အများအားဖြင့် 'ကုလား' (အိန္ဒိယအနွယ်ဝင်များကို ခေါ်သော မယဉ်ကျေးသော အသုံးအနှုန်း) ဟု သတ်မှတ်ကြပြီး တစ်ဖန် ရခိုင်များကိုလည်း (ဘင်္ဂလီစကားဖြင့်) မာ့ဂ် (လူဆိုးခါးပြများ) ဟု ဆက်လက် သုံးနှုန်းနေကြသည်။

ထိုလူမျိုးရေး နိုင်ငံရေး အကွဲအပြဲများသည် ထိုအခေါ်အဝေါ်များက ရည်ညွှန်းထားသလောက် အချိန်တိုင်းတွင် ပြင်းထန်နေခဲ့ကြသည် မဟုတ်ပါ။ ဒုတိယကမ္ဘာစစ်အတွင်း လူမျိုးရေးအဓိကရုဏ်းများ ရှိခဲ့သော်လည်း ရိုဟင်ဂျာတို့၏ ဖြစ်တည်မှုကို လွတ်လပ်ပြီးခေတ် ပါလီမန်အုပ်ချုပ်ရေး ကာလတစ်လျှောက်လုံးတွင် လက်ခံခဲ့သည်။ ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းသည့် ၁၉၆၂ နောက်ပိုင်းတွင်မူ ရိုဟင်ဂျာဟူသော ရပ်တည်ချက်ကို လက်မခံတော့ပေ။ အာဏာသိမ်းပိုက်ချိန်မှစကာ မွတ်ဆလင်များနှင့် အိန္ဒိယအနွယ်များဟု ယူဆရသူအားလုံးတို့၏ နိုင်ငံသားခံယူခွင့်ကို ပြင်းပြင်းထန်ထန် တင်းကျပ်လိုက်သည်။ ရိုဟင်ဂျာတို့အတွက်မူ ၁၉၇၄ ဖွဲ့စည်းပုံ ဥပဒေအရ ရခိုင်ပြည်နယ်ကို ဖွဲ့စည်းပြီးနောက် အခြားသူတို့ထက် ပိုဆိုးသော အခြေအနေနှင့် ကြုံတွေ့လာရသည်။ ၁၉၇၈တွင် လက်နက်ကိုင် ရိုဟင်ဂျာမျိုးချစ်တပ်ဦး RPF က 'အာရကန်မှ ကျွန်ုပ်တို့ RPF နှင့် ကျွန်ုပ်တို့၏ ပြည်သူများကို ပြင်ပကမ္ဘာက မသိသေးပါ' ဟူ၍ ပြောကြားခဲ့သည်။[၆၃] နောက်ထပ်နှစ်နှစ်အကြာတွင် တပ်မတော်က ထိုးစစ်ဆင်နွှဲကာ ပထမအကြိမ် ရိုဟင်ဂျာ အမြောက်အမြားကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ မောင်းထုတ်ခဲ့သည်။

မွတ်ဆလင်များနှင့် အခြားလူနည်းစုတရုတ်နှင့် အိန္ဒိယအနွယ်များကို ဘေးဖယ်ထားခြင်းကို နောင် ၁၉၈၂ နိုင်ငံသား ဥပဒေကို ပြဋ္ဌာန်းလိုက်ချိန်တွင် ပို၍စနစ်ကျကျ ဆောင်ရွက်လာသည်။ ထိုဥပဒေမှာ ကိုလိုနီခေတ် အလွန်ခေတ်များတွင် အငြင်းအခုံအဖြစ်ရဆုံး၊ တိုင်းရင်းသားဖြစ်မှုကို အယူအသည်းဆုံး ဥပဒေတစ်ရပ်လည်း ဖြစ်သည်။ ထိုဥပဒေထွက်လာပြီး နောက်ပိုင်းတွင် ဌာနေတိုင်းရင်းသား မြန်မာပြည်ဖွားစစ်စစ်ဟူ၍ ယူဆရ

သူများသာလျှင် နိုင်ငံသားအပြည့်ခံယူခွင့် ရလာခဲ့သည်။ ဥပမာ - ဗမာ၊ ရခိုင်၊ ချင်းအစရှိသည်ဖြင့် နိုင်ငံသားများဖြစ်လာကြ သည်။ ဗမာဘာသာစကားဖြင့် တိုင်းရင်းသား (သို့မဟုတ်) မြန်မာပြည်ဖွားဟုဆိုရာတွင် အဓိပ္ပါယ်မှာ ယနေ့ခေတ် မြန်မာနိုင်ငံ၏ ဖြစ်တည်မှုတွင် စုပေါင်းကိုယ်စားပြု ပါဝင်နေကြသူများဟု ဆိုလိုသည်။ ဆန့်ကျင်ဖက်အားဖြင့် တိုင်းရင်းသားမဟုတ်သူဟူ၍ ယူဆခံရလျှင် ထိုသူတို့မှာ နိုင်ငံခြားသွေးနှောဟူသည့် အဓိပ္ပါယ်ကို ဆောင်ပြီး ၁၈၂၄ ဗြိတိသျှတို့ မြန်မာနိုင်ငံကို မသိမ်းပိုက်မီကတည်းက ၎င်းတို့၏ ဘိုးဘွားများက မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ပါသည်ဟူသော အထောက်အထားကို ပြနိုင်မှသာလျှင် နိုင်ငံသားအဖြစ်ကို ရသည်။ မိသားစုပေါင်းများစွာမှာ ထိုအထောက်အထားကို မပြနိုင်ကြပေ။ ၁၉၈၂ ဥပဒေ၏ အကျိုးဆက်မှာ လူသန်းပေါင်းများစွာသည် ချက်ချင်း လက်ငင်း ဒုတိယတန်းစား နိုင်ငံသားဖြစ်သွားခြင်းပင်ဖြစ်သည်။ ရိုဟင်ဂျာတို့ကိုမူ မည်ကဲ့သို့သော အသိအမှတ်ပြုမှုကိုမျှ မပေးခဲ့ပါ။

ထိုအချိန်မှစ၍ ရခိုင်ပြည်နယ်မှ မွတ်ဆလင်များ အိုးအိမ်စွန့်ခွာပြေးရခြင်းများ အစပြုခဲ့သည်။ ၁၉၈၈ ဒီမိုကရေစီ အရေးအခင်းအပြီးတွင် တပ်မတော်စစ်ဆင်ရေးကြောင့် ၁၉၉၁-၉၂ တွင် ဒုတိယအကြိမ် အစုလိုက်အပြုံလိုက် ထွက်ပြေးခဲ့ကြသည်။ ၂၀၁၁ ခုနှစ် စစ်အုပ်ချုပ်ရေးမှ တစ်ဝက်တစ်ပျက် အရပ်သား အုပ်ချုပ်ရေးသို့ ပြောင်းလဲခြင်း စတင်ကတည်းကပင် ရိုဟင်ဂျာတို့မှာ ထပ်ပြေးကြရပြန်သည်။ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မွတ်ဆလင် ဆန့်ကျင်ရေးလှုပ်ရှားမှုများနှင့် ဗုဒ္ဓဘာသာနှင့် မွတ်ဆလင် ပဋိပက္ခများ နောက်ပိုင်းတွင် အစိုးရသည် မွတ်ဆလင်တို့၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ခရီးသွားလာခွင့်များကို ပို၍ချုပ်ချယ်ခဲ့သည်။ အခြေအနေမှာ ၂၀၁၆ - ၁၇ တွင် အာရကန်ရိုဟင်ဂျာ ကယ်တင်ရေးတပ် ARSA ကို နှိမ်နင်းသော စစ်ဆင်ရေးများမှစကာ ပို၍တင်းကျပ်လာခဲ့သည်။ ထို ARSA တို့ကို တုံ့ပြန်ရန် တပ်မတော်သည် ချက်ချင်းလက်ငင်း နယ်မြေရှင်းလင်းရေး ဆောင်ရွက်ခဲ့ပြီး ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်ထဲသို့ အစုလိုက်အပြုံလိုက် မောင်းထုတ်ခဲ့သည်။ 'နယူးယောက်တိုင်းမ် New York Times သတင်းစာ၏ ခေါင်းကြီးပိုင်းကပင် "ရိုဟင်ဂျာ ဟူ၍မရှိ - မြန်မာက သမိုင်းကြောင်းကိုဖျောက်ဖျက်" ဟု ရေးသားခဲ့သည်။[၆၄]

ထိုသို့ပြုလဲရသည့်အဖြစ်များကို ဖြေရှင်းရန် လွန်ခဲ့သော နှစ်များအတွင်း လူမှုဘဝနှင့် သမိုင်းကြောင်းများကို လေ့လာသော သုတေသနများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ ကြပါသည်။ အတော်များများက ရိုဟင်ဂျာဟူသော အမည်နာမ အမှတ်သညာအား မည်သည့်အချိန်ကတည်းက စတင်သုံးစွဲခဲ့ ကြသနည်းဆိုသည့်ကိစ္စကို များစွာ အလေးထားကြပါသည်။ သို့ရာတွင်ယနေ့အထိ အားလုံးသဘောတူနိုင်သော မှတ်ချက်မျိုးထွက်မလာသေးပါ။[၆၅] အနောက်နိုင်ငံစာပေများတွင် ၁၇၉၉ ခုနှစ် ဗမာအင်ပါယာကို လေ့လာခဲ့စဉ်က ရိုဟင်ဂျာဟူသော အသုံးအနှုန်းကို ပထမဆုံး သုံးစွဲခဲ့ ကြသည်ဆိုသော အချက်ကစကာ အငြင်းအခုံများဖြစ်ကြပါသည်။ ဖရန်စစ်ဘူခါနန် ရေးသားသော ယခုစာပိုဒ်ကိုလည်း မကြာမကြာ ကိုးကားတတ်ကြသည်။ "အာရကန်တွင် အခြေချနေထိုင်သည်မှာ ကြာပြီဖြစ်သော မိုဟာမေဒင်များက ၎င်းတို့ကိုယ်၎င်းတို့ Rooinga ရိုဟင်ဂါ သို့မဟုတ် အာရကန်သားများဟု ခေါ်ဝေါ်ကြသည်" ဟူ၏။[၆၆] အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးချိန်တွင်မူ ထိုအမည်ကို ရုံးသုံးအဖြစ် တရားဝင်သုံးစွဲခဲ့ခြင်း မရှိပြန်ပေ။ အာရကန်ရှိ မွတ်ဆလင်များကို ထိုခေတ်က အာရကန်သား မဟာမေဒင်များ၊ ဘင်္ဂလီမွတ်ဆလင်၊ စစ်တကောင်းသား၊ ကမန်၊ ဇာဗာဒီ အစရှိသည့် အမည်များဖြင့် ရည်ညွှန်းခဲ့ ကြသည်။

ရိုဟင်ဂျာလှုပ်ရှားမှုကို ကန့်ကွက်သူများကမူ ထိုအမည်မှာ စိတ်ကူးယဉ်တီထွင်ဖန်တီးထားသော အမည်တစ်ခုသာ ဖြစ်သည်ဟုလည်းကောင်း၊ လွန်ခဲ့သော နှစ် ၁၀၀ အတွင်း အာရကန်ထဲသို့ ဘင်္ဂါလီ မွတ်ဆလင်များ ရွှေ့ပြောင်း ဝင်ရောက်လာခြင်း အတိုင်းအဆကို ဖုံးကွယ်ထားပြီး လူမျိုးတစ်မျိုးအဖြစ် အဆင့်အတန်းကိုတောင်းရန် ရိုဟင်ဂျာအမည်ကို သုံးနေသည်ဟူ၍လည်းကောင်း ပြောဆိုကြသည်။ ဗြိတိသျှတို့၏ အိန္ဒိယအင်ပါယာ အဖြစ်ရှိခဲ့စဉ်က လူအများအပြား ရွှေ့ပြောင်းလာခဲ့ ကြသည်မှာ မှန်ပါသည်။ အာရကန်ထဲသို့ ရာသီပေါ် အလုပ်များလုပ်ကိုင်ရန် အလုပ်သမားများအဖြစ်လည်း ဝင်ရောက်လာခဲ့ ကြသည်။ သို့သော် ဒုတိယကမ္ဘာစစ်ထဲတွင် ဖရိုဖရဲဖြစ်သော အခြေအနေများကြောင့် အိန္ဒိယအနွယ်များစွာမှာ မြန်မာနိုင်ငံမှ ထွက်ခွာသွားကြရသည်။ ရိုဟင်ဂျာဆန့်ကျင်သူများက နောက်ထပ် အငြင်းအခုံပြုတတ်သေးသည်မှာ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရပြီးနောက်တွင်လည်း အာရကန်မြောက်ပိုင်းကို သိမ်းထားသော မူဂျာဟစ် မွတ်ဆလင်အုပ်စုများ၏ မြှောက်ပေးမှုကြောင့် ဘင်္ဂါလီများစွာ အာရကန်သို့ ဝင်ရောက် ရွှေ့ပြောင်းလာကြသည်ဟူသောအချက်ဖြစ်သည်။

ယနေ့ ရိုဟင်ဂျာနှင့် ပတ်သက်သော အငြင်းအခုံမှာ ဤနေရာတွင် ပိတ်မိနေပါသည်။ ၁၉၆၂ ဗိုလ်ချုပ်ကြီး

နေဝင်း အာဏာသိမ်းလိုက်ကတည်းက ရိုဟင်ဂျာဟုဆိုနေသူများက တရားမဝင်ရွှေ့ပြောင်း ဝင်ရောက်လာသူများ ဖြစ်သည်ဟူသောအမြင်မှာ အစိုးရထဲတွင်လည်းကောင်း၊ အစိုးရကို ဆန့်ကျင်သည့် အတိုက်အခံအင်အားစုများထဲတွင်လည်းကောင်း ကြီးစိုးခဲ့သည်။ ခြွင်းချက်အနည်းငယ်ရှိသည်မှအပ မွတ်ဆလင်များကို ရည်ညွှန်းလိုလျှင် အများပြည်သူရှေ့တွင် ရိုဟင်ဂျာဟု ခေါ်ဝေါ်မည့်အစား ဘင်္ဂလီဟု သုံးစွဲခဲ့ကြသည်။ မြန်မာနိုင်ငံရှိ မွတ်ဆလင်အများစု နေထိုင်ကြရာ ဒေသများအနက် ရခိုင်ပြည်နယ်ရှိ ကမန်တို့သာလျှင် ၁၉၈၂ နိုင်ငံသား ဥပဒေအရဌာနေအဖြစ် ယူဆပြီး နိုင်ငံသားခံယူခွင့်ရှိသည်။[၆၇]

ရိုဟင်ဂျာသို့မဟုတ် အာရကန်မွတ်ဆလင်ဟူသော အမည်နှင့်ပတ်သက်၍ အငြင်းအခုံများမှာ များပြားလှသည်။ အမှန်စင်စစ် တကယ်အရေးကြီးပြီး ရှိးရှင်းသောအဖြေကိုလည်း တွေ့နိုင်သောကိစ္စများနှင့် ယှဉ်လျှင် ထိုအမည်သညာကို ငြင်းခုံခြင်းမှာ နောက်ရောက်သွားပါတော့သည်။ အနှစ်အသားကျကျ အရေးကြီးသည့်အချက်မှာ လူမျိုး သို့မဟုတ် ယဉ်ကျေးမှုတို့ မည်သို့ပင်ရှိပါစေ၊ နိုင်ငံသားဖြစ်ခြင်းမှာ လူသားအားလုံးအတွက် အခြေခံအခွင့်အရေးဖြစ်ကြောင်းပင် ဖြစ်သည်။ ထိုလူ့အခွင့်အရေးကို လူမျိုးနှင့်လည်းကောင်း ယဉ်ကျေးမှုနှင့်လည်းကောင်း တွဲစပ်ထား၍ မဖြစ်နိုင်ပါ။ စိတ်ထင်တိုင်း ရုပ်သိမ်း၍လည်း မရပါ။[၆၈] တစ်ကမ္ဘာလုံးက နိုင်ငံအသီးသီးတွင် ဤအတိုင်းပင်ဖြစ်သည်။ကိုလိုနီခေတ်အပြီး မြန်မာနိုင်ငံတွင် လိုအပ်နေသည်မှာပြည်သူများကို ရင်ကြားစေ့ပေးနိုင်ရန် ဘုံသဘောတူညီချက်ရစေမည့် အချင်းချင်းကြား နားလည်မှုကို တည်ဆောက်ကြခြင်းပင် ဖြစ်သည်။ ကြေကွဲစရာပင် မြန်မာနိုင်ငံ၏ ရာစုနှစ်ဝက်ခန့် ပဋိပက္ခဖြစ်နေခဲ့ချိန်တွင် ထိုသို့နားလည်မှု တည်ဆောက်ရန် အခွင့်အရေးမှာ ရှားပါးလှကြောင်း တွေ့မြင်ခဲ့ရသည်။ အစိုးရသည် ကြားနေခဲ့သည်ဟူ၍မရှိဘဲ လူမျိုးဘာသာမရွေး အတူယှဉ်တွဲနေထိုင်နိုင်ရေးကို ပယ်ချခဲ့ကြသည်။ မြောက်ဦးဘုရင့်နိုင်ငံတော် လက်ထက်ကရှိခဲ့သော ယဉ်ကျေးမှုပဒေသာ လူ့အဖွဲ့အစည်းမျိုး ပျောက်ဆုံးခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်သည်။ ၂၁ ရာစုအတွင်းတွင်မူ မည်သည့် နောက်ခံမှလာသော မွတ်ဆလင်မဆို ရခိုင်ပြည်နယ်တွင် နေထိုင်ခွင့်ရရန် အစိုးရအရာရှိများနှင့် လုံခြုံရေးတပ်ဖွဲ့များက အမြဲတစေ တင်းတင်းကျပ်ကျပ် စစ်ဆေးခြင်းကို ခံကြရသည်။

ဤအခြင်းအရာနှင့် ပတ်သက်၍ ကိုလိုနီခေတ်က မှတ်တမ်းမှတ်ရာများကို အားကိုးသော သုတေသီများနှင့် သမိုင်းဆရာများ၏ လုပ်ထုံးလုပ်နည်းများမှာ လက်ရှိအာရကန် လူ့အဖွဲ့အစည်းနှင့် အာရကန် နိုင်ငံရေးတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဖြေရှင်းရန် လုံလောက်မည် မဟုတ်ပါ။ သမိုင်းကျမ်းများကို ပထမဆုံး ရေးခွင့်ရကြသူများမှာ စစ်ကိုအောင်နိုင်သူများသာ ဖြစ်ကြပြီး အာဏာမရှိသော ဘေးဖယ်ခံထားရသူများ မဟုတ်ကြပါ။ အထူးသဖြင့် ဖရန့်စစ်ဘူခါနန်ပင် ၄င်း၏ ခရီးစဉ်တစ်လျှောက်လုံးတွင် ဘင်္ဂလီတို့ကို အာရကန်တို့က ခေါ်ဝေါ်သော အမည်ကား ရိုဆန် Rossaun၊ ရိုဟန် Rohhawn၊ ရုန် Roang၊ ရုန်း သို့မဟုတ် ရွန်း Reng or Rung ဟု အမည်အမျိုးမျိုးဖြင့် သုံးစွဲခဲ့ကြောင်း တွေ့ရသည်။[၆၉] ယနေ့ခေတ် ဥရောပနိုင်ငံတစ်ခုတွင် နိုင်ငံသားဖြစ်ရေးကိစ္စသို့မဟုတ် လူမျိုးရေးသိမှတ်ပုံကိစ္စများကို လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာခန့်က အာရှသို့ ခရီးဆန့်ခဲ့သူတစ်ဦး မှတ်တမ်းအပေါ် အခြေခံ၍ ဆွေးနွေးကြဖို့ကို စဉ်းစားကြည့်ရန် ပင်ခက်ပါသည်။

အာရကန်ရှိ မွတ်ဆလင်တို့ ရင်ဆိုင်နေရသော နိုင်ငံသားအခွင့်အရေးကိစ္စ၊ လူမျိုးရေး သိမှတ်ပုံကိစ္စများကြောင့် ဖြစ်လာသော ပြဿနာများမှာ အာရကန်တွင်သာ ထူးထူးခြားခြားဖြစ်နေသည့် အရာများ မဟုတ်ပါ။ ပဋိပက္ခ သက်တမ်းရှည်လာသည်နှင့်အမျှ ရခိုင်ပြည်နယ်နှင့်အလားတူ ခေတ်သစ်မြန်မာနိုင်ငံရှိ အခြားဒေသများမှ ပဋိပက္ခများတွင်လည်း ဤနည်းနှင်နှင်ပင် တွေ့ရသည်။ ရိုဟင်ဂျာများကဲ့သို့ပင် မြန်မာပြည်ထဲမှ အချို့လူမျိုးများကို ပြင်ပမှ ခေါ်ဝေါ်နေကြသောအမည်မှာ ထိုလူမျိုးများက ၎င်းတို့ကိုယ်၎င်းတို့ ခေါ်သော အမည်များ မဟုတ်နေကြပေ။ ဥပမာ - ကယန်း (ပဒေါင်)၊ ပအို၀် (တောင်သူ) နှင့် တအာင်း (ပလောင်)။ ထိုလူမျိုးများထဲတွင် ဗြိတိသျှတို့ ထွက်ခွာသွားကတည်းက မိမိတို့လူမျိုးစုအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့သည့် အုပ်စုများရှိပါသည်။ အာရကန်အရေးကဲ့သို့ပင် အချို့နယ်စပ်ဒေသများမှာလည်း ကိုလိုနီခေတ်အလွန် တစ်လျှောက်လုံး မတည်ငြိမ်လှဘဲ ခေတ်သစ်နိုင်ငံ၏ နယ်နိမိတ်ကို သတ်မှတ်သော နယ်ခြားမျဉ်း၏ နှစ်ဖက်စလုံး၌ လူမျိုးစုများစွာမှ ဆင်းသက်လာသူများ၊ ယဉ်ကျေးမှုများ ဖြစ်တည်နေကြသည်။ ထိုကဲ့သို့ မငြိမ်သက်သော နယ်ခြားဒေသများတွင် လွတ်လပ်ပြီးနောက် အသစ်ဖြစ်တည်လာသော ပြည်နယ်များ ဖြစ်လာသည့် ကချင်၊ ကရင်နှင့် ရှမ်းတို့ ပါ၀င်သည်။[၇၀]

ဤသို့ပဋိပက္ခများ ဖြစ်ပျက်ကြရာ အထူးသဖြင့် ဗြိတိသျှပိုင်အိန္ဒိယ၏ နယ်ခြားမျဉ်းများ တစ်လျှောက်တွင် မထူးဆန်းပေ။ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယမြောက်ပိုင်းမှာ ဗြိတိသျှတို့ ထွက်သွားကတည်းကပင် ဖရိဖရဲအဖြစ်များနှင့်

ကြုံခဲ့ရသည်။ အထူးသဖြင့် သုံးနိုင်ငံ နယ်နိမိတ် ဆုံချက် နေရာများတွင် နေထိုင်သူများ ဖြစ်လာခဲ့ ကြသော ချင်္ကမ၊ မီဇို နှင့် နာဂကဲ့သို့ လူမျိုးများတွင် ဆက်လက်တိုက်ပွဲဝင်ရခြင်းများ ဖြစ်ခဲ့ ကြသည်။ (ဒေသတွင်း ပဋိပက္ခ အရှုပ်အထွေးကို ကြည့်ပါ။) မြန်မာနိုင်ငံမှ ချင်း၊ ရခိုင်နှင့် ရိုဟင်ဂျာ အရေးတို့မှာ ထိုအဖြစ်များနှင့် များစွာဆင်တူပါသည်။[၇] ရခိုင်နှင့် ရိုဟင်ဂျာလူမျိုးများကသာ ၎င်းတို့၏ လူမျိုးစု ဖြစ်တည်မှု ပျက်စီးမည်ကို ကြောက်ရွံ့နေကြသည်မဟုတ်ပါ။ သို့သော် မြန်မာပြည်မှ ရိုဟင်ဂျာများနှင့် အခြေအနေမတူသည်မှာ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နိုင်ငံဖြစ်လာခဲ့သည် အရှေ့ပါကစ္စတန်တွင် နေထိုင်ကြသော ရခိုင်အနွယ်ဝင်လူမျိုးများ၌ နိုင်ငံသားဖြစ်ခွင့်ရရေးအတွက် ချုပ်ချယ် ကန့်သတ်မှုများနှင့် မကြုံခဲ့ရခြင်းပင် ဖြစ်သည်။ လက်ရှိဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဗုဒ္ဓဘာသာ ၁.၂ သန်းခန့် ရှိသည်။ ထိုသူတို့ကို အာရကန်မှ ဖျောက်ထားခံရသော အာရကန်များဟု ဖော်ပြကြပြီး အကြီးဆုံး ရခိုင်အုပ်စုကို မရမာ Marma ဟု ခေါ်ကြသည်။ ထိုအမည်မှာ ဗြိတိသျှတို့ ထွက်ခွာသည့်အချိန် ၁၉၄၈ နောက်ပိုင်းတွင် ပို၍အသုံးများလာခဲ့သော အမည်ဖြစ်သည်။[၂၂]

လွန်ခဲ့သော နှစ်များအတွင်း မြန်မာနိုင်ငံနှင့်အပြိုင် ပဋိပက္ခအခြေအနေဆိုးလာသော နယ်စပ်တစ်ခုမှာ အာသံပြည်နယ် ဖြစ်သည်။ ၂၀၁၉ ဩဂုတ်လတွင် အိန္ဒိယအစိုးရကက ၁.၉ သန်းခန့်ရှိသော အိန္ဒိယတွင် နေထိုင် နေသူများကို နေထိုင်ခွင့် အထောက်အထားမပြနိုင်လျှင် နိုင်ငံမဲ့များဖြစ်သွားပြီဟု ကြေညာလိုက်သည်။[၇၁] ၁၈၂၃-၁၈၂၄ မတိုင်မီက မြန်မာနိုင်ငံသို့ ရောက်ရှိနေထိုင်သူများက ဆင်းသက်မှသာ အလိုအလျောက် နိုင်ငံသားဖြစ်မည်ဟူသော မြန်မာနိုင်ငံ၏ သတ်မှတ်ချက်နှင့် မတူသည်မှာ အိန္ဒိယကသတ်မှတ်သော အချိန်ကာလမှာ ထိုမျှလောက် ရှေးမကျ ခြင်းပင်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်က ပါကစ္စတန်က ခွဲထွက်ခဲ့သော ၁၉၇၁ မတိုင်မီကတည်းက အိန္ဒိယတွင် နေထိုင်ခဲ့ကြောင်း ပြသနိုင်ရမည်ဟု ကြေညာသည်။ ထိုကြေညာချက်ကြောင့် အမျိုးမျိုးသော အဓိပ္ပါယ်ဖွင့်ဆိုမှုများ ရှိလာသကဲ့သို့ ဝေဖန်ပြစ်တင်မှုများလည်း ကျယ်လောင်လာသည်။ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများနှင့် တူသည်မှာ ထိုသို့အိန္ဒိယက နိုင်ငံမဲ့အဖြစ် သတ်မှတ်လိုက်သော မွတ်ဆလင်များကို ဘင်္ဂလားဒေ့ရှ်ကလည်း နိုင်ငံသားဟူ၍ မသတ်မှတ်ထားပေ။

ရိုဟင်ဂျာတို့အမည်၏ မူလဇစ်မြစ်နှင့်ပတ်သက်ပြီး မေးခွန်းများရှိနေသေးသည်။ မကြာသေးခင်က ထွက်ခဲ့သော သုတေသနများတွင်မူ ထိုအခေါ်အဝေါ် ဇစ်မြစ်ကို ပို၍ စက်ဝိုင်းချဲ့ကြည့်လာကြသည်။ ရိုဟင်ဂျာ ဟူသောစာလုံးမှာ အာရပ်ဘာသာစကားဖြင့် 'Rahm' ခေါ် "Mercy" သနားကရုဏာ" ဟူသော စကားလုံးမှ ဆင်းသက်လာပြီး Ramree ရမ်းဗြဲကျွန်းသည်ပင်လျှင် ထိုအမည်ကို စွဲ၍ မှည့်ခြင်းဖြစ်ကောင်းဖြစ်လိမ့်မည်ဟု ဆိုလာကြသူများပင်ရှိသည်။[၇၃] အချို့ကမူ ရိုဟင်ဂျာဟူသော အမည်မှာ အာရကန်စကား ရိုဟန် "Rohang" or "Rohan" မှ မူလဘူတ ဆင်းသက်လာပြီး မြောက်ဦးမြို့ (မြို့ဟောင်း)မှ လာသော အသုံးအနှုန်းဖြစ်သည်ဟူ၍ ပြောဆိုကြသည်။[၇၄] နာမည်၏ အရင်းအမြစ်က မည်သို့ပင်ရှိပါစေ ရိုဟင်ဂျာ လူပ်ရှားမှုကို တည်ထောင်ခဲ့ ကြသည့် သူများကမူ ပို၍ရိုးရှင်းသော ဖွင့်ဆိုချက်ကိုသာ အသုံးပြုသည်။ ရိုဟင်ဂျာနှင့် ရိုဟန်ဆိုသော အဓိပ္ပါယ်မှာ တစ်နေရာတည်းမှလာပြီး ရခိုင်ဘာသာစကားဖြင့် အာရကန်၊ ရက္ခပူရနှင့် ရခိုင်ဟူ၍ပင် အဓိပ္ပါယ်ရသည်ဟုဆိုသည်။ အရင်းစစ်လျှင် ရိုဟင်ဂျာဟူသောအမည်မှာ ဘင်္ဂါလီဘာသာစကား တစ်ခုဖြစ်ပြီး စစ်တကောင်းတွင် သုံးသော ဘာသာစကားတစ်မျိုးမှ လာသည်ဟုဆိုသူလည်းရှိသည်။ ထိုအဆိုအရ ဤနယ်မြေကို စစ်တကောင်းဘက်က လူများပြောကြသော ဘာသာစကားတွင် ရိုဟန်ဟုခေါ်သောကြောင့် အချိန်ရွှေ့လျားလာသည်နှင့်အမျှ လူများကို လည်း ရိုဟင်ဂျာ သို့မဟုတ် ရိုဟန်မှလူများဟု ခေါ်ဝေါ်ကြခြင် ဖြစ်သည်ဟု ဆိုကြသည်။[၇၆]

၂၁ ရာစုထဲတွင် ဤအခြေအနေများမှာ ဝိဝါဒကွဲစရာ နှစ်ဖက်လွန်ဆွဲသော ကိစ္စဖြစ်သည်။ တစ်ဖက်တွင် မြန်မာပြည်၌ ရိုဟင်ဂျာ၏ ဖြစ်တည်မှုကို လက်မခံဟူသောအမြင် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်ကတည်းက ကြည့်လျှင် အစွန်းအရောက်ဆုံးကာလသို့ ရောက်ရှိနေသည်။ တစ်ဖက်တွင်လည်း ပဋိပက္ခ၏ အတိုင်းအတာဆိုးရွားမှု၊ ဆင်းရဲနာကျင်ရမှုများနှင့် လူ့အခွင့်အရေးကို ငြင်းပယ်မှုများကြောင့် ရိုဟင်ဂျာတို့၏ အရေးမှာ သမိုင်းတစ်လျှောက် အာရုံစိုက်အခံရဆုံး အခြေအနေတွင်ရှိပြီး ကမ္ဘာကလည်း အမြင့်ဆုံးအဆင့် အသိအမှတ်ပြုထားသည့် အခြေအနေ ဖြစ်သည်။ ဤအခြေအနေကို ရောက်လာပြီးနောက် တရားမျှတသော အားလုံးမခြွင်းမချန် ပါဝင်နိုင်သော ဖြေရှင်းနည်းများကိုလည်း ရှာဖွေနေခဲ့ ကြပါသည်။ ဤကမ်းကုန်အောင် ဆိုးရွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများအကြောင်း ဆွေးနွေးငြင်းခုံကြရာတွင် နာမည်တစ်လုံးအတွက် အချိန်ကုန်ကြခြင်းမှာ မဖြစ်သင့်ခဲ့သည့် ကိစ္စသာဖြစ်သည်။



စစ်တွေနာရီစင်ဟောင်း (TK)

၃။ ပါလီမန်ခေတ် (၁၉၄၈ - ၆၂)

နိုင်ငံတစ်ခု တောခိုသွားခြင်း

မြန်မာနိုင်ငံလွတ်လပ်ရေးမှာ ပြည်တွင်းစစ်နှင့်အတူ မွေးဖွားလာခဲ့သည်။ ၁၉၄၈ - ၄၉ ကာလအတွင်း တပ်မတော်အတွင်း၌ အာဇာဖီဆန် ပုန်ကန်မှုများနှင့်အတူ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ကရင်အမျိုးသား အစည်းအရုံးနှင့် အခြားသော လူမျိုးစုများ လက်နက်ကိုင် တောခိုကြသည့်သတင်းမှာ ထိုနှစ်၏ ခေါင်းကြီး သတင်းများဖြစ်ကြသည်။ အာရကန်တွင် ဖြစ်ပေါ်ခဲ့သော လူမှုရေး၊ နိုင်ငံရေး အကွဲအပြဲများသည်လည်း ပြည်မထက်မလျော့ပါ၊ လွတ်လပ်ရေးရပြီး တစ်နှစ်အတွင်း အာရကန်ပြည်သူ့ လွတ်မြောက်ရေးပါတီ၊ အလံဖြူနှင့် အလံနီ ကွန်မြူနစ်တို့နှင့် ပြည်သူ့ရဲဘော်တို့၏ အုပ်ချုပ်မှုအောက်သို့ မြို့ရွာများစွာ ကျရောက်ခဲ့သည်။ ပြည်သူ့ရဲဘော်ပါတီဟု သိကြသောအဖွဲ့မှာ လွတ်လပ်ရေးရကာစ ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံ၏ မြို့ရွာများစွာတွင် ဩဇာရှိသော လူပ်ရှားမှုအဖြစ် ဆက်လက်ရပ်တည်ခဲ့သည်။ ထိုအချိန်တွင် ဂျဖာရ်ကာဂယ်၏ မူဂျာဟစ်ပါတီက အာရကန်မြောက်ဖျားပိုင်း ယခင် မေယုနယ်ခြားခရိုင်ကို စီးမိထားသည်။

ထိုသို့ ရပ်ရွာအုပ်ချုပ်ရေး ကွဲပြားနေချိန်တွင် အာရကန်ရှိ လက်နက်ကိုင် အတိုက်အခံအုပ်စုများကို ထိရောက်စေခဲ့သည်မှာ ကွန်မြူနစ်ပါတီ၏ အုပ်စုနှစ်ခုစလုံးက ထောက်ခံနေသော တပ်ပေါင်းစု မဟာဗျူဟာဖြစ်သည်။ ၁၉၄၉ မှစကာ ပြည်သူ့ဒီမိုကရက်တစ်တပ်ဦးက အာရကန်နယ်တစ်ခွင်လုံး၏ အုပ်ချုပ်ရေးကို စီမံခဲ့သည်။ ထိုအချိန်က ခေါင်းဆောင်များမှာလည်း ဒုတိယကမ္ဘာစစ်အတွင်းတွင် တစ်ဦးနှင့်တစ်ဦး ရင်းနှီးပြီးသားလူများသာ ဖြစ်ကြသည်။ ထင်ရှားသော ခေါင်းဆောင်များထဲတွင် ဦးစိန်လှ APLP၊ ကျော်မြ (အလံဖြူကွန်မြူနစ်)၊ ဘုံပေါက်သာကျော် (အလံနီကွန်မြူနစ်) နှင့် ဗိုလ်စံသာကျော်နှင့် ဗိုလ်ကြာလှအောင် (ပြည်သူ့ရဲဘော်တပ်ဖွဲ့) တို့ဖြစ်ကြသည်။[၁] အောင်မြင်သော အခါ ၁၉၅၂တွင် အလံဖြူကွန်မြူနစ်ပါတီက အာရကန်တွင် ထိုတပ်ပေါင်းစု နည်းဗျူဟာကို ထောက်ခံပြီး တစ်ပြည်လုံးတွင်ကျင့်သုံးရန် အလံနီ၊ ပြည်သူ့ရဲဘော်တို့နှင့် သုံးပွင့်ဆိုင် မဟာမိတ် သဘောတူညီချက်ဖြင့် တိုးချဲ့ဆောင်ရွက်ခဲ့သည်။ သို့သော် ထို တပ်ပေါင်းစုအစီအစဉ်မှာ အာရကန် အနောက်ဘက်နယ်မြေ များနှင့် ကပ်လျက်ရှိသော ချင်းတောင်တန်းများတွင်သာ ခြေကုတ်ယူနိုင်ခဲ့သည်။[၂]

အာရကန်နိုင်ငံရေး၌ ထိုသို့ပါတီအချင်းချင်း စုပေါင်းဆောင်ရွက်ခြင်းမှာ အနာဂတ်အာရကန် နိုင်ငံရေးတွင် အရေးပါသောအမွေတစ်ရပ်အဖြစ်ကျန်ရစ်သည်။ ဗြိတိသျှထွက်သွားပြီးနောက်ပိုင်း အာရကန်တွင်သာ အဖွဲ့အချင်းချင်း ပေါင်း

နိုင်ကြသောကြောင့် မတ်စ်ဝါဒီများနှင့် မိရိုးဖလာ ဗုဒ္ဓဘာသာများပါ အမျိုးသားရေးလှုပ်ရှားမှုများကို အရှိန်တင်နိုင်ခဲ့ကြသည်။ တစ်နိုင်ငံလုံး အနေဖြင့်မူ ဖ.ဆ.ပ.လ၊ ဗ.က.ပ နှင့် တပ်မတော်တို့မှာ ဗမာကြီးစိုးသော ခေါင်းဆောင်မှုပုံစံ ရှိခဲ့ကြသည်။ သို့ရာတွင် အာရကန်နှင့် အခြားလူနည်းစုလူမျိုးများဒေသများတွင် ကွန်မြူနစ်ခေါင်းဆောင်များသည် အမျိုးသားရေးဝါဒီများ၏ မြေရှင်ပဒေသရာဇ်စနစ်ဆန့်ကျင်ရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေးလှုပ်ရှားမှုများတွင် လူထုက အားပေးထောက်ခံနိုင်အောင် တာဝန်ယူပေးခဲ့ကြသည်။[၃] အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှုတိုက်ပွဲများ အာရုဏ်ပြင်းထန်နေချိန်တွင် လူတန်းစားတိုက်ပွဲများကို အခြေခံသည့် လှုပ်ရှားမှုများမှာ အခြေအနေ အချိန်အခါနှင့် အံကိုက်ဖြစ်ခဲ့ကြသည်။ ရခိုင်မှ လွတ်လပ်ရေးတိုက်ပွဲဝင်သူအများစုသည် ပြည်သူ့ဒီမိုကရေစီအားဖြင့်သာလျှင် လွတ်လပ်ရေးကို အမြဲတံဆိုးရနိုင်မည်ဟု ယုံကြည်ခဲ့ကြသည်။ ယခုထက်တိုင်ပင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော အာရကန်သမ္မတနိုင်ငံ တည်ထောင်ရန်ဟူသော ပန်းတိုင်မှာ အမျိုးသားရေး ဝါဒီများကြားတွင် ရေပန်းစား နေမြဲဖြစ်သည်။ (လက်နက်ကိုင် လှုပ်ရှားမှုများသမိုင်းကြောင်းကို ရှုပါ။)

ဗုဒ္ဓဘာသာသည် အာရကန်အမျိုးသားရေး လှုပ်ရှားမှုများ နိုးကြားလာရေးတွင် အရေးပါခဲ့သည်။ APLP နှင့် ဦးစိန္တာမှ အစပြု၍ နိုင်ငံရေးအသိုင်းအဝိုင်းတွင် ပညာတတ်များနှင့် ဗုဒ္ဓဘာသာဝင်များ၏ အစဉ်အလာ အရှိန်အဝါများ ပေါင်းစည်းနေမြဲဖြစ်သည်။ အာရကန်၏ ဗုဒ္ဓသာသနာအမွေကို ဂုဏ်ယူဝင့်ကြွားခြင်းမှာလည်း အာရကန်အမျိုးသားရေးတွင် အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။ ထိုကာလများတွင် ကွန်မြူနစ်များအပါအဝင် နိုင်ငံရေးခေါင်းဆောင်များမှာ ရဟန်းဝတ်နှင့် နေခဲ့ကြဖူးသူများ ဖြစ်ကြသည်။ ဗုဒ္ဓဘာသာသည်နိုင်ငံရေးလှုပ်ရှားမှုများ၏ အယူအဆရေးရာ ရေသောက်မြစ်အဖြစ် ခိုင်မာစွာရှိသည်။[၄] ယခု ကာလထိတိုင်အောင် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများသည် နိုင်ငံရေးထက္ကြွ လှုပ်ရှားသူများ ဝင်ထွက်သွားလာနိုင်ကြသော လုံခြုံရာနေရာ များဖြစ်နေကြသေးသည်။

နောက်ဆုံးတွင်မူ အခြေအနေများ ပြောင်းလဲလာကာ အစိုးရဘက်ကိုရေစီးသာလာခဲ့သည်။ အစပိုင်းတွင် တပ်မတော်ပစ်မှတ် ရန်သူမှာ အာရကန်မြောက်ဖျားပိုင်း မူဂျာဟစ်ပါတီဖြစ်သည်။ ဂျဖာရ် ကာဝယ် ၁၉၅၁ တွင် လုပ်ကြံခံရပြီးနောက် ယနေ့မောင်တောဟုခေါ်သော နယ်မြေတွင် မူဂျာဟစ်လှုပ်ရှားမှုမှာ ဌာနနှစ်ခုကွဲသွားခဲ့သည်။ ၁၉၅၄ မုတ်သုံစစ်ကြောင်းဖြင့် တပ်မတော်က ထိုးစစ်ဆင်လာသောအခါ မူဂျာဟစ်တို့၏ နတ်မြစ်နယ်ခြားတစ်လျှောက်ရှိ နောက်ဆုံးခြေကုတ်များကို သိမ်းယူခဲ့သည်။ မူဂျာဟစ်တို့၏ လူသိအများဆုံးခေါင်းဆောင် ကာဆင်သည် နယ်စပ်ကို ကူး၍ တစ်ဖက်တွင် ခိုလှုံခွင့်တောင်းခံရသည်။ နောက်ပိုင်းတွင်မူ စစ်ဆင်ရေးအောင်မြင်မှု လျော့ကျလာပြီး မေယုတောင်ကြားတွင် မူဂျာဟစ် ဗြောက်ကျားများ ဆက်လက်လှုပ်ရှားနိုင်ခဲ့ကြသည်။[၅] တစ်ချိန်တည်းတွင် အာရကန်၏ အလယ်ပိုင်းနှင့် တောင်ပိုင်းမှ အမ်းနှင့်ဂွမြို့များမှာ ဗ.က.ပ၊ ပြည်သူ့ရဲဘော်နှင့် APLP ထိန်းချုပ်မှုအောက်တွင် ရှိခဲ့သည်မှာ အမ်းမြို့ဆိုလျှင် ၁၉၅၆ ခုနှစ်အထိဖြစ်ပြီး ဂွမြို့မှာ ၁၉၅၈ အထိ ရှိခဲ့သည်။ ၁၉၅၇ တွင် ချင်းတောင်တန်းပေါ်မှ ချင်းများနှင့် အခြားတောင်ပေါ်လူမျိုးစုများအားလုံး ပူးပေါင်းကာ အာရကန်မြောက်ပိုင်း၏ လူမျိုးစုံ တိုင်းရင်းသားများအဖွဲ့ (Tribal Nationalities Organization) ကို တည်ထောင်ခဲ့ကြသည်။[၆]

ဒုတိယကမ္ဘာစစ်ကြီး၏ ရက်စက်ကြမ်းကြုတ်မှုများပြီး၍ မကြာမီ ပါလီမန်ခေတ်အတွင်း တစ်ပြည်လုံးသို့ ပျံ့နှံ့ခဲ့သော ပြည်တွင်းစစ်မှာ ကြေမွပျက်ပြုန်းမှုကို ယူဆောင်လာခဲ့သည်။ ထိုနှစ်များ၌ စစ်ပွဲများကြောင့် အသက်ဆုံးရှုံးခဲ့ကြသူ မည်မျှရှိကြောင်းပင် အထောက်အထား မရှိပေ။ အစိုးရ၏ အဓိက အာရုံစိုက်ရာနေရာမှာ ရန်ကုန်၊ မန္တလေးနှင့် အထက်အညာတစ်ကြောရှိ မြို့ရွာများဖြစ်ကြသည်။ တရုတ်တွင် မော်စီတုံဦးဆောင်သော ကွန်မြူနစ်များအောင်ပွဲခံပြီးနောက် ရှမ်းပြည်နယ်ထဲသို့ ကူမင်တန်များ ဝင်ရောက်လာခြင်းကလည်း အစိုးရအာဏာပိုင်များအတွက် ပို၍ ဝန်ပိစေခဲ့သည်။

အစိုးရအတွက်မူ မည်သည့်ပြည်တွင်း စစ်ပွဲကိုနိုင်နိုင် အပျက်အစီးပုံထဲမှ အရုံးပြသော အနိုင်မျိုးချည်းသာ။ လွတ်လပ်ရေး ရကာစ အရေးကြီးသော တိုင်းပြည်ထူထောင်ရမည့်နှစ်များတွင် ငြိမ်းချမ်းရေးကို တည်ဆောက်ရမည့်အစား နောက်ဆယ်စုနှစ်များစွာအထိ မငြိမ်းမည့် အငြိုးအတေးရန်မီးများနှင့် မတည်ငြိမ်မှုများကို မျိုးစေ့ချခဲ့ကြသည်။ အန္တရာယ်လမ်းကို ခင်းခဲ့ကြသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်သစ်တွင် လက်နက်ကိုင် တိုက်ပွဲဝင်ခြင်းသည် လုပ်ရိုးလုပ်စဉ် ကိစ္စတစ်ခုဖြစ်လာခဲ့သည်။

ရွေးကောက်ပွဲလှုပ်ရှားမှုများ ပြန်လည်အသက်ဝင်ခြင်း

တိုက်ခိုက်နေကြခြင်းများကို မရပ်နိုင်သော်လည်း ပါလီမန်ခေတ် နိုင်ငံရေးတွင် ဖြိတ်သျှတို့ ထွက်ခွာပြီးနောက် ပိုင်းအရေးကြီးသောဖွဲ့စည်းပုံအပြောင်းအလဲများကို လုပ်နိုင်ခဲ့သည်။ APLP နှင့် လက်နက်ကိုင် အတိုက်အခံ လှုပ်ရှားမှုများအနေနှင့် အာရကန်သမိုင်းတွင် ထူးခြားသော မှတ်တိုင်များစိုက်ခဲ့ကြသည်။ ရခိုင်ပါတီများထဲတွင် ကွန်ဆာဗေးတစ်အမျိုးသားရေးဝါဒီများ လှုပ်ရှားမှုများသည် လွတ်လပ်ရေးရပြီးခေတ်တွင် အောင်မြင်သည်ဟု ဆိုနိုင်သည်။ ၁၉၅၁

အထွေထွေ ရွေးကောက်ပွဲတွင် ဖ.ဆ.ပ.လ က အာရကန်တွင် သုံးနေရာသာ နိုင်ခဲ့သော်လည်း ၎င်းတို့က ၁၇ နေရာ အနိုင်ရခဲ့သည်။ တစ်သီးပုဂ္ဂလ ရခိုင်ပါလီမန်အဖွဲ့ဟုလည်း သိကြသော (IAPG - နောင်တွင် ရခိုင်ပြည်တိုင်းရင်းသား ညီညွတ်ရေးအဖွဲ့ ရ.တ.ည ဖြစ်လာသည့်)သူများသည် ပြည်ထောင်စုအာရကန်ကို ပြည်နယ်တစ်ခုဖြစ်လာရန် အရေးဆိုခဲ့ကြသည်။ ၎င်းတို့ ရွေးကောက်ပွဲအောင်မြင်မှုမှာ လုံးလုံး အံ့သြစရာတော့ မဟုတ်ပေ။ သမိုင်းဆရာတစ်ဦးဖြစ်သော Hugh Tinker က တစ်နယ်တစ်ကျေးမှ ရခိုင်သို့လာပြိုင်သော ဖ.ဆ.ပ.လ အမတ်များသည် အခြားနယ်များသို့သွားသော အမတ်များထက် ပို၍စွာကျယ်ပြီး အနိုင့်အထက် အာဏာရှင်ဟန် ပိုပေါက်သည်ဟု ဆိုခဲ့သည်။[7]

အစိုးရသည် ရခိုင်၏အခြေအနေအပေါ် တုံ့ပြန်ရာတွင် လွန်စွာနှေးကွေးပါသည်။ အာဏာပိုင်များသည် တိုင်းပြည်တစ်ပြည်လုံး၌ ကြုံနေရသော ပဋိပက္ခအတိုင်းအတာကြောင့် ရခိုင်ကိုအာရုံမကျနိုင်ပေ။ ထို့ထက်ပိုသောအကြောင်းရင်းတစ်ခု ရှိနေပါသေးသည်။ ဝန်ကြီးချုပ်ဦးနုသည် ရခိုင်များ မွန်များနှင့် ကရင်များအတွက် ပြည်နယ်အသစ်များဖွဲ့စည်းပေးရန် တစ်ရာရာခိုင်နှုန်း သဘောမတူဟု ရှင်းရှင်းပြောထားသူ ဖြစ်သည်။[8] ဤအခြေအနေတွင် လူမျိုးစုအရေးလှုပ်ရှားသူများ၏ တောင်းဆိုချက်များကို ဖြေရှင်းပေးရာတွင် တိုးတက်မှု အနည်းငယ်သာ ရှိခဲ့သည်။ ၁၉၄၈တွင် ဒေသဆိုင်ရာ အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင်ကို စတင်ခဲ့ချိန်တွင် အာရကန်၊ ကရင်နှင့် မွန်တို့မှ ပြည်နယ်အဆင့် ရရှိရေး တောင်းဆိုချက်များ အပါအဝင် တင်ပြလာသော အချက်များကို စစ်ဆေးခဲ့ပါသည်။[9] သို့သော် ရလဒ်မှာ ၁၉၅၂ တွင် ကရင်ပြည်နယ် ဖြစ်ပေါ်လာရေးအတွက် မြေပုံအကြမ်းထွက်လာခြင်းသာ ဖြစ်သည်။ ပြည်ထောင်စုအတွင်း နေထိုင်သော ကရင်လူဦးရေ၏ လေးပုံတစ်ပုံထက်နည်းသော နယ်မြေကိုပေးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ရာ KNU က တောင်းဆိုသော ပမာဏနှင့် များစွာကွာဟနေသည်။ KNU သည် နောက်ထပ် အနှစ် ၆၀ ကြာ ရုန်းကန်ရပြန်သည်။

မွတ်ဆလင်တို့၏ နိုင်ငံရေးတွင်လည်း ထိုကဲ့သို့ပင် တိုးတက်မှုမရှိသော အခြေအနေနှင့် ကြုံတွေ့ရသည်။ မွတ်ဆလင်တို့သည် ပါလီမန်ခေတ်နိုင်ငံရေးတွင် အောင်မြင်ခဲ့သည်။ ၁၉၄၇၊ ၁၉၅၁ နှင့် ၁၉၅၆ ရွေးကောက်ပွဲများတွင် မွတ်ဆလင်အမတ်လောင်းများသည် မောင်တောနှင့် ဘူးသီးတောင် မြို့နယ်များ၌ ဂျမီယာတူ - အူလမာ - အာရကန်မြောက်ပိုင်း (တစ်နေရာတွင်မူ ဗမာမွတ်ဆလင်ကွန်ဂရက်)၏ ထောက်ခံမှုဖြင့် ဝင်ရောက်အရွေးခံရာ အနိုင်ရခဲ့သည်။[10] ကွန်ဆာဗေးတစ် မွတ်ဆလင်တို့သည် မူဂျာဟစ်တို့၏ လက်နက်ကိုင်လမ်းစဉ်ကို ဖယ်ချခဲ့သည်။ မွတ်ဆလင် ပါလီမန် ခေါင်းဆောင်များဖြစ်ကြသော ဆူလတန် အာမက်နှင့် အဗ္ဗဒူဂါဖားရ်တို့က မူဂျာဟစ်များ၏ နိုင်ငံရေးတောင်းဆိုချက်များကို လက်ခံစဉ်းစားနိုင်ကြရေးအတွက် လက်နက်ချကြရန် မူဂျာဟစ်များကို နားချခဲ့ရာတွင် ပါဝင်ခဲ့ကြသည်။[11] သို့သော်လည်း မွတ်ဆလင်နိုင်ငံရေး သမားများသည် နိုင်ငံရေးပါတီတစ်ခုကို မဖွဲ့ခဲ့ကြပေ။ တစ်ချိန်တည်းတွင် တစ်သီးပုဂ္ဂလ ရခိုင်ပါလီမန်အဖွဲ့ IAPG နှင့် ရ.တ.ည ANUO ခေါင်းဆောင်များနှင့် ပူးပေါင်းကာ အာရကန်လုံးဆိုင်ရာ မဟာမိတ်ကို ဖွဲ့စည်းပြီး အာရကန်ပြည်နယ် ပေါ်ပေါက်လာရေး ဝိုင်းဝန်းတောင်းဆိုကြရန်ကိုလည်း ၎င်းတို့ကလက်မခံခဲ့ကြပေ။[12] ၎င်းတို့၏ မဟာဗျူဟာအရ အစိုးရနှင့် အတိုက်အခံ နှစ်ဖက်စလုံးက ပါလီမန်အမတ်များနှင့် တွေ့ဆုံကာ မွတ်ဆလင်များ၏ အခွင့်အရေးကို တင်ပြအရေးဆိုရေးကို ရွေးချယ်ခဲ့သည်။

၎င်းတို့ ရွေးချယ်ခဲ့သော ပါလီမန်လမ်းကြောင်းမှာ လူကြိုက်များသော်လည်း ကြုံလာတော့မည့် ပြဿနာအရိပ်အယောင်များကို တွေ့နေရသည်။ မွတ်ဆလင်တို့သည် အခြားအုပ်စုများနှင့် အာရကန်ပြည်နယ်ရရှိရေး လှုပ်ရှားမှုတွင် မပူးပေါင်းဟု ရခိုင်နိုင်ငံရေးသမားများက ထင်နေကြသည်။ နောက်တစ်ချက်မှာ ဗဟိုအစိုးရအတွင်း၌ ဖြစ်ပွားနေသော ပြဿနာဖြစ်ပြီး ဖ.ဆ.ပ.လ အောက်သို့ဝင်စေချင်သည်။ မွတ်ဆလင်ခေါင်းဆောင်များသည်လည်း ယခုအခါရခိုင်ပါတီများကြုံရသကဲ့သို့ အကျပ်အတည်းနှင့် အလားတူ ကြုံနေရပြီဖြစ်သည်။ မိမိတို့အနေနှင့် မွတ်ဆလင်အရေးကို ဗမာကြီးစိုးသော ပါတီများနှင့် ဗဟိုအစိုးရ၏ အရိပ်အောက်တွင် ခိုကာ လှုပ်ရှားမည်လော၊ အပြင်ဘက်မှရပ်တည် လှုပ်ရှားမည်လော ဟူသည့် မေးခွန်းကို ရင်ဆိုင်ရပြီ။

ဤအရေးမှာ ဗြိတိသျှတို့ ထွက်သွားကတည်းက မကိုင်တွယ်လာခဲ့သည့် မွတ်ဆလင်တို့၏ အခွင့်အရေးနှင့် လူမျိုးစု ဝိသေသပြဿနာကို ရှေ့တန်းရောက်လာစေသည်။ ထို့ကြောင့်ပင် ၁၉၄၈ ဆယ်စုနှစ်ကုန်ခါနီးနှစ်များနှင့် ၁၉၅၀ ဆယ်စုနှစ် အစောပိုင်းကာလများတွင် ရိုဟင်ဂျာဟူသော ကိစ္စကို မှတ်တမ်းထဲတွင် ပို့တွေ့ရသည်။ (ရခိုင်၊ ရိုဟင်ဂျာနှင့်အမည်သညာ နိုင်ငံရေးကိုရှုပါ)။ လူမျိုးစုဖြစ်တည်မှုနှင့် ပတ်သက်၍ ရိုဟင်ဂျာဟုခေါ်ခေါ် အာရကန်မွတ်ဆလင်ဟုခေါ်ခေါ် အကြောင်းအရာက အတူတူပင်ဖြစ်နေတတ်သည့်အခါများရှိသည်။ သို့သော်မွတ်ဆလင်အသိုင်းအဝိုင်းတွင်လည်း မိမိတို့လူမျိုးအား မည်သို့တင်ပြမည်ဆိုသည်နှင့် ပတ်သက်၍ နိုင်ငံရေးအမြင်များ ကွဲနေကြသည်။

အထူးသဖြင့် စစ်တွေရှိမွတ်ဆလင်အများအပြားနှင့် ရခိုင်အလယ်ပိုင်းနှင့် တောင်ပိုင်းရှိဒေသများတွင် နေထိုင်သူ မွတ်ဆလင်များက ရခိုင်မွတ်ဆလင်ဟူသော အခေါ်အဝေါ်ကို ဆက်လက်သုံးစွဲကြသည်။ ဥပမာ - ရခိုင်မွတ်ဆလင်အဖွဲ့ဟူ၍ဖြစ်သည်။ ယေယုယျအားဖြင့် ထိုနေရာများမှ



ဘူးသီးတောင်အနီး မြစ်အတွင်း စစ်ဘီးကားနှစ်ခြင်းသွားနေသော မုတ်ဆလင်များ (TK)

ခေါင်းဆောင်များက ဖ.ဆ.ပ.လ၊ BMC နှင့် မြန်မာနိုင်ငံ၏ အခြားဒေသများမှ မွတ်ဆလင်များနှင့် အဆင်ပြေသော ဆက်ဆံရေးကို တည်ဆောက်ရန် ဦးစားပေးလိုကြသည်။[၁၃] ၁၉၅၆ တွင် ဖဆပလအတွင်းသို့ BMC ကပူးပေါင်းသောအခါ အဖွဲ့အစည်းနှစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ရမည့်အစား BMC ကသာ ဖ.ဆ.ပ.လ ၏ ဝါးမျိုခြင်းခံရပြီး အဖွဲ့ပျောက်သွားခဲ့သည်။

အလားတူကိစ္စမျိုးမှာ အာရကန်တွင်လည်း ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံရေးအခြေအနေ အပြောင်းအလဲများမှာ အောက်ခြေတွင် ပို၍အရှိန်ပြင်းပါသည်။ လူမျိုးစုအချင်းချင်းကြား ဆက်ဆံရေးများမှာ ဒုတိယကမ္ဘာစစ်ကတည်းက ခပ်တန်းတန်းဖြစ်နေကြပြီး ဗြိတိသျှတို့ထွက်သွား သောအခါတွင်လည်း နယ်မြေသစ်ပိုင်းခြားမှုများကြောင့် နယ်ခြားတစ်လျှောက် ပဋိပက္ခများ ဖြစ်ခဲ့ကြသောကြောင့် တစ်ဦးကိုတစ်ဦး သိနားလည်ရန် ခက်ကြသည်။ မွတ်ဆလင် ကိုယ်စားလှယ်များတွင်လည်း စိုးရိမ်နေသည့် ကိစ္စများစွာ ရှိပါသည်။ ပဋိပက္ခများ အချိန်ကြာလာသည်နှင့်အမျှ မြောက်ပိုင်း မွတ်ဆလင်အဖွဲ့များအား စွပ်စွဲမှုများလည်း ရှိလာသည်။ ထိုစွပ်စွဲချက်များတွင် နယ်မြေထဲသို့ ပါကစ္စတန်များကို ခေါ်သွင်းလာသည်ဟူသော အချက်လည်း ပါရှိသည်။ ဘင်္ဂလားနှင့် အဆက်အဆံရှိသော ကွန်မြူနစ်ခြေကုတ်စခန်းတစ်ခုကို မူဂျာဟစ်များက တည်ဆောက်နေသည်ဟူသော စွပ်စွဲချက်များလည်း ထွက်လာသည်။ မူဂျာဟစ်တို့သည် တရုတ်မှဝင်လာသော ကူမင်တန် ကျူးကျော်သူများထက်ပင် တိုင်းပြည်အတွက် အန္တရာယ်ဖြစ်နိုင်သေးသည်ဟု IAPG က ဆိုသည်။[၁၄]

အခြေအနေဆိုးလာသည်ကို သတိထားမိလာသည်နှင့်အမျှ မွတ်ဆလင် ခေါင်းဆောင်များသည် မိမိတို့ပြည်သူများ ကြုံရတော့မည့် အနာဂတ်အတွက် စိုးရိမ်လာခဲ့ကြသည်။ ထို့ကြောင့်ပင် ၁၉၅၁ တွင် အာရကန် မွတ်ဆလင် ကွန်ဖရင့်က ဖဆပလအစိုးရသို့ "အာရကန်တွင် ကွန်မြူနစ်နှင့် ဒီမိုကရေစီကြား ထီးတည်းရပ်တည်နေသော မွတ်ဆလင်များအား ဂျီနိုဆိုက်လုပ်ခြင်းကို ရပ်တန့်ပါ"ဟု အယူခံစာတစ်စောင်ကို ပေးပို့ခဲ့သည်။[၁၅] ဤစာထဲတွင် ဖြစ်လာမည့်အေးကို ကာကွယ်နိုင်ကြရန် သတိပေးထားပြီး ၎င်းတို့ကြောက်လန့်နေသည်မှာ "လက်နက်ကိုင် ပုန်ကန်သူများထက်" "အာရကန်" များဖြစ်ကြကြောင်း၊ အထူးသဖြင့် အစိုးရစစ်တပ်ထဲတွင် ပါဝင်သော အာရကန်များကို အထူးစိုးရိမ်ကြောင်း ရည်ညွှန်းခဲ့သည်။[၁၆] ပထမအကြိမ် ဂျီနိုဆိုက်ဟူသော စကားလုံးကို ထိုစာ၌ အသုံးပြုခဲ့ခြင်းဖြစ်သည်။

နည်းဗျူဟာ ပြောင်းလဲအသုံးပြုရန် လိုအပ်နေပြီဆိုသော အချက်ကို သတိထားမိခဲ့ကြသော အာရကန်မြောက်ပိုင်းရှိ မွတ်ဆလင်ခေါင်းဆောင်များသည် မိမိတို့နေထိုင်ရာအရပ်မှ မွတ်ဆလင်များ၏ အခွင့်အရေးကို ကာကွယ်ရန် ခြေလှမ်းစတင်ခဲ့ကြသည်။ ၁၉၅၆ ခုနှစ်အထိ ဂျမီယာတူ- အူလမာ (အာရကန် မြောက်ပိုင်း) ကို ရရှိင်မွတ်ဆလင်အဖွဲ့ဟု အများအားဖြင့် ရည်ညွှန်းလေ့ရှိကြသည်။ သို့ရာတွင် ယခုအခါ မူဝါဒ ပြောင်းရတော့မည်ဟု ယူဆကြသည်။ မဟာဗျူဟာသစ်အရ မေယုနယ်ခြားခရိုင်မှ မွတ်ဆလင်တို့ ကြုံနေရသည့် ဒုက္ခများကို ပို၍ အလေးထားရတော့မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်တွင် တန်းတူရည်တူ နိုင်ငံသားအဖြစ် အခွင့်အရေးရရှိရန်မှာ ၎င်းတို့၏ အခြေခံတောင်းဆိုချက်ဖြစ်သည်။

မဟာဗျူဟာသစ်အရ အဓိကတောင်းဆိုသော အရာနှစ်ခုမှာ လူမျိုးကိုအသိအမှတ်ပြုရေးနှင့် နယ်မြေကို အသိအမှတ်ပြုရေးဖြစ်သည်။ ပထမဦးစွာ မွတ်ဆလင်ခေါင်းဆောင်တို့သည် အိန္ဒိယမွတ်ဆလင်များနှင့် မိမိတို့မှာ မတူကြောင်းကို ကွဲပြားရန် ရှိဟင်ဂျာဟူသော ဖြစ်တည်မှုကို

အများသိစေမည့် ခြေလှမ်းများကို စတင်ကြသည်။[၁၇] လူမျိုးရေးကို အခြေပြုသော မြန်မာနိုင်ငံရေးတွင် ရိုဟင်ဂျာ ခေါင်းဆောင်များသည် ၎င်းတို့၏ နိုင်ငံရေးလှုပ်ရှားမှုကို မွတ်ဆလင် ဘာသာရေးနှင့် တွဲ၍မမြင်ကြစေလိုဘဲ လူမျိုးနှင့်တွဲ၍ အသိအမှတ် ပြုစေလိုခဲ့ကြသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် အာရကန်မြောက်ပိုင်းမှ ပါလီမန်အမတ် အဗ္ဗဒူဂဖားရ်နှင့် အခြားမွတ်ဆလင် နိုင်ငံရေးသမားများက ၎င်းတို့၏ တင်ပြချက်များ၊ ဆွေးနွေးခန်းများ၊ ကြေညာစာများတွင် ရိုဟင်ဂျာဟူသောအမည်ကို များများသုံးလာခြင်းက ဤအချက်ကို သိသာစေပါသည်။ လူမျိုးစု သိမှတ်ပုံအားဖြင့် ရိုဟင်ဂျာမှာ အာရကန်တွင်ရှိသော အဓိက လူမျိုးကြီးနှစ်စုတွင် တစ်ခုဖြစ်သည် ဟူ၍ ကြေညာခဲ့ကြသည်။[၁၈] အချို့သော အရေးအသားများတွင် ရိုဟင်ဂျာကို "Rwangya" ဟု တွေ့ခဲ့ရသော်လည်း ၁၉၅၀ ခုနှစ်နောက်ပိုင်းတွင် ရိုဟင်ဂျာကိုသာ ပိုမိုအသုံးပြုလာကြသည်။

အစောပိုင်းတွင် ထိုရိုဟင်ဂျာလှုပ်ရှားမှုကို သိပ်သတိမထားမိကြပေ။ သို့ရာတွင် နောက်နှစ်ကြာ လာသောအခါ ၁၉၅၆ တွင်ဖွဲ့သော ညီညွတ်သော ရိုဟင်ဂျာအစည်းအရုံးနှင့် ၁၉၅၉ တွင် တည်ထောင်သော ရိုဟင်ဂျာလူငယ်များအစည်းအရုံးတို့ကဲ့သို့ ကွန်ရက်များကြောင့် အာရကန်မြောက်ပိုင်းအပြင် အခြားသောမြန်မာနိုင်ငံဒေသများသို့ ရိုဟင်ဂျာအရေးဆို မှုများ ပျံ့နှံ့လာခဲ့သည်။[၁၉]

ရိုဟင်ဂျာအရေးဆော်ဩမှုများ ခရီးဆက်လာသည်နှင့်အမျှ ရိုဟင်ဂျာခေါင်းဆောင်များက ၎င်းတို့၏ ဒုတိယမူဝါဒပန်းတိုင်ကို ဖိ၍တောင်းဆိုခဲ့ကြသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေတစ်ရပ် တည်ထောင်ရန် ဖြစ်သည်။ ထိုအချက်ကိုမူ ကန့်ကွက်မှုများ ချက်ချင်းကြုံတွေ့ရသည်။ မေယုတောင်ကြား ခရိုင်တွင် မွတ်ဆလင်ပြည်နယ်တစ်ခုပေါ်ပေါက်လာမည်ကို ရခိုင်ပြည်သူများက လက်မခံနိုင်ပေ။[၂၀] မူဂျာဟစ် ပုန်ကန်သူများကလည်း ဆက်လက်တိုက်ပွဲ ဝင်ကြသည်။ အာရကန်မြောက်ပိုင်းတွင် အူရဒူဘာသာ စကားကိုသာ သုံးရမည်ဟူသော စိတ်ကူးစိတ်သန်းလည်း ပေါ်ထွက်လာရာ မွတ်ဆလင်မဟုတ်သော သူများကြားတွင် စိုးရိမ်မှုပိုတိုးလာခဲ့သည်။[၂၁] စိုးရိမ်စရာကောင်းလှစွာပင် စိတ်ဝမ်းကွဲလာကြပြီး နားလည်မှု အလွဲများမှာလည်း လျင်မြန်စွာပျံ့နှံ့လာသည်။ ယနေ့ထက်တိုင် ထိုကဲ့သို့ အချင်းချင်း စိုးရိမ်မှုများကို ဖြေရှင်းရန်အတွက် အဓိကလိုအပ်သော မျက်နှာစုံညီနှစ်ဖက်ရင်ဆိုင် ဆွေးနွေးခြင်းမျိုးကို မည်သည့်အခါကမျှ မလုပ်နိုင်ခဲ့ကြသေးပါ။

အမှန်စင်စစ် အာရကန်ရှိ မွတ်ဆလင်များမှာ ရိုဟင်ဂျာဟူ၍ အသိအမှတ်ခံရရန် ဆောင်ရွက်ရာတွင် ဖြစ်စေ အာရကန်မွတ်ဆလင်ဟူ၍ နေထိုင်ကြလျှင်ဖြစ်စေ အားလုံးမှာ ချောင်ပိတ်မိနေကြသည်သာ ဖြစ်သည်။ ရိုဟင်ဂျာဟူသော ဖြစ်တည်မှုကို တောင်းဆိုခဲ့ကြစဉ်က အနည်းဆုံး မွတ်ဆလင် ခေါင်းဆောင်များသည် ပါလီမန်ခေတ်တွင် အောင်မြင်မှု အထိုက်အသင့်ရရှိခဲ့ကြသည်။ နိုင်ငံရေးလှိုင်းထဲတွင်လည်းကောင်း မီဒီယာထဲတွင်လည်းကောင်း ရိုဟင်ဂျာမှာ နာမည်ရလာခဲ့သည်။ သို့ရာတွင် ထိုကဲ့သို့ အသိအမှတ်ပြုခံရမှုကို ကြည့်လျှင် သတိထား၍ သုံးသပ်ရန်လိုပါသည်။ အာရကန်ဒေသရှိ လူအပေါင်းတို့၏ နိုင်ငံရေးမျှော်မှန်းချက်များသည် ၁၉၅၀ကျော်ကာလ တစ်နိုင်ငံလုံးကသောင်းကနင်းဖြစ်နေချိန်တွင် ဗဟိုအစိုးရ၏ အဓိကဦးစားပေးကိစ္စများ မဟုတ်ကြပေ။ ပြည်ထောင်စုသစ်၏ အစိုးရအတွက်မူ ရိုဟင်ဂျာဖြစ်စေ ရခိုင်ဖြစ်စေ ပြည်တွင်းစစ်မီးလောက် အရေးမကြီးရာ အာရကန်တွင် ပဋိပက္ခများ ရှိနေသော်လည်း ချောင်ထိုးခံခဲ့ရသော ပဋိပက္ခ ဒေသသာ ဖြစ်လာခဲ့သည်။

ထိုအချိန်တွင် ဝန်ကြီးချုပ်ဦးနုက "ဒီမိုကရေစီအတွက် လက်နက်ချရေး" ဟူ၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ၁၉၅၈ တွင် ကြေညာခဲ့ရာ မျှော်လင့်ခြင်း ရောင်ခြည်သန်းလာပြန်သည်။ လွတ်လပ်ရေးရပြီးကတည်းက ပထမဆုံးအကြိမ်အဖြစ် နိုင်ငံရေးအဖြေတွေ့ကြတော့မည်ဟု အကောင်းဘက်သို့ မျှော်လင့်လာကြပြန်သည်။ သို့ရာတွင် ထိုမျှော်လင့်ချက်များမှာ ကြာကြာမခံလိုက်ပါ။ ထိုငြိမ်းချမ်းရေးရသောကြားကာလမှာအလွန်တိုတောင်းလှပြီး ပိုကြမ်းသောမုန်တိုင်းမလာမီ ခေတ္တမျှ ငြိမ်ကျသွားခြင်းသာ ဖြစ်ခဲ့သည်။

"လက်နက်နှင့် ဒီမိုကရေစီလဲလှယ်ရေး" ငြိမ်းချမ်းရေးလမ်းစနှင့် နိုင်ငံရေးကျဆုံးခြင်း

၁၉၅၀ ကျော်ကာလတစ်ဝိုက်တွင် တစ်နိုင်ငံလုံးစစ်ပန်းနေကြပြီ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကပင် စစ်မီးသည် ယခုထက်တိုင် မငြိမ်းသေးသောကြောင့် ရပ်ရွာများအေးချမ်းတည်ငြိမ်သည်ဟူ၍ မရှိခဲ့ပေ။ အစိုးရနှင့် မျက်နှာချင်းဆိုင် ငြိမ်းချမ်းရေးဆွေးနွေးသည့်အကြိမ်မှာလည်း ရှား ရှား ပါး ပါး နည်းလှသည်။ အင်းစိန်ကို သိမ်းသော အရေးကြောင့် KNU နှင့် ၁၉၄၈ လောက်က အရေး အကြီးဆုံး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ အားရစရာ မရှိသော ဤအခြေအနေထဲတွင် ၁၉၅၅ လောက်ရောက်သောအခါ ငြိမ်းချမ်းရေးမှာ အရှိန်ရစပြုလာသည်။ ငြိမ်းချမ်းရေးလမ်းစကို အလံဖြူကွန်မြူနစ်များက စယူလာခဲ့သည်။ "ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး" ကို ရှေးရှုကြဖို့ ဟူသော မူဝါဒသစ်ကို ၁၉၅၅ မေလတွင် ရခိုင်ရိုးမ အရှေ့ဘက်တွင်ရှိသော စေတုတ္တရာမြို့၏ ပါတီအစည်းအဝေးတွင် ချမှတ်ခဲ့သည်။[၂၂] ဗ.က.ပ တို့၏ ငြိမ်းချမ်းရေး ဆော်ဩမှုကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး

တပ်ဦး ပ.မ.ည.တ (National United Front) ပေါ်ပေါက်လာပြီး ၁၉၅၆ အထွေထွေ ရွေးကောက်ပွဲတွင် ဖ.ဆ.ပ.လ ကိုကပ်ပြီး ရှုံးခဲ့သည်။[၂၃] ပါတီအချင်းချင်း စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြရန် အခါတော်ပေးနေချိန်ဖြစ်သောကြောင့် ရခိုင်ပြည်တိုင်းရင်းသား ညီညွတ်ရေးအဖွဲ့နှင့် ဗမာမွတ်ဆလင် ကွန်ဂရက်တို့က ပ.မ.ည.တ ၏ ငြိမ်းချမ်းရေး ရှေးရှုသောမူကိုထောက်ခံခဲ့ကြသည်။

ထိုအချိန်မှစကာ နိုင်ငံရေးလောက ပူးပေါင်း



ဦးအောင်ဇံဓဝ၊ ANC ခေါင်းဆောင်နှင့် ဖဆပလ ဝန်ကြီး

ဆောင်ရွက်မှု အရှိန်ရလာပြန်သည်။ ဖ.ဆ.ပ.လ အစိုးရသည် တံခါးပိတ် အစည်းအဝေးများတွင် ပြုပြင်ပြောင်းလဲရေးကတိကဝတ်များ ပြုခဲ့ပြီး ထိုကတိများတွင် ၁၉၅၈ လွတ်ငြိမ်းချမ်းသာခွင့် မကြေညာမီပင် အာရကန်နှင့် မွန်ပြည်နယ်များ ဖွဲ့စည်းခွင့် ပေးမည်ဟုပင်ပါရှိသည်။[၂၄] ဦးစိန္နာ၏ APLP သည် အလင်းဝင်ရန် တောထဲမှ အစောဆုံးထွက်လာခဲ့သည်။ ထိုနှစ်အစောပိုင်းတွင် မင်းပြား၌ ကျင်းပသော ငြိမ်းချမ်းရေးအခမ်းအနားကို ထောက်ခံသူ လူတစ်ထောင်နှင့်အတူ တက်ရောက်ခဲ့သည်။ ပအို့ဝ်၊ ရှမ်း၊ မွန်နှင့် ပြည်သူ့ ရဲဘော်တပ်ဖွဲ့များသည်လည်း နိုင်ငံ၏ နေရာဒေသအနှံ့အပြားတွင် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြရာ အာရကန်မှ ဦးကြာလှအောင်၏ ပြည်သူ့ရဲဘော် တပ်ဖွဲ့လည်း ပါဝင်ခဲ့သည်။

စစ်တွေခရိုင်တွင် အလံဖြူကွန်မြူနစ် ထောက်ခံသူ ရာပေါင်းများစွာသည် ပါတီမှ နှုတ်ထွက်ကြရာ ကွန်မြူနစ်လှုပ်ရှားမှုမှာ အဓိကခြေကုတ်ယူထားသော နယ်များတွင် လူထုထောက်ခံမှု အင်အားများစွာ လျော့ကျလာခဲ့သည်။ သို့သော်လည်း အခြားသော အလံဖြူနှင့် အလံနီကွန်မြူနစ် သစ္စာခံသူများသည် ကျေးလက်ဒေသအသီးသီးတွင် ထောက်ခံနေကြသေးသည်။ ထိုနှစ်နောက်ပိုင်းတွင်မူ အစိုးရကို ဆက်လက်၍ အတိုက်အခံလုပ်ခြင်းအားဖြင့် ၎င်းတို့၏ လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်ကိုင်စွဲထားခဲ့ကြသည်။ ရန်ဖြစ်လာခဲ့သည်။ ယနေ့ အချိန်ထိတိုင်အောင်ပင် အာရကန်နှင့် လက်နက်ကိုင် တော်လှန်ရေးမှာ အဆက်မပြတ်တော့ပေ။

ငြိမ်းချမ်းရေးလမ်းစအတွက် မျှော်လင့်ချက်မှာ ခဏတာမျှသာ ခံပါသည်။ ဖ.ဆ.ပ.လ ခေါင်းဆောင်ပိုင်းတွင် အကွဲအပြားများ ပေါ်လာခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက ထိုနှစ် အောက်တိုဘာလတွင်ပင် အရေးပေါ်ဝန်ကြီးချုပ်ဖြစ်လာရန် အမြန် လှုပ်ရှားခဲ့သည်။ စစ်အစိုးရသို့မဟုတ် အိမ်စောင့်အစိုးရအုပ်ချုပ်ရေးကို ဖွဲ့စည်းပြီးချိန်တွင် APLP အပါအဝင် အစိုးရအတိုက်အခံများ၊ ကွန်မြူနစ်များနှင့် အခြားလက်နက်ကိုင် တိုက်ပွဲဝင်နေသူအုပ်စုများ စုပေါင်းမဟာ မိတ်ဖွဲ့ကြခြင်းကို ပါလီမန်ထဲဝင်ရောက်သည့် နည်းလမ်းဖြင့် အာဏာလုရန် ပြင်နေကြသူများဟု ၎င်းကစွပ်စွဲသည်။ ထို စွပ်စွဲချက်ကိုသုံးကာ တပ်မတော် ထိုးစစ်များ ပြန်စခဲ့သည်။ နောက်ထပ် ၁၈လ အတွင်းတွင် တစ်နိုင်ငံလုံးရှိ နေရာအသီးသီးမှ အလံဖြူနှင့် အလံနီကွန်မြူနစ်များ၊ KNU နှင့် အခြား လက်နက်ကိုင် အုပ်စုများနှင့် တိုက်ပွဲများ ဆက်လက် ဆင်နွှဲတော့သည်။

အကျိုးဆက်မှာ ဗိုလ်ချုပ်နေဝင်းက ဤတစ်ကြိမ် စစ်တပ်ဖြင့် အိမ်စောင့်အစိုးရဖွဲ့လိုက်ခြင်းမှာ နောက်တစ်ကြိမ် အာဏာသိမ်းရန်အတွက် အစမ်းလေ့ကျင့်ခြင်းသဖွယ် ဖြစ်လာခဲ့သည်။ အများသတိမထားနိုင်ခင်မှာပင် အာရကန်မြောက်ပိုင်းတွင် တပ်မတော်၏ ဗျူဟာမှူးကြီးများက စစ်မြေပြင်တစ်ရပ်ကို ဖန်တီးရန် အစီအစဉ်ရေးဆွဲနေပြီ ဖြစ်သည်။ အိမ်စောင့်အစိုးရသည် နယ်ခြားဒေသများ အုပ်ချုပ်ရေးကို ဖွဲ့စည်းပြီး အရှေ့ပါကစ္စတန်နယ်ခြားကို ကင်းလှည့်စောင့်ကြည့်ကာ ထိုဒေသအတွင်း လှုပ်ရှားနေကြသော မူဂျာဟစ် အုပ်စုများကို ထိုးစစ်ဆင်ခဲ့သည်။[၂၅] ယနေ့ခေတ်တွင်လည်း အချို့ပြည်နယ်များတွင် "အထူးကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ" များဟူ၍ တပ်မတော်က အမည်ပေးထားသော နေရာများ တည်ရှိနေကြသည်။ ထိုနည်းဗျူဟာမှာ အစိုးရအာဏာသက်ရောက်မှု အားနည်းပြီး လက်နက်ကိုင် အတိုက်အခံများ အားကောင်းသော နေရာများတွင် အစိုးရ၏ ဗဟိုမှ

ထိန်းချုပ်မှုလက်တံ တစ်နည်းတစ်ဖုံသက်ရောက်နေစေသည့် နည်းဗျူဟာဖြစ်သည်။ သို့သော် ၁၉၅၈ -၁၉၆၀ အတွင်း တပ်မတော် ခေါင်းဆောင်များက မေယုနယ်ခြားခရိုင်ကို အခြားမွတ်ဆလင် အများစုနေထိုင်သော ယခုမောင်တောဟု ခေါ်သည့် ခရိုင်မှမြို့နယ်များနှင့်မတူ ခွဲခြားမြင်ခဲ့ကြပြီး နိုင်ငံအတွင်း၌ ယခုထက်ထိ ရန်မီးမငြိမ်းဆုံး နေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိသည်။

ထိုအချိန်များတွင် ဗိုလ်ချုပ်နေဝင်းသည် နိုင်ငံရေးရည်မှန်းချက်ကို လျှို့ဝှက်စွာထားခဲ့သည်။ တိုက်ပွဲများဖြင့် အတိုက်အခံ အင်အားများကို ဖြိုခွင်းပြီးချိန်တွင် ၁၉၆၀ အထွေထွေရွေးကောက်ပွဲဖြင့် ပါလီမန် အစိုးရက ဦးနု၏ ဦးဆောင်မှုဖြင့် ပြန်လည်အုပ်ချုပ်သည်။ ရွေးကောက်ပွဲကာလအတွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီလှုပ်ရှားစကားဝိုင်းများတွင်ကတိပေးခဲ့သည့်အတိုင်း မွန်နှင့်အာရကန် ပြည်နယ်များ ထူထောင်ခွင့်ပြုမည်ဟု ကတိပေးခဲ့သည်။ ရခိုင်ခေါင်းဆောင်များစွာသည် သူ့စကားကို သံသယရှိကြသည်။ သို့သော် ဒီမိုကရေစီစနစ်သို့ ပြန်သွားမည် ဆိုသော ရွေးကောက်ပွဲကတိမှာ လူကြိုက်များနေသောကြောင့် ဦးနု၏ သန့်ရှင်း ဖ.ဆ.ပ.လ မှာ မဲဆန္ဒနယ်အများစုတွင် အနိုင်ရခဲ့သည်။

ထို့နောက်တွင်ကား လွတ်လပ်ရပြီးခေတ် မြန်မာနိုင်ငံရေးတွင် အရေးကြီးသော ကာလတစ်ရပ်သို့ ရောက်လာခဲ့ပြီးဖြစ်သည်။ ပြုပြင်ပြောင်းလဲရေး လုပ်ကြရန် စေ့ဆော်မှုများသည် ဦးနုအစိုးရထံမှ မလာဘဲ လူမျိုးစု အခြေပြုနိုင်ငံရေး ပါတီများက အရေးဆိုနေကြခြင်းဖြစ်သည်။ ၁၉၆၀ တွင် ဖြိတိသျှတို့လက်အောက်တွင် တောင်ပေါ် အစဉ်အလာအုပ်ချုပ်ရေးဖြင့် နေလာခဲ့ကြသောဒေသများမှ ရှမ်းများနှင့် အခြားလူမျိုးစု ခေါင်းဆောင်များက နိုင်ငံရေးလှုံ့ဆော်မှုများစတင်လာခဲ့သည်။ ၁၉၄၇ ပင်လုံစာချုပ်အရ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ချင်း၊ ကချင်၊ ရှမ်းအစရှိသည့် နယ်မြေများက စတင်ရန် အရေးဆိုလာကြသည်။ ထို့နောက် အမျိုးသားရေး လှုပ်ရှားမှုများတွင် မူလ ပင်လုံ ညီလာခံတွင် မပါသော အာရကန်၊ ကရင်၊ ကရင်နီနှင့် မွန်လူမျိုးတို့ကလည်း ထိုပင်လုံအကောင်အထည်ဖော်ရေး လှုပ်ရှားမှုတွင် ပါဝင်လာကြသည်။[၂၇] (အခန်း ၂ကိုရှု၀ါ။) လူမျိုးစုများစုပေါင်းကာနောက်ဆုံးတွင် ဖက်ဒရယ်စနစ်တည်ထောင်ရေးအဆိုပြုချက် တစ်ရပ်ကို ပြင်ဆင်ကြတော့သည်။[၂၈]

၁၉၆၁ ဇွန်လတွင်ဘုံပေါက်သာကျော်၊ ဦးမောင်ဦးကျော်နှင့် အခြားရခိုင်ခေါင်းဆောင်များက တောင်ကြီးတွင် ဖက်ဒရယ်စနစ် တည်ဆောက်ရေး "ပြည်နယ်ပေါင်းစုံညီလာခံ" ကို တက်ရောက်ခဲ့သည့်ကာလမှာ ဖက်ဒရယ်လှုပ်ရှားမှု အရှိန်အမြင့်ဆုံးဟု ဆိုရမည်။[၂၉] ချင်း၊ မွန် နှင့် ရခိုင် လူမျိုးများအတွက် ပြည်နယ်အသစ်ကို တည်ထောင်ပေးရန် ကိုယ်စားလှယ်များအား လုံးက အစိုးရကို တိုက်တွန်းခဲ့ကြသည်။[၃၀] ကိုယ်စားလှယ်များ တောင်းဆိုခဲ့သည်မှာ ပင်လုံစာချုပ်အတိုင်း ပြည်ထောင်စုကို ဖွဲ့စည်းကာ အားလုံး သာနာညီမျှစွာ ပါဝင်နိုင်မည်ဟူသော ကတိကို ဖော်ဆောင်မည့် ဖက်ဒရယ် ပြည်ထောင်စုဆီသို့ ဦးတည် ပြောင်းလဲကြရန် ဖြစ်သည်။[၃၁] ထိုအချိန်မှစကာ ရခိုင်အဖွဲ့အစည်းများ ကလည်း မိမိတို့ပြည်နယ် ရပ်တည်နိုင်မည့် နိုင်ငံရေးစနစ်အမျိုးမျိုးကို စဉ်းစားခဲ့ကြရာ လုံးဝလွတ်လပ်ရေးမှသည် ဆိုဗီယက်စတိုင် သမ္မတနိုင်ငံ အထိပါဝင်ခဲ့သည်။ သို့သော် ထိုပြည်နယ်ပေါင်းစုံညီလာခံမှာ ဖက်ဒရယ်သို့ ဦးတည် ပြောင်းလဲရေးကို ထောက်ခံရန် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးမှ အခြားအဖွဲ့အစည်းများနှင့်အတူ ပထမဆုံးအကြိမ် အဖြစ် အာရကန်ကိုယ်စားလှယ်များက တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ထိုလှုပ်ရှားမှုများ ဖြစ်ပေါ်နေချိန်တွင် ဦးနု၏ အစိုးရသည် လူမျိုးစုပြည်နယ်အသစ်များ ဖွဲ့စည်းပေးမည်ဟူသောငင်းတို့၏ ရွေးကောက်ပွဲကတိကို အကောင်အထည်ပေါ်ရန် စိုင်းပြင်းလာပြီဖြစ်သည်။ အစိုးရ ဖြစ်လာပြီး နောက် အာရကန် စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး အာရကန်နှင့် မွန်ပြည်နယ်ကို ၁၉၆၂ စက်တင်ဘာလတွင် ဖွဲ့စည်းပေးမည်ဟု ကြေညာခဲ့သည်။ အာရကန်အရေးကို သုံသပ်နေဆဲကာလတွင် အာရကန်တွင် နေထိုင်ကြသူအားလုံး တစ်ညီတညွတ်တည်း အာရကန်ပြည်နယ်သစ်ကို တည်ထောင်ရန် လိုလားကြသည် မဟုတ်ပေ။ အာရကန် အမျိုးသားရေးစိတ်မှာ အာရကန်တောင်ပိုင်းနှင့် သံတွဲနှင့်နှိုင်းစာလျှင် မြောက်ဘက်ပိုင်းရှိ ဒေသများနှင့်စစ်တွေတွင် ပို၍ ပြင်းထန်သည်။ ရိုဟင်ဂျာမွတ်ဆလင်တို့ကလည်း ဤအခြေအနေကို အသုံးချကာ မွတ်ဆလင်အများစုပါဝင်သော အာရကန်မြောက်ပိုင်းနယ်မြေကို ဖွဲ့စည်းပေးရန် အရေးဆိုသည်။ (အောက်တွင်ရှုပါ) သို့ရာတွင် အာရကန်နှင့် မွန်တို့ကို ပြည်နယ်အဖြစ်ပေးရန် သဘောတူခဲ့ရာ၌ အစိုးရခေါင်းဆောင်များသည် ၁၉၄၈ခုနှစ် ပထမဆုံး ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင် ဖွဲ့ကတည်းကပင်လျှင် အာရကန် နှင့် မွန်တို့အပေါ်ထားရှိသော ကတိကဝတ်များကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း အသိအမှတ်ပြုခဲ့ကြပုံရပါသည်။ လူ့အသက်များဆုံးရှုံးရပြီး ဆင်းရဲဒုက္ခများ ပွေခဲ့သောဆယ်စုနှစ်တစ်ခုစာအပြီးတွင် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များမှာ အရှိန်ရလာဟန် တူသည်။

သို့ရာတွင် စိုးရိမ်စရာကောင်းသော အရိပ်အယောင်များကို တွေ့နေရပြီဖြစ်သည်။ တိုင်းပြည်၏ အခြားနေရာများတွင် ဖြစ်ပျက်နေသော အပြောင်းအလဲများက အာရကန်၏ နိုင်ငံရေး အခင်းအကျင်းကို ရိုက်ခတ်လာတတ်သည်မှာ

ယခုအခါ ပထမဆုံးအကြိမ်လည်း မဟုတ်သလို နောက်ဆုံး အကြိမ်လည်း မဟုတ်ပါ။ ဤအဖြစ်အပျက်များကိုကြည့် လျှင်လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ကဖြစ်ပွားခဲ့သော်လည်း ယနေ့ဖြစ်ပျက်နေသော ပဋိပက္ခများနှင့် များစွာအလား သဏ္ဌာန်တူပါသည်။ ဒီမိုကရေစီစနစ်သို့ ပြန်ရောက်ပြီ ဖြစ်သော်လည်း တပ်မတော်ကိုရောအစိုးရခေါင်းဆောင်ကိုပါ မယုံကြည်နိုင်ကြခြင်းက ကဲနေသော အခြေအနေဖြစ်သည်။

၁၉၆၀ကျော်နှစ်များ၏ အစောပိုင်းတွင် လူမျိုးစု ဒေသများစွာတွင် အခြေအနေမှာ မငြိမ်သက်လှပေ။ ရှမ်းပြည် နယ်တွင် လက်နက်ကိုင်လှုပ်ရှားမှုများမှသည် မျိုးဆက်သစ် လူငယ်တော်လှန်ရေးသမားများကို မွေးထုတ်လျက်ရှိသည်။ ထိုအထဲတွင် ရှမ်း၊ တအာင်းနှင့် ဝ လူမျိုးအုပ်စုများ ပါဝင် ကြသည်။ ၁၉၆၁ တွင် ဦးနု၏ ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ် ပြောင်းရန်အကြံကို ဆန့်ကျင်၍ ကချင် လွတ်လပ်ရေးအဖွဲ့ KIO ကို တရုတ်နယ်စပ်တွင် ဖွဲ့စည်း လိုက်သည်။ ကချင်အများစုမှာ ခရစ်ယာန် ဘာသာဝင်များ ဖြစ်နေသောကြောင့်ပင်။ တစ်ချိန်တည်းမှာပင် လွတ်လပ်ရေး နှင့်အတူပေါ်ပေါက်လာသော ဗ.က.ပ၊ KNU နှင့်အခြားအစိုးရ ကို အတိုက်အခံပြုနေသော အဖွဲ့များ၏ လက်နက်ကိုင် တိုက်ပွဲများ ခေတ္တမျှ အရှိန်လျော့ထား ကြသောကာလ ဖြစ်သည်။[၃၂]

အဆိုပါ မရေရာ မသေချာမှုများက အာရကန် ကိုလည်း ရိုက်ခတ်ပါသည်။ ဒုတိယကမ္ဘာစစ်ပြန် ဦးမောင်စိန် ညွှန့် သည် ၁၉၆၀ ဇွန်လတွင် APLP ရဲဘော်ဟောင်းများနှင့် အတူ မတ်စ်ဝါဒီကို ထောက်ခံသော အာရကန် အမျိုးသား လွတ်မြောက်ရေးပါတီ ANLP ကို ဖွဲ့စည်းရန် တောပြန် ခိုသွားခဲ့သည်။ ထိုကာလအတွင်း (ရဲနီ)ဦး ကျော်ဇံရှိ ခေါင်းဆောင်သော အလံနီကွန်မြူနစ် အဖွဲ့ဝင်များက လွတ်လပ်သော အာရကန် ကွန်မြူနစ်ပါတီ CPA ကို တည် ထောင်ရန် ကြံစည်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် CPA ကို စတင် အသက်သွင်းတော့မည့်အချိန်မှာ မြန်မာ့သမိုင်း တွင် မှတ်မှတ်ရရရှိလှသော ၁၉၆၂မေလတွင် ဖြစ်နေသည်။ (အာရကန် လက်နက်ကိုင် လှုပ်ရှားမှုများ သမိုင်းကြောင်းကို ရှုပါ။)

ဤအခြေအနေတွင် ရခိုင်နိုင်ငံရေးသမားများသည် ဖြစ်လာနိုင်သည့် ပဋိပက္ခများကို အစိုးရအား သတိပေးရန် ကြိုးစားခဲ့ကြသည်။ အာရကန်စုံစမ်းစစ်ဆေးရေး ကော်မရှင် သို့ ရေးသော အစီရင်ခံချက်ထဲတွင် ယခင် ဖ.ဆ.ပ.လ ဝန်ကြီး ဦးအောင်ဇံဝေက ဖြစ်သင့်ဖြစ်ထိုက်သည်ကို ပြတ်ပြတ်ပင် တောင်းဆိုခဲ့သည်။ လွတ်လပ်ရေးရပြီး နောက်ဆယ့်လေးနှစ် တာကာလအတွင်း အာရကန်သည် လျစ်လျူရှုခံခဲ့ရပြီး နောက်ကျကျန်ရစ်သော နေရာတစ်ခုဖြစ်လာခဲ့ကြောင်း၊ "အာရကန်-ဗမာ" ဂယက်မှာ အရှိန်မြင့်လာပြီ ဖြစ်ကြောင်း၊ အကယ်၍ ပြည်သူများက တရားမျှတမှုကို မရခဲ့လျှင် ရန်မီး များဆီသို့ ဦးတည်သွားနိုင်ကြောင်း သတိပေးခဲ့သည်။[၃၃] ထိုစကားများသည် ကွယ်လွန်ခဲ့ပြီဖြစ်သော ဦးအောင်ဆန်း ၏ လုပ်ဖော်ကိုင်ဖက်ဟောင်းတစ်ဦး စစ်ကြိုခေတ်က အာရကန်အမျိုးသား ကွန်ဂရက်ကို တည်ထောင်ခဲ့သူ တစ်ဦး ထံမှ ပြင်းထန်သော သတိပေးစကားများပင်။

အစိုးရခေါင်းဆောင်များ ဘက်ကမူ အာရကန် ပြည်နယ်ကို ဖွဲ့စည်းပေးလိုက်လျှင် အာရကန်အမျိုးသား တို့၏ လိုလားချက်များကို လိုက်လျောပြီးဖြစ်လိမ့်မည်ဟု ယူဆခဲ့ပုံရပါသည်။ စင်စစ် ပြည်နယ်ဖွဲ့ရုံမျှဆိုလျှင် အခြေ အနေကို ထိန်းနိုင်ဖို့ ဝေးစွ၊ အချိန်အားဖြင့်လည်း များစွာ နောက်ကျခဲ့ပြီတည်း။ ထို့ပြင် ဗိုလ်ချုပ်နေဝင်းနှင့် တပ်မတော် ခေါင်းဆောင်များသည် မြန်မာနိုင်ငံအနာဂတ် အတွက် ၎င်းတို့ ဘာသာ ရေးဆွဲထားသော အစီအစဉ်ရှိပြီး ဖြစ်ကြောင်း သမိုင်းကြောင်းတွင် မကြာမီ ပေါ်ထွက်လာခဲ့ ပါတော့သည်။ ယခုအခါတွင်မူ အာရကန်ပြည် နယ်သစ် အစီအစဉ်ကို ဆိုင်းထားကြပေဦးမည်။

မေယုနယ်ခြားခရိုင်နှင့် ဗိုလ်ချုပ်နေဝင်း၏ အာဏာသိမ်းခြင်း

ဗိုလ်ချုပ်နေဝင်း အာဏာမသိမ်းမီ အချိန်ကလေး တွင် အာရကန်မြေပေါ်အကျိုးဆက်ရှည်လျားစွာသက်ရောက် စေမည့် အဖြစ်အပျက်တစ်ခု ဖြစ်လာခဲ့ပြန်သည်။ မေယု နယ်ခြားအုပ်ချုပ်ရေး MFA ပေါ် ပေါက်လာခြင်း ဖြစ်သည်။ MFA ကို ဖွဲ့စည်းရသည့် ရည်ရွယ်ချက်အမှန်ကို မည်သည့် အခါကမျှ ရှင်းပြခဲ့သည် မဟုတ်ပါ။ ထိုအချိန်က မီဒီယာ များကလည်း ဤသတင်းကို များစွာ အာရုံမကျခဲ့ကြပါ။ သို့ရာတွင် MFA ကို ဖွဲ့စည်းခဲ့ခြင်းက မတူညီသည့် အဖွဲ့ အစည်းသုံးခုအတွက်မူ စိတ်ဝင်စားစရာ အရေးဖြစ်ပုံ ရပါသည်။ တပ်မတော် ခေါင်းဆောင်ပိုင်း၊ အစိုးရအတွင်းမှ နိုင်ငံရေးသမားများနှင့် အာရကန်မြောက်ပိုင်းမှ မွတ်ဆလင် အရေးလှုပ်ရှား သူများကမူ ဂရုစိုက်ကြသည်။ ထိုလူစုသုံးခု ၏ ရှုမြင်ပုံများမှာ မတူနိုင်ကြပါ။ အချင်းချင်း ဆွေးနွေး တိုင်ပင် နေခြင်းလည်း မရှိကြပါ။ အချင်းပွားဖွယ်ရာ ဖြေရှင်း နည်းဖြစ်သော်လည်း MFA ကို နေရာချ လိုက်ခြင်းကြောင့် ဖြစ်လာနိုင်သည့် အလားအလာများကိုမူ စောင့်ကြည့်ရန် အကြောင်းပြချက်များ သုံးဖွဲ့စလုံးတွင် ရှိနေကြသည်။

နောက်ခံ အခြေအနေမှာလည်း ရှုပ်ထွေးလှသည်။ အာရကန် စုံစမ်းစစ်ဆေးရေး ကော်မရှင်သို့ တင်ပြကြရာ၌ အာရကန်မြောက်ပိုင်းမှ ရိုဟင်ဂျာအရေး လှုပ်ရှားသူများ၏ အသံနှင့် အာရကန်မွတ်ဆလင်ဟု ၎င်းတို့ကိုယ်၎င်းတို့ ခေါ်သော အဖွဲ့များ၏ တင်ပြလာသောအသံများမှာ မတူ

ကြပေ။ အာရကန် မွတ်ဆလင်များ အစည်းအရုံးက အာရကန် ပြည်နယ်ထူထောင်ရေးကို ထောက်ခံကြသည်။ သို့ရာတွင် မွတ်ဆလင်နှင့် ဗုဒ္ဓဘာသာပြည်နယ်အစိုးရ ခေါင်းဆောင်ကို တစ်လှည့်စီ အုပ်ချုပ်စေပြီး နေထိုင်သူ အားလုံးအတွက် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးအခွင့်အရေးများကို အာမခံချက်ပေးရန် တောင်းဆိုကြသည်။[၃၄] ထိုအစည်းအရုံးကို ဦးနုအစိုးရနှင့် ရင်းနှီးသော ဘူးသီးတောင် အမတ်ဖြစ်သော ယခင်ကျန်းမာရေး ဝန်ကြီးဟောင်း ဆူလတန်မာမွတ်က ဦးဆောင်သည်။ ထိုအုပ်စုနှင့် ဆန့်ကျင်ဘက်တွင် အာရကန် မြောက်ပိုင်းမှ ရိုဟင်ဂျာ ဂျမီယာတူ-အူလမာနှင့် အခြားမွတ် ဆလင်ခေါင်းဆောင်များရှိကြပြီး ၎င်းတို့က ဗဟိုအစိုးရ၏ လက်အောက်တွင် "အထူးခရိုင်" အဖြစ်မွတ်ဆလင်အများစု နေထိုင်ရာဒေသကို ဖွဲ့စည်းပေးရန် တောင်းဆိုကြသည်။[၃၅] သို့ရာတွင် ရိုဟင်ဂျာခေါင်းဆောင်များက အာရကန်ပြည်နယ် သစ် ထူထောင်ခြင်းကို ထိုစာအရ မကန့်ကွက်ခဲ့ကြပေ။ သို့ရာ တွင် ၎င်းတို့သုံးစွဲခဲ့သော အရေးအသားတွင်မူ သတိထား ကြောင်း ပေါ်လွင်သည်။ အကယ်၍အာရကန် ပြည်နယ်တစ်ခု တည်းကိုသာ အတင်းအကျပ် ဖွဲ့စည်းကြမည်ဆိုလျှင် သွေး ချောင်းစီး မှုများ ထပ်ဖြစ်လာနိုင်ပါသည်။"ဟုဆိုခဲ့ကြသည်။[၃၆]

နောက်ထပ်အငြင်းပွားစရာကိစ္စမှာ ခွဲထွက်ရေး ဖြစ်သည်။ အာရကန်ကို ပြည်နယ်ပေးတော့မည်ဟု ကတိ ပြုလိုက်သည့်အချိန်မှာပင် ဦးနုအစိုးရသည် ၁၉၆၁ မေလတွင် မောင်တော၊ ဘူးသီးတောင်နှင့် အနောက်ဘက်ရှိ ရသေ့တောင်မြို့နယ်များပါဝင်သော မေရုနယ်ခြားအုပ်ချုပ် ရေးကို ဖွဲ့စည်းခြင်းအားဖြင့် အားလုံးကို အံ့အားသင့်စေ ခဲ့သည်။[၃၇] မေယုနယ်ခြားအုပ်ချုပ်ရေး အစီအစဉ်ကို စ အကောင်အထည်ဖော်ချိန်တွင် Rauschid Bullah နှင့် Mustafiz တို့ ခေါင်းဆောင်သော မူဂျာဟစ် တပ်သား ၅၀၀ ခန့် လက်နက်ချခဲ့ကြသည်က မွတ်ဆလင်မှ လက်နက်ကိုင် ပုန်ကန်ခြင်း ပြီးဆုံးကြောင်း သိရှိစေခဲ့သည်။[၃၈] သို့ရာတွင် ထိုအချိန်အထိ အာရကန်ပြည်နယ်ကို မဖွဲ့စည်းရသေးပေ။ ၁၉၆၂ ခုနှစ်အစောပိုင်းတွင် အာရကန်ပြည်နယ်သစ် တည်ထောင် ရေးဥပဒေမူကြမ်းရေးဆွဲရာတွင်လည်း "မေယု ခရိုင်" ကို အာရကန်ပြည်နယ် နယ်နိမိတ်ထဲတွင်မပါဘဲ ချန်လှပ်ထားခဲ့သည်။

MFA ကိုဖွဲ့စည်းလိုက်သော်လည်း အာရကန် မြောက်ပိုင်းတွင် ရန်မီးငြိမ်းရန်မှာ အလှမ်းဝေးသေးကြောင်း ကို မကြာမီကြုံလာရသော အဖြစ်အပျက်များက ပြသနေ သည်။ ကိုလိုနီခေတ်နောက်ပိုင်းတွင် အာရကန်မြောက်ပိုင်း အရေးမှာ အကဲအဆတ်ဆုံးကိစ္စ ဖြစ်နေဆဲပင်။ နောက်ဆုံး တွင် အာရကန်၏ နိုင်ငံရေးသမားများသည်လည်းကောင်း ဗဟိုအစိုးသည်လည်းကောင်း ဤအရေးနှင့် ပတ်သက်၍ ကျေနပ်ကြသည်မဟုတ်ပေ။ အသေးစိတ်ကို ကြေညာသော အခါ အသစ်ပေါ်လာသော MFA မှာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုအဖြစ် ဖွဲ့ပေးခဲ့ခြင်းမဟုတ်ကြောင်း ပေါ်လာ သည်။ တပ်မတော်၏ လက်အောက်ထားရှိကာ အုပ်ချုပ်မည့် နယ်မြေ ဖြစ်လာသည်။ MFA သည် ဦးနေဝင်း၏ စစ် အိမ်စောင့်အစိုးရ လက်ထက်က အရှေ့ပါကစ္စတန် နယ်ခြားကို အုပ်ချုပ်ရန် "နယ်ခြားဒေသများ အုပ်ချုပ်ရေး" ဟူ၍ စီမံခဲ့ရာ ယခု ထိုအစီအမံမျိုးကို နေရာချလာခြင်း ဖြစ်သည်ဟု Jacques Leider က ဆိုသည်။[၃၉] ဤရှုင်းပြချက် မှာ ဖြစ်တန်ခြေရှိပါသည်။ မတ်စောက်သော တောင်များ ကန့်လန့်ဖြတ်ခံနေသောကြောင့် မေယုနယ်ခြားခရိုင်မှာ အစိုးရတပ်ဖွဲ့များ ထိန်းချုပ်ရန် ခက်ခဲသည်။

အစိုးရအမြင်နှင့် အာရကန်ရှိ အောက်ခြေ ပြည်သူ များကြားမှ အမြင်ကွာခြားပါသည်။ ရခိုင်အမျိုးသားရေး ဝါဒီများအတွက်မူ အံ့ဩတုန်လှုပ်စရာဖြစ်သည်။ ၎င်း တို့၏ အမြင်တွင် MFA ကို ကြေညာလိုက်ခြင်းမှာ "သွေးခွဲ အုပ်ချုပ်ရေးနည်းလမ်းတစ်ခု Divide and Rule မျှသာဖြစ် ပြီး ဗမာလူမျိုး တိုင်းပြည်ခေါင်းဆောင်များသည် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်သော အာရကန်ပြည်နယ်အဖြစ်ကို မရှုစိမ့် ၍လည်းကောင်း၊ အားနည်းစေလိုသောကြောင့်လည်းကောင်း ဤနည်းကို သုံးခြင်းဖြစ်သည်ဟု ယူဆကြသည်။ ထို့ပြင် အာရကန်သမိုင်းတွင် ကြုံလာသည့် နိုင်ငံရေး အကူးအ ပြောင်းတစ်ခုတွင် အာရကန်တို့ ကြုံလာရမည့် နိုင်ငံရေး စီးပွားရေး အနာဂတ်များကို အာရကန်တို့ သဘောမပါဘဲ ဝင်ရောက် ဆုံးဖြတ်နေကြပြန်ပြီဟူသော ခံစားချက်မျိုး ကြီးထွား လာသည်။ အာရကန်များအဖို့ စိုးရိမ်သည်မှာ နယ်မြေကျုံ့သွားမည့်အရေးဖြစ်သည်။ ၁၉၄၈ လွတ်လပ်ရေး ရသောအခါ အာရကန်ထံမှ ချင်းလူမျိုးစုများကို ခွဲထုတ် ခဲ့ပြီးပြီ။ ယခုမေယုနယ်ခြားဒေသကို ဆုံးရှုံးရတော့မည့် ပုံစံရှိသည်။

ရိုဟင်ဂျာအရေး လှုပ်ရှားသူများကမူ MFA ကြေညာ ချက်ထွက်လာခြင်းနှင့် မူဂျာဟစ်များနှင့် အပစ် အခတ်ရပ်စဲခြင်းမှာ လွတ်လပ်ပြီးခေတ် နိုင်ငံရေးတွင် လမ်း သစ်တစ်ခုပွင့်သည့် အမှတ်အသားဟု ထင်မြင်ကြသည်။ ရိုဟင်ဂျာခေါင်းဆောင်များထံတွင် ထင်ယောင်ထင်မှား ဖြစ်ကြခြင်းများလည်း ရှိခဲ့သည်။ ၎င်းတို့က ထင်ကြသည်မှာ MFA သည် တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင်ရှိပြီး တကယ့်ကိုယ်ပိုင် အုပ်ချုပ်ရေးကို ပေးသေးသည် မဟုတ်ပေ။ သို့သော် ပထမဆုံးအကြိမ်အဖြစ် တိုင်းပြည်တွင် ရိုဟင်ဂျာ ဟူသော ဖြစ်တည်မှုကို အသိအမှတ်ပြုခြင်းများ တိုးပွား လာသည်။ လုံခြုံရေးတပ်ဖွဲ့များက မွတ်ဆလင် လူ့အဖွဲ့ အစည်းများအား ဆက်ဆံပုံများမှာ အကြမ်းအားဖြင့် တိုး တက်လာသည်ဟု ဆိုရမည်။ ရိုဟင်ဂျာဘာသာ စကားဖြင့် ရေဒီယိုအစီ အစဉ်များရှိလာသလို ရိုဟင်ဂျာ ယဉ်ကျေးမှု



လယ်သမားများကောက်ပဲတင်နေကြစဉ်၊ စစ်တွေ (TK)

နှင့် လူငယ်အဖွဲ့အစည်းများလည်း တိုးလာသည်။[၄၀] မေယုနယ်ခြားအုပ်ချုပ်ရေး ဖြစ်တည်လာခြင်းက မြောက်ပိုင်းနယ်မြေထဲမှ မွတ်ဆလင်တို့အတွက် လွတ်လပ်ခွင့်နှင့် အလုပ်အကိုင်များ တိုးတက်လာမည့် အချိန် ဖြစ်သည်ဟု ထင်မြင်ခဲ့ကြသည်။

ပို၍အရေးကြီးသည်မှာ အစိုးရခေါင်းဆောင်များကိုယ်တိုင်သည်ပင် ရိုဟင်ဂျာများကို ရိုဟင်ဂျာဟု နာမည်တပ်၍ အသိအမှတ်ပြုလာကြသည်။ လူသိအများဆုံးမှာ တပ်မတော်၏ ဒုတိယကာကွယ်ရေး ဦးစီးချုပ် ဗိုလ်မှူးချုပ်အောင်ကြီးက ၁၉၆၁ ဇူလိုင်လ မောင်တော်မြို့တွင် ကျင်းပသော မူဂျာဟစ် အပစ်အခတ်ရပ်စဲရေး အခမ်းအနားတွင် ရိုဟင်ဂျာများမှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လူမျိုးစုများအနက် တစ်ခုအပါအဝင် ဖြစ်သည်ဟု ကြေညာခဲ့ခြင်းပင်ဖြစ်သည်။ ရိုဟင်ဂျာတို့သည် အခြားသော မြန်မာနိုင်ငံ၏ နယ်ခြား တစ်ဖက်တစ်ချက်တွင် နေထိုင်ကြသော လူမျိုးစုများနှင့် အလားတူကြောင်း၊ မြန်မာနိုင်ငံအပေါ်တွင် သစ္စာစောင့်သိရန်လိုကြောင်းမှာ ထိုပွဲတွင် ရိုဟင်ဂျာများအားပေးသော တစ်ခုတည်းသော သတိပေးစကားဖြစ်သည်။[၄၁] မကြာခဏကိုးကားကြသော ထိုမိန့်ခွန်းတွင် ဗိုလ်မှူးချုပ်အောင်ကြီးက ရိုဟင်ဂျာတို့၏ အခြေအနေကို နိုင်ငံခြားတိုင်းပြည်များနှင့် နယ်စပ်များတစ်လျှောက် ပြန့်နှံ့နေထိုင်ကြသော အခြားလူမျိုးစုများဖြစ်ကြသည့် ကရင်၊ နာဂ၊ ရှမ်းနှင့် တရုတ် အနွယ်ဖြစ်သော ကိုးကန့်ဒေသတွင် နေထိုင်သူများ အလားသဏ္ဌာန်တူကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် ဤသည်တို့မှာ ဦးနုအစိုးရလက်ထက် အာရကန်တွင် ပေါ်ပေါက်လာခဲ့သော နိုင်ငံရေး အပြောင်းအလဲအကုန်ပင်ဖြစ်သည်။ ၁၉၆၂ ခုနှစ်သည် မြန်မာသမိုင်းတွင် အာဏာသိမ်းခြင်းသာ မရှိခဲ့သော် တိုင်းပြည်အခြေအနေ မည်သို့ဖြစ်လာမည်နည်းဟူသော မေးခွန်းမျိုးဖြင့် ပြည့်သော နှစ်တစ်ခုဖြစ်လာခဲ့သည်။ ပုံကြမ်းဖော်ရေးဆွေးထားခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံ ဘောင်တွင်းမှ လုပ်နိုင်သည့် အပြောင်းအလဲများမှာ အကောင်အထည် မပေါ်လိုက်နိုင်ခဲ့ပါ။ ဖက်ဒရယ် အဆိုပြုချက်သည်လည်းကောင်း၊ အာရကန်ပြည်နယ် အသစ်သည်လည်းကောင်း မေယုနယ်ခြားဒေသအုပ်ချုပ်ရေးသည်လည်းကောင်း ဝီဝီပြင်ပြင် အကောင်အထည်မပေါ်ခဲ့ပေ။ မတ်လ ၂ ရက်နေ့တွင် ဦးနုသည် ဖက်ဒရယ်အရေး တောင်းဆိုနေသော လူမျိုးစု ခေါင်းဆောင်များနှင့် တွေ့ဆုံရန် ပြင်ဆင်နေချိန်တွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ စစ်တပ်က အာဏာသိမ်းယူလိုက်သည်။[၄၂] "ဖက်ဒရယ်စနစ်ဆိုတာ မဖြစ်နိုင်ဘူး၊ ပြည်ထောင်စုကို ဖြိုခွဲမယ့် ကိစ္စပဲ" ဟု ၎င်းက ပြောဆိုခဲ့သည်။[၄၃] နောက်ရက်များတွင် ဦးနုနှင့် ကက်ဘိနက် ဝန်ကြီးအဖွဲ့လည်း အခြားလူမျိုးစု နိုင်ငံရေးခေါင်းဆောင်များစွာနှင့်အတူ အထိန်းသိမ်းခံခဲ့ရသည်။ အဖမ်းခံရသူများထဲတွင် ပင်လုံညီလာခံကို စီစဉ်ခဲ့သူများထဲတွင် အပါအဝင်ဖြစ်သော သမ္မတဟောင်း စပ်ရွှေသိုက်လည်းပါဝင်သည်။ စပ်ရွှေသိုက်မှာ များမကြာမီ အထိန်းသိမ်းခံနေရစဉ်ကာလအတွင်း ကွယ်လွန်ခဲ့သည်။

မြန်မာနိုင်ငံ၏ တိုတောင်းသော ပါလီမန် ဒီမိုကရေစီခေတ်မှာ နိဂုံးတံသွားပေပြီ။ ပါတီစုံနိုင်ငံရေးစနစ်သို့ ပြန်လည်ရောက်ရှိရန် တိုင်းပြည်မှာ နောက်ထပ် နှစ်ငါးဆယ်ကြာခဲ့ပါသည်။ ဖက်ဒရယ်စနစ် သို့မဟုတ် အာရကန်၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာ မဖြစ်လာတော့ဘဲ စစ်အုပ်ချုပ်ရေး သည်သာ အစပျိုးခဲ့လေပြီ။



စစ်ထွေတက္ကသိုလ်ဝင်ပေါက် (TK)

၄။ ဗမာ့နည်း ဗမာ့ဟန် ဆိုရှယ်လစ်လမ်းစဉ် (၁၉၆၂-၈၈)

စစ်အုပ်ချုပ်ရေး ဖြတ်လေးဖြတ်နှင့် ပဋိပက္ခများ တစ်ကျော့ပြန်လာခြင်း

ဗိုလ်ချုပ်နေဝင်း၏ 'ဗမာ့နည်း ဗမာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်' သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးမပေးကြောင်း မကြာမီပင် သိရှိလာကြတော့သည်။ သဘောတရားရေးရာအရ ဗုဒ္ဓဘာသာ၊ မတ်စ်ဝါဒီနှင့် အမျိုးသားရေးဝါဒီ သီအိုရီများကို အခြေခံရောစပ်ထားသော နေဝင်း၏ ဒဿနမှာ နက်နဲခြင်း အလျဉ်းကင်းမဲ့သည်။ ၂၆ နှစ်တာ ကာလအတွင်း တိုင်းပြည်သည် ကမ္ဘာပေါ်တွင် အထီးအကျန်ဆုံးနှင့် စစ်အာဏာရှင် အဆန်ဆုံးနိုင်ငံတစ်ခုဖြစ်လာခဲ့သည်။ တပ်မတော်သည် ဗဟိုကဦးစီးချုပ်ကိုင်သော တစ်ပါတီစနစ်ကို သွတ်သွင်းခဲ့သည်။ ယနေ့ထက်တိုင်ပင် နေဝင်းခေတ်က ကျန်ရစ်သော အမွေများကို နေရာအနှံ့တွင် ထင်ထင်ရှားရှား တွေ့နိုင်သေးသည်။ အထူးသဖြင့် တပ်မတော်က နယ်မြေထိန်းချုပ်ရန် ကြိုးစားလာချိန်တွင် အဓိကစစ်မြေပြင် တစ်ခုဖြစ်လာခဲ့သော အာရကန်တွင် ယနေ့ထက်တိုင် တွေ့မြင်နေရသေးသည်။

နေဝင်း၏ အဓိကနိုင်ငံရေးယန္တရားမှာ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ BSPP ဖြစ်သည်။ BSPP ကို မချုပြမီက ဦးနေဝင်းသည် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် အခြား လက်ဝဲနိုင်ငံရေးသမားများကို ၎င်း၏ ဒဿန အသစ်ဖြင့် အနိုင်ယူနိုင်လိမ့်မည်ဟု ထင်ပုံရပါသည်။ ထို့ကြောင့် ပင်လျှင် ၁၉၆၃ - ၆၄ တွင် ရန်ကုန်၌ ကျင်းပသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ တစ်နိုင်ငံလုံးမှ တောခိုနေကြသော အတိုက်အခံနိုင်ငံရေး အုပ်စုများမှ ကိုယ်စားလှယ်များအား ဖိတ်ခေါ်ခဲ့သည်။[၁] ထိုကိုယ်စားလှယ်များတွင် အလံနီခေါင်းဆောင် သခင်စိုးသည် ပါတီအခြေစိုက်ရာ အာရကန်မှ ရောက်ရှိလာခြင်းဖြစ်သည်။ ထိုဆွေးနွေးပွဲများတွင် အာရကန်ကို ကိုယ်စားပြု၍ တက်ရောက်လာသော တစ်ခုတည်းသော အဖွဲ့မှာ မကြာသေးခင်က ဖွဲ့စည်းလိုက်သော အာရကန်ကွန်မြူနစ်ပါတီ CPA ဖြစ်သည်။ အာရကန် ကွန်မြူနစ်ပါတီက ပြည်ထောင်စုမှခွဲထွက်ပြီး အာရကန်သမ္မတနိုင်ငံထူထောင်ရေးကို တောင်းဆိုခဲ့သည်။[၂] ဤတောင်းဆိုချက်ကို ရှင်းရှင်းသိရချိန်တွင် ဦးနေဝင်းသည် ဆက်လက်ဆွေးနွေးညှိနှိုင်း လိုဟန်မရှိတော့ဘဲ ငြိမ်းချမ်းရေး စကားဝိုင်းကို မြန်မြန်ပင် အဆုံးသတ်ခဲ့သည်။ နောက်ဆုံးတွင် ငြိမ်းချမ်းရေးကို သဘောတူခဲ့သည်မှာ ကရင်အမျိုးသား အစည်းအရုံးကခွဲထွက်လာခဲ့သော အတိုက်အခံအဖွဲ့ တစ်ခုတည်းသာရှိသည်။

ငြိမ်းချမ်းရေးစကားဝိုင်းများ ပျက်သွားပြီးနောက် ဗိုလ်ချုပ်နေဝင်းကဗမာ့ဆိုရှယ်လစ်လမ်းစဉ်ကို သွတ်သွင်းရန် နိုင်ငံရေးနှင့်စစ်ရေး နှစ်ဘက်ညှပ်ခြင်းအားဖြင့် ကြိုးစားခဲ့သည်။ မ.ဆ.လ ပါတီနှင့် တပ်မတော်တို့သည် မဏ္ဍိုင်ကြီး နှစ်ရပ်အဖြစ် ရပ်တည်ကြသည်။ မ.ဆ.လပါတီအစိုးရသည်နိုင်ငံခြားသား မုန်းတီးပြီး ရက်စက်ကြမ်းကြုတ်သည့်ပုံရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုအသက်မဝင်အောင် လုပ်ခဲ့ပြီး အဓိကစီးပွားရေးကဏ္ဍကြီး များကို ပြည်သူပိုင်သိမ်းခဲ့သည်။ လွတ်လပ်သောမီဒီယာများကို ပိတ်ပစ်ခဲ့ပြီး လူမျိုးစု ဘာသာစကား များ သင်ကြားခြင်းကို လေးတန်အထက် အတန်းများတွင်တားမြစ် ပိတ်ပင်ခဲ့သည်။ ၁၉၆၃ - ၆၇ ကာလများအတွင်း အိန္ဒိယအနွယ်ဟုယူဆရသူပေါင်း ၃၀၀,၀၀၀ ခန့်နှင့် တရုတ် ၁၀၀,၀၀၀ ခန့်ကို တိုင်းပြည်မှ နှင်ထုတ် ခဲ့သည်။ တိုင်းပြည်မှ ထွက်ခွာရသူများထဲတွင် လုပ်ငန်းရှင်များလည်း ပါဝင်ကြပြီး ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ပြည်သူပိုင်သိမ်းယူခဲ့သည်။ ထိုအချိန်က "ဗမာကြီးစိုးရေးမူများ"နှင့် ပတ်သက်၍ အတိအလင်း ကြေညာချက်တစ်စုံ တစ်ရာမရှိခဲ့သော်လည်း ဗမာကြီးစိုးရေးမူများသည် များမကြာမီနှစ်များအတွင်း ရုပ်လုံးပေါ်လာခဲ့သည်။[၄]

မ.ဆ.လကို မိတ်ဆက်ခဲ့ပြီးနောက် တပ်မတော်၏ ဗိုလ်ချုပ်များသည် ဗိုလ်ချုပ်နေဝင်း၏ မဟာဗျူဟာကို ဒုတိယပိုင်းကို ဆက်လက်အကောင်အထည်ဖော်ကြတော့သည်။ ထိုဒုတိယပိုင်းမှာ လက်နက်ကိုင် တိုက်ပွဲဝင်နေသူများကို နှိမ်နှင်းရေးပင်ဖြစ်သည်။ ငြိမ်းချမ်းရေး စကားဝိုင်းများ ပျက်သွားပြီးနောက် တပ်မတော်ထိုးစစ်များ ပိုမိုပြင်းထန်လာပြီး တစ်နိုင်ငံလုံးကို ဗဟိုအစိုးရက ချုပ်ကိုင် နိုင်မည့် မဟာဗျူဟာကို အရှိန်မြှင့်လာခဲ့သည်။ တပ်မတော်၏ စစ်ကြောင်းများသည် စစ်ရေးနည်းဗျူဟာသစ် အဖြစ် "ဖြတ်လေးဖြတ်" ကို သုံးလာခဲ့သည်။[၅] ဖြတ်လေးဖြတ်မှာ အမေရိကန်တပ်များ ဗီယက်နမ်စစ်အတွင်း၌ သုံးခဲ့သော နည်းဗျူဟာအပေါ်တွင် နီးနီးစပ်စပ်အခြေခံထားပြီး ရည်ရွယ်ချက်မှာ လက်နက်ကိုင် အတိုက်အခံတပ်များထံ အရပ်သားပြည်သူများထံက ပေးနေသော အထောက်အပံ့ကို ဖြတ်တောက်ပစ်ရန်ဖြစ်သည်။

အစီအစဉ်ကို အကောင်အထည်ဖော်ရန် ၁၉၈၈ တွင် ဖွဲ့စည်းခဲ့သော ခြေမြန်တပ်မ ၉၉ ကဲ့သို့ အထူးခြေမြန်တပ်မ LIDS များကို ပြင်ဆင်ခဲ့သည်။ ယနေ့တွင် ထိုနည်းဗျူဟာကို ယေဘုယျအားဖြင့် မြန်မာနိုင်ငံ တွင် "နယ်မြေ ရှင်းလင်းရေး" စစ်ဆင်ရေးများဟု ခေါ်ကြသည်။[၆] ထိုစစ်ဆင်ရေးများကို လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ယှဉ်၍ ရှုမြင်ကြသည်။ သို့သော် ၂၁ ရာစုသို့ ရောက်ပြီး ရိုဟင်ဂျာရွာများကို အကြီးအကျယ် ဖျက်ဆီးပစ်သော အချိန်ရောက်မှသာ နိုင်ငံတကာ အသိုင်းအဝိုင်း၏ အိပ်ပျော်နေခြင်းကို လှုပ်နိုးနိုင်တော့သည်။[၆] ၂၀၁၇- ၂၀၁၈ ကာလများတွင် ခြေမြန်တပ်မ ၉၉ သည် လျှပ်တပြက် တိုက်ခိုက်ရေး အဖွဲ့များထဲမှ တစ်ဖွဲ့ဖြစ်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ထိုတပ်ဖွဲ့များက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ထိုအထဲတွင် ဒေသခံတို့အပေါ် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အား ကျူးလွန်သော ရာဇဝတ်မှုမျိုးဟု စွပ်စွဲနိုင်သော လုပ်ရပ်များပါဝင်ခဲ့သည်။[၇]

၁၉၆၀ ကျော်နှစ်များတွင်မူ ဗိုလ်ချုပ်နေဝင်း၏ စစ်ဆက်တိုက်နေခြင်းမှာ နိုင်ငံရေးအပြောင်း အလဲများကို လုပ်ရန်အတွက် ဖြစ်လာတော့မည်မဟုတ်ကြောင်း ထင်ရှားလာခဲ့ပြီဖြစ်သည်။ ၁၉၇၀ ကျော်နှစ်များသို့ ရောက်သော အခါ တပ်မတော်သည် ဗ.က.ပများနှင့် KNU တပ်ဖွဲ့များအား ဧရာဝတီ မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမမှသည် မြန်မာပြည်အလယ်ပိုင်းသို့ တွန်းထုတ်ခဲ့ပြီဖြစ်သည်။ သို့ရာတွင် နိုင်ငံတကာနယ်စပ်များနှင့် ထိစပ်နေသော တောင်ပေါ်ဒေသများသို့ တိမ်းရှောင်ကာ ဆက်လက်တိုက်ပွဲဝင် နေနိုင်သော အစိုးရအတိုက်အခံအုပ်စုများနှင့် အိုးအိမ် စွန့်ပြေးနေရသော ဒုက္ခသည်များ ရှိရာ ထိုနည်းဗျူဟာမျိုးမှာ လူမျိုးစုများ နေထိုင်ရာ တောင်တန်းဒေသများတွင် မည်သည့်အခါကမျှ အလုပ်မဖြစ်ခဲ့ပါ။ ပုန်ကန်သူများကို ချေမှုန်းနိုင်ရန် ဝေးစွ၊ အတိုက်အခံများဘက်တွင် အမျိုးသားရေးလှုပ်ရှားမည့် မျိုးဆက်သစ်များသာ ထပ်တိုးလာပြီး လက်နက်ကိုင်လာကြသည်။ များမကြာမီပင် အချင်းချင်း ဆက်နေသောလွတ်မြောက်နယ်မြေများက တိုင်းပြည်၏ နယ်စပ်ဒေသများကို ဝန်းရံကာ ဝိုင်းပတ်ထားသောပုံစံမှာ ထင်ရှားလာပြီဖြစ်သည်။ လက်နက်ကိုင်အတိုက်အခံ အုပ်စုပေါင်းများစွာတို့သည် မိမိတို့၏ နိုင်ငံရေး ရည်ရွယ်ချက်အမျိုးမျိုးကို ကိုင်စွဲလျှက် ဦးနေဝင်း၏ တစ်ပါတီစနစ် ကာလထဲတွင် ဆက်လက် အသက်ရှင်နေခဲ့ကြသည်။

အတိုက်အခံတို့ဘက်တွင် မိမိတို့အင်အားကို ဤမျှ ဆက်ထိန်းထားနိုင်သည်မှာ ၁၉၆၀ ကျော်နှစ်များ နှောင်းပိုင်းတွင် ပေါပေါက်လာခဲ့သော ဖြစ်ရပ်ကြီး သုံးခုကြောင့်ဟုလည်း ဆိုနိုင်သည်။ ပထမဖြစ်ရပ်မှာ ရန်ကုန်တွင် တရုတ်ဆန့်ကျင်ရေး အဓိကရုဏ်းများ ဖြစ်ခဲ့ပြီးသည့်နောက်ပိုင်း ၁၉၆၈ မှ စ၍ ကွန်မြူနစ်ဖြစ်လာသော တရုတ်ပြည်မသည် ဗ.က.ပတို့ကို ဆယ်စုနှစ်တစ်ခုစာမျှ ထောက်ပံ့ခဲ့သည်။ တရုတ်အကူအညီဖြင့် ဗ.က.ပ တို့၏ ပြည်သူ့တပ်မတော်သည် ယူနန်ပြည်နယ်နှင့် ထိစပ်နေသော နယ်စပ်တစ်လျှောက်ကို ထိန်းချုပ်ထားနိုင်ခဲ့သည်။

ဒုတိယဖြစ်ရပ်မှာ ထိန်းသိမ်းခံထားရရာမှ လွတ်မြောက်လာပြီးသည့်နောက် ရာထူးကျသွားသော ဦးနုနှင့် အပေါင်းအပါများသည် ထိုင်းနယ်စပ်သို့ ရောက်ရှိ လာခဲ့

ကြသည်။ ဦးနုနှင့်အဖွဲ့သည် KNU အပါအဝင် အခြားလူမျိုးစု အတိုက်အခံဟောင်းများနှင့် ပူးပေါင်းကာ ၁၉၇၀ တွင် ညီညွတ်သော အမျိုးသားလွတ်မြောက်ရေးတပ်ဦး (National United Liberation Front – UNLF) ကို ဖွဲ့စည်းကာ မ.ဆ.လ အစိုးရကို စစ်အင်အားဖြင့် ဖြုတ်ချရန် ပူးပေါင်းခဲ့ကြသည်။[၈] - NULF သည် ကြာကြာမခံလိုက်ပါ။ သို့သော် တစ်ပြည်လုံးတွင် အတိုက်အခံအင်အားစုများနှင့် ရင်ဆိုင်နေရသည်ဖြစ်ရာ တပ်မတော်သည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အဓိကရုံးစိုက် ရာမြို့ကြီးများမှလွဲလျှင် အခြားနေရာများကို ကောင်းစွာထိန်းချုပ်နိုင်ခြင်းမရှိပါ။[၉]

တတိယဖြစ်ရပ်မှာ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်မှာ ပြိုလဲစပြုလာပြီး လွတ်မြောက်နယ်မြေများတွင်ရှိသော လက်နက်ကိုင် အတိုက်အခံအင်အားစုများသည် နိုင်ငံ၏ နယ်ခြားမှောင်ခို စီးပွားရေး တစ်ခုလုံးကို ထိန်းချုပ်ထားလာနိုင်ကြသည်။ တရုတ်မှ လက်နက်များကိုခပ်လွယ်လွယ်ရနေခြင်းကြောင့်လည်းကောင်း၊ ဒေသတွင်း မှောင်ခိုဈေးကွက်ထဲတွင် ဗီယက်နမ်စစ်မှ ပိုလျှံလာသော လက်နက်များသည်လည်းကောင်း အတိုက်အခံ အင်အားစုများစွာထံ ရောက်ရှိနေကြသည်။ အထူးသဖြင့် ဗ.က.ပ - KNU နှင့် ကချင် လွတ်လပ်ရေးအဖွဲ့တို့သည် တပ်မတော်ကို ပုံမှန်စစ်ဆင်ရေးနည်းများဖြင့်သာမက ပြောက်ကျားနည်းဖြင့်ပါ ခံတိုက်နိုင်ခဲ့ကြသည်။

ထိုနှစ်များတွင် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ၌ ဆုံးရှုံးခဲ့ရသော အသက်များကိုလည်းကောင်း၊ ဆင်းရဲဒုက္ခများကိုလည်းကောင်း မှတ်တမ်းမှတ်ရာ ထားရှိနိုင်ခဲ့ခြင်း မရှိပါ။ မည်သို့ပင်ဖြစ်စေ အစိုးရရော အတိုက်အခံပါ အားသွန်နှဲခဲ့ကြသည်။ စစ်ပွဲများသည် ကိုလိုနီခေတ်အလွန် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ဗုန်းဗုန်း လဲမှုများဆီသို့ဦးတည်ခဲ့ပေသည်။ တိုက်ပွဲများ၏ ရေရှိန်အတက်အကျတိုင်းတွင်း ကျေးလက်တောရွာများ တိုက်ပွဲများကြား ရွှေ့ပြောင်းနေရသဖြင့် တိုင်းပြည်အနှံ့တွင် ရပ်ရွာများ အေးအေးချမ်းချမ်း မနေနိုင်ကြပေ။ နှစ်ပေါင်းငါးဆယ် ကြာမြင့်လာသည့် တိုင်အောင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဇာတ်ခုံတွင် စစ်ဘောင်ချဲ့၍ မဆုံးနိုင်အောင်ရှိသည်။

အာရကန်တွင် လက်နက်ကိုင် တိုက်ပွဲဝင်မှုများ ပြန်လည်စတင်ခဲ့ပုံ

မ.ဆ.လ ခေတ်ထဲတွင် အာရကန်တွင်ဖြစ်ပွားခဲ့သော လက်နက်ကိုင် တိုက်ပွဲများအကြောင်းကို ယေဘုယျအားဖြင့် အပြင်ကမ္ဘာသို့ ရောက်အောင် တင်ပြနိုင်ခြင်းနည်းလှသည်။ အပေါ်ယံမှကြည့်လျှင် ဗဟိုအစိုးရသည် အာရကန်ကို ထိန်းချုပ်ထားနိုင်ပုံရသည်။ သို့ရာတွင် အာရကန်၏ မငြိမ်မသက်မှုများမှာ အခြားသော နိုင်ငံအနှံ့အပြားက လူမျိုးရေး နိုင်ငံရေး အတိုက်အခံပြုမှုများထက် မလျော့ပါ။ အတိုက်အခံအုပ်စုများကို တရားမဝင်ဟု ကြေညာထားသောကြောင့် ဖိနှိပ်ခံရသူများသည် လက်နက်ကိုင် တော်လှန်သူအုပ်စုများကို ထောက်ခံကြသည်။ဗိုလ်ချုပ်နေဝင်း၏ အာဏာသိမ်းပြီးသည့် နောက်ပိုင်း ပါတီစုံစနစ်ကို ဖျက်သိမ်းလိုက်ပြီး အာရကန်ပြည်နယ်အသစ်ပေးမည့်ကိစ္စမှာလည်း မေ့လျော့သွားကြသည့် ကိစ္စတစ်ခု ဖြစ်သွားခဲ့သည်။ မေယုနယ်ခြား အုပ်ချုပ်ရေး (၁၉၆၁ - ၆၄) ကိစ္စမှာလည်း အလားတူပင် ရပ်တန့်သွားခဲ့သည်။ ဤသို့ စိတ်ထင်တိုင်း ချခဲ့သော လုပ်ရပ်များကြောင့် စစ်အစိုးရနှင့် လက်နက်ကိုင် အတိုက်အခံအုပ်စုပေါင်းစုံတို့ကြား၌ ပဋိပက္ခများကို မငြိမ်းချမ်းနိုင်သလို နိုင်ငံရေးအရ ရှေ့မတိုးနိုင်ကြခြင်းမှာ ၂၅ နှစ်ခန့်ကြာမြင့်ခဲ့သည်။

၁၉၆၈ ကျော်နှစ်များအစတွင် အာရကန်တွင် အင်အားအကောင်းဆုံး အတိုက်အခံအဖွဲ့မှာ အလံဖြူကွန်မြူနစ်များဖြစ်ကြသည်။ အလံဖြူတို့မှာ အဓိက ခြေကုတ်စခန်းနှစ်ခုရှိသည်။ ပါတီ၏ အာရကန်ပြည်နယ် ရုံးချုပ်ကို ဗိုလ်ကျော်မြက ဦးစီးပြီး မြောက်ဘက်ပိုင်းရှိ စစ်တွေခရိုင်တွင်တည်ရှိသည်။ အနောက်မြောက်တပ်ခွဲကို ဗိုလ်သက်ထွန်းက အုပ်ချုပ်ပြီး ရခိုင်ရိုးမ၏ အရှေ့ဘက်ခြမ်းမှ မြို့နယ်များနှင့် ကျောက်ဖြူကိုလည်းကောင်း၊ ထိုမြို့နယ်များနှင့် အနောက်ဘက်ရှိ တောင်ကုတ်နှင့် လည်းကောင်း ဆက်စပ်ရာဒေသတွင်ရှိသည်။ စစ်တွေခရိုင် တွင် ရခိုင်ကေဒါများက အလံဖြူ



ကွယ်လွန်သူ လမိုင်းဆရာဦးဇော်ကျော်လွင်၊ AIO နှင့် NUFA ခေါင်းဆောင် (MS)

ကွန်မြူနစ် အများဆုံး ပါဝင်ကြပြီး နှစ်နေရာစလုံးတွင် ချင်းနှင့် အခြားလူမျိုးများထဲမှ အလံဖြူတို့ကို ထောက်ခံသူများရှိကြသည်။[၉] တရုတ်မှ မော်စီတုံး၏ အယူအဆကဲ့သို့ပင် "ယဉ်ကျေးမှု တော်လှန်ရေး" အငယ်စားကိုလည်း မြန်မာမှုပြုခဲ့ကြရာ ၁၉၆၀ အကျော်များတွင် ပါတီ၏ ဂုဏ်ပုဒ်မှာဆိုးဆိုးရွားရွားကျဆင်းလာသည်။သို့ရာတွင်အာရကန်၏ ယဉ်ကျေးမှု တော်လှန်ရေးမူများကို ပြင်းပြင်းထန်ထန်မကျင့်သုံးခဲ့ပေ။ ကွန်မြူနစ်ခေါင်းဆောင်တို့သည် ကျေးလက်ဒေသများ၏ ၎င်းတို့၏ နယ်မြေများကို ဆက်လက်လှုပ်ရှားနိုင်ခဲ့သည်။ ထို ဗ.က.ပ တို့က ယူနန်နယ်စပ်တွင် "ပြည်သူ့တပ်ဖွဲ့" အမည်ဖြင့် အင်အား ၁၅,၀၀၀ခန့်မျှ စုဝေးချိန်တွင် ထောက်ခံသူတို့ကလည်း နိုင်ငံရေး ချိန်ခွင်လျှာမှာ ကွန်မြူနစ်များဘက်တွင် အရေးသာပြီဟု ထွက်ခဲ့ကြသည်။

အလံနီကွန်မြူနစ်တို့ကမူ ဦးနေဝင်းအာဏာသိမ်းပြီးသည့်နောက်ပိုင်းတွင် ဩဇာလျှင်မြန်စွာ ကျဆင်းလာခဲ့သည်။ ရ.က.ပနှင့် ရခိုင်ပြည် အမျိုးသား လွတ်မြောက်ရေးပါတီ ANLP တို့ ၁၉၆၀နှစ်များအစောပိုင်းတွင်ပေါ်ပေါက်လာခြင်းကလည်း အလံနီဩဇာ ကျဆင်းသွားရခြင်းနှင့် များစွာဆက်စပ်သည်။ အာရကန်သည် အလံနီတို့၏နောက်ဆုံး ခြေကုတ်စခန်းများထဲမှ တစ်ခုဖြစ်ခဲ့ပြီး ရ.က.ပ က ၁၉၆၂ တွင် ခွဲထွက်သွားသောအခါ ပါတီမှာ ဩဇာအာဏာ ကျဆင်းလာခဲ့သည်။ ရခိုင်ပြည်နယ် ကွန်မြူနစ်ပါတီ ရ.က.ပ နှင့် ရခိုင်ပြည် အမျိုးသား လွတ်မြောက်ရေး ပါတီ ANLP နှစ်ခုစလုံးမှာ မတ်စ်ဝါဒီများဖြစ်ကြသလို ရခိုင် အမျိုးသားရေးဝါဒီများလည်း ဖြစ်ကြသည်။ အလံနီခေါင်းဆောင်သခင်စိုး က အစိုးရထံ လက်နက်ချ အလင်းဝင်သွားသော အခါ အလံနီတို့၏ ပြိုလဲမှုမှာ ပို၍ပင် မြန်မြန်ဆန်ဆန် ဖြစ်လာခဲ့သည်။ ၁၉၇၀ တွင် ရခိုင်ရိုးမအတွင်း၌ တပ်မတော်၏ စစ်ဆေးရေးကာလများအတွင်း သခင်စိုးက "ငြိမ်းချမ်းရေးတမန်" ဟူသော အစီအစဉ်တစ်ခုကို လုပ်ခဲ့ချိန်တွင် ထိုကဲ့သို့ မထင်မှတ်ထားသော အခြေအနေများ ဖြစ်ခဲ့ရာမှ အလံနီတို့၏ ကျဆုံးခြင်း ခပ်မြန်မြန်ပင် ဖြစ်လာခဲ့သည်။ ထိုအချိန်မှစကာ အလံနီကွန်မြူနစ်တို့မှာ မြန်မာပြည်တွင်း၌ အရှိန်သေသွားခဲ့သော လှုပ်ရှားမှုတစ်ခု ဖြစ်လာခဲ့သည်။[၁၀]

ထိုအရေးကြီးသော အခိုက်အတန့်တွင် လူမျိုးစုလက်နက်ကိုင် တပ်ဖွဲ့များ အသစ်ပေါ်ထွက်လာခြင်းကို အကြောင်းပြု၍ တော်လှန်ရေးပုန်ကန်ရန် စိတ်ထက်သန်မှုများ အာရကန်တွင် အရှိန်တက်ခဲ့သည်။ (အာရကန်လက်နက်ကိုင် လှုပ်ရှားမှုများ သမိုင်းကိုရှုပါ။) ပထမဆုံး လှုပ်ရှားမှုအသစ်မှာ သက်ဆိုးမရှည်ခဲ့သော ရခိုင်ပြည်နယ် အမျိုးသားညီညွတ်ရေးအဖွဲ့ (ယခင်ကရှိခဲ့သော ANUO နှင့် အဆက်အစပ်မရှိပါ။) ယခုအဖွဲ့ကမူ ၁၉၅၈ ဦးနုအစိုးရလက်ထက် လက်နက်နှင့် ဒီမိုကရေစီ လဲလှယ်ရေး အစီအစဉ်တွင် လက်နက်စွန့်ခဲ့သော အများလေးစားကြသည့် ပြည်သူ့ရဲဘော်ခေါင်းဆောင် ဗိုလ်ကြာလှအောင်က ၁၉၆၃ ခုနှစ်တွင် ထူထောင်ခဲ့ခြင်းဖြစ်သည်။ မူဂျာဟစ်ပါတီမှာလည်း မြောက်ပိုင်းနယ်စပ်ဒေသမှ စစ်ခေါင်းဆောင်တစ်ဦး ဖြစ်သော စာနီဂျာ၏ ဦးဆောင်မှုဖြင့် ပြန်လည်အသက်ဝင်လာခဲ့သည်။[၁၁] ရိုဟင်ဂျာ လွတ်လပ်ရေးတပ်ဦး (၁၉၇၃ ခုနှစ် မှ စတင်၍ ရိုဟင်ဂျာ မျိုးချစ်တပ်ဦး RPF အဖြစ် အမည်ပြောင်းခဲ့) မှာလည်း အရေးကြီးသည့် လှုပ်ရှားမှု တစ်ခုပင်။ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားတစ်ဦးဖြစ်သော မိုဟာမက်ဂျာဟာဘစ်က ၁၉၆၄ ခုနှစ်တွင် တည်ထောင်ခဲ့သော အဖွဲ့ဖြစ်ပြီး လှုပ်ရှားမှု အသစ်တစ်ခုအနေနှင့် ရပ်တည်လာရန် နှစ်ပေါင်းအတော်ကြာမြင့်ခဲ့သည်။ ယနေ့ ရိုဟင်ဂျာ အရေး လက်နက်ကိုင်လှုပ်ရှားသူများကမူ ၎င်းတို့သည် ဂျာဟာဘစ်နှင့် RPF တို့၏ အဆက်အနွယ်များဖြစ်သည်ဟု ဆိုကြသည်။

တော်လှန်လိုစိတ်ကို ပို၍ဆွပေးသော အဖြစ်အပျက်တစ်ခုမှာ ၁၉၆၇ ခုနှစ် ဩဂုတ်လ ၁၃ ရက်တွင် ဖြစ်ခဲ့သည်။ ထိုနေ့မှာ အာရကန်သမိုင်းတွင် နာမည်ဆိုးသောနေ့ရက်တစ်ခုဖြစ်ပြီး ယနေ့အထိ ထိုနေ့တွင် ဖြစ်ပျက်ခဲ့သည်များကို လွတ်လပ်စွာ စုံစမ်းဖော်ထုတ်ခဲ့ခြင်း မည်သည့်အခါကမျှ မရှိခဲ့ပေ။ သို့ရာတွင် မျက်မြင်သက်သေများက ပြန်ပြောင်း ပြောကြရာ၌ ရခိုင်ပြည်နယ်၏ မြို့တော်စစ်တွေ၌ ဆန်ပြတ်လပ်မှုများ ဖြစ်ပေါ်သဖြင့် ဆန္ဒပြသောလူအုပ်ထဲသို့ စစ်တပ်က တည့်တည့်ပင် သေနတ်ဖြင့် ပစ်ခဲ့ရာ အချို့သေဆုံးပြီး အချို့ဒဏ်ရာရ သို့မဟုတ် ပျောက်ဆုံးသွားရာအရပ်သားလူပေါင်း ၄၀၀ ခန့် ထိခိုက်နစ်နာ ခဲ့ရသည်ဟုဆိုသည်။[၁၂] ဆန်ထွက်သော ဒေသအဖြစ် လူသိများခဲ့သော နယ်တွင် ထိုအဖြစ်မှာ အမျိုးသားရေး စိတ်ဓာတ်များကို တစ်ဖန်ပြန်၍ မီးတောက်ရန် စနတ်တံဖြုတ်လိုက်ခြင်းပင် ဖြစ်သည်။ ထိုအချိန်ကတည်းကပင် ၁၉၆၇ "ဆန်ပြဿနာလူသတ်ပွဲနေ့ကို" ၁၇၈၄၊ ၁၈၂၄ နှင့်၊ ၁၉၄၂ ကျူးကျော်စစ်များနှင့် သွေးမြေကျမှုများ ကဲ့သို့ပင် အာရကန်အမျိုးသားတို့ကြေကွဲဝမ်းနည်းစရာ နေ့တစ်ခု ဖြစ်လာပြီး မျိုးချစ်စိတ်ကို လှုံ့ဆော်ရန် အရေးကြီးသည့် အဖြစ်အပျက်တစ်ခု ဖြစ်လာခဲ့သည်။

ထိုအဖြစ်အပျက်များ၏ တွန်းအားဖြင့် လှုပ်ရှားမှုအသစ်နှစ်ခု ပေါ်ပေါက်လာခဲ့သည်။ တစ်ခုမှာ ရခိုင်ပြည်လွတ်လပ်ရေးအဖွဲ့ (Arakan Independence Organisation – AIO) နှင့် ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (Arakan Liberation Party – ALP) တို့ဖြစ်ကြသည်။ ထိုလှုပ်ရှားမှုအသစ်များကို အဓိက စိတ်ခွန်အားပေးသူမှာ သမိုင်းပညာရှင်တစ်ဦးဖြစ်သော ဦးဦးသာထွန်းဖြစ်သည်။ လူငယ်များအပေါ် ဩဇာကြီးမားသော ဦးဦးသာထွန်းသည် ၁၉၉၀ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ရခိုင်

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို ပူးတွဲတည်ထောင်သူ တစ်ဦး ဖြစ်ပြီး ထောင်ထဲတွင် ကွယ်လွန်ခဲ့သည်။ ၁၉၆၈ ခုတွင်၎င်း၏ တပည့်တစ်ဦးဖြစ်သော AIO ၏ ပထမဆုံးခေါင်းဆောင် ဆရာစံကျော်ထွန်းက အာရကန်တို့၏ ဘဝအခြေကို ညွှန်းဆိုသည့်စကား "ကျွန်ုပ်နှင်းကိုလိုနီ" ကို စတင်သုံးစွဲခဲ့သူဖြစ်သည်။[၁၃] ရခိုင်တို့၏ ရုန်းကန်ရမှုကို ဂရိတ်ဗြိတိန်မှ အိုင်ယာလန်လွတ်မြောက်ရေး လှုပ်ရှားမှုနှင့် မကြာခဏ နှိုင်းပြတတ်ကြသည်။ မျိုးဆက်သစ် ရခိုင်လက်နက်ကိုင် လှုပ်ရှားမှုများက ဗ.က.ပ နှင့် မ.ဆ.လ တို့၏ မတ်စ်ဝါဒီ အချုပ်အနှောင်ကိုလည်း မခံကြပေ။ AIO လူငယ်များ၏ အယူအဆကမူ လူနည်းစု တိုင်းရင်းသားများအဖို့ မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှုကြီး နှစ်ခုမှာမတ်စ်ဝါဒီနှင့်မ.ဆ.လ၏ "ဗမာဇာတ်သွင်းသော"မူဝါဒများပင်ဖြစ်သည်ဟု ယူဆသည်။ နောင်တွင် AIO ၏ ဥက္ကဋ္ဌ ဖြစ်လာခဲ့သော သမိုင်းကျောင်းသားတစ်ဦးဖြစ်သူ ကျော်လှိုင်က "လွတ်လပ်ရေးရချိန်က မတ်စ်ဝါဒကို အတိတ်က ဆုံးရှုံးခဲ့ဖူးသော အင်ပါယာကို ပြန်တည်ထောင်ပေးနိုင်မည့် ဝါဒတစ်ခုအဖြစ် ဗမာအများက ထင်ခဲ့ကြသည်" ဟု ဆိုခဲ့သည်။[၁၄]

နောက်ဆယ်စုနှစ်တွင်မူ AIO ရော ALP ပါ လွတ်မြောက်နယ်မြေကို တည်ထောင်ရန် ကြိုးစားကြရာတွင် မအောင်မြင်ခဲ့ကြပါ။ ယနေ့တွင်မူ ထိုပါတီနှစ်ခုစလုံးကို နိုင်ငံရေးနှင့် ပတ်သက်သော အရေးဆိုထောက်ပြမှုများ ကြောင့်လူသိများပါသည်။သို့ရာတွင် ထိုအဖွဲ့များ၏ ကွန်ရက်ဖွဲ့ထားရှိနိုင်မှုနှင့် ဖွဲ့စည်းပုံကို ကြည့်လျှင် ဤဒေသအတွင်းမှ အခြားလက်နက်ကိုင်များ နောက်ပိုင်းတွင်လျှောက်ခဲ့သောလမ်းမှာ ၎င်းတို့၏ လမ်းစဉ်နှင့် ခပ်ဆင်ဆင်ဖြစ်ကြောင်းတွေ့ရမည်။ သို့ဖြစ်ရာ ၎င်းတို့၏ (မော်ဒယ်) လုပ်နည်းကိုင်နည်းများက အရေးပါခဲ့သည်ဟု ဆိုရမည်။ ၁၉၇၀ တွင် မန္တလေးတက္ကသိုလ်မှ လူသိပ်မများသော ကျောင်းသားတစ်စုက AIO ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် တရုတ်နယ်စပ်ရှိ KIO ထိန်းချုပ်မှု အောက်တွင်ရှိသော စခန်းများသို့သွားရောက်ကာ စစ်ပညာကို စတင်သင်ယူခဲ့ကြသည်။ နှစ်နှစ်ခန့်အကြာတွင် ထို AIOတပ်ဖွဲ့များသည် အာရကန်နယ်ထဲရှိ အိန္ဒိယနယ်စပ် တစ်လျှောက်ပြန်လည် ထိုးဖောက် ဝင်ရောက်လာကြပြီး ကျောက်တော်နှင့် မြောက်ဦးမြို့နယ်များတွင် ခြေကုတ်ရယူနိုင်ခဲ့ကြသည်။ AIO ခေါင်းဆောင်များသည် ယခုအခါ အာရကန်လွတ်လပ်ရေးနှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ရေးတို့ကို တောင်းဆိုနေကြသည်။

ဒုတိယလက်နက်ကိုင်အင်အားစုကို တည်ထောင်ရန် ကြိုးစားကြရာတွင် ALP သည် ပို၍အချိန်ယူကာ ဖြည်းဖြည်းလှုပ်ရှားခဲ့သည်။ ၁၉၆၇ - ၆၈ တွင် ပထမအကြိမ် ကြိုးစားရာ မအောင်မြင်ခဲ့ပေ။ မြေအောက် တော်လှန်ရေးကို ထောက်ခံသူများအား စစ်တွေနှင့် ရသေ့တောင်မြို့နယ်များတွင် အဖမ်းခံလိုက်ရသည်။ ဖမ်းဆီးခံရသူများထဲတွင် နောင်တွင် ပါတီခေါင်းဆောင်များဖြစ်လာမည့် ခိုင်မိုးလင်း၊ ခိုင်ရဲခိုင်နှင့် ခိုင်စိုးနိုင်တို့ ပါဝင်ခဲ့သည်။[၁၅] ၁၉၇၂ - ၇၄ သို့ရောက်မှသာ ALP ကို ထိုင်းနယ်စပ်တစ်လျှောက်တွင် KNU ၏အကူအညီဖြင့် အတည်တကျ ဖွဲ့စည်းနိုင်ခဲ့သည်။ နောက်ထပ်ဆယ်စုနှစ်များတွင် ALP သည် တပ်ပေါင်းစု အသိုင်းအဝိုင်းတွင် လူသိများသော အဖွဲ့တစ်ခုဖြစ်ခဲ့သည်။ ဖက်ဒရယ်စနစ်ကို တည်ထောင်ရန် တောင်းဆိုခဲ့သော လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့များကို အခြေပြုသည့် အမျိုးသားဒီမိုကရက်တစ်တပ်ဦး NDF ကို ဖွဲ့စည်းရာတွင်လည်း ပါဝင်ခဲ့သည်။ KNU နယ်မြေတွင် ဖွဲ့စည်းခဲ့သော NDF သည် တစ်နိုင်ငံလုံးမှ အခြားလက်နက်ကိုင် လူမျိုးစုအဖွဲ့အစည်းများနှင့် ကွန်ရက်ချိတ်ဆက်ရန် အားထုတ်ခဲ့သည်။ သို့သော် ALP သည် အာရကန်တွင်မူ စစ်ရေးလှုပ်ရှားမှု အသွင်ကိုယူရန် ကြိုးစားခဲ့သည်။ အစိုးရတပ်များက ပိတ်ထားသော လမ်းကြောင်းများကို ဖွင့်ထုတ်နိုင်ရန်အတွက် ဤနည်းကိုရွေးခဲ့သည်။ (နယ်မြေရှင်းလင်းရေး၊ နဂါးမင်းစစ်ဆင်ရေးနှင့် ဒုက္ခသည်အကျပ် အတည်းတို့ကို ရှုပါ။)

ဤအတောအတွင်း မွတ်ဆလင်အသိုင်းအဝိုင်းများသည်လည်း လက်နက်ကိုင် အတိုက်အခံပြုရန် ပြန်ပြီး လမ်းစဖော်လာကြသည်။ ပါလီမန်ခေတ်မှ မူဂျာဟစ်ဒင်များ၏ လှုပ်ရှားဟန်ကိုယူကာ ၁၉၆၀ ကျော်ကာလများတွင် စစ်စခန်းများ နေရာချရာတွင် ဗဟိုဟူ၍ မည်သည့်နေရာတွင်မှမထားဘဲ အုပ်ချုပ်သည်။ မူဂျာဟစ် ပါတီအသစ်သည် အင်အားအကြီးဆုံးဖြစ်ပြီး မွတ်ဆလင် (သို့မဟုတ် ရိုဟင်ဂျာ) အမျိုးသား လွတ်မြောက်ရေးပါတီဟုလည်း ခေါ်ကြသည်။ စာနီဂျာဖားရ်က ခေါင်းဆောင်သော ထိုလှုပ်ရှားမှုမှာ ရခိုင်ပြည်နယ်ကွန်မြူနစ်ပါတီ၊ NLP တို့နှင့် နှတ်မြစ်နယ်ခြားဒေသတွင် မဟာမိတ်ဖွဲ့ခဲ့သည်။ ၁၉၇၀ ကျော်ကာလများတွင် အာရကန်မြောက်ပိုင်းရှိ မွတ်ဆလင်အသိုင်းအဝိုင်းများ၏ လက်နက်ကိုင်တော်လှန်မှု နေရာတွင် မိုဟာမက်ဂျာဖားရ်ဟာဗစ်နှင့် တောခိုသွားသော မျိုးဆက်သစ် RPF လက်နက်ကိုင်များက အစားထိုး ဝင်ရောက်ခဲ့သည်။[၁၆]

မ.ဆ.လ အစိုးရ အုပ်ချုပ်ပြီး ဆယ်စုနှစ်တစ်ခုအကြာတွင်မွတ်ဆလင်များကြားတွင်လက်နက်ကိုင်လမ်းစဉ်ကို ထောက်ခံရန် ဆန္ဒပြင်းပြလာကြသည်။ မည်သည့်အနေအထားမှ လာသူဖြစ်စေ၊ မွတ်ဆလင်များစွာသည် မ.ဆ.လ အစိုးရလက်အောက်တွင် မလုံမခြုံခံစားရသည်။ တရားဝင်ကြေညာချက်ဖြင့် ထုတ်ပြန်ခြင်း မရှိခဲ့သော်လည်း နိုင်ငံခြားအန္တယ် သွေးနှောဟု ယူဆသော မွတ်ဆလင်များထံမှ လက်ရှိမှတ်ပုံတင်များကို သိမ်းယူပြီး အသစ်ပြန်ထုတ်ပေးတော့မည်မဟုတ်ဟူသော သတင်းကလည်း ပျံ့လွင့်လာခဲ့သည်။[၁၇]

ဤကဲ့သို့ အပြောင်းအလဲများ ဖြစ်ပေါ်နေချိန်တွင် အာရကန်ရှိ အတိုက်အခံများ၏ နိုင်ငံရေးကို ပို၍ အရှိန်မြင့်စေသော ထူးခြားဖြစ်စဉ်နှစ်ခုကြောင့်လည်း အတိုက်အခံတို့မှာ ပို၍နေရာရလာခဲ့သည်။ ၁၉၇၁ ခုနှစ် ပါကစ္စတန်ကို ဆန့်ကျင်ပြီး လွတ်လပ်ရေး တောင်းယူခဲ့ပြီးနောက် ဘင်္ဂလားနယ်စပ်တွင် လက်နက်များစုပုံ နေခဲ့သည်။ တော်လှန်ရေးလမ်းစဉ်သမားများကိုလည်း များစွာစာနာကြသောကြောင့် အစိုးရအတိုက်အခံ အုပ်စုများသည် အလွယ်တကူပင် လှုပ်ရှားသွားလာ နိုင်ကြသည်။ ဒုတိယဖြစ်စဉ်မှာ အိန္ဒိယနယ်စပ်တစ်လျှောက်တွင် လက်နက်ကိုင် တော်လှန်ရေး မီးတောက် အရှိန်မြင့်လာခဲ့သည်။ အင်အား အကောင်းဆုံး အဖွဲ့မှာ (၁၉၆၁ ခုနှစ်တွင် တည်ထောင်သော MNF) ခေါ် မီဇိုအမျိုးသား တပ်ဦးဖြစ်ပြီး ထိုအဖွဲ့မှာတရုတ်၏ အထောက်အပံ့ကိုလည်းရသည်။[၁၈] မူလအစတွင် MNF သည် မြန်မာနိုင်ငံရှိ ချင်းလူမျိုးစုများနှင့် စုပေါင်း၍ "မီဇိုရမ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ" ကို ထူထောင်ရန်ဖြစ်သည်။ သို့သော် MNF သည် သုံးနိုင်ငံဆုံချက်နယ်မြေတွင် ခိုလှုံနေစဉ် မီဇိုစစ်ခေါင်းဆောင်များသည် အာရကန်မြောက်ပိုင်းမှ အလံဖြူကွန်မြူနစ်များနှင့် မဟာမိတ်ဖွဲ့ ဖြစ်ခဲ့ကြသည်။ ၁၉၇၀ နှစ်များအစောပိုင်းတွင် ဗ.က.ပနှင့် MNF တို့ ရယ့ေတောင်မြို့နယ်ကို ဝင်စီးခြင်းအပါအဝင် ပူးတွဲစစ်ဆင်ရေးများကို ဆင်နွှဲခဲ့ကြသည်။[၁၉]

အကျိုးဆက်မှာ သိသာလှသည်။ ဗ.က.ပ၊ ရ.က.ပ နှင့် ANLP တို့သည် အာရကန်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် လက်နက်ကိုင် တိုက်ပွဲဝင်မှုများကို ဆက်လက်ဆင်နွှဲနေကြချိန်တွင် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနယ်စပ်များတွင် အတိုက်အခံလှုပ်ရှားမှု အသစ်အမျိုးမျိုး သက်ဝင်လှုပ်ရှားနေခဲ့သည်။ (ဒေသတွင်း ပဋိပက္ခ အခင်းအကျင်းကို ရှုပါ။) အစိုးရထိန်းချုပ်ထားသော မြို့နယ်များကမူ လက်နက်ကိုင်များ၏ သိသိသာသာ ခြိမ်းခြောက်မှုကို မခံရပေ။ သို့သော် သုံးနိုင်ငံနယ်စပ်ဒေသတွင် လှုပ်ရှားမှု အသစ်၊ နယ်မြေအသစ် ပေါ်ပေါက်လာခဲ့ခြင်းက နောက်ထပ် နှစ်နှစ်ဆယ်အတွင်း အစိုးရကို လက်နက်ကိုင် ဆန့်ကျင်ခြင်းများ ဆက်လက်ရှိနေစေသော အကြောင်းတစ်ရပ် ဖြစ်လာပေသည်။ ဗကပတို့သည် တစ်ပြည်လုံးတွင် မ.ဆ.လ အစိုးရ၏ အင်အားအကြီးဆုံး အတိုက်အခံဖြစ်နေဆဲပင်။ သို့သော် အခြားမြန်မာနိုင်ငံ ဒေသများစွာတွင်သာမက အာရကန်တွင်ပါ လက်နက်ကိုင် အတိုက်အခံ အဖွဲ့သစ်များ လှုပ်ရှားလာကြသည်။ တပ်မတော်၏ ဗျူဟာရေးရာ တာဝန်ရှိသူများကမူ ၎င်းတို့၏ လုပ်နည်းကိုင်နည်းများကို ပြန်စဉ်းစားသင့်ပြီဖြစ်ကြောင်း သဘောပေါက်လာသည့် အချိန်ဖြစ်သည်။

၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ရခိုင်ပြည်နယ်နှင့် လူဦးရေ သန်းခေါင်စာရင်း

စစ်အစိုးရအုပ်ချုပ်သည့် နှစ်ငါးဆယ်ကာလ (၁၉၆၂ - ၂၀၁၁) အတွင်း လက်နက်ကိုင် ပုန်ကန်သူ အင်အားစုများ အရှိန်အမြင့်ဆုံး လှုပ်ရှားနိုင်ခဲ့ကြသည့် အချိန်မှာ ၁၉၇၅ တစ်ဝိုက်ကာလများဖြစ်သည်ဟု လူမျိုးစုအရေး လှုပ်ရှားခဲ့သော လက်နက်ကိုင် တပ်ဖွဲ့ဝင်ဟောင်းများက ဆိုကြသည်။ အာရကန် နယ်စပ်ဒေသ အများစုနှင့် အာရကန် အတွင်းပိုင်း နေရာအများစုကို အစိုးရဆန့်ကျင်ရေး လက်နက်ကိုင် အင်အားစုများက အုပ်စီးထားမိကြသည်။ သို့သော်အခြားရှုထောင့်များမှ ကြည့်လျှင် ထိုအချိန်ကရခဲ့သော စစ်ရေးအင်အားဆိုသည်မှာ ထင်ယောင်ထင်မှားဖြစ်စရာ ကိစ္စတစ်ခုပင်။ ၁၉၇၃ တွင် မြန်မာနိုင်ငံရေးဇာတ်ခုံ၌ တစ်သီတစ်တန်းဖြစ်ခဲ့သော အဖြစ်အပျက်တို့မှာ မ.ဆ.လ ကလိုရာပုံဖော်ကြိုးဆွဲနိုင်သော အခြေအနေကို ပြသနေခဲ့သည်။ ဗကပတို့သည် တရုတ်နယ်စပ်မှနေ၍ ပြန်တိုက်ရန်မှာ အစိုးရစစ်တပ်နှင့် ရင်ဆိုင်တိုက်ပွဲများကြမ်းလွန်းသဖြင့် ရပ်ထားရသည်။ထို့ပြင် ထိုင်းနယ်စပ်တွင်ရှိသော NULF တပ်ပေါင်းစု မဟာမိတ်များမှာ စစ်ပန်းနေပြီဖြစ်သည်။ ထိုအင်အားနှစ်ရပ် သိသိသာသာ ပျော့သွားချိန်တွင် တပ်မတော်သည် ပြန်လည်စုစည်းမိရန် အချိန်ရသွားခဲ့သည်။ နောက်တစ်ကြိမ်အဖြစ် ဦးနေဝင်းသည် ၎င်း၏ နိုင်ငံရေးမဟာဗျူဟာကိုရော စစ်ရေးမဟာဗျူဟာကိုပါ တပြိုင်တည်း စုံချခင်းတတ်သော ပုံစံမျိုးကိုကြိုးပမ်းလာပြန်သည်။ နည်းလမ်းပေါင်းစုံဖြင့် ထိုးနှက်ရန် ပြင်ဆင်ထားခဲ့ပြီဖြစ်သည်။

နိုင်ငံရေးမျက်နှာစာတွင် အစိုးရသည် အစီအစဉ်များတစ်ခုပြီးတစ်ခု ခပ်မြန်မြန်ပင် အစဉ်လိုက် အကောင်အထည်ဖော်ခဲ့သည်။ ပြည်လုံးကျွတ်သန်းခေါင်စာရင်း၊ ပြည်လုံးကျွတ် ပြည်သူ့ ဆန္ဒခံယူပွဲနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တို့ ဆက်တိုက်ပင် အကောင်အထည်ပေါ်လာသည်။ အာရကန်အရေးကို ထိုအစီအစဉ်များ အားလုံးတွင် ထည့်သွင်းစဉ်းစားထားသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေသစ်ထဲတွင် မြန်မာနိုင်ငံသည် တစ်ပါတီ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးမည်ဖြစ်ပြီး နိုင်ငံရေးမြေပုံပေါ်တွင် ပထမဆုံး အကြိမ်အဖြစ် လူမျိုးစု အချို့းကျပါဝင်နေပုံအတိုင်း နယ်ခြားမျဉ်း ကို သတ်မှတ်တော့မည်ဖြစ်သည်။ ဆယ်စုနှစ် သုံးခုစာမျှ အရေးဆိုပြီးသည့် နောက်တွင် အာရကန်သည် ချင်း၊ မွန်တို့နှင့် အတူ ပြည်နယ်အဖြစ်ကို ရရှိလာပြီး လက်ရှိ ပြည်နယ်များဖြစ်ကြသော ကချင်၊ ကရင်၊ ကယား၊ ရှမ်းတို့နှင့် အဆင့်အတန်းတူ ပြည်နယ် ဖြစ်လာခဲ့သည်။ နောင်တွင်မူ ပြည်နယ် ခုနှစ်ခုဟု ခေါ်ခဲ့ပြီး လူနည်းစုဖြစ်ကြသော လူမျိုးများကို ကိုယ်စားပြုသည့် ပြည်နယ်များဖြစ်ကြပြီ။ တိုင်း

ခုနှစ်တိုင်း (နောင် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အမည်ထပ်ပြောင်း) မှာ ဗမာအများစု နေထိုင်ရာ အရပ်များဖြစ်လာခဲ့သည်။ သို့ရာတွင်ဤအစီအမံများမှာ လူမျိုးစုအရေး လှုပ်ရှားသူများအတွက် အားရစရာအဖြေ တစ်ခုမဟုတ်ခဲ့ပေ။ မ.ဆ.လ၏ အတိုက်အခံများအတွက်မူ "သွေးခွဲအုပ်ချုပ်ခြင်း Divide and Rule" ပုံစံတစ်ရပ် အဖြစ်သာမြင်သည်။ ပြည်နယ်အသစ်၏အမည်မှာ ရခိုင်ပြည်နယ်ဟုသာခေါ်ပြီး လူများစုဖြစ်သောညွှန်းဆိုသည့် အာရကန်အမည်နှင့် ပြည်နယ် မဖြစ်လာခဲ့ပေ။



ရခိုင်ပြည်နယ်မြောက်ပိုင်း ဓနက်ခင်းဧရိယာမှ ဟင်းသီးဟင်းရွက်သည် (TK)

အစိုးရသည် ထိုနိုင်ငံရေး အပြောင်းအလဲများ ခိုင်မာစေရန်အတွက် နိုင်ငံအနှံ့တွင်လည်း လုံခြုံရေး အစီအမံများကို ပိုမိုတင်းကျပ်ထားသည်။ ရန်ကုန်ရှိ ဦးသန့်၏ စျာပနတွင် ဆန္ဒပြသော ကျောင်းသားများကို နှိမ်နင်းခြင်း၊ ပဲခူးရိုးမထဲတွင် နယ်မြေရှင်းလင်းရေး စစ်ကြောင်းများ ပို၍အရှိန်တင်ထားခြင်းဆောင်ရွက်ခဲ့ပြီး ၁၉၇၄ - ၇၅ မှာ တပ်မတော်က ဗ.က.ပ တို့နှင့် ကရင်တပ်များကို အထက်မြန်မာပြည်မှ ကုန်စင်အောင် တွန်းထုတ်ရာတွင် အောင်မြင်ခဲ့သော ကာလလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏အရှေ့ဘက်နှင့် အနောက်ဘက်တို့ရှိ အတိုက်အခံ လက်နက်ကိုင်တို့ကြားမှ ထောက်ပံ့ပို့ဆောင်ရေး လမ်းကြောင်းများကိုလည်း ထိရောက်စွာဖြတ်တောက်ပစ်ခဲ့သည်။ အစိုးရ၏ နည်းဗျူဟာတွင်အင်အားကို အလွန်အကျွံသုံးခဲ့သည်။ တစ်ချိန်တည်းတွင် ၁၉၇၃ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်းနှင့် ၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပြဋ္ဌာန်းခြင်းကို ရှောရှောရှူရှူ ပြီးမြောက်အောင် လုပ်ဆောင်ခဲ့ကြသည်။

မြန်မာပြည်အလယ်ပိုင်းတွင် လက်နက်ကိုင် တပ်ဖွဲ့များ ရှင်းလင်းသွားသောအခါ စစ်တပ်၏ အာရုံစိုက်မှုမှာ အခြားပဋိပက္ခဒေသများသို့ ရောက်ရှိလာခဲ့သည်။ အတိုက်အခံအုပ်စု အများစုကလည်း တရုတ်နှင့် ထိုင်းနယ်စပ်ဒေသများမှာ တပ်မတော်၏ ပစ်မှတ်များဖြစ်လာတော့မည်ဟု မှန်းထားကြသည်။ သို့ရာတွင် ရခိုင်ပြည်နယ်အသစ်၏ အရေးက အားလုံးထဲတွင် ပို၍ အရေးကြီးနေဟန်ရှိသည်။ ထိုအချိန်မှစကာ မ.ဆ.လအာဏာရခဲ့သည့် ကာလတစ်လျှောက်လုံးတွင် တိုင်းပြည်လုံခြုံရေးကိစ္စများတွင် အဓိကထားသော အရေးအရာတစ်ခုအဖြစ် ရခိုင်ကို သဘောထားခဲ့ကြသည်။

ထိုအချိန်ကမူ အာရကန်ကို တပ်များက အဘယ်ကြောင့် အာရုံစိုက်ခဲ့ကြသည်ကို တပ်မတော်၏ အကြီးအကဲများက မရှင်းပြခဲ့ကြပါ။ လက်နက်ကိုင်အဖွဲ့ပေါင်းစုံရှိသည့်အနက် တရုတ်နှင့် ထိုင်းနယ်စပ်တွင် ဖြစ်နေသော တိုက်ပွဲများထက်စာလျှင် စစ်ရေးအရ ရခိုင်ဘက်တွင် ဖြစ်နေသော ပဋိပက္ခမှာ အရှိန်မပြင်းလှပါ။ သေချာသည်မှာ ရန်ကုန်မှ အစိုးရခေါင်းဆောင်များအဖို့ အာရကန်တွင် အတိုက်အခံလက်နက်ကိုင်အဖွဲ့များ အသစ်ပေါ်လာခြင်းမှာ စိုးရိမ်စရာဖြစ်ပါလိမ့်မည်။ အလံဖြူကွန်မြူနစ်၊ ရ.က.ပ နှင့် ANLP တို့သည် အာရကန်တစ်ခွင် နေရာများစွာတွင် လှုပ်ရှားနေဆဲဖြစ်သလို AIO, ALP နှင့် RPF တို့ကလည်း ၎င်းတို့၏ ဌာနချုပ်နေရာ ချရန် စခန်းများရှာနေကြသည့် အနေအထားတွင်ရှိသည်။[၂၀] သို့ရာတွင် အတိုက်အခံအုပ်စုများကြား ညီညွတ်ရေးကို မတည်ဆောက်နိုင်ခြင်းကလည်း မ.ဆ.လအာဏာတည်မြဲရခြင်း၏ တစ်ခုတည်းသော အကြောင်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အချို့ဖြစ်ရပ်များတွင် အတိုက်အခံအဖွဲ့ အချင်းချင်းဆုံမိပြီး ပစ်ကြခတ်ကြသည့် အခါများပင် ရှိပါသည်။ ၁၉၇၂ ခုနှစ်တွင် ပြည်နယ်မြောက်ပိုင်း၌ လှုပ်ရှားခဲ့သော ဒေသခံ လူမျိုးစုတိုင်းရင်းသားများအဖွဲ့ကို အလံဖြူကွန်မြူနစ်တို့က ဖျက်သိမ်းခဲ့သည်။[၂၁] (အာရကန်လက်နက်ကိုင် လှုပ်ရှားမှုများသမိုင်းကို ရှုပါ။)

ဗိုလ်ချုပ်နေဝင်းက အာရကန်ကို ထိပ်တန်း ဦးစားပေးကိစ္စတစ်ခုအဖြစ် စဉ်းစားခဲ့ရာတွင် အခြားအကြောင်းတရားများ ရှိသေးကြောင်းကို ၁၉၇၀ ကျော်တွင် ဖြစ်ပွားခဲ့သောအဖြစ်အပျက်များက ပြသခဲ့ပေသည်။ အဖြစ်အပျက်အားလုံးသည် လုံခြုံရေးနှင့် ဆပ်စပ်နေသလို လူမျိုးစုရေးရာများ (ethnicity)၊ လူမျိုးစုတို့၏ ဖြစ်တည်မှု ဝိသေသ

(identity) ကိစ္စများနှင့်လည်း ယှက်နွယ်နေကြသည်။ ကိုလိုနီခေတ်လွန်နိုင်ငံများ၌ ထိုအရေးသုံးခုစလုံး ဖိုခနောက်ဆိုင်ဆက်စပ်နေခြင်းမှာ သမိုင်းတစ်လျှောက်လုံးပင် ဖြစ်သည်။ နိုင်ငံခြားသားကို မုန်းတီးသောခေါင်းဆောင်၊ အမျိုးသားရေးဘက်ကိုယိုင်သော ခေါင်းဆောင်မှာ ဦးနေဝင်းတစ်ဦးတည်း မဟုတ်ပေ။ မြန်မာသည် ဓနသဟာယ အဖွဲ့ကြီးကို ၁၉၄၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့စဉ်က အဖွဲ့ဝင်အဖြစ် မပါဝင်ခဲ့ပေ။ လွတ်လပ်ပြီး ခေတ်အဆက်ဆက်တွင် နိုင်ငံရေးသည် ပို၍လူမျိုးရေးဆန်လာခဲ့သည်။ ယနေ့ခေတ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံသားမဟုတ်သူကို လက်ထပ်ခဲ့သောကြောင့် မိသားစုဝင်ထဲတွင် နိုင်ငံခြားသားများပါနေသဖြင့် သမ္မတဖြစ်ခွင့်မရှိဟု ၂၀၁၈ ခုနှစ် အခြေခံဥပဒေက တားမြစ်ထားသည်။ (သူ၏ ကွယ်လွန်သူ ခင်ပွန်းမှာ ဗြိတိသျှနိုင်ငံသားဖြစ်သည်။)

ဗိုလ်ချုပ်နေဝင်း၏ နိုင်ငံခြားသား မုန်းတီးသည့် အမြင်ကို ပိုဆိုးစေသည့် ကိစ္စများစွာကလည်း မ.ဆ.လ ခေတ် တစ်လျှောက်လုံးတွင် ကြုံကြိုက်နေခဲ့သည်။ ထိုကာလမှာ စစ်အေး၏ အရှိန်အမြင့်ဆုံးကာလ ဖြစ်သောကြောင့်ပင်။ နိုင်ငံ၏ နယ်ခြားဒေသများကို အထူးအာရုံစိုက်ရာ၌ အကြောင်းအရင်း နှစ်ရပ်ရှိသည်။ ပြည်တွင်းစစ်ကြောင့် အပိုင်းပိုင်းကွဲနေသော နိုင်ငံဖြစ်ရာ စူပါပါဝါများ၏ ပဋိပက္ခများအတွင်းသို့ ဆွဲသွင်းခံရပြီး ကိုရီးယားနှင့် ဗီယက်နမ် တို့ကဲ့သို့ နှစ်ခြမ်းကွဲနိုင်သည့်အရေးကို ဦးနေဝင်းအနေနှင့် သတိကြီးကြီးထားဟန်ရှိသည်။ တရုတ်သည် ဗ.က.ပ ကိုထောက်ပံ့လျက်ရှိပြီး အမေရိကန်တို့သည် ရာထူးလက်လွတ် ဖြစ်သွားခဲ့သော ဝန်ကြီးချုပ်ဟောင်း ဦးနုကို ကူညီလျက်ရှိရာ ထိုကဲ့သို့ အန္တရာယ်များမှလည်း တကယ်ဖြစ်လာနိုင်သည့် ကိစ္စမျိုးဟု ထင်စရာဖြစ်သည်။ ဦးနေဝင်းသည် ထိုကဲ့သို့ အချုပ်အခြာကို ခြိမ်းခြောက်သော အန္တရာယ်များကို အလွန်အလေးအနက်ထားကာ ၁၉၇၉ တွင် မြန်မာနိုင်ငံကို ဘက်မလိုက်နိုင်ငံများ လှုပ်ရှားမှုထဲမှ နှုတ်ထွက်ခဲ့သည်။

ဒုတိယအကြောင်းတစ်ရပ်မှာ ဦးနေဝင်း စိုးရိမ်သည့် အရာမှာ တရုတ်နှင့် အမေရိကန်တို့ချည်းသာ မဟုတ်ဘဲ ဘင်္ဂလားပင်လယ်အော်ဘက်မှ အာရကန်နယ်ခြားတွင် ဖြစ်ပျက်နေသော နယ်မြေ မငြိမ်သက်မှုများကိုလည်း စိုးရိမ်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံကို အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ် အုပ်ချုပ်ခံခဲ့ရသည့် အတွေ့အကြုံကြောင့် ကိုလိုနီနယ်ချဲ့ကို မုန်းတီးခြင်းက တပ်မတော်၏ နိုင်ငံတကာရေးရာအမြင်ကို များစွာလွှမ်းမိုးထားသည်။ သို့ဖြစ်ရာ သုံးနိုင်ငံနယ်ခြားဒေသတွင် ပဋိပက္ခများ ပြန့်ပွားလာသောအခါ အာရကန်အရေးမှာ ဦးနေဝင်းအတွေးထဲ၌ ရှေ့တန်းရောက်လာခဲ့သည်။ မ.ဆ.လ အစိုးရသည် တိုင်းပြည်ကို လုံးဝပိတ်ပစ်ရန်ပင်ကြံစည်ခဲ့သည်။ သို့သော်ဘင်္ဂလားဒေ့ရှ်လွတ်မြောက်ရေး စစ်ပွဲအပြီးတွင် အာရကန်သည် အပြင်ကမ္ဘာနှင့် ဆက်စပ်နေသော မလုံခြုံသည့်တံခါးပေါက် တစ်ခုဟု မြင်လာပြန်သည်။

ထိုနှစ်များအလွန်တွင် အာရကန်နှင့် ပတ်သက်၍ အစိုးရမူဝါဒများ မည်သို့ချမှတ်ထားခဲ့သည်ကို နောက်ကြောင်းပြန်လိုက်ရန် တရားဝင်ထုတ်ပြန်ချက်များ ရှာတွေ့ဖို့ရာခက်ခဲလှသည်။ လျှို့ဝှက်ခြင်းမှာ စစ်အစိုးရ၏ အမှတ်အသားပင်။ မည်သို့ပင်ဖြစ်စေ အစိုးရအတိုက်အခံ လှုပ်ရှားမှုများကိုဖိနှိပ်လိုခြင်းနှင့် အိန္ဒိယအန္တယ်များ သို့မဟုတ် မွတ်ဆလင်များကို ထိန်းချုပ်ခြင်းများ စတင်ဆောင်ရွက်လာခြင်းတည်းဟူသော ရည်ရွယ်ချက်နှစ်ခုကို အဓိကတွေ့ရသည်။ ဦးနေဝင်း၏ အမြင်တွင် ထိုအရေးကိစ္စနှစ်ခုမှာ အပြန်အလှန် ချိတ်ဆက်နေခဲ့သည်။ သို့ကြောင့်ပင် အာရကန်တွင် ဖိနှိပ်မှုများစတင်ခဲ့သည့် အချိန်ကို ပြန်ကြည့်လျှင် ဗြိတိသျှတို့ ထွက်ခွာသွားပြီးနောက်ပိုင်း ပထမအကြိမ် ကောက်ယူခဲ့သော ၁၉၇၃ သန်ခေါင်းစာရင်း ကောက်ခံချိန်မှအစပြုသည်ကို တွေ့ရမည်။ သန်းခေါင်စာရင်း ရလဒ်များသည် တစ်ပြည်နယ်လုံးကို မလွှမ်းခြုံနိုင်သလို အငြင်းပွားစရာများလည်း များစွာပါဝင်သည်။ ကောက်ယူပုံနည်းစနစ်များကိုကြည့်လျှင် လူမျိုးစုအကြောင်းခြင်းရာများ လူမျိုးဘာသာနှင့် ပတ်သက်၍ အမျိုးအစားသုံးခု ခွဲခြားကောက်ယူခဲ့ပြီး တိုင်းရင်းသားနှင့် နိုင်ငံခြားသားဟူ၍ အစိုးရက ခွဲခြားသတ်မှတ်ခဲ့သည်။[JJ]

ထိုသို့ခွဲခြားဖော်ပြမှုကြောင့် သန်းခေါင်းစာရင်းရလဒ်များက နိုင်ငံလူဦးရေ အပြောင်းအလဲနှင့် ပတ်သက်၍ ဦးနေဝင်း၏ အမြင်အပေါ်သက်ရောက်မှုရှိခဲ့သည်ဟု တွက်ဆလေ့ရှိကြသည်။ အမှန်တကယ်တွင် လူဦးရေညွှန်းကိန်းများကို ရွှေ့ပြောင်းဝင်လာသူ အရေအတွက်မှာ တက်လာခြင်း မရှိရုံမျှမက အဖြေမှာ အကျဘက်သို့ပင် ရောက်နေသေးသည်။ အိန္ဒိယနှင့် တရုတ်ဘိုးဘွားမိဘများမှဆင်းသက်လာသော အဆက်အနွယ်များမှာ ဒုတိယကမ္ဘာစစ်အတွင်း အုံလိုက်ကျင်းလိုက် ထွက်ပြေးခဲ့ကြရသောကြောင့် အရေအတွက် ကျဆင်းလျက်ရှိသည်။[JK] ထိုကဲ့သို့ ရလဒ်များကို တွေ့ရသော်လည်း ၁၉၇၀ ကျော်ကာလများတွင် ဦးနေဝင်း၏ လူဦးရေအချိုးအစားအပေါ် စိုးရိမ်မှုမှာ လျော့မသွားခဲ့ပေ။ တိုင်းရင်းသားနှင့်တိုင်းရင်းသား မဟုတ်သော လူမျိုးများဟု ခွဲခြားခြင်းမှာအစိုးရ၏ပင်မရုံး သုံးဘာသာစကား ဖြစ်လာပြီး မူဝါဒရေးရာများကို လွှမ်းမိုးသောဇာတ်ကြောင်းများဖြစ်လာသည်။ ၁၉၄၇ တွင်စတင်ကျင့်သုံးခဲ့သော "မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး ဥပဒေ (အရေးပေါ်ပြဋ္ဌာန်းချက်)" ကိုပို့မိတင်းကျပ်လိုက်ကာ နိုင်ငံတွင် နေထိုင်သူ မွတ်ဆလင်များထံမှ မှတ်ပုံတင်ကို မကြာခဏစိစစ်ခဲ့သလို ပြန်လည်သိမ်းယူခြင်းများလည်း ရှိခဲ့သည်။[JL] အပြင်ပန်းအားဖြင့် အစိုးရ၏



ရခိုင်ပြည်နယ်သည် ယခုအခါ ဦးနေဝင်း၏ မဆလ အုပ်ချုပ်ရေးကို အာဏာမြဲအောင်ပြုရေးတွင် ရှေ့တန်းရောက်နေသော အရေးကိစ္စဖြစ်လာပေပြီ။ နေထိုင်ရာအရပ်ကို မဖော်ပြသော်လည်း ၁၉၇၃ သန်းခေါင်စာရင်း၌ အာရကန် (ရခိုင်) တို့သည် တစ်နိုင်ငံလုံးတွင် စတုတ္ထမြောက် လူဦးရေ အများဆုံး အုပ်စုဖြစ်သည်ဟု ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အိန္ဒိယနှင့် ပါကစ္စတန်အုပ်စုဝင်များမှာ တိုင်းပြည်၏ လူဦးရေ အများစု ဆဋ္ဌမနေရာတွင်ရှိကြောင်း ပြသခဲ့သည်။[၂၅] ၁၉၇၄ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြဋ္ဌာန်းသောအခါ ပါလီမန်ခေတ်က ကျင့်သုံးခဲ့သော လူမျိုးရေးအမြင်များနှင့် ပတ်သက်၍ ယေဘူယျအားဖြင့် ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲကြီးသုံးရပ်ကို ပြုလုပ်ခဲ့သည်။ ထိုလုပ်ရပ်များသည် အာရကန်နိုင်ငံရေးနှင့် လူ့အဖွဲ့အစည်းအပေါ် အကျိုးဆက်များစွာ ချန်ရစ်ခဲ့သည်။ အာရကန်ပြည်နယ်အသစ်ကို ''ရခိုင်''နိုင်ငံရေးနှင့် ယဉ်ကျေးမှုအမွေတို့ဖြင့် ဆက်စပ်ကာ အသိအမှတ်ပြုခဲ့သည်။ မွတ်ဆလင်အများစု တည်ရှိရာ မေယုနယ်ခြား ဒေသဟူသော အစီအစဉ်ကို စွန့်လွှတ်ခဲ့သည်။ ရိုဟင်ဂျာဟူသော လူမျိုးသို့မဟုတ် ဖြစ်တည်မှုဝေသလကဏ္ဍာကို အသိအမှတ်ပြု ခြင်းမရှိတော့ပေ။ မွတ်ဆလင်များစွာသည် နိုင်ငံသားမှတ်ပုံတင်ကို ကိုင်ထားသော်လည်း ရခိုင်တွင်နေထိုင်သူ အများစုမှာ ယခုအခါ "တိုင်းရင်းသားမဟုတ်သူ သို့မဟုတ် သွေးနှော" ဟူ၍လည်းကောင်း အိန္ဒိယသို့မဟုတ် ပါကစ္စတန်ဟူ၍လည်းကောင်း သတ်မှတ် သုံးစွဲလာကြသည်။ နှစ်အနည်းငယ်အတွင်း ထိုသူများ အားလုံးကို ခြုံငုံမိအောင် ဘင်္ဂလီဟူသော အခေါ်အဝေါ်ကို အသုံးပြုခဲ့ကြသည်။

ရခိုင်ပြည်နယ် နိုင်ငံရေး၏ နက်နဲရှုပ်ထွေး မှုများစွာသည် ထိုရေသောက်မြစ်များနှင့် သက်ဆိုင်ပေသည်။ မဆလ အစိုးရသည် ဆိုရှယ်လစ်ဝတ်ရုံကို ခြုံထားသော်လည်း အမှန်စင်စစ် နိုင်ငံရေး အသုံးအနှုန်းများမှာ တရားလက်လွတ် မျိုးချစ်စိတ်ကဲပြိုး လူမျိုးရေးခွဲခြားမှု ပြင်းထန်ခဲ့သည်။ ဦးနေဝင်း ကိုယ်တိုင်ကမူ လူရှေ့သူရှေ့တွင် ထိုအရိပ်အယောင်များကို ပြသလေ့မရှိပေ။ သို့သော် ၎င်း၏ လူမျိုးရေး ခွဲခြားမှုမှာ ၁၉၇၉က လူမျိုးရေး သန့်စင်မှုနှင့် ပတ်သက်၍ ရပ်တည်ချက်ကိုပြောသော ရေဒီယို သတင်းတစ်ပုဒ်၌ ရှားရှားပါးပါး အမှတ်တမဲ့ ထွက်လာခဲ့သည်။ ဦးနေဝင်း၏ အမြင်၌ ဗမာမဟုတ်သော သူအားလုံး၏ သစ္စာရှိမှုအပေါ် သံသယကို ဖော်ပြသည်။

> "သွေးနှောတဲ့သူတွေကို သေသေချာချာ စောင့်ကြည့်ကြရမယ်။ တချို့တွေကတော့ ဗမာစစ်စစ်သွေးဖြစ်ကြပြီး နိုင်ငံသားစစ်စစ်တွေကနေ ဆင်းသက်လာတဲ့ အမွေခံထိုက်သူတွေ ဖြစ်ကြတယ်။ ကရင်၊ ကချင် အစရှိတဲ့ လူမျိုးတွေဟာ သွေးမနှောဘူးလို့ ပြောလို့ရတယ်။ ဒါပေမယ့် ဒီလူ တွေဟာ ကျွန်တော်တို့လူမျိုး၊ မြန်မာလူမျိုး ကျွန်တော်တို့နိုင်ငံ ကျွန်တော်တို့ဗမာစစ်စစ် ဟုတ် မဟုတ် ကျွန်တော်တို့ စဉ်းစားဖို့လိုတယ်။"[၂၆]

ရခိုင်ပြည်နယ်ရှိ ဘင်္ဂလီဒေသခံများ၏ ဓာတ်ပုံအစုအဝေး (MS) (အလယ်ပိုင်းခေတ် 1986)

အာရ္ကတိုက်တွင်လူမျိုးပေါင်းစုံလင်လှသောနိုင်ငံထဲမှ တစ်ခုဖြစ်သည့် မြန်မာနိုင်ငံတွင် လူမျိုးတစ်ခုတည်းဖြစ်ရန် အစီအစဉ်ကို အကောင်အထည်ဖော်နေပေပြီ။

နယ်မြေရှင်းလင်းရေး၊ နဂါးမင်းစစ်ဆင်ရေးနှင့် ဒုက္ခသည်အကျပ်အတည်း

အစိုးရ၏ ရခိုင်ပြည်နယ်ကို ဖန်တီးခဲ့ခြင်းမှာ ဒုတိယကမ္ဘာစစ်ပြီးခဲ့ချိန်မှ စ၍ ယခုထက်တိုင်အောင် ကြုံခဲ့ရသော စစ်များတွင် စနစ်တကျ အကွက်ကျကျ အဖြစ်ဆုံး စီစဉ်ခဲ့သော စစ်ဆင်ရေးများစတင်ရန် နေရာချလိုက်ခြင်းပင်ဖြစ်သည်။ အတိုက်အခံ အုပ်စုအားလုံးကို ဖိနှိပ်ခြင်း စတင်လေပြီ။ ထိုစစ်ဆင်ရေး စတင်ရန် နည်းဗျူဟာဌာနနှစ်ခုကို ဖွဲ့စည်းခဲ့သည်။ ပထမဌာနဟု သတ်မှတ်ထားသောဌာနမှာ တပ်မတော်၏ ရခိုင်ပြည်နယ် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်တွင်ထားရှိပြီး ဒုတိယဌာနကို မကွေးတိုင်းနှင့်ကပ်လျက် ရခိုင်ရိုးမနယ်စပ်ရှိ ၆၆ ခြေမြန်တပ်မဌာနချုပ် အောက်တွင်ထားရှိသည်။ ထိုဒုတိယဌာနမှာ ဗ.က.ပ တို့၏ အနောက်မြောက်ဌာချုပ်နယ်မြေဖြစ်ခဲ့ပြီး၁၉၇၇ ခုနှစ်တပ်မတော်၏ ဖြတ်လေးဖြတ် လုပ်ငန်းများအကြိမ်ကြိမ်ဆောက်ရွက်နေသည့်အချိန်က ပထမဆုံး ပစ်မှတ်ထားခဲ့ကာ လူမနေနိုင်အောင် ရှင်းထုတ်ခဲ့သည့် ကျယ်ပြန့်သောဧရိယာကြီးဖြစ်သည်။[၂၇] ဗ.က.ပ သည် ထိုနယ်မြေများကို ဆုံးရှုံးပြီးသည့်နောက်တွင် တပ်အကြွင်းအကျန်များဖြင့် မြောက်ဘက်သို့ အလုံးအရင်းဆုတ်ခွာခဲ့ရသည်။

ထိုနှစ်တွင်ပင် AIO နှင့် ALP တို့သည် တပ်မတော်၏ လက်နက်ကိုင်တပ်များအား နှိမ်နင်းရေး ထိုးစစ်များနှင့် ရင်ဆိုင်တွေ့ကြသည်။ ခရီးရှည်ချီတက်ပွဲဟု ခေါ်သော နှစ်အတွင်း၌ နှစ်ဖွဲ့စလုံးသည် တပ်မတော်၏ ထိုးနှက်ခံရသော ဒဏ်ရာဒဏ်ချက်များမှ အမှန်တကယ် နာလန်ပြန်ထူနိုင်သည့် အခြေအနေသို့ မရောက်လာတော့ပေ။ ၁၉၇၂ ခုနှစ်အတွင်း AIO တပ်များသည် ကချင်ပြည်နယ်မှနေ၍ ထွက်လာခဲ့ရာ သုံးနိုင်ငံနယ်ခြားဆုံချက်ဒေသသို့ရောက်ရှိနေခဲ့ပြီးဖြစ်သည်။ သို့သော် ၁၉၇၇ ခုနှစ်တွင် ဒုတိယအသုတ်က ယခင်လမ်းကြောင်းအတိုင်း ဆင်းလာခဲ့ရာ တပ်မတော်၏ ချုံခိုတိုက်ခိုက်မှုနှင့် ချင်းပြည်နယ်နယ်စပ် ဒေသတွင် အိန္ဒိယတပ်များနှင့် အပြန်အလှန်ပစ်ခတ်မှုများကြောင့် တစ်တပ်လုံးပြုတ်ခဲ့ရသည်။ ကျဆုံးသူများထဲတွင် AIO ကို တည်ထောင်ခဲ့သူ လက်ရှိခေါင်းဆောင် ဦးစံကျော်ထွန်းလည်း ပါဝင်ခဲ့သည်။

ထိုနှစ်တွင်ပင် ALP သည်လည်း ထိုကဲ့သို့သောကံကြမ္မာကို ကြုံခဲ့ရသည်။ ထိုင်းနယ်စပ်တစ်နေရာရှိ KUN စခန်းမှ ရခိုင်သို့အပြန် ပိုမိုရှည်လျားသော လမ်းပေါ်တွင် အဖွဲ့ဝင် ၁၂၀ခန့်ပါသော တပ်ဖွဲ့က ခရီးစခဲ့ကြချိန်တွင်ဖြစ်သည်။ ALP နှင့်အတူ အဖော်ပါလာသော ဆလိုင်းချင်းတပ်စုကို ဝီလျံကဦးဆောင်ပြီး ၎င်းမှာ သုံးနိုင်ငံ ဆုံချက်နယ်မြေဒေသတွင် ချင်းအမျိုးသားလှုပ်ရှားမှုကို တည်ထောင်ရန် ကြိုးစားနေသူ ဖြစ်သည်။ တောင်တန်းများပေါ်မှ ၎င်းတို့ ဖြတ်သန်းနေစဉ်တွင် ALPတပ်ဖွဲ့ ၅၀ခန့် တပ်မတော်၏ အဆင့်ဆင့် တိုက်ခိုက်မှုများနှင့် အိန္ဒိယတပ်များနှင့် အပြန်အလှန် ပစ်ခတ်မှုများအောက်တွင် ကျဆုံးခဲ့ကြသည်။ ထိုကျဆုံးသူများထဲတွင် ယခင်ဗမာ့ရေတပ်မှ အရာရှိဟောင်း တစ်ဦးဖြစ်သော ပါတီခေါင်းဆောင် ခိုင်မိုးလင်းပါဝင်ခဲ့သည်။[၂၈] ထိုဆုံးရှုံးမှုများအပြီးတွင် ALP ၏ခေါင်းဆောင်နေရာကို လက်ရှိဥက္ကဋ္ဌ ခိုင်ရဲခိုင်က တာဝန်ယူခဲ့ပြီး ၎င်းမှာထိုအချိန်က တည်းက တပ်ဖွဲ့ဝင်အနည်းငယ်နှင့်အတူ အိန္ဒိယ -ဘင်္ဂလားဒေ့ရှ်နယ်စပ် အနီးတွင် စခန်းချခဲ့သည်။ ALP ၏ အဓိက တပ်မမှာမူ အင်အား ၅၀ - ၁၀၀ ခန့်ရှိပြီး ထိုင်းနိုင်ငံ နယ်စပ်ရှိ ကော်မူးရာစခန်းတွင် KUN နှင့်အတူ စခန်းချ ထားသည်။

ရခိုင်နှင့် ဗ.က.ပ တပ်များ ဆုတ်ခွာရချိန် ၁၉၇၀ ခုနှစ်များ ကုန်ခါနီးတွင် အစိုးရ၏ လုံခြုံရေး အစီအစဉ်များက ပြည်နယ်မြောက်ပိုင်းမှ မွတ်ဆလင်များထံသို့ အာရုံကျလာခဲ့သည်။ နဂါးမင်းဟု အမည်ပေးထားသော စစ်ဆင်ရေးအတွင်း အစိုးရသည် ဒေသခံများကို ၁၉၇၈ - ဖေဖော်ဝါရီတွင် သန်းခေါင်စာရင်းကောက်ယူမှု စတင်ခဲ့သော်လည်း လူသတ်မှုအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တောက်လျှောက် ကျူးလွန်ခဲ့သဖြင့် အခြေအနေမကောင်းပါ။[၂၉] နောက်ဆက်တွဲအဖြစ် ထိုနှစ်အစပိုင်းတွင် မွတ်ဆလင်ရွာသား နှစ်သိန်းခန့်သည် နတ်မြစ်ကိုဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်ထဲသို့ ပြေးဝင်ကြရသည်။ ထိုသို့ နယ်စပ်ကို ကျော်ပြီး ထွက်ပြေးရသူများထဲတွင် ယခင်ပါလီမန်အမတ်ဟောင်း နှင့် လွတ်လပ်ရေးကာလတွင် အာရကန်မွတ်ဆလင်များကို ကိုယ်စားပြုခဲ့သူ ဂျမီးယာတူ- အူလမာခေါင်းဆောင် ဆူတန်အာမက်လည်း ပါဝင်ခဲ့သည်။ ဆူတန်အာမက်သည် နောက်သုံးနှစ်အကြာတွင် ပြည်ပ၌ပင် ကွယ်လွန်ခဲ့သည်။[၃၀]

ထိုအချိန်က တပ်မတော်၏ထိုးစစ်မှာ တရားမဝင် နိုင်ငံကူးသူများကို နှိမ်နင်းရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သော ယာယီစစ်ဆင်ရေးတစ်ခုသာဖြစ်ကြောင်း တင်ပြခဲ့ကြသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်တွင်ရှိသော နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများကမူ မြန်မာအစိုးရ၏ ရည်ရွယ်ချက်မှာ နိုင်ငံရေးအတိုက်အခံများကို ဖယ်ရှားလိုခြင်းဖြစ်ကြောင်း အသေအချာယူဆခဲ့ကြသည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR က ဒုက္ခသည် အစုအဝေးကြီးထွက်ပြေးလာရခြင်းမှာ "မြန်မာ့တပ်မတော်နှင့် ရပ်ရွာအုပ်ချုပ်ရေးဌာနတို့ နှစ်ခုပေါင်း၍ အာရကန်ရှိ ကိုယ်ပိုင်အုပ်ချုပ်ရေး (သို့) လွတ်လပ်ရေးကို တောင်းဆိုနေသော ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များကို ချေ

မှုန်းကြသောကြောင့်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။[၃၁]

မြန်မာအစိုးရအရာရှိများဘက်မှ ပြောကြားသော အသုံးအနှုန်းများမှာ နိုင်ငံတကာ အသိုင်းအဝိုင်းများကို ဘက်များကွဲစေပြီး အခြေအနေတို့များစွာမီးလောင်ရာလေပင့် ဖြစ်စေသည့် စကားများဖြစ်သည်။ အစိုးရမီဒီယာများထဲမှ ဆောင်းပါးများတွင် အစိုးရက ဖြစ်ခဲ့သော ကိစ္စများကို ဖော်ပြရာ၌ လက်နက်ကိုင် ဘင်္ဂလီများဟူ၍လည်းကောင်း၊ "အဖျက်သမား ဘင်္ဂလီအုပ်စုများ" ဟူ၍လည်းကောင်း၊ ဗုဒ္ဓဘာသာရွာများကို တိုက်ခိုက်သော "မွတ်ဆလင် အစွန်းရောက်များ" ဟူ၍လည်းကောင်း သုံးစွဲခဲ့ကြသည်။[၃၂] အကြမ်းဖက်မှုများအားလုံးမှာ တပ်မတော်၏ အပြစ်ကြောင့် မဟုတ်ဘဲ တစ်ဘက်ကိုသာ အပြစ်ပုံချသည်။ ထိုအချိန်မှစ၍ ဘင်္ဂလီဟူသော စကားမှာ မွတ်ဆလင်များကို ရည်ညွှန်းရာတွင် အစိုးရအရာရှိများက ပုံသေအသုံးပြုသော အခေါ်အဝေါ်တစ်ရပ် ဖြစ်လာခဲ့သည်။

၁၉၇၀ နှစ်များကိုပြန်ကြည့်လျှင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် ထိုဒုက္ခသည် အရေးအခင်းနှင့် ပတ်သက်၍ မည်သို့ကိုင်တွယ်ရမည်ကို အလွန်မရေမရာဖြစ်နေကြဟန်တူသည်။ "မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်" အရ မြန်မာသည် ကမ္ဘာပေါ်တွင် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် မပတ်သက်ဘဲ အထီးအကျန်ဆုံး နိုင်ငံထဲမှ တစ်ခုဖြစ်နေသည့် အချိန်လည်းဖြစ်သည်။ ဆယ်စုနှစ်လေးခုအကြာတွင်မူ ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးသူများနှင့် နိုင်ငံတကာ လူ့အခွင့်အရေးအုပ်စုများသည် နဂါးမင်းစစ်ဆင်ရေး အကြောင်းကို ဖော်ပြရာတွင် ထိုဖြစ်ရပ်မှာ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ မွတ်ဆလင်များကို မောင်းထုတ်ရန် အစိုးရလုံခြုံရေး တပ်များက ပထမဆုံးအကြိမ်အားထုတ်ခဲ့ကြခြင်းဖြစ်ကြောင်း တိတိလင်းလင်းရှင်းလင်းခဲ့ကြပြီ။[၃၃]

အရေးကြီးသော မှတ်သားစရာတစ်ခုမှာ မွတ်ဆလင် တို့အပေါ် တပ်မတော်က ထိုသို့နှိမ်နင်းခဲ့မှုများဖြစ်လာချိန်က ရခိုင်များကြားတွင် နိုင်ငံရေးလှုပ်ရှားမှုများရှိခဲ့ကြောင်းပင်ဖြစ်သည်။ AIO၏ အဆိုအရ "မ.ဆ.လ အာဏာရှင်များ" သည် အာရကန်ဗုဒ္ဓဘာသာများနှင့် မွတ်ဆလင်များ၏ ညီရင်းအစ်ကိုကဲ့သို့ အနေအထားကို လူမျိုးရေးနှင့် ဘာသာရေးပဋိပက္ခများ ဖန်တီးပြီး ညီညွတ်မှုကိုရော၊ တော်လှန်ရေးကိုရော ချေမှုန်းပစ်ရန် ကြိုးစားခြင်းဟုဆိုသည်။[၃၄] ဤပဋိပက္ခတွင် အာရကန်လူမျိုးများအတွက် အဖြေမှာ မိမိတို့နှင့် သက်ဆိုင်သော အရေးအရာများတွင် မိမိတို့ လုပ်ပိုင်ခွင့်ရရှိနိုင်ရေးပင် ဖြစ်သည်ဟု AIO က ဆိုပါသည်။[၃၅]

ထိုဖိနှိပ်မှုများနောက်ပိုင်းတွင် နိုင်ငံရေး ရင်ကြားစေ့မှုများ ပြုလုပ်ရန်၊ လူမျိုးစုများ အချင်းချင်း အပြန်အလှန် ပြောဆိုနှီးနှောကြရန် အခွင့်အရေးများ တစ်ရံတစ်ခါမှ မပေါ်လာတော့ပါ။ ထိုအချိန်တွင် လက်နက်ကိုင်အုပ်စုများကို နှိမ်နင်းရန်ဖွဲ့စည်းထားသော စစ်ဆင်ရေးမှာ နဂါးမင်း တစ်ခုတည်းမဟုတ်ပေ။ ရဲသီဟစစ်ဆင်ရေးကိုလည်း တပ်မတော်၏ စစ်တွေခရိုင်ရှိ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အောက်တွင် စတင်ခဲ့သည်။ ရည်ရွယ်ချက်မှာ တောင်ပေါ်ဒေသများတွင် လှုပ်ရှားနေသော ဗ.က.ပ၊ ရ.က.ပ၊ AIO၊ ANLP နှင့် RPF တို့၏ လက်ကျန်အဖွဲ့ဝင်များအားလုံးကို ထောင်ချောက်ဆင်ပြီး ရှင်းပစ်ရန်ဖြစ်သည်။ နောက်ထပ်နှစ်နှစ်ကာလအတွင်း အစိုးရဘက်က ဖိနှိပ်မှုများ ဆက်တိုက်ပြုလုပ်လာခဲ့သည်။ အဆက်မပြတ် တိုက်ခိုက်မှုများကြောင့် အတိုက်အခံခေါင်းဆောင်များနှင့် ၎င်းတို့၏ မိသားစုဝင်များသည် မြောက်ဘက်သို့ တဖြည်းဖြည်း နေရာရွှေ့လာခဲ့ပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့နှင့် ဆုံရာသုံးနိုင်ငံဆုံချက်နယ်ခြားဒေသသို့ ရောက်လာခဲ့သည်။ နောက်ဆုံးတွင် ထိုနည်းဗျူဟာများက အစိုးရအတွက် အလုပ်ဖြစ်ခဲ့သည်ဟု ဆိုရမည်။ ၁၉၈၀တွင် လွတ်ငြိမ်းချမ်းသာခွင့်ရပြီး အတိုက်အခံများထဲမှ ထိတ်တန်းခေါင်းဆောင်သုံးဦး လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည်။ ၎င်းတို့မှာ ဗ.က.ပ ၏အနောက်မြောက်တိုင်းမှူးဦး(ဗိုလ်)သက်ထွန်း၊ ဗ.က.ပ ကို ပူးတွဲတည်ထောင်ခဲ့သည့် ဦးကျော်ဇံရှီ၊ နှင့် AIO ကို ပူးတွဲတည်ထောင်သူ ဦးထွန်းရွှေမောင်တို့ ဖြစ်ကြသည်။

မဆလအစိုးရခေါင်းဆောင်များအဖို့ အားရွှင်လန်းစရာပင်။ အစိုးရ၏ ထိုးစစ်ဆင်မှုများနှင့် နိုင်ငံရေး ခြေလှမ်းများနှစ်ခုပေါင်း၏ ရလဒ်က မဟာဗျူဟာအရ လမ်းသစ်ဖောက်နိုင်ခဲ့ပြီဟု ထင်စရာရှိသည်။ ထိုနှစ်တွင်ပင် ဝန်ကြီးချုပ်ဟောင်း ဦးနုသည်လည်း အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထိုင်းနိုင်ငံနယ်စပ်မှ ရန်ကုန်သို့ပြန်ရောက်လာခဲ့သည်။ ထိုအချိန်တွင် ဗိုလ်ချုပ်နေဝင်းသည် ဗ.က.ပ တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းခဲ့ပြီး KIO နှင့်လည်း သီးခြားတွေ့ဆုံခဲ့သည်။ သို့ရာတွင်လာမည့် နှစ်များ၌ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များရှိနေသလို လက်နက်ကိုင်အတိုက်အခံများသည်လည်း ဆက်လက်တည်ရှိနေပေသည်။ တရုတ်၊ ထိုင်းတို့နှင့် ထိစပ်နေသော နယ်စပ်ဒေသများမှာ အစိုးရအတိုက်အခံ နိုင်ငံရေးသမားများ၏ လှုပ်ရှားရာနယ်မြေများ ဖြစ်နေကြဆဲပင်။ အစိုးရ၏ အဓိကရည်ရွယ်ချက်ကမူ အောင်မြင်ခဲ့သည်ဆိုရမည်။ တိုင်းပြည်နယ်ခြားဒေသများတွင် မှန်းရန်ခက်ခဲသော မတည်ငြိမ်မှုများနှင့် ပြည့်နှက်နေချိန်တွင် အစိုးရသည် မြန်မာပြည်အလယ်ပိုင်းရှိ အချက်အချာနေရာများကို ထိန်းချုပ်ထားနိုင်ခဲ့သည်။

၁၉၈၀ကျော်ကာလများတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ၌ တိုက်ခိုက်မှုများ ကြိုကြားကြိုကြားဖြစ်နေတုန်းပင်ဖြစ်သည်။ ၁၉၇၈ ခုနှစ်စစ်ဆင်ရေးက

မောင်းထုတ်လိုက်သဖြင့် ဘင်္ဂလားဒေ့ရှ်သို့ ပြေးဝင်ခဲ့ကြသော ဒုက္ခသည်များမှာလည်း ကုလသမဂ္ဂ၏ အစီအစဉ်ဖြင့် ပြန်လာနိုင်ခဲ့ကြသည်။ သို့သော်၁၉၈၂ မ.ဆ.လ အစိုးရ၏ နိုင်ငံသားဥပဒေသစ်အရ မွတ်ဆလင်များကို ချုပ်ချယ်မှုအဆင့်ဆင့်ကို ပြုလုပ်ခဲ့ရာ ၎င်းတို့၏ ပြဿနာကို တရားမျှတစွာ ဖြေရှင်းနိုင်ရန် မျှော်လင့်ချက်မှာ ခပ်မြန်မြန်ပင် အဆုံးသတ် သွားတော့သည်။ (ရခိုင်၊ ရိုဟင်ဂျာနှင့် အမည်သညာနိုင်ငံရေးကိုရှုပါ။) နောက်ပိုင်းတွင် မြန်မာပြည်ဖွားတိုင်းရင်းသားဟု ယူဆရသူများကိုသာ နိုင်ငံသားအဆင့်အတန်းအပြည့်ပေးခဲ့သည်။ တိုင်းရင်းသားမဟုတ်သူများအထူးသဖြင့် အိန္ဒိယနှင့်တရုတ်အနွယ်များမှာမူ ၁၈၂၄ ဗြိတိသျှတို့ အာရကန်ကို သိမ်းပိုက်ချိန်မတိုင်မီကပင် မိသားစုဝင်များက မြန်မာပြည်သို့ရောက်ရှိခဲ့ကြောင်း သက်သေမပြနိုင်ပါက "ဧည့်နိုင်ငံသား" (သို့မဟုတ်) "နိုင်ငံသားပြုခွင့်ရသူ" ဟူသော အဆင့်ကိုသာ ရရှိနိုင်သည်။ ရိုဟင်ဂျာဟူသော အမည်ကိုမူ လုံးဝသုံးစွဲခြင်းမပြုကြတော့ပေ။

ထိုအချိန်မှစကာ ရခိုင်ပြည်နယ်မှ မွတ်ဆလင်ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များ ပြည်ပသို့စီးထွက်သွားရခြင်းများကို ပြန်တွေ့လာရသည်။ သို့သော်ဤတစ်ကြိမ်တွင်မူ ထိုထွက်သွားသူများစွာမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရပ်မနေကြတော့ပါ။ ရွှေ့ပြောင်းအခြေချလိုသူတို့ ရည်ရွယ်သည်မှာ ပါကစ္စတန်၊ ဆော်ဒီအာရေဘီးယားနှင့် အခြားပြည်ပနိုင်ငံသို့ ရောက်ရှိလိုကြသည်။ ခြိမ်းခြောက်မှုနှင့် ကိုယ်ထိ လက်ရောက် စော်ကားမှုများကို တောက်လျှောက် ခံခဲ့ကြရပြီးနောက် မွတ်ဆလင်များစွာသည် ၎င်းတို့၏ နေရပ်ကို လုံခြုံသည်ဟု မခံစားရတော့ပါ။[၁၂] ၎င်းတို့ပြောလေ့ရှိသောစကားတစ်ခွန်းမှာ "ဗမာစစ်တပ်က ခင်ဗျားကို ရွာထဲမှာတွေ့ရင် ခင်ဗျားက နိုင်ငံခြားသား၊ မြစ်ထဲမှာ ခင်ဗျားကိုတွေ့ရင် ခင်ဗျားက မှောင်ခိုသမား၊ တောထဲမှာ အလုပ်လုပ်နေရင် ခင်ဗျားက သူပုန်ပဲ" ကြောက်စရာ ကောင်းလှသော အတိုင်းအတာဖြင့် လူသားတို့၏ ကြေကွဲခြင်းများ ဆက်၍ဖြစ်ပေါ်နေဆဲပင်။ လူအများ အစုလိုက် အပြုံလိုက် ထွက်ပြေးရခြင်းများ တိုးလာသည်နှင့်အမျှ ရိုဟင်ဂျာတို့ကို အာရှ၏ပါလက်စတိုင်းအသစ် ဟု လျင်မြင်စွာပင် အများက သိရှိလာကြသည်။ ယနေ့တွင် ပြည်ပရောက် ရိုဟင်ဂျာ အသိုင်းအဝိုင်းကို ကမ္ဘာတစ်လွှားရှိ နိုင်ငံများစွာတွင် တွေ့မြင်နေရသည်။



အလံဖြူ တွန်ခြေနှစ်တပ်ဖွဲ့ဝင်များ(၁၉၈၇)(MS)

ဒေသတွင်း ပဋိပက္ခအရှုပ်အထွေး

မကြာသေးခင်နှစ်များအတွင် အာရကန်အပေါ် နိုင်ငံတကာ၏ အာရုံစိုက်မှုမှာ ရခိုင် - ရိုဟင်ဂျာ အငြင်းပွားမှုများ အပေါ်တွင်လည်းကောင်း ဗဟိုအစိုးရနှင့် ဆက်ဆံရေးအပေါ်တွင်လည်းကောင်း သက်ရောက်လျက်ရှိသည်။ သို့သော် ယနေ့ခေတ်သစ် မြန်မာနိုင်ငံအတွက် သို့မဟုတ် ပြည်သူများအတွက် စိန်ခေါ်မှုမှာ ဤအရေးတစ်ခုတည်းမဟုတ်ပေ။ ဗြိတိသျှတို့ထွက်ခွာသွားပြီး ကတည်းက မြန်မာ၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံဆုံချက် နယ်ခြားဒေသသည် မကြာခဏဆိုသလို ပဋိပက္ခနှင့် မငြိမ်းချမ်းသည့်ဒဏ်ကို ခံစားခဲ့ရသည်။ ဤဝေးလံခေါင်ဖျားသော နယ်မြေများတွင် လူမျိုးစုများ၏ အမျိုးသားရေးလှုပ်ရှားမှု ပုံစံမျိုးစုံမှာ ကိုလိုနီခေတ် အလွန်နယ်ခြားဒေသများ၏ မျက်နှာစာအသီးသီးတွင် လက်နက်လှုပ်ရှား တိုက်ပွဲဝင်မှုအသွင်ဖြင့် ဆက်ရှိနေကြသည်။[၃၆] ယဉ်ကျေးမှုပေါင်းစုံ ယှက်နွယ်စုဆုံနေသော အရပ်များတွင်ဖြစ်ပေါ်နေသော ပဋိပက္ခများကို ဗုဒ္ဓဘာသာနှင့် မွတ်ဆလင် ကိုးကွယ်ယုံကြည်မှုကြား သို့မဟုတ် အိန္ဒိယအနွယ်များနှင့် မြန်မာလူထုကြားတွင် ဖြစ်ပေါ်နေသည်ဟုဆိုလျှင် လုံလောက်မည်မဟုတ်ပါ။ ဘင်္ဂလားပင်လယ်အော်မှ အိန္ဒိယကိုဖြတ်ကာ တိဘက်ကုန်းမြင့်သို့ တက်သွားလျှင် ကုန်းတွင်းပိုင်း၌ ထူးခြားသည့် သမိုင်းကြောင်း အထွေထွေဖြင့် လူမျိုးပေါင်းစုံကို တွေ့ရမည်။ မီဇိုရမ်မှသည် အနောက်မြောက် အိန္ဒိယမှ အရှနာချယ်အထိလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်ရှိ စစ်တကောင်းကုန်းမြင့်မှ မျိုးနွယ်စုများသည်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်မှ ကချင်ပြည်နယ် အထိလည်းကောင်း လူမျိုးစုအဖုံဖုံကို တွေ့မြင်ရမည်။[၃၇]

အာရကန်သည် ထိုနယ်ခြားကမ္ဘာ၏ အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့နှင့် အာရကန်စုဆုံသော သုံးနိုင်ငံဆုံချက်နယ်ခြားဒေသသည် ဘာသာရပ်ဆိုင်ရာ အခေါ်အဝေါ်အားဖြင့် ဒေသတွင်း ပဋိပက္ခအရှုပ်အထွေးဟု အမည်တပ်နိုင်လောက်အောင် လက္ခဏာအရပ်ရပ်နှင့် ပြည့်စုံနေပေသည်။[၃၈] နယ်ခြားမျဉ်းပေါ်တွင် ခွလျှက် ပျံ့နှံ့နေထိုင်ကြသော ရခိုင် - မရမာကြီးအုပ်စု၊ ရိုဟင်ဂျာ- စစ်တကောင်းသားအစရှိသည် လူမျိုးစုများကြားတွင် နိုင်ငံရေးနှင့် ယဉ်ကျေးမှုအရ အစိုးရကို အတိုက်အခံပြုသူအုပ်စုများ ခြေကုတ်ယူလှုပ်ရှားနိုင်သည့် နေရာများရှိနေကြသည်။ ဗဟိုအစိုးရ၏ နေရာမှဝင်ကြည့်လျှင် နယ်စပ်ဒေသများတွင်ရှိသော စီးပွားရေးနှင့် နိုင်ငံရေးအင်အားစုများသည် အစိုးရကိုအာခံနေသည့် "သူပုန်များ"၊ "ခါးပြများ"၊ "မှောင်ခိုသမားများ" နှင့် "တရားမဝင်ဝင်ရောက်နေထိုင်သူများ" ဟု မကြာမကြာပင် သုံးစွဲခေါ်ဝေါ်လေ့ရှိပါသည်။ ထိုအယူအဆတွင် ယနေ့ခေတ်နိုင်ငံတော်အစိုးရများသည် ထိုနယ်ခြားမျဉ်များကို ရေးဆွဲခဲ့သော ကိုလိုနီခေတ်က အုပ်ချုပ်ခဲ့သူတို့၏ ခြေရာကို နင်းကြပါသည်။[၃၉] မတည်ငြိမ်သည့်နေရာတွင် ဘင်္ဂလားဒေ့ရှ်သည်လည်း လွတ်လပ်ပြီးသည့်နောက်ပိုင်းတွင် ပါကစ္စတန်မှ နိုင်ငံခွဲ ထွက်ရေးကြုံခဲ့သည့် နိုင်ငံဖြစ်ကြောင်း အမှတ်ရသင့်ပါသည်။ ထို့ပြင် အရှေ့မြောက် အိန္ဒိယမှ လူမျိုးစုငယ်အများအပြားမှာ တော်လှန်ရေးထဲ ဝင်ရောက်လာခဲ့ရာ သုံးဖွဲ့မှ ယနေ့အခါ ခုနှစ်ဖွဲ့သို့ တိုးလာခဲ့သည်ကို တွေ့ရသည်။[၄၀]

နယ်စပ်ဖြတ်ကျော်နိုင်ငံရေးတွင် နှစ်ဖက်စလုံးရှိ နယ်မြေများမှ ပြည်သူများ ပူးပေါင်းကြသော လှုပ်ရှားမှုကို နာဂလူမျိုးများတွင် တွေ့ရပြီး စစ်ကိုင်းတိုင်းအတွင်းရှိ နာဂလူမျိုးများနှင့် နယ်ခြားတစ်ဖက် အိန္ဒိယမှ နာဂများဖွဲ့စည်းထားသော နာဂပြည်အမျိုးသားဆိုရှယ်လစ်ကောင်စီ (The National Socialist Counil of Nagaland-NSCN) ဖြစ်သည်။ သိပ်မထင်ရှားသော လူမျိုးစုလှုပ်ရှားမှုနောက်တစ်ခုမှာလည်း သုံးနိုင်ငံစလုံးရှိ ချင်းလူမျိုးများကြားတွင် ဆက်လက်တည်ရှိနေခဲ့သည်။ တိဘက်တို-ဘားမန်းဘာသာ စကားအုပ်စုများတွင် ထိုချင်းအုပ်စုကို သမိုင်းကြောင်းအရ အားလုံးခြုံငုံမိသော "ခို" ဟူသော အမည်ဖြင့် ခေါ်ဝေါ်ကြသည်။ လွတ်လပ်ရေးရချိန်တွင် နိုင်ငံသုံးခုစလုံးမှ ချင်းလူမျိုးများအားလုံးကို ရည်ညွှန်း၍ Pan- Chin ဟူ၍ ခေါ်ဆိုရန် အကြံပေးခဲ့သည်များလည်း ရှိကြသည်။ သို့သော် ထိုလှုပ်ရှားမှုမှာ ထိုသို့ပူးပေါင်း နိုင်သည့် အရှိန်အဟုန်သို့ မရောက်လာခဲ့ပါ။[၄၁] လူမျိုးစုနိုင်ငံရေး

အယူအဆများအရ အုပ်စုဝင်အများစုသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပြီး ယနေ့တွင် ၎င်းတို့အား မြန်မာနိုင်ငံ၌ ချင်းဟုခေါ်ကြပြီး အိန္ဒိယတွင် မီဇိုဟုခေါ်သည်။ ကာလဒေသအလိုက် သုံးစွဲသော နောက်ထပ် အခေါ်အဝေါ်များမှာ ကူကီးနှင့် ဇိုမီဟူ၍ ဖြစ်ကြသည်။ မြန်မာတွင် ဇိုမီဟူသော အသုံးကို ပိုနှစ်သက်ကြသည်။[၄၂] မြို-ခမီနှင့် ခူမီးလူမျိုးများသည်လည်း ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် ရှိကြသော ချင်းအနွယ်များဖြစ်ကြပြီး ဘင်္ဂလားဒေ့ရှ်တွင်လည်း နေထိုင်လျက်ရှိကြသည်။

ထိုသို့ အဆက်အစပ်များရှိကြပြီး ချင်းနှင့်အာရကန်တို့သည် မြန်မာနိုင်ငံတွင် တိုက်ပွဲဝင်နေကြချိန်၌ အိန္ဒိယတွင်ရှိသော မီဇိုတို့မှာလည်း လွတ်လပ်ရေးနောက်ပိုင်း အရေးကြီးသော အချိန်များတွင် အဆက်အသွယ်များရှိကြသည်။ ၁၉၆၀နှစ်များအနောင်းပိုင်းမှစ၍ ယနေ့ထက်ထိတိုင်အောင် မီဇိုအမျိုးသားတပ်ဦးကို ထောက်ခံသူများသည် သုံးနိုင်ငံ ဆုံချက်နယ်စပ်ဒေသကို ဖြတ်သန်း၍ နယ်စပ်မှတဆင့် စစ်တကောင်းနှင့် အာရကန် တောင်ပေါ်ဒေသများသို့ ထွက်ပြေးခိုလှုံလာခဲ့ကြသည်များ ရှိခဲ့ဖူးသည်။ (အာရကန်တွင် လက်နက်ကိုင်တိုက်ပွဲဝင်မှုများ ပြန်လည် အသက်ဝင်လာခြင်းကို ကြည့်ပါ။) ၁၉၈၆ တွင် အိန္ဒိယအစိုးရနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ် ဆိုပြီးနောက် MNF တပ်ဖွဲ့များသည် မီဇိုရမ်သို့ပြန်သွားခဲ့ကြသည်။ မြန်မာဘက်ခြမ်းတွင်လည်း ချင်းအမျိုးသားတပ်ဦး Chin National Front (CNF) သည် ၂၀၁၂ ခုနှစ်တွင် နေပြည်တော်မှ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ သို့ရာတွင် ထိုစာချုပ်မှာ ၎င်းတို့၏ နယ်စပ်ဒေသများသို့ ငြိမ်းချမ်းရေးကို ယူဆောင်မလာနိုင်ပေ။ အာရကန် တောင်တန်းဒေသရှိ မြေမျက်နှာသွင်ပြင်မညီသော၊ အသွားအလာခက်သော နယ်မြေတွင် ချင်းပြည်နယ်ကို ရခိုင်နှင့် နယ်ခြားမျဉ်းရှိပြီး ဤနေရာ၌ ယခုအခါ ချင်းနှင့် ရခိုင် အတိုက်အခံတပ်ဖွဲ့များ ယနေ့အထိ လှုပ်ရှားနေကြဆဲဖြစ်သည်။[၄၃]

အာရကန်၌လည်း လွတ်လပ်ပြီးနောက်ပိုင်းတွင် ချင်းနှင့် အခြားတောင်ပေါ်လူမျိုးစုများ၏ လက်နက်ကိုင် လှုပ်ရှားမှုငယ်များ ပေါ်ပေါက်ခဲ့သေးသည်။ ပါလီမန်ခေတ်တွင် လူသိအများဆုံး အဖွဲ့မှာ ၁၉၅၇ တွင် တည်ထောင်ခဲ့သော လူမျိုးစုတိုင်းရင်းသားများအဖွဲ့ (Tribal Nationalities Organization) ဖြစ်သည်။[၄၄] ၁၉၆၂ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဦးဘမောင်ခေါင်းဆောင်သော ချင်းအမျိုးသား လွတ်မြောက်ရေး တပ်ဦးအပါအဝင် အဖွဲ့သစ်အချို့လည်း ပေါ်ပေါက်လာခဲ့သည်။[၄၅] သို့သော် ချင်းနှင့်အခြားလူမျိုးစုငယ်များရှိ နိုင်ငံရေးသမားများစွာသည် ဦးနေဝင်းအုပ်ချုပ်ခဲ့သည့် ခေတ်တွင် မ.ဆ.လ သို့မဟုတ် ဗ.က.ပ ကိုဝင်ရောက်သွားခဲ့ကြသည်။ ၁၉၇၂ ခုနှစ်တွင် ဗ.က.ပ တို့က လူမျိုးစုတိုင်းရင်းသားများအဖွဲ့ကို ပါတီ၌မော်စီတုံးအရှိန်တက်နေစဉ် ကာလတွင်ပိတ်ပစ်ခဲ့သည်။ သို့သော် တောင်ပေါ်သားတို့၏ နိုင်ငံရေးလှုပ်ရှားမှုကိုမူ မဟန့်ထားနိုင်ခဲ့ပါ။ ၁၉၈၅ ခုနှစ်တွင် ချင်းနှင့် မြိုနိုင်ငံရေးသမားများက ဗ.က.ပ ထဲမှ ခွဲထွက်သွားကာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူမျိုးစုတိုင်းရင်းသားများပါတီ (Tribal Nationalities Party TNP) ကို တည်ထောင်ခဲ့ကြသည်။

လူမျိုးစုနိုင်ငံရေး အခင်းအကျင်းမှာ ၁၉၈၈ ခုနှစ်ဦးနေဝင်း၏ မ.ဆ.လအုပ်ချုပ်ရေးပြိုကျသွားပြီးသည့်နောက်ပိုင်းတွင် နယ်စပ်သုံးခုဆုံချက်ဒေသတွင် ပြောင်းလဲလာခဲ့ပြန်သည်။ ရွေးကောက်ပွဲဝင်မည့် ပါတီများမှာ အခွင့်အရေးရလာသောကြောင့် မြို-ခမီတို့အပါအဝင် ချင်းတို့၏ အဖွဲ့အစည်းများစွာ ဆက်လက်လှုပ်ရှား ကြပြန်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရခိုင်ပြည်နယ်တွင်လည်း ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးတစ်ဦးရှိလာပြီး နယ်မြေတစ်ခုလုံးတွင် ဤအဆင့်အတန်းဖြင့် အသိအမှတ်ပြုခံရသော တစ်ခုတည်းသော လူမျိုးစုဖြစ်လာသည်။ (ရခိုင်ပြည်နယ်လက်ရှိ အခြေအနေကိုရှုပါ။) ခန့်မှန်းရန်ခက်သော ပဋိက္ခ အခြေအနေများသည် တောင်ပေါ်ဒေသများတွင် ရပ်သွားခြင်း မရှိသေးပါ။ ထိုဒေသအတွင်း ရက္ခိုင်အမျိုးသား အဖွဲ့ချုပ် (United League of Arakan) နှင့်အတူ အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်သည့် အခြားအဖွဲ့ငယ်များဖြစ်သော ALP နှင့် CNF တို့လည်း လှုပ်ရှားနေကြသည်။

ဘင်္ဂလားဒေ့ရှ်ရှိ လူမျိုးစုငယ်များ၏ ရုန်းကန်ရမှုကလည်း မြန်မာနယ်စပ်ဘက်မှ ပဋိပက္ခ

များအပေါ် အကျိုးသက်ရောက်မှုရှိပြန်သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်ဘက်မှ ဒိုင်းနက်လူမျိုးများနှင့် အမျိုးအနွယ် တူဖြစ်သော ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြသည့် စစ်တကောင်းတောင်ပေါ်ဒေသ များမှ Chakma (ချက္ကမ) တို့၏ လှုပ်ရှားမှုတွင် တွေ့နိုင်သည်။[၄၆] ၁၉၇၂ တွင် ရှန်တီဘာဟိန်၌ လက်နက်ကိုင် ပုန်ကန်မှုများ ပေါ်ပေါက်ရာ သုံးနိုင်ငံဆုံချက် နယ်ခြားဒေသအထိ ရိုက်ခတ်မှုများ ရှိခဲ့သည်။ ဘင်္ဂလားဒေ့ရှ် တပ်ဖွဲ့များ ဆုတ်သွားသောအခါ ရခိုင်ပြည်နယ်မှ အတိုက်အခံလက်နက်ကိုင်အဖွဲ့များသည် စစ်တကောင်း နယ်စပ်တစ်လျှောက်တွင် အလိုလိုအုပ်ချုပ်သူများ ဖြစ်လာကြသည်။ ၁၉၉၇ ဒါကာအစိုးရနှင့် အပစ်အခတ်ရပ်စဲပြီးနောက် အိန္ဒိယသို့ပြေးခဲ့ရသော ချက္ကမဒုက္ခသည်ပေါင်း ၅၀,၀၀၀ ခန့်ပြန်လာနိုင်ခဲ့ပြီး စစ်တကောင်းတောင်ပေါ် ဒေသများရှိ လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ခဲ့သည်။[၄၇] သို့ရာတွင် ဝေးသီခေါင်လံလှသော ထိုတောင်ပေါ်ဒေသများမှာ အစိုးရလုံခြုံရေးတပ်ဖွဲ့များ ခပ်ပါးပါးသာရှိရာ တော်လှန်ရေးအုပ်စုများအနေနှင့် ၎င်းတို့၏ လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြသည်။ ဆယ်စုနှစ်များစွာပင် နိုင်ငံသုံးခုလုံးမှ အစိုးရက စေလွှတ်သောတပ်များမှာ ထိုဒေသ၌ အပြင်လူကဲ့သို့ ဖြစ်နေခဲ့ပြီး မြေပြင်ကို တကယ်စိုးမိုးနေကြသူမှာ လူမျိုးစု လက်နက်ကိုင် အဖွဲ့များဖြစ်ကြသည်။

၂၀၁၉ ခုနှစ်တွင် ထိုသုံးနိုင်ငံနယ်စပ်များဆုံချက်ဒေသရှိ နိုင်ငံရေးနှင့် လူမှုရေးစိန်ခေါ်မှုများကို ဖြေရှင်းရန်ပို၍ အရေးတကြီးဖြစ်လာခဲ့သည်။ အမြန်ဆုံးသော ပြောင်းလဲမှုများနှင့် ကြုံတွေ့နေရသည့် အာရှတိုက်၏ ဤဒေသ၌ ပထဝီနိုင်ငံရေးဖိအားများ မြင့်တက်လာခဲ့သည်။ အိန္ဒိယသည် ကုလားတန် မြစ်ဝှမ်းတွင် "ကုလားတန်ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်း (Multi-Modal Transit Transport Project) ကို အကောင်အထည်ဖော်နေပြီး ဘင်္ဂလားဒေ့ရှ်သည် မောင်တောနယ်စပ်မှ ကညင်ချောင်းစီးပွားရေးဇုံကို အထောက်အပံ့ပေးနေသည်။ တရုတ်သည် ကျောက်ဖြူကို ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းများ၏ ဗဟိုချက်တစ်ခု အဖြစ်အသွင်ပြောင်းလျှက် ရှိသည်။ ပြင်သစ်အစိုးရသည်လည်း လေးမြို့မြစ်ပေါ်တွင် ရေအားလျှစ်စစ် ထုတ်လွှတ်မည့် ဆည်စီမံကိန်းနှစ်ခုကို အကူအညီပေးနေသည်။[၄၈] ဒေသခံတို့အဖို့မူ လေးမြို့မြစ်သည် ရှေးဟောင်းမြို့တော်ကြီးလေးခုကို ဆက်သွယ်ထားသည့် ရေလမ်း ကြောင်းသင်္ကေတ နိမိတ်ပုံဖြစ်သည်။ ယခုအခါတွင်မူ မြောက်ဦး ၊မင်းပြား၊ မြေပုံ၊ ပေါက်တောနှင့် စစ်တွေမြို့နယ်များကို ဆယ်သွယ်ထားသော ရေကြောင်းလမ်း ဖြစ်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် သုံးနိုင်ငံနယ်ခြားဆုံချက်ဒေသမှာ ငြိမ်းချမ်းရေးနှင့် အလှမ်းဝေး နေပါသေးသည်။ ခန့်မှန်းခြေ ရိုဟင်ဂျာမွတ်ဆလင် ဒုက္ခသည် တစ်သန်းကျော်မှာ ဘင်္ဂလားဒေ့ရှ်တွင် ရှိနေကြသေးသည်။ ရခိုင်ပြည်နယ်နှင့်အတူကပ်လျက် ချင်းပြည်နယ်ထဲတွင် ဗုဒ္ဓဘာသာရော မွတ်ဆလင်များပါ ပါဝင်သည့် ၂၀၀,၀၀၀ ကျော်သည် နေရပ်စွန့်ခွာခဲ့ရသော ဒုက္ခသည်များဖြစ်နေ ကြသည်။[၄၉] ဤဒေသနှင့် ကပ်လျက် အာသံပြည်နယ်တွင် အိန္ဒိယအစိုးရသည် ဘင်္ဂလီအန္တယ်ပေါင်း ၁.၉ သန်းကို နိုင်ငံမဲ့အဖြစ် ကြေညာခဲ့သည်။[၅၀] ထိုသို့နိုင်ငံနယ်ခြားဆုံချက်ဒေသတွင် လက်နက်ကိုင် ပဋိပက္ခများမှာ ပုံစံအမျိုးမျိုးဖြင့် ဆက်လက်ဖြစ်ပေါ်နေသည်။ မြန်မာဘက်အခြမ်းတွင် ULA, ALP, CNF, NSCN နှင့် အာရကန် ရိုဟင်ဂျာကယ်တင်ရေးတပ် ARSA တို့ လှုပ်ရှားနေချိန်တွင် တစ်ဖက် အိန္ဒိယနယ်စပ်တွင် လူမျိုးစု အတိုက်အခံအုပ်စုများ ရှိနေကြဆဲဖြစ်သည်။[၅၁] ချင်း၊ ရခိုင်၊ ရိုဟင်ဂျာ၊ အခြားဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်ကြသူများသည် အိန္ဒိယ၊ ထိုင်းနှင့် မလေးရှားအစရှိသည် နိုင်ငံများတွင်လည်း ပြန့်ကျဲနေထိုင်ကြရာ အရေအတွက်အားဖြင့် မည်ရွေ့မည်မျှဟု ပြောနိုင်သည့် အချက်အလက်လုံးဝမရှိပါ။

လွန်ခဲ့သော ဆယ့်ရှစ်လအတွင်း၌ မြန်မာရော အိန္ဒိယအစိုးရများသာမက လက်နက်ကိုင် အတိုက် အခံအုပ်စုများကလည်း တိုက်ခိုက်နေကြသောကြောင့် နယ်စပ်ဒေသများတွင် ရင်ဆိုင်ပစ်ခတ်မှုများမြင့် တက်လာ ခဲ့သည်။ (အခန်း ၇ နှင့် ၈ ကိုကြည့်ပါ။) ဒုတိယကမ္ဘာစစ်ပြီးကတည်းက ယခုအထိ ဤဒေသများ၌ မငြိမ်းချမ်းသည့် ပြဿနာကို မဖြေရှင်းနိုင်သေးပါ။ အဖြေတွေ့ရန်မှာ ဝေးစွ၊ ပြင်ပမှကြားဝင် စေ့စပ်ဖြန်ဖြေ မှုများသည် တင်းမာမှုများကို ပို၍ပင်ဆိုးစေပြီး လူမျိုးရေးနိုင်ငံရေး အကွဲအပြဲများကို ပိုမိုဖြစ်ပွားစေခဲ့သည်။

တွေ့မြင်နေရသော အခြေအနေမှာ ရှင်းလင်းလှပါသည်။ သုံးနိုင်ငံနယ်ခြားဆုံချက်ဒေသတွင် ရှိနေခဲ့သော ပဋိပက္ခများသည် စောစောကတည်းကပင် နိုင်ငံရေး ပဋိပက္ခများဖြစ်ခဲ့ကြပြီး တရားမျှတမှု၊ သာနာညီမျှမှု၊ လူ့အခွင့်အရေးနှင့် ဒေသခံတို့၏ ကိုယ်စားပြုနိုင်ခွင့်ကို တောင်းဆိုနေခဲ့ကြခြင်းများနှင့် ဆိုင်ပါသည်။ လက်ရှိကြုံနေရသော စိန်ခေါ်မှုများသည် နိုင်ငံသုံးခုစလုံး၌ ကိုလိုနီခေတ်အပြီး ကြုံရသော ပြဿနာများကြောင့် ဖြစ်လာရကြောင်း ရှုထောင့်အမျိုးမျိုးမှ မြင်တွေ့နေရသည်။ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအရ ခွဲခြားဆက်ဆံမှုများ ကင်းပခြင်း မရှိသရွေ့ "ဒေသတွင်း ပဋိပက္ခအရှုပ်အထွေး"မှာ ရှေ့ဆက်နေဦးမည် ဖြစ်သည်။

အတိုက်အခံများ အင်အား လျော့လာခြင်း၊ လူမျိုးစု-နိုင်ငံရေးဂိုဏ်းဂဏ ကွဲလာခြင်းနှင့် မဆလအစိုးရပြိုကျခြင်း

၁၉၇၀နှစ်များ အနှောင်းပိုင်း တပ်မတော်စစ်ဆင်ရေးများ နောက်ပိုင်းတွင် လက်နက်ကိုင် အတိုက်အခံလှုပ်ရှားမှုများသည် ရခိုင်ပြည်နယ်အလယ်ပိုင်းနှင့် တောင်ဘက်ပိုင်းတို့တွင် ယခင်ကရှိခဲ့သော အရှိန်အဝါမျိုးကို ပြန်မရတော့ပေ။ သို့သော် စစ်ရေးအရ ခုခံခြင်းကမူ ရှိနေခဲ့သေးသည်။ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနယ်စပ်ဒေသများတွင်မူ လုံခြုံရေးနှင့် ပတ်သက်သော အခြေအနေများမှာ များစွာကွာခြားသွားခဲ့ပြီ ဖြစ်သည်။ အတိုက်အခံအင်အားစုများကို ကူညီနေသော အကြောင်းတရားသုံးရပ်ကလည်း အစုံလိုက်ရှိနေပြန်သည်။ ခုခံနိုင်ကြသေးသည်ဟုဆိုရာ၌လည်း ထိုအတိုက်အခံအင်အားစုများ၏ နိုင်ငံရေးလမ်းစဉ်ကို ထောက်ခံသူများ မပြတ်လပ်သွားခြင်းကြောင့် ဖြစ်သည်။ မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်မှာ မအောင်မြင်သောကြောင့် မှောင်ခိုစျေးကွက်မှာ ဆက်လက်ရှိနေခဲ့ပြီး အတိုက်အခံအင်အားစုများက မှောင်ခိုကုန်သွယ်ရေးလမ်းကြောင်းများကို ထိန်းချုပ်ထားခြင်း သို့မဟုတ် ဆက်ကြေးကောက်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ သုံးနိုင်ငံ ဆုံချက်နယ်ခြားဒေသမှာ မည်သူ့အုပ်ချုပ်မှုအောက်တွင်မှ မရှိဘဲ သုံးနိုင်ငံစလုံးမှ လုံခြုံရေးတပ်ဖွဲ့များက လက်လှမ်းမီသော နေရာမဟုတ်ပေ။ ထိုဝေးလံသော သီးခြားနယ်မြေများထဲသို့ ရခိုင်ပြည်နယ်၏ လက်နက်ကိုင် အတိုက်အခံများဖြစ်သော ANLP, ရ.က.ပ၊ AIO၊ ALP၊ RPFနှင့် အလံဖြူကွန်မြူနစ် ခြောက်ဖွဲ့စလုံး ဆုတ်ဝင်သွားခဲ့ပြီး တပ်များပြန်လည် ဖွဲ့စည်းခဲ့ကြသည်။

၎င်းတို့၏ဆက်လက်ရှင်သန်နိုင်မှုကို အထောက်အကူပြုသော နောက်ထပ်အခြင်းအရာတစ်ခုမှာ နိုင်ငံရေးအရ ဤဒေသကို လျစ်လျူရှုခဲ့ခြင်းများဖြစ်သည်။ တရုတ်သည် ဗကဗ ကို အထောက်အပံ့ပေးသည့်ကိစ္စ ရှိနေသည်မှာ မှန်၏။ သို့သော် တရုတ်ကိုဖယ်ပြီး ကြည့်လျှင်နယ်စပ်ရှိ အတိုက်အခံအဖွဲ့များကို အခြေအနေကောင်းစေသည်မှာဆက်ဆံနေရသော နိုင်ငံတကာရေးရာ အခြေအနေကြောင့်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများထံတွင်လည်း ထိုအဖွဲ့များနှင့် ပတ်သက်ပြီး တရားဝင် မူဝါဒဟူ၍မရှိဘဲ ၎င်းတို့ကိုယ်တိုင်က အလိုလိုအင်အားမသုံးနိုင်သောကြောင့် လက်ရှောင်ရသော အဖြစ်များ ရှိခြင်းကြောင့်သာ ဤအဖွဲ့အစည်းများ လွတ်လပ်နေရ ခြင်းဖြစ် သည်။ ၁၉၈၀ကျော် ကာလများတွင်မူ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှစ်ခုကြား သုံးနိုင်ငံဆုံချက် နယ်ခြားဒေသမှာ အကြီးအကျယ် အကျပ်အတည်းနှင့် ကြုံတွေ့ရသည်။ဤနယ်မြေတွင်အစိုးရ စစ်တပ်အင်အား နည်းလှသော်လည်း လုံခြုံရေးအဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပခုံးချင်းယှဉ်နေကြသောကြောင့် ထိုဆုံချက် နယ်ခြားဒေသမှ ပဋိပက္ခများ ပိုမိုဆိုး ရွား လာခဲ့သည်။ (ဘောင်ခတ်ထား သော "ဒေသတွင်း ပဋိပက္ခအရှုပ်အထွေး"ကို ရှုပါ။)

ရခိုင်ပြည်နယ်မှ လက်နက်ကိုင် တိုက်ပွဲဝင်မှုများ အပေါ် သက်ရောက်မှုရှိသည့် လှုပ်ရှားမှုနှစ်ခုမှာ မီဇိုရမ်မှ မီဇိုအမျိုးသားတပ်ဦးနှင့် စစ်တကောင်း တောင်ပေါ်ဒေသမှ ရှန်တီဘာဟိနီတို့ဖြစ်ကြသည်။ ၁၉၇၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ရှန်တီဘာဟိနီ၏ ဩဇာမှာ ဒိုင်းနက်များနှင့် သုံးနိုင်ငံနယ်ခြား ဆုံချက်ဒေသမှ ဗုဒ္ဓဘာသာဝင်များ၏ အဆက်အနွယ်ဖြစ်သော ချက္ကမလူမျိုးများကြားတွင် လျင်မြန်စွာ ပျံ့နှံ့သွားသည်။ ရှန်တီဘာဟိနီလှုပ်ရှားမှု အရှိန်ရလာသည်နှင့်အမျှ၊ ဒါကာမှ လုံခြုံရေးမဟာဗျူဟာ ချမှတ်သူတို့ကလည်း ဘင်္ဂလားဒေ့ရှ် အရှေ့ဘက်နယ်ခြား တစ်လျှောက် အိန္ဒိယနှင့် မြန်မာမှ အတိုက်အခံ လက်နက်ကိုင် အင်အားစုများ ကြားခံအဖြစ် ရှိနေခြင်းမှာ မမှားဟုယူဆခဲ့ ကြသည်။ ၁၉၇၁ ခုနှစ်ပါကစ္စတန်မှ ဘင်္ဂလားဒေ့ရှ် ခွဲထွက်ပြီးချိန်တွင်

တိုင်းပြည်သစ်၏ ခေါင်းဆောင်များက ထိုကြားခံရှိနေခြင်းကို မဟာဗျူဟာအရ လိုအပ်ချက်အဖြစ် ရှုမြင်ခဲ့ ကြသည်။

လုံခြုံရေးအမြင်မှကြည့်ကာ MNF ကို ဘင်္ဂလားဒေ့ရှ်တွင် စခန်းချခွင့်ပေးလိုက်ပြီး စစ်တကောင်း အာရကန်နယ်စပ်ကိုလည်း ဖြတ်သန်းခွင့်ပြုခဲ့သည်။ အိန္ဒိယနိုင်ငံရေး သမားများကလည်း ဘင်္ဂလားဒေ့ရှ် ခွဲထွက်ရေးလှုပ်ရှားမှုကို ထောက်ခံခဲ့ကြသည်။ သို့သော် ထိုလွတ်မြောက်ရေး စစ်ပွဲပြီးဆုံးသွားသောအခါ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတို့၏ နိုင်ငံရေးအဆင်ပြေနားလည်မှုကာလ ကုန်ဆုံးသွားပြီး MNF တို့အား ဒါကာကနေရာ ပေးထားခြင်းက နယူးဒေလီနှင့် ဆက်ဆံရေး ပိုမိုဆိုးရွားစေသော အကြောင်းတစ်ရပ် ဖြစ်လာခဲ့သည်။ အပြန်အလှန်အားဖြင့် အိန္ဒိအစိုးရသည် ရှန်တီဘာဟိနီ အဖွဲ့ဝင်များနှင့် ချက္ကမဒုက္ခသည်များကို မီဇိုရမ်နှင့် တြိပူရနယ်မြေထဲသို့ ကူးသန်းခွင့်ပြုလိုက်သည်။[၃၄] ပဋိက္ခအသွင်ချက်ချင်း ဆောင်လာခဲ့ပြီး MNF နှင့် ရှန်တီဘာဟိနီတို့ နှစ်ဖွဲ့စလုံး မှာကပ်လျက်ရှိနေသော အိမ်နီးချင်းနှစ်နိုင်ငံမှ အစိုးရများ၏ နယ်ခြားကာကွယ်ရေး အစီအစဉ်များတွင် ကြားခံကိုယ်ပွားများအဖြစ် အသုံးချခံခဲ့ကြရသည်။

၁၉၇၀ နှစ်များအနှောင်းပိုင်းတွင် ရခိုင်ပြည်နယ်၌ တပ်မတော်၏ လုံခြုံရေးတပ်ဖွဲ့များနှင့် နဂါးမင်းစစ် ဆင်ရေးထိုးစစ်များကြောင့် နယ်စပ်တွင်ပဋိပက္ခများ တတိယအကြိမ် အရှိန်မြင့်လာသောကြောင့် ဘင်္ဂလားဒေ့ရှ်တွင် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။ နတ်မြစ်နယ်ခြားကို ဖြတ်ကျော်ကာ မွတ်ဆလင်ဒုက္ခသည် ၂၀၀,၀၀၀ခန့် ဖြတ်ပြေးကြချိန်တွင် ရခိုင်နှင့် ရိုဟင်ဂျာလက်နက်ကိုင် တပ်ဖွဲ့များကလည်း စစ်တကောင်း ဝင်ပေါက်သို့ ရောက်ရှိလာခဲ့သည်။ ဖရိဖရဲအခြေအနေများ အတန်အရှိန်လျော့သွား ချိန်တွင် ဘင်္ဂလားဒေ့ရှ်မှ လုံခြုံရေးတပ်ဖွဲ့များက နယ်စပ်တွင် ရောက်ရှိနေသူတို့မှာ မြန်မာပြည်တပ်မတော်မှစစ်သားများ မဟုတ်ကြဘဲ ဒေသခံတို့နှင့် ဆက်ဆံရေးပိုမို ကောင်းမွန်သော လက်နက်ကိုင် အတိုက်အခံအုပ်စုများဖြစ်ကြောင်း မဆိုင်းမတွ ရိပ်မိခဲ့ကြသည်။ ၁၉၈၀ တွင် ထိုဒုက္ခသည်အများစု အိမ်ပြန်ခွင့်ရခဲ့ကြသည်။ သို့သော် မ.ဆ.လ အစိုးရ၏ ဒေါသမီးမှာ ၁၉၈၂ နိုင်ငံသားဖြစ်မှု ဥပဒေနှင့်အတူ တစ်ဖန် တောက်လောင်လာပြန်သည်။ ထိုဥပဒေပြဋ္ဌာန်းလိုက်သောကြောင့် ရိုဟင်ဂျာများ ပြောင်းရွှေ့နေထိုင်ကြခြင်းများ ပြန်လည်မြင့်တက်လာခဲ့သလို စစ်တကောင်း ပြည်နယ်ထဲသို့ ဒုက္ခသည်များ ပြန်လည်ဝင်ရောက်လာခဲ့သည်။ ထိုသုံးနိုင်ငံနယ်ခြားဆုံချက် ဒေသမှာ အစိုးရ ကြာကြာမအုပ်ချုပ်နိုင်သော ဒေသဖြစ်ရာ ချက္ကမ၊ မီဇို၊ ရခိုင်နှင့် ရိုဟင်ဂျာ အဖွဲ့များအားလုံးမှာ လက်နက်ကိုင်ထားကြဆဲဖြစ်သည်။

နယ်စပ်ဒေသရှိ သီးသန့်နယ်မြေများတွင် အခြေကုတ် ယူထားနိုင်သော်လည်း ရခိုင်ပြည်နယ်ရှိ လက်နက်ကိုင် အတိုက်အခံအုပ်စုများသည် မ.ဆ.လ အစိုးရကို ခုခံရန် ၁၉၈၀ ကျော်နှစ်များ တစ်လျှောက်လုံး ရုန်းကန်ကြရပါသည်။ ခရီး သွား များ၊ ရွာသား များ၊ မှောင်ခိုကုန်ကူး သူများ ဒုက္ခသည်များနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများသည် အာဏာပိုင်အဖွဲ့အသီးသီးက ထိန်းချုပ်ထားသော နယ်မြေများကို အသွားအပြန် ဥဒဟိုဖြတ်သန်းနေကြသည်။.စစ်တကောင်း၊ တက္ကနက်ဖ်နှင့် ကော့ဇ်ဘဇားတို့မှာ နယ်စပ်ကူးသန်း သွားလာရေးကွန်ရက် နယ်မြေများဖြစ်ကြသည်။ ထိုလုံခြုံရေးချိန်ခွင်လျှာ မျှနေသော အနေအထားမှာ ၁၉၈၆ ခုနှစ်တွင် MNF ခေါင်းဆောင် ပူလာဒင်းဂါ Pu Laldenga က အိန္ဒိယအစိုးရနှင့် ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးလိုက်သော အခါတွင် သိသိသာသာ အခြေယိုင်သွားခဲ့သည်။ နှစ်အစိတ်မျှ လက်နက်ကိုင် တိုက်ပွဲဝင်ခဲ့ပြီးနောက် MNF သည် မီဇိုနိုင်ငံရေးလှုပ်ရှားမှုကို အစိုးရက အသိအမှတ်ပြုလာအောင် လုပ်နိုင်ခဲ့ပြီး ပထမဆုံး မီဇိုရမ်ပြည်နယ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကို အနိုင်ရခဲ့သည်။ လက်ရှိ အချိန်အထိ မီဇိုရမ်၏ ရုန်းကန်အားထုတ်မှုကို ဒေသ တွင်း၌ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုကြသော လူမျိုးစုလှုပ်ရှားမှုများကြားတွင် စံပြ ရလဒ်တစ်ခုအဖြစ် မှတ်ယူခဲ့ကြသည်။[၃၅]

MNF က ချန်ရစ်နိုင်ခဲ့သော အမွေတစ်ခုလည်း ရှိပါသေးသည်။ MNF တပ်ဖွဲ့များ ဆုတ်ခွာသွားသောအခါ ထိုသုံးနိုင်ငံနယ်ခြား ဆုံချက်ဒေသထဲတွင် ကျန်ရစ်ခဲ့သော အခြားအစိုးရ အတိုက်အခံ လက်နက်ကိုင်အဖွဲ့များ၏ စခန်းများ ပိုမိုအားကောင်းလာစေခဲ့သည်။ MNF က မီဇိုရမ်သို့ ပြန်သွားသောအခါ ရခိုင်ပြည်နယ်မှ ကျန်တပ်ဖွဲ့များက ၎င်းတို့၏ နေရာကို ယူလာနိုင်သည်။ အင်အား ၂၀၀ မျှ လက်နက်တပ်ဆင်ပြီးရှိသော အလံဖြူကွန်မြူနစ်များသည် အင်အားအကောင်းဆုံးအဖွဲ့ဖြစ်သည်။ သို့သော် ANLP၊ ရ.က.ပ၊ AIO နှင့် RPF တို့သည်လည်း လက်နက်ကိုင်တပ်ဖွဲ့များ ရှိကြပြီး မြေအောက် လှုပ်ရှားမှုများကိုဆက်ထိန်းထားခဲ့ ကြသည်။ ALPသည် ထိုင်းနယ်စပ်တွင် အမျိုးသား ဒီမိုကရက်တစ်တပ်ဦးတွင် အဖွဲ့ဝင်ဖြစ်နေခြင်းအပေါ် အလေးထားသည်။ ၁၉၈၀နှစ်များအတွင်မှာနယ်ပလောတွင်ရှိသော KNU–NDF ဌာနချုပ်သည် တစ်ပြည်လုံးမှ လူမျိုးစုအမျိုးသားရေး တပ်ဖွဲ့များ၏ အဓိက တပ်စခန်းဖြစ်လာခဲ့သည်။

အကျိုးဆက်မှာ စစ်ရေးအရ အားနည်းသွားသော်လည်း ရခိုင်ရှိ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများသည် လက်နက်ကိုင် အတိုက်အခံနိုင်ငံရေးတွင် ထင်ရှားမြဲထင်ရှားခဲ့သည်။[၃၆] ထိုအချက်က ၁၉၈၅ ခုနှစ်တွင် အစိုးရအတိုက်အခံအင်အားစုကြီးနှစ်ခုဖြစ်သော ဗ.က.ပနှင့် NDF တို့ တရုတ်နယ်စပ်တွင် သမိုင်းဝင်တွေ့ဆုံပွဲ တစ်ရပ်ကျင်းပစဉ် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြရာ ရခိုင်အမျိုးသားတို့ ဤနယ်

ပယ်အတွင်းရှိနေပုံကို မီးမောင်းထိုးပြခဲ့သည်။ နှစ်ဖက်စလုံးမှ ခေါင်းဆောင်များမှာ ရခိုင်လူမျိုးများ ဖြစ်ကြပြီး ဗ.က.ပ ၏ ပေါ်လစ်ဗြူရို အဖွဲ့ဝင်ရဲဘော်ကျော်မြနှင့် KNU/NDF မှ ဦးစိုးအောင်တို့မှာ ထင်ရှားသည်။

သို့သော် ဂိုဏ်းဂဏစွဲကြီးခြင်းနှင့် မညီညွတ်ခြင်းများသည် အမြဲလိုလိုဖြစ်နေသော ပြဿနာတစ်ခု ဖြစ်သည်။ ထိုအချက်ကပင် ပြဿနာကြီးကြီးမား မား ရောက်လာတော့မည်ဟု ကြိုတင်သတိပေးချက်တစ်ခုဖြစ်သည်။ ၁၉၇၀ ကျော် နှစ်များ လူထုထောက်ခံမှု အမြင့်ဆုံးဖြစ်နေချိန်တွင် ရကပမှာနှစ်ခြမ်းကွဲခဲ့သည်။ ရ.က.ပ အုပ်စုကြီးကို အမျိုးသားရေးဝါဒီဟု အားလုံးသိကြသော (ဦး) မောင်ဟန်က ဦးဆောင်သည်။ အုပ်စုငယ်ကို အလံနီ ကွန်မြူနစ်များနှင့် နီးစပ်သော (ရဲနီ) (ဦး) ကျော်ဇံရှီက ခေါင်းဆောင်သည်။[၅၆] ၁၉၈၇တွင် ဖတီးဖြူ Pardi Phru ခေါင်းဆောင်သောလူမျိုးစုံ အမျိုးသားပါတီ (Tribal Nationalities Party) ကို ဖွဲ့စည်းရန် အလို့ငှာ ချင်းအုပ်စုက အလံဖြူ ကွန်မြူနစ်တို့ထံမှ ခွဲထွက်သွားချိန် ၁၉၈၅ တွင်အလံဖြူသည် အရှိုက်ထိ သွားခဲ့သည်။ ညီညွတ်မှုကို ကြိုးစားတည်ဆောက်နိုင်ရေးအတွက် AIO၊ ALP နှင့် ရ.က.ပ တို့က ၁၉၈၅ တွင် မဟာမိတ်သစ် အာရကန်အမျိုးသား ညီညွတ်ရေးတပ်ဦး NUFA ကို ဖွဲ့စည်းပြီး များမကြာမီ နှစ်များအတွင်း၌ အမျိုးသားရေး လှုပ်ရှားမှုကို သွေးသစ်လောင်းခဲ့ ကြသည်။ သို့ရာတွင် နိုင်ငံရေးအရ တိုးတက်မှုမှာ အလွန်နှေးကွေးခဲ့သည်။

အကြောင်းရင်းများတွင် အရေးကြီးနေသော အချိန်များတွင် မွတ်ဆလင်ဒေသ အခြေစိုက်ပါတီများနှင့် ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းလည်း ပါသည်။ ဘုံရန်သူကို အတူတိုက်နေကြရသော်လည်း အဖွဲ့အချင်းချင်းကြား ညီညွတ်မှု မရှိခဲ့ပါ။ နဂါးမင်းစစ်ဆင်ရေး နောက်ပိုင်းတွင် မွတ်ဆလင်တို့၏ အဓိကလက်နက်ကိုင်အဖွဲ့မှာ ရိုဟင်ဂျာ မျိုးချစ်တပ်ဦးခေါ် RPF ဖြစ်သည်။ သို့သော် RPF သည်လည်း ၁၉၈၀ ကျော်နှစ်များတွင် ဂိုဏ်းဂဏပြဿနာနှင့် အချင်းချင်းတိုက်ခိုက်မှုများကြောင့် များစွာအားပျော့လာခဲ့သည်။ထို့ကြောင့်ပင် ၁၉၈၂ တွင် ရိုဟင်ဂျာသွေးစည်း ညီညွတ်ရေးအဖွဲ့ RSO က ဆရာဝန်တစ်ဦးဖြစ်ခဲ့သောမိုဟာမက်ယူနွတ်၏ ခေါင်းဆောင်မှုအောက်မှ RPF ထဲက ခွဲထွက်သွားခဲ့သည်။

နိုင်ငံတကာ မစွလာမ်မစ် အသိုင်းအဝိုင်းများနှင့် အချိတ်အဆက် ကိုသုံးကာ RSO သည် ရိုဟင်ဂျာအဖွဲ့ နှစ်ဖွဲ့ထဲတွင် ပို၍အစွန်းရောက်သော အဖွဲ့ဖြစ်လာခဲ့သည်။ RSO သည် ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ အူခီယာ Ukhia တွင် စခန်းချသည်။ ဤနေရာတွင် ဆော်ဒီအာရေးဗီးယားမှ Rabitat – al –Aalam – al – Islam အကူအညီ ပေးရေးအဖွဲ့က ဆေးရုံလှူဒါန်းထားပြီး မွတ်ဆလင် ဒုက္ခသည်များအတွက် အကူအညီပေးရေး လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။[၅၇] နောက်ပိုင်းတွင် RSOသည် ပြည်ပမှ အစွန်းရောက်အစွလာမ်စ် အဖွဲ့အစည်းများနှင့် အချိတ်အဆက်ရှိလာကြောင်း သတင်းများပေါ်ထွက်လာခဲ့သည်။ ထိုအဖွဲ့များတွင် ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်မှ ဂျမတ်အီ-အစ္စလာမ်ဦး၊ အာဖဂန်နစ္စတန်ရှိ Hekmatyar ၏ Hizb-e-Islami နှင့် အိန္ဒိယမှ Hizb-ul-Mujahideen တို့ပါဝင်ခဲ့သည်။[၅၈]

သို့သော် RSO အဖွဲ့သစ်၏ စစ်ရေးလှုပ်ရှားမှုများမှာ များစွာအကန့်အသတ်ရှိပါသည်။ ရခိုင်ပြည်နယ်ထဲမှ ရိုဟင်ဂျာ ခေါင်းဆောင်များစွာသည် ပါတီက ပိုမိုခက်ထန်သော လမ်းကြောင်းပေါ် ရောက်သွားခြင်းကို မနှစ်မြို့ကြပါ။ ၁၉၈၆-၈၇ တွင် RSO ကို သဘောမကျသောကြောင့် ရှဗ်ဗီးယား ဟူစိန် ခေါင်းဆောင်သော RPF ရှေ့နေဖြစ်ခဲ့ဖူးသော နူရူး အစ္စလာမ်တို့ဦးခေါင်သော RSO အုပ်စုခွဲတို့ နှစ်ဖွဲ့မဟာမိတ်ဖွဲ့ကာ အာရကန်ရိုဟင်ဂျာ အစ္စလာမ်စ် ARIF ကိုဖွဲ့စည်းခဲ့ကြသည်။[၅၉] ယခင်ရိုဟင်ဂျာအဖွဲ့အစည်းများကဲ့သို့ပင် ARIF သည် အာရကန်မြောက်ပိုင်းရှိ မွတ်ဆလင်အများစု နေထိုင်ရာ ဒေသများကိုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရနယ်မြေအဖြစ် ရရှိရေးကို အရေးဆိုသည်။ ထိုရည်ရွယ်ချက်အောင်မြန်ရန် ဒီမိုကရေစီကို လိုလားသော ပါတီများနှင့် အခြားအမျိုးသားရေး အင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်ရန်ကြိုးစားသည်။[၆၀] ARIF ၏ရည်ရွယ်ချက်မှာ လူမျိုးပေါင်းစုံပါဝင်သော ပြည်ထောင်စုတစ်ခုကို မျှော်ရည်ပြီး ငြိမ်းချမ်းရေး အစဉ်တည်မြဲသော ဖက်ဒရယ်စနစ်ကို အခြေခံသည့် တိုးတက်သော welfare state လူမှုဘဝလုံခြုံရေး ဦးစားပေးသော နိုင်ငံတစ်ခု ဖြစ်လာရန်ဟု နူရူးအစ္စလာမ်က ပြောကြားခဲ့ဖူးသည်။[၆၁]

ယနေ့အခါတွင်မူ ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ထိုရိုဟင်ဂျာတို့ကြား စိတ်ဝမ်းကွဲမှုများနှင့် အပြိုင်အဆိုင်ဖြစ်မှုများသည် မထင်ရှားသယောင်ရှိသည်။ သို့သော်လည်း ထိုကဲ့သို့ နောက်ခံအခြေအနေတွင် အငြင်းပွားဖွယ် ကိစ္စများဖြစ်သော ရိုဟင်ဂျာတို့၏ ဖြစ်တည်မှုနှင့် အတွေးအခေါ်ပိုင်းများမှာ အရေးတကြီး ထည့်သွင်းစဉ်းစားရန် လိုအပ်လာပါသည်။ နောက်ပိုင်းဖြစ်ပျက်လာသည်များကို အခြေခံ၍ သုံးသပ်ရလျှင် ယနေ့ခေတ်ရိုဟင်ဂျာအရေးလှုပ်ရှားနေသူတို့သည် ထိုရိုဟင်ဂျာများထဲ၌ရှိသော ဘက်အသီးသီး၏ လုပ်ရပ်များကို တန်ဖိုးအတူတူ ဟု တန်းမညှိမိရန်လိုပါသည်။ အထူးသဖြင့် တူနေသယောင် မပြုသင့်ပါ။ ဖြစ်ရပ်များနောက်တွင် လိုက်ပါလာသည့် ရေရှည်အကျိုးဆက်များကို ထောက်ဆနှိုင်းချိန်ရန် အလေးထားရပါမည်။ လူ့အခွင့်အရေးသည် လူတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ပြီး အားလုံးတစ်ပြေးတည်း ခံစားခွင့်ရှိရပါမည်။ ဤအချက်မှာ အာရကန်တွင် အမြဲပင် မရှိမဖြစ် လိုအပ်နေခဲ့သော အရာဖြစ်သည်။ ၁၉၈၀ ကျော်နှစ်များတွင် ရခိုင်နှင့် ရိုဟင်ဂျာ



နယ်စပ်စခန်းမှ RPF တပ်ဖွဲ့ဝင်များ၊ ၁၉၈၀ ခုနှစ်ကျော်ကာလ (MS၏ စုဆောင်းထားသောပုံများမှ)

တို့၏ ဖြစ်တည်မှုဇာတ်ကြောင်းများကို ပုံဖော်ကြရာတွင် အယူအဆ အမျိုးမျိုး ပေါ်ပေါက်ခဲ့ပြီး သမိုင်းကြောင်းအရ နောက်ပြန်ဆုတ်ခဲ့ကြသလို အာရကန်နိုင်ငံရေးဇာတ်ခုံပေါ်မှ လူမျိုးစု နိုင်ငံရေးအပေါ် ရေရှည်အကျိုးဆက်များ ချန်ရစ်ခဲ့ကြသည်။ (ရခိုင်၊ ရိုဟင်ဂျာနှင့် အမည်သညာ နိုင်ငံရေးကို ကြည့်ပါ။)

သို့ဖြစ်ရာအရေးတကြီး မှတ်သားရန်မှာ မြန်မာနိုင်ငံမှာ လူမျိုးရေးပဋိပက္ခများဖြင့် ပြည့်နေသော သမိုင်းကြောင်းရှိသည့် နိုင်ငံမျိုးဖြစ်သည့်တိုင်အောင် ရိုဟင်ဂျာအခွင့်အရေးနှင့် ရိုဟင်ဂျာတို့၏ ဖြစ်တည်မှုဝိသေသလက္ခဏာများကိစ္စမှာ ၁၉၈၀ ခုနှစ်များအလယ်အထိ ငြင်းခုံစရာကိစ္စတစ်ခုမဖြစ်ခဲ့ကြောင်း၊ ထိုကာလကိုလွန်မှသာ အငြင်းပွားစရာဖြစ်လာရကြောင်း နောက်ကြောင်း ပြန်ကြည့်လျှင် တွေ့ကြရမည်။ အကြောင်းတစ်ခုမှာ ရခိုင်ပြည်နယ် မြောက်ပိုင်း၏ ပြင်ပတွင် နေသူများအဖို့ မောင်တောခရိုင်၏ ယနေ့ခေတ် နိုင်ငံရေးကို မသိနားမလည်ကြခြင်းကြောင့်လည်း ဖြစ်သည်။ နဂါးမင်းစစ်ဆင်ရေးနှင့် ၁၉၈၂ နိုင်ငံသားဖြစ်မှု ဥပဒေကလည်း ရိုဟင်ဂျာတို့ကို ပို၍တင်းမာခက်ထန်သော လမ်းကြောင်းကို ရွေးချယ်ခြင်းအားဖြင့် တုံ့ပြန်ကြရန် တွန်းအားပေးခဲ့သည့် ဖြစ်စဉ်များကို တွေ့နိုင်သလို လူ့အဖွဲ့အစည်း၏ အကွဲအပြားကို ယနေ့တွေ့မြင်ရသည့် အတိုင်းအတာအထိ ဖြစ်စေခဲ့သော ဘက်စုံမှ တန်ပြန်လှုပ်ရှားမှုများကိုလည်း ဖြစ်စေခဲ့သည်ကို တွေ့ရသည်။

ထိုအဖြစ်အပျက်များ မည်သည့်အချိန်က စတင်ခဲ့သည်ကို ပြန်ကြည့်ရန်ခက်ပါသည်။ သို့သော် ရပ်ရွာခေါင်းဆောင်များကမူ ၁၉၇၈နဂါးမင်း စစ်ဆင်ရေးသည် ပို၍ကြမ်းတမ်းသောလမ်းစဉ်ကို ပေါ်ပေါ်ထင်ထင် ရွေးချယ်ရန် တော်လှန်ရေးသမားများကို တွန်းပို့လိုက်သည့်အချိန်ဖြစ်သည်ဟု ဆိုကြသည်။ ၁၉၄၂ မှ လူမျိုးရေးအဓိကရုဏ်းများ၊ အကြမ်းဖက်မှုများကာလက ရခဲ့သော အဆိုးဆုံးကြောက်ရွံ့မှုများဆီသို့ ပြန်ရောက်ကြရသည်။ အကွဲအပြဲများကို အဆိုးဆုံးသို့ ရောက်စေခဲ့သည့်အချိန်မှာ မြန်မာအစိုးရနှင့်အတူ ရခိုင်များနှင့် ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒီများက ရိုဟင်ဂျာတို့၏ ဖြစ်တည်မှုကို လုံးဝငြင်းပယ်ကြောင်း ဖော်ပြခဲ့သော အချိန်ပင်ဖြစ်သည်။ ရခိုင်ပြည်နယ်မှ လူများစု မွတ်ဆလင်များကို ရည်ညွှန်းကြရာတွင် ဘင်္ဂါလီဟု ဖော်ပြကြသည်။ အဓိပ္ပါယ်မှာ အိန္ဒိယမှ သို့မဟုတ် မကြာသေးခင်က အရှေ့ပါကစ္စတန်ဟု ခေါ်သော ဘင်္ဂလားဒေ့ရှ်မှ တရားမဝင် ကူးသန်းဝင်ရောက်လာသူများဟု ဆိုလိုသည်။ တစ်ဖက်တွင်လည်း ရိုဟင်ဂျာ အမျိုးသားရေးဝါဒီများနှင့် ယနေ့ခေတ် အစ္စလာမ္မစ် အစွန်းရောက်ဝါဒီများက ရိုဟင်ဂျာ၏ ဝိသေသလက္ခဏာသရုပ်ကို ချဲ့ထွင်၍ Pan-Arakan အာရကန်တစ်ခုလုံး၏ သမိုင်းအနေနှင့် ဖန်တီးလိုခြင်းများရှိသည်။ ၎င်းတို့အမြင်တွင် ဗုဒ္ဓဘာသာ သို့မဟုတ် ရခိုင်များထက်စာလျှင် မွတ်ဆလင်များက ဤနယ်မြေတွင် ယဉ်ကျေးမှု အရသော်လည်းကောင်း လူမျိုးရေးအရသော်လည်းကောင်း လွှမ်းမိုးနိုင်ခဲ့သူများဟု ရှုမြင်ကြသည်။

နှစ်ဖက်စလုံး၏ ပြောဆိုချက်များတွင် ဖုံးမရအောင်

ပေါ်နေသော အပြစ်အနာအဆာများ ရှိသည်။ အာရကန်သည် ရှေးကတည်းကပင် ယဉ်ကျေးမှုပေါင်းစုံတည်ရာ အရပ်ဖြစ်သည်။ သို့သော် လွန်ခဲ့သော ဆယ်စုနှစ်လေးခုအတွင်း တစ်ဘက်ကို ဖိနှိပ်ရန်ကြိုးစားသော ဇာတ်ကြောင်းများကို ပို၍ ပုံဖော်မြင့်တင်ပြောဆိုခဲ့ကြသည်။ နောက်ဆုံးရလဒ်အဖြစ် လူမျိုးစုများအချင်းချင်းကြား ဆက်ဆံရေးမှာ ပြိုကျပျက်စီးခဲ့ရခြင်းပင်။ များစွာသောသူတို့သည် ထိုကဲ့သို့ အတွေးအမြင်အမျိုးမျိုး စင်ပြိုင်ရှိနေကြသည်ကို ငြင်းပယ်နေကြခြင်းကိုလည်း မီးမောင်းထိုးပြကြရမည်။ ရန်မီးများ ပိုဆိုးလာချိန်တွင် သဘောထားပျော့ပျောင်းသူများ၏ အမြင်များကို ယေဘုယျအားဖြင့် ကျော်သွားတတ်ကြသည်။ မ.ဆ.လ အစိုးရလက်ထက်တွင် ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်နှစ်ဖက် စလုံးမှ ခေါင်းဆောင်များက ၎င်းတို့လက်တွေ့ကြုံတွေ့နေရသော "ဗမာဇာတ်သွင်းခြင်း ကိစ္စများ" နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ပြောကြားခဲ့ကြသည်။ ၁၉၈၀ ကျော်နှစ်များတွင်မူ အချို့ရခိုင် အမျိုးသားရေးဝါဒီများသည်လည်း ရိုဟင်ဂျာလူပြတ်ရှားမှုမှာလည်း အလားတူပင် နိုင်ငံရေးအရ ခြိမ်းခြောက်နေကြောင်း ပုံဖော်ပြောဆိုလာကြသည်။

ထိုနည်းတူပင် ပို၍တင်းမာသော အမြင်များမှာ ရိုဟင်ဂျာနိုင်ငံရေး တက်ကြွလှုပ်ရှားသူများ အသိုင်းအဝိုင်းတွင်လည်း ရှိလာခဲ့သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နဂါးမင်းစစ်ဆင်ရေးကြောင့် မွတ်ဆလင်များစွာအဖို့မြန်မာနိုင်ငံရှိ၎င်းတို့အနာဂတ်အတွက်ကြောက်ရွံ့ပူပန်မှုများ နက်ရှိုင်းစွာဖြစ်စေခဲ့သည်။ ထို့ကြောင့်ပင် ၁၉၇၈ ခုတွင် RPF တို့က ၁၉၅၀ ကျော်ကာလများတွင် ပြောခဲ့ဖူးသော ဂျီနိုဆိုက်စွပ်စွဲချက်ကို ပြန်၍အစကောက်ခဲ့ကြသည်။[၆၂] လေးနှစ်ခန့်ကြာသောအခါ ၁၉၈၂ နိုင်ငံသားဥပဒေကို ပြဋ္ဌာန်းပြန်သောအခါတွင်လည်း ရိုဟင်ဂျာတို့၏ သမိုင်းကြောင်းနှင့် အမျိုးသားစရိုက်လက္ခဏာများကိုပို၍သတိထားမိအောင် ရေးသားပြောဆို လာခြင်းများ ရှိလာခဲ့သည်။ RPF သည် ရိုဟင်ဂျာနိုင်ငံတော်ဟူ၍ ရခိုင်ပြည်နယ်တစ်ခုလုံးနှင့် အာရကန် တောင်ပေါ်ဒေသများကိုပင် ထည့်သွင်း၍ မြေပုံရေးဆွဲကာ စတင်ကြေညာ ဖြန့်ဖြူးလာခဲ့သည်။[၆၃] ထို့နောက် ၁၉၈၄နိုဝင်ဘာလတွင်း RPF က အစ္စလာမ္မစ်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများကွန်ဖရင့်တွင် ပန်ကြားလွှာတစ်စောင်ကို တင်သွင်းခဲ့သည်။ ထိုစာတွင် အာရကန်သည် မွတ်ဆလင်အများစု နေထိုင်ရာပြည်နယ်ဖြစ်ကြောင်း၊ RPF၏ ဥက္ကဋ္ဌ မိုဟာမက်ဂျဖာဟာဘစ်ကကြေညာခဲ့ပြီးငင်း၏ပါတီမှာ "ရိုဟင်ဂျာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေကို မြန်မာဖက်ဒရယ် ပြည်ထောင်စုအတွင်း တည်ထောင်ရန် ဂျီဟတ်တိုက်ပွဲ ဆင်နွှဲနေပြီဖြစ်ကြောင်း" ထည့်သွင်း ပြောကြားခဲ့သည်။[၆၄] ထို့ပြင် RSO ကလည်း အာရကန်တွင် မွတ်ဆလင်တို့ အား ပစ်မှတ်ထားတိုက်ခိုက်မှုမှာ ဆယ့်နှစ်ရာသီလုံး ဖြစ်ပွားနေသော ကိစ္စတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။[၆၅]

ထိုကြေညာချက်များသည် နိုင်ငံတကာအသိုင်းအဝိုင်းပရိသတ်အတွက်သာရည်ရွယ်သော်လည်း မြန်မာနိုင်ငံရှိ အစိုးရခေါင်းဆောင်များနှင့် ရခိုင်အမျိုးသားရေးဝါဒီများက သတိမထားမိဘဲမနေပါ။ ရခိုင်ပါတီတို့ထဲတွင် မွတ်ဆလင် အသိုင်းအဝိုင်းကို ရခိုင်တွင် ရှေးကတည်းက နေထိုင်လာခဲ့သူများဖြစ်ကြောင်းကို ပယ်ချင်းဆန်မှုများ မရှိပါ။ သို့သော် ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ နတ်မြစ်နယ်ခြားဒေသများတွင် ပြန်၍ မငြိမ်းချမ်းလာတော့ပါ။ မွတ်ဆလင်သို့မဟုတ် ရိုဟင်ဂျာတို့၏ "ကိုယ်ပိုင်အုပ်ချုပ်ရေး" ကိုသဘောမတူ နိုင်ကြသူများရှိသည်။ အစိုးရက ရိုဟင်ဂျာတို့ကို "မေရနယ်ခြားအုပ်ချုပ်ရေး" ထူထောင်ပေးမည်ဟူ၍ မြှူခဲ့ခြင်းကိုလည်း မမေ့နိုင်ကြသေးပါ။ ထို့ပြင် မူဂျာဟစ်တို့၏ စီစဉ်ပေးမှုဖြင့် နတ်မြစ်ကိုဖြတ်၍ တရားမဝင် ဖြတ်သန်းဝင်ရောက်လာသော မွတ်ဆလင်အခြေချမှုများ ရှိနေကြောင်း တောက်လျှောက် စွပ်စွဲချက်များလည်း ပေါ်ထွက်နေမြဲပင်။

ဤနေရာတွင် ရွှေ့ပြောင်းဝင်ရောက်လာမှုများသိသိသာသာ မြင့်မားလာခဲ့သည့်ဟူသော အဆိုကို ထောက်ခံနိုင်သည့် သက်သေအထောက်အထားများ မရှိနေသည်ကိုလည်း မီးမောင်းထိုးပြရန်လိုပါသည်။ အမှန်စင်စစ် မြေပြင်တွင် ကြီးကြီးမားမား ပြောင်းရွှေ့နေကြခြင်းများမှာ အခြားလမ်းကြောင်းများကို သုံး၍ဖြစ် ပေါ်နေကြသည်။ သို့သော် ယနေ့ရခိုင်ပြည်နယ်တွင် လူပြောများသော ရိုဟင်ဂျာဆန့်ကျင်ရေး ဇာတ်ကြောင်း၏ အဓိက အစိတ်အပိုင်းအဖြစ် ဤအချက်ကို ဆက်လက်စွပ်စွဲ ပြောဆိုနေကြပေသည်။ ကမ္ဘာပေါ်တွင် လူဦးရေ အများဆုံးနိုင်ငံကြီးထဲက တစ်ခုနှင့် ကပ်လျက်ရှိသော နေရာတွင် တည်နေခြင်းကြောင့်လည်း မွတ်ဆလင်တို့နှင့် နယ်စပ်ချင်း ကပ်နေသောအရပ်တွင် ရခိုင်များ အားနည်းသွားတော့မည်ဟူ၍ စိုးရိမ်ခြင်းများ ကြီးကြီးမားမား ရှိနေကြမြဲ ဖြစ်သည်။[၆၆]

ထိုကာလများသည် ယနေ့ထက်တိုင် ရခိုင်နှင့်ရိုဟင်ဂျာ အရေးလှုပ်ရှားသူများ၏ အသုံးအနှုန်းများမှာ အစွန်းတစ်ဖက်ဆီသို့ ပိုကပ်သွားကြသည်။ "AIO ၏ အရာရှိတစ်ဦးကဆိုသည်မှာ "အာရကန်မှာရှိတဲ့ မွတ်ဆလင်များရဲ့ အခွင့်အရေးကို ကျွန်တော်တို့ အသိအမှတ်ပြုပါတယ်။ သူတို့ကိုလည်း လာပြီးပူးပေါင်းဖို့ ဖိတ်ခေါ်ပါတယ်။ သူတို့အနေနဲ့ မြင့်မြတ်တဲ့ ဘာသာရေးစစ်ပွဲဆင်နွှဲမယ်လို့ ပြောနေတာတွေက လူတွေကို သူတို့နဲ့ ပိုဝေးသွားစေနိုင်တာကို သူတို့သိသင့်တယ်" ဟုဆိုခဲ့သည်။[၆၇] ထို့ပြင် အာရကန် မြောက်ပိုင်းတွင်ရှိသော ရိုဟင်ဂျာများ ဟူသော ဖြစ်တည်မှုမှသည် အာရကန်တစ်ခုလုံး မွတ်ဆလင်ဟူသော သိမှတ်ပုံကို ရိုက်သွင်းလာခြင်းက ဤဒေသ၏

အနာဂတ် နိုင်ငံရေးအတွက် ပို၍စိုးရိမ်စရာဖြစ်စေခဲ့ကြောင်း ဝေဖန်ခဲ့သည်။ သဘောထား တင်းမာသော မွတ်ဆလင်များသည် အာရကန်သမိုင်းကို အစွန်လာမ်သမိုင်းဖြစ်အောင်၊ ရိုဟင်ဂျာသမိုင်း ဖြစ်အောင် ပုံဖော်ဖန်တီးနေသည်ဟု ဆိုရလောက်အောင်ပင် ဓာတ်ကြောင်းသစ်ဖန်တီး ယူနေကြသူများဟု အာရကန် အတိုက်အခံခေါင်းဆောင်များက ယုံကြည်နေကြသည်။[၆၈]

မွတ်ဆလင်အုပ်စုများကြားတွင်လည်း အချင်းချင်း သဘောထား ကွဲလွဲနေသည်များ ရှိကြသည်။ ၁၉၅၀ ကျော်ကာလများတွင် ရိုဟင်ဂျာတို့၏ လက်နက်ကိုင်လမ်းစဉ်ခေါင်းဆောင်လာချိန်တွင် ကမန်နှင့် အခြား မွတ်ဆလင်များက ၎င်းတို့၏ အရေးကိစ္စများအား အကောင်းဆုံးမည်သို့မည်ပုံ တင်ပြအရေးဆိုမည်နည်းဟူသော မေးခွန်းကို စဉ်းစားခဲ့ကြသည်။ အာရကန်တွင်ရှိသော မွတ်ဆလင်အားလုံးကသမိုင်းကြောင်းကို အခြေခံ၍ ၎င်းတို့ကိုယ်၎င်း တို့ ရိုဟင်ဂျာဟုခေါ်ကြသည်မဟုတ်ပေ။ များစွာသော မွတ်ဆလင်တို့မှာ ၎င်းတို့ကိုယ် ၎င်းတို့ ရခိုင် (အာရကန်မှ)မွတ်ဆလင်" ဟူ၍ သာမြင်ကြသည်။ ရခိုင်မွတ်ဆလင်ဟု ဆိုလိုက်လျှင် ရခိုင်ပြည်နယ်၏ ပိုမိုကျယ်ပြန့်သော လူမှုဘဝဝန်းကျင်နှင့် ပတ်သက်သူများဟူ၍ ရည်ညွှန်းသုံးစွဲကြခြင်း ဖြစ်သည်။ (အခန်း ၃ကိုရှုပါ။)

ထို့ကြောင့်ပင် ၁၉၈၂ တွင် ရခိုင်ပြည်လွတ်မြောက်ရေးအဖွဲ့ (Arakam Liberation Organization ALO) ကို ဖွဲ့စည်းဖြစ်စေခဲ့သည်။ စတင်တည်ထောင်သူမှာ အာရကန်မွတ်ဆလင်ဟုခေါ်သော ကမန်လူမျိုး ဇနီးနှင့် အိမ်ထောင်ပြုထားသည့် ပညာတတ်တစ်ဦးဖြစ်သော ဦးကျော်လှဖြစ်သည်။ ဦးကျော်လှမှာ ဗိုလ်ချုပ်နေဝင်းအား ဖြုတ်ချရန် ကြံစည်ခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ ထိုင်းနယ်စပ်သို့ ထွက်ပြေးသူအဖြစ် နိုင်ငံရေး လောကတွင် လူသိများသည်။ ထိုနှစ်များမတိုင်မီက ALP သည် RPF ကို အမျိုးသားဒီမိုကရက်တစ်တပ်ဦးတွင် အဖွဲ့ဝင်ဖြစ်မလာအောင် ပယ်ချနေခဲ့သည်။ ALO ကို ဖွဲ့စည်းပြီးသောအခါတွင်မူ ရိုဟင်ဂျာ အဖွဲ့အစည်းမဟုတ်ဟူ၍ ခံယူပြီး ဦးကျော်လှအနေနှင့် မာနယ်ပလောရှိ KNU နှင့် NDF ခေါင်းဆောင်များသည် အာရကန်မွတ်ဆလင်ကိုယ်စားလှယ်အဖွဲ့အဖြစ် မိမိတို့ကို အသိအမှတ်ပြုရန် မျှော်လင့်ထားသည်။ ALO ၏ ရည်ရွယ်ချက် မှာ စစ်တွေနှင့် မြောက်ဦးဒေသများမှ မွတ်ဆလင်များကို စည်းရုံး၍ အင်အားချဲ့ရန် ဖြစ်သည်။ သို့ရာတွင် ALP က ALO ကိုလည်း ဆက်လက်ကန့်ကွက်ခဲ့သည်။[၆၉]

ALO၏ တပ်ဖွဲ့ဝင်အနည်းငယ်သည် မာနယ်ပလော မြောက်ဘက် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP က ထိန်းချုပ်ထားသော နယ်မြေထဲတွင် လေ့ကျင့်သင်တန်းယူနိုင်ခဲ့ကြသည်။ သို့ရာတွင် ထင်ထင်ပေါ်ပေါ် လှုပ်ရှားဖို့ရန် အကန့်အသတ်များရှိသည်။ ALO သည် ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ခြေကုတ်စခန်းတစ်ခုကို ယူရန် ၁၉၈၆ ခုနှစ်တွင် ကြိုးစားရာ ၎င်းတို့၏ အဖွဲ့ဝင်များကို ရိုဟင်ဂျာတပ်ဖွဲ့များက လက်နက်ချခိုင်းခဲ့ရာမှ ALO တို့၏ လှုပ်ရှားမှုပြီးဆုံးသွားခဲ့သည်။[၇၀] နှစ်နှစ်ခန့်အကြာတွင်မူ ALO ကို ဦးကျော်လှက မြန်မာမွတ်ဆလင် လွတ်မြောက်ရေးအဖွဲ့ (Muslim Liberation Organization of Burma – MLOB) အဖြစ် မြန်မာနိုင်ငံအတွင်း ပေါ်ပေါက်လာနေသော ဒီမိုကရေစီအရေး ဆန္ဒပြပွဲများနှင့် တစ်ချိန်တည်း လောက်တွင် အသွင်ပြောင်းခဲ့သည်။ နောက်ထပ်ဆယ်စုနှစ်များတွင် MLOB သည် အစိုးရကို ဆန့်ကျင်သော ညီညွတ်ရေးတပ်ဦး နိုင်ငံရေးလှုပ်ရှားမှုများတွင် မွတ်ဆလင်တို့၏ အသံကို ဦးဆောင်ဖော်ထုတ်သော အဖွဲ့အစည်းတစ်ခု ဖြစ်လာခဲ့သည်။

ALO ကို ပယ်ချခဲ့ကြသော ရခိုင်နှင့် ရိုဟင်ဂျာအဖွဲ့များအနေနှင့် အာရကန်နိုင်ငံရေး အခင်းအကျင်းတွင် မကောင်းသည့် အကျိုးဆက်များကိုသာ ရရှိခဲ့သည်။ ALOကို မငြင်းဆန်မီက ရိုဟင်ဂျာ အုပ်စုများကို မွတ်ဆလင်နိုင်ငံရေးပါတီများထဲမှ တစ်ခုဟု အဖွဲ့အစည်းများစွာက ယူဆထားခဲ့ကြသည်။ ထို့နောက် ရိုဟင်ဂျာနှင့် အခြားမွတ်ဆလင်နိုင်ငံရေး အဖွဲ့အစည်းများကြား မသင့်မြတ်ခြင်းက ရခိုင်အတိုက်အခံ အုပ်စုများကို ဒုက္ခရောက်စေသည်။[၇၁] ALOကို ရခိုင်အမျိုးသားရေး လှုပ်ရှားသူများထဲမှ အာရကန်တွင် မွတ်ဆလင်များထဲမှ နိုင်ငံရေးပြိုင်ဘက်များ ရှိလာမည်ကို မလိုလားသော သဘောထား တင်းမာမှုများက လည်းဝေဖန်ရှုံ့ချခဲ့ကြသည်။ အာရကန်၏ အမျိုးသားညီညွတ်ရေးပါတီက ALO ၏ အကြောင်းကို "ဒီအုပ်စုဟာ သဘောထားပျော့ပျောင်းပြီး တိုးတက်တဲ့အမြင်ရှိခဲ့တယ်။ ဒါပေမယ့် သူတို့ကို ရခိုင်အစွန်းရောက်တွေနဲ့ မွတ်ဆလင်အမျိုးသားရေးအစွန်းရောက်တွေက တိုက်ခိုက်ခဲ့ကြတယ်" ဟု မှတ်ချက်ချခဲ့သည်။[၇၂]

ALO ၏ ကျဆုံးခြင်းမှာ ဓာတ်လမ်းတွဲရှည်ကြီးထဲမှ တစ်စိတ်တစ်ပိုင်း ဓာတ်ကွက်တစ်ခုကဲ့သို့ပင်။ ပို၍နက်ရှိုင်းသော အကွဲအပြားများ နောက်ထပ်လာစရာ ရှိနေသေးသည်။ ယနေ့အချိန်ထိပင် ရခိုင်ပြည်နယ်တွင် ပေါ်ပေါက်လာခဲ့သော မွတ်ဆလင် သို့မဟုတ် ရိုဟင်ဂျာ အဖွဲ့အစည်းများကို ရွေးကောက်ပွဲခွင်ထဲမှ ဖြစ်စေ၊ မဟာမိတ်ဖွဲ့ရန် အခြားနိုင်ငံရေးအဖွဲ့အစည်းများက လက်ခံနေရာပေးခဲ့ခြင်း မရှိပေ။ အကျိုးဆက်မှာ သမိုင်း၏ အရေးကြီးသော အချိုးအကွေ့တစ်ခု ဖြစ်နေသည့်အချိန်တွင် အာရကန်တွင် နေထိုင်သူတို့ပေါ်ထွက်လာသည့် အမျိုးမျိုးသော နိုင်ငံရေးနှင့် လူမျိုးရေးတောင်းဆိုမှုများကို ကျေလည်အောင် မဆွေးနွေး၊ မဖြေရှင်းခဲ့ကြခြင်း ဖြစ်သည်။ အန္တရာယ်ကြီးသော ရန်ငါစည်းခြားခြင်းများ ပို၍ ထင်ရှားလာကြသည်။ နဂါးမင်းစစ်ဆင်ရေး၊

နိုင်ငံသား ဥပဒေနှင့် လက်နက်ကိုင် တိုက်ပွဲဝင်မှုမျိုးစုံ ပေါ်ပေါက်လာခဲ့ခြင်းများ အပါအဝင် အဖြစ်အပျက်များသည် ရခိုင်ပြည်နယ်ရှိ လူမျိုးစုများနှင့် အစိုးရကြား အမျိုးသားရင်ကြားစေ့ရေးကို ရရှိအောင် မလုပ်နိုင်ခဲ့ကြပါ။[၇၃] ထိုသို့အား ထုတ်ကြမည့်အစား နိုင်ငံ၏အပြောင်းအလဲများမှာ ဦးနေဝင်း တပ်မတော်၏ အာဏာဖြင့် စေခိုင်းသည့်အတိုင်းသာ ပေါ်လာခဲ့ကြသည်။

ထိုသို့လမ်းစမရှိသော အခြေအနေတွင် ရခိုင်မှာ နက်ရှိုင်းလှသော အကျဉ်းအကျပ်ထဲ ရောက်ရှိခဲ့ရသည်။ တပ်မတော်သည် ထိုင်းနယ်စပ်တွင် KNU နှင့် NDF တပ်ဖွဲ့များနှင့် ဆက်လက်တိုက်ခိုက် နေသကဲ့သို့ ယူနန်နယ်စပ်တွင်လည်း မီဒီယာကမဖေါ်ပြသော တပ်မတော်နှင့် KIO၊ ဗ.က.ပတို့နှင့် တိုက်ပွဲများ ဆက်ဖြစ်နေခဲ့သည်။ ဤအခြေအနေထဲတွင် ရခိုင်ပြည်နယ်မှ မငြိမ်သက်မှုများကို ဟန့်တားနိုင်ရန် အလွန်ခက်ခဲသည့် အခြေအနေဖြစ်သည်။ ၁၉၈၅-၈၆ တွင် Amnesty Inderational အဖွဲ့ကြီးက မွတ်ဆလင် လက်နက်ကိုင် အုပ်စုများနှင့် အဆက်အသွယ် ရှိသည်ဟု စွပ်စွဲခံနေရသော ဘူးသီးတောင်ရှိ အာရကန် မွတ်ဆလင်များအား ဖမ်းဆီးထားခြင်းကို ပြန်လွှတ်ပေးရန် ပထမဆုံး တောင်းဆိုမှုအား ပြုလုပ်ခဲ့သည်။[၇၄] ထို့နောက် ၁၉၈၆ မေလတွင် ရုကပ ပြောက်ကျားတပ်ဖွဲ့များက မင်းပြားမြို့ကို သိမ်းယူလိုက်ပြီး နိုင်ငံရေးမြေပုံပေါ်တွင် အာရကန်အရေးကို တစ်ကျော့ ထင်လင်းလာစေရေးအတွက် စီးနင်းမှုများ မြင်သာထင်သာ ပြုလုပ်ခဲ့သည်။[၇၅] တပ်မတော်သည် ထိုစီးနင်းမှုကို လုံခြုံရေးအစီအမံများဖြင့် တုံ့ပြန်ခဲ့ပြီး လူဒါဇင်ပေါင်းများစွာ အဖမ်းခံရသည်။ ထိုအခါ Amnesty International ကနောက်ထပ် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပြန်သည်။[၇၆] ထိမ်းသိမ်းခံရသည့် အထဲတွင် မ.ဆ.လ မြို့နယ်ကောင်စီဥက္ကဋ္ဌပင် ပါဝင်သည်။

ထိုအချိန်ကတည်းကပင်စတင်၍ တရားလက်လွတ် ဖမ်းဆီးမှုများနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများ အကြောင်း ပြုစုထုတ်ပြန်ခဲ့ကြသည်။ မှတ်တမ်းမှတ်ရာများ ရှိလာခဲ့ရာ ယနေ့ထက်တိုင်ပင် ဖြစ်သည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းသည် မငြိမ်းချမ်းမှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် တိုင်းပြည်၏ အခြားနယ်မြေများနှင့် ယှဉ်လျှင်အဆိုးရွားဆုံးနှင့် အဆက်မပြတ်ဆုံးဒေသများထဲမှ တစ်ခုဖြစ်လာသည်။[၇၇] သမိုင်းကချန်ခဲ့သော အကွဲအပြဲများကိုလည်း ကုစားရန်လိုအပ်နေပေသေးသည်။ ၁၉၇၀ နှစ်များ အနှောင်းပိုင်းတွင်ဖြစ်ခဲ့သော တပ်မတော်၏ လက်နက်ကိုင် အဖွဲ့များ နှိမ်နင်းရေး ထိုးစစ်များမှာ မအောင်မြင်ခဲ့ပေ။ မင်းပြား စီးနင်းမှုကို ကြည့်လျှင် ၁၉၈၀ ကျော်နှစ်များ၌ ရခိုင် ပြည်နယ်သည် မြန်မာ့နည်း မြန်မာ့ဟန်ဆိုရှယ်လစ် လမ်းစဉ်၏ ဘက်စုံကျဆုံးမှုကို ကြည့်ရန် စံနမူနာပင်ဖြစ်သည်။ နိုင်ငံရေးအရ နှိပ်ကွပ်ခြင်းများ၊ စီးပွားရေး ကျဆင်းနေခြင်းများ၊ တောင်ပေါ်ဒေသများတွင် လက်နက်ကိုင် အတိုက် အခံ အုပ်စုများ ပုံစံမျိုးစုံ ရှိနေခြင်းများက ဤအချက်ကိုသိသာစေပါသည်။ (အာရကန် လက်နက်ကိုင် လှုပ်ရှားမှုများ သမိုင်းကို ကြည့်ပါ။)

မ.ဆ.လ အစိုးရ နိုင်ငံတော်မည့်နေ့ရက်များမှာ နီးကပ်လာပေပြီ။ ၁၉၈၇ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံကို ကမ္ဘာပေါ်တွင် အဆင်းရဲဆုံး ဆယ်နိုင်ငံအနက်မှ တစ်နိုင်ငံအဖြစ် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့် သတ်မှတ်ခဲ့သည်။ ဤဖြစ်ရပ်မှာ မြန်မာနိုင်ငံကို မျက်နှာငယ်စေခဲ့သော ဆုတ်ယုတ်မှု တစ်ရပ်ဖြစ်ပြီး နိုင်ငံတစ်ဝန်းတွင် ကျောင်းသားများက ဦးဆောင်သော ဆန္ဒပြမှုများ ပေါ်ပေါက်လာခဲ့ကြသည်။ ၁၉၈၈ ခုနှစ် ဇူလိုင်လတွင် ဦးနေဝင်းရာထူးမှ အနားယူခဲ့ပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အုပ်ချုပ်ရေးပြီးဆုံးပြီဟု အသိပေးခဲ့သည်။ လူထုသည် လမ်းပေါ်သို့ ထွက်လာပြီး မ.ဆ.လ ခေတ် အဆုံးသတ်ကို ကြိုဆိုခဲ့ကြပြီး ထိုအခိုက်အတန့်မှာ အမျိုးသားငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို နောက်ဆုံးမတော့ ဆောင်ရွက်နိုင်တော့မည်ဟု ထင်စရာ ကာလဖြစ်သည်။

ယခင် အခါများကဲ့သို့ပင် အကောင်းဘက်ကို မျှော်လင့်နိုင်ချိန်မှာ တိုတောင်းလွန်းလှသည်။ နှစ်လတာ ကာလအတွင်း တပ်မတော်ဆန္ဒပြသူများအား နှိပ်ကွပ်ခဲ့သလို ဦးနေဝင်း၏ အစိုးရဟောင်းကိုလည်း အသစ်တဖန် အသက်ဝင်လာသော စစ်အုပ်ချုပ်ရေးက အစားထိုးလိုက်ပြီး မြန်မာနိုင်ငံကို မ.ဆ.လအုပ်ချုပ်ရေးလောက်နီးနီး ကာလကြာအောင် အုပ်ချုပ်သွားခဲ့သည်။



ဓာတ်ပုံတွင်ပြထားသည့် ဒေသရှစ်ထောင်းနီးပါးလောက်ဝင်ရောက်ခိုလှုံနေထိုင်ကြသည့် ဒုက္ခသည်စခန်းတွင် TK

၅။ စစ်အစိုးရ- န.ဝ.တ- န.အ.ဖ အုပ်ချုပ်ရေး (၁၉၈၈-၂၀၁၁)

ရွေးကောက်ပွဲကတိများနှင့် နိုင်ငံရေးနှိပ်ကွပ်မှုများ

အာရကန်နိုင်ငံရေးသည် စစ်တပ်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ SLORC ကို ဖွဲ့ပြီး အာဏာသိမ်းလိုက်သည့် ၁၉၈၈ စက်တင်ဘာလ (၁၉၉၇ တွင် နိုင်ငံအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ -SPDC ဟု အမည်ပြောင်း) မှ အစပြု၍ မတည်ငြိမ်မှုများ၊ ရုန်းရင်းဆန်ခတ်ဖြစ်မှုများနှင့်ပြည့်သည့် ခေတ်သစ်တစ်ခုသို့ ရောက်ရှိလာခဲ့ပြန်သည်။ မြန်မာနိုင်ငံ၏ လူမျိုးစုနိုင်ငံရေးဇာတ်ခုံပေါ်တွင် နောက်ထပ်နှစ်ပေါင်း နှစ်ဆယ်အတွင်း ဖြစ်လာမည့် အကြောင်းအရာများကို ပုံသွင်းပေးသောသမိုင်းဝင်အဖြစ်အပျက်များ တန်းစီ၍ ပေါ်ပေါက်လာခဲ့ခြင်းကရခိုင်နိုင်ငံရေးကိုလည်း နှိုးဆွခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှာ ပြိုကျသွားခဲ့လေပြီ။ ကျောင်းသားနှင့် အရပ်သား တက်ကြွလှုပ်ရှားသူပေါင်း တစ်သောင်းခန့်သည် အမျိုးသားဒီမိုကရက်တစ်တပ်ဦးနှင့် အခြားလူမျိုးစုတပ်ဖွဲ့များ ထိန်းချုပ်ထားရာ နယ်မြေများထဲသို့ ထွက်ပြေးခဲ့ကြသည်။ ဗမာပြည် ကွန်မြူနစ်ပါတီသည် တိုင်းရင်းသားတို့၏ တပ်တွင် ပုန်ကန်မှုကြောင့် တစစီပြိုလဲသွားခဲ့ပြီ။ န.ဝ.တအစိုးရသည် လက်နက်ကိုင် လူမျိုးစုအဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး မူဝါဒသစ်ကို ကြေညာခဲ့သည်။ ထို့နောက် အသစ်စက်စက် ဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနှစ်ဝဂအတွင်း ပထမဆုံးကျင်းပသော ၁၉၉၀ အထွေထွေ ရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုမဲများဖြင့် အနိုင်ရခဲ့သည်။

အခြေအနေအနည်းငယ် တည်ငြိမ်လာသောအခါ အစိုးရအပြောင်းအလဲမှာ ရွေးကောက်ပွဲထက် မပိုကြောင်း သိလာခဲ့သည်။ ဖိနှိပ်မှုမှာ စနစ်ကျကျပင် ပြန်လည်စတင်လာခဲ့သည်။ နောက်ထပ်နှစ် နှစ်ဆယ်အတွက် တပ်မတော်၊ NLD နှင့် လူမျိုးစု အမျိုးသားရေးပါတီများကြား သုံးပွင့်ဆိုင်ဆက်ဆံရေးပုံစံသစ် ပေါ်ထွက် လာခဲ့သည်။ ထိုနှစ်များမှစ၍ မျက်နှာစုံညီ တွေ့ဆုံညှိနှိုင်းရေးမှာ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများက မဖြစ်မနေလှမ်းကြ ရမည့် ခြေလှမ်းဖြစ်ကြောင်း တိုက်တွန်းခဲ့သည်။ နှစ်ပေါင်းသုံးဆယ်ခန့်အကြာတွင်လည်း ထိုစိန်ခေါ်မှုများအတိုင်း မပြောင်းမလဲရင်ဆိုင်နေရမြဲဖြစ်သည်။ လက်ရှိအမျိုးသား နိုင်ငံရေးတွင် ရှိနေသော ဂိုဏ်းဂဏကွဲမှုများစွာမှာ န.ဝ.တ- န.အ.ဖ အုပ်ချုပ်သော ခေတ်ထဲတွင် အဖတ်တင်ခဲ့သော ပြိုကွဲကျဆင်းခဲ့သည့် နိုင်ငံရေး အခင်းအကျင်းက ဆင်းသက်လာခဲ့

ခြင်းဖြစ်သည်။

ရခိုင်တွင်တွေ့ကြုံရသော စိန်ခေါ်မှုများကမူ အခြားနေရာများထက်ပို၍ နက်ရှိုင်းကျယ်ပြန့် လွန်းသည်ဟု ဆိုနိုင်သည်။ တစ်နိုင်ငံလုံးတွင် နိုင်ငံရေး အပြောင်းအလဲများ နောက်တစ်ကြိမ် ဖြစ်ပေါ်နေချိန်တွင် ဗဟိုအစိုးရ၏ မတည်ငြိမ်မှုများက ဒေသခံလူထုအပေါ်တွင် ဆိုးကျိုးများ ဖြစ်စေခဲ့သည်။ နိုင်ငံပြိုလဲခြင်းကြောင့် ဒေသခံလူထုမှာ ဖယ်ကျဉ်ခံရခြင်းနှင့် ဆုံးရှုံးရခြင်းများ အသစ်တစ်ဖန် ပြန်ကြုံလာရပြီး မူလကတည်းက ရှိနေခဲ့သော အာရကန်တို့အနေနှင့် မိမိတို့ကိုယ်မိမိတို့ ကိုယ်စားပြုနိုင်အောင် မည်သို့ ဆောင်ရွက်ကြမည်နည်းဟူသော ပြဿနာဆီသို့ တစ်ပတ်ပြန်ရောက်ကြပြန်သည်။ မိမိတို့၏ ပြည်နယ်တွင် နိုင်ငံရေးလှုပ်ရှားမှုများ အားကောင်း ခိုင်မာလာစေခြင်းဖြင့် ဆောင်ရွက်ကြမည်လော သို့မဟုတ်နိုင်ငံရေး ဗဟိုချက်တွင်ရှိနေသော တပ်မတော်နိုင်ငံရေးပါတီများနှင့် အတူ ပူးပေါင်းဆောင်ရွက်ရမည်လောဆိုသော မေးခွန်းကို ဖြေဆိုကြရမည်။ ဤမေးခွန်းမှာ ၂၁ ရာစုသို့ ရောက်သော အခါတွင်လည်း ရခိုင်ပြည်နယ်၌ ဖြေဆိုရန် လိုအပ်နေဆဲပင်။

မ.ဆ.လ အစိုးရပြိုကျသွားချိန်တွင် အကောင်းဘက်သို့ မျှော်လင့်ခြင်းများ မြင့်တက်လာကြသည်။ မြောက်ဦး၊ ရသေ့တောင်နှင့် ရခိုင်ပြည်နယ်၏ အခြားမြို့နယ်များ၌ ၁၉၈၈ လူထု ဆန္ဒပြပွဲများကာလအတွင်း ဒီမိုကရေစီလှုပ်ရှားမှုများ ပေါ်ပေါက်လာကြသည်။ ကျောင်းသားများနှင့် အစိုးရ အတိုက်အခံလှုပ်ရှားတက်ကြွသူများ စုစုပေါင်း ၇၀၀ လောက်မှာ နောက်ပိုင်းတွင် န.ဝ.တ အစိုးရက လိုက်လံနှိမ်နင်းမှုကြောင့် အနောက်ဘက်သုံးနိုင်ငံ နယ်ခြားဆုံချက်ဒေသသို့ တိမ်းရှောင်ခဲ့ကြရသည်။[၁] ဖိနှိပ်မှုများ ဆက်လက်ဖြစ်နေခဲ့သော်လည်း ၁၉၉၀ ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်ရန် လူမျိုးစုပါတီကြီးနှစ်ခု ပေါ်ပေါက်လာခဲ့သည်။ ပို၍အားကောင်းသော ပါတီမှာ အာရကန် ဒီမိုကရေစီ အဖွဲ့ချုပ် (Arakan League for Democracy – ALD) ဖြစ်ပြီး ဒေါက်တာစောမြအောင် နှင့် သမိုင်းပညာရှင် ဦးဦးသာထွန်းက ဦးဆောင်သည်။ ထိုပါတီလောက် အား မကောင်းသော နောက်ပါတီတစ်ခုမှာ လက်ဝဲယိမ်းသော ရခိုင်ပြည်သူ့ညီညွတ်ရေးအဖွဲ့ (Arakan People's United Organization) ဖြစ်ပြီး ဦးကျော်ဇံရှိ၊ ဦးကြာလှအောင်၊ ဘုံပေါက်သာကျော်နှင့် အခြားတော်လှန်ရေးခေါင်းဆောင်များပါဝင်သည်။ မွတ်ဆလင်များကြားတွင် အရေးပါသော ပါတီမှာ လူ့အခွင့်အရေးအတွက် အမျိုးသားဒီမိုကရက်တစ်ပါတီဖြစ်ပြီး (Nur Ahmed) နောအာမက်ခေါ် ဦးတင်မောင်၊ ဖာရူး အာမက်၊ ဦးကျော်မင်း (ရူးရိန်း) နှင့် အီဗရာဟင် (ဦးချစ်လွင်) တို့က ဦးဆောင်သည်။ အစောပိုင်းတွင် ထိုပါတီကို ထောက်ခံသူများက ရိုဟင်ဂျာဟူသော စကားလုံးကို ပါတီနာမည်တွင် ထည့်သွင်းလိုကြသည်။ သို့သော် ထိုအမည်ကို အာဏာပိုင်များက လက်မခံခဲ့ပေ။ ရွေးကောက်ပွဲမှာ ပဋိက္ခများအချိန် ဆယ်စုနှစ်နှင့်ချီ၍ ကြာလာခဲ့ပြီးချိန်တွင် ရခိုင်ပြည်နယ်မှ ပြည်သူများအဖို့ ၎င်းတို့၏ ဆန္ဒကို ထုတ်ဖော်နိုင်မည့် ရှားပါးသော အခွင့်အရေးပင် ဖြစ်သည်။

ရွေးကောက်ပွဲနေ့တွင် ဆန္ဒမဲပေးခြင်းမှာ မမျှော်လင့်ပါပဲ လွတ်လပ်ပြီး တရားမျှတခဲ့သည်။ သို့ဖြစ်ရာ အာရကန်အခြေစိုက်ပါတီများက ရွေးကောက်ပွဲတွင် အကောင်းဆုံးရလဒ် ပေါ်ထွက်လာခဲ့ခြင်းမှာ အံ့သြစရာ မကောင်းလှပေ။ ဦးဦးသာထွန်းကိုမူ ရွေးကောက်ပွဲမတိုင်မီက ဖမ်းဆီးလိုက်ကြသည်။ သို့သော် ALD မှာ ပြည်နယ်အတွင်း အကြီးဆုံးပါတီဖြစ်လာခဲ့သည်။ လူမျိုးစုငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီအတွက်ဟု ကြွေးကြော်ခဲ့ပြီးသော ထိုပါတီမှာ စုစုပေါင်းမဲဆန္ဒနယ် ၂၆ ခုတွင် NLD က ၉ခုကို ရခဲ့ပြီး ALD က (၁၁) နေရာတွင် အနိုင်ရခဲ့သည်။ ALD ၏ အောင်ပွဲမှာ တစ်နိုင်ငံလုံး အတိုင်းအတာတွင်ပင် အားရစရာ ဖြစ်သည်။ ဤပါတီသည် NLD နှင့် ရှမ်းအမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်တို့ပြီးလျှင် တတိယမြောက် အအောင်မြင်ဆုံး ပါတီ ဖြစ်လာသည်။ ၂၈ နှစ်မျှ ပြတ်တောက်ခဲ့ပြီးနောက်တွင် အာရကန်အမျိုးသားရေးသည် နိုင်ငံရေးမြေပုံပေါ်သို့ တရားဝင်ပြန်လည် ရောက်ရှိလာခဲ့သည်။[၂]

အခြားသော လူမျိုးစု နိုင်ငံရေးပါတီများသည်လည်း ရွေးကောက်ပွဲတွင် အခြေအနေကောင်းကြပါသည်။ လွတ်လပ်ရေးနောက်ပိုင်း ပါလီမန်ခေတ်က မွတ်ဆလင်အမတ်လောင်များ၏ အောင်မြင်မှုကို ယခု တစ်ဖန် ပြည်နယ်မြောက်ပိုင်းတွင် ပြန်တွေ့ရသည်။ (အခန်း ၃ ကိုရှုရန်။) ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် NDPHR က လေးနေရာ အနိုင်ရခဲ့သည်။ ALD နှင့် NDPHR တို့ကြားက ဆက်ဆံရေးမှာ ယေဘုယျအားဖြင့် ကောင်းမွန်ခဲ့ပြီး ပါတီနှစ်ခုစလုံးက လူ့အခွင့်အရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို လိုလားသည်။ ALD သည် ညီညွတ်သော တိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ် UNLD နှင့်အတူ အခြားပြည်နယ်အဆင့် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော လူမျိုးစုပါတီနှစ်ခုဖြစ်သည့် မြို (သို့မဟုတ်) ခမီအမျိုးသားသွေးစည်း ညီညွတ်ရေးအဖွဲ့ (Mro or Khami National Solidarity Organization) နှင့် မွတ်ဆလင်အများစုပါဝင်သော ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (Kamans National League for Democracy – KNLD) တို့နှင့် မဟာမိတ်ဖွဲ့ခဲ့သည်။ စုစုပေါင်းရခိုင်အခြေစိုက်ပါတီများ နေရာ ၆၅ ခု ရှိခဲ့ရာ ALD နှင့် UNLD ခေါင်းဆောင်များက NLD နှင့် ပူးပေါင်း၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် ရေးဆွဲရေးတွင် ဦးဆောင်ပါဝင်နိုင် တော့မည်ဟု ယုံကြည်ခဲ့ကြသည်။

သို့သော် ပြုပြင်ပြောင်းလဲရေး၌ အကန့်အသတ်ရှိနေပေသည်။ ၁၉၆၂ ဖက်ဒရယ်မူကို အရေးဆိုစဉ်ကကဲ့သို့ပင် တပ်မတော်၏ ခေါင်းဆောင်များသည် နိုင်ငံရေးပါတီများ အချင်းချင်းတွေ့ဆုံခြင်းအား တားမြစ်လိုက်သည်။ ရွေးကောက်ပွဲတွင် အနိုင်ရလိုက်သော ပါလီမန်အမတ်များသည် ပါလီမန် ခေါ်ယူခွင့်မရလိုက်ပေ။ လုံခြုံရေး တပ်ဖွဲ့များသည် NLD၊ SNLD၊ ALD နှင့် အခြားဒီမိုကရေစီလိုလားသော ပါတီများ အားလုံးကို နှိပ်ကွပ်ရန် ကြာရှည်ကြာများ ဆောင်ရွက်ခဲ့သည်။ ရခိုင်ပြည်နယ် တွင်လည်း အစိုးရဖိအားမှာမပြတ် ဝင်ရောက်လာခဲ့သည်။ ဦးဦးသာထွန်းသည် ၁၉၉၁ ခုနှစ်တွင် ထောင်ထဲ၌သေဆုံးခဲ့ရပြီး ALD, KNLD နှင့် NDPHR တို့ကို ၁၉၉၂ တွင် တရားမဝင်အသင်းများအဖြစ် သတ်မှတ်ခဲ့သည်။ ALD ပါတီမှ ရသေ့တောင်မြို့နယ်၏ ရွေးကောက်ခံအမတ် ဦးသာနိုးနှင့် NLD ပါတီမှ သံတွဲမြို့နယ်၏ အမတ်ဦးထွန်းရီတို့နှစ်ဦးစလုံးမှာ ပြည်ပသို့ တိမ်းရှောင်သွားရသည်။ မွတ်ဆလင်များ၏ ထောက်ခံမှုကိုရသော NDPHR မှာလည်း အလားတူပင် ပြင်းထန်စွာ နှိပ်ကွပ်ခံရသည်။ စစ်တွေမြို့မှ NDPHR ပါတီ၏ ရွေးကောက်ခံအမတ် ဦးကျော်လှအောင်မှာ ၁၄ နှစ်ထောင်ဒဏ် စီရင်ခံရပြီး ဘူးသီးတောင်မဲဆန္ဒနယ်မြေ(၁)ကရွေးကောက်တင်မြောက်ထားသောအမတ် ဦးကျော်မင်းမှာ သုံးလခန့် အချုပ်ခံခဲ့ရသည်။ ထိုအမတ်နှစ်ဦးစလုံးအဖို့ ထိုအရေးယူမှုမှာ နောက်ထပ် မကြာမကြာဖြစ်လာတော့မည့် နှိပ်စက်ကလူပြုမှုများ၊ ဖမ်းဆီးမှုများ၏ အစသာဖြစ်ခဲ့သည်။[၃]

နိုင်ငံရေးပါတီများ ပြန်လည်ရှင်သန်ခွင့် တစ်ဖန်ပြန်ရရန် နောက်ထပ်အနှစ်နှစ်ဆယ်ခန့် ကြာမြင့်ခဲ့ ပေသည်။ သို့ရာတွင် ထိုဖိနှိပ်မှုများက အမျိုးသားရေး အတိုက်အခံအင်အားများကို အစဖျောက်ရန် မတတ်နိုင်ခဲ့ပါ။ ရွေးကောက်ပွဲဝင်ပါတီများ ဖိနှိပ်ခံရခြင်းနှင့်အတူ အမျိုးသားရေးလှုပ်ရှားမှု အရှိန်မှာ လက်နက်ကိုင် အတိုက်အခံပြုရေးဘက်သို့ ချိန်ခွင် ညှာယိုင်သွားပြန်သည်။ စစ်ရေးအရ ခုခံနေကြရခြင်း၏ အဆုံးသတ်ကား ရှိလာဖွယ် လမ်းမမြင်တော့ပေ။

ပဋိပက္ခများပြန်စခြင်း၊ စစ်အင်အားပြန်လည်ထူထောင်ကြခြင်းနှင့် ၁၉၉၁-၉၂ ရိုဟင်ဂျာများအစုလိုက် အပြုံလိုက် ထွက်ပြေးရခြင်း။

နိုင်ငံရေးဖိနှိပ်မှုများ ဆက်လက်ဖြစ်ပေါ်နေချိန်တွင် တပ်မတော်၏ ခေါင်းဆောင်ပိုင်းကလည်း လက်နက်ကိုင်အတိုက်အခံအုပ်စုများဘက်သို့ တစ်ဖန်အာရုံကျ လာပြန်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ နဝတ က အာဏာသိမ်းအပြီးတွင် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများမှာ ဖရိုဖရဲ မတည်ငြိမ်မှုများနှင့် ကြုံတွေ့ကြရသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ ပြိုလဲသွားပြီး နောက် နဝတ အစိုးရအဖို့အသက်ရှူချောင်စရာမှာ ၁၉၈၉ ခုနှစ်တွင် တရုတ်ပြည်နယ်ခြားတွင်ရှိသော ဗ.က.ဗ၏ ပြည်သူ့တပ်မတော်မှ ခွဲထွက်ခဲ့ကြသည့် လူမျိုးစုလက်နက်ကိုင်တပ်ဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုအဖွဲ့များထဲမှ နှစ်ခုဖြစ်သော ကိုးကန့်မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်ဖွဲ့ (Myanmar National Democratic Alliance Army-MNDAA) နှင့် ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (United Wa Stale Army-UWSA)[၄] တို့မှာ ထင်ရှားသည်။ ကချင်လွတ်လပ်ရေးအဖွဲ့ (Kachin Independence Organization) နှင့်အတူ မြန်မာပြည်၏ အရှေ့မြောက်ဘက်တွင်ရှိသော ထိုလူမျိုးစု လက်နက်ကိုင် အဖွဲ့သုံးဖွဲ့ EAOS များသည် နောင်တွင် ရခိုင်ပြည်နယ်၌ လက်နက်ကိုင်တော်လှန်မှုများ ပြန်လည်အသက်ဝင်လာစေရေးတွင် အရေးကြီးသောနေရာမှ ပါဝင်ခဲ့ကြသည်။ (အခန်း ၆ ၊ ၇ နှင့် ၈တို့ကို ကြည့်ပါ။) သို့သော် နဝတ၏ ကနဦး ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိခဲ့ပေပြီ။ ရှမ်း-ယူနန် နယ်စပ်ဒေသများကို အစိုးရဘက် ပါလာအောင် ဆွဲဆောင်ပြီးသော အခါ အာဏာရဗိုလ်ချုပ်များသည် တိုင်းပြည်၏ အခြားနယ်စပ်များကို အချိန်ပေး ကိုင်တွယ်လာကြပြန်သည်။ လူမျိုးစုပြည်နယ်များတွင် အစိုးရအတိုက်အခံ အင်အားများမှာလည်း စုစည်း မိလာကြသည်။

တပ်မတော်၏ ခေါင်းဆောင်တို့တွင် စိုးရိမ်စရာအကြောင်းပြချက်များစွာရှိသည်။ ၁၉၉၀ကျော် အစောပိုင်းကာလများတွင် မဟာမိတ်အသစ်များနှင့် အဖွဲ့အစည်းအသစ်များ အလျှံပယ် ပေါ်ပေါက်လာကြပြီး မြန်မာနိုင်ငံထဲသို့ လှုပ်ရှားမှုပုံစံအမျိုးမျိုး ယူဆောင်လာကြရန် စိုင်ပြင်းနေကြချိန်ဖြစ်သည်။ အတိုက်အခံ အင်အားများ စုမိသောအဓိကနေရာတစ်ခုမှာ ကရင်အမျိုးသားအဖွဲ့ KNU နှင့် အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု NDF မဟာမိတ်များ စုစည်းမိရာ ထိုင်းနယ်စပ်ဖြစ်သည်။ အာရကန်လွတ်မြောက်ရေးပါတီ၏ အဓိကအင်အားစုမှာလည်း ထိုစခန်းတွင်ရှိသည်။ မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (All Burma Students Democratic Front – ABSDF-၁၉၈၈) ၊ ဗမာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (Democratic Alliance of Burma-DAB-၁၉၈၈) နှင့် ပြည်ပရောက် ပါလီမန်အမတ်များဖွဲ့စည်းသည့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွှန့်ပေါင်းအစိုးရ (NCGUB-၁၉၉၀) တို့မှာလည်း အသစ်ပေါ်ပေါက်လာသော လှုပ်ရှားမှုများထဲမှ ဖြစ်ကြသည်။

နောက်ပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (National Coalition Union Burma-NCUB:၁၉၉၂) ကိုလည်း တည်ထောင်ခဲ့ကြသည်။ အာရကန်မွတ်ဆလင် ဦးကျော်လှ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းခဲ့သော ဗမာပြည် မွတ်ဆလင်လွတ်မြောက်ရေးအဖွဲ့သည်လည်း DAB နှင့် NCUB ကိုပူးတွဲတည်ထောင်သူများထဲတွင် ပါဝင်လာသည်။

အဘက်ဘက်က အသိအမှတ်ပြုနေကြသကဲ့သို့ပင် ညီညွတ်ရေးတပ်ပေါင်းစုအသစ်များသည် အမျိုးသားနိုင်ငံရေးတွင် အကြီးအကျယ် သြဇာရှိနေသည့် အချိန်မျိုးဖြစ်သည်။ NCGUB နှင့် NCUB တို့သည် တစ်ပြည်လုံးမှ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများကို ကွန်ရက်ချိတ်ဆက်ထားနိုင်သောအခါ အစိုးရ၏ လုံခြုံရေးအဖွဲ့များကလည်း ထိုအချိတ်အဆက်များကို လက်ဦးမှုရယူကာ ဖျက်ဆီးလိုသည်။ မာနယ်ပလောတွင်ရှိသော KNU-NDF ဌာနချုပ်မှ အသစ်ဖွဲ့ထားသော NCGUB ၏ ဝန်ကြီးချုပ်မှာ ဒေါက်တာစိန်ဝင်းဖြစ်သည်။ သူသည် ထိုအချိန်က ရန်ကုန်တွင် နေအိမ်အကျယ်ချုပ်ခံနေရသော NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် မောင်နှမဝမ်းကွဲတော်စပ်သည်။

ပထမတွင်ရခိုင်ပြည်နယ်ရှိ လက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုများကို နဝတ အာဏာသိမ်းယူပြီးခါစတွင် သတိမထားမိခဲ့ကြပါ။ တပ်မတော်၏ အစောဆုံးထိုးစစ်များမှာ ကချင်၊ ကရင်၊ ကယား၊ မွန် နှင့် ရှမ်းပြည်နယ်တို့ရှိ NDF ထိန်းချုပ်ရာ နယ်မြေများဖြစ်ကြသည်။ သို့သော်ရခိုင်ပြည်နယ်မှာ နဝတ-နအဖအုပ်ချုပ်ရေးကာလအတွင်း ပဋိပက္ခများနှင့် အပြောင်းအလဲများ၏ စံချိန်သစ်ချိုးရာ နေရာတစ်ခု ဖြစ်လာတော့သည်။ ပဋိပက္ခများပျံ့ပွားလာသောအခါ ရခိုင်ပြည်ကိုလည်း မဆိုင်းဘဲ ကူးစက်လာခဲ့သည်။ နိုင်ငံရေးပါတီများကို ပိတ်ပင်လိုက်ပြီးနောက် လက်နက်ကိုင် အတိုက်အခံ လှုပ်ရှားမှုများအား ထောက်ခံမှုများဆက်လက် မြင့်မားလာခဲ့သည်။ များမကြာမီနှစ်များတွင် အစိုးရအတိုက်အခံလှုပ်ရှားမှုများတွင် ရခိုင်နှင့် ရိုဟင်ဂျာလူမျိုး လက်နက်ကိုင် အဖွဲ့အစည်းများ အဓိကကျသော နေရာများမှ ပါဝင်လာခဲ့သည်။

၁၉၈၈ခုနှစ်ကပင် သုံးနိုင်ငံနယ်ခြားဆုံချက်ဒေသတွင် ရခိုင်တပ်ဖွဲ့များက ဦးစွာလှုပ်ရှားခဲ့သည်။ ပြောင်းလဲလာသည့် အခြေအနေကိုတွက်ဆပြီး ထိုနှစ်စက်တင်ဘာလတွင် ALP၊ ရခိုင်ပြည်လွတ်လပ်ရေးအဖွဲ့နှင့် ရခိုင်ပြည်ကွန်မြူနစ်ပါတီတို့ပါဝင်သော လက်ရှိရခိုင်ပြည်အမျိုးသားညီညွတ်ရေးတပ်ဦး NUFAကို အင်အားချဲ့ထွင်ခဲ့ကြသည်။ ယခင်တော်လှန်ရေးအဖွဲ့ဟောင်း ရခိုင်ပြည်အမျိုးသား လွတ်မြောက်ရေးပါတီ၊ လူမျိုးစုတိုင်းရင်းသားများပါတီနှင့် သက်ဆိုးမရှည်ခဲ့သော လူငယ်တက်ကြွလှုပ်ရှားသူများ ဖွဲ့စည်းထားသည့် ရခိုင်ပြည် အမျိုးသားဒီမိုကရက်တစ် အင်အားစုတို့ အပါအဝင် တော်လှန်ရေးအဖွဲ့ သုံးဖွဲ့ကလည်း လာရောက် ပူးပေါင်းကြသည်။ NUFA ၏ ဦးတည်ချက်မှာ သုံးပိုင်းပါဝင်သည်။ "ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေး" "အာရကန်ကို ကိုလိုနီအဖြစ်မှ လွတ်မြောက်အောင် ကယ်တင်ရေး" နှင့် "အချုပ်အခြာပိုင် အာရကန်နိုင်ငံတော်သစ် ထူထောင်ရေး" တို့ဖြစ်ကြသည်။[၁] တစ်နေ့တည်းမှာပင် AIO နှင့် ALP တို့ယာယီမျှ တစ်ပါတီတည်းအဖြစ် ပူးပေါင်းဖြစ်ခဲ့ကြသည်။ မည်သည့်မွတ်ဆလင်ပါတီကိုပါ ထည့်သွင်းခဲ့ခြင်းမရှိခဲ့သော်လည်း ထိုလှုပ်ရှားမှုကြီးမှာ အာရကန် အမျိုးသားရေးထောက်ခံသူများ ရှေးကပင် ဆော်ဩခဲ့ကြသော အစိုးရအတိုက်အခံ အင်အားစုများ အားလုံးတပေါင်းတည်းစည်းလုံးကြရန် ဖြစ်လာခဲ့သည်။ ထိုအသစ်ပေါ်ပေါက်လာသော မဟာမိတ်အဖွဲ့၏ စစ်လက်နက်ကိုင် တပ်ဖွဲ့မှာ ရခိုင် ပြည်သစ်တည်ဆောက်ရေးတပ်မတော် (The New Arakan Construction Army)ဟု ခေါ်သည်။ (အာရကန်လက်နက်ကိုင်လှုပ်ရှားမှုများ သမိုင်းကိုရှုပါ။)

နိုင်ငံရေးလှုပ်ရှားမှုအရှိန်အဟုန်ကို မြို့မှ အသစ်ရောက်လာသော အဖွဲ့အစည်းများက စိုးမိုး သွားကြသည်။ ၁၉၈၈ နိုဝင်ဘာလတွင် အာရကန် ကျောင်းသား သမဂ္ဂ (All Arakan Students Union)ကို ဖွဲ့စည်းခဲ့သည်။ ဆက်တိုက်ဆိုသလိုပင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနယ်စပ်မှ ABSDFအဖွဲ့ဝင်များက ၉၀ဝ တပ်ခွဲကို တစ်နိုင်ငံလုံးရှိ နယ်စပ်များမှ ABSDF တပ်ခွဲ၁၈ခုထဲမှ တစ်ခုအဖြစ်ထူထောင်ခဲ့ကြသည်။[၆] ALD နှင့် အခြားရွေးကောက်ပွဲဝင်ခဲ့သော ပါတီများကို အစိုးရက ဖြိုခွင်းအရေးယူခဲ့ပြီးနောက် နယ်ခြားသုံးခုဆုံချက်တွင် ALD (ပြည်ပ)အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့များ၏ နာယကမှာ ရွေးကောက်ခံအမတ် ဦးသာနိုး ဖြစ်လာခဲ့သည်။ ဤအတောအတွင်း NDF အဖွဲ့ဝင်တစ်ဦး ဖြစ်သော ALP က ABSDF နှင့် NUFA တို့နှင့်အတူ ထိုင်းနယ်စပ်တွင် အဖွဲ့ပေါင်း ၂၂ ဖွဲ့ပါဝင်သော DAB ၏ပူးတွဲတည်ထောင်သူ အဖွဲ့တစ်ခုအဖြစ် ပါဝင်ခဲ့သည်။ တစ်ချိန်တည်းတွင် NDF နှင့် DAB အဖွဲ့ဝင်ဖြစ်သောအသစ်ဖွဲ့စည်းလိုက်သော ချင်းအမျိုးသားတစ်ဦးကလည်း ယခင်အာရကန် တောင်တန်းဒေသများတွင် ပါဝင်သော ပလက်ဝမြို့နယ်တွင်စ၍ အင်အားစုစည်းခဲ့သည်။[၇] ၁၉၉၀ပြည့်နှစ်တွင် သေချာသည်က နယ်စပ်ဒေသအသီးသီး၌ အစိုးရ အတိုက်အခံ အင်အားစုများ ဖွဲ့စည်းပုံအပြောင်းအလဲများဖြင့် နေရာ ပြန်ယူနေကြပြီဖြစ်သည်။

ထိုကာလများမတိုင်မီတွင် ဦးစောထွန်းဦး ဦးဆောင်သော ဗမာပြည်ကွန်မြူနစ်ပါတီ၏ အာရကန် အဖွဲ့ခွဲ (ဗ.က.ဗ ရခိုင်)က တရုတ်နယ်စပ်တွင် မိခင် ဗ.က.ပ တပ်များ

ပြုကျခဲ့ပြီး နောက်ပိုင်းတွင် ပြန်လည်လှုပ်ရှားရန် အားထုတ်ခဲ့သေးသည်။ တစ်နိုင်ငံလုံးတွင် အင်အားရှိခဲ့သော တစ်ချိန်က ကြီးမားသည့်လှုပ်ရှားမှုကြီးမှာ ယခုအခါရရှိခဲ့ တစ်နေရာတည်းတွင်သာ နောက်ဆုံးစခန်းအဖြစ် ကျန်ရစ်သည်။ နောက်ဆုံးအကြိမ် အင်အား စုစည်းရန်အတွက် "လူမျိုးပေါင်းစုံတို့ ပါဝင်သော ဖိနှိပ်ခံရသူ လူတန်းစားများသည် ယခုအခါ ဒေါသထွက်နေကြလေပြီ။ သူတို့အလှည့်ရဖို့ အချိန်ကိုစောင့်နေကြပါသည်"ဟု ရခိုင်ရှိဗ.က.ပ ပေါ်လစ်ဗြူရိုအဖွဲ့ဝင် ဗိုလ်ကျော်မြကဆိုခဲ့သည်။[9] သို့သော်ယခုအခါတွင် တော်လှန်ရေးမြေပြင်တွင် ဦးဆောင်လှုပ်ရှားကြသူတို့မှာ မျိုးဆက်သစ်များ ဖြစ်လာကြလေပြီ။ စစ်အေးကာလ အပြီးတွင် ကွန်မြူနစ် အတွေးအခေါ်များသည်လည်း သြဇာကျဆင်းခဲ့လေပြီ။ လက်ရှိတောင်းဆိုမှုများမှ ဖက်ဒရယ်ပြည်ထောင်စု၊ လူအခွင့် အရေး နှင့် ဒီမိုကရေစီ အစရှိသည်တို့ ဖြစ်ကြကုန်လေပြီ။ ဗ.က.ပ ၏ အာရကန်မှ နောက်ဆုံးလက်ကျန် အဖွဲ့ဝင်များသည် နောက်ဆုံးတွင် ၁၉၉၇၌ တပ်မတော်နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူလိုက်ကြပြီး မောင်တော အနီးရှိ ငြိမ်းချမ်းရေးရွာတွင် အခြေချခဲ့ကြသည်။ နှစ်လေးဆယ်ကြာခဲ့သော လက်နက်ကိုင်တော်လှန်ရေးကြီး အပြီးတွင် ဗ.က.ပ တို့၏ ကြွေးကြော်သံများ ရခိုင်ပြည်နယ်တွင် အဆုံးသတ် ခဲ့လေပြီ။

ဤကာလများတွင် မွတ်ဆလင်တို့၏ နိုင်ငံရေးမှာလည်း အရေးကြီးသော အပြောင်းအလဲများနှင့် ကြုံတွေ့နေရသည်။ ရခိုင်အဖွဲ့များကဲ့သို့ပင် မွတ်ဆလင် ခေါင်းဆောင်များသည်းလည်း အစပိုင်း၌ အသစ်ပေါ်လာသော ဒီမိုကရေစီပါတီများအပေါ် မျှော်လင့်ချက်များ ပုံခဲ့ကြသည်။ အကယ်၍ ၎င်းတို့၏ နိုင်ငံရေးကံကြမ္မာကို အကောင်းဘက်သို့ ပြောင်းလဲနိုင်မည့် အဖြစ်အပျက်တစ်ခု ပေါ်လာသည်ဆိုခဲ့ပါလျှင် ထိုအဖြစ်အပျက်မှာ ၁၉၉၀ ရွေးကောက်ပွဲပင်ဖြစ်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ၁၉၇၈ ဒုက္ခသည်များ အစုလိုက်အပြုံလိုက် ထွက်ပြေးရခြင်း ၊ ၁၉၈၂ နိုင်ငံသား ဥပဒေပြဋ္ဌာန်းလိုက်ခြင်း နောက်ပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရိုဟင်ဂျာတို့၏ အခြေအနေမှာ စိတ်ဓာတ်ပျက်ပြားဖွယ်အတိ ဖြစ်သည်။ (အခန်း၄ကို ရှုပါ။) အာရကန်ရိုဟင်ဂျာ အစ္စလာမ္မစ်တပ်ဦး (Rohingya Islamic Front) နှင့်ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေးအဖွဲ့ (Rohingya Solidarity Organization)တို့မှာ လှုပ်ရှားနေကြဆဲဖြစ်သော်လည်း အစိုးရ၏ အာဏာကို တော်လှန်ရန် သိသိသာသာ ခြိမ်းခြောက်နိုင်ခြင်းမရှိပါ။ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲခြင်းမှာ လူထု၏ မျှော်မှန်းချက်ဖြစ်သော်လည်း စစ်ရေးစစ်ရာ အသိုင်းအဝိုင်းထဲတွင်မူ ထိုင်းနိုင်ငံနယ်စပ်ရှိ DAB ထဲမှ အခြားအစိုးရအတိုက်အခံအင်အားစုများနှင့် အတူရှိနေသော MLOB ကို အာရုံစိုက်နေကြသည်။

နဝတ အစိုးရ၏ လုံခြုံရေး အခြေအနေကိုသုံးသပ်မှုများကမူ များစွာကွာခြားသည်။ အစိုးရတစ်ရပ်အဖြစ် ရပ်တည်နိုင်ရန် ကြိုးစားနေရသော စစ်အာဏာရှင်တို့



ပုဏ္ဏားကြီးနှင့်လူသိများသော ဒေါ်ခြိုးအေးမျိုးလှ (ဆံ)

အတွက်မူ မြို့ပေါ်မှဒီမိုကရေစီ ထောက်ခံသူများနှင့် နယ်စပ်ဒေသမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ချိတ်ဆက်မိခြင်းမှာ ကြောက်စရာကောင်းဆုံး ဖြစ်သည်။ စစ်အစိုးရသည်မည်သည့်ကိစ္စကိုမဆို ထိုရှုထောင့်မှသာ သုံးသပ်သည်။ ၁၉၉၀-၉၁ကာလတွင် တပ်မတော် ခေါင်းဆောင်များသည် အရှေ့ဘက်တရုတ်နှင့် ထိုင်းနယ်စပ်ဒေသများရှိ လုံခြုံရေးကိစ္စများကို အာရုံစိုက်နေခဲ့ကြရာမှ အနောက်ဘက်ရှိ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနယ်စပ်ကို ပိုတင်းကျပ်လာခဲ့ခြင်းမှာ အတိုက်အခံလက်နက်ကိုင်တို့၏ လှုပ်ရှားမှု သုံးခုကြောင့်ဖြစ်သည်။ ထို နှစ်နှစ်တာအတွင်း ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့မှာ လုံခြုံရေးကိစ္စအတွက် အစိုးရက အကြီးအကျယ် နှိပ်ကွပ်ရာ နယ်မြေများအဖြစ် ခံစားခဲ့ရသည်။[၉] ၁၉၇၀ကျော်ကာလများ အနှောင်းပိုင်းကကဲ့သို့ပင် ဒေသခံလူထုရင်ဆိုင်ရသော အကျိုးဆက်မှာ ကြေမွပျက်ပြုန်းသော ဘဝများဖြစ်သည်။

ဖွဲ့စည်းပုံရှုထောင့်မှ သုံးသပ်ရလျှင် လက်နက်ကိုင်အတိုက်အခံအဖွဲ့များ၏ ထိုလှုပ်ရှားမှုသုံးခုမှာ တစ်ခုနှင့်တစ်ခု အဆက်စပ်မရှိပါ။ သို့သော် တပ်မတော်ခေါင်းဆောင်များကမူ ထိုအချက်ကို တစ်စုံတစ်ရာ အတိုင်းအတာအထိ သံသယရှိခဲ့ကြသည်။ ပထမဖြစ်ရပ်မှာ အသစ်ဖွဲ့စည်းလိုက်သော ရခိုင်တပ်မတော် (AA) သည် ၎င်း၏ခြေကုတ်စခန်းဖြစ်သော KNU ထိန်းချုပ်နယ်မြေထားဝယ်-မြိတ်ခရိုင်အတွင်းမှနေ၍ ကပ္ပလီ ကမ်းရိုးတန်းမှတဆင့် အိန္ဒိယ-ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ယခင် ALP ခေါင်းဆောင်ဟောင်း ခိုင်ရာဇာ ဦးဆောင်သော ထိုအဖွဲ့က NUFA နှင့်တကွ အခြားသော လက်နက်ကိုင်အတိုက်အခံအဖွဲ့များနှင့် ချိတ်ဆက်လိုသည်။ ဒုတိယမှာ RSO နှင့် ARIF တို့သည် လက်နက်အသစ်များ ရံပုံငွေအသစ်များ ရှာဖွေရရှိလာခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နယ်စပ် တွင် တပ်များကို လေ့ကျင့်မှု အရှိန်မြှင့်လာခဲ့သော သတင်းများဖြစ်သည်။[၁၀] တတိယမှာ KNU သည် ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ပြန်လည်လှုပ်ရှားရန် ခြေလှမ်း ပြင်လာခဲ့ခြင်းဖြစ်သည်။

ထိုအပြောင်းအလဲများအားလုံးကို န.ဝ.တ အစိုးရက အရေးတကြီး အန္တရာယ်အဖြစ် စဉ်းစားသည်။ လက်နက်ကိုင်အတိုက်အခံအုပ်စုများ နယ်စပ်ဒေသအသီးသီး တိုင်းပြည်အနှံ့ကူးသန်းဆက်သွယ် နေခဲ့ကြသည်ကို ၁၉၇၀ကျော်က KNU နှင့် ဗ.ပ.ကတို့ကို ပစ်မှတ်ထားသော တပ်မတော်၏ ဖြတ်လေးဖြတ် အစီအမံများက ဖြတ်တောက်ပစ်လိုက်သည်။ အကယ်၍ KNU သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ခြေကုတ်ပြန်လည်ရရှိခဲ့လျှင် KNU,DAB နှင့် အခြားလက်နက်ကိုင် အတိုက်အခံအင်အားစုများ သည်လည်း ထိုင်း နယ်စပ်နှင့် ရခိုင်ပြည်နယ်ကို ကုန်းလမ်း၊ ရေလမ်းတို့မှ ပြန်လည် ဆက်သွယ်လာနိုင်မည်ဖြစ်သည်။ ဤခြိမ်းခြောက်မှုကို တပ်မတော်က ၁၉၉၁-၉၂ တွင် စစ်ဆင်ရေးများ အကြီးအကျယ် ဆင်နွှဲကာ ဖယ်ရှားပစ်သည်။

လက်နက်ကိုင်များကို ဖြိုခွဲရာတွင် ပထမဆုံးပစ်မှတ်ထားခံသောအဖွဲ့မှာ ခိုင်ရာဇာ၏ AA ဖြစ်သည်။ ပေါက်တောမြို့နယ်တွင် ၁၉၉၁ ဧပြီလထဲတွင် ရှေ့ပြေးတပ်ဖွဲ့တစ်ခုရောက်လာခဲ့သည်။ တပ်ဖွဲ့ကို နှစ်ခုခွဲပြီး နောက်တစ်ဖွဲ့မှာ ကုလားတန်မြစ်ကိုဖြတ်ကာ သုံးနှိုင်းနယ်ခြားဆုံချက်နှင့် NUFA ထိန်းချုပ် သော နယ်မြေထဲသို့ ရောက်ရှိလာခဲ့သည်။ ဒုတိယအဖွဲ့သည် မြောက်ဦးအနီးတွင် တပ်မတော်၏ တားဆီးခြင်းကိုခံလိုက်ရသည်။ အာရကန်နယ်ထဲသို့ AA ရောက်လာပြီဆိုသော သတင်းမှာ ချက်ချင်းပျံ့သွားသည်။ ထိုအခါ အစိုးရတပ်များသည် နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို မကြာမီရက်သတ္တပတ်များအတွင်း မြောက်ဦး၊ ကျောက်တော်၊ ဘူးသီးတောင်၊ ရသေ့တောင်နှင့် ပုဏ္ဏားကျွန်းမြို့နယ်များ၏ အထက်ဘက် မြစ်ညာတွင် စတင်ခဲ့သည်။ န.ဝ.တ အစိုးရသည် AA နှင့် NUFA တို့မှ အဖွဲ့ဝင်များပေါင်းသွားပြီး ထိုမြောက်ပိုင်းနယ်စပ်ရှိတောင်များပေါ်တွင် စခန်းချမည်ကို တားဆီးရန် ပိုင်းဖြတ်ထားပြီးဖြစ်သည်။ (အာရကန်ရှိလက်နက်ကိုင်လှုပ်ရှားမှုများသမိုင်းကိုကြည့်ပါ။)

အစိုးရက လက်နက်ကိုင် အင်အားစုများကို နှိမ်နှင်းရာတွင် ပထမဆုံးစစ်ဆင်ရေး၌ ပစ်မှတ်ထားခဲ့ရသူတို့မှာ ဒေသခံရခိုင်လူမျိုးများဖြစ်ကြသည်။ ရွာပေါင်းဒါဇင်ချီ၍ ရွှေ့ပြောင်းခံရသည်။[၁၁] ထို့နောက် တပ်မတော်၏ နောက်တစ်ကြိမ် ထိုးစစ်တွင် အဆိုးရွားဆုံးခံလိုက်ရကြသူများမှာ မွတ်ဆလင်များ ဖြစ်ကြသည်။ "ပြည်သာယာစစ်ဆင်ရေး"တွင် အစိုးရတပ်များသည် ပို၍ဝေးသော မြောက်ပိုင်းသို့ဆန်တက်လာကြပြီး RSO အဖွဲ့ကို တိုက်ခိုက်သည်။[၁၂] ၁၄နှစ်အတွင်း ဒုတိယအကြိမ်အဖြစ် ဒုက္ခသည်များအကျပ်အတည်းကြုံကြရပြန်သည်။ တပ်မတော်၏ ထိုးစစ်များကို ရှောင်ရှားရန် နယ်ခြားကိုဖြတ်၍ ဘင်္ဂလားဒေ့ရှ်ထဲသို့ မွတ်ဆလင် ဒုက္ခသည်ပေါင်း ၂၆၀၀၀၀ခန့် ပြေးဝင်ခဲ့ကြသည်။ ယခုအခါတွင် ၁၉၉၀ အထွေထွေ ရွေးကောက်ပွဲအပြီး ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ အပြောင်းအလဲအတွက် မျှော်လင့်ချက်များမှာ နိဂုံးတံခဲ့ရပြီးဖြစ်သည်။ အာရကန်သမိုင်းတွင် ငါးကြိမ်မြောက်အဖြစ် အစိုးရအပြောင်းအလဲကာလအတွင်း နတ်မြစ်နယ်ခြား တစ်လျှောက်တွင် ပဋိပက္ခများ အကြီးအကျယ် ဖြစ်ပျက်လာခဲ့ပြန်သည်။ ၁၉၉၁-၉၂ တွင်ဖြစ်ခဲ့သော ဒုက္ခအပေါင်းနှင့် နေရာရွှေ့ ပြောင်းကြရခြင်းမျိုးမှာ ၁၇၈၄ ၊ ၁၈၂၄ ၊ ၁၉၄၂ နှင့် ၁၉၇၈ တွင်လည်းကြုံတွေ့ ခဲ့ပြီးပြီ ဖြစ်သည်။

ထိုးစစ်များ ဆက်လက်ဖြစ်ပေါ်နေချိန်တွင် အစိုးရ

တပ်သည် အတိုက်အခံတပ်များအား နှိမ်နှင်းခြင်း တတိယ အဆင့်သို့ ရောက်ရှိလာခဲ့သည်။ ၁၉၉၁ခုနှစ်နှောင်းပိုင်းတွင် KNU တပ်စိတ်တစ်ခု ဧရာဝတီတိုင်း ဘိုကလေး နယ်ထဲသို့ ဝင်လာသောအခါ တပ်မတော်၏ အနောက်တောင်တိုင်း စစ်ဌာနချုပ်သည် အင်အား မကြုံစဖူး အသုံးပြုခဲ့သည်။ တပ်မတော်တပ်ခွဲများနှင့် ရဟတ်ယာဉ်များသည် ဘင်္ဂလား ပင်လယ်အော်နှင့် ကပ်လျက်ရှိသော ငပုတောရှိ ကျေးရွာ ကလေးများပေါ်သို့ပင် ဖြန့်ကျက်ထားသည်။ ထိုအတောအတွင်း အစိုးရက အကြမ်းဖက်သမား လက်နက်ကိုင် သောင်း ကျန်းသူ ၃၁၇ ဦးကို သုတ်သင်ပစ်ခဲ့သည်ဟု ကြေညာခဲ့သည်။[၁၄] မျက်မြင်သက်သေများကမူ သေဆုံးခဲ့ကြသူ အားလုံးနီးပါးမှာ အရပ်သားများဖြစ်သည် ဟုဆိုကြသည်။[၁၅] အစိုးရကပေးချင်သော သတင်းစကားမှာ ရှင်းပါသည်။ တပ်မတော် သည် မြန်မာနိုင်ငံအနောက်ဘက်ကမ်းရိုးတန်းနှင့် ချိတ်ဆက်ရန်ကြိုးစားသော မည်သည့် အတိုက်အခံ အုပ်စုကိုမဆို မတန်တဆ အင်အားသုံး၍ နှိမ်နှင်းသွားမည် မှာ ထင်ရှားသည်။

အစိုးရ၏ နှိမ်နှင်းမှုများ ပြီးဆုံးသွားသောအခါ တွင်လည်း ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အဆက်ပြတ်နေသည်မှာ နဝတ-နအဖ အုပ်ချုပ်ရေးကာလ တစ်လျှောက်လုံးပင်ဖြစ်သည်။ သို့သော် ယခုတစ်ကြိမ်တွင် ကျေးရွာများရွှေ့ပြောင်းစေသည့် ပုံမှန်လုပ်နေကျ နှိပ်ကွပ်မှုများအပြင် လူမှုဘဝ ဖွဲ့စည်းပုံကို ပြောင်းလဲပစ်မည့် ဒီဇိုင်းနှင့် မူဝါဒသစ်ကို မိတ်ဆက်လာပါသည်။ Amnesty International နှင့် အခြားသော လူ့အခွင့်အရေးအဖွဲ့များ၏ အဆိုအရ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ မွတ်ဆလင်များကို ၎င်းတို့၏နေရပ်မှ မောင်းထုတ်ရန် အစိုးရက ရည်ရွယ်သည် ဟုဆိုသည်။[၁၆] ထိုမူဝါဒကို အကောင်အထည်ဖော်ရန် ဌာနတစ်ခုကို သီးသန့်ဖွဲ့စည်းသည်။ ထို "နယ်စပ်လူဝင်မှု ကြီးကြပ်ရေးဌာနချုပ်များ" ခေါ် နစက အောက်တွင် ဌာနပေါင်းစုံပါဝင်သော ရဲ၊ ထောက်လှမ်းရေး ၊ အကောက်ခွန်ဦးစီးဌာနနှင့် တပ်မတော်မှ အရာရှိများပါဝင်ကြသည်။[၁၆] တစ်ချိန်တည်းတွင် နတလ ကျေးရွာများဟုခေါ်ကြသော စံပြကျေးရွာများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာနက တည် ဆောက်ခဲ့သည်။[၁၇] ထိုရွာများတွင် ရခိုင်ရွာသားများနှင့် မြောက်ပိုင်းရှိ မြို့နယ်များမှ ဗမာလူမျိုးများကို နေရာ ချထားပြီး နယ်စပ်တလျှောက်တွင် ကြားခံဇုံနယ်များ ရှိနေအောင် ဖန်တီးခဲ့ကြသည်။ ထိုလုပ်ငန်းများမှာ အချိန် ယူရန်လိုပါသည်။ သို့သော် အဆိုပါမူဝါဒများ ချမှတ် ခြင်း၏ အကျိုးမှာ လူမျိုးစုများကို စိတ်မွာခွဲခြားပစ်သည့် စနစ်တစ်ခုကို နေရာချထားလိုက်ကြခြင်းသာ ဖြစ်လာသည်။ နောက်ဆယ်စုနှစ်များထဲတွင်မူ ဤသို့လူမျိုးစု အသီးသီး သီးသန့်စီကွဲနေအောင် ထားလိုက်ခြင်းက Apartheid ရခိုင်ပြည်နယ်မြောက်ပိုင်း လူဦးရေထူထပ်သော မွတ်ဆလင် ရပ်ရွာများကို လုံးဝဖျောက်ဖျက်ပစ်ခြင်းဆီသို့ ဦးတည်သော မူဝါဒများ ဖြစ်လာကြသည်။

ထိုအချိန်က အစိုးရ၏ ဖိနှိပ်မှုများနှင့် ပတ်သက်၍ စိုးရိမ်မကင်းကြောင်း ထုတ်ပြောရန်ကြိုးစားခဲ့ကြသော ရခိုင်အဖွဲ့အစည်းများရှိပါသည်။ ဒီမိုကရေစီကိုလိုလားသောအုပ်စုများကမူ အစိုးရတပ်များသည် လူမျိုးရေးတင်းမာမှုများ ဖြစ်အောင်ဖန်တီးရန် ကြိုးစားနေကြသည်ဟု ယုံကြည်သည်။ အများပြည်သူသို့ ထုတ်ပြန်သော စာတစ်စောင်၌ ABSDF (အာရကန်) ကငြိမ်းချမ်းရေးကို တောင်းဆိုခဲ့ပြီး "တရားဥပဒေနှင့် မညီညွတ်ဘဲ အာဏာရယူထားသော စစ်အစိုးရကိုဖြုတ်ချရန်မှာ အခြေခံလိုအပ်ချက်ဖြစ်ပြီး အာရကန်တို့နှင့် ဘင်္ဂလီများ (ခ) ရိုဟင်ဂျာမွတ်ဆလင်များကြားတွင် မဖြစ်မနေ ပူးပေါင်းဆောင်ရွက်ကြရမည်"ဖြစ်ကြောင်းပြောကြားခဲ့သည်။[၁၈] ဤသို့မွတ်ဆလင်တို့အား စာနာထောက်ထားကြောင်း ပြသတိုင်းတွင်လည်း RSO နှင့် အခြားရိုဟင်ဂျာအဖွဲ့များ လိုလားသော ပန်းတိုင်နှင့်ပတ်သက်၍ စိုးရိမ်ကြသည်။ "လူ့အခွင့်အရေး ဆိုင်ရာ အကျပ် အတည်းများကို ဒီမိုကရက်တစ်နည်းကျကျ ငြိမ်းချမ်းစွာ ဖြေရှင်းရေးမှာ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်နေကြခြင်းသာဖြစ်ပြီး အစွန်လာမှစ် ဂျီဟတ်တိုက်ပွဲ အနေနှင့် ရပ်တည်၍ မရကြောင်း" ABSDF က သတိပေးခဲ့သည်။[၁၉] သို့သော် ထိုစိတ်ခံစားချက်များ ယနေ့အချိန်ထိ ကျယ်ပြန့်စွာ တည်ရှိနေသေးသည်။

ရခိုင်အမျိုးသားရေးဝါဒတို့တွင် အခြားစိုးရိမ်ရသည့် ကိစ္စတစ်ခုရှိနေသေးသည်။ ဒုက္ခသည်များ နယ်စပ်ကို ဖြတ်ကျော်၍ ထွက်ပြေးကြရလျှင် ဗုဒ္ဓဘာသာနှင့် မွတ်ဆလင် များကြား လူမျိုးရေး ပဋိပက္ခများ ဖြစ်ပွားခြင်းသည် စစ်တကောင်းဘက်သို့ သတင်းပျံ့သွားပြီး ဘင်္ဂလားဒေ့ရှ် မီဒီယာများထဲတွင် ချဲ့ကားထားသော သတင်းများပေါ် ထွက်လာကြမည်ကို ရခိုင်အမျိုးသားရေးဝါဒီများက စိုးရိမ် ပါသည်။ တပ်မတော်၏ ထိုးစစ်များကလည်း အင်အားသုံး သောကြောင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်စခန်း တစ်ခုတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့သောကြောင့် တစ်ခါတွင် နှစ်နှိုင်ငံ စစ်ဖြစ်ပွားကောင်းဖြစ်သွားနိုင်သည့် အခြေအနေ သို့ရောက်ရှိခဲ့သည်။ မရမာကြီး Marma ၊ ရခိုင်နှင့် အခြား ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းများကလည်း ဘင်္ဂလားဒေ့ရှ် ဘက်ရှိ ၎င်းတို့ဌာနေတွင် ဘာသာရေး အဓိကရုဏ်းများ ဖြစ်လာပြီး တစ်ဖက်က လက်တုံ့ပြန်မှုများ ဖြစ်လာမည်ကို စိုးရွံ့သည်။ နယ်မြေအေးချမ်းပြီး တင်းမာမှုများ လျော့ပါး စေရန် အာရကန်၏တော်လှန်ရေးအဖွဲ့ ကိုးဖွဲ့ပါဝင်သော ကော်မတီတစ်ရပ်က ဘင်္ဂလားဒေ့ရှ်နှင့် ပြည်သူများထံ

သို့ကြေညာချက်တစ်စောင် ပေးပို့ခဲ့သည်။ ထိုစာတွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနှစ်နိုင်ငံရှိ ပြည်သူများကြား တစ်ဦးအကျိုးကိုတစ်ဦး လိုလားသူများဖြစ်ကြပြီး ယဉ်ကျေးမှုသမိုင်းကြောင်း အရလည်းကောင်း၊ ပထဝီနိုင်ငံရေးအရလည်းကောင်း စိတ်ဝမ်းမကွဲပါကြောင်း အသိပေးခဲ့သည်။[JO] ပြန်လည်အောက်မေ့ရလျှင် ထိုလုပ်ရပ်များမှာ ထိရောက်ခဲ့သည်ဟု ဆိုနိုင်သည်။ သို့သော် အစဉ်အမြဲလိုလို ဖြစ်လာသော နယ်စပ်ဒေသ၏ မတည်ငြိမ်မှုများအပေါ် ဘင်္ဂလားဒေ့ရှ် အစိုးရ၏ စိတ်ရှည်မှုကမူ တဖြည်းဖြည်း ပါးလျလာပြီ ဖြစ်သည်။ (အစိုးရ အကူးအပြောင်းနှင့် အတိုက်အခံတို့ အနေအထားပြန်ညှိရခြင်းကို အောက်တွင်ရှုပါ။)

ဤကဲ့သို့သော အခြေအနေမျိုးမှသည် ရန်ကုန်နှင့် ဒါကာကြား အစိုးရအချင်းချင်း ဆက်ဆံရေးမှာ တဖြည်းဖြည်း ပြန်လည်တိုးတက်လာသည်။ နဝတ ၏ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်၏ နေရာကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အစားဝင်ခဲ့သည်။ ၁၉၉၂ ခုနှစ်နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ဒုက္ခသည်များ၏ ပြန်လည်လွှဲပြောင်းပေးရေး နှစ်နိုင်ငံစာချုပ်ကို ချုပ်ဆို၍ တရားဝင်စတင် ပြန်လည်နေရာချထားခဲ့ခြင်းက အစဖြစ်သည်။ ထိုစဉ်က လူသိပမသိခဲ့သော ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်လာမည့် နှစ်များတွင် နဝတ-နအဖ အစိုးရ၏အသွင်ကူးပြောင်းရေး၏ ဗိသုကာအဖြစ် ပေါ်လွင်လာတော့မည်ဖြစ်သည်။ ၁၉၉၆ဖိတွင် UNHCR အစီအစဉ်ဖြင့် ရခိုင်ပြည်နယ်သို့ ဒုက္ခသည်ပေါင်း ၁၉၀၀၀ တရားဝင် ပြန်လည်ဝင်ရောက်လာခဲ့သည်။

အပေါ်ယံကိုကြည့်လျှင် အခြေအနေများမှာ လမ်းကြောင်းမှန်ပေါ်ရောက်နေသလိုရှိသည်။ သို့သော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက်၏ အခြားမူဝါဒများစွာနှင့် အလားတူစွာပင် ရိုဟင်ဂျာတို့ ဒုက္ခသည်တို့အရေးကို ဖြေရှင်းရာတွင်လည်း အစပိုင်းတွင် ထင်ထားသလို ဖြစ်မလာခဲ့ပါ။ ပြန်ဝင်လာသော ဒုက္ခသည်များအား ၎င်းတို့၏ နေအိမ်များသို့ ပြန်သွားရန် ခွင့်မပြုသည့်ကိစ္စများ အများအပြားပင်ရှိသည်။ သူတို့ ပြန်လာရသည့် အခြေအနေမှာ တင်းကျပ်သော လုံခြုံရေးစည်းမျဉ်းစည်းကမ်းများကို လိုက်နာရပြီး အစိုးရ၏ နယ်စပ်လုံခြုံရေးအစီအမံများ၏ စောင့်ကြည့်မှုအောက်တွင် နေထိုင်ရသည်။

နိုင်ငံသား မှတ်ပုံတင်ကတ်များ ထုတ်ပေးခြင်းကို တင်းကျပ်ထားသောကြောင့် မွတ်ဆလင်များစွာ၏ အခွင့်အရေးများလည်း ယုတ်လျော့လာခဲ့သည်။ ၁၉၈၉တွင် အစိုးရသည် တစ်နိုင်ငံလုံးမှ ပြည်သူများ၏ မှတ်ပုံတင်နေရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အစားထိုးလိုက်သည်။ သို့သော် ထိုနိုင်ငံသားစိစစ်ရေးကတ်များအား ၁၉၉၀ကျော်နှစ်များတွင် စတင်ထုတ်ပေးချိန်၌ ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်များကို ထုတ်ပေးရန် ပယ်ချခဲ့သည်။ အစိုးရအရာရှိများက ၎င်းတို့ကိုယ်ယီ အဖြူရောင်ကတ်များကို ထုတ်ပေးပြီး အသက်မွေးဝမ်းကျောင်းပြုခွင့်နှင့် လုံခြုံရေးကို ဤကတ်ဖြင့် အာမခံပေးခဲ့သည်။ ဤအခြေအနေကို တွေ့မြင်နေရသောအခါ ဒုက္ခသည်ပေါင်း ၅၀၀၀၀ သည် ရခိုင်ပြည်နယ်သို့ ပြန်မလာကြတော့ပါ။ မွတ်ဆလင်များအစုလိုက်အပြုံလိုက် စွန့်ခွာထွက်ပြေးရခြင်းများသည်လည်း ရပ်တန့်မသွားခဲ့ပါ။ ၂၀၀၀ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ခုတည်းတွင်ပင် ရိုဟင်ဂျာဟု ၎င်းကိုယ်၎င်းတို့ခေါ်တွင်သော တရားမဝင် နေထိုင်သူပေါင်း ၁၀၀,၀၀၀ခန့် ရှိသည်ဟု ခန့်မှန်းကြသည်။[JP] ရိုဟင်ဂျာများထဲတွင် အခြားမွတ်ဆလင်နိုင်ငံများအထိ ရောက်အေင်သွား ခဲ့ကြသူများလည်းရှိသည်။ အနောက်နိုင်ငံများတွင် ပထမဆုံးအကြိမ်အဖြစ် အနောက်ကမ္ဘာရောက် ရိုဟင်ဂျာ အခြေချသူ အရေအတွက် တိုးပွားလာခဲ့သည်။

အစိုးရများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးအဖွဲ့များကမူ နဝတ ၏ လုပ်ရပ်များကို ရှုံ့ကြောက်ကြသည်။ ရိုဟင်ဂျာ အကျပ်အတည်းမှာ ထိုအချိန်က မြန်မာပြည်တွင် ဖြစ်နေသော လူ့အခွင့်အရေးပြဿနာများအနက် တစ်ခုသာဖြစ်သည်။ ဒီမိုကရေစီလှုပ်ရှားမှုများအား ချေမှုန်းခဲ့သလို ကရင်၊ ကရင်နီ၊မွန်အစရှိသည့် ဒုက္ခသည်အရေအတွက်မှာလည်း ထိုင်းနယ်စပ်တစ်လျှောက်တွင် တိုးလာခဲ့သည်။ ဤအခြေအနေတွင် ရိုဟင်ဂျာများ နေရပ်စွန့်ခွာ ထွက်ပြေးရခြင်းနှင့် ပတ်သက်၍ အစိုးရကပေးသော ဖြေရှင်းချက်များမှာ လုံးလုံးလက်ခံနိုင်စရာ အချက်များမဟုတ်ကြပေ။ ဤကိစ္စနှင့် ပတ်သက်၍ ဖြေရှင်းရသည့် အခါတိုင်းတွင် မူဂျာဟစ် အစွန်းရောက်များက ခြိမ်းခြောက်လာသည့်ရန်ကို နှိမ်နင်းခြင်းဖြစ်သည်ဟု နဝတ အရာရှိများက ဆိုလေ့ရှိသည်။ နဂါးမင်းစစ်ဆင်ရေးနှင့် ၁၉၇၈ထိုးစစ်ကာလများကလည်း ထိုမူဂျာဟစ်များဖြစ်သောကြောင့် တိုက်ထုတ်ရသည်ဟူသော ဖြေရှင်းချက်ကိုသာပေးခဲ့သည်။ (အခန်း ၄ ကိုရှုပါ။) "ရိုဟင်ဂျာပြဿနာမှာ တရားမဝင် အထောက်အထားမရှိ၊ ဝင်ရောက်လာသူများ၏ ပြဿနာထက် ပိုကြောင်း" အစိုးရက ထုတ်သော လုပ်သားနေ့စဉ်သတင်းစာက ဖော်ပြခဲ့သည်။[JJ] အရေးပေါ်အခြေအနေများ ပိုမိုဆိုးရွားလာခြင်းကြောင့် ၁၉၉၂တွင် ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်ရာထူးကို မြန်မာနိုင်ငံအတွက် ခန့်ထားပြီး စေလွှတ်ရသည်။ ထိုကိုယ်စားလှယ်မှာ နိုင်ငံ၏ လူမှုရေးနှင့် နိုင်ငံရေးတိုးတက်မှုများကို ကုလသမဂ္ဂသို့ ပုံမှန်အစီရင်ခံ တင်ပြရန် ဖြစ်သည်။ နောက်ထပ် နှစ်အစိတ်သာ ကြာလာခဲ့သည်။ အဆိုပါ အစီရင်ခံစာပို့ရသည့် အလုပ်များ ဆက်လက်တည်ရှိနေတုန်းပင်။[JQ]

နောင်နှစ်များ၌လည်း စစ်အစိုးရ၏ အပြုအမူမှာ တိုးတက်ပြောင်းလဲလာခြင်း မရှိပေ။ ဥရောပသမဂ္ဂ၊ အမေရိကန်နှင့် အခြားအနောက်နိုင်ငံများက စီးပွားရေး ပိတ်ဆို့မှုများ တိုးမြှင့်ပြုလုပ်ကြပြီး နာဂတ-နာအဖ အစိုးရမှာ တစ်ကမ္ဘာလုံးတွင် ပြစ်တင်ရှုံ့ချခြင်း အခံရဆုံး အစိုးရထဲမှ တစ်ခုဖြစ်လာသည်။ လူ့အခွင့်အရေးချိုးဖောက်မှု စာရင်းကြီးမှာ ရှည်သထက်ရှည်လျားလာသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အခြားဒီမိုကရေစီ ခေါင်းဆောင်များ တောက်လျှောက် ထိပါးနှောင့်ယှက်ခံရခြင်း၊ ဖမ်းဆီးခံရခြင်းများ ရှိခဲ့ကြသည်။ ထို့ပြင် ရိုဟင်ဂျာ မွတ်ဆလင်များအပေါ် လူမျိုးကို လက်စတုံးလုပ်ပစ်ရန် ကြံစည်သည်ဟူ၍ ပထမဆုံးအကြိမ် စွပ်စွဲခံရသည်။[၂၄] နယ်စပ်ဒေသများစွာတွင် တိုက်ပွဲများဖြစ်ပွားနေဆဲပင်။ ၂၀ရာစုကုန်ဆုံးချိန်တွင် နိုင်ငံရေး အကျဉ်းသား ရာပေါင်းများစွာ ထောင်ထဲတွင်ရှိနေကြဆဲပင်။[၂၅] တပ်မတော်၏ မဟာဗျူဟာ ရေးရာခေါင်းဆောင်များ၏ အမြင်၌မူ ထိုရက်စက်ကြမ်းကြုပ်လှသော လုံခြုံရေးနည်း ဗျူဟာများမှာ အကျိုးရှိနေသည်ဟု မြင်ကြသည်။ စစ်အစိုးရသည် ၁၉၄၀ကျော် ကာလများနှင့် ၁၉၆၀ကျော်ကာလများက မတည်ငြိမ်မှုများကဲ့သို့ ပြင်းထန်သောဖြစ်ရပ်များနှင့် ကြုံခဲ့ရသော်လည်း စစ်အစိုးရသည် ထိုအရာတို့ကို ကျော်ဖြတ်ခဲ့ပြီ။

အာရကန်အရေးမှာ ထိုဖြစ်ရပ်များကြား တွင် ရှေ့တန်းသို့ရောက်လာပြန်သည်။ ရွေးကောက်ပွဲဝင်သည့် နည်းလမ်းသည်လည်းကောင်း၊ လက်နက်ကိုင် အမျိုးသားရေးအုပ်စုများ ထူထောင်ခဲ့ခြင်းသည်လည်းကောင်း နိုင်ငံရေးကို ပြောင်းလဲအောင်မလုပ်နိုင်ခဲ့ကြပေ။ အစိုးရထဲမှ စစ်ဗိုလ်ချုပ်များကသာလျှင် အာဏာကို ထိန်းချုပ်ထားကြသည်။ အတိုက်အခံလှုပ်ရှားမှုများကို ထိန်းချုပ်လိုက်နိုင်ချိန်တွင် တပ်မတော်သည် ယခင် အစီအစဉ်များနှင့် မတူသော အချိန်ဇယားနှင့် ပြုပြင်ပြောင်းလဲရေးလမ်းစဉ်များအား ပြင်ဆင်ရေးဆွဲနေလေပြီ။

အစိုးရစပ်ကူးမပ်ကူးကာလနှင့် အတိုက်အခံတို့ အနေအထားပြန်ညှိရခြင်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဏာရလာပြီးနောက် စစ်အစိုးရသည် "စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ" ဟု ခေါင်းဆောင်များကခေါ်သော စနစ်သစ်ဆီသို့ ရောက်အောင်သွားမည်ဟုဆိုကာ ကာလကြာမြင့်စွာ အချိန်ယူခဲ့သည်။ တပ်မတော်၏ အကူးအပြောင်းကာလ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များတွင် အဓိကကျသော အဖြစ်အပျက်ကြီးလေးရပ်ပါဝင်ခဲ့သည်။ ထိုလေးရပ်စလုံးကပင် ရခိုင်ပြည်နယ်ပေါ်တွင် အကျိုးသက်ရောက်မှုများ ရှိခဲ့သည်။ ပထမတစ်ခုမှာ မ.ဆ.လ ပါတီ ပြိုကျပြီးသည့်နောက်ပိုင်း ၁၉၉၃ခုနှစ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး (USDA) ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တပ်မတော်ကို ထောက်ခံရန် ဖွဲ့စည်းခဲ့သည်။ ဒုတိယမှာ ထိုနှစ်တွင်ပင် အမျိုးသား ညီလာခံကို လက်သင့်ရာ ရွေးချယ်ထားသော ကိုယ်စားလှယ်များတက်ရောက်စေလျှက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲစေခဲ့သည်။ တတိယမှာ အစိုးရ၏ ပြည်ထောင်စုငြိမ်းချမ်းရေး ဖြစ်စဉ်အရနောက်ထပ် လူမျိုးစု တပ်ဖွဲ့များအား အပစ်အခတ် ရပ်စဲရေး သဘောတူရန် ကမ်းလှမ်းခဲ့သည်။ စတုတ္ထမှာ ဒေသအတွင်း ပထဝီနိုင်ငံရေး ပြန်ညှိကြသည့် အနေအထားများ စတင်ခဲ့သည်။

ဤဖြစ်ရပ်များကြောင့် နိုင်ငံတကာရေးရာဘက်တွင်လည်း အပြောင်းအလဲများဖြစ်ပွားခဲ့ရာ အစိုးရသည် ကိုလိုနီခေတ်အလွန် မ.ဆ.လ ခေတ် အဆုံးသတ် ရှေ့ခရီးတွင် မြန်မာပြည်၏ နိုင်ငံခြားဆက်ဆံမှုဗဟိုကို ခေတ်ဟောင်းကကဲ့သို့ အိန္ဒိယသို့မှီရသောအဖြစ်မှသည် အရှေ့တောင်အာရှနှင့် အရှေ့အာရှဘက်သို့ပို၍ တိမ်းညွတ်လာခဲ့တော့သည်။ ဘေဂျင်းသည် ယခုအခါ ဗ.က.ပ တို့အား အထောက်အပံ့ဖြတ်တောက် လိုက်ပြီဖြစ်ရာ မြန်မာနိုင်ငံ၏ အရေးအကြီးဆုံးကုန်သွယ်ဘက် နိုင်ငံတစ်ခု လျင်လျင် မြန်မြန် ဖြစ်လာခဲ့သည်။ ၁၉၉၇တွင် မြန်မာက အရှေ့တောင်အာရှနိုင်ငံများအသင်းတွင် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံထဲတွင်မူ ပြုပြင်ပြောင်းလဲမှုများ နှေးကွေးနေမြဲပင်။ ၁၉၉၇ခုနှစ်တွင် နာဂတသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဟု အမည်ပြောင်းလိုက်သော်လည်း အုပ်ချုပ်သည့် စတိုင်မှာ တစ်ပုံစံတည်းပင်ဖြစ်သည်။ ယနေ့ထက်ထိ သိသာမြင်သာ ရှုပ်ထွေးလှသော ဝက်ပါလို ပြုပြင်ပြောင်းလဲရေး လမ်းစဉ်ကို အုတ်မြစ်ချနိုင်ခဲ့သည်။ ထိုအဖြစ်များမှာ နိုင်ငံအတွင်းရှိ အတိုက်အခံအဖွဲ့များအဖို့မှာမူ ရှေ့အတွက် မည်ကဲ့သို့ မူဝါဒလမ်းကြောင်းကို ရွေးချယ်ရမည်မှန်း မသိအောင်ပင် စဉ်းစားဆုံးဖြတ်ရကျပ်ခဲ့သည်။ ယခင်အစိုးရများ လက်ထက်က အမျိုးသားနိုင်ငံရေးမှာ ဂိုဏ်းဂဏကွဲမှုများကြောင့် လူမျိုးရေးနှင့် နိုင်ငံရေးလှုပ်ရှားမှုများ အချင်းချင်းကြားတွင် ဘုံသဘောတူညီချက်ကို ရှာတွေ့ရန် ခက်ခဲခဲ့သည်။ ယခုတစ်ကြိမ်တွင်ကား အကြီးအကျယ် ဘက်ကွဲနေကြသည်မှာ အစိုးရနှင့် ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော NLD ပါတီဖြစ်သည်။ နိုင်ငံရေး အတိုက်အခံများအဖို့ အတူလက်တွဲဖက်ကို ရွေးရာတွင် ရွေးကောက်ပွဲဝင်သူဖြစ်စေ လက်နက်ကိုင်သူ ဖြစ်စေ တစ်ခုကို ရွေးချယ်ရတော့မည်။ လက်ထဲတွင် အာဏာရှိနေသော နာဂတ-နာအဖ နှင့်စေ့စပ်၍အလုပ်ဖြစ်အောင်ကြိုးစားမည်လော၊ အားနည်းပြီးဘေး ဖယ်ခံထားရသည့် NLD ကို ထောက်ခံမည်လောဟူ၍ ဖြစ်သည်။



ရခိုင်ပြည်နယ်မြို့သားများသည်ဦးထုပ်ဆောင်းထားကြပြီး တပ်မတော်ဘက်သို့ ထွက်ခွာသွားကြသည်။ (MS)

ယင်းကိစ္စအပေါ်အခြေခံကာ အမျိုးသား နိုင်ငံရေးတွင် ဂိုဏ်းဂဏကွဲပြားမှု အကြီးစားတစ်ခုပေါ်ပေါက်လာခဲ့သည်။ တစ်ဖက်တွင် NLD ဒီမိုကရေစီထောက်ခံသူပါတီများနှင့် NDF နှင့် NCUB ကဲ့သို့ မဟာမိတ်အဖွဲ့များမှ လူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်းများကြားတွင် ဖက်ဒရယ်ဒီမိုကရေစီကို တည်ဆောက်ရန်ဟူသည့် ရည်ရွယ်ချက်ရှိသည်။ အခြားတစ်ဖက်တွင်မူ USDA နှင့် အပစ်အခတ် ရပ်စဲထားသော လူမျိုးစုလက်နက်ကိုင် အဖွဲ့များက တပ်မတော်နှင့် ပူးပေါင်း၍ အမျိုးသာညီလာခံတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲလျက်ရှိသည်။ အတိုက်အခိုက်များ၊ ရင်ဆိုင်နေရသော စိန်ခေါ်မှုများထဲတွင် ပို၍သွေးကွဲစေသော ရင်ကြားစေ့ရန် ခဲယဉ်းလှသော အခြေအနေကို လူမျိုးစုလက်နက်ကိုင်အဖွဲ့ အချို့က အစိုးရနှင့်အပစ်အခတ် ရပ်စဲရေးများ စတင်သဘောတူလာကြချိန် ၁၉၉၀ကျော်နှစ်များ ထက်ဝက်ကျိုးလာသော အခါတွင် ပေါ်ပေါ်ထင်ထင်တွေ့မြင်လာရသည်။ ကချင်လွတ်လပ်ရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ NMSPတို့ အပစ်အခတ်ရပ်စဲလိုကြခြင်းမှာ NDFနှင့် NCUB မဟာမိတ်များကြား စည်းလုံးမှုရှိနိုင်သည့် အနေအထားကို အကြီးအကျယ် ထိခိုက်စေခဲ့သည်။ သို့ဖြစ်ရာ ကိုယ်စားပြုမှုနှင့် ပြုပြင်ပြောင်းလဲမှုတို့အတွက်တပ်မတော်နှင့် ပူးပေါင်းရမည်လော၊ NLD နှင့်ပူးပေါင်းရမည်လောဟူသော မေးခွန်းအတွက် မည်သည့်အခါကမျှ အဖြေ အပြည့်အဝမရှိခဲ့ပါ။ နှစ်ပေါင်းအစိတ်မျှ ကြာခဲ့သော်လည်း တပ်မတော်နှင့် NLD တို့၏ အာဏာကစားပွဲမှာ အစိုးရ၏ ထိပ်သီးအရေးတကြီးကိစ္စအဖြစ် ဆက်လက်တည်ရှိနေသလို လူမျိုးစုဒြိမ်းချမ်းရေး ဖြစ်စဉ်မှာလည်း ခရီးဆက်နေရတုန်းပင်။

ထိုနိုင်ငံရေး ဖိအားများ၏ ရခိုင်ပြည်နယ်ပေါ် ရိုက်ခတ်မှုများမှာ အတော်ပင် ပြင်းထန်ပါသည်။ န.ဝ.တ-န.အ.ဖ အစိုးရကို အများအားဖြင့် မလိုလားကြသော်လည်း ဒေသခံအစုအဖွဲ့များကြားတွင် နောက်ထပ် မနှစ်မြို့စရာ အပြောင်းလဲနှစ်ခု ရှိနေပေသည်။ ပထမမှာ ရခိုင်နှင့် ရိုဟင်ဂျာ အုပ်စုများကြားတွင် ဆက်ဆံရေး တင်းမာနေကြသည်။ ဒုတိယမှာ လူမျိုးစု နိုင်ငံရေးအဖွဲ့အစည်းများသည် NLD၊ အခြား ဗမာပါတီများနှင့် ခပ်လှမ်းလှမ်းတွင်သာ နေလိုကြသည်။ ဤအချက်ကို ၁၉၉၀ ရွေးကောက်ပွဲကာလလွင် ALD၊ NDPHR နှင့် အခြား ဗမာမဟုတ်သော နိုင်ငံရေးပါတီများက ရခိုင်တွင် အမတ်နေရာ အများစုရခဲ့ခြင်းကို ကြည့်လျှင် သိနိုင်သည်။ သို့သော် န.ဝ.တ၏ ဖိနှိပ်မှုများရှိလာချိန်တွင်မူ ထိုပါတီများအချင်းချင်း စုစည်းနိုင်သည့် အင်အား ကန့်သတ်ခံရတော့သည်။

ထိုသို့၁၉၉၀ကျော်ကာလများ၌ မလှုပ်ရှားနိုင်သည့် အခြေအနေတွင် အစိုးရကို ဆန့်ကျင်ရေး လုပ်ငန်းများကို ဆက်လုပ်နေနိုင်ကြသူများမှာ လက်နက်ကိုင် အတိုက်အခံအုပ်စုများဖြစ်ကြသည်။ သို့သော် ထိထိရောက်ရောက် အင်အားပြနိုင်သော တစ်စုံတစ်ရာ လှုပ်ရှားမှု ထွက်ပေါ်လာနိုင်သည့် အခြေအနေကား မရှိပါ။ တစ်ခါတရံတွင် လုံခြုံရေးဘက်က ဖိအားများကြောင့် အားနည်းသွားရသည်။ သို့သော် အချို့အချိန်များတွင်မူ ထိုအတိုက်အခံ အုပ်စုများကြားဂိုဏ်းဂဏကွဲနေခြင်းကြောင့်အားမရှိခြင်းဖြစ်သည်။

သို့ရာတွင် ဖြစ်လာတော့မည့် အခြေအနေကို ကြိုတင်သတိပြုနိုင်စရာ အခြေအနေများ ရှိနေပြန်သည်။ NUFA မဟာမိတ်များ ၁၉၈၈ စက်တင်ဘာလတွင် တိုးချဲ့ခဲ့ပြီး နောက်လေးလအကြာတွင် ALP အဖွဲ့ထဲမှ ဥက္ကဋ္ဌ ခိုင်ရဲခိုင် လက်အောက်မှ အုပ်စုတစ်ခုသည် AIOနှင့် ညွှန့်ပေါင်းထဲမှ ခွဲထွက်သွားပြီး အိန္ဒိယနှင့်နီးသော မြောက်ဘက်သုံးနိုင်ငံနယ်ခြားဆုံချက်သို့ ရွှေ့သွားခဲ့သည်။[J6] မိမိတို့လှုပ်ရှားမှု၏ အမှတ်သင်္ကေတကို ထိန်းထားလိုသည်ကို အကြောင်းပြု၍ ထိုခွဲထွက်သွားသော ခေါင်းဆောင်များ အရေးစိုက်သည်က ထိုင်းနိုင်ငံနှင့် နယ်စပ်မှ အင်အားများဖြစ်သည်။ ဤအရပ်တွင် မိမိတို့အဖွဲ့မှာ NDF ၊DAB နှင့် NCUB မဟာမိတ်များ၏ အဖွဲ့ဝင်အဖြစ်ပါဝင်နေသည်။ အဖွဲ့အရွယ်အစားအားဖြင့် သေးငယ်သော်ငြားလည်း ALP ခွဲထွက်သွားခြင်းက ရခိုင်ပြည်နယ် နိုင်ငံရေးလောက၏ စည်းလုံးညီညွတ်မှုကို များစွာအားလျော့စေသည်။ နောက်ဆယ်စုနှစ်သုံးခုအကြာတွင် ALP သည် အစိုးရက တရားဝင်အသိအမှတ်ပြုသော ရခိုင်ပြည်နယ်မှ တစ်ခုတည်းသော လူမျိုးစု လက်နက်ကိုင်အဖွဲ့ ဖြစ်သည်။ (လူမျိုးစု လက်နက်ကိုင် အဖွဲ့များ ၊ နိုဝင်ဘာ ၂၀၁၉ ဇယားကိုကြည့်ပါ)

အစပိုင်းတွင် ALP ၏ ခွဲထွက်သွားမှုကို သတိထားမိသူ အလွန်နည်းပါးသည်။ နဝတ အာဏာရလာပြီးသည့် နောက်ပိုင်းတွင် NUFA မှာ စေတနာအလျောက် စစ်မှုထမ်းသော အင်အားများ ပိုများလာသဖြင့် အားပိုရှိလာသည်။ NUFA နှင့် ပူးပေါင်းရန် ခိုင်ရာဇာ၏ AA ကလွတ်လိုက်သော တပ်ဖွဲ့ဝင်များနှင့် လက်နက်များ ထိုင်းနယ်စပ်က ရောက်ရှိလာခြင်းကြောင့်လည်း မျှော်လင့်ချက်များ ပိုတောက်ပလာခဲ့သည်။ ယေဘုယျအားဖြင့် တပ်မတော်၏ လက်နက်ကိုင်နှိမ်နင်းရေး တိုက်ပွဲများကြောင့် ၁၉၉၀-၉၁ ကာလအတွင်း လူမျိုးစု လက်နက်ကိုင်အဖွဲ့များ စုစည်းလှုပ်ရှားနိုင်စွမ်း ကျဆင်းသွားခဲ့ခြင်းလည်း ရှိပါသည်။ NUFA ၏ ခေါင်းဆောင်များကမူ ထိုအတားအဆီးများကို မဖြုံကြပါ။ ၁၉၉၃ ခုနှစ် ရောက်သောအခါ NUFA သည်လည်း ALP ကဲ့သို့ပင် ဌာနချုပ်ကို မြောက်ဘက်ပိုင်းသို့ရွှေ့ကာ မီဒိုရမ်နယ်စပ်နားသို့ ရောက်ရှိခဲ့လေပြီ။ ဤနေရာတွင်အိန္ဒိယနယ်စပ် "ပါဇာရ်" စခန်း၌ ဌာနချုပ်အသစ်ကိုစတင်တည်ထောင်ခဲ့သည်။

ထိုဆုံးဖြတ်ချက်ကို ချမှတ်ရာတွင် NUFA ခေါင်းဆောင်များအဖို့ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရ၏ မဟာဗျူဟာအသစ်ကို ပြောင်းခဲ့ပြီကိုလည်း အမှတ်ထင်ထင် သိရှိလိုက်ရသည်။ ၁၉၉၂ နောက်ပိုင်းတွင် စစ်တကောင်းနယ်ခြားရှိ မည်သူ့ထိန်းချုပ်မှု အောက်တွင်မှမရှိသော နယ်မြေများတွင် လက်နက်ကိုင်အတိုက်အခံအဖွဲ့များ စခန်းချခြင်းမပြုရန် ဘင်္ဂလားဒေ့ရှ်တပ်မှ အရာရှိများက တွန်းတွန်းတိုက်တိုက် ပြောလာခဲ့သည်။ ၁၉၉၂ ဒုက္ခသည် အကျပ်အတည်းကြောင့် ဖြစ်လာသော နောက်ဆက်တွဲ မတည်ငြိမ်မှုများကြောင့်လည်း ဖြစ်မည် ထင်ပါသည်။ သို့သော် ဒါကာဘက်တွင်လည်း ချက္ကမပဋိပက္ခကို ကိုင်တွယ်ရာတွင် မဟာဗျူဟာအသစ်များ ရှိလာသောကြောင့်ဖြစ်သည်။ ၁၉၉၇တွင် ရှန်တီဘီဟီနီ အဖွဲ့နှင့် ပို၍ပျော့ပျောင်းသော အစိုးရတို့ကြား အပစ် အခတ်ရပ်စဲရေး သဘောတူညီချက် ရှိလာခဲ့သည်။ ထိုအခါအာရကန်လက်နက်ကိုင်အဖွဲ့များအား ကြားခံဇုန်အဖြစ် ထားရန် နောက်ထပ်မလိုတော့ပြီဖြစ်သည်။ (ဒေသတွင်း ပဋိပက္ခ အရှုပ်အထွေးကိုရှုပါ)

အစောပိုင်းတွင် NUFA ဌာနချုပ်ကို နေရာရွှေ့ပြောင်းခဲ့ခြင်းမှာ ပြဿနာကြီးကြီးမားမား ရှိပုံမပေါ်ရပါ။ ၁၉၉၀ကျော်ကာလများတွင် အိန္ဒိယအရှေ့မြောက်ပိုင်းနယ်စပ်များသည် အစိုးရအတိုက်အခံ လှုပ်ရှားမှုများ၏ ဗဟိုချက်ဖြစ်နေပေသေးသည်။ အစွန်းအဖျားကျသော တောင်တန်းများနှင့် သစ်တောများထဲတွင် ရှုပ်ထွေးများပြားလှသော လက်နက်ကိုင် လူမျိုးစုတပ်ဖွဲ့များသည် မြန်မာနယ်ခြားတစ်ဖက်မှ တပ်ဖွဲ့များနှင့်အပြိုင် တည်ရှိသည်။ ပါရဂူစခန်း၌ NUFA အဖွဲ့ဝင်များ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရေးမှာ အခြေအနေကောင်းပုံ ပေါ်ပါသည်။ ၁၉၉၄ ဇန်နဝါရီတွင် ANLP, CPA, TNPနှင့် AIO-ALP အဖွဲ့ဝင်လေးဖွဲ့တို့က The National United Party Of Arakan (NUPA) ခေါ် ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီအဖြစ် ပါတီတစ်ခုတည်းအသွင် တစ်စုတစ်စည်းတည်းအသွင်ပြောင်းရန် သမိုင်းဝင်ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ကြသည်။ ထိုပါတီသစ်ကို တည်ထောင်သူများထဲတွင် ANLP မှ ဦးမောင်စိန်ညွန့်၊ ဗ.က.ပအဖွဲ့မှ ဦးရွှေသာ၊ AEO မှ ဦးခင်မောင်တို့ပါဝင်သည်။ ထိုအချိန်တွင်ပင် AA က ရခိုင်စကားဖြင့် အမည်ကို "ရခိုင်တပ်မတော်" မှ "ရခိုင်ပြည်တပ်မတော်" ဟူ၍ ပြောင်းလဲခဲ့သည်။ အမည်သစ်မှာ အာရကန်ပြည်တွင် နေထိုင်ကြသူအားလုံးကို ကိုယ်စားပြုသည့် တပ်မတော်ဟု ရည်ညွှန်းလိုခြင်းဖြစ်သည်။ ယခုတစ်ကြိမ်တွင်အသစ်ပေါ်ပေါက်လာသော AA ကို အင်္ဂလိပ်လို Arakan Army သို့မဟုတ် Arakan State Army ဟူ၍ နှစ်မျိုးလုံးဖြင့် ရည်ညွှန်း ကြသည်။ (အာရကန်လက်နက်ကိုင်လှုပ်ရှားမှုများ သမိုင်းကြောင်းကိုရှုပါ)

ပြည်နယ်တစ်ခုလုံးမှ ထောက်ခံအားပေးမှုကို ရခဲ့သော NUPA- AA သည် ၁၉၆၀ကတည်းက ယနေ့တိုင်အောင် အာရကန်နိုင်ငံရေးတွင် အဓိကအကျဆုံး လက်နက်ကိုင် ဆန့်ကျင်ရေးအင်အားစုအသစ်အဖြစ် မှတ်တမ်းဝင်လာတော့သည်။ သို့သော် ထိုအဖွဲ့၏ လှုပ်ရှားမှု ခြေလှမ်းသစ်များ စလျှင်စခြင်းပင် အခြားအခက်အခဲများနှင့် ကြုံတွေ့

ခဲ့ရသည်။ တစ်နှစ်ခန့်အကြာတွင် နိုင်ငံရေးသဘောတရား ရေးရာသမား တစ်ဦးဖြစ်သော ဦးသိန်းဖေ ခေါင်းဆောင်သည့် ဗကပအုပ်စုမှ အဖွဲ့ဝင် ၇၀ ဦးသည် NUPA ထဲမှ လက်နက်များသိမ်းယူပြီး အဖွဲ့သစ် ရခိုင်ပြည်ဒီမိုကရက်တစ် ပါတီ Democratic Party of Arakan (DPA) ထူထောင်ရန် ခွဲထွက်သွားခဲ့ကြသည်။[၂၇] အခြား ဗ.က.ပ အဖွဲ့ဝင်များဖြစ်ကြပြီး ဦးရွှေသာ၏ ခေါင်းဆောင်မှုအောက်တွင် ကျန်နေသူများကမူ NUPA နှင့်အတူ ကျန်နေရစ်သည်။ သို့ရာတွင် DPA က သစ္စာဖောက်သွားခြင်းမှာ အာရကန်အမျိုးသားရေးလှုပ်ရှားသူများအဖို့ ညီညွတ်ရေးကို တည်ဆောက်ရန် ကြိုးစားနေကြသည့် အချိန်မျိုးတွင် အာရုံနောက်စရာလည်းဖြစ်သည်။ ထိုနှစ်တွင်ပင် NUPA သည် ထိုင်းနိုင်ငံနယ်စပ်တွင် ဌာနချုပ်တည်ထားသော DAB မှ နှုတ်ထွက်လိုက်သည်။ ၎င်းတို့အဆိုအရ အာရကန်လွတ်မြောက်ရေး လမ်းကြောင်းပေါ်သို့ ပြန်သွားရန်ဟူသော ရည်ရွယ်ချက်ဖြင့် နှုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။[၂၈]

ထိုအဖြစ်အပျက်များကို စောင့်ကြည့်နေသူတို့မှာ ရခိုင်အမျိုးသားရေးလှုပ်ရှားသူများထဲမှ လူငယ်လူရွယ်မျိုးဆက်များဖြစ်ကြသည်။ လူကြီးများကြားတွင် သဘောတရားရေးရာနှင့် ပတ်သက်၍ စိတ်ဝမ်းကွဲတတ်ကြခြင်းအပေါ် လူငယ်တို့သည် ပိုမိုစိတ်ပျက်လာခဲ့ပြီ ဖြစ်သည်။ အရပ်ဒေသများစွာတွင် စားဝတ်နေရေး ကျပ်တည်းပြီး အတိဒုက္ခ ရောက်နေရသည် လူသားချင်းစာနာထောက်ထားစရာ လိုအပ်လှသည့် အခြေအနေမျိုးကို စိတ်ပျက်ဖွယ်ရာတွေ့မြင်နေကြရသည်။ ထိုဒုက္ခများကို မွတ်ဆလင်များတွင်သာ ခံစားနေရသည်မဟုတ်ပေ။ မဆလခေတ် အလွန်၌ မြန်မာပြည်တွင်း ရခိုင်များထဲတွင်လည်း မွေးရပ်မြေကို စွန့်ခွာသူ အရေအတွက် များပြားလာသည်။ အချို့မှာ နိုင်ငံရေးကြောင့် ပြည်ပတွင် ခိုလှုံရသူများနှင့် ဒုက္ခသည်များဖြစ်ကြသည်။ လူငယ်များကမူ ကချင် ပြည်နယ်ရှိ ကျောက်စိမ်းတွင်းများတွင် အလုပ်ရှာဖွေရန် ထွက်ခွာကြရသလို ထိုင်း၊ မလေးရှား၊ အိန္ဒိယနှင့် အခြားပိုဝေးလံသော နိုင်ငံများရှိ ရွှေ့ပြောင်းလုပ်သားများကို ခန့်ထားသည့် အလုပ်များသို့လည်း ရောက်ရှိကြရသည်။ ထိုအချိန်က မြန်မာနိုင်ငံလူဦးရေ ရွှေ့လျားပြောင်းလဲမှုဖြစ်စဉ်၏ အစောပိုင်းဖြစ်ရာ ရခိုင်တို့မွေးရပ်မြေမှထွက်ခွာ သွားကြသည်ကို မှတ်မှတ်မှတ်သားသား ရှိခြင်းနည်းလှသည်။ ထိုကာလတွင်ပင် ချင်း၊ ကချင်၊ မွန်၊ ရှမ်းနှင့် ဗမာအစရှိသည်တို့ပါဝင်သော မြန်မာပြည်သူ လူမျိုးစုအမျိုးမျိုးသည် နယ်စပ်များကိုကျော်ဖြတ်ပြီး ဒုက္ခသည်များနှင့် ရွှေ့ပြောင်းလုပ်သားများ ဖြစ်လာကြသည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ ပြည်ပအခြေစိုက် ရခိုင်အသိုင်းအဝိုင်းအသစ်များ သိသိသာသာ အင်အားတောင့်တင်းလာပြီး လက်ရှိ ယနေ့ခေတ် အာရကန်အမျိုးသားရေးလှုပ်ရှားမှုတွင် အဓိကကျသောနေရာမှ ပါဝင်လာခဲ့သည်။

တော်လှန်ရေးမျိုးဆက်သစ်များ တိုးပွားလာစေရေးအတွက် ပထမဆုံးခြေလှမ်းကို NUPA စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၉၀ကျော်နှစ်များတွင် စတင်ခဲ့သည်။ ALDCE တွင် လူငယ်တက်ကြွလှုပ်ရှားသူများမှာ ထင်ရှား လူသိများနေပြီဖြစ်သည်။ ၁၉၉၄တွင် ရခိုင်ပြည်ကျောင်းသားအစည်းအရုံးကိုလည်း အိန္ဒိယတွင် ဖွဲ့စည်းခဲ့သည်။ နောက်တစ်နှစ်တွင် ထို အလွတ်ဖွဲ့စည်းခဲ့သော ကျောင်းသားအဖွဲ့နေရာကို ယနေ့ ရခိုင်ပြည်လုံးဆိုင်ရာကျောင်းသားများ နှင့် လူငယ်များအစည်းအရုံး AASYC ဟု သိကြသော အဖွဲ့က ဘန်ကောက်မြို့အစည်းအဝေးတစ်ခုတွင် အစားထိုးဝင်ရောက်ခဲ့သည်။ ထိုအဖွဲ့တွင် ABSDF (Arakan) နှင့် အတူ ရခိုင်ပြည်နယ် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းတို့မှ ရဟန်းပျိုများ၊ လူငယ်ကိုယ်စားလှယ်များပါဝင်ခဲ့သည်။ ကွန်ကရက်ဖွဲ့စည်းကြေငြာစာတမ်းတွင် AASYC က ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ အမျိုးသား ညီညွတ်ရေးနှင့် "အာရကန်ပြည်၏ ဆုံးရှုံးခဲ့ရသော အချုပ်အခြာ" ကို ပြန်လည်ရယူရေးတို့ ပါဝင်ခဲ့သည်။[၂၉] သို့သော် ထိုလူငယ်တက်ကြွလှုပ်ရှားသူများမှာ လက်ရှိတိုင်းပြည်၏ ပြဿနာများတင်းကြမ်းပြည့်နေချိန်တွင် အဖွဲ့အတွက် မဟာဗျူဟာအရ စိန်ခေါ်မှုများရှိနိုင်သည့်အချက်ကိုလက်ခံခဲ့ကြသည်။ စစ်ရေးလှုပ်ရှားမှုအနေနှင့် အာရကန်ကိုယ်စားပြု ABSDF မှာ မည်သည့်အခါကမျှ ပီပြင်လာခဲ့ခြင်းမရှိသော်လည်း ၁၉၉၅ တွင်မူ AASYC ထဲသို့ ပေါင်းထည့်ဖြစ်ခဲ့ကြသည်။ သို့ဖြစ်ရာ AASYC သည် နိုင်ငံရေးလှုပ်ရှားမှုတစ်ခုသို့မဟုတ် အရေးကိစ္စတစ်ခုကို သီးသန့်လှုပ်ရှားအားပေးခြင်းမျိုး မဟုတ်တော့ဘဲ တော်လှန်ရေးအင်အားစုများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ပြုသည်။ အထူးသဖြင့် ALP နှင့် NUPA တို့အပါအဝင် အာရကန်အဖွဲ့အမျိုးမျိုးကို စုစည်းမိအောင် ဆောင်ရွက်ပေးနိုင်ရန် AASYCကိုတည်ထောင်ကြသူများက မျှော်လင့်ခဲ့သည်။ ထိုအတောအတွင်း နိုင်ငံရေးအာဏာကို ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံထားရသော NLD ထံသို့သာ လွှဲပြောင်းသင့်သည်ဟု ယူဆကြောင်း AASYC က ထုတ်ပြောခဲ့သေးသည်။[၃၀]

သို့ရာတွင် ထိုကဲ့သို့ လွတ်လွတ်လပ်လပ် ရပ်တည်နိုင်သည့် AASYC ၏ အနေအထားမှာ မကြာမီပင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရတော့သည်။ လူရွယ်များကြားစစ်မက်ရေးရာ နည်းလမ်းကို ထောက်ခံလိုသော ဆန္ဒကပြင်းထန်လာသောကြောင့်ဖြစ်သည်။ အစိုးရ၏ ဖိနှိပ်မှုများနှင့် နှေးကွေးလှသော ပြုပြင်ပြောင်းလဲရေးများကြောင့် ဒေါသထွက်နေကြသည်။ AASYC အဖွဲ့ဝင်

များမှာ ALP, NUPA နှင့် အခြားလူမျိုးစု လက်နက်ကိုင် အဖွဲ့များနှင့် တွေ့ဆုံဖြစ်နေကြသည်။ ထိုသို့တွေ့နေကြခြင်းကစ၍ နိုင်ငံရေး လှုပ်ရှားမှု ပန်းတိုင်နှင့် ပတ်သက်၍ ခပ်စောစောပင် စိတ်ဝမ်းကွဲကြမည့် အခြေအနေတစ်ခုသို့ ဦးတည်လာနေပြီဖြစ်သည်။ ရခိုင်မျိုးဆက်သစ် တပ်မတော်ဟုခေါ်သော လက်နက်ကိုင်လှုပ်ရှားမှု အသစ်တစ်ခုပေါ်ထွက်လာခဲ့ပြီး ၁၉၉၇ မတ်လတွင် ဦးခိုင်မြတ်ကျော်ဦးဆောင်သော AASYC အုပ်စုတစ်ခုကလည်း NUPA ထဲသို့ ပူးပေါင်းသွားခဲ့သည်။[၃၁] AASYC ကမူ လူငယ်အခြေပြု အဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်ခဲ့သည်။ မကြာခင်နှစ်များအတွင်း၌ အခြား AASYC အဖွဲ့ဝင်များက အခြားပါတီများ အဖွဲ့များသို့ ဆက်တိုက်ဝင်ရောက်သွားကြသည်။ လက်ရှိ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်- ရက္ခိုင့်တပ်တော်၏ တပ်မှူးနှင့် အထွေထွေအတွင်းရေးမှူးများဖြစ်ကြသည့် ထွန်းမြတ်နိုင်နှင့် ကျော်ဟန်တို့မှာ ယခင် AASYC ခေါင်းဆောင်များ ဖြစ်ကြသည်။ (ကျော်ဟန်မှာ ဥက္ကဋ္ဌဖြစ်သည်။)

အပြန်အလှန်ဆက်ဆံမှုများ ရှိနေကြသည်နှင့် တစ်ပြိုင်နက်တွင် အာရကန် အမျိုးသားလှုပ်ရှားမှု၌ အတိုက် အခံ အဖွဲ့အမျိုးမျိုး ကွဲနေကြသည်မှာ လွတ်လပ်ရေးနောက်ပိုင်း တက်လာသည့် အစိုးရ လက်ထက်တိုင်းတွင် တွေ့ရသော ဝိသေသလက္ခဏာတစ်ရပ်ဖြစ်သည်။ ALD ကိုအား ပေးထောက်ခံသူများသည် သက်ဆိုင်ရာမြို့နယ်များတွင် ဒီမိုကရေစီလှုပ်ရှားမှုများ ရှင်သန်အောင် ဆက်ထိန်းထားရန် ကြိုးစားကြသလို တစ်ချိန်တည်းတွင်ပင် AASYC, ALD (ပြည်ပ), ALP, DPA နှင့် NUPA တို့ပါဝင်သော အင်အားစုတစ်တွဲလုံးသည် တောင်ပေါ်ဒေသမှ အစိုးရ ဆန့်ကျင်ရေးလုပ်ငန်းများကို အင်အားဖြည့်ပေးနေကြသည်။ အပေါ်ယံတွင် ထိုကဲ့သို့ အဖွဲ့များကွဲနေခြင်းက အစိုးရက အသားစီးရနေပုံကို ထင်ဟပ်သလိုရှိသည်။ သို့သော် တပ်မတော် အရာရှိများ၏ အတွင်းစကားအရမူ ထိုသို့ အတိုက်အခံလက်နက်ကိုင်အုပ်စုများ ကွဲနေခြင်းက အစိုးရတပ်များအဖို့ ခြေရာခံလိုက်ရန် ထိန်းချုပ်ရန် အလွန်ခက်ခဲသော အနေအထားကို ရောက်စေသည်ဟု သိရသည်။

သို့ရာတွင် ဆိုခဲ့ပါအာရကန်ရှိ တက်ကြွလှုပ်ရှားမှုများတွင် လူထုထဲမှ အစိတ်အပိုင်းတစ်ခုအကြောင်း မပါဝင်သေးပါ။ ဤအဆင့်တွင် ရခိုင်နှင့် ရိုဟင်ဂျာ အဖွဲ့အစည်းများကြား အမှန်တကယ် အနှစ်သာရရှိသော ပြောဆိုဆက်စပ်ခြင်းမျိုးမရှိခဲ့ကြပါ။ ၁၉၉၁-၉၂ စစ်ဆင်ရေးများနောက်ပိုင်းတွင် RSO ၏ ဘင်္ဂလားဒေရှ်နယ်စပ်မှ စခန်းမှာထောင်းထောင်းကြေအောင် ပျက်စီးခဲ့ပြီဖြစ်သည်။ သို့သော် ရိုဟင်ဂျာ လက်နက်ကိုင်များမှာ ဆက်လက်လှုပ်ရှားနေကြဆဲပင်။ ARIF နှင့် RSO တို့သည်တပ်အင်အားအနည်းငယ်စီရှိကြပြီး ၁၉၉၄ ခုနှစ်အတွင်း RSO က မောင်တောဒေသထဲတွင် ပြောက်ကျားတိုက်ပွဲအချို့ စတင်ခဲ့သည်။[၃၂] ၎င်းတို့ကို အစိုးရတပ်များက ပြန်လည် ဖြိုခွင်းတိုက်ခိုက်ကြရာ တိုက်ပွဲအတွင်း တပ်ဖွဲ့ဝင် ၃၀ ဦး



ဘင်္ဂလားပြည်နယ်စပ်ရှိ ဒုံးတောင်ကုန်းရွာ (TK)

သေဆုံးခဲ့သည်။ ထိုအချိန်မှစကာ ARIF နှင့် RSO ကို စစ်ရေးရည်မှန်းချက်များကို အားမတန်မာန်လျှော့ရပြီး နိုင်ငံရေး လော်ဘီဘက်တွင် ပြန်၍ အားထည့်လာကြသည်။

အတိုက်အခံအုပ်စုများကို တောင်ပေါ်ဒေသများသို့ မောင်းထုတ်နိုင်ခဲ့ပြီးသည့်အခါ တပ်မတော်ခေါင်းဆောင်များက မုန်တိုင်း၏ အကြမ်းဆုံးကာလကို လေကြောင်းပြောင်းနိုင်ခဲ့ပြီဟု စတင်မျှော်လင့်ခဲ့ပုံရသည်။ အမှန်စင်စစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ခေတ်မှာ တစ်ဝက်ပင် မကျိုးသေးပေ။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၉၇ တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟူ၍ အမည်ပြောင်းလဲခဲ့သော်လည်း အစိုးရသည် တစ်ပြည်လုံး၌ နက်နဲလှသော စိန်ခေါ်မှုအပြည့်နှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ တပ်မတော်၏ အခြေအနေကို ထိန်းထားသော်လည်း မ.ဆ.လ ပါတီ၏ နေရာကို ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အစားထိုးရန် လုပ်ငန်းမစတင် ရသေးသလို နိုင်ငံရေးစနစ်အသစ် တစ်ခုကိုလည်း စတင်နိုင်ခဲ့သေးခြင်း မရှိပေ။ ပဋိပက္ခများကို ဖြေရှင်းရန်၊ ရှေ့မတိုးနိုင်ခြင်း၊ စစ်အုပ်ချုပ်ရေးသက်ဆိုးရှည်နေခြင်းတို့မှာ န.အ.ဖ ခေတ် မြန်မာနိုင်ငံနိုင်ငံရေးဇာတ်ခုံ၏ ထင်ရှားသော လက္ခဏာများပင် ဖြစ်သည်။

ပင်လယ်မျှော့ စစ်ဆင်ရေးနှင့် ရွှေဓါတ်ငွေ့ - စစ်မျက်နှာသစ်များ နှင့် အကျပ်အတည်းသစ်များ

၁၉၉၀ကျော်နှစ်များအနှောင်းပိုင်းမှာ အစိုးရအတိုက်အခံအုပ်စုများအဖို့ ခက်ခဲသောအချိန်ပင် ဖြစ်သည်။ မဆလခေတ်တွင် အတိုက်အခံအုပ်စုများအားလုံး ရင်ဆိုင်ရသည်မှာ မိမိတို့ရပ်တည်ရှင်သန်နိုင် ရေးဖြစ်သည်။ စစ်အစိုးရ၏ အုပ်ချုပ်ရေးအောက်တွင်မူ အတိုက်အခံ လူပ်ရှားသူတို့မှာ အခြေအနေပေးမည့် အချိန်ကို ထိုင်စောင့်နေသူများ မဟုတ်ကြပါ။ ဒီမိုကရေစီကို တောင်းဆိုမည်ဟူသော ရပ်တည်ချက်ကို မပြတ်ရှင်သန်နေစေရန် ခြေလှမ်းများ တစ်ခုပြီးတစ်ခု လှမ်းခဲ့သည်။ ဆောင်ရွက်ခဲ့သမျှ မဟာဗျူဟာများသည် အစိုးရပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ အရှိန်ကိုလည်းကောင်း၊ လားရာအရပ်ကိုလည်းကောင်း မပြောင်းလဲနိုင်ခဲ့ပါ။ သို့သော်လက်ရှိနိုင်ငံရေးအခင်းအကျင်းတွင် တွေ့မြင်နေရသည့် ကိစ္စများစွာမှာ န.အ.ဖ လက်ထက်တွင် သန္ဓေတည်ခဲ့သည်ကို တွေ့နိုင်ပါသည်။ အထူးသဖြင့် အိန္ဒိယ၊ တောင်ကိုရီးယားနှင့် တရုတ်စီးပွားရေး အကျိုးစီးပွားများ ရခိုင်ပြည်နယ်သို့ ရောက်လာခဲ့သည်က ရခိုင်ပြည်နယ်နိုင်ငံရေး၏ စာမျက်နှာအခန်းသစ်တစ်ခု စတင်ဖွင့်လှစ်ရုံမျှသာ ရှိသေးသည်။

၂၀၀၀ ခုနှစ်အတွင်း အာရကန်နိုင်ငံရေး လှုပ်ရှားမှုများကို ပြန်လည်အားပြည့်စေရန် အဖွဲ့အသီးသီးက ကြိုးပမ်းကြသည်များထဲတွင် အဖြစ်အပျက်ခြောက်ခုက အရေးပါခဲ့ပါသည်။ ထိုအဖြစ်အပျက်များသည် န.အ.ဖ ခေတ် တစ်လျှောက်လုံး ဖြစ်နေသည့် ပဋိပက္ခအရှိန်ကို တစ်ဟုန်ထိုးမြင့်တက်လာစေရန် အထောက်အပံ့ ဖြစ်စေခဲ့သည်။ ထိုအဖြစ်အပျက်များကို အောက်ပါအတိုင်း အကျဉ်းချုံ့ဖော်ပြနိုင်သည်။

- NUPA လက်နက်ကိုင် တိုက်ပွဲဝင်မှုများကို အရှိန်ပြန်တင်ရန် ကြိုးစားခဲ့ခြင်း
- ပါတီနိုင်ငံရေး ပြန်လည်အသက်ဝင်အောင် ALD ကကြိုးစားခဲ့ခြင်း
- MUPA နှင့် လက်နက်ကိုင် ရိုဟင်ဂျာအဖွဲ့များ မဟာမိတ်ဖွဲ့ရာတွင် မအောင်မြင်ခြင်း
- ယနေ့ ရခိုင်ပြည်အမျိုးသားကောင်စီဟု သိကြသော အဖွဲ့ကို ဖွဲ့စည်းပြီး လက်နက်ကိုင်အဖွဲ့များနှင့် လက်နက်ကိုင်နိုင်ငံရေးထဲက မဟုတ်သော အဖွဲ့များအားလုံးကို စုစည်းရန်ကြိုးစားခြင်း
- အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ တက်ကြွလှုပ်ရှားမှုများ အရှိန်ရလာခြင်း
- ရခိုင်အမျိုးသားအဖွဲ့ချုပ် - ရခိုင့်တပ်မတော်က နိုင်ငံရေးလှုပ်ရှားမှုအသစ်အဖြစ် ပေါ်ပေါက်လာခြင်း

အဆိုပါ ကြိုးပမ်းမှုများတွင် အထူးခြားဆုံးမှာ ပထမဆုံးဖြစ်ရပ် NUPA က ရခိုင်ပြည်နယ် ကမ်းရိုးတန်းအတိုင်း ရေလမ်းကြောင်းဖွင့်နိုင်ရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ ထိုကြိုးပမ်းမှု၏ ကနဦး အဆင့်များတွင် အိန္ဒိယဘက်မှ လုံခြုံရေးတပ်ဖွဲ့များထဲမှ တာဝန်ရှိသူများနှင့် မပူးပေါင်းဘဲ ဖြစ်နိုင်မည် မဟုတ်ဟူသော အချက်က သိသာစွာပေါ်လွင်နေပေသည်။ ထို့နောက်တွင်မူ ပင်လယ်မျှော့ စစ်ဆင်ရေးဟု အမည်ပေးထားသော စစ်ရေးလှုပ်ရှားမှုဖြင့် NUPA ကို ထောင်ချောက်ဆင်ဖမ်းသည့် အဖြစ်ကို ကြုံကြိုက်ခဲ့ရသည်။ ထိုအဖြစ်အပျက်ထဲမှ အစိတ်အပိုင်းများစွာသည် ယနေ့ထက်တိုင် နားလည်ရန် ခက်နေဆဲပင် ဖြစ်သည်။ သို့ရာတွင် ဖြစ်ပျက်ပုံ အကျိုးအကြောင်းနှင့် ပတ်သက်သောအချက်များကမူ အငြင်းပွားစရာမရှိပါ။ ၁၉၉၈ခုနှစ် ဖေဖော်ဝါရီတွင် NUPA- KNU အဖွဲ့သည် ထိုင်းနိုင်ငံနယ်စပ်မှ လက်မှတ်များကို စက်လှေနှစ်စီး အပြည့်တင်လာခဲ့ပြီး ကပ္ပလီပင်လယ်ထဲမှ လန်ဖောကျွန်း Landfall Island သို့ သယ်ယူကြသည်။[२२] ထိုခရီးစဉ်တွင် အိန္ဒိယထောက်လှမ်းရေးအဖွဲ့မှ မြန်မာတွင်မွေးဖွားခဲ့သော လူတစ်ယောက်၏ အကူအညီကိုရခဲ့ကြသည်။ လန်ဖောကျွန်းသို့ ရောက်သောအခါ MUPA စစ်ဦးစီးချုပ် ခိုင်ရာဇာနှင့် အခြားငါးဦးတို့ကို အိန္ဒိယ လုံခြုံ

ရေးတပ်များမှ အဖွဲ့ဝင်များဟု ယူဆရသူများက ခေါ်ဆောင်သွားကြပြီး သတ်ပစ်လိုက်ကြသည်။

အိန္ဒိယအစိုးရ မည်သို့ပါဝင်ခဲ့သည်ဆိုခြင်းနှင့် ပတ်သက်၍ အငြင်းပွားစရာများ ဆက်လက်ရှိနေခဲ့သည်။ ကျန်ရှိသော NUPA နှင့် KNU အဖွဲ့ဝင် ၃၄ ဦးမှာ ကပ္ပလီကျွန်းများပေါ်တွင် ရှစ်နှစ်မျှ ချုပ်နှောင်ထားခြင်းခံရသည်။ ထို့နောက် ၎င်းတို့ကို ကလကတ္တားမြို့သို့ အမှုဆိုင်ရန် ပို့လိုက်ကာ နောက်ဆုံးတွင် ၂၀၁၁ ခုနှစ်ရောက်မှ UNHCR ၏ တောင်းဆိုမှုကြောင့် လွတ်မြောက်ခဲ့သည်။[၃၄] အိန္ဒိယအာဏာပိုင်တို့သည် NUPA ကို ထိုသို့ထောင်ချောက်ဆင် ဖမ်းခဲ့ခြင်းမှာ အထူးသဖြင့် အိန္ဒိယအပိုင် နာဂဒေသ (Nagaland) မှ အမျိုးသား ဆိုရှယ်လစ်ကောင်စီ အပါအဝင် အခြားသော လက်နက်ကိုင်များနှင့် အိန္ဒိယနယ်ခြားတွင် စပ်စပ်ယှက်ယှက်ရှိနေကြမည်ကို စိုးရိမ်သောကြောင့်ဖြစ်မည်ဟု ယူဆကြသည်။ (ဒေသတွင်းပဋိပက္ခ အရှုပ်အထွေးကိုကြည့်ပါ)။ အခြားတစ်ဘက်တွင်လည်း NUPA မှ ခေါင်းဆောင်များက ၎င်းတို့မှာ အိန္ဒိယအာဏာပိုင်များနှင့်ဆက်ဆံရေး ကောင်းမွန်နေသည်ဟု ယုံကြည်ခဲ့ကြသည်။ မီဇိုရမ်နယ်စပ်ရှိ ပါရ်ဗာတွင် NUPA၏ ဌာနချုပ်ကို ဖွင့်လှစ်နိုင်ရန်မှာ အိန္ဒိယအစိုးရ၏ သဘောတူညီချက်မပါဘဲ ဖြစ်နိုင်သည့် ကိစ္စမဟုတ်ခဲ့ပါဟု ငြင်းစရာလည်းရှိသည်။ ထိုသို့အိန္ဒိယက လှည့်စားခဲ့သည်ဟူသော အတွေးက NUPA ခေါင်းဆောင်များကို အကြီးအကျယ် စိတ်ထိခိုက်စေသည်။ ထိုအဖြစ်အပျက်များအပြီးတွင် နှစ်ပေါင်းများစွာအထိပင် ပင်လယ်မျှော့စစ်ဆင်ရေးတွင် မြန်မာ့တပ်မတော် လက်ချက်ပါဝင်ခဲ့သည်ဟူ၍လည်းကောင်း ၊ NUPA ၏ နိုင်ငံရေးပြိုင်ဘက်များက အကွက်ချ ကြံစည်ခဲ့သည်ဟူ၍ လည်းကောင်း ကောလဟလများ ရှိနေခဲ့သည်။[၃၅]

နောက်ပိုင်းတွင် အခြားဖြစ်နိုင်သည့် အကြောင်းအရင်း တစ်ရပ်ပေါ်ပေါက်လာသေးသည်။ ထိုအရာမှာ ရွှေသဘာဝဓါတ်ငွေ့ လုပ်ကွက်ဖြစ်သည်။ အိန္ဒိယ၏ စီးပွားရေးအကျိုးအမြတ်ရနိုင်ပုံကို ထည့်စဉ်းစားကြည့် လျှင် ပင်လယ်မျှော့ စစ်ဆင်ရေးကို နောက်ကွယ်မှ ဇာတ်လမ်းဆင်ခဲ့ခြင်းက NUPA ကို ဘင်္ဂလားပင်လယ်ထဲမှ လုံခြုံရေးအန္တရာယ်တစ်ခုအဖြစ် ရှုမြင်ခဲ့ခြင်းကြောင့်လောဟု သံသယဖြစ်စရာ ရှိလာသည်။ ရွှေသဘာဝဓါတ်ငွေ့ လုပ်ကွက်ကို ၂၀၀၆ခုနှစ်တွင် စတင်ဖွင့်လှစ်ချိန်၌ နအဖအစိုးရသည် အာရုံရင်းနှီး မြှုပ်နှံသူများအတွက် ရရှိငြိုးနယ်တံခါးကို ဖွင့်လှစ်ပေးတော့မည် ဖြစ်သည်။ အာရကန်ကရနိုင်သည့် စီးပွားရေးအကျိုးအမြတ်များကို ထိုအချိန်က အိန္ဒိယ၊ တရုတ်နှင့် တောင်ကိုရီးယားတို့၏ စီးပွားရေးအကျိုးအမြတ်များရှာဖွေရေး ရေဒါများအောက်သို့ ရောက်လာခဲ့ပြီဖြစ်သည်။ ရည်ရွယ်ချက်အစစ်အမှန်က မည်သို့ရှိခဲ့သည်ဖြစ်စေ ပင်လယ်မျှော့စစ်ဆင်ရေးမှာ ရခိုင်နိုင်ငံရေးအသိုင်းအဝိုင်းများ၏ နိုင်ငံတကာ ဆက်ဆံရေးအပေါ်ရှိသောအမြင်ကို အဆိုးဘက်သို့ ရောက်သွားစေခဲ့သည်။ယနေ့ထက်ထိတိုင်အောင်ပင် ပြင်ပနှင့် ဆက်ဆံသည့်အခါတိုင်း အပြင်လူများနှင့် ၎င်းတို့၏ ရည်ရွယ်ချက် များကို သံသယဖြစ်နေတတ်ကြဆဲဖြစ်သည်။ စကတည်းက ယဉ်သကို ဆိုသကဲ့သို့ပင် ဒေသခံတို့နှင့် တိုင်ပင်ဆွေးနွေးခြင်းများ ပါဝင်ခဲ့သောလုပ်ရပ်များ မဟုတ်ကြပေ။[၃၆] NUPAနှင့် AASYC တို့သည် နောက်ပိုင်းတွင် မိမိတို့ရဲဘော်များ လွတ်မြောက်ရေးအတွက် ဆယ်နှစ်မျှ ဆော်ဩတိုက်တွန်းခဲ့ကြသည်။ သို့သော် NUPA မှာ အဖွဲ့အနေနှင့် ယခင်ရခဲ့ဖူးသော အင်အားကို ပြန်မရတော့ပေ။[၃၇]

အာရကန်အရေးလှုပ်ရှားမှုများသည် န.ဝ.တ ခေတ်အတွင်း၌ နောက်ထပ် လှုပ်ရှားမှု မျက်နှာစာတစ်ခုတွင် ပါဝင်ရန်အချိန်စောင့်နေခဲ့ကြသည်။ ထိုမျက်နှာမှာ ပါတီနိုင်ငံရေးပင်ဖြစ်သည်။ နိုင်ငံရေးပါတီများကို ၁၉၉၂တွင် ပိတ်ပင်ခဲ့ပြီးနောက် ALD (ပြည်ပ)သည် နယ်စပ်ဒေသများတွင် နိုင်ငံရေးအတွက် လှုပ်ရှားအရေးဆိုမှုများ ပြုလုပ်ခဲ့သည်။ သို့သော် ALD ၏ မဟာဗျူဟာမှာ NLD၊ အခြားဒီမိုကရေစီလိုလားသူ အုပ်စုများနှင့်အတူ လက်တွဲရန်ကြိုးစားပြီး အတူပူးပေါင်းရန်ဖြစ်သည်။ အစောပိုင်းတွင်အတန်ပင် အောင်မြင်ခဲ့သည်။ ၁၉၉၈ စက်တင်ဘာလတွင်မူ ALD သည် ၁၉၉၀ ရွေးကောက်ပွဲကို ဝင်ခဲ့ကြသော နိုင်ငံရေးပါတီများဖြစ်သည်။ NLD၊ SNLD မွန်အမျိုးသား ဒီမိုကရေစီတပ်ဦးနှင့် ဇိုမီးအမျိုးသား ကွန်ဂရက်တို့နှင့် ပူးပေါင်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ(၁၀ဦးကော်မတီ) Committee Representing The Peoples Parliament (CRPP)ကို အထူးဖွဲ့စည်းခဲ့ကြသည်။ မွတ်ဆလင်အသိုင်းအဝိုင်းကို ချဉ်းကပ်ရန် မွတ်ဆလင်တစ်ဦးဖြစ်သူ NDPHR ၏ ကျောထောက်နောက်ခံကိုရထားသော ကျော်မင်းကိုလည်း လာရောက်ပါဝင်ရန် ဖိတ်ခေါ်ခဲ့သည်။ သို့သော် အစိုးရ လုံခြုံရေးအဖွဲ့များ၏ တုံ့ပြန်မှုမှာ အလွန်မြန်သည် ALD ဥက္ကဋ္ဌဒေါ်စောမြအောင်ကို နှစ်နှစ်ကျော် ထိန်းသိမ်းလိုက်ပြီး ALD နှင့် CRPP အတွင်းရေးမှူးဦးအေးသာအောင်ကို ထောင်၂၁နှစ် ချခဲ့သည်။[၃၈]

လေးနှစ်ခန့်ကြာသောအခါ ALD သည် ၂၀၀၂ခုနှစ် ညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ် UNA တည်ထောင်ရန် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ရချိန်တွင် ALD ခေါင်းဆောင်များသည် ပါတီနိုင်ငံရေးကို ပြန်လည်အသက်သွင်းရန် ကြိုးစားခဲ့ပြန်သည်။ ဤတစ်ကြိမ်တွင် အများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအချိန်တွင် လူမျိုးစု နိုင်ငံရေးအခြေပြုပါတီကိုးခု ပါဝင်သည့် ဖက်ဒရယ်

ပြည်ထောင်စု ထူထောင်ရန် ဦးတည်သော လှုပ်ရှားမှုအဖြစ် ယနေ့ထက်တိုင် တည်ရှိသည်။[၄၉] UNA ၏ လှုပ်ရှားမှုများမှာ CRPP ထက်စာလျှင် အောင်မြင်မှုအနည်းငယ် ရှိခဲ့သည်ဟု ဆိုနိုင်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များကို ဆိုးဆိုးရွားရွား ပိတ်ပင်ထားခဲ့သည့် ၂၀၀၅ခုနှစ်တွင် SNLD နှင့် UNA ခေါင်းဆောင် ဦးခွန်ထွန်းဦးကို နိုင်ငံတော် သစ္စာဖောက်မှုဖြင့် ထောင်ဒဏ် ၉၃နှစ် ချမှတ်လိုက်သည်။ ထိုနှစ်တွင်ပင် NDPHR ဦးကျော်မင်းကိုလည်း ရန်ကုန်တွင် တရားဝင်ခွင့်ပြုချက်မရှိဘဲ နေထိုင်သည့်အတွက် ထောင်ဒဏ် ၄၇နှစ် ချမှတ်ခဲ့သည်။[၄၀] ထိုအဖြစ်အပျက်များက အတိုက်အခံအုပ်စုများကို ပြတ်ပြတ်သားသား သတိပေးနေခဲ့သည်။ နှစ်ဦးစလုံးသည် အစိုးရက အမျိုးသားညီလာခံကို ယခင်က တက်ရောက်ခဲ့သူများ ဖြစ်ကြသည်။[၄၁] အစိုးရက ခွင့်မပြုသည့် နိုင်ငံရေးမျိုးကို လုပ်ရန်မှာ အန္တရာယ်များလှကြောင်းရှင်းရှင်းကြီးဖော်ပြနေသည်။

နိုင်ငံရေးပါတီများ လမ်းပိတ်သွားသောအခါ နဝတ ခေတ်အတွင်း၌ ရခိုင်တို့၏ အမျိုးသားရေး လှုပ်ရှားမှု အသံများ အဓိကထုတ်ဖော်ရာနေရာမှာ အမျိုးသားရေး တတိယ မျက်နှာစာဖြစ်သော ရခိုင်လက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည်။ ALP သည် ထိုင်းနိုင်ငံနယ်စပ်မှ NCUB ၏ နိုင်ငံရေးလုပ်ငန်းများတွင်ပါဝင်ခဲ့ပြီး NUPA ကမူ အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် နယ်ခြားဒေသတွင် ဦးဆောင်မှုပေးခဲ့သည်။ ထိုနှစ်များအတွင်း ပါရဂူဘဋာနချုပ်ရှိ NUPA ခေါင်းဆောင်များက ရိုဟင်ဂျာနှင့် ပတ်သက်၍ ယခင်နှင့် များစွာကွဲပြားခြားနားသောမဟာဗျူဟာကိုကျင့်သုံးခဲ့သည်။ ယနေ့ထိတိုင်အောင် ရခိုင်နှင့် ရိုဟင်ဂျာပါတီများကြား အဆက်အသွယ်လုပ်မည်ဟူသော စိတ်ကူးစိတ်သန်းမှာ နှစ်ဖက်လူထုကြားတွင် အငြင်းပွားစရာ ဖြစ်နေမြဲပင်။ ယနေ့အခါတွင် NUPA အဖို့ မွတ်ဆလင် အသိုင်းအဝိုင်းနှင့် ဆက်ဆံရေး ကောင်းမွန်အောင် ကြိုးစားရေး၊ နားလည်မှုပေါင်းကူး တံတားများ တည်ဆောက်ရေးမှာ အခြေအနေအရ အမြော်အမြင်ရှိသော လုပ်ရပ်ဖြစ်လာသည်။ သို့သော် နောက်ပိုင်း ဆက်ဖြစ်လာသော ကိစ္စများကြောင့် ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များကြား၌ ဆက်ဆံရေးပြတ်တောက်မှု အက်ကြောင်း မည်မျှနက်ရှိုင်းသည်ကို တွေ့လာရသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကသာ စတင်ခဲ့လျှင် ရခိုင်နှင့် ရိုဟင်ဂျာ နှစ်ဖက်အတူဆုံစေပြီး ပါဂင်ဆွေးနွေးနိုင်သည့် နည်းလမ်းများစွာ တွေ့နိုင်ခြေ ပိုရှိနိုင်ဦးမည်။ ရခိုင်အမျိုးသားရေးဝါဒီ အများစုသည် ရိုဟင်ဂျာအမည် ပါနေသော အဖွဲ့အစည်းများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ရန် ပန်လေးခဲ့ကြသည်။ မွတ်ဆလင် ကိုယ်ပိုင် အုပ်ချုပ်ခွင့် ဒေသကို လက်မခံသလို ဂျီဟတ်သာသာရေး စစ်ကိုလည်း ကြောက်ရွံ့သည်။ မွတ်ဆလင် ဘာသာရေး ဥပဒေရှာရီယာ အသက် ဝင်လာမည့် အရေးကို စိုးရိမ်ကြောင်းလည်း မကြာခဏ ထုတ်ပြောသည်။ သို့သော် အာရကန်တွင် မွတ်ဆလင် ရပ်ရွာများသမိုင်းနှင့်ချီ၍ တည်ရှိခဲ့သည့်အချက်ကို အသိအမှတ်ပြုသည့်အပြင် တပ်မတော်၏ စစ်ကြောင်းများကြောင့် အိုးအိမ်ဆုံးရှုံးပြီး အခြေအနေမဲ့ ဖြစ်သူတို့အပေါ် ကိုယ်ချင်း စာနာမှုကို ပြသည်။ ALD နှင့် NLD နှစ်ပါတီစလုံးက NDPHR ကို ဒီမိုကရေစီ လိုလားသော ပါတီအဖြစ် လက်တွဲဆောင်ရွက်ရန်အရေးကို လက်ခံကြသည်။ သို့ရာတွင် NDHR ကို ရိုဟင်ဂျာ အမျိုးသားရေး လှုပ်ရှားမှု အသွင်ဖြင့် လက်မခံနိုင်ပေ။

ရိုဟင်ဂျာ ပြဿနာနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများကမူ အခြေအနေကို အနည်းငယ်ကွဲပြားစွာသုံးသပ်သည်။ အမျိုးသားရေးကိစ္စကို ပို၍နားလည်မှုရှိသည်ဟုဆိုနိုင်သည်။ ရခိုင်နှင့် ရိုဟင်ဂျာနှစ်ဖက်စလုံးမှ ခေါင်းဆောင်များသည် အများအားဖြင့် တစ်ယောက်နှင့်တစ်ယောက် သိနေကြသည်။ နယ်စပ်တွင် သွားလာနေကြချိန်၌လည်း ပုံမှန်လိုလို ဖြတ်သွားဖြတ်လာဆုံနေကြသည်။ ရခိုင်နှင့် ရိုဟင်ဂျာနိုင်ငံရေး လှုပ်ရှားမှု အုပ်စုနှစ်စုစလုံးတွင် အစိုးရက လူမျိုးရေးနှင့် ယဉ်ကျေးမှုအရ စိတ်ဝမ်းကွဲအောင် ဖန်တီးပြီး ရခိုင်၏ဖြစ်တည်မှုကို ပဲ့ထွက်အောင် ဆောင်ရွက်နေသည်ဟုခံစားရသည်။ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်နှစ်ဖက်စလုံးသည် မြောက်ပိုင်းတွင်အစိုးရတပ်နှင့် လက်နက်ချင်းယှဉ်ပြီး တိုက်ခိုက်နေရသည်ဖြစ်ရာ အာဏာပိုင်တို့သည် မြောက်ပိုင်းကို ရခိုင်ပြည်နယ်၏ အခြားသော အစိတ်အပိုင်းများနှင့် စိတ်ဝမ်းကွဲစေသည်ဟု ယုံကြည်ကြသည်။

အထူးသဖြင့် ရခိုင်ပြည်နယ်၏ အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ အမ်းမြို့နယ်နှင့် သံတွဲမြို့နယ်များသည် ဗမာတို့ နှင့် ပိုနီးစပ်ပြီး အညာဗမာတို့၏ နိုင်ငံရေးလွှမ်းမိုးမှု ပိုပြင်းသည်ဟု ယူဆကြသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များကြား စိတ်ဝမ်းကွဲနေကြခြင်းမှာ အာရကန်အရေးကို ရှေ့ရောက်ဖို့ ကြိုးစားရာတွင် ခက်ခဲသော အတားအဆီးတစ်ခုဟု ရခိုင်ရော ရိုဟင်ဂျာကွန်ရက်များထဲမှ ခေါင်းဆောင် အတော်များများက တွေးတောကြသည်။

ဤအခြေအနေတွင် ၁၉၉၀ ကျော်နှစ်များအတွင်း၌ ရိုဟင်ဂျာ နိုင်ငံရေးတွင် အပြောင်းအလဲများရှိခဲ့ပြီး ထို အပြောင်းအလဲများက လူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်းများ၏ အနေအထားနှင့် ပြည်လည်ချိန်ညှိရန် တွန်းအားပေးခဲ့သည်။ ထိုဆုံးဖြတ်ချက်သို့ ရောက်ရှိစေသော၊ အကြောင်းရင်းများစွာ ရှိခဲ့ပါသည်။ ထိုအကြောင်းရင်းများထဲတွင် လက်နက်ကိုင် အတိုက်အခံအုပ်စုများတွင် စစ်အင်အား လျော့လာခဲ့ခြင်း၊ ပြည်ပရောက် နိုင်ငံရေး

လူပ်ရှားမှုများက ပိုမိုဩဇာကျယ်ပြန့်လာခြင်း၊အတူနေ ဗုဒ္ဓဘာသာများနှင့် ဆက်ဆံရေးကို တိုးတက်ကောင်း မွန်အောင်လုပ်ရန် လိုအပ်သည်ဟု အသိအမှတ်ပြုလာခြင်း တို့ ပါဝင်သည်။ ပထမဆုံးခြေလှမ်းကို ရိုဟင်ဂျာအမျိုးသား မဟာမိတ် Rohingya National Alliance ဟူသော အဖွဲ့အသစ်ကို ၁၉၉၅တွင် တည်ထောင်လိုက်ခြင်းဖြင့် စတင်ခဲ့သည်။ထိုသို့ ဖွဲ့စည်းလိုက်နိုင်ခြင်းက ရိုဟင်ဂျာ လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်း နှစ်ခုဖြစ်သော ARIF နှင့် RSO တို့ကို အတူဆွဲခေါ် လာနိုင်ခဲ့သည်။ သုံးနှစ်ခန့်ကြာသောအခါ နောက်ထပ်မဟာမိတ်နှစ်ဖွဲ့ ဖြစ်သော ရိုဟင်ဂျာ အမျိုးသားကောင်စီနှင့် အာရကန် ရိုဟင်ဂျာ အမျိုးသား အစည်းအရုံး (Arakan Rohingya National Organization-ARNO) ဟူသည့် လက်နက်ကိုင် အဖွဲ့အသစ်နှစ်ခုကို တည်ထောင်ခြင်းဖြင့် ပို၍ ခိုင်မာသော မဟာဗျူဟာတစ်ရပ်ကို ချမှတ်ခဲ့သည်။[၄၂] ရည်ရွယ်ချက်ကမူ အခြား RSO အဖွဲ့ နှစ်ခုဖြစ်သော နူးရူးအစ္စလာမ် ဦးဆောင်သော ARIF နှင့် ဒေါက်တာ မိုဟာမက်ယူနွတ် နှင့် ပါမောက္ခ မိုဟာမက်ဇာကာရီးရားတို့ ကိုယ်စီဦးဆောင် နေကြသော အတိုက်အခံများကိုပါ ပေါင်းပြီးသုံးဖွဲ့ စလုံးကို စုစည်းရန် ဖြစ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းသို့ ပေါက် ရောက်ပြီး ထောက်ခံမှုရလာသော ထိုအဖွဲ့သစ်နှစ်ခုမှာ ဗိုလ်ချုပ်နေဝင်း ၁၉၆၂ခုနှစ် အာဏာသိမ်းကတည်းက ရိုဟင်ဂျာအရေး လှုပ်ရှားအရေးဆိုမှု သမိုင်းတွင်အထင် ရှားဆုံး ဖြစ်လာခဲ့သည်။

သို့ရာတွင် ရိုဟင်ဂျာ စည်းလုံးညီညွတ်ရေး မျှော်လင့်ချက်မှာ ဒေသအတွင်း သက်ဆိုးမရှည်ခဲ့ပါ။ ၁၉၈၀ ကျော်နှစ်များတွင် RSO ခေါင်းဆောင်ပိုင်းများထဲတွင် ညီညွတ်သောနိုင်ငံရေးအင်အားစုတစ်ခုဖြစ်လာရန် မည်သည့် အခါကမျှ စိတ်အားထက်သန်ကာ ပြင်ဆင်ခဲ့ကြခြင်း မရှိ ခဲ့ပါ။ နောက်ပိုင်းတွင်မူ မော်လဒီဒင်း မိုဟာမက် ဦးဆောင် သော ခေါင်းဆောင်ပိုင်းများသည်နတ်မြစ်နယ်ခြားဒေသ တွင် မထင်မရှား အစ္စလာမ်အဖွဲ့အစည်းအဖြစ်နေကြရန် ခွဲထွက်သွားကြသည်။[၄၃] နူးရူးအစ္စလာမ် နှင့် ARNO ခေါင်းဆောင်များကမူ လုံးလုံးမတူသည့် မဟာဗျူဟာကို ရွေးပြီး ကျင့်သုံးခဲ့ကြသည်။ ၎င်းတို့ ရည်မှန်းသည်က အခြားသော လူမျိုးစု နိုင်ငံရေးအဖွဲ့အစည်းများ ဒီမိုကရေစီ လိုလား သူ အုပ်စုများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။ ဤအချက်ကို ARNO ၏ အဖွဲ့အစည်း စည်းမျဉ်း တွင် ထင်ထင်ရှားရှားပင် ဖော်ပြထားပြီး၊ ဒီမိုကရေစီ ၊ လူ့အခွင့်အရေး၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရရေးနှင့် ဗဟိုအစိုးရ၏ ဗမာဇာတ်သွင်းရေး မူဝါဒများကို အဆုံးသတ်နိုင်ရေးတို့ ကိုအလေးပေးထားသည်။[၄၄] ဤအခြေခံများကြောင့်ပင် ရိုဟင်ဂျာလှုပ်ရှားမှု အသစ်သည် နောက်နှစ် အနည်းငယ် အတွင်း၌ အောင်မြင်မှုများရှိခဲ့သည်။ ယနေ့တွင် ARNO ကို တစ်ကမ္ဘာလုံးမှ နိုင်ငံရေးလှုပ်ရှားမှု စည်းဝိုင်းအတွင်း အများသိကြသည်။

၂၀၀၈ ခုနှစ်တွင် ARNO နှင့် NUPA ခေါင်းဆောင် များ ပူးပေါင်းပြီး Arakan Independence Alliance (AIA) အဖွဲ့ဟူ၍ ဖွဲ့စည်းသောအခါတွင် နောက်ထပ်အကူး အပြောင်းတစ်ခုကို မြင်လာရသည်။ ထိုဖြစ်ရပ်မှာ ၁၉၄၈ လွတ်လပ်ရေး ရပြီးကတည်းက ပထမဆုံးအကြိမ်အဖြစ် ရခိုင်- ရိုဟင်ဂျာ အင်အားစု ထပ်မံပေါ်ထွက်လာခြင်းဖြစ် သည်။ ထိုအဖွဲ့အစည်းနှစ်ခုစလုံးက နောင်တွင် စစ်ရေး လှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့ က လူမျိုးစုနှစ်ခုကြား နားလည်မှု ပိုမိုရရှိလာရေး အဓိက ဦးစားပေးသည်။ နယူးယောက်မြို့ စက်တင်ဘာလ ၉/၁၁ တိုက်ခိုက်မှုအပြီးတွင် လူမျိုးစုနှစ်ဖက်ကြား တင်းမာမှုများ က မြင့်တက်လာသည့် အနေအထားကို ပူးတွဲ ကြေညာချက် များထုတ်၍ ရပ်ရွာလူထုက သတိထားမိအောင် ထိုအဖွဲ့နှစ်ဖွဲ့ က စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။[၄၅] AIAက ကြေညာခဲ့ပုံမှာ

> "AIA သည် အာရကန် လူ့အဖွဲ့အစည်း၏ စုံလင် သော လူမျိုးများ နေထိုင်ကြသည့် ဒလေ့ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်သွားပြီး အာရကန်မြေပေါ် တွင် နေထိုင်ကြသော လူမျိုးစု အသီးသီး (သို့မဟုတ်) လူမျိုးစုမှာ အားလုံးကြားတွင် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင် နိုင်ရေးမူကို ကျင့်သုံးသွားရန် ရည်သန် ပါသည်။ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များ အတူကြိုး စားရုန်းကန်မှုများမှာ ဤအာရုန်းကန်မြေကို လွတ် မြောက်ခွင့် ဆောင်ကျဉ်းပေးရာတွင် အကြွင်းမဲ့ လိုအပ်သော ကိစ္စဖြစ်ကြောင်း ယုံကြည်ပါသည်။"[၄၆]

နောက်နှစ်များတွင်မူ ထိုင်းနိုင်ငံနယ်စပ်တွင်ရှိသော NCUB အဖွဲ့များ၏ အမျိုးသားရင်ကြားစေ့ရေး အစီ အစဉ် အစည်းအဝေးများတွင် ARNO ကိုယ်စားလှယ် များလည်း တက်ရောက်ခဲ့ကြသည်။ ဤအစည်းအဝေးများ၌ ၎င်းတို့က ဖက်ဒရယ်စနစ်ကို ထောက်ခံကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဖြင့် ရပ်တည်ကာ "သွေးစည်း ညီညွတ်သော အာရကန်မြေ"ကို ထိန်းသိမ်းကြရန် ကတိ ကဝတ်ထားခဲ့ကြသည်။[၄၇] ထို တိုတောင်းသောကာလအ တွင်း၌ နှစ်ဖက်ရပ်ရွာ လူထုများ အချင်းချင်းနားလည်ပုံရှိ လာကြဟန်တူသည်။ အခြား ရခိုင်အဖွဲ့အစည်းများကလည်း ထိုကဲ့သို့သော သတင်းစကားမျိုးကိုပင် ပါးလာကြသည်။ ၂၀၀၈ ခုနှစ်တွင် ကျရောက်သော အာရကန် ဘုရင့် နိုင်ငံတော် ပြိုလဲခဲ့သည့် ၂၂၄ နှစ်ပြည့်တွင် AASYC က "အမြင်ကျဉ်းမြောင်းသော လူမျိုးရေး ဘာသာရေး ဘက်လိုက်ခြင်းများ တဖြည်းဖြည်း စိမ့်ဝင်စေခြင်းဖြင့် ဗဟိုအစိုးရ အဆက်ဆက်တို့သည် ၁၉၄၈ခုနှစ်စ၍ ယနေ့

တိုင်အောင် အာရကန်တို့နှင့် ဤမြေပေါ်မှ လူမျိုးစုအုပ်စုငယ်များကြား ၊ အာရကန်မြောက်ပိုင်းနှင့် တောင်ပိုင်းကြား၊ မျိုးနွယ်စု အမျိုးမျိုးကြား၊.ဘာသာရေး အုပ်စုအမျိုးမျိုးကြား သပ်လျှိုသွေးခွဲခဲ့ကြသည်" ဟုဆိုခဲ့သည်။[၄၈]

သို့ရာတွင် AIA ပေါ်ပေါက်လာသည်ကို ရခိုင်အဖွဲ့အစည်းတိုင်းက သဘောမျှကြသည်တော့ မဟုတ်ပေ။ ဤသို့ သဘောမကျခြင်းမှာ ၂၀၀၀ ခုနှစ်များ အစောပိုင်းတွင် NUPA-ARNO ခေါင်းဆောင်များ ထိုင်းနယ်စပ်တွင် စစ်ရေးလေ့ကျင့်မှု စခန်းသစ်ကို စတည်ရန်ကြိုးစားချိန်၌ ALP နှင့် DPA တို့က ကန့်ကွက်ကြသောအခါ ပေါ်လွင်လာခဲ့သည်။ ထိုငြင်းပယ်မှုကို ကြုံရသည့်အချိန်ကလည်း AIA အဖွဲ့ဝင်များအတွက် ခက်ခဲသည့်အခိုက်နှင့် တိုက်ဆိုင်နေသည်။ သုံးနိုင်ငံနယ်ခြား ဆုံချက်တွင် တပ်မတော်က စစ်ရေးလှုပ်ရှားမှုများ မြှင့်တင်လာချိန်ဖြစ်နေသည့်အပြင် ဘင်္ဂလားဒေ့ရှ်ကလည်း စက်တင်ဘာလ ၁၁ အကြမ်းဖက်မှု ဖြစ်ပွားနောက်ပိုင်းတွင် ခါတိုင်းကဲ့သို့ စစ်တကောင်းနယ်ခြားအနီးတွင် ပြည်ပတိမ်းရှောင်လာသူများနှင့် ဒုက္ခသည်များကို မမြင်ဟန်ပြုထားပြီး လွတ်လပ်စွာနေစေသည့်မူကို ရပ်တန့်ပစ်လိုက်ချိန်ဖြစ်သည်။ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုဖြစ်ပွားပြီး နောက်ပိုင်းတွင် မြန်မာနယ်စပ် တစ်လျှောက်ရှိ လက်နက်ကိုင် အုပ်စုများထဲမှ ကျီဟတ်ဘာသာရေးစစ်ပွဲနှင့် ဆက်စပ်နိုင်သည်ဟု ထင်ရသည့် အဖွဲ့များအား စောင့်ကြည့်မှုများလည်း တိုးမြင့်လာခဲ့သည်။[၄၉]

၂၀၀၃ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်တွင်ရှိသော ARNO ၏ရုံးများကို ဝင်ရောက်စီးနင်းခံရပြီး စာရွက်စာတမ်းများကို ယူသွားသောအခါ ထိုကဲ့သို့ နိုင်ငံတကာကစိုးရိမ်ကြောင့်ကြခြင်းမှာ သိသိသာသာ ပေါ်လွင်လာခဲ့သည်။[၅၀] ထိုနှစ်ထဲမှာပင် ARNOခေါင်းဆောင်များက လက်နက်ကိုင်တော်လှန်ရေးကို စွန့်လွှတ်ပြီး အငြိမ်းစားယူကာ နိုင်ငံရေး လမ်းကြောင်းပေါ်မှသာ စည်းရုံးအရေးဆိုတော့မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် ဒါကာကစိုးရိမ်နေသည့် ကိစ္စထဲတွင် ရှိဟင်ဂျာ "လှေစီးခရီးသည်" အရေအတွက်ပိုတိုးလာပြီး ဘင်္ဂလားဒေ့ရှ်မှသည် ထိုင်းနိုင်ငံသို့ အန္တရာယ်များလှသည့် ခရီးကို စွန့်စားလာကြသည့် အရေးဖြစ်သည်။[၅၁] စစ်တွေ၌၂၀၀၁ခုနှစ် ဖေဖော်ဝါရီလအတွင်းက လူအချို့သေကျေပျက်စီးခဲ့သော ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်တို့ကြား အကြမ်းဖက်မှုများ ပေါ်ပေါက်လာကြပြီးနောက် ရှိဟင်ဂျာများအပေါ်ချုပ်ချယ်မှုများပို၍တင်းကျပ် လာခဲ့သည်။ အဖြူရောင်ကဒ်ဖြင့် ရှိဟင်ဂျာများကို မှတ်ပုံတင်သည့် စနစ်သစ်မှာလည်း ရခိုင်ပြည်နယ်အတွင်း နေထိုင်သည့် ရှိဟင်ဂျာများကို ကိုယ့်ကိုယ်ကိုယ် နိုင်ငံမဲ့များဟု ခံစားစေပြီး မိမိတို့ ဇာတိရပ်ရွာတွင်ပင် နေရင်း ထိုင်ရင်း နိုင်ငံသားလည်း မဟုတ် ၊ နိုင်ငံခြားသားလည်း မဖြစ်သော အခြေအနေနှင့်ကြုံလာရသည်။[၅၂]

NUPA ခေါင်းဆောင် ဦးခင်မောင် အနေနှင့် အန္တရာယ်ကို ခပ်စောစောကပင်ရိပ်မိခဲ့သည်။ ၂၀၀၆ခုနှစ်တွင် ဘန်ကောက်၌ ကျင်းပသော ငြိမ်းချမ်းရေးညီလာခံတွင် ၎င်းက သတိပေးခဲ့သည်မှာ ၂၀၀၈ခုနှစ် AIA ဖွဲ့စည်းလိုက်စဉ်ကစ၍ ရခိုင်တွင် လူမျိုးစုများအား စိတ်ဝမ်းကွဲမှု ပို၍ဆိုးရွားလာသည် သာမက အစိုးရ ကိုယ်တိုင်သည်လည်း ဤသို့ သွေးကွဲမှုကို အသုံးချကာ အာရကန်၏ အချုပ်အခြာကို ထိပါးနေသည်ဟူ၍ ဖြစ်သည်။[၅၃] နိုင်ငံရေးတွင် သဘောထား ပျော့ပျောင်းသူများ မျှော်လင့်ထားသလို ဒီမိုကရက်တစ်နိုင်ငံတော် ထူထောင်ခြင်းအားဖြင့် ရှိဟင်ဂျာပြဿနာ ဖြေရှင်းသွားလိမ့်မည်ဟု ထင်နေခြင်းက မှားနိုင်ကြောင်း ၎င်းက ယုံကြည်နေပြီဖြစ်သည်။

> "ကံဆိုးတာကတော့ မဟာမိတ်ဖွဲ့လိုက် ကတည်းက ရှိဟင်ဂျာအရေးနဲ့ ပတ်သက်ပြီး ငြင်းခုန်ရတာတွေက ပိုပြီး အပျက်ဘက်ကိုရောက်လာတယ်။ နှစ်ဖက်စလုံးက အစွန်းမှာရပ်နေကြတဲ့သူတွေက ရခိုင်ဘက်ကဆို ရခိုင်ကြီးစိုးရေး ဒါမှမဟုတ် ရှိဟင်ဂျာဘက်က ဆိုရင် ရှိဟင်ဂျာ နယ်မြေချဲ့ထွင်ရေးကိုပဲ ဖြေရှင်းနည်း တွေလို့ ပြောနေကြတယ်။"[၅၄]

ဤကာလအတွင်း ရခိုင်နှင့် ရှိဟင်ဂျာ ခေါင်းဆောင်များ လူမျိုးစုအချင်းချင်းကြား နားလည်မှု တည်ဆောက်ရေးအတွက် အားထုတ်ကြရန် ဆော်ဩမှုများကို သိပ်ဂရုမစိုက်ခဲ့ကြပါ။ ဆယ်စုနှစ်တစ်ခု အကြာတွင် ဦးခင်မောင် သတိပေးခဲ့သော နှစ်ဖက်စလုံး အစွန်းဘက်တွင် ရပ်ကြသည့် အန္တရာယ်ရှိသည်ဟူသော စကားမှာ မှန်လာခဲ့လေပြီ။

၂၀၀၈ခုနှစ်ထဲ ဝီဝီပြင်ပြင်ရောက်လာချိန်တွင် ရခိုင်နှင့် ရှိဟင်ဂျာဆက်ဆံရေး အငြင်းပွားမှုများသည် နာဂစ်တခေတ်ကတည်းက စတုတ္ထအကြိမ်မြောက် ညီညွတ်ရေးကြိုးပမ်းမှုကို အရိပ်ထိုးနေခဲ့သည်။ ထိုကြိုးပမ်းချက်မှာ လက်နက်ကိုင်နှင့် လက်နက်ကိုင်မဟုတ်သော အဖွဲ့အစည်းများကိုပါ ညီညွတ်သော အင်အားစု တစ်ရပ်အနေနှင့် ဖွဲ့စည်းရန်ဖြစ်သည်။ မိမိတို့၏အသံကို အများကြားစေလိုကြသော အစုအဖွဲ့များ အရေအတွက်ကလည်း ပိုများလာခဲ့သည်။

ပထမအဆင့်တွင် အာရကန် အမျိုးသားကောင်စီ ANC ကို ၂၀၀၄ခုနှစ် မတ်လတွင် နယူးဒေလီ၌ ဖွဲ့စည်းခဲ့သည်။ ၁၉၃၀အကျော်တွင် ဖွဲ့စည်းခဲ့သော အာရကန်အမျိုးသား ကွန်ဂရက်ကို နမူနာယူလျှက် (အခန်း၂ကို ကြည့်ပါ။) ANC အဖွဲ့အသစ်ကို လက်နက်ကိုင် ရခိုင်အဖွဲ့များရော လက်နက်ကိုင်မဟုတ်သော အဖွဲ့များပါ စုံလင်စွာ စုစည်းခဲ့သည်။ ANC ကိုဖွဲ့စည်းရာတွင် ပါဝင်ခဲ့သော အဖွဲ့များထဲ၌ (NUPA၊ ALP၊ DPA၊ ALD ပြည်ပ)၊ AASYC၊

ဗုဒ္ဓဘာသာ ရခိုင်သံဃာ သမဂ္ဂ၊ အာရကန်အမျိုးသမီးများ ဖွံ့ဖြိုးရေးအဖွဲ့ နှင့် ရခိုင်အမျိုးသမီးများအစည်းအရုံးတို့ ပါဝင်ခဲ့သည်။ ယခင်က ရည်ရွယ်ချက် အသီးသီးအတွက် ဦးတည်လှုပ်ရှားခဲ့ကြသော အဖွဲ့ အသီးသီးပါဝင်သော ကောင်စီအသစ်က ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးကို ဘုံရည်မှန်းချက်အဖြစ် သဘောတူခဲ့ကြသည်။ သို့ရာတွင် ထိုအဖွဲ့သစ်၌ မွတ်ဆလင် သို့မဟုတ် ရိုဟင်ဂျာ ကိုယ်စားပြုမှု မပါဝင်ခဲ့ခြင်းကြောင့် ထိုအချိန်က မွတ်ဆလင်ဘက်မှ ဝေဖန်သုံးသပ်သူများက ပြစ်တင်ခဲ့ကြခြင်း ရှိသည်။ (အာရကန် လက်နက်ကိုင်လှုပ်ရှားမှုများ သမိုင်းကိုရှုရန်)[၁၁]

ထိုသို့အစပြုသည့် အချိန်မှစကာ ရိုဟင်ဂျာတို့နှင့် ဆက်ဆံရေးမှာ ကောင်စီအဖွဲ့ဝင်များကြား အမြင်အမျိုးမျိုး အယူအဆအမျိုးမျိုး ကွဲစေသော ကိစ္စတစ်ခုဖြစ်လာသည်။ ၂၀၀၈ခုနှစ် နယူးဒေလီတွင် AMC ညီလာခံကို ကျင်းပချိန်၌ ကောင်စီ၏ အခြားအဖွဲ့ဝင်များက NUPA အား ARNO နှင့် မိတ်ဖွဲ့ထားခြင်းကို အဆုံးသတ်ပစ်ရန် တောင်းဆိုကြချိန်တွင် ဤကိစ္စမှာ ပို၍ ရှုတ်ထွေးလာခဲ့သည်။[၁၆] NUPA ခေါင်းဆောင်များက ငြင်းဆန်ခဲ့ကြပြီး နောက်နှစ်နှစ်ခန့် အတွင်း စိတ်ဝမ်းကွဲစရာများ အကြိမ်ကြိမ် ပေါ်ပေါက်ခဲ့ခြင်းက NUPA ကိုရော ANC၏ လှုပ်ရှားမှုများကိုပါ အနှောင့်အယှက် ဖြစ်စေခဲ့သည်။[၁၇]

ထိုအချိန်က လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းများ၏ မူဝါဒရေးရာ ဆုံးဖြတ်ချက်များကို အချို့သော နိုင်ငံရေး ဂိုဏ်းဂဏများနှင့် အဖွဲ့အစည်းများ ဆက်လက်ရပ်တည်နိုင်ရေး ဦးစားပေးလုပ်ငန်းများကလည်း တစ်စိတ်တစ်ပိုင်း လွှမ်းမိုးနေသည်။ နယ်စပ်ဒေသများတွင် တော်လှန်ရေးလှုပ်ရှားမှုများကို ဆက်လက်ရပ်တည်နိုင်အောင် လုပ်ရသည်မှာမလွယ်ပါ။ အထူးသဖြင့် သုံးနိုင်ငံနယ်ခြား ဆုံချက်ဒေသတွင် လက်နက်ကိုင် လှုပ်ရှားမှုများကြောင့် အစိုးရများ၏ ဖိအားမှာ ပြင်းထန်စွာရှိနေသည်။ ပင်လယ်မျှော့ စစ်ဆင်ရေးအတွင်း၌ အိန္ဒိယနှင့်ဆက်ဆံရေး ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ပြီးဖြစ်ကာ ၂၀၀၈ပြည့်လွန်နှစ်များ၌ ဘင်္ဂလားဒေရှ့် အာဏာပိုင်များကလည်း ဆက်လက်၍ လူမျိုးစု လက်နက်ကိုင်အဖွဲ့ အသီးသီးအား ဖိအားပိုပေးလာခဲ့သည်။ ၂၀၀၅ခုနှစ် ဇွန်လတွင် NUPA တပ်မှူးဦးသာကျော်ထွန်းကိုယ်တိုင် စစ်တကောင်းတောင်တန်းဒေသတွင် အဖမ်းခံခဲ့ရသည်။ အဖွဲ့တိုင်းတွင် အခက်အခဲများကြုံနေရသော်လည်း နိုင်ငံရေးအရ ကွဲပြားမှုများတွင် ထိုအခက်အခဲများက တံတားမထိုးပေးနိုင်ခဲ့ပါ။ သို့ဖြစ်ရာ အကျိုးဆက်မှာ ရခိုင်ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအခင်းအကျင်းတွင် ဂိုဏ်းဂဏကွဲမှုများ ထပ်ဖြစ်ခဲ့ပြီး လက်ရှိတွင် ရခိုင်လက်နက်ကိုင် အတိုက်အခံနိုင်ငံရေးတွင် ANP၊ ANC နှင့် UCA ဟူသောအဖွဲ့သုံးခုက ကိုယ်စားပြုနေခြင်းဖြစ်သည်။

ANPဘက်ကကြည့်လျှင် ၎င်းသည် ANCနှင့် မည်သည့်အခါကမျှ ထဲထဲဝင်ဝင်မပတ်သက်ခဲ့ပေ။ ပါတီ၏ အဓိက လှုပ်ရှားမှုများမှာ KNU နှင့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ စခန်းချရာ ထိုင်းနိုင်ငံနယ်စပ်တွင် ရှိသည်။ ၂၀၀၈ပြည့်နှစ်များအတွင်း ခိုင်စိုးနိုင်အောင်က NDF၊ DAP နှင့် NCUB တို့၏ ဒုတိယဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံအနောက်ဘက်နယ်ခြား ဒေသရှိ တော်လှန်ရေးလှုပ်ရှားမှုများမှာ အားပျော့ကောင်းပျော့ နေခဲ့နိုင်သော်လည်း တစ်နိုင်ငံလုံး အနေဖြင့်မူ NCUB သည် အတိုင်းအတာတစ်ခုအထိ နေရာရနေသော အတိုက်အခံမဟာမိတ် အဖွဲ့ကြီးတစ်ခု ဖြစ်သည်။ NCUB၏ အဓိကရည်မှန်းချက်မှာ အစိုးရအား နိုင်ငံရေးအရ အာခံချင်သူများက လက်နက်ကိုင်ခြင်း၊ အကြမ်းဖက်အကြပ်ကိုင်ခြင်း၊ နိုင်ငံရေးနည်းများသုံးခြင်း၊ သံတမန်ရေးရာနည်းများသုံးခြင်းနှင့် ပြည်သူ့အားဖြင့် တန်ပြန်ခြင်းများ ဆောင်ရွက်ရန်ပင်ဖြစ်သည်ဟု အစိုးရ မီဒီယာက သတိပေးကြေညာခဲ့ဘူးသည်။[၁၈]

NUPA နှင့် ANC မှာ ၂၀၀၇ နှစ်ခုနှင့် ဒေလီအုပ်စုနှင့် စစ်တကောင်းအုပ်စုဟူ၍ သိကြသော အဖွဲ့များအဖြစ် နှစ်ခြမ်းကွဲသွားခဲ့သည်။ ထိုနှစ်ခြမ်းစလုံးက အာရကန်လှုပ်ရှားမှုများမှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်သင့်ပြီဟူသော အဆိုကို တင်ခဲ့ကြသည်။[၁၉] တင်းမာမှုများ ပြေလျော့သွားသည့် တစ်ချိန်တွင် စစ်တကောင်းအုပ်စုဟု သိကြသော ဦးခင်မောင်ခေါင်းဆောင်သည့် ANC က ထိုအဆိုကို အဓိကနိုင်ငံရေး ခံယူချက်အဖြစ် ရှုတ်ထွေးတင်လာသည်။ နောက်ဆုံးတွင် အများ၏ အသိပြုခြင်းခံရသော ANC က ဒုတိယ အကြိမ်မြောက် ကွန်ဂရက်ကို ၂၀၀၉ခုနှစ်တွင် ထိုင်းနိုင်ငံ နယ်စပ် မဲဆောက်မြို့တွင် ကျင်းပသောအခါ ညီညွတ်ရေးအတွက် ဆန္ဒများ ပြန်လည် ခိုင်မာလာကြပြန်သည်။ ထိုကွန်ဂရက်အား တက်ရောက်ခဲ့သူများတွင် NUPA "စစ်တကောင်းအုပ်စု" မှ ကိုယ်စားလှယ်များ ALD (ပြည်ပ)၊ AASYC နှင့် ရခိုင်သံဃာ သမဂ္ဂ Rakhine Sangha Union-Rsu ၊ KNU နှင့် ABSDF တို့ပါဝင်ကြသည်။ ANC သည် အနာဂတ်တွင် နိုင်ငံရေးကိုယ်စားပြုမှုအတွက် ဦးဆောင်သည့် အခန်းကဏ္ဍမှ နေရာယူသွားမည်ဟု သဘောတူကြပြီး လက်ရှိ NUPA ၏ ရခိုင့်တပ်မတော်မှာ စစ်ရေးတောင်ပံအဖြစ် တာဝန်ယူဖြစ်သည်။ ယနေ့ အချိန်အခါတွင် ထိုအဖြစ်အပျက်များ ပေါ်ပေါက်လာပုံမှာ မထင်မရှား ရှိကောင်းရှိမည်ဖြစ်သော်လည်း ရခိုင်နိုင်ငံရေး တွင် အမြင်အားဖြင့် ခပ်ဆင်ဆင်ရှိသော လက်နက်ကိုင်အဖွဲ့အစည်းနှစ်ခုမှဖြစ်သော ၁၉၆၀နှစ်များက စခဲ့သော နိုင်ငံရေး အမွေခံများဖြစ်သည် ဆိုကြသော ANPနှင့် ANC မှာ ယနေ့အချိန်ထိ အခုကဲ့သို့ဖြစ်တည်နေသည်ကို

ရှင်းပြနိုင်သော ဖြစ်ရပ်များ ဖြစ်ကြပါလိမ့်မည်။

နောက်နှစ်များတွင် ANPနှင့် ANC အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ၏ နယ်ခြားဒေသများရှိ အစွန်အဖျားနေရာများတွင် ဆက်လက်လှုပ်ရှားတိုက်ပွဲဝင် နေကြသည်။ ALP သည် ထိုင်းနယ်စပ်တွင် အခြေစိုက်စခန်း ရှိသော်လည်း သုံးနိုင်ငံ နယ်ခြားဆုံချက်တွင်မူ ဆက်သွယ်ရေးတာဝန်ခံများထားရှိသည်။ ANC တွင် AA ဟူသောအမည်ကို သုံးနေသည့် အဖွဲ့အစည်းနှစ်ခု ရှိသည်။ ဘင်္ဂလားဒေ့ရှ်-အိန္ဒိယနယ်စပ်တွင်ရှိသော NUPA သည်လည်းကောင်း ထိုင်းနယ်စပ်တွင်ရှိသော AASYC သည်လည်းကောင်း AAအမည်ကိုသုံးနေကြသည်။[၆၀] ဤအတောအတွင်း ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များ ဘက်ကပေးသော ဖိအားမှာလည်း မပြတ်ကျရောက်နေပြီး ARNO နှင့် NUPA တို့ကြားမှ AIA မဟာမိတ်သဘောတူညီချက်မှာလည်း အားပျော့လာခဲ့ပြီ ဖြစ်သည်။ RSO အမာခံများသည် နတ်မြစ်နယ်ခြားဒေသတွင်အား သက်ရောက်မှု မပြင်းလှသော လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်နေပြီး ထိုနေရာမှနေ၍ အာဖဂန်နစ္စတန်နှင့် အခြားအစွန်းရောက် ကွန်ရက်များရှိရာ အရပ်များနှင့် အဆက်အသွယ် ပြုနေကြသည် ဟူသော သတင်းများ ပေါ်ထွက်လာသည်။[၆၁] ARNO ခေါင်းဆောင်များကမူ ၎င်းတို့နှင့် ဆန့်ကျင်ဖက်လမ်းဖြစ်သော လက်နက်မကိုင်သည့် လမ်းစဉ်ကို ရွေးချယ်ခဲ့ပြီဖြစ်၍ ၂၀၁၃ ခုနှစ် နောက်ပိုင်းတွင် ပြည်တွင်းနှင့် နိုင်ငံတကာတွင် ရှိဟင်ဂျာတို့အကြောင်းကို အများသိစေရန် အားထုတ်ခဲ့သည်။[၆၂]

အပြင်ပန်းမှကြည့်လျှင် ရခိုင်ပြည်နယ်ရှိ လက်နက်ကိုင် အတိုက်အခံလှုပ်ရှားမှုများကို ကြည့်လျှင် အရှိန်ကုန်နေသည်နှင့် တူပါသည်။ အစိတ်စိတ်အမွှာမွှာ ကွဲနေသော နိုင်ငံရေး ဇာတ်ခုံပေါ်တွင် မည်သို့မျှ မမျှော်လင့်ထားသော ကိစ္စဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့သော် အာရကန်နိုင်ငံရေးတွင် လက်နက်ကိုင် အုပ်စုနှစ်ခု အရှိန်ရလာခဲ့ပြီး နှစ်များစွာအတွင်း အကြမ်းတမ်းဆုံးတိုက်ပွဲဖြစ်စဉ်များဆီသို့ ဦးတည်လာခဲ့သည်။ ထိုအုပ်စုနှစ်ခုမှာ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် United League of Arakan နှင့် အာရကန်ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော် The Araken Rohingya Salvation Army တို့ဖြစ်ကြသည်။ ထိုလှုပ်ရှားမှုနှစ်ခုမှာ အသွင်အပြင်နှင့် ထားရှိသောပန်းတိုင်များ များစွာကွဲပြားကြသော်လည်း နှစ်ဖွဲ့စလုံးတွင် တွေ့ရသော စရိုက်လက္ခဏာတစ်ခုမှာ "ဗဟိုအစိုးရ၏ နိုင်ငံရေးလမ်းစဉ်ကို မလိုက်ရန်နှင့် အာရကန် အရေးကို လျစ်လျူရှုထားခြင်းအား နှုတ်ဆိတ်မနေကြရန် လူငယ်များအားစည်းရုံးကြခြင်းဖြစ်သည်။ စစ်တပ်အုပ်ချုပ်ရေးမှ အသွင်ကူးပြောင်းသို့ ရောက်လာသောအခါတွင်လည်း ၎င်းတို့သည် ဗမာဦးဆောင်သော အဖွဲ့များဆိုလျှင် တပ်မတော်ကိုလည်းကောင်း၊ USDA ကိုလည်းကောင်း၊ NLD ကိုလည်းကောင်း ပိုမိုသံသယဖြစ်လာခဲ့သည်။ ဗမာကြီးစိုးသော ဖွဲ့စည်းပုံရှိသည့် ပါတီများအားလုံးကို လူမျိုးစုအမြင်မှ စောင့်ကြည့်လေ့ရှိသည်။

ထိုလှုပ်ရှားမှုများ မည်သို့ကြီးထွားလာသည်ကို နားလည်ရန်မှာ နဝတ လက်ထက်အတွင်း အာရကန်အမျိုးသားရေးစိတ်ဓာတ်ကို ဖွံ့ဖြိုးစေခဲ့သော ပဉ္စမမြောက်အရေးပါသည့် အခင်းအကျင်းကို လေ့လာရန်အရေးကြီးပေသည်။ ထိုအရာမှာ အရပ်ဘက် လူ့အဖွဲ့အစည်း၏ တက်ကြွလှုပ်ရှားမှုများ ကျယ်ပြန့်လာခြင်း ဖြစ်သည်။ နဝတ အာဏာသိမ်းပြီး နောက်ပိုင်းတွင် မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်အောက် အိပ်မောကျနေသော နေ့ရက်များမှ လူ့အဖွဲ့အစည်းကို အသွင်ကူးပြောင်းကြရာတွင် အစောပိုင်း၌ နှေးကွေးခဲ့သည်။ သို့သော် ဗြိတိသျှကိုလိုနီတို့ လက်အောက်တွင် နေခဲ့ရစဉ်ကတည်းက ဗုဒ္ဓဘာသာအသိုင်းအဝိုင်း၌ ရပ်ကျိုးရွာကျိုးအတွက် တက်ကြွလှုပ်ရှားမှုများ အားကောင်းမောင်းသန်ရှိခဲ့သည့် အစဉ်အလာရှိသည်။ (အခန်း ၂ကို ရှုပါ။) ၁၉၈၈ လူထုလှုပ်ရှားမှုများအတွင်းကလည်း ကျောင်းသားများနှင့် ရဟန်းများ တက်ကြွစွာ ပါဝင်ခဲ့ကြပြီး ဆက်တိုက်ဆိုသလို ABSDF (ရခိုင်ပြည်)၊ AASYC နှင့် ရခိုင်သံဃာ့သမဂ္ဂတို့ကလည်း နယ်စပ် ဒေသများအထိရောက်အောင် လှုပ်ရှားခဲ့ကြသည်။ ဆင်းရဲနွမ်းပါးခြင်းနှင့် အစိုးရ၏ ဖိနှိပ်မှုများ မရပ်တန့်ခဲ့သောအခါ နေရပ်ကိုစွန့်ခွာပြီး ဒုက္ခသည်အဖြစ် ခံယူသော အခြားနေရာများတွင် အခွင့်အရေးများ စွန့်စားရှာဖွေရခြင်းစသော အာရကန်လူငယ်လူရွယ် အရေအတွက်မှာ များစွာ မြင့်မားလာသည် ၁၉၉၀ကျော် ကာလအနှောင်းပိုင်း ရပ်ရွာအခြေပြု တက်ကြွလှုပ်ရှားမှုများ၏ ပုံစံမှာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများနှင့် မြို့ပြ နေရာများတွင် စတင်ဆက်စပ်လာခဲ့သည်။ နဝတ-နအဖ အုပ်ချုပ်ရေးက NGOများကို နှစ်သုံးဆယ် အကြာပိတ်ပင်ထားပြီးနောက် ပြန်လည်ဖွဲ့စည်းခွင့်ပြုလိုက်[၆၃] သည့် အခါတွင် ရပ်ရွာအခြေပြု တက်ကြွလှုပ်ရှားမှုများအတွက် သမိုင်းအချိုးအကွေ့ တစ်ရပ်သို့ ရောက်ရှိလာသည်။

အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများမှာ ကချင်ပြည်နယ်တွင် မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းနှင့် ရှာလုမ်ဖောင်ဒေးရှင်းတို့က စတင်ဆောင်ရွက်ခဲ့သည်။ ပထမတွင် အစိုးရသည် NGO တို့ကို ခွင့်ပြုရာတွင် ၎င်းတို့၏ အခန်းကဏ္ဍမှာ ကျန်းမာရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရေးအတွက်သာ အကန့်အသတ်ဖြင့် ခွင့်ပြုပြီး NGO တို့ကို ထိန်းချုပ်ထားနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ အထူးသဖြင့် ဘာသာရေးအခြေခံ အဖွဲ့အစည်းများနှင့် ပတ်သက်၍ အစိုးရလုံခြုံရေး

တပ်ဖွဲ့များက စိုးရိမ်စိတ်ကဲသည်။ နိုင်ငံတွင် ဗုဒ္ဓဘာသာ ရဟန်းများ၏ သြဇာအရှိန်အဝါမှာ ဆက်လက်အားကြီး နေဆဲဖြစ်ကြောင်း ၂၀၀၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ရွှေဝါ ရောင်တော်လှန်ရေးကလည်း ပြသခဲ့သည်။ အစိုးရသည် ရန်ကုန်တွင် ဆန္ဒပြမှုများကို ပြင်းထန်စွာနှိမ်နင်းသည်။ လူမှုရေးနှင့် နိုင်ငံရေးအခြေအနေများ ပိုမိုဆိုးရွားလာချိန် တွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများက ပြည်သူလူထု၏ အရေးအရာများကို ဖော်ပြနိုင်သည့် နေရာများ ဖြစ်လာကြသည်။ ထို့နောက် ၂၀၀၈ ခုနှစ်တွင် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသသို့ ဖျက်အားပြင်းလှသော နာဂစ် ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူပေါင်း ၁၄၀၀၀ ခန့် သေကျေခဲ့ရပြီး နောက်ပိုင်းတွင် အရပ်ဘက် လူ့အဖွဲ့ အစည်း၏ လှုပ်ရှားမှုမှာ ပို၍အရေးပါလာခဲ့သည်။

ဤအနေအထားတွင် ရခိုင်ပြည်နယ်က သီးခြား ဖြစ်နေခဲ့သေးသည်။ သို့သော်၂၀ ရာစုကုန်ချိန် ကတည်းက ပင် အာရကန်နယ်မြေထဲသို့ ဝင်ရောက်လာသော ပြင်ပမှ စီးပွားရေး လုပ်ငန်းများကြောင့် ပြည်သူလူထု၏ တက်ကြွ လှုပ်ရှားမှုမှာ အရှိန်ရနေပြီဖြစ်သည်။ လူမှုဘဝများထဲတွင် မကျေနပ်မှုများ ပြည့်နေသည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အဆင်းရဲဆုံးနယ်မြေများထဲမှ တစ်ခုဖြစ်နေ ဆဲဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင် ပြောင်းလဲ မှုများကို မမြင်ကြရသေးပေ။ အာရကန် ရပ်ရွာပေါင်းများ စွာသည် အသက်ရှင် ရပ်တည်နိုင်သည်ဆိုရုံ အနေအထား ဖြင့် နေထိုင်ခဲ့ကြရသည်။ ဤသို့ဖြစ်နေသော ရပ်ရွာ၏ ဒုက္ခများထဲသို့ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများက ရောက် လာသောအခါ ရပ်ရွာလူထုထဲတွင် ၎င်းတို့ကို မလိုလားသူ ရှိသလို ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများ ရောက်လာလိမ့်မည်ဟု မမျှော်လင့်ထားသူများလည်း ပါဝင်သည်။ နအဖ ခေါင်းဆောင်များသည် နိုင်ငံ၏မြို့တော်ကို ရန်ကုန်မှသည် နေပြည်တော်သို့ ရွှေ့ပြောင်းလိုက်ပြီး မြန်မာအစိုးရသည် ပြည်သူတို့ ကြုံကြိုက်နေရသမျှ အကြောင်းအရာများကို လက်လှမ်းမမီဟန်ရှိသည်။

အာရကန် ပြည်သူတို့တွင် စိတ်ညစ်ညူးစရာ အဖြစ်များ များပြားလာချိန်တွင် အာရကန်အရေးကို အများ သိအောင် လှုပ်ရှားရာတွင် ပြည်ပရောက် အဖွဲ့အစည်းများက အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ရခိုင် ပြည်နယ်၏ အကျပ်အတည်းကို ပြည်ပတွင် ရှိနေသော မီဒီယာကွန်ရက်များက တစ်စတစ်စ ပိုမိုမှတ်တမ်းတင် လာနိုင်ခဲ့သည်။[၆၄] မှန်မှန်ပင်ဖြစ်လေ့ရှိတတ်သော လူအများ အစုလိုက် အပြုံလိုက် နေရပ်စွန့်စွာရခြင်းများကြောင့် မည်ရွေ့မည်မျှ ထွက်ခွာခဲ့ရပြီကို ခန့်မှန်းရန်ခက်လှသည်။ ၂၀၀၈ပြည့်နှစ် အလွန်ကာလများတွင် ရခိုင်ပြည်နယ်မှ ထွက်လာခဲ့သော ဒုက္ခသည်များနှင့် ရွှေ့ပြောင်းသူများမှာ ငါးသိန်းကျော်ခန့်ရှိနိုင်သည်ဟု ခန့်မှန်းနိုင်သည်။ ရခိုင် ရွှေ့ပြောင်း ထွက်ခွာသူများနှင့် ပြည်ပ၌ ခိုလှုံကြသူများသည် အများအားဖြင့် မလေးရှား၊ ထိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေထိုင် ကြပြီး ရိုဟင်ဂျာမွတ်ဆလင်များကမူ ဘင်္ဂလား ဒေရှ်၊ မလေးရှားနှင့် အခြားကမ္ဘာ့နိုင်ငံများ၌ တဖြည်းဖြည်း များပြားလာသည်။ ပထမပိုင်းတွင် ရခိုင်အရေးသတင်း များကို ပုံနှိပ်မီဒီယာဖြင့်သာ ဖတ်ရှုနိုင်ခဲ့ကြသည်။ နောက်ပိုင်းတွင် အင်တာနက်ရရှိမှု ပျံ့နှံ့လာသည့်အခါ သတင်းနှင့် ထင်မြင်ချက်များကို နိုင်ငံတွင်း၌ လည်းကောင်း နိုင်ငံပြင်ပ၌လည်းကောင်း လျင်မြန်စွာ ဖြန့်ချိလာနိုင် ခဲ့ကြသည်။ ထိုအရွေ့မှာ မြန်မာနိုင်ငံ၏ တင်းကျပ်လှသော စာပေစိစစ်ရေးရှိခဲ့သည့် သမိုင်းတွင် ကြီးကျယ်သော အပြောင်းအလဲ တစ်ခုပင်ဖြစ်သည်။(Facebook နှင့် ဆိုရှယ်မီဒီယာ၏အခန်းကဏ္ဍကို ရှုပါ။)

ဤအချိန်မှစ၍ တက်ကြွလှုပ်ရှားသူများအား စုစည်းမိစေသော ကိစ္စရပ်တစ်ခုမှာ ရွှေသဘာဝဓါတ်ငွေ့ လှုပ်ရှားမှုဖြစ်သည်။ ထိုလှုပ်ရှားမှုမှာ ရခိုင် ၊ ဘင်္ဂလားဒေရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ ကွန်ရက်များပါဝင်သည်။[၆၅] NGO မဟာမိတ်အဖွဲ့တစ်ခုဖြစ်သည်။ နအဖက ရွှေသဘာဝ ဓါတ်ငွေ့စီမံကိန်းကို ၂၀၀၀ ခုနှစ်တွင် ကိုရီးယားနှင့် အိန္ဒိယ မှကုမ္ပဏီများပါဝင်သော လုပ်ငန်းစုတစ်ခုနှင့်အတူ စတင် သည်။[၆၆] သို့သော် ၂၀၀၉ခုနှစ်သို့ ရောက်သောအခါမှသာ သဘာဝဓါတ်ငွေ့ကို ပို့လွှတ်မည့် ခရီးလမ်းဆုံးကို ဆုံးဖြတ် ခဲ့ကြရာ ထိုအရပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖြစ်လာ ခဲ့သည်။ ထိုအချိန်က ဤစီမံကိန်းကြီးကို ချစ်ကြည် ရင်းနှီးသော နှစ်နိုင်ငံကြား အပြစ်ဆိုစရာမရှိသည့် ပူးပေါင်း ဆောင်ရွက်မှုအဖြစ် ဂုဏ်တင်ပြောဆိုခဲ့ကြသည်။ မြန်မာ အစိုးရက ဝင်ငွေရရှိပြီး တရုတ်အစိုးရက လုံခြုံရေးနှင့် စီးပွား ရေး စရိတ်စကများရှိသည့် စင်ကာပူကမ်းလွန် ပင်လယ်ပြင် က တစ်ဆင့် သင်္ဘောများဖြင့် သယ်ယူရသော မလက္ကား အကျပ်အတည်းကို ဖြေရှင်းပြီးသားဖြစ်သွားမည်။[၆၇]

ယနေ့အခါတွင် ဤဆုံးဖြတ်ချက်ကို ရခိုင် အမျိုး သားရေး လှုပ်ရှားသူများက အာရကန်၏ သမိုင်းကြောင်း၏ အရေးပါသော အချိုးအကွေ့တစ်ခုဟု ယူဆကြသည်။ ထိုနားလည်မှုစာချွန်လွှာကို တရုတ်ဘက်မှ လက်မှတ် ရေးထိုးခဲ့သူမှာ ထိုစဉ်က ဒုသမ္မတ ရှီကျင့်ဖျင် ဖြစ်ခဲ့သည်။ ဆယ်နှစ်ခန့်အကြာတွင် ၎င်းသည် မြန်မာနှင့်တကွ အခြား အာရှအိမ်နီးချင်းများအရေးတွင် ပို၍ကြီးကျယ်သောနေရာ မှ ပါဝင်လာရပြီ။ သမ္မတဖြစ်လာသောအခါ သူသည် ရပ်ဝန်း နှင့် ပိုးလမ်းစီမံကိန်းကြီးကို မွေးထုတ်လိုက်သူဖြစ်လာခဲ့ ပြီး ခေတ်သစ်တရုတ်နိုင်ငံမှသည် ကုန်းလမ်း၊ ရေလမ်းတို့ ဖြင့် ဥရောပ-အာရှစသည့် အခြားကမ္ဘာဆီသို့ ဆက်သွယ် မည့် မဟာဗျူဟာမြောက် စီမံကိန်းကို ချမှတ်ခဲ့သည်။

အာရကန်ရှိ ခါတ်ငွေ့ပိုက်လိုင်းများကြောင့် ဖြစ်လာသောအကျိုးဆက်မှာ ကြီးကျယ်လှသည်။ ကျောက်ဖြူကိုဆိပ်ကမ်းလုပ်ပြီး ကုန်းတွင်းသို့ သဘာဝခါတ်ငွေ့သယ်ယူမှုစတင်ရာနေရာအဖြစ် အခြေချထားသောကြောင့် ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်အော်ရှိ ရွှေသဘာဝခါတ်ငွေ့ တွင်းမှ ခါတ်ငွေ့များကို ယူနန်ပြည်နယ် ကူမင်းမြို့သို့ သယ်ယူရန် တံခါးဝဖြစ်လာသည်။ ထို့ပြင် ထိုပိုက်လိုင်းမှာ အရှေ့အလယ်ပိုင်းမှ သဘော်ဖြင့် သယ်လာသောရေနံကို ကျောက်ဖြူကတဆင့် သယ်ယူပို့ဆောင်ပေးမည့် ပိုက်လိုင်းလည်းဖြစ်လာသည်။

ရခိုင်ပြည်နယ်မှ နိုင်ငံရေးခေါင်းဆောင်များနှင့် လူအဖွဲ့အစည်းတွင် ဩဇာကြီးသူများကို ထိုစီမံကိန်းကြီး၏ အတိုင်းအတာ ပမာဏကြောင့် တုန်လှုပ်ကြရသည်။ အာရကန်ကို စီးပွားရေးအရ လျစ်လျူရှုထားခြင်းက အမျိုးသားရေး စေ့ဆော်မှုများကို ဖြစ်စေသော အခြေခံအကြောင်းတရားဖြစ်ခဲ့သည်။ အစိုးရ အဆက်ဆက်သည် လွတ်လပ်ရေးရခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းက ဤနယ်မြေကို တမင်တပင် မဟာဗျူဟာအရ ဆင်းရဲအောင် ပစ်ထားခဲ့ကြသည်ဟူသော အမြင်မျိုးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုနေကြသည်။ အစိုးရတပ်ဖွဲ့များ ဝင်ရောက်လာပြီး မြေယာများသိမ်းယူကာ လုံခြုံရေးအစီအမံများ ချထားပြီးသည့်အချိန်တွင်လည်း ဒေသခံများအနေနှင့် ဤစီမံကိန်းကြောင့် ၎င်းတို့ မည်သို့အကျိုးကျေးဇူး ရနိုင်မည်ကို မသိကြရပေ။ ၂၀၀၀ ပြည့်နှစ်များအတွင်း၌ တပ်မတော်သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို အဆင့်မြှင့်ပြီး လုံခြုံရေးတိုးမြှင့်ခဲ့သည်။ ၂၀၀၆ခုနှစ်တွင် တပ်ရင်းသုံးခုနှင့် တပ်စခန်းပေါင်း ၄၃ ခုကို နေရာ ချထားခဲ့သည်။[၆၈]

တွေ့ရှိရသော အထောက်အထားများမှာ စိတ်ပျက်ဖွယ်ပင်။ ရခိုင်ပြည်နယ်သည် ကချင်ပြည်နယ်ပြီးလျှင် န.ဝ.တ-န.အ.ဖ လက်ထက်၌ ဒုတိယအများဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရာဒေသဖြစ်သည်။[၆၉] သို့သော်လည်း ဒေသအနေနှင့်သော်လည်းကောင်း၊ ဒေသခံပြည်သူတို့ အနေနှင့်သော်လည်းကောင်း အကျိုးကျေးဇူးဟူ၍ မမြင်ရပါ။ န.အ.ဖ လက်ထက်တွင် နိုင်ငံတကာ အဖွဲ့အစည်းများ ဖြစ်ကြသော AZG Ärzte ohne Grenzen နှင့် ရောဂါသုံးမျိုး ရံပုံငွေအဖွဲ့ Three Diseases Fund အစရှိသည်တို့ကို ရခိုင်ပြည်နယ်တွင် လူသားချင်း စာနာထောက်ထားမှုအကူအညီများ ပေးအပ်ရန် ခွင့်ပြုခဲ့ကြသည်။ သို့ရာတွင် ဤနယ်မြေမှာနိုင်ငံ၏ အခြားဒေသများနှင့်စာလျှင် လူမှုရေးအဆင့်အတန်း၊ ကျန်းမာရေးအဆင့်အတန်း ညွှန်းကိန်းများအားဖြင့် အဆင်းရဲဆုံးထဲတွင် ပါဝင်နေသေးသည်။ ၄င်္ဂျား ဖြစ်ပွားမှုနှုန်း အမြင့်ဆုံး ပြည်နယ်လည်းဖြစ်သည်။[၇၀] မင်းပြားမှ ALD ပါတီက ရွေးကောက်ခံအမတ် ဦးထွန်းဝင်း က သတိပေးခဲ့ဖူးသည်မှာ

> "ဒီမှာဆေးဆရာဝန်၊ ဆေးရုံတွေ လုံလုံ လောက်လောက် မရှိဘူး။ စာသင်ကျောင်းတွေ ဆရာ၊ဆရာမတွေ လုံလုံ လောက် လောက် မရှိဘူး။ ကျောင်း သား တွေ အတွက် အထောက်အပံ့ ဆိုတာလည်း ဖြစ်ဖြစ် မြောက်မြောက် မရှိဘူး။ သဘာဝခါတ်ငွေ့ကရတဲ့ ငွေကိုကျတော့ နေပြည်တော်ကို ဆောက်ဖို့အတွက်၊ လက်နက်တွေ ဝယ်ဖို့အတွက် သုံးနေတယ်။ ကုမ္ပဏီတွေအနေနဲ့ ဒီစီမံကိန်းတွေကို ဆက်လုပ်မယ်ဆိုရင် သူတို့ အနေနဲ့ စစ်အစိုးရကို အထောက်အပံ့ တိုက်ရိုက်ပေးတာပဲဖြစ်တယ်။ ပြည်သူတွေ အတွက်တော့ ကောင်းကျိုးဖြစ် လာစရာ အကြောင်းမရှိဘူး။"[၇၁]

စိုးရိမ်မကင်းဖြစ်ကြရသည့် နိုင်ငံတကာ စီမံကိန်းကြီးများမှာ တရုတ်မှ ရေနံနှင့် သဘာဝခါတ်ငွေ့ ပိုက်လိုင်းများ သာမကပါ။ ကုလားတန်မြစ်ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်းကိုလည်း အိန္ဒိယအစိုးရနှင့် န.အ.ဖအစိုးရအုပ်ချုပ်ရေး၏ နောက်ဆုံးနှစ်များတွင် သဘောတူခဲ့ကြသည်။ ၂၀၀၀ ခုနှစ်တွင် စတင်ခဲ့သော ထိုစီမံကိန်း၌ စစ်တွေကို ကုန်သွယ်ရေးဆိပ်ကမ်းအဖြစ် နေရာချပြီး ကုန်သွယ်ရေးလမ်းကြောင်း နှစ်ခုအဖြစ် ကလကတ္တားသို့ ပင်လယ်လမ်းမှလည်းကောင်း ၊ အိန္ဒိယ အနောက်မြောက်ပိုင်းသို့ ကုလားတန်လွင်ပြင်ကို ကုန်းလမ်းဖြင့် ဖြတ်သန်း၍လည်းကောင်း ကုန်သွယ်ရေးချဲ့ထွင်ရန် ပါရှိသည်။ အိန္ဒိယအစိုးအရအတွက်မူ အကျိုးကျေးဇူးမှာ ရှင်းပါသည်။ ကာလကတ္တားမှ မီဇိုရမ်သို့သွားရသော ခရီးစဉ်ကို ရက်ပေါင်းများစွာ အချိန်ချုံ့ပစ်လိုက်နိုင်မည်။ သို့သော် သုံးနိုင်ငံနယ်ခြား ဆုံရပ်မှာ ပဋိပက္ခဇုန် ဖြစ်နေသေးရာ ထိုကဲ့သို့သော စီမံကိန်း အကြီးစားများကို အမှန်တကယ် ငြိမ်းချမ်းပြီး ပြုပြင်ပြောင်းလဲမှုများ စစ်စစ်မှန်မှန် ပေါ်ပေါက်လာသည့် အချိန်မျိုးမှသာ စဉ်းစားသင့်သည့် စီမံကိန်းများ ဖြစ်ကြသည်ဟု အတိုက်အခံ ခေါင်းဆောင်များက ဆင်ခြင်မိကြသည်။

ပိုက်လိုင်းများနှင့် နှီးစာလျှင် ကုလားတန်မြစ်ဘက်စုံစီမံကိန်းက အကောင်အထည်ဖော်ရာတွင် ပိုနေးသည်။ သို့သော် စီမံကိန်းကို ကြေညာပြီးသည့်နောက်ပိုင်းတွင် ဒေသခံပြည်သူတို့၏ မနှစ်မြို့မှုများ တိုးလာခဲ့သည်။ ရခိုင်ပြည်နယ်၏ အနာဂတ်တွင် ရေရှည်သက်ရောက်မှုရှိမည့် ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြသည်မှာ မြန်မာ၊ တရုတ် နှင့် အိန္ဒိယအစိုးရများ ဖြစ်ကြသည်။ သို့သော်အများပါဝင်နိုင်သော နည်းလမ်းဖြင့်ဒေသခံနှင့် တိုင်ပင် ဆွေးနွေးခြင်းများ မပြုခဲ့ကြပါ။ထို့ပြင် ရခိုင်ပြည်နယ်သည် ဗဟိုအစိုးရနှင့် အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးအကျိုးအမြတ်များအတွက် ကုန်းတွင်းစကြံ် တစ်ခုအဖြစ် အသုံးချ

ခံရခြင်းသာ ဖြစ်မည်ဟူသော အယူအဆက အာရကန်တွင် ပိုမိုကျယ်ပြန့်လာသည်။[၇၂] ရွှေသဘာဝဓါတ်ငွေ့ လှုပ်ရှားမှု အဖွဲ့၏ အဆိုအရ စီမံကိန်းအသစ်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကိုသာ ပို၍တိုးစေနိုင်ပြီး စစ်တပ်က တိုင်းပြည်ကို ခါးစာခံကဲ့သို့ ချုပ်ထားနိုင်သည့် အစွမ်းအစ ကို ပို၍မြှင့်တင်ပေးရာ ရောက်ကြောင်း ပြောကြားခဲ့သည်။[၇၃]

ဤသို့အမျက်ဒေါသများ ပိုမိုတိုးပွားလာချိန်တွင် အာရကန်၏ အမျိုးသားရေးလမ်းစဉ်ကို အားအကောင်း ဆုံး ကိုင်လှုပ်နိုင်ခဲ့သော ခြောက်ကြိမ်မြောက် ကြိုးပမ်းမှု တစ်ရပ်မှာ န.အ.ဖ အုပ်ချုပ်သည့် နောက်ဆုံးနှစ်များတွင် ဖြစ်ပေါ်ခဲ့ပေသည်။ ထိုအရာမှာ လက်နက်ကိုင်လှုပ်ရှားမှု အသစ်တစ်ခုဖြစ်သည်။ ၂၀၀၉ခုနှစ် ဧပြီလတွင် "ရက္ခိုင့် တပ်မတော်" (နောက်ပိုင်းတွင် ရက္ခိုင့်တပ်တော် ဟု လည်းခေါ်) လက်နက်ကိုင် လှုပ်ရှားမှုတစ်ရပ်ကို လူငယ် ၂၆ ဦးပါဝင်သော အဖွဲ့တစ်ခုက မြန်မာနိုင်ငံမြောက်ဖျားပိုင်း တွင် ကြေညာခဲ့သည်။[၇၄] ၎င်း၏နိုင်ငံရေး မျက်နှာစာကိုမူ ရခိုင့်အမျိုးသားအဖွဲ့ချုပ် "The United League of Arakan ULA" ဟုအမည်ပေးထားသည်။ ဦးထွန်းမြတ်နိုင် ဦးဆောင်သော ထိုလှုပ်ရှားမှုအသစ်မှာ လူငယ်များ ကြားတွင် ထောက်ခံမှု လျင်မြန်စွာရရှိလာသည်။ အပြင်ပန်းမှ ကြည့်လျှင် ULA သည် ယခင်က ပေါ်ပေါက်ခဲ့သော လက်နက် ကိုင် လှုပ်ရှားမှုများနှင့် ကွာခြားသည်။ ရခိုင်အမျိုးသား ရေးကို အဓိကထားပြီး ယခင်က တပ်များကဲ့သို့ သဘော တရားရေးရာနှင့် ယုံကြည်မှုအပေါ် အခြေခံသော လမ်းစဉ် ကို မကျင့်သုံးပေ။ အဖွဲ့၏ ခေါင်းဆောင်များထဲတွင် ယခင် ကျောင်းသားများ ၊ ပြည်ပတွင်ခိုလှုံခဲ့သူများနှင့် နယ်စပ်ရှိ အခြား အစိုးရအတိုက်အခံ လှုပ်ရှားမှုများတွင် အတွေ့အကြုံ ရှိနှင့်ပြီးသော တက်ကြွလှုပ်ရှားသူများ ပါဝင်သည်။[၇၅]

လွန်ခဲ့သောနှစ်နှစ်ဆယ်အတွင်း အလုပ်လက်မဲ့ ရခိုင်လူငယ်များ အလုပ်ရှာဖွေရန် ထွက်ခွာခဲ့ရသော ကချင်ပြည်နယ်ရှိ KIO အပစ်အခတ်ရပ်စဲရေး အုပ်စုများ၏ နယ်မြေထဲတွင် ULA ၏ စစ်ရေးလှေ့ကျင့်မှုများကို စတင် ခဲ့ကြသည်။ ဖားကန့်ကျောက်စိမ်းတွင်းများသည် အစိုးရ၊ ခရိုနီလုပ်ငန်းရှင်များနှင့် တရုတ်စီးပွားရေးသမားများ၏ အကျိုးစီးပွားများ ရောယှက်နေသော အမြတ်အစွန်းများ လှသည့် လုပ်ငန်းများ ဖြစ်ကြပြီး ရခိုင်သားတို့အတွက် အလုပ်အကိုင်ရှာဖွေရာ အဓိကနေရာ တစ်ခုဖြစ်လာခဲ့သည်။[၇၆] အဖွဲ့ကို တည်ထောင်ရန် စတင်ပြင်ဆင်ရာတွင် ULA၏ ခြေလှမ်းများမှာ ယခင်ရခိုင်လက်နက်ကိုင် လှုပ်ရှားသူများ ဖြစ်ကြသော AIO, ALP နှင့် ABSDF (ရခိုင်မြေ) တို့၏ ခြေရာကိုနင်းကာ ယခင်အခြားလူမျိုးစုတပ်များ လှုပ်ရှား ခဲ့သော နယ်မြေများပေါ်တွင် စတင်လှုပ်ရှားခဲ့ကြသည်။ ဆယ်ခုနှစ် တစ်ခုအတွင်း ULA ၏ခြေလှမ်းများက ပိုမို မြန်ဆန်ခဲ့သည်ဟု ဆိုနိုင်သည်။

သမိုင်းအချိုးအကွေ့တစ်ခု ဖြစ်ချိန်တန် လာသော အခါအခြားအချက်နှစ်ခုကလည်း ULA၏ နိုင်ငံရေး လှုပ်ရှား မှုများကို အထောက်အပံ့ပေးခဲ့သည်။ ပထမအချက်မှာ ဒစ်ဂျစ်တယ် ဆက်သွယ်ရေးခေတ်သစ်သို့ ရောက်လာသော အခါ ULA ခေါင်းဆောင်များအနေနှင့် ဆိုရှယ်မီဒီယာနှင့် ခေတ်မီနည်းပညာများကို အသုံးပြုလာနိုင်သည်။ များမကြာ မီနှစ်များတွင် စစ်အုပ်ချုပ်ရေးအောက်တွင် နှစ်ပေါင်း၅၀ နေခဲ့ရပြီးနောက် အပြောင်းအလဲကို ဆာလောင်တောင့်တ နေပြီးဖြစ်သော လူငယ်များကြားတွင် ပါတီ၏ နုပျိုမှု၊ ခေတ် ရေစီးကြောင်းနှင့်အတူ လိုက်ပါနိုင်မှုများကြောင့် ရေပန်း စားလာခဲ့သည်။ ယခင်က ရှိခဲ့သောအဖွဲ့များနှင့် မတူ သည်မှာ ULA ၏ ထောက်ခံသူများသည်ငင်းတို့၏ နိုင်ငံ ရေးသတင်းစကားများကိုလျင်မြန်စွာ ဖြန့်ချိနိုင်ကြသည်။[၇၇] ဒုတိယ တစ်ချက်မှာ လှုပ်ရှားမှု စတင်လာခဲ့ချိန်မှာ ကချင် ပြည်နယ်တွင် အပစ်အခတ် ရပ်စဲထားသည့် အချိန်ဖြစ် ခဲ့သော်လည်း အရှေ့မြောက်ပိုင်းမှာ မကြာမီပင် ကြမ်းတမ်း သောတိုက်ပွဲများတွင် ညှပ်မိတော့မည့် အနေအထားဖြစ်ရာ ULA ၏လူငယ် လေ့ကျင့်ရေးတပ်သားများသည် တိုက်ပွဲ နှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။ အချိန်တို အတွင်းမှာပင် ULA ၏ ရခိုင့်တပ်မတော်မှာ စစ်မြေပြင်အတွက် အဆင်သင့် ဖြစ်နေသော တပ်များဖြစ်လာခဲ့သည်။

အစောပိုင်းတွင် ၎င်းတို့၏ လှုပ်ရှားမှုကို မီဒီယာ များက များစွာသတိမထားမိခဲ့ကြပေ။ ထိုအချိန်တွင် ULA ပေါ်ထွက်လာမှုကို န.အ.ဖ ၏ အစိုးရ အကူးအပြောင်း အစီ အစဉ်များကအရိပ်ထိုးနေဟန်ရှိသည်။ နာဂစ် ဆိုင်ကလုန်း အပြီးတွင် အစိုးရပြောင်းလဲရေးမှာ နိုင်ငံတကာသံခင်း တစ်မန်ခင်းတွင် ရေပန်းစားသော စကားတစ်ခွန်းဖြစ်ခဲ့သည်။ KIO သည်လည်း ULA အနေနှင့် ကချင်တို့၏ နယ်မြေထဲတွင် နိုင်ငံရေးလှုပ်ရှားမှု အဖြစ်ပေါ်ထွက်လာခြင်းနှင့် ပတ်သက်၍ သတိရှိခဲ့သည်။[၇၈] ရခိုင်ပြည်နယ်အတွင်း၌ လူမှုဘဝ အရွေ့ များက တူရူပေါင်းစုံသို့ ရွေ့လျားနေကြသည်။ စစ်အစိုးရ အောက်တွင် နှစ်နှစ်ဆယ်ကျော်ထပ်ပြီး နေထိုင်ခဲ့ပြီးနောက် နိုင်ငံရေး တက်ကြွလှုပ်ရှားများ တစ်ဖန်နိုးထလာပြန်သည်။ "ရက္ခိုတလမ်းစဉ်" ဟူသော ပင်မဒဿနကို အခြေခံကာ ULA က ရခိုင်၏ ပိုဆိုးလာသောအခြေအနေကို ဤသို့ထောက်ပြ ခဲ့သည်။

> "ဗမာကိုလိုနီအုပ်ချုပ်ရေးနှင့် လူမျိုးရေး ခွဲခြား ဆက်ဆံ သောအစိုးရများ လက်အောက်တွင် အာရကန် လူမျိုးများသည် ဆင်းရဲခြင်း၊ တန်းတူညီမျှမရှိခြင်း၊ ငတ်မွတ်ခြင်းများဖြင့် အဆိုးကျော့သံသရာထဲသို့ ရောက်ရှိသွားခဲ့ပြီး အာရကန်သည်လည်း မြန်မာနိုင်ငံ တွင် အဆင်းရဲဆုံးပြည်နယ် တစ်ခုဖြစ်လာခဲ့ သည်။

ဆင်းရဲဒုက္ခ ကြီးမားလှသောအဖြစ်များ ကြေကွဲစရာများက အာရကန်လူငယ်များကို ရွေးချယ်စရာမရှိသော ဘဝသို့ တွန်းပို့လိုက်ပြီး အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးကို စတင်စေတော့သည်။"[78]

ထိုကဲ့သို့သော တော်လှန်ရေးစကားများကို ရခိုင်ပြည်နယ်မှ လက်နက်ကိုင် လူပ်ရှားမှုများစွာက အကြိမ်ပေါင်းများစွာ ပြောခဲ့ကြဖူးပါပြီ။ အစောပိုင်းတွင် ထိုကဲ့သို့သော စကားမျိုးကို အစိုးရအရာရှိများက လှောင်ပြောင်ခဲ့ကြသော်လည်း အခြားသောတပ်ဖွဲ့ဟောင်းများက ဆက်လက်ရပ်တည်ရန် ရုန်းကန်နေရချိန်တွင် ULA လူပ်ရှားမှု အသစ်သည် ရခိုင်အမျိုးသားရေးလူပ်ရှားမှုများကို အသစ်တစ်ဖန် လူပ်နှိုးခဲ့ပြန်သည်။ တစ်ချိန်တည်းတွင်ပင် မေလျော့ခံဖြစ်လုနီးပါး ရိုဟင်ဂျာ အကျပ်အတည်းကလည်း ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင် ဆက်လက်ဖြစ်ပေါ်နေသည်။ မွတ်ဆလင်လူငယ်များစွာသည် နေရပ်ကို စွန့်ခွာနေကြသည်။ များမကြာမီတွင် ရခိုင်ပြည်နယ်သည် ဆယ်စုနှစ်များစွာအတွင်း မမြင်ခဲ့ရဖူးသည့် အတိုင်းအတာဖြင့် ပဋိပက္ခအရှိန်များ တောက်လောင် လာတော့မည် ဖြစ်သည်။

ဤကာလမှာ မုန်တိုင်းမလာမီကလေး ရာသီဥတုအေးချမ်းနေသော နောက်ဆုံး အချိန်နာရီများနှင့်သာ တူပါသည်။ ထိုအချိန်တွင် ULA ၏ အမည်မှာ ပြင်ပတက်ကြွ လူပ်ရှားသူများ အသိုင်းအဝိုင်းတွင် မသိသလောက်ပင်ဖြစ်သည်။ ရက္ခိုင့်တပ်တော်က တိုက်ခိုက်မှုများ မစတင်မီအတွင်း မြန်မာနိုင်ငံရေး၌ အရေးကြီးသော အပြောင်းအလဲကြီးတစ်ခုဖြစ်ပေါ်လာလေပြီ။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် န.အ.ဖ ဗိုလ်ချုပ်များသည် ၂၀၁၁ တွင် ရာထူးမှ အနားယူကြပြီး အရပ်သားတစ်ဝက်တစ်ပျက် အုပ်ချုပ်သော စနစ်သစ်ကို စတင်ရန်စီစဉ်နေပြီ ဖြစ်သည်။ ဤသို့ ဆောင်ရွက်ရန်လည်း ၁၉၄၈ လွတ်လပ်ရေးကတည်းက ယခုအချိန်အထိ ပြဋ္ဌာန်းခဲ့သော တတိယမြောက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မိတ်ဆက်ခဲ့သည်။ နှစ်ပေါင်း ၂၀ ကြာဖိနှိပ်ခဲ့ပြီးနောက် ရွေးကောက်ပွဲ နိုင်ငံရေးမှာ ပြန်လည် လူပ်ရှား သက်ဝင်တော့မည်ဖြစ်သည်။

၂၀၀၈ အဖွဲ့အစည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၂၀၁၀ အထွေထွေရွေးကောက်ပွဲ

အပျက်အစီးများလှသော နာဂစ်ဆိုင်ကလုံးမုန်တိုင်း အပြီးတွင် နိုင်ငံရေးအပြောင်းအလဲများ လျှင်မြန်စွာ အရှိန်ရလာခဲ့သည်။ န.အ.ဖ သည် နိုင်ငံရေးစနစ်အသစ်ကို စတင်ရန် ဆက်လက်ဆောင်ရွက်နေချိန်တွင် ရခိုင်ပြည်နယ်အနေနှင့် များများမမျှော်လင့်ထားခဲ့ပေ။ ၂၀၀၈ ခုနှစ်တွင် အမျိုးသားညီလာခံက ၁၅ နှစ်အကြာတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲခြင်းကို အဆုံးသတ်ခဲ့ပေပြီ။ သို့သော် တပ်မတော်၏လက်ထဲတွင် အာဏာကို သုံးနိုင်ခွင့်များ ဆက်လက်ကျန်ရှိအောင် ပြင်ဆင်ထားခဲ့သည်။ အမျိုးသား နိုင်ငံရေးတွင် တပ်မတော်က ဦးဆောင်သူအဖြစ် နေရာယူထားသည်။ (ပြည်ထဲရေး၊ ကာကွယ်ရေးနှင့် နယ်စပ်ဒေသရေးရာ) ဝန်ကြီးဌာနသုံးခုကို တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင် ဆက်လက်ထားရှိမည်ဖြစ်ပြီး ဥပဒေပြုရေးအာဏာရှိသော လွှတ်တော်၏ အဆင့်သုံးရပ် (အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်တိုင်းဒေသကြီးလွှတ်တော်) များမှ ပုံသေအမတ်နေရာ ၂၅ ရာခိုင်နှုန်းကို တပ်မတော်က ခန့်အပ်ထား သူများကရယူမည်ဖြစ်သည်။

အပြင်ပန်းတွင် နိုင်ငံရေး အခင်းအကျင်းထဲ၌ ထင်ရှားသော အပြောင်းအလဲများစွာ ဖြစ်ပေါ်လာမည်ဟု ထင်စရာရှိသည်။ ဗမာအများစုနေထိုင်ရာ ဒေသများကို "တိုင်း" ဟုခေါ်တွင်မည့်အစား "တိုင်းဒေသကြီး" ဟုအမည်ပြောင်းလဲခဲ့ပြီး လူမျိုးစုများ၏ "ပြည်နယ်" ခုနှစ်ခုကိုမူ ပြည်နယ်ဟု ဆက်လက်ခေါ်ဝေါ်စေသည်။ သို့သော်အသစ်ထွက် ပေါ်လာသော ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေသစ်များတွင် စစ်ကိုင်းတိုင်းအတွင်းရှိ နာဂ၊ ဓနု၊ ကိုးကန့်၊ ပလောင် (တအာင်း)၊ ပအိုဝ်နှင့် ရှမ်းပြည်နယ်ရှိ ဝလူမျိုးများအတွက် နယ်မြေများ ပါဝင်ခဲ့သည်။ အခြား အသစ်ဖန်တီးမှု တစ်ရပ်မှာ ပြည်နယ်နှင့် တိုင်းလွတ်တော်များ၌ လူမျိုးစုတစ်ခုတွင် လူဦးရေ ၅၁,၄၀၀ ဦးထက်ကျော်သော တိုင်းရင်းသားမျိုးနွယ်စုများအတွက် အမတ်နေရာ "၂၄" နေရာကို သီးသန့်ထားရှိသည်။[79] ထိုအမတ်နေရာများထဲမှာပင် တိုင်းရင်းသားရေးရာဝန်ကြီးများ ဖြစ်လာကြသည်။ သို့သော် ဤနေရာတွင် အတိုင်အဖောက်မညီသော ကိစ္စများလည်း ရှိကြသည်။ ဥပမာ - ရခိုင်လူမျိုးများ အတွက်နေရာကို ဧရာဝတီ၊ ရန်ကုန်တိုင်းဒေသကြီးများတွင် ချန်လှပ်ထားသော်လည်း ကချင်ပြည်နယ်တွင်မူ မတွေ့ရပေ။ အလားတူပင် အံ့သြစရာကောင်းသည်မှာ ရခိုင်ပြည်နယ်တွင် လူမျိုးများအတွက် အမတ်နေရာများ သတ်မှတ် အချိုးဖြင့် ထားရှိသော်လည်း ကမန်များ၊ ရိုဟင်ဂျာများနှင့် အခြားမွတ်ဆလင်နှင့်နွယ်သော အစုအဖွဲ့များအတွက် နေရာသတ်မှတ်ပေးခြင်း မရှိပါ။ "မေယုနယ်ခြားအုပ်ချုပ်ရေး" ဟုပေးမည်ဟူသော အယူအဆကိုလည်း ပြန်လည် ဖော်ထုတ်လာခြင်းမရှိပါ။

ရခိုင်ပြည်နယ်ရှိ နိုင်ငံရေး လူပ်ရှားသူများကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်က အကျပ်ရိုက်စေသည်။ အခြေခံအားဖြင့် အနာဂတ်တွင် ပေါ်လာမည့်နိုင်ငံရေး စနစ်သစ်မှာ ဖယ်ဒရယ် (သို့မဟုတ်) ပြည်ထောင်စုစနစ် ဖြစ်ရမည့်အစား "တစ်ပြည်ထောင်" စနစ်သာဖြစ်ပြီး နိုင်ငံရေး

အာရကန် လက်နက်ကိုင်လှုပ်ရှားမှုများ အစဉ်ပြဇယား[၈၀]

ရခိုင်ပြည်ကာကွယ်ရေးတပ်မတော် (ADA)	၁၉၄၂ - ၁၉၄၅
ရခိုင်ပြည်သူ့လွတ်မြောက်ရေးပါတီ (APLP)	၁၉၄၅ - ၁၉၅၈
ဗမာပြည်ကွန်မြူနစ်ပါတီ (အလံနီ) (CPB- Red Flag)	၁၉၄၅ - ၁၉၉၂
ဗမာပြည်ကွန်မြူနစ်ပါတီ (အလံဖြူ၊ ရခိုင်ပြည်) (CPB- White Flag-Arakan)	၁၉၄၅ - ၁၉၉၇
ပြည်သူ့ရဲဘော်အဖွဲ့၊ ပြည်သူ့ရဲဘော်ပါတီ (PVO)	၁၉၄၅ - ၁၉၅၈
မူဂျာဟစ်ပါတီ (Mujahid Party)	၁၉၄၇ - ၁၉၆၁
လူမျိုးစုံ တိုင်းရင်းသားများအဖွဲ့ (စစ်တွေခရိုင်) (TNO-Akyab District)	၁၉၅၇ - ၁၉၇၂
ရခိုင်ပြည်အမျိုးသားလွတ်မြောက်ရေးပါတီ (ANLP)	၁၉၆၀ - ၁၉၉၄
ရခိုင်ပြည်ကွန်မြူနစ်ပါတီ (CPA)	၁၉၆၂ - ၁၉၉၄
မူဂျာဟစ်ပါတီ/မူဆလင်(ရိုဟင်ဂျာ) အမျိုးသားလွတ်မြောက်ရေးပါတီ (MNLP)	၁၉၆၂ - ၁၉၇၃
ရိုဟင်ဂျာမျိုးချစ်တစ်ဦး (ရိုဟင်ဂျာလွတ်လပ်ရေးတပ်ဦး) (RPF/RIF)	၁၉၇၃ (၆၃) - ၁၉၈၆
မီဇိုအမျိုးသားတစ်ဦး (MNF)	၁၉၆၆ (၆၁) - ၁၉၈၆[၈၁]
ရခိုင်ပြည်လွတ်လပ်ရေးအဖွဲ့ (AIO)	၁၉၇၀ - ၁၉၈၈ (၉၄)
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)	၁၉၇၃ (၆၈) - ယနေ့ထိ
ရခိုင်ပြည်လွတ်မြောက်ရေးအဖွဲ့ (ALO)	၁၉၈၂ - ၁၉၈၈
ရိုဟင်ဂျာသွေးစည်းညီညွတ်ရေးအဖွဲ့ (RSO)	၁၉၈၂ - ယနေ့ထိ
ရခိုင်ပြည် အမျိုးသားညီညွတ်ရေးအဖွဲ့ (NUFA)	၁၉၈၅ - ၁၉၉၄[၈၂]
အာရ်ကာန်ရိုဟင်ဂျာအစွန်းရမ်းမစ်တပ်ဦး (ARIF)	၁၉၈၆ - ၁၉၉၈[၈၃]
လူမျိုးစုံ တိုင်းရင်းသားများပါတီ (ရခိုင်ပြည်) (TNO-Arakan)	၁၉၈၇ - ၁၉၉၄
ချင်းအမျိုးသားတပ်ဦး (CNF)	၁၉၈၈ - ယနေ့ထိ[၈၄]
မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ရခိုင်ပြည်) (ABSDF-Arakan)	၁၉၈၈ - ၁၉၉၅
ရခိုင့်တပ်မတော် (AA)	၁၉၉၁ - ၁၉၉၄
ရခိုင်ပြည်အမျိုးသားညီညွတ်ရေးပါတီ၊ ရခိုင်ပြည်တပ်မတော် (NUPA/AA)	၁၉၉၄ - ၂၀၁၄[၈၅]
ရခိုင်ပြည်ဒီမိုကရက်တစ်ပါတီ (DPA)	၁၉၉၄ - ၂၀၁၄
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC)	၁၉၉၅ - ယနေ့ထိ[၈၆]
အာရ်ကာန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ (ARNO)	၁၉၉၈ - ယနေ့ထိ[၈၇]
ရခိုင်ပြည်အမျိုးသားကောင်စီ၊ ရခိုင်ပြည်တပ်မတော် (ANC/AA)	၂၀၀၄ - ယနေ့ထိ[၈၈]
ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်၊ ရက္ခိုင့်တပ်တော် (ULA/AA)	၂၀၀၉ - ယနေ့ထိ
အာရကန်ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော် (ARSA)	၂၀၁၆ - ယနေ့ထိ

အတိုက်အခံပါတီများ လိုအပ်သော ဖွဲ့စည်းပုံမျိုးကို ယူထားသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ဖြစ်လာအောင် အစစ ကြိုတင်ပြင်ဆင် ဇာတ်တိုက်ထားသကဲ့သို့ဖြစ်အောင် စီစဉ်ခဲ့ကြပြီး အပစ်အခတ် ရပ်စဲထားသော ရခိုင်မှ အဖွဲ့ငယ်နှစ်ခုကို ၂၀၀၆ ခုနှစ်တွင် ပြန်စသော အမျိုးသားညီလာခံသို့ ဖိတ်ခေါ်ခဲ့သည်။ ထိုအဖွဲ့နှစ်ခုမှာ အာရကန်မှ ဗ.က.ပ အကြွင်းအကျန် အုပ်စုနှင့် NUPA ခွဲထွက်သွားသော အုပ်စုငယ်တစ်ခုတို့ဖြစ်ကြသည်။[၉၀]

ထိုအချက်မှာ အာရကန်အတိုက်အခံ အုပ်စုများအား ပို၍ပင် ဒေါသထွက်စေသည်။ ရာဂဏန်းရှိသော နိုင်ငံရေး အကျဉ်းသားများစွာမှာ ထောင်ထဲတွင် ရှိနေဆဲ ဖြစ်သည်။ အစိုးရအား မကျေမနပ် ဝေဖန်သူများ၏ အသံများကိုလည်း ပိတ်ဆို့ထားသည်။[၉၂] နောက်ထပ်ဝေဖန်သံများ ပေါ်ထွက်လာစေသည့် အကြောင်းရင်းများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို သဘောတူရန် ပြည်လုံးကျွတ် ပြည်သူ့ဆန္ဒခံယူပွဲကို တင်းကျပ်စွာ ထိန်းချုပ်မှုများဖြင့် နာဂစ်မုန်တိုင်းပြီးလျှင်ပြီးချင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့သော် USDA ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)ဟု ပြောင်းလဲလိုက်ပြီးနောက် USDP နှင့် တပ်မတော်တို့၏ နှစ်ပင်လိမ်ထားသော အင်အားစုမှာ ရွေးကောက်ပွဲအလွန် အစိုးရသစ်ကို အုပ်စိုးတော့မည် ဖြစ်ကြောင်း သေချာနေပြီဖြစ် သည်။

လုံခြုံရေးမျက်နှာစာတွင်မူ စိုးရိမ်စရာများ ပိုတိုးလာခဲ့သည်။ ၂၀၀၉ ခုနှစ် ဧပြီလတွင် န.အ.ဖသည် အပစ်အခတ်ရပ်စဲရေး အုပ်စုအားလုံးကို နယ်စပ်ကာကွယ်ရေးတပ်များ Border Guard Forces (BGFs) အဖြစ် တပ်မတော်၏ ထိန်းချုပ်မှုအောက်သို့ ဝင်ရောက်ရန် အမိန့်ပေးခဲ့သည်။ KIO နှင့် အားကောင်းသော လက်နက်ကိုင်အဖွဲ့အစည်းများက ချက်ချင်းပင် ငြင်းဆန်ခဲ့ကြသည်။ လေးလခန့် ကြာသောအခါ တပ်မတော်က ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသရှိ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် MNDAA ကို တိုက်ခိုက်ခဲ့သည်။ လူ၂၀၀ ခန့်ကျဆုံးပြီး ဒုက္ခသည်ပေါင်း ၃၇,၀၀၀ ခန့် တရုတ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ရကြောင်း ကြားရသည်။ တပ်မတော်၏ ထိုးစစ်များ မြန်မာပြည်အရှေ့မြောက်ပိုင်းတွင် အားအပြည့်ဖြင့် ပြန်လည်ထိုးစစ်ဆင်လာခြင်းကြောင့် ဖြစ်လာမည့် အကျိုးဆက်များမှာ ချက်ချင်း မထင်ရှားပါ။ ထိုအချိန်တွင် အဓိကနိုင်ငံရေးရည်မှန်းချက်မှာ ၂၀၁၀ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးနှင့် အစိုးရ စနစ်အသစ်ကို ဖော်ဆောင်နိုင်ရေးဖြစ်သည်။ ထိုဖြစ်ရပ်များအားလုံးက ကချင်ပြည်နယ်အနီး စခန်းချထားသော ULA မျိုးဆက်သစ်ခေါင်းဆောင်များ ရှေ့အနာဂတ်ခရီးအတွက် အထောက်အကူများစွာ ဖြစ်စေသော အတွေ့အကြုံများကို ပေးခဲ့သည်။ တိုက်ပွဲများကို နောင်တွင် တပ်မတော်၏ စစ်ဦးစီးချုပ် ဖြစ်လာမည့် ဗိုလ်ချုပ်မင်းအောင်လှိုင်က ဦးဆောင်ကာ အစိုးရတပ်များကို ကြီးကြပ်ခဲ့သည်။ MNDAA သည် ULA နှင့် ရင်းနှီးသော မဟာမိတ်ဖြစ်လာခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲရက် နီးကပ်လာချိန်တွင် အာရကန်မြေမှ အစိတ်စိတ်ကွဲနေသော နိုင်ငံရေး အင်အားစုများသည် ထုံးစံအတိုင်း ယခင်နိုင်ငံရေး အပြောင်းအလဲများတုန်းကကဲ့သို့ပင် စစ်အစိုးရ ပြဋ္ဌာန်းထားသည့် မိမိတို့အတွက် အခြေအနေမကောင်းနိုင်သည့် ဥပဒေပြုရေးစနစ်ကြီးကို ဆန့်ကျင်မည်လော၊ သို့မဟုတ် အစီအစဉ်အတိုင်း လိုက်ပါ ဆောင်ရွက်ကြမည်လောဟူသော မေးခွန်းနှင့် ရင်ဆိုင်ကြရသည်။

၂၀၁၀ ခုနှစ်တွင်မူ အဖြေမှာ ရှင်းရှင်းထွက်ပေါ်လာလေပြီ။ ဒီမိုကရေစီခေါင်းဆောင်များဖြစ်ကြသော ဒေါ်အောင်ဆန်းစုကြည်နှင့် SNLD မှ ဦးခွန်ထွန်းဦး တို့ကို ထိန်းသိမ်းထားဆဲကာလအတွင်း ALD သည် UNA ကဲ့သို့ပင် NLD လမ်းစဉ်ကိုလိုက်ကာ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့သည်။ မွတ်ဆလင်တို့ ထောက်ခံသော NDPHR ကလည်း ရွေးကောက်ပွဲ မဝင်ရန် ဆုံးဖြတ်ခဲ့သည်။

သို့သော်အံ့ ဩစရာကောင်းသည်မှာ ပါတီအသစ်တခုဖြစ်သော The Rakhine Nationalities Development Party RNDP က ရွေးကောက်ပွဲဝင်ရန် ရှေ့ထွက်လာခဲ့သည်။ နိုင်ငံရေးသမားဟောင်း ဒေါက်တာအေးမောင်၏ ခေါင်းဆောင်မှုအောက်တွင် RNDP သည် အာရကန်ပါတီများထက်စာလျှင် "ရခိုင်" အရေးကို ဦးစားပေးသူဟု ထင်မြင်ခဲ့ကြသည်။ အလားတူ အခြားရခိုင်များ၊ မြို့များနှင့် ကမန်များသည်လည်း ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဦးမောင်မောင်နီ ဦးဆောင်သော A National Democratic Party for Development NDPD သည်လည်း မွတ်ဆလင်ရိုဟင်ဂျာများကြား ပေါ်ပေါက်လာခဲ့သည်။ ထိုပါတီတွင် ယခင်ပိတ်ပင်ခံထားရသော NDPHR ထဲမှ ၁၉၉၀ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံခဲ့ရသူများ ပါဝင်သည်။ ဤအချိန်တွင် National Development and Peace Party (NDPP) သည် USDP ၏ ကိုယ်ပွားပါတီအဖြစ် အိမ်ခြံမြေလုပ်ငန်းရှင်ကြီး နာမည်ကျော် ဦးအောင်ဇော်မင်းက ဦးဆောင်ခဲ့သည်။ NDPD နှင့်မတူသည်မှာ ဒေသန္တရ နိုင်ငံရေးတွင် အရှိန်အဝါ ပြောပလောက်အောင် မရှိခြင်းဖြစ်သည်။[၉၃]

ဤအခြေအနေတွင် ဗုဒ္ဓဘာသာ နှင့် မွတ်ဆလင် ဆက်ဆံရေးမှာ အရေးကြီးသောအပိုင်းသို့ ရောက်လာပြန်သည်။ ရှေ့လျှောက်ဖြစ်လာခဲ့သည့် ကိစ္စများကိုကြည့်

လျှင် လုပ်ရပ်အမျိုးမျိုးနှင့် ရလဒ်အမျိုးမျိုးကို ဖြစ်စေသည့် နောက်ကွယ်က တွန်းအားများကို ထည့်သွင်းသုံးသပ်ရန် လိုပေသည်။ မမျှော်လင့်ပါပဲ ပြည်နယ်မြောက်ပိုင်းရှိ မွတ်ဆလင်များထဲတွင် အများအပြားမှာ နိုင်ငံသား ဖြစ်ခွင့် မရှိသူ သို့မဟုတ် နေရပ်မှ စွန့်ခွာနေရသော ဒုက္ခသည်များ ဖြစ်နေကြသေးသော်လည်း ရွေးကောက်ပွဲတွင် မဲပေးရန် ခွင့်ပြုလိုက်သည်။ ဤအချက်မှာ အစိုးရက USDP မဲများရေးအတွက် များစေလိုသောကြောင့် ခွင့်ပြုလိုက်ခြင်း ဖြစ်သည်ဟု ယူဆခဲ့ကြသည်။[၉၄] မွတ်ဆလင် ထောက်ခံမဲများ ရရှိရန် ယာယီ မှတ်ပုံတင်ကတ် (အဖြူရောင်ကတ်) များကို နေထိုင်ကြောင်း အထောက်အထား မရှိသူများ အတွက် ထုတ်ပေးခဲ့ကြသည်။ မွတ်ဆလင်ထဲမှ လူသိများသူ အချို့ကလည်း USDP ပါတီကိုယ်စားလှယ်များအဖြစ် ဝင်ရောက် အရွေးခံ ခဲ့ကြသည်။[၉၅]

ဤအပိုင်းမှာ USDP ကို မဲရအောင် စုပေးရန် အစိုးရက လုံ့လထုတ်ကြိုးစား နေခြင်း အစပိုင်းသာ ရှိပါသေးသည်။ နအဖ အစိုးရသည် အကူးအပြောင်း အစီအစဉ်များကို မည်သည့်အနှောင့်အယှက်မျှ မဝင်ရလေအောင် အားထုတ်ရန် စိတ်ပိုင်းဖြတ်ထားပြီးဖြစ်သည်။ ရွေးကောက်ပွဲ နီးလာသောအချိန်များတွင် NPDP အဖွဲ့ဝင်များ မကြာခဏဆိုသလို လုံခြုံရေးတပ်ဖွဲ့များနှင့် ပြိုင်ဖက် USDP ပါတီတို့၏ နှောင့်ယှက် စစ်ဆေးခြင်းကို ခံရရသည်။[၉၆] နအဖ သည် ထိုအချိန်က ရွေးကောက်ပွဲ မတိုင်ခင် ရက်များအတွင်း ရခိုင်ကမ်းရိုးတန်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သော ဂီရိမုန်တိုင်းအပြီး ရက်ရွှေ့ပေးစေ လိုက်ကြောင်း RNDP ၏ တောင်းဆိုမှုကို မလိုက်လျောခဲ့ပေ။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်များအရေ လူဦးရေ ခုနှစ်သောင်းခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ကြရပြီး လူ၁၀၀ ကျော်သေဆုံးခဲ့သည်။[၉၇] မဲရုံများ ပိတ်ပြီးသည့် နောက်ပိုင်းတွင် လည်း ကြိုတင်မဲများကို မဲရေတွက်ချိန်တွင် လိမ်လည် ထည့်သွင်းခြင်းဖြင့် USDP အတွက် မဲရလဒ် ပြောင်းအောင် ဆောင်ရွက်ခဲ့သည်ဟူသော သံသယများ ပျံနှံ့လျက်ရှိသည်။[၉၈]

ထိုသို့ အားထုတ်ခြင်းများမှာ အရာမရောက်လုပေ။ မဲရလဒ်များ ထွက်ပေါ်လာသောအခါ ၁၉၉၀ တွင် ကြုံခဲ့ရသကဲ့သို့ပင် ရခိုင်အမျိုးသားရေးစိတ်ဓါတ်များ မပျက်မကွက် ပြသခဲ့သည်။ မဲဆန္ဒရှင်များ၏ သဘောကို သိနိုင်သည်။ ALD က ရွေးကောက်ပွဲ မဝင်သောကြောင့် RNDP က ရခိုင်တွင် မဲအများစုကို အနိုင်ရခဲ့ပြီး လွှတ်တော်သုံးဆင့်စလုံးတွင် စုစုပေါင်း၃၃နေရာ အနိုင်ရရှိခဲ့သည်။ တစ်နိုင်ငံလုံးတွင် စတုတ္ထမြောက် အမတ်အရေအတွက် အများဆုံးရရှိသော ပါတီ ဖြစ်လာခဲ့သည်။[၉၉] အလားတူပင် ရခိုင်ပြည်နယ်တွင် လွှတ်တော် တွင်လည်း အား ရကျေနပ်စရာဖြစ်ခဲ့ပြီး RNDP သည် အကြီးဆုံးအမတ်နေရာ ဝေစုကို ရခဲ့ပြီး တစ်ပြည်လုံးတွင် လူမျိုးစုပါတီက အများဆုံး နေရာရသော တစ်ခုတည်းသော ပြည်နယ်ဖြစ်ခဲ့သည်။[၁၀၀] RNDP သည် ရခိုင်ရေးရာ အမတ်နေရာကိုလည်း ရန်ကုန်တိုင်း ဒေသကြီးအတွင်း ရရှိခဲ့သည်။

အခြားပါတီများအနက် NDPD က ပြည်နယ်လွှတ်တော်တွင် အမတ်နှစ်နေရာစာရရှိခဲ့ပြီး USDP ၏ ကိုယ်စားလှယ်လောင်းများ အဖြစ် အခြားမွတ်ဆလင် အမတ်ငါးဦးမှာ ဥပဒေပြု လွှတ်တော်အဆင့်သုံးခုစီသို့ အသီးသီးရောက်ရှိခဲ့သည်။[၁၀၁] USDP ၏ ပါလီမန်အမတ်များတွင်ရှိဟင်ဂျာဟု မှတ်ယူထားသော မွတ်ဆလင်ခေါင်းဆောင်ဦးရွှေမောင်နှင့် စီးပွားရေးလုပ်ငန်းရှင် ဦးအောင်ဇော်ဝင်းတို့ ပါဝင်ခဲ့သည်။ ထို့ပြင် USDP သည် ရခိုင်ပြည်နယ်၏ ချင်းလူမျိုးစုရေးရာ ဝန်ကြီးနေရာကိုလည်းကောင်း ဧရာဝတီတိုင်းဒေသကြီး၌ ရခိုင်အမတ် နေရာကိုလည်းကောင်း ရရှိခဲ့သည်။ အပြင်ပန်းအမြင်တွင် ထိုမဲရလဒ်များမှာ ရှုပ်ထွေးသည်ဟု ထင်ရသည်။ သို့သော် ၁၉၉၀တုန်းက ကဲ့သို့ပင် ရခိုင်လူမျိုးများ၏ နိုင်ငံရေး မျှော်မှန်းချက်များနှင့် ယဉ်ကျေးမှု စုံလင်ခြင်းများကို ကိုယ်စားပြုသော ရလဒ် ဖြစ်နေပေသည်။

ရွေးကောက်ပွဲ ပြီးသည့်နောက်ပိုင်းတွင် ပြန်လည် သုံးသပ်ခြင်းများစွာ ပေါ်ထွက်လာခဲ့သည်။ နအဖ နိုင်ငံရေးစင်မြင့်ပေါ်မှ အနားယူသွားပြီး လက်ရှိတွင် အဓိက နိုင်ငံရေး အင်အားစုမှာ USDP နှင့် တပ်မတော်တို့ အတွဲသာ ကျန်ရစ်သည်။ ယခင်ကဗိုလ်ချုပ်၊ ယခုသမ္မတဖြစ်လာသော ဦးသိန်းစိန်သည် အနားယူသွားခဲ့သော နအဖ ၏ ဝန်ကြီးချုပ်လည်း ဖြစ်ခဲ့သေးသည်။ မည်သို့ပင်ဖြစ်စေ ရခိုင်ပြည်နယ်တွင်ရှိသော ခေါင်းဆောင်များ စွာသည် ရွေးကောက်ပွဲရလဒ်ကို အလေးအနက် ခံစားမနေခဲ့ကြပါ။ ရာစုနှစ်တစ်ဝက်ခန့် မျှ စစ်အုပ်ချုပ်ရေးအောက်တွင် နေထိုင်ခဲ့ပြီးနောက် ယခုအခါ နိုင်ငံရေးစင်ပေါ်တွင် လှုပ်ရှားမည့်သူအများအပြား ပေါ်ပေါက်လာကြသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ တက်ကြွလှုပ်ရှားမှုများလည်း အသစ်အသစ် ထွက်ပေါ်လာကြသည်။ RNDP နှင့် ULA တို့သည် အာရကန် အမျိုးသားရေးအတွက် မတူညီသော လမ်းကြောင်းပေါ်မှ လှုပ်ရှားကာ အားသစ်လောင်းနေကြပြီ။

သို့သော် အခြေအနေဆိုးလာနိုင်သည့် အရိပ်အခြေများကိုလည်း ရခိုင်ပြည်နယ်တွင်မြင်နေရပြီ ဖြစ်သည်။ ရခိုင်ပြည်နယ်သည် ပေါက်ကွဲလာတော့မည့် ပဋိပက္ခနှင့်များ စွာနီးကပ်လာသည့် အစွန်းတစ်နေရာတွင် ရပ်မိနေလျက်သားဖြစ်ပြီး နှစ်အနည်းငယ်အတွင်း၌ ဤနယ်မြေထဲမှ မွတ်ဆလင်အများစု အစုလိုက်အပြုံလိုက် တိုင်းတပါးသို့ ထွက်ခွာသွားရခြင်း ၊ အိုးအိမ် စွန့်ခွာထွက်ပြေးရသည့် ဒုက္ခသည်များ ဖြစ်လာကြတော့မည်။ ၂၀၁၀ရွေးကောက်ပွဲ

သည် မွတ်ဆလင်အမတ်များနှင့် နိုင်ငံရေးပါတီများရွေးကောက်ပွဲပါဝင်နိုင်ခဲ့သော နောက်ဆုံးရွေးကောက်ပွဲ ဖြစ်သည်။ ထိုအချိန်တွင် တရုတ်နှင့်အိန္ဒိယတို့ကလည်း ပထဝီနိုင်ငံရေးအရ လွှမ်းမိုးရန်နှင့် စီးပွားရေးအကျိုးအမြတ်များရရှိရန် မူဝါဒများတွင် ရခိုင်ပြည်နယ်ကို အလေးအနက်ထား ထည့်သွင်းပြီး အစီအစဉ်များကို အကောင်အထည်ဖော်ရန် တွန်းတွန်းတိုက်တိုက် ဆောင်ရွက်နေကြသည်။ စစ်တွေ ၊ကျောက်ဖြူ၊ မြောက်ဦးနှင့် ငပလီအစရှိသည့် တစ်ချိန်က အိပ်ပျော်နေသလို အေးဆေးခဲ့သော အာရကန်၏ ဒေသများမှာ မကြာမီပင် နိုင်ငံတကာ အဆင့်တွင် အကျွမ်းတဝင်ရှိကြသော အမည်များ ဖြစ်လာကြသည်။

ပြင်ပနှင့် အဆက်အဆံနည်းနည်းဖြင့် ရာစုနှစ်တစ်ဝက်ကြာအောင် အထီးကျန်နေခဲ့ခြင်းများမှာ မကြာမီ အဆုံးသတ်တော့မည်။ ဤတစ်ကြိမ် အဆုံးသတ်ရာတွင်လည်း စစ်အစိုးရသည် နက်ရှိုင်းစွာ အမြစ်တွယ်နေသော မြန်မာနိုင်ငံရှိ ပဋိပက္ခများနှင့် လူမျိုးစုနိုင်ငံရေး စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်ခဲ့ခြင်း မရှိသေးပေ။ ရခိုင်ပြည်နယ်သည် ယခင်ကကဲ့သို့ နိုင်ငံတကာ၌ ထင်ရှားစွာရှိသည့် အနေအထားကို ပြန်လည် ရောက်ရှိတော့မည်။ သို့သော် အနိုင်အထက်ပြိုင်ဆိုင်မှုရှိသော အုပ်ချုပ်ရေး၏ ခေတ်တစ်ခေတ်၏ စလုံးရေးစလာသော အချိန်မျိုး ဖြစ်ပေသည်။



ကုလားတန်စီမံကိန်း စစ်တွေ ဆိပ်ကမ်းတိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်နေစဉ် (TK)

၆။ အရပ်သားတစ်ပိုင်းအုပ်ချုပ်ရေး သမ္မတဦးသိန်းစိန်လက်ထက် (၂၀၁၁-၂၀၁၆)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ၂၀၁၁ ခုနှစ်မတ်လတွင် ဖျက်သိမ်းသွားပြီး သည့်နောက်တွင် ဦးသိန်းစိန်၏ အစိုးရနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းတွင် ယေဘုယျအားဖြင့် အပြုသဘော ဆောင်သော မှတ်ချက်များကို ပြောဆိုစပြုလာကြသည်။ ထိုပြောင်းလဲလာသော အခြေသစ်မှာ နိုင်ငံကို ပိုမိုခေတ်မီ ပြီး လွတ်လပ်သောနိုင်ငံအဖြစ် ဖွင့်ပေးရန် ကြိုးစားခဲ့သော လုပ်ရပ်များကြောင့် ဖြစ်လာသည်ဟု ဆိုရမည်။ နိုင်ငံရေး အကျဉ်းသားများကို စတင်လွှတ်ပေးခဲ့ပြီး လူမျိုးစုလက်နက် ကိုင် တပ်ဖွဲ့များနှင့်လည်း အပစ်အခတ်ရပ်စဲရေးအတွက် အသစ်တစ်ဖန်ကြိုးပမ်းလာခဲ့သည်။ ဒေါ်အောင်ဆန်း စုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၂၀၁၂ ဧပြီတွင် ကြားဖြတ်ရွေး ကောက်ပွဲဖြင့် ပါလီမန်ကိုဝင် ရောက်သွားခဲ့သည်။ ပုဂ္ဂလိက မီဒီယာများအပေါ် ဖိနှိပ် ချုပ်ချယ်ခြင်းများ လျော့ပေါ့ခဲ့ပြီး အရပ်ဘက်လူ့အဖွဲ့ အစည်း များ၏ လုပ်ကိုင်ခွင့်ကိုလည်း ဖြေလျော့ပေးခဲ့သည်။ အစိုးရက ပြုပြင်ပြောင်းလဲခြင်းများ စတင်ပြီး အရှိန်ရလာသော အခါ အနောက်နိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများကို ဖယ် ရှားပေးခဲ့ကြသည်။ သေချာသည်မှာ ရန်ကုန်နှင့် အခြား မြို့ကြီး များ တွင် အပြောင်းအလဲများက ဆောင်ကျဉ်း လာသော လွတ်လပ်မှုကို သိသိသာသာ ခံစားကြရပြီး ထိုင်းနိုင်ငံ နယ်စပ်တွင် ရာစုနှစ် တစ်ဝက်အတွင်း ပထမဆုံး အကြိမ် အပစ်အခတ်များ ရပ်စဲသွားခဲ့သည်။

ထိုအချိန်က ထည့်သွင်း မစဉ်းစား ခဲ့ကြသော အရာတစ်ခုမှာ လူမှုရေးနှင့်နိုင်ငံရေး၏ ပုံစံများ တခြားစီ ကွဲပြား သောနယ်မြေများ ရှိနေသေးသည်ကိုဖြစ်သည်။ စစ်တပ်က အုပ်ချုပ်ခဲ့သော ဆယ်စုနှစ်များအပြီးတွင် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် အချိန်ယူ ရလိမ့်မည်ဟုလက်ခံ ထားကြသည်။ သို့သော်အစိုးရသစ် အခြေကျလာချိန်တွင် နိုင်ငံရေးစနစ်သစ်ကို အလုံးစုံခွင့်လွှတ် သည်းခံ ပေးခဲ့ကြသူများအနေနှင့် မမြင်ခဲ့သောအချက် မှာ ထိုအချိန်ကဖြစ်ပေါ်နေခဲ့သော အပြောင်းအလဲများကို မခံစားနေကြ ရသူများရှိနေသည့် အချက်ကိုဖြစ်သည်။ ၂၀၁၁-စက်တင်ဘာလတွင် သမ္မတဦးသိန်းစိန်သည် တရုတ် အစိုးရက ကျောထောက် နောက်ခံပေးထားသော ကချင်ပြည် နယ်မှ မြစ်ဆုံဆည် စီမံကိန်းကို ရွှေ့ဆိုင်းခဲ့သည်။[၁] သို့ရာ တွင် မကြာမီပင် သိလာကြရသည်မှာ ထိုသို့ရွှေ့ဆိုင်း ခဲ့ခြင်းမှာ ပထဝီနိုင်ငံရေးအရွေ့တွင် ဖြစ်ခဲလှသော ခြွင်းချက် တစ်ခုဖြစ်ခဲ့ကြောင်း ကို နောင်အခါသိလာခဲ့ရသည်။ ထိုရွှေ့ဆိုင်းမှုမှာ အနာဂတ်မြန်မာနိုင်ငံတွင် ပြိုင်ဆိုင်

လာကြမည့် ပြည်တွင်းပြည်ပလုပ်ငန်းများ တစ်ကျော့ပြန်လာချိန် အစပိုင်း၌ ဖြစ်ခဲ့သော ချုံခိုတိုက်ခိုက်မှု ဖြစ်ခဲ့သည်။ တပ်မတော်က ကြီးစိုးထားဆဲအစိုးရသည် သဘာဝသယံဇာတ ထုတ်ဖေါ်ခြင်းများကို ဆက်လက်၍ ချဲ့ထွင်နေပြီး ပြင်ပမှ ရင်းနှီးမြှုပ်နှံသူများ အလောတကြီး ဝင်ရောက်လာကြချိန်တွင် မြေယာသိမ်းယူခြင်းများ[၂] မြင့်တက်လာခဲ့သည်ဟု ရပ်ရွာအခြေပြု အဖွဲ့များက ပြောကြားခဲ့သည်။ မြန်မာမြေပေါ်တွင် တွေ့လာရတော့မည့် "ကစားပွဲကြီး"မှာ စတင်သည်ဆိုရုံမျှသာရှိသေးသည်။[၃]

ဦးသိန်းစိန်၏ ငြိမ်းချမ်းရေး ကတိကဝတ် များရှိခဲ့သော်လည်း အချို့လူမျိုးစု တပ်ဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုပြီးသော နေရာများတွင် တိုက်ပွဲအသစ်များ ပြန်လည်ဖြစ်ပွားလာခြင်းကလည်း အရေးတကြီး ကိစ္စတစ်ခုပင်။ တစ်ဖန် အစိုးရစနစ် အပြောင်းအလဲများ ဖြစ်လာပြီးနောက် နယ်စပ်လူမျိုးစု ဒေသများတွင် ပဋိပက္ခနှင့် မတည်ငြိမ်မှုများက တစ်ဆက်တည်း ပြန်ဖြစ်လာပြန်သည်။ ကနဦးတွင် ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ဖြစ်သော တိုက်ပွဲများသည် ၂၀၁၁ ခုနှစ် ဇွန်လ နောက်ပိုင်းတွင် တပ်မတော်က ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် KIO ကို ထိုးစစ်များ ပြန်လည်စတင်ခဲ့သောကြောင့် အဓိကမြင့်တက်လာရခြင်း ဖြစ်သည်။[၄] သို့သော် များမကြာမီ ပဋိပက္ခများ အရှိန်လျင်မြန်စွာ ပျံ့နှံ့သွားခဲ့ပြီး မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်များ Myanmar National Democratic Alliance Army (ကိုးကန့်)နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် TNLA တို့နှင့်လည်း တိုက်ပွဲများ ပြန်လည်စတင်ခဲ့သည်။[၅] ထိုအဖွဲ့သုံးခုစလုံးမှာ ULA-ရက္ခိုင်တပ်တော်၏ မဟာမိတ်များဖြစ်ကြသည်။ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း လွတ်ပေးခဲ့ကြသည်။ သို့သော်လည်း မြန်မာနိုင်ငံရေးတွင် ထူးခြားသော အပြောင်းအလဲကို ဖြစ်စေမည့် နယ်ဆင်မန်ဒေးလားသည်လည်းကောင်း "ဘာလင်တံတိုင်း ပြိုကျမှု" သည်လည်းကောင်း ဤမြေပေါ်တွင် မပေါ်ပေါက်လာခဲ့ပါ။

ထိုအဖြစ်အပျက်များ ပေါ်ပေါက်လာနေချိန်တွင် ရခိုင်ပြည်နယ်ရှိ လူမှုရေး နိုင်ငံရေးအခင်းများမှာ တစစ မတည်ငြိမ်မှုများ မြင့်တက်လာခဲ့သည်။ ရခိုင်ပြည်နယ်တွင် လူပ်ရှားနေသူများတွင် လူသာ ကွာချင်ကွာပါမည် ပြဿနာများဖြစ်ရသော အကြောင်းအရင်းမှာ ယခင်ကနှင့် မကွာခြားပါပေ။ မညီမျှမှုများ၊ ခွဲခြားဆက်ဆံမှုများ၊ ဆင်းရဲခြင်းများ၊ လျစ်လျူရှုခံရခြင်းများနှင့် ပဋိပက္ခကြောင့် တိုးတက်မှုများ ဆုတ်ယုတ်ရခြင်း တို့မှာ မပြောင်းမလဲတည်ရှိသည်။ နအဖက အစိုးရနေရာမှ ဆင်းသွားချိန်တွင် နိုင်ငံရေးအပြောင်းအလဲများအတွက် မျှော်လင့်ချက်များရှိခဲ့ကြပါသည်။ RNDP နှင့် NDPD တို့ ၂၀၁၀ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ပြီး ဦးသိန်းစိန်၏ အပစ်အခတ်ရပ်စဲရေးမူဝါဒကို ကြေညာခဲ့သောကြောင့် အကောင်းဘက်သို့ ပိုမိုမျှော်လင့်ခဲ့ကြပြီး အမျိုးသားနိုင်ငံရေးအပြောင်းအလဲများ ဖြစ်စေသည့် နည်းလမ်းသစ်များ တွေ့ကောင်းတွေ့နိုင်လိမ့်မည်ဟု ယူဆခဲ့ကြသည်။ သို့သော် ၂၀၁၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ ထိုရည်မှန်းချက်များကို အံဝင်ခွင်ကျ ဖြည့်ဆည်းပေးနိုင်မည့် စနစ်များ မဟုတ်ကြပါ။

ထိုအချိန် နောက်ပိုင်းတွင် ဖြစ်လာခဲ့သည့် ကိစ္စများအတွက် မည်သူ့ထံ၌ တာဝန်ရှိသည်ကို ငြင်းခုံနေကြဆဲဖြစ်သည်။ ရခိုင်ပြည်နယ်သည် သမိုင်းတစ်လျှောက်တွင် ဖရိဖရဲ ကစဉ့်ကလျားအဖြစ်ဆုံး ကာလတစ်ခုကို ကြုံရတော့မည်ဖြစ်သည်။ ဤတစ်ကြိမ်တွင်လည်း ဖြစ်ကြောင်းကုန်စဉ်ကို ရှင်းပြကြရာတွင် ဇာတ်စုံခင်းပုံများ တစ်ခုနှင့် တစ်ခု မတူကြသည်ကို တွေ့ရပြန်ပါပြီ။ မြေပြင်တွင် ပေါ်ပေါက်လာမည့် အဖြစ်အပျက်များကို ဆက်လက်တွန်းအားပေးနေသော ပြဿနာပေါင်းများစွာ ပေါ်လာနေသော အချိန်ဖြစ်သည်။ လာမည့်ဆယ်စုနှစ်ထဲတွင် အဆိုးဆုံးအရေးပေါ် အခြေအနေကို ပြည်နယ်၏ မြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် ကြုံတွေ့ခဲ့ရသည်။ သို့သော် နောက်ဆက်တွဲ အကျိုးဆက်မှာ ဒေသတစ်ခုလုံး၌ မတည်ငြိမ်မှုကို ခံစားလာရသည်။ အာရကန်၏ သမိုင်းတစ်လျှောက် အဆိုးရွားဆုံး အိုးအိမ်မဲ့ထွက်ပြေးရသည့် အဖြစ်အပျက်ကြီးမှာ ကျရောက်လာတော့မည်။

၂၀၁၂ မွတ်ဆလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုများ

ယေဘုယျအားဖြင့် သမ္မတဦးသိန်းစိန်က အာဏာရယူချိန်တွင် မွတ်ဆလင်သို့မဟုတ် ရိုဟင်ဂျာများ၏ လူ့အခွင့်အရေးနှင့် အမျိုးသားရေးမှာ တိတ်တိတ် ဆိတ်ဆိတ် အနေအထားဖြစ်သည်။ ဒေသ၏ လက်နက်ကိုင် တပ်ဖွဲ့များဖြစ်သည့် Arakan Rohingya National Organization နှင့် Rohingya Solidarity Organization တို့သည် နိုင်ငံတကာတွင် ရိုဟင်ဂျာအရေးကို သတိထားမိအောင် ပြောဆိုနေကြသည်မှလွဲ၍ ငြိမ်သက်နေသည်။ တစ်ချိန်တည်းတွင် ၂၀၁၀ ရွေးကောက်ပွဲ၌ NDPD ၏ အောင်မြင်မှုနှင့် USDP က မွတ်ဆလင်မဲဆန္ဒရှင်များကို ထည့်သွင်းစဉ်းစားခဲ့သောကြောင့် ရိုဟင်ဂျာတို့က မိမိတို့၏ နိုင်ငံသားအခွင့်အရေးနှင့် လူမျိုးရေးပြဿနာ ဖြေရှင်း လာနိုင်တော့မည်ဟု မျှော်လင့်ချက်များ ထက်သန်လာသည်။ အမျိုးသား နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အလားအလာရှိကြောင်း မျှော်လင့်ချက်များကိုလည်း ၂၀၁၂ တွင် ဖြစ်ပွား

ခဲ့သော အဖြစ်အပျက်နှစ်ခုက ပို၍အရောင် တင်ပေးပြန်သည်။ အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်း တစ်ခုအနေနှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ၏ ဇန်နဝါရီလ အတွင်းက အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး စာချုပ်ကိုချုပ်ဆိုခဲ့ပြီး ဧပြီလတွင် NLD က ပါလီမန် အတွင်းသို့ ဝင်ရောက်နိုင်သည်။ ALP ကို တောက်လျှောက် ပံ့ပိုးလာခဲ့သော KNU သည်လည်း အပစ်အခတ်ရပ်စဲရေးစာချုပ်ကို သဘောတူခဲ့ရာ ALP ခေါင်းဆောင်များသည်လည်း နိုင်ငံရေးအရ သက်ဝင်လှုပ်ရှားမှု လုပ်နိုင်သည့် အခြေအနေမျိုးတွင် နောက်ကျကျန် မနေလိုပေ။ (အောက်တွင်ပါရှိသော အပစ်အခတ်ရပ်စဲရေးနှင့် အပြောင်းအလဲကာလအတွင်း စစ်ဘောင်ချဲ့ လာခြင်းကိုရှုပါ။)

၂၀၁၂ခုနှစ်မေလတွင် လူမျိုးရေးအကြမ်းဖက်မှုများ ပေါ်ပေါက်လာခဲ့ရာ ရုတ်တရက် အကျပ်ရိုက် ကုန်ကြသည်။ ပဋိပက္ခမီးတောက်မှာ ရခိုင်ပြည်နယ်အလယ်ပိုင်း ရမ်းဗြဲကျွန်းမြို့နယ်တွင် ဗုဒ္ဓဘာသာ အမျိုးသမီး တစ်ယောက်ကို မွတ်ဆလင်သုံးဦးက ဗလက္ကာယပြုပြီး လူသတ်ခဲ့သည်ဟူသော အမှုမှ စတင်ခဲ့သည်။ လာမည့် ရက်သတ္တပတ်များအတွင်း မြောက်ပိုင်းရှိ မောင်တော၊ ဘူးသီးတောင် နှင့် စစ်တွေတို့သို့ လူမျိုးရေး အဓိကရုဏ်းများ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။[6] အစပိုင်းကတည်းကပင် တိုက်ခိုက်မှုများမှာ ရခိုင် ရိုဟင်ဂျာတင်းမာမှုကို ကိုယ်စားပြုနေသည်ဟု ယူဆခဲ့ကြသည်။ သို့သော် အောက်တိုဘာလတွင် မြောက်ဦး၊ မင်းပြား၊ သံတွဲနှင့် ပြည်နယ်၏ အခြားအစိတ်အပိုင်းများသို့ ပျံ့နှံ့သွားပြီး ထိုနယ်များတွင် နေထိုင်ကြသော ကမန်များနှင့် အခြားမွတ်ဆလင်များကိုလည်း ပစ်မှတ်ထားလာကြသည်။[7] ၂၀၁၂ကုန်ဆုံးချိန်တွင် လူပေါင်း ၁၉၀ ခန့်သေဆုံးခဲ့သည်ဟု သိရပြီး အများဆုံးမှာ မွတ်ဆလင်များဖြစ်ကြသည်။ လူပေါင်း ၁၀၀,၀၀၀ ခန့်မှာ အိုးအိမ်များမှ စွန့်ခွာရကာ ဒုက္ခသည်များဖြစ်ကြရသည်။[8] (ထိုအုပ်စုတွင်လည်း မွတ်ဆလင်က အများစုဖြစ်သည်။)

အကြမ်းဖက်မှုများကို ပြန်ပြောင်းကြည့်လျှင် အစောပိုင်း လူမျိုးရေးဆန့်ကျင်မှုများကို ဗုဒ္ဓဘာသာကိုးကွယ်သော အုပ်စုများနှင့် ပါလီမန်ထဲမှ RNDP ကို ထောက်ခံသူများ ပါဝင်သော အဖွဲ့များထံမှ ရောက်လာခဲ့ပုံရသည်ဟု လူအခွင့်အရေးအဖွဲ့အစည်းများက ရေးသားကြသည်။[9] လက်နက်ကိုင် ALPက အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ခဲ့ပြီးနောက်တွင် မွတ်ဆလင် ဆန့်ကျင်ရေး အမုန်းစကားများကို နှိုးဆွပေးခဲ့သည်ဟု စွပ်စွဲချက်များရှိသည်။[10] မွတ်ဆလင်များကို မကျေနပ်သည့် အကြောင်းများထဲတွင် USDP က မွတ်ဆလင် မဲများကို အထွေထွေရွေးကောက်ပွဲအတွင်း အသုံးချနိုင်ခဲ့ခြင်းကြောင်း ရိုဟင်ဂျာများအနေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးကို ပြန်လည်တောင်းဆိုလာဦးမည်လော ဟူသော စိုးရိမ်မှုနှင့်အတူ တရားမဝင် နယ်စပ် ဖြတ်ကျော်ဝင်ရောက်လာမှုများ ရှိသည်ဟူသော စွပ်စွဲချက်များ ရှိလာသည်။ ၁၉၆၀ ကျော် ကာလများအစောပိုင်းက မွတ်ဆလင်အများစု နယ်မြေအဖြစ် မေယုနယ်ခြားအုပ်ချုပ်ရေးဟူ၍ စိတ်ကူးခဲ့ကြခြင်းကို ပြန်အမှတ်ရကြပြီး ဒုတိယကမ္ဘာစစ်အတွင်းက ဖြစ်ပွားခဲ့သော လူမျိုးစုအချင်းချင်းကြား အကြမ်းဖက်မှုများကို ထပ်မံဖြစ်ပွားမည်



ရိုဟင်ဂျာ IDP စခန်း၊ စစ်တွေမြို့နယ် (TK)

ကို စိုးရိမ်ကြောင့်ကြခဲ့ကြသည်များလည်းရှိသည်။[၁၁] (အခန်း ၂ နှင့် ၃ ကိုကြည့်ရန်။) သို့သော် မွတ်ဆလင်ဆန့်ကျင်မှုများမှာ မန္တလေးနှင့် ရန်ကုန်သို့ပါ ပျံ့သွားခဲ့သည့် အချိန်တွင် သိသာရှင်းလင်းလာသော အချက်မှာ မွတ်ဆလင်ဆန့်ကျင်ရေးလှုပ်ရှားမှုများသည် များစွာပို၍ ကျယ်ပြန့်သော မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာ အမျိုးသားရေးလှုပ်ရှားမှုများထဲမှ အစိတ်အပိုင်း တစ်ခုသာဖြစ်ကြောင်း ရှင်းလင်းလာခဲ့ကြသည်။ ၂၀၁၃ ခုနှစ်အတွင်း မွတ်ဆလင် ဆန့်ကျင်ရေး အကြမ်းဖက်မှုများ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ပေါ်ပေါက်ခဲ့ပြီ။ မြန်မာနိုင်ငံ အလယ်ပိုင်းမှ မိတ္ထီလာတွင် မွတ်ဆလင် ၄၀ ခန့် အသတ်ခံခဲ့ရသည်။[၁၂]

မွတ်ဆလင်ဆန့်ကျင်ရေး လှုံ့ဆော်မှုများ ပျံ့ပွားလာချိန်တွင် အခြားအစွန်းရောက် အမျိုးသားရေး လှုပ်ရှားသူ ရဟန်းများ ဦးဆောင်သည့်နေရာမှ အဓိကကျကျ ပါဝင်နေသည်မှာ ဦးဝီရသူနှင့် ၉၆၉ လှုပ်ရှားမှု မ.ဘ.သ သို့မဟုတ် အမျိုးဘာသာ၊ သာသနာ့ကာကွယ် စောင့်ရှောက်ရေးအဖွဲ့တို့ ဖြစ်ကြသည်။[၁၃] ယခင် စစ်အုပ်ချုပ်ရေးအောက်၌ နိုင်ငံရေးလှုပ်ရှားမှုတွင် ဗုဒ္ဓဘာသာရဟန်းများ ပါဝင်သည့် အစဉ်အလာ ကြီးမားသော်လည်း ဘာသာရေး အခြေပြု လှုပ်ရှားမှုများကို တစ်နိုင်ငံလုံးတွင် ကန့်သတ်ထိန်းချုပ် ထားခဲ့သည်။ မြန်မာနိုင်ငံရှိ အစွန်လာမ်များ၏ အစဉ်အလာ ဓလေ့ကို ရှေးရိုးဆန်သော မွတ်ဆလင်များဟု အများအားဖြင့် ယူဆကြသည်။ နိုင်ငံရေးအရ လှုပ်ရှားခွင့်ရလာသော အချိန်တွင် ဗုဒ္ဓဘာသာအစွန်းရောက်ပုဂ္ဂိုလ်များသည်လည်း မွတ်ဆလင်တို့ကို ၂၁ရာစု သုံးစကားလုံးများ ဖြစ်ကြသော "ယဉ်ကျေးမှုစစ်ပွဲ"၊ "ဂျီဟတ်ဘာသာရေးစစ်၏ ခြိမ်းခြောက်မှု" အစရှိသည့် ရှုထောင့်များမှ ဘောင်ခတ်ပြောဆိုလာကြသည်။ ဦးဝီရသူက "ပြည်တွင်း မွတ်ဆလင်များကို အစွန်းရောက်များသည် နောက်ကွယ်မှ ကြိုးဆွဲနေကြပြီး ငွေကြေးအရလည်းကောင်း၊ စစ်ရေးအရလည်းကောင်း၊ နည်းပညာပိုင်းအရလည်းကောင်း ထောက်ပံ့နေကြသည်" ဟု ပြောကြားခဲ့သည်။[၁၄]

မြန်မာနိုင်ငံခေါင်းဆောင်များသည် ဖြစ်လာသော အခြေအနေများအပေါ် တုံ့ပြန်ရာတွင်များစွာ နှေးကွေးပါသည်။ တစ်နိုင်ငံလုံးအဆင့်တွင် လည်းကောင်း၊ သက်ဆိုင်ရာ သက်ဆိုင်ရာဒေသ နယ်ပယ်အတွင်း၌လည်းကောင်း ဩဇာတိက္ကမ ကြီးမားသူတစ်ဦး တစ်ယောက်ကမျှ ခုံသမာဓိနေရာကိုယူ၍ အကြမ်းဖက်မှုများကို ရပ်တန့်သွားအောင် ဝင်ရောက်ပြောဆိုခြင်း မရှိခဲ့ကြပါ။ အစိုးရဘက်ကရော အတိုက်အခံဘက်ကပါ ခေါင်းဆောင်များ အား လုံးက အကြမ်းဖက်မှုများကို လျစ်လျူရှုခဲ့ကြသည်။ တစ်စုံတစ်ရာ အရေးယူ ဆောင်ရွက်ကြရမည့်အစား နှစ်ဘက်စလုံးက ဆိုခဲ့သည်မှာ တရားဥပဒေစိုးမိုးမှုက အရေးကြီးကြောင်း မည်သည့်ဘက်က ပါဝင်သည်မဆို ပြစ်မှုကျူးလွန်သူများအားလုံး အတူတူပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။[၁၅] ထို အချိန်တွင် ဒေါ်အောင်ဆန်းစုကြည် မည်သို့တုံ့ပြန်မည်ကို ကြည့်မိကြသူများလည်းရှိပါသည်။ သို့သော် အကူးအသန်းများလှသော နယ်စပ်ဒေသတွင် နယ်ခြားနှစ်ဖက်စလုံး အကြောက်တရားဖြင့် နေထိုင်နေကြရသူများ ရှိနေကြသည်မှာ ပြဿနာရှိနေကြောင်းသာ ၎င်းကပြောကြားခဲ့ သည်။[၁၆]

တရားဥပဒေစိုးမိုးရေးမှာ သေချာပေါက် ပြဿနာရှိနေသည်။ နဂိုကပင် မတည်ငြိမ်သော အခြေအနေထဲ၌ မီးလောင်ရာလေပင့် အဖြစ်အပျက်များမှာ အန္တရာယ်များလှကြောင်း ရပ်ရွာခေါင်းဆောင်များက သတိပေးနေကြသည်ကိုလည်း နားမလည်စရာ မရှိသော အခြေအနေဖြစ်ပါသည်။ သို့သော် ဖြစ်ပျက်ခဲ့သော အကြမ်းဖက်မှု မည်သည့် အကြောင်းများကြောင့် ပေါ်ပေါက်လာရပါသည်ဟူသော ရှင်းပြခြင်းမျိုးမှာ မည်သည့်အခြေအနေတွင်မဆို အခြေခံလူ့အခွင့်အရေးများကို ကာကွယ်ပေးရမည်ဟူသော အချက်ကို မျက်ကွယ်ပြုခြင်းဆီသို့ ရောက်ပါသည်။ နောက်နှစ်များတွင်လည်း ဤကဲ့သို့လူ့အခွင့်အရေးကို အသိအမှတ်ပြုရန် မျက်ကွက်ပြုခြင်းများက ပို၍ဆိုးရွားသော မြေပြင်အခြေအနေများဆီသို့ တွန်းပို့သွားခဲ့သည်။ ဖြစ်လာသော အကျိုးဆက်အချို့ကို ချက်ချင်း မြင်နိုင်ခဲ့သော်လည်း အချို့မှာ အချိန်ကြာမြင့်မှသာ သက်ရောက်မှုများကို မြင်တွေ့ရသည်လည်းရှိသည်။ ၂၀၁၂နောက်ပိုင်းတွင် အိုးအိမ်စွန့်ခွာထွက်ပြေးရသူတို့ထဲမှ ရခိုင်များရော ၊ ရိုဟင်ဂျာများပါ အိမ်ကိုမပြန် နိုင်ကြသည့်အရေအတွက် တိုးမြင့်လာခဲ့သလို ရိုဟင်ဂျာ လှေစီးဒုက္ခသည်များလည်း အန္တရာယ်ရှိသော ပင်လယ်ရေကြောင်းခရီးကို ပြန်လည် စတင်လာကြသည်။ ထိုအချိန်တွင် (အပါ်သိုက်)ကဲ့သို့ လူမျိုးရေးခွဲခြားဆက်ဆံမှုများကိုလည်း လူ့အဖွဲ့အစည်းအတွင်း ဖြစ်ရိုးဖြစ်စဉ်လို အသားတကျနေခဲ့ကြသည်။[၁၇] တစ်နှစ်အတွင်း၌ ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေအတွင်း ယခင်ရှိခဲ့သော မွတ်ဆလင် လူဦးရေ အားလုံးနီးပါးမရှိတော့ဘဲ မြို့ပြင်ရှိ မြေစိုက်ဒုက္ခသည် စခန်းများတွင်သာ အခြားသူတို့နှင့် အဆက်အစပ်မရှိ နေထိုင်ခဲ့ကြရသည်။ ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည် အရေအတွက်မှာလည်း ၂၃၀,၀၀၀ အထက်သို့ ရောက်ရှိလာခဲ့သည်။[၁၈]

နိုင်ငံတကာဖိအားများကြောင့် ဦးသိန်းစိန်၏ အစိုးရသည် ရခိုင်ပြည်နယ်တွင် ဖြစ်ခဲ့သောလူမျိုးရေးအကြမ်းဖက်မှုများ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ခန့်အပ်ခဲ့သည်။[၁၉] သို့သော် ဦးသိန်းစိန်သည် ထိုဇွန်လမတိုင်မီ URHCR ၏ အကြီးအကဲ António Guterres နှင့် တွေ့ဆုံချိန်ကတည်းက အစည်းအဝေးတွင် အစိုးရဘက်က သဘောထားကို ထုတ်ပြခဲ့ပြီးဖြစ်သည်။

အစိုးရအနေနှင့် ရိုဟင်ဂျာတို့ကို မြန်မာနိုင်ငံ၏ တိုင်းရင်းသားအဖြစ် အသိအမှတ်မပြုနိုင်ပါဟု ဆိုခဲ့သည်။ ထိုသို့ အသိအမှတ်ပြုမည့်အစား ရိုဟင်ဂျာများကို အခြား တတိယနိုင်ငံများက လက်ခံရန်လိုလားသည်ဆိုလျှင် ၎င်း၏ အစိုးရအနေနှင့် လွှဲပြောင်းပေးပါ့မည်ဟု ပြောဆိုခဲ့သည်။[၂၀] အစိုးရ၏ ရိုဟင်ဂျာတို့၏ ဖြစ်တည်ပုံကို အသိအမှတ်မပြုသည့်မူနှင့် ရေလိုက်ငါးလိုက်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည့် စုံစမ်းစစ်ဆေးရေး ကော်မရှင်က နိုင်ငံခြားသားများဟု အဓိပ္ပါယ်ဆောင်သော ဘင်္ဂလီဟူသော စကားရပ်ကို ၆၂၂ ကြိမ်ခန့် အစီရင်ခံစာထဲတွင် သုံးနှုန်းခဲ့သည်။ သို့သော် ထိုသို့ "ရိုဟင်ဂျာ"အမည်အား မသုံးစွဲရခြင်းကို အကြောင်းပြချက်ပေးထားသည်။ အစိုးရက တရားဝင် လက်ခံထားခြင်း မရှိသည့်အထဲကမှ ဘင်္ဂလီတို့သည် ကမ်ပိန်းများတွင် အသည်းအသန် အားထုတ်ကာ ထိုအမည်ကို ဆွေးနွေးစရာခေါင်းစဉ်တစ်ခုဖြစ်လာအောင် အားထုတ်နေခြင်းရှိကြောင်း သတိပေးခဲ့သည်။[၂၁]

လေးနှစ်ခန့်ကြာခဲ့ပြီးနောက် ရခိုင်ပြည်နယ်တွင် ယခင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန် ဦးဆောင်သော အကြံပေးကော်မရှင်က စုံစမ်းစစ်ဆေးမှုကို ဒုတိယအကြိမ်မြောက် ပြုလုပ်ခဲ့ရာ ယခင်နှင့်မတူ ခြားနားသော မှတ်ချက်များကို ပေးခဲ့သည်။[၂၂] ၂၀၁၂ ခုနှစ်တွင် ဖြစ်ပျက်ခဲ့သော ကိစ္စများမှာ လူမျိုးစု နှစ်ခုကြားတွင် ဖြစ်လာတော့မည့် ကြီးကျယ်လှသော အရှုပ်အထွေး၏ တာထွက်ချိန်ပင်ဖြစ်ကြောင်း သတိပေးခဲ့သည်။ လူမျိုးစုအနွယ်အသီးသီးမှ မွတ်ဆလင်များကို မြို့ပြင်ရောက်အောင် မောင်းထုတ်ခဲ့ကြပြီး အိုးအိမ်မဲ့ ဒုက္ခသည်များ ၁၂၀,၀၀၀ ခန့်ကို ဒုက္ခသည်စခန်းများသို့ ရွှေ့ပြောင်းစေခဲ့ပြီး ၎င်းတို့၏ ခရီးသွားလာခွင့်များကို ပိတ်ပင်ပစ်ခဲ့သည်။[၂၃] ရခိုင်နှင့် အခြား လူမျိုးစုများသည်လည်း အိုးမဲ့အိမ်မဲ့ ဖြစ်ရခြင်း၊ ဆုံးရှုံးရခြင်းများကို ခံစားခဲ့ရကြောင်း ကော်မရှင်က ထုတ်ပြန်ခဲ့သည်။သို့သော်လူ့အဖွဲ့အစည်း၏အကွဲအပြဲများကို ကုစားရမည့်အစား အာဏာပိုင်များက လုံခြုံရေးအကြောင်းပြုကာ တရကြမ်းတုံ့ပြန်ခြင်းက နှစ်ဖက်အုပ်စု ကြားပို၍ ဝေးကွာသွားစေခဲ့သည်။ အရေးပေါ်အခြေအနေကို ဇွန်လ ၂၀၁၂တွင် ကြေညာစဲတွင် မတ်လ ၂၀၁၃ဖေဖော်ဝါရီမှ ပြန်လည်ဖယ်ရှားခဲ့သည်။ ကော်မရှင်၏ အဆိုအရ အစိုးရ၏ တာဝန်မကင်းပုံမှာ ရှင်းလင်းလှသည်။ "အစိုးရသည် လူမျိုးအချင်းချင်း ခွဲခြားဆက်ဆံခြင်းကို တက်ကြွစွာ အားပေးအားမြှောက်ပြုခဲ့ပြီး နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးမှာ ထိုသို့ နှစ်ဖက်ကို အုပ်စုများခွဲထားမှသာ အဆင်ပြေနိုင်မည်ဟု အကြောင်းပြခဲ့ကြသည်။"[၂၄]

နောက်တစ်နှစ်တွင် ကုလသမဂ္ဂ၏ လွတ်လပ်သော အချက်အလက်ရှာဖွေရေး မစ်ရှင်ကလည်း အလားတူ ရှုံ့ချပြောဆိုခဲ့သည်။ ဦးသိန်းစိန်အစိုးရ၏ ၂၀၁၂တွင် ဖြစ်ခဲ့သော အဖြစ်အပျက်များကို ရှင်းပြထားပုံမှာ အမှန်ကို ထင်ဟပ်ခြင်းမရှိဟုဆိုကာ ကုလသမဂ္ဂက လက်မခံခဲ့ပါ။[၂၅] အကြမ်းဖက်မှုများမှာ ရပ်ရွာအဆင့် အချင်းချင်းမသင့်မမြတ်ဖြစ်ပြီး တိုက်ခိုက်ကြခြင်းဟူသော အဆိုကို ပယ်ချခဲ့ပြီး အချက်အလက် ရှာဖွေရေးမစ်ရှင်က "ရိုဟင်ဂျာတို့အား လူသားအဖြစ်မှ လျော့ကျအောင် လုပ်ခြင်းနှင့် အမုန်းစကားများ ဖြန့်ဖြူးခြင်းမှာ လပေါင်းများစွာ ကြာမြင့်ခဲ့ကြောင်း" စွပ်စွဲခဲ့သည်။ RNPP မှ အဖွဲ့ဝင် ရခိုင်၊ ဗုဒ္ဓဘာသာနှင့် အစိုးရအဖွဲ့ အစည်းများက အားလုံး၏ ခြေရာလက်ရာများသည်လည်း ထိုလှုံ့ဆော်မှု ဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြောင်း ရေးသားခဲ့သည်။[၂၆] အစိုးရ လုံခြုံရေးတပ်ဖွဲ့များ၏ ဥပဒေမဲ့ လုပ်ရပ်များကိုလည်း နောက်ထပ်ဖြစ်ပွားလာသော အကြမ်းဖက်မှုများတွင် တွေ့ရသည်။[၂၇] အချက်အလက် ရှာဖွေရေးမစ်ရှင်က အကြံပေး ကော်မတီနှင့် အလားတူ တင်ပြခဲ့သည်မှာ ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများ နောက်ပိုင်းတွင် မွတ်ဆလင်များ၏ ဆင်းရဲဒုက္ခများမှာ ပိုမိုဆိုးရွားလာခဲ့ကြောင်း မီးမောင်းထိုးပြခဲ့သည်။ ဦးသိန်းစိန်၏ သမ္မတသက်တမ်းအတွင်း မွတ်ဆလင်များနှင့် ရိုဟင်ဂျာများကို ခွဲခြားဆက်ဆံခဲ့သည်မှာ ပြည်သူတို့ကြားမှ ပေါ်ထွက်လာခဲ့သည့် စိတ်ခံစားမှုကို အခြေခံခဲ့ခြင်း သက်သက်မဟုတ်ဘဲ အစိုးရကိုယ်တိုင်က ကမကထပြုခဲ့ခြင်းဖြစ်သည်။ ၁၉၈၂ နိုင်ငံသားဥပဒေကို အခြေခံကာ ၁၉၉၀ကျော် နဝတ-နအဖ အစိုးရ လက်အောက်၌ စတင်ခဲ့သော လူမှုအသိုက်အမြုံများကို ပုံစံခွက်သွင်းပြောင်းလဲခြင်း မူဝါဒများမှာ သိသိသာသာပင် တစ်ဖက်စောင်းနင်းပေါ်ပေါက်လာခဲ့သည်။ (အခန်း ၅ ကိုရှုပါ)

မွတ်ဆလင်များအား ချုပ်ချယ်သောစည်းမျဉ်းစည်းကမ်းများဖြင့် ကွပ်ညှပ်ရာတွင် အာဏာပိုင်များက နည်းလမ်းလေးသွယ်ကို အသုံးပြုခဲ့သည်။ ရိုဟင်ဂျာဟူသော အမည်နှင့် ဖြစ်တည်မှုကို လက်မခံခြင်း၊ မဲပေးခွင့်ကို လုံးဝဖယ်ရှားပစ်ရန် ယာယီမှတ်ပုံတင်ကတ်များကို ပြန်လည်ရုပ်သိမ်းလိုက်ခြင်း၊ အမျိုးဘာသာသာသနာကာကွယ်စောင့်ရှောက်ရေး ဥပဒေများပေါ်ထွက် လာခြင်းနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် လုံခြုံရေးအစီအမံများ ပိုမိုတင်းကျပ်လာခြင်းတို့ဖြစ်ကြသည်။ (၂၀၁၂ အကြမ်းဖက်မှုများအပြီးတွင် သုံးခဲ့သော ခွဲခြားဆက်ဆံသည့် နည်းလမ်းများကို ရှုရန်။)

ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း[၂၈] ကလည်း အောက်ပါအတိုင်း သတိပေးခဲ့ဘူးသည်။ "ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများ၏ မဲဆန္ဒပေးပိုင်ခွင့်အား တမင်တကာ ရုပ်သိမ်းလိုက်သည်ကို အလွန်ပင် စိတ်ပျက်မိသည်။" အစိုးရက နားလည်သည်ဖြစ်စေ

နားမလည်သည်ဖြစ်စေ ဤအခြေအနေများသည် လူမျိုးစုများကို ဘေးဖယ်ထုတ်ခြင်းနှင့် ပဋိပက္ခများဖြင့် အတွင်းမှလှိုက်စားပြုလဲခြင်း မုန်တိုင်းကို ဖန်တီးနေပြီဖြစ်သည်။

ယနေ့နိုင်ငံတကာက ပြစ်တင်ရှုချသံများမှာ တစ်လောကလုံး တညီထဲဖြစ်ခဲ့လေပြီ။ အစိုးရ၏ မူဝါဒများကြုံလာရတော့မည့် လူမှုရေးပြဿနာများနှင့် ကြေကွဲစရာ ပဋိပက္ခ အတွေ့အကြုံများကို များစွာအထောက်အပံ့ ပြုခဲ့ကြောင်း ရှင်းလင်းခဲ့ကြပြီ။ သို့သော် ထိုအချိန်ကမူ အစိုးရ၏ လုပ်ရပ်များမှာ ပြည်တွင်းပြည်ပ၌ မည်သို့ အကျိုးသက်ရောက်နိုင်သည်ကို ဒီမိုကရေစီအရေး ထောက်ခံသူများ အနေနှင့် အချိန်ပေး၍ မသုံးသပ်ခဲ့ကြခြင်းမှာလည်း သမိုင်းမှတ်တမ်း တစ်ခုဖြစ်နေအုံးမည်ပင်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ဖြစ်ခဲ့သော အစိုးရထိုးစစ်များနှင့် ကြမ်းတမ်းစွာ နှိမ်နင်းမှုများကို ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရပ်များဟု ယူဆခဲ့ကြပြီး မဖြစ်မနေ ကိုင်တွယ်ရန် လိုနေသည့် အရာများကို ကိုင်တွယ်ရန် အကြီးအကျယ် ပျက်ကွက်ခဲ့ကြပုံများကို ဖော်ပြနေသည့် သက်သေများအဖြစ် မြင်ခဲ့ကြပါ။ မြန်မာနိုင်ငံတွင် အစိုးရအပြောင်းအလဲ ရှားရှားပါးပါး ဖြစ်နေချိန်တွင် နိုင်ငံတကာ၏ အဓိကအာရုံစိုက်မှုမှာ တပ်မတော်၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ကတိကဝတ်များ ပင်ဖြစ်သည်။ အကြမ်းဖက်မှုများနှင့်လူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်မှုများအကြောင်းအထပ်ထပ်သတိပေးခဲ့ကြသည်များကို အရေးမလုပ်ခဲ့ကြခြင်း၊ လျှော့တွက်ခဲ့ကြခြင်းများ ရှိခဲ့ကြသည်။[၃၄] အကျိုးရလဒ်မှာ တရားမျှတမှုမရှိသော ပိုနေမြဲ ကျားနေမြဲ အခြေအနေကို ပို၍သက်ဆိုးရှည်အောင် အားဖြည့်ပေးခဲ့သလို ဖြစ်သွားခဲ့ပြီး ပြည်သူများ၏ ကိုယ်စားပြုမှု ကောင်းစွာပါဝင်သော နိုင်ငံရေးစနစ် တစ်ရပ်ပေါ်လာအောင် မကူညီနိုင်ခဲ့ပါ။ ဦးသိန်းစိန်၏ အစိုးရသည် ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးကို ကမကထ ပြုရမည့်အစား မငြိမ်းချမ်းမည့် လမ်းစဉ်ကိုသာ ရွေးခဲ့ကြောင်း တိုင်းပြည်၏ ဒေသများစွာရှိ အဖြစ်အပျက်များက သက်သေခံ နေပေသည်။

ရခိုင်ပြည်နယ်မှာလည်း ထိုဒေသများထဲမှပင် မွတ်ဆလင် များဘက်ကသာ နစ်နာချက်များ ရှိနေသည်ဟု ခံစားနေရခြင်း မဟုတ်ပေ။ အစိုးရ အပြောင်းအလဲကာလတွင်မမြင်ခဲ့ကြသည်မှာ ရခိုင်လူထုကြားတွင်လည်း နာကြည်းမှုများ အစိုင်အခဲ တိုးလာနေပြီဖြစ်သည်။ စစ်အုပ်ချုပ်ရေးလက်အောက်တွင် နှစ်ပေါင်းငါးဆယ်ကျော် နေလာပြီးသည့်နောက်တွင် ပြည်သူတို့သည် လက်ရှိနိုင်ငံကို မည်သည့်လမ်းကြောင်းပေါ်သို့ မောင်းနှင်နေသည်ကို တိတိပပမခန့်မှန်းနိုင်ပေ။ နှစ်ပေါင်းများစွာပင် ဆိုးဆိုးရွားရွားမတည်ငြိမ်မှုများကို တိုးစေသည့် အကြောင်းတရားများ ကလည်း ထိုမသေချာခြင်းပင်ဖြစ်သည်။ ဦးသိန်းစိန် အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ်ရှိ လူမျိုးစုအခြေပြု နိုင်ငံရေးဂိုဏ်းဂဏကွဲမှုများ ပိုမိုနက်ရှိုင်းလာပြီး ပို၍ အန္တရာယ်များသောနည်းလမ်းများစွာကြောင့် အခြေအနေ ပိုဆိုးလာခဲ့သည်။



အကြံပေးကော်မရှင် အစည်းအဝေးတွင် ကိုဖီအာနန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်စဉ် (IR)

၂၀၁၂ အကြမ်းဖက်မှု နောက်ပိုင်းခွဲခြားဆက်ဆံသော အစီအမံများ

ရခိုင်ပြည်နယ်အတွင်း ၂၀၁၂ အကြမ်းဖက်များ အပြီးတွင် ဦးသိန်းစိန်၏ အစိုးရက မွတ်ဆလင်များကို ခွဲခြားဆက်ဆံမှုကို နည်းလမ်းလေးသွယ်ဖြင့် ပိုမိုတိုးမြင့်ဆောင်ရွက်လာသည်။ ကုလသမဂ္ဂ၏ အချက်အလက်ရှာဖွေရေးမစ်ရှင်နှင့် နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်းများက ထိုမူဝါဒများမှာမြန်မာနိုင်ငံမှ ရိုဟင်ဂျာတို့၏ ဖြစ်တည်မှုကို အသိအမှတ်ပြုပေးရန် တောင်းဆိုနေသော လူမျိုးစုကို ဖယ်ရှားပစ်ရန် စတင်ပြင်ဆင်နေသော ခြေလှမ်းများ ဖြစ်သည်ဟု ဖော်ထုတ်ခဲ့ကြသည်။ ထိုမူဝါဒများကို ဗုဒ္ဓဘာသာအစွန်းရောက်အုပ်စုများကလည်း ထောက်ခံခဲ့ကြပြီး ရခိုင်ပြည်နယ်နှင့် အခြားဒေသများတွင် ဖြစ်ပေါ်လာသော မွတ်ဆလင် ဆန့်ကျင်ရေး ဆန္ဒပြမှုများ ဆက်တိုက်ဖြစ်ပေါ်နေစဉ်တွင်ပင် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ပထမဆုံး ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်ရာသန်းခေါင်စာရင်းတွင် ရိုဟင်ဂျာများကို လက်ရှိလူမျိုးစု ၁၃၅ မျိုးထဲမှ ဖယ်ချန်ထားခဲ့သည်။[၂၈] ရခိုင်ပြည်နယ်မှ မွတ်ဆလင်အများစုကို ရေတွက်ရာတွင် ဘင်္ဂလီဟူ၍သာ ရေတွက်သွားခဲ့သည်။ ဌာနေတိုင်းရင်းသားစာရင်းထဲ ထည့်သွင်းထားသည်။ အကျိုးဆက်မှာ ရခိုင်ပြည်နယ် လူဦးရေ၏ ခန့်မှန်းခြေ သုံးပုံတစ်ပုံလောက်ရှိမည့် လူပေါင်း ၁,၀၉၀,၀၀၀ ခန့် သန်းခေါင်းစာရင်း ကောက်သည့်ထဲတွင် ပါမသွားပေ။[၂၉] သန်းခေါင်စာရင်းထဲမပါသူများတွင် အများဆုံးမှာ ရိုဟင်ဂျာများဟု ခံယူထားသော မွတ်ဆလင်များဖြစ်ကြသည်။ (ရခိုင်၊ ရိုဟင်ဂျာနှင့် အမည်သညာ နိုင်ငံရေးကိုရှုပါ)

ဒုတိယ- အစိုးရသည် နောက်တစ်နှစ်တွင် မွတ်ဆလင်များစွာ၏ လက်ဝယ်တွင်ရရှိထားသော အဖြူရောင်ကတ်ခေါ် ယာယီမှတ်ပုံတင်ကတ်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ အကျိုးဆက်မှာ အိန္ဒိယနှင့် တရုတ်အနွယ်လူပေါင်းများစွာ မဲပေးနိုင်သည့် အခွင့်အရေးများ ဆုံးရှုံးသွားခဲ့သည်။[၃၀] ခန့်မှန်းခြေ လူပေါင်း တစ်သန်းခန့်သည် ရွေးကောက်ပွဲတွင် ပါဝင် ကိုယ်စားပြုခွင့် ဆုံးရှုံးသွားကြပြီး ထိုလူဦးရေ၏ ထက်ဝက်ခန့်မှာ ရိုဟင်ဂျာ များဖြစ်ကြသည်။[၃၁]

တတိယမှာ ဦးသိန်းစိန်အစိုးရရုတ်ထူး သက်တမ်းမကုန်မီကလေးတွင် ပါလီမန်၌ အမျိုးဘာသာ သာသနာကာကွယ်စောင့်ရှောက်ရေးဥပဒေဟူ၍ ဥပဒေလေးခုကို ပြဋ္ဌာန်းခဲ့ပြီး ဗုဒ္ဓဘာသာမဟုတ်သူများ၏ လူမှုရေးနှင့် ရပ်ရေးရွာရေးနှင့်ဆိုင်သော ကိစ္စရပ်များတွင် ပိုမိုတင်းကျပ်လာခဲ့သည်။[၃၂] ထိုဥပဒေများကြောင့် မွတ်ဆလင်များနှင့် အခြားလူနည်းစု ဘာသာဝင်များ၏ ကလေးမွေးနိုင်သော အရေအတွက်နှင့် အိမ်ထောင်ပြု သည့် ကိစ္စတွင် အစိုးရ၏ ထိန်းချုပ်မှုအားသက်ရောက်လာခဲ့သည်။

စတုတ္ထမှာ စစ်စခန်းများ ချဲ့ထွင်လာခဲ့ပြီး န.စ.က နယ်စပ်လုံခြုံရေးတပ်များကို ဘင်္ဂလားဒေ့ရှ်နယ်စပ် တစ်လျှောက်ရှိ တပ်ဖွဲ့များကို ဖွဲ့စည်းပုံပြန်လည် ပြင်ဆင်နေရာချခဲ့သည်။ ထိုအချိန်တွင်တပ်မတော်၏ စစ်ရေး ပြင်ဆင်မှုများကိုကြည့်လျှင် ၂၀၁၂ အကြမ်းဖက်မှု နောက်ပိုင်းလုံခြုံရေး တင်းကျပ်လာခဲ့သည့် ဖြစ်စဉ်ဟုသာ ထင်ခဲ့ကြသည်။ လေးနှစ်ခန့်အကြာတွင်မူ ဤကဲ့သို့ စစ်ရေးအင်အားတည်ဆောက်မှုများသည် ပဋိပက္ခသို့ ဦးတည်မည့် လူမျိုးရေးစိတ်ဝမ်းကွဲမှုများနှင့် လူမျိုးစုနိုင်ငံရေး ပြိုပျက်ခြင်းလမ်းကို ထွင်နေသည့်လုပ်ရပ်များ ဖြစ်လာခဲ့သည်။

ရခိုင်အမျိုးသားရေးဝါဒပြန်လည်ဦးမော့လာခြင်း

၂၀၁၁ နောက်ပိုင်း ရခိုင်ပြည်နယ်၏အဖြစ်အပျက်များကို ဆန်းစစ်သုံးသပ်ကြသောအခါ အပြစ်တင်စရာအကြောင်းအရင်းနှစ်ခု ရောယှက်နေပုံကို မြင်ကြရသည်။ လူပြိန်းကြိုက် မျိုးချစ်ဝါဒနှင့် အစိုးရက တရားဥပဒေစိုးမိုးမှု အရေးကိစ္စများကို ဖိဖိစီးစီးကိုင်တွယ်ရန် ပျက်ကွက်ခြင်းတို့မှာအကြောင်းအရင်းများဖြစ်နေကြသည်။ ဗဟိုအစိုးရနှင့် အာရကန်ပြည်သူများကြား လူမှုရေး၊ နိုင်ငံရေး သဘောမမျှမှုများ၏ သဘောသဘာဝသာဖြစ်သည်ဟု အလွယ်ကောက်ချက်ဆွဲလျှင် ပြဿနာကို အလွန်အမင်း လျှော့တွက်ခြင်းသာ ဖြစ်ပါလိမ့်မည်။ န.အ.ဖက နိုင်ငံရေး ဇာတ်ခုံပေါ်မှ ဆင်းသွားချိန်တွင် ရခိုင်အမျိုးသားရေး ဝါဒီများအဖို့ စစ်အုပ်ချုပ်ရေး အောက်တွင် ခွဲခြားဆက်ဆံခြင်းနှင့် ဖိနှိပ်ခြင်းများကြောင့် မိမိတို့မှာ ဘေးဖယ်ခံထားရသော လူမျိုးများဟု ခံစားရသည်။ ထိုမကျေမချမ်းမှုကို ပို၍မီးတောက်စေသည်မှာ ပြင်ပမှ နေ၍ အာရကန်နယ်မြေကို နိုင်ငံရေး၊ စီးပွားရေး အကျိုးအမြတ်များအတွက် သမိုင်းတစ်လျှောက်လုံး အမြတ်ထုတ်ထိန်းချုပ်ရန် ကြိုးစားနေကြသည်ဟူသော အတွေးဖြစ်သည်။ သမ္မတဦးသိန်းစိန်

ရာထူး လက်မခံမီကပင် အာရကန်တွင် လှုပ်လှုပ်ရှားရှား အခြေအနေများ ရှိနေပြီဖြစ်သည်။ အစိုးရ အပြောင်းအလဲ ဖြစ်လာသောအခါ ရခိုင် အမျိုးသားရေးဝါဒီများသည် ရှေ့တန်း၌ လျင်မြန်စွာ နေရာယူလာကြပြန်သည်။ အာရကန်၏ ဆုံးရှုံးခဲ့ရသော ကိုယ်ပိုင်အချုပ်အခြာကို ပြန်လည် ရရှိရေးမှာ နိုင်ငံရေးအသိုင်းအဝိုင်းထဲတွင် အမြဲစိုးမိုးနေခဲ့သော ဆန္ဒသာဖြစ်သည်။

၂၀၁၁ ခုနှစ်တွင် အာရကန်အမျိုးသားရေး ခေါင်းဆောင်များ၌ မကျေနပ်ချက်များ စာရင်းရှည်လျားစွာ ရှိသည်။ ထိုအထဲမှ အချက်လေးချက်မှာ မြင်သာသည်။ လက်နက်ကိုင် ပဋိပက္ခများမှာ ဆက်လက် ဖြစ်ပေါ်နေဆဲ ဖြစ်သည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးများလည်း အကန့်အသတ်ရှိသည်။ အာရကန်မှ ထွက်ခွာနေကြရသော လူငယ် အရေအတွက်မှာ တိုးသထက်တိုးလာသည်။ ရခိုင်ပြည်နယ်မှာ ယခုအခါ တစ်နိုင်ငံလုံးတွင် ဒုတိယအဆင်းရဲဆုံး ပြည်နယ် ဖြစ်လာခဲ့သည်။[၃၅] ရှေ့ဆက်၍ နိုင်ငံတကာ အကူအညီနှင့် ရင်းနှီးမြှုပ်နှံမှုများ မြင့်မားလာခဲ့ပြီး စွမ်းအင် ထုတ်လုပ်ရေးနှင့် ရောဂါများ အမြစ်ပြတ်ရေး စီမံကိန်းများ တွင်လည်း အောင်မြင်မှုများ ရလာခဲ့သည်။ သို့သော် ရခိုင် အမျိုးသားရေး လှုပ်ရှားသူများအဖို့ ယခုကဲ့သို့ အစိုးရက အစပိုင်းကတည်းက လျစ်လျူရှုခဲ့ခြင်းကြောင့် ဖြစ်လာနေသော စီးပွားရေး၊ လူမှုရေး အကျပ်အတည်းများကို ဖြေရှင်းပေးသည့်အတွက် ဗမာ၊ အစိုးရအနေနှင့် ချီးကျူး ဂုဏ်ပြုမှုကို ခံယူနိုင်စရာအကြောင်းမရှိဟု ရခိုင်အမျိုးသားရေးလှုပ်ရှားသူများက ရှုမြင်ကြသည်။

ခွဲခြားဆက်ဆံမှုနှင့် နေထိုင်ခဲ့ရသည်ဟူသော နာကျင်သည့်စိတ်အခံကြောင့်ပင် လူမျိုးစုလွတ်မြောက်ရေးကို ဖော်ညွှန်းသော လှုပ်ရှားမှုများမှာ ဦးသိန်းစိန် တက်လာပြီး မကြာမီပင် ရခိုင်လူထုကြား၌ လျင်မြန်စွာ ပေါ်ပေါက်လာခဲ့သည်။ အပြင်ပန်းမှကြည့်လျှင် ရခိုင် နိုင်ငံရေးမှာ ဆယ်စုနှစ်ပေါင်းများစွာ အက်ကြောင်းထ နေသည်ဟု ထင်ရသည်။ သို့သော်လည်း နေရာများစွာတွင် ထိုအက်ကြောင်းများကြောင့်ပင် ဆက်လက် ရှင်သန်နေသော လှုပ်ရှားမှုများ ဖြစ်နေပြန်သည်။ နိုင်ငံရေးအရဆိုရလျှင် ရခိုင်အမျိုးသားရေး လှုပ်ရှားမှုများကို အကြမ်းအားဖြင့် သုံးမျိုး ခွဲခြားနိုင်သည်။ RNDP နှင့် အာရကန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကဲ့သို့ နိုင်ငံရေးပါတီများ ALP,ULA,NUPA နှင့် ANC[၃၆] အစရှိသည့် လက်နက်ကိုင်အဖွဲ့များနှင့် ပုံနှံ့ကြီးထွားလာသော ဗုဒ္ဓဘာသာအဖွဲ့အစည်းများနှင့် အရပ်ဘက် လူ့အဖွဲ့အစည်း ကွန်ရက်များဟူ၍ တွေ့မြင်ရသည်။ ဤနေရာတွင် အရေးကြီးသောအချက်မှာ နိုင်ငံရေးလှုပ်ရှားတက်ကြွသူတို့မှာ ဆိုရှယ်မီဒီယာခေတ်သစ်တွင် လျင်မြန်သွက်လက်စွာ ပိုမိုလှုပ်ရှားဆက်သွယ်လာနိုင်ကြသည်။ န.အ.ဖ စစ်အုပ်ချုပ်ရေး အလွန် မြန်မာနိုင်ငံတွင် နည်းပညာအပြောင်းအလဲနှင့် မထိတွေ့ဘဲ ကျန်နေခဲ့သည့် နေရာဟူ၍ မရှိပေ။ ("Facebook နှင့် ဆိုရှယ်မီဒီယာ၏ အခန်းကဏ္ဍ" ကိုကြည့်ပါ။)

ရခိုင်အမျိုးသားရေးဝါဒမှာ မည်သည့်လမ်းကြောင်းပေါ် ရောက်လာမည်ကို ထိုအချိန်က မှန်းဆရန် ခက်လှသည်။ နိုင်ငံရေးတွင်ဖြေလျှော့မှုများ ဆက်လက်ဖြစ်ပေါ်လာသည်နှင့်အမျှ အမျိုးသားရေးဝါဒကလည်း အသစ်တစ်ဖန် အစပျိုးလာသည်မှာ အံ့သြစရာမရှိပေ။ အာရကန်သည် အစိုးရ အပြောင်းအလဲများစွာကို ကြုံခဲ့ရပြီးပြီဖြစ်သည်။ ရခိုင် ခေါင်းဆောင်များထဲတွင်လည်း ဖြစ်ပေါ်နေသော လူမှုရေး၊ နိုင်ငံရေး အပြောင်းအလဲ၏ မျက်နှာစာတွင် ရှိချင်ကြသူများလည်း ပါဝင်သည်။ မခန့်မှန်းနိုင်သည်မှာ အဖြစ်အပျက်များမည်မျှ ရှုပ်ထွေးနိုင်သည်ကို ဖြစ်သည်။ ယခင်နိုင်ငံရေး ခေတ်အဆက်ဆက်က ကြွင်းကျန်ခဲ့သော ဂိုဏ်းဂဏကွဲပြားမှုများကလည်း ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည် ရင်ကြားစေ့ရေးကို မှေးမှိန်စေသည်။ နောင်နှစ်အနည်းငယ်အတွင်း၌ အစိုးရနှင့် ရခိုင်အတိုက်အခံလှုပ်ရှားမှုများသည်ပြဒါးတစ်လမ်းသံတစ်လမ်းဖြစ်သောလမ်းကြောင်းများပေါ် အပြိုင်လျှောက်မိရုံသာမက တစ်ခါတစ်ရံဦးလှည့်ရာမတူသော လမ်းကြောင်းများပေါ်တွင်ပင် လျှောက်ဖြစ်ခဲ့ကြသေးသည်။

ရခိုင်ပြည်နယ်၏ အခြေအနေမှာ အပျက်ဘက်သို့ယိုင်လာချိန်တွင် ဖြစ်လာရသော အကျပ်အတည်းမှာ တစ်ခုတည်းသောအကြောင်းတရား ကြောင့်ဟု လက်ညှိုးထိုးရန်ခက်ပါသည်။ သို့သော် ကိုလိုနီ အတိတ်ကာလကပင် ပြိုကျမှုများ၏ လမ်းစကမြင်နေရပြီ။ အုပ်ချုပ်မှုစနစ်သည် ပြည်သူတို့က မိမိတို့၏ လူမှုရေး နိုင်ငံရေး စိန်ခေါ်မှုများကို အတူဖြေရှင်း နိုင်သည့် ကိုယ်စားပြုမှု မရှိနိုင်သလို အားလုံးအတွက် ထည့်စဉ်းစားထားခြင်း မရှိပေ။ နောင်နှစ်များတွင် ထိုနိုင်ငံရေးစနစ်အပျက်မှာ ပို၍ပင် အခြေအနေဆိုးလာခဲ့သည်။ အာရကန်ပြည်သူများအဖို့ ပို၍ ပြည်မနှင့် ဝေးကွာလာသည့် စိတ်အခံမှာ အစိုးရ၏ ကိုင်တွယ်ပုံအလွဲများ ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်သုံးခုနှင့် သက်ဆိုင်သည်။ ၂၀၁၂ အကြမ်းဖက်မှုများ၏ နောက်ဆက်တွဲများ၊ ပြည်နယ်အတွင်းသို့ ပြင်ပမှ ဝင်ရောက်သူများ၊ ဦးသိန်းစိန်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် လူစုံတက်စုံ ပါဝင်နိုင်သည့် အခွင့်အရေး မပေးခဲ့ခြင်းများနှင့် ဆိုင်သည်။ ဗုဒ္ဓဘာသာဖြစ်စေ၊ မွတ်ဆလင်ဖြစ်စေ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသူများအဖို့ ၎င်းတို့သည် ကိုယ့်မြေပေါ်ကိုယ်နေထိုင်ရင်း နောက်တစ်ကြိမ် အစိုးရအပြောင်းအလဲတွင် ထပ်ပြီး ဘေးဖယ်ခံထားရသော အဖြစ်မျိုးနှင့် ကြုံရပြန်ပြီ ဟုယူဆကြသည်။

ထို စိုးရိမ်ကြောင့်ကြမှုများကို ပို၍ဆိုးစေသည်မှာ ပထမအချက်ဖြစ်သော ၂၀၁၂ အကြမ်းဖက်မှုဖြစ်သည်။ ဤအချက်မှာ မှတ်သားစရာဖြစ်သော်လည်း နောက်ထပ်ဖြစ်ပေါ်လာသော တိုက်ခိုက်မှုများမှာ ဒေသခံတို့၏ စိတ်ထဲမှ နာကျင်ခံစားမှုများကြောင့် ဖြစ်ရပါသည်ဟူ၍ အကြောင်းပြကောင်းသည့် အရာများ မဟုတ်ချေ။ သို့သော် ထိုရန်လို တိုက်ခိုက်မှုများမှာ စလျင်စချင်းပင် ၂၀၁၂ အကြမ်းဖက်မှုသည်လည်း ၁၉၄၂၊ ၁၉၇၈၊ ၁၉၉၂ ခုနှစ်များက ဖြစ်ခဲ့သော အိုးပစ်အိမ်ပစ် စွန့်ခွာထွက်ပြေးရမှုများ၊ ကစဉ့်ကရဲ အခြေအနေများကဲ့သို့ပင် အဆိုးများကို နောက်တစ်ကျော့ယူဆောင် လာဦးမည်လောဟု စိုးရိမ်ကြောက်လန့်ကြသည်။ ထို့ကြောင့်ပင် ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေ အပြင်လူများက ဒေသခံအချင်းချင်းကြားမသင့်မြတ်မှုများ ပေါ်လာအောင်ဆွပေးနေသူများဖြစ်ကြသည်ဟု ယုံကြည်ခဲ့ကြသည်။ မတူညီသော အသိုင်းအဝိုင်းမှ လာကြသူများဖြစ်ကြသော်လည်း ဗုဒ္ဓဘာသာ ဘက်ကရောမွတ်ဆလင်များဘက်ကပါ ထိုအမြင်ကို လက်ခံထားကြသည်။ ရခိုင်ပြည်နယ်၏ မတည်ငြိမ်မှုများမှ အမြတ်ထုတ်နိုင်မည့်သူမှာ မည်သူနည်းဟု အမေးရှိလာကြသည်။ ကြေကွဲစရာကောင်းသည်မှာ ထိခိုက်နစ်နာပျက်စီးမှုများမှာ ဖြစ်ပြီးခဲ့ကြပြီး ၂၀၁၂ခုနှစ် အကြမ်းဖက်မှုများ နောက်ပိုင်းတွင် အိမ်နီးနားချင်း အချင်းချင်းကြားတွင်ပင် အားလုံးက တစ်ယောက်ကိုတစ်ယောက် ကြောက်ရွံ့ခြင်းရှိကြပြီး မလုံခြုံခြင်းကို ခံစားရသည်။ သို့သော် ထိုသို့နေထိုင်သူ အချင်းချင်းကြား မယုံမကြည် စိတ်ဝမ်းကွဲနေကြသည့် အခြေအနေကို မည်သည့်အခါကမျှ တည့်တည့် ရင်ဆိုင်ခဲ့ခြင်း မရှိသလို ဖြေရှင်းခဲ့ခြင်းလည်း မရှိပါ။

ဤအခြေအနေတွင် ဗဟိုအစိုးရအနေနှင့် ရခိုင်တွင် "သွေးခွဲအုပ်ချုပ်ရေး" Divide and Rule နည်းလမ်းများကို အသုံးပြုပြီး ဗဟိုမှ အာဏာပိုမိုတင်းကျပ်စွာ ကျင့်သုံးနိုင်အောင် ဆောင်ရွက်လျက်ရှိသည် ဟူသော စွပ်စွဲချက်များ မကြာခဏထွက်ပေါ်လာခဲ့သည်။ မြင်သာသည့် အပြောင်းအလဲ တစ်ခုမှာ USDP သည် ဦးသိန်းစိန် သမ္မတဖြစ်လာခဲ့ပြီးနောက်ပိုင်းတွင် မွတ်ဆလင် မဲဆန္ဒရှင်ထဲမှ မဲပေးခွင့်ကို လျင်မြန်စွာ ပြန်လည် ရုပ်သိမ်းခဲ့သည်။ သို့သော် ထိုသို့ ရုပ်သိမ်းလိုက်ခြင်းက ရခိုင်တို့၏ သံသယကို မဖယ်ရှားနိုင်ပေ။ ဗုဒ္ဓဘာသာဘက်နှင့် မွတ်ဆလင်ဘက်မှ အတိုက်အခံ ခေါင်းဆောင်နှစ်ရပ်စလုံးက မွတ်ဆလင်များကို ဆက်တိုက်ဆိုသလို ဖိနှိပ်မှုများလုပ်လာသည်မှာ အစိုးရအနေနှင့် ရခိုင်၏ ထောက်ခံအားပေးမှုကို ပြန်လည်ရရှိလို၍ အကွက်ဆင် နေသည်ဟု သံသယရှိကြသည်။ အာရကန်နိုင်ငံရေး၌လည်း ဗမာကြီးစိုးသော အဖွဲ့အစည်းများ၏ ရည်ရွယ်ချက်ကို ရာနှုန်းပြည့် ယုံကြည်၍မရကြောင်း အမှတ်ရစရာ သက်သေများစွာ သမိုင်းတွင်ရှိသည်။

ထိုကဲ့သို့ မယုံကြည်နိုင်မှုများက ဗုဒ္ဓဘာသာနှင့် မွတ်ဆလင် နှစ်ဖက်စလုံးမှ တက်ကြွလှုပ်ရှားသူများကြားပို၍ တင်းမာသောအမြင်များဆီသို့ အရောက်ပို့ပြန်သည်။ အစိုးရက ရိုဟင်ဂျာဆန့်ကျင်ရေး ဘက်သို့ လှည့်သွားသည့်ကာလည်း မြင်သာသည့်ကိစ္စတစ်ခုဖြစ်သည်။(၂၀၁၂အကြမ်းဖက်မှုအပြီး ခွဲခြားဆက်ဆံခြင်းများကို ရှုပါ။) သို့သော် လက်နက်ကိုင် လှုပ်ရှားမှုတိုးမြှင့်ဆောင်ရွက်ရန် စကားစခဲ့သည်မှာ ရခိုင်လူထုဘက်မှ ဖြစ်သည်။ အမျိုးသားရေးဝါဒသည် ယခုအခါ ရခိုင်များထံသို့ အလှည့် ရောက်လာလေပြီ။

၂၁ရာစုသို့ရောက်သောအခါ ရခိုင်အမျိုးသားရေးအတွက် အရေးဆိုသူများက ဇာတိရခိုင်မြေသည် ခြိမ်းခြောက်ခံနေရပြီဟု ယူဆပြီး နောက်ထပ်ဘော်ကန် ဒေသတစ်ခုလို အစိတ်စိတ်ကွဲကာ နယ်မြေဆုံးရှုံးရမည်ကို စိုးရိမ်လာကြသည်။ ဦးသိန်းစိန်လက်ထက်တွင် အကြောက်တရားနှစ်မျိုးကို မကြာခဏပြောဆိုလေ့ရှိကြသည်။ တစ်ခုမှာ အစ္စလာမ်အစွန်းရောက်များဖြစ်ပြီး နောက်တစ်ခုမှာ ဗမာကြီးစိုးရေးဝါဒဖြစ်သည်။ ANPက ၂၀၁၂ခုနှစ်တွင် အစိုးရနှင့် အပစ်အခတ် ရပ်စဲရေးအတွက် ဆွေးနွေးကြချိန်တွင် ထိုစိုးရိမ်မှုနှစ်ရပ်ကို ထုတ်ဖော်ဆွေးနွေးခဲ့သည်။ စိုးရိမ်ဖွယ်ဟု မိမိတို့ယူဆသော ဗမာဇာတ်သွင်းခြင်းနှင့် အစ္စလာမ်လွှမ်းမိုးကြီးစိုးခြင်းက အာရကန်လူမျိုးများ၏ ဖြစ်တည်မှုကို ခြိမ်းခြောက်နေခြင်းမှ ကာကွယ်ပေးရန် ANP က အစိုးရစစ်တပ်ကို တိုက်တွန်းခဲ့သည်။[၃၇] ထို့ပြင် ၂၀၁၂ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော လူမျိုးစု အချင်းချင်းကြား ပဋိပက္ခများလည်း ဘင်္ဂလီတို့က ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်တို့၏ အကူအညီဖြင့် ရခိုင်ကို အစ္စလာမ်နိုင်ငံ တစ်ခုဖြစ်အောင် လုပ်မည့် အစီအစဉ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်သည်ဟု စွပ်စွဲခဲ့ကြသည်။[၃၈]

သုံးနိုင်ငံ နယ်ခြားဆုံချက်နှင့် ရခိုင်ပြည်နယ်တို့ အနောက်ဘက် ကမ်းရိုးတန်း၏ အဓိက စစ်မြေပြင်တစ်ခုဖြစ်လာခဲ့ပြီဖြစ်သည်။ နိုင်ငံရေးတင်းမာမှုများ မြင့်တက်လာသည်နှင့်အမျှ ရခိုင်၏ လူမှုရေး၊ နိုင်ငံရေးကို ဖရိုဖရဲဖြစ်စေခဲ့သော နောက်ထပ်အကြောင်းရင်း တစ်ခုဖြစ်သည့် ပြင်ပမှ ကြားဝင်စွက် ဖက်မှုများပင်လာမည်ကို ကြောက်ကြရခြင်းက စတင်အမြစ်တွယ်နေခဲ့ပြီဖြစ်သည်။ န.အ.ဖ လက်ထက်က အကောင်အထည်ဖော်ခဲ့သော ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းတွင် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းများ မရှိခဲ့ကြခြင်းကို ဆန့်ကျင်ခဲ့ကြခြင်းများကိုလည်း ပြခဲ့ကြပြီးဖြစ်သည်။ (အခန်း၅ ကို ကြည့်ပါ။) ယခုအခါ ရခိုင်သို့ ဝင်ရောက်ရန် တံခါးကိုဖွင့်လှစ်ခဲ့လေပြီ။ ပြည်သူတို့၏ စိုးရိမ်မှုမှာလည်း နောက်ထပ်တစ်ဆင့် အရှိန်မြင့်လာလေပြီ။ ၎င်းတို့စိုးရိမ်မှုများတွင်



ကိုရင်များက နိုင်ငံတကာအဖွဲ့အစည်းများကို ကန့်ကွက်နေကြစဉ် (EPA)

အဓိက တွေ့ရသော အကြောင်းရင်းသုံးရပ်မှာ ဘင်္ဂလားဒေ့ရှ် နယ်စပ်မှ ရိုဟင်ဂျာ မွတ်ဆလင်ပြဿနာ၊ အိန္ဒိယ၏ ကုလား တန်မြစ်ဝှမ်းဘက်မှ သယ်ယူပို့ဆောင်ရေး စီမံကိန်းနှင့် ဘင်္ဂလားပင်လယ်အော်မှ ရေနံနှင့် သဘာဝဓါတ်ငွေ့ကို ပိုက်လိုင်းများဖြင့် သယ်ယူမည့် တရုတ်၏ စီမံကိန်းတို့ ဖြစ်ကြသည်။ ထိုကိစ္စများ အဝဝတွင်ငင်းတို့နှင့် တိုင်ပင်ခဲ့ခြင်း အလျဉ်းမရှိဟု ရခိုင်အမျိုးသားရေး လှုပ်ရှားသူများက ယူဆကြသည်။

ထိုအချိန်မှစ၍ လူထုဆန္ဒပြပွဲများစတင်အရှိန်ယူလာကြသည်။ အထင်ရှားဆုံးမှာ ၂၀၁၂ နောက်ပိုင်းတွင် ဆန္ဒပြပွဲများက ကုလသမဂ္ဂနှင့် နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့အစည်းများကို မွတ်ဆလင်များဘက် မျက်နှာလိုက်သော အဖွဲ့အစည်းများအဖြစ် စွပ်စွဲလာကြသည်။[၃၉] ထိုဆန္ဒပြမှုများကို စီစဉ်သည်ဟု ကြားသိရသော အဖွဲ့အစည်းတစ်ခုမှာ ရခိုင်လူမှုရေး ကွန်ရက် Rakhine Social Network ဖြစ်သည်။[၄၀] ၎င်းတို့၏ စွပ်စွဲမှုများထဲတွင် ၂၀၁၄ လူဦးရေနှင့် အိမ်ရာ သန်းခေါင်စာရင်းသည် အနောက်နိုင်ငံများ၏ အကူအညီနှင့် ဆောင်ရွက်ခြင်း ဖြစ်သောကြောင့် မွတ်ဆလင် အရေးကို ဦးစားပေးလိမ့်မည်ဟူသော အချက်ကိုလည်း အထူးပြုသည်။[၄၁] မွတ်ဆလင် ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ရလဒ်များ ထွက်ပေါ်လာခဲ့လေပြီ။ စစ်တွေရှိ နိုင်ငံခြားသားများ၏ ရုံးခန်းများကို တိုက်ခိုက်ခဲ့ပြီးနောက် နိုင်ငံတကာ အကူအညီပေးရေး အဖွဲ့အချို့ လုပ်ငန်းများ ရပ်ဆိုင်းခဲ့သည်။ မွတ်ဆလင်များကို ရိုဟင်ဂျာဟု သုံးစွဲခွင့်မပြုဘဲ သန်းခေါင်စာရင်းကို ကောက်ခံခဲ့ပြီး စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်များ များစွာထိခိုက်ခဲ့သည်။[၄၂]

သို့ရာတွင် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များကိုသာ ထိဆန္ဒပြသူများက မနှစ်သက်ကြသည်မဟုတ်။ နိုင်ငံတကာ ကော်ပိုရေးရှင်းများ ရောက်ရှိလာခဲ့ခြင်းနှင့် ပတ်သက်၍လည်း မကျေနပ်ကြောင်း မကြာခဏာပင် ထုတ်ဖော်ပြသလေ့ရှိကြသည်။ အထူးသဖြင့် တရုတ်သို့ ရခိုင်ပြည်နယ်မှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တင်ပို့မည့် ပိုက်လိုင်းလျင်မြန်စွာ ဆောက်လုပ်ပြီးစီးသွားပုံကို ဒေသခံများက များစွာအံ့အားသင့်ခဲ့သည်။ တရုတ်အစိုးရသည် ယခုအခါကျောက်ဖြူ ရေနက်ဆိပ်ကမ်းနှင့် ထိုမှတဆင့် ယူနန်သို့ မြန်မာပြည်ကို ကန့်လန့်ဖြတ်ဆက်သွယ်မည့် မီးရထားလမ်းကို အကောင်အထည်ဖော်ရန် စိတ်အားထက်သန်လျက် ရှိသည်ဖြစ်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာမည့် ခေတ်သစ်တစ်ခုမှာ အစပြုသည်ဆိုရုံမျှသာ ရှိသေးကြောင်း ရှင်းလင်းလာပေသည်။ မိမိတို့ဒေသနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များ၌ မိမိတို့ပါဝင်ခွင့် မရအောင်ပြုထားသည်ဟူသော ခံစားချက်မျိုး ရှိနေကြချိန်တွင် မေးစရာရှိလာသည့် မေးခွန်းမှာ ထိုနိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများက ဒေသခံတို့အား မည်သို့သက်ရောက်မှုရှိမည်နည်းဟူသော ကိစ္စဖြစ်သည်။ မည်သူတို့ အမှန်တကယ် အကျိုးခံစားခွင့်ရှိမည်နည်း။ RNDP ခေါင်းဆောင်တစ်ဦးဖြစ်သော ဦးအေးမောင်ကမူ ရခိုင်ကို အုပ်ချုပ်သင့်သူမှာ ရခိုင်များသာဖြစ်သည်ဟု အဖြေကိုမဆိုင်းမတွပင်ဆိုခဲ့သည်။[၄၃]

ဤကဲ့သို့ အကဲဆတ်သော အနေအထားတွင် အာရကန်အကျပ်အတည်း၏ တတိယမျက်နှာစာမှာ သိသိသာသာ ထွက်ပြူလာပြန်သည်။ ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ မအောင်မြင်ပါ။ အစောပိုင်းတွင် သိပ်သတိမထားမိခဲ့ကြသော ၂၀၁၁-၂၀၁၆ ကာလအတွင်း အစိုးရက ချမှတ်ထားခဲ့သည် ငြိမ်းချမ်းရေးမူဝါဒသစ်ကြောင့် ရခိုင်ပြည်နယ်၏ ပဋိပက္ခကို လွန်ခဲ့သော နှစ်ပေါင်းများစွာအတွင်း မတွေ့ခဲ့ရသော အခြေအနေမျိုးအထိ ဖြစ်လာအောင် ဆိုးရွားသွားခဲ့သည်။ အချို့ရှုထောင့်များမှသုံးသပ်လျှင် ဤအချက်မှာ ကျိုးကြောင်းမသင့်လှဟု ထင်စရာရှိသည်။ ဦးသိန်းစိန်အုပ်ချုပ်သည့် သက်တမ်းပထမနှစ်အတွင်း၌ ငြိမ်းချမ်းရေး လမ်းသစ်ကို စတင်ဖွင့်လှစ်နိုင်မည်ဟူသော မျှော်လင့်ချက်မျိုးရှိခဲ့ကြသည်။ သို့သော် ၂၀၁၂ နောက်ပိုင်းတွင်မူ ဘေးဖယ်ခံထားရသည်ဟု ယုံကြည်လာကြသော အဖွဲ့အစည်းများတွင် ရိုဟင်ဂျာသို့မဟုတ် မွတ်ဆလင်အခြေပြု အဖွဲ့အစည်းများ သာမကပေ။ အမျိုးသားရေး စိတ်ဓာတ်များ ပြန်လည်နိုးကြားလာချိန်တွင် ဗဟိုအစိုးရသည် ရခိုင်ပြည်နယ်ရှိ အတိုက်အခံအဖွဲ့အစည်းများအရေးကို ကိုင်တွယ်ရာတွင် ဆိုးဆိုးရွားရွားမူဝါဒ အမှားများကို ပြုလုပ်ခဲ့ကြသည်။ ဤအမှားများသည် နောင်လာမည့် နှစ်များအတွက် အပျက်အစီးများလှသော အကျိုးရလဒ်များကို ချန်ရစ်ခဲ့ထားသည်။

အပစ်အခတ်ရပ်စဲရေးနှင့် အပြောင်းအလဲကာလအတွင်း စစ်ရေးနယ်ပယ်ချဲ့ထွင်လာကြခြင်း

သမ္မတဦးသိန်းစိန် စတင်တာဝန်ယူသည့်အချိန်တွင် ရခိုင်အမျိုးသားရေး လှုပ်ရှားမှုတွင် ပါဝင်သူများကို အုပ်စုနှစ်မျိုးခွဲနိုင်သည်။ နိုင်ငံရေးပါတီများနှင့် လက်နက်ကိုင် အတိုက်အခံ အဖွဲ့အစည်းများ ဟူ၍ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ထိုအုပ်စုနှစ်ခုကြားတွင် လူမှုရေးအဆက်အဆံများ ရှိကြသည်။ လှုပ်ရှားတောင်းဆိုမှုများ ပြုလုပ်သည့် နိုင်ငံရေးဘက်တွင် RNDP က လွှတ်တော်ထဲမှ ဦးဆောင်သည်။ သို့သော် USDPတို့ နှင့် တပ်မတော်ဘက်က အရာရှိများ လွှမ်းမိုးထားသော အုပ်ချုပ်ရေးပိုင်းကိုကြည့်ကာ အာရကန်အတိုက်အခံ ခေါင်းဆောင်များက ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအောက်တွင် ဖြစ်ပေါ်လာနိုင်သော ပြုပြင်ပြောင်းလဲမှုများမှာ အားရစရာမကောင်းနိုင်ဟု သိလာခဲ့ကြသည်။ ပိုမိုကျယ်ပြန့်သော ထောက်ခံမှုကို ရရှိရန် RNDP က ဦးသိန်းစိန်အာဏာရနေသည့် ကာလအတွင်း ဖွဲ့စည်းလိုက်သည့် ၂၀၁၀တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော လူမျိုးစုအခြေပြုပါတီ ၂၃ခု စုပေါင်း ဖွဲ့စည်းထားသည့် Nationalities Brotherhood Federation NBF ထဲတွင် ထင်ပေါ်သော အဖွဲ့ဝင်ဖြစ်လာခဲ့သည်။[99]

NBF ခေါင်းဆောင်များကြားထဲတွင် RNPP ၏ အမတ် ဦးအေးမောင်ကို အသံကျယ်သူအဖြစ်၊ ပြောဆိုစရာရှိက ထွက်ပြောရသူအဖြစ် သိကြသည်။ ထို့ကြောင့်ပင် သူသည် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲမတိုင်မီက ကျင်းပသော ဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရခေါင်းဆောင်များ ပါဝင်သော ခြောက်ဦး မျက်နှာစုံညီဆွေးနွေးပွဲသို့ ဖိတ်ခေါ်ခံရပြီး တစ်ပြည်လုံးအဆင့်အထိ လူသိများလာခဲ့သည်။ NBF အဖွဲ့ဝင်များသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြုပြင်ရေးနှင့် ပတ်သက်၍ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပြုလုပ်ရန် အဆိုတင်ခဲ့ကြသည်။ ဦးအေးမောင်ကမူ ၎င်း၏ ရည်မှန်းချက်မှာ တပ်မတော်၏ အခန်းကဏ္ဍကို နိုင်ငံရေးတွင်လုံးဝမပါဝင်တော့သည့်အထိ ဖြစ်စေလိုကြောင်း ဖော်ပြခဲ့သည်။[90]

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြုပြင်ရေးမှာ ရှေ့မတိုးလာတော့ဘဲရှိရာ ဦးသိန်းစိန်၏ လက်ထက်တွင် လက်နက်ကိုင် အတိုက်အခံအုပ်စုများက နိုင်ငံရေးအရ ပို၍ အများအာရုံကျသည့်နေရာသို့ ရောက်လာခဲ့သည်။ အစောပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး အလားအလာမှာ အားကောင်းခဲ့သည်။ ဦးသိန်းစိန်က ၂၀၁၁ ခုနှစ် ဩဂုတ်လ ငြိမ်းချမ်းရေးလမ်းစဉ်ကို ကြေညာခဲ့ပြီးနောက် ရခဲ့သော တုံ့ပြန်မှုများမှာလည်း အားရစရာကောင်းသည်။ လွတ်လပ်ရေးရပြီးကတည်းက စရေတွက်လျှင် လေးကြိမ်မြောက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ဦးသိန်းစိန်၏ လူမျိုးစုလက်နက်ကိုင် အတိုက်အခံများထံသို့ရောက်အောင် ချဉ်းကပ်ပုံမှာ အားတက်စရာဖြစ်ပြီး တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး ပန်းတိုင်သို့ ရောက်နိုင်မည်လောဟု မျှော်လင့်ခဲ့ကြသည်။[96] ဦးသိန်းစိန်က ဒေါ်အောင်ဆန်းစုကြည်ကို နေရာပေး ဆက်ဆံမှုများက ၂၀၁၁-၂၀၁၂ကာလတွင် မျှော်လင့်ချက်များပို၍ မြင့်တက်လာစေပြီး နိုင်ငံရေး ခေတ်ပြောင်းချိန် ရောက်ပြီလောဟု မှန်းဆခဲ့ကြသည်။[97] ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နှစ်ဦးစလုံးက ဖက်ဒရယ် ပြည်ထောင်စုသို့ ကူးပြောင်းနိုင်ရေးကို ထောက်ခံခဲ့ကြပြီး နိုင်ငံရေးဇာတ်ခုံပေါ်တွင် ခေတ်ပြောင်းချိန် ရောက်လာတော့မလို အရိပ်အယောင်များတွေ့ခဲ့ရသည်။ နိုင်ငံရေးတွင် တပ်မတော် NLD နှင့် လူမျိုးစုအခြေပြုပါတီများ သုံးဦးသုံးဖလှယ် နှိုးနှောဖလှယ်ပွဲများပေါ်ပေါက်လာရန်မှာ ရှေ့ကပင် အတိုက်အခံများဘက်မှ တောင်းဆိုခဲ့ကြသော အရာများမဟုတ်ပါလော။

ထိုသို့ နိုင်ငံရေး အရှိန်အမြင့်ဆုံးရောက်ခဲ့ချိန်တွင် ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေးလမ်းစမှာ အပစ်အခတ်

ရပ်စဲမှု သဘောတူညီချက်အသစ်များ ရနေသော်တစ်နိုင်ငံလုံးနှင့် ဆန့်ကျင်ဘက်သို့ မျက်နှာမူသွားခဲ့သည်။ ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းကသာလျှင် ရခိုင်နှင့်အလားတူ ငြိမ်းချမ်းရေးတွင် နောက်ဆုတ်သွားခြင်းရှိနေသော ကာလဖြစ်သည်။ ရခိုင်ပြည်နယ်မှ ပဋိပက္ခများကို အစိုးရက ကိုင်တွယ်ရန် ပျက်ကွက်ရုံမျှမက စစ်ရေးအင်အားကိုပင် ထင်သာမြင်သာ ချဲ့ပစ်ခဲ့သေးသည်။ အဘယ့်ကြောင့် ဤသို့အစိုးရက စိတ်နှစ်ခွ ဖြစ်လာရသည်ကို တွေးလျှင်ရိုးစင်းသော အဖြေမရှိနိုင်ချေ။ အချင်းဖြစ်ပွားနေသော ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်သုံးခုစလုံးကို ကြည့်လျှင် ပြည်ပနိုင်ငံများနှင့် ထိစပ်နေသော ဂိတ်တံခါးကြီးများ ဖြစ်နေကြသည်ဟူသော တူညီမှုကိုတွေ့ရမည်။ ထိုအဖြစ်အပျက်များကြောင့် တပ်မတော်သည် မဟာဗျူဟာအရ တရုတ်နှင့်ဘင်္ဂလားဒေ့ရှ် နယ်စပ်များကို အရောက်ထိန်းချုပ်နိုင်ရန် လုံခြုံရေးအစီအမံများကို ဆန့်ထုတ်နေခြင်းဟု အတိုက်အခံ ခေါင်းဆောင်များဘက်မှ အတွေးပေါက်လာခဲ့သည်။ သို့သော် ဤလမ်းကြောင်းပေါ်သို့ ရောက်ရှိလာပုံကို ပြောပြနိုင်သည့် မှတ်တမ်းမှတ်ရာ အလွန်နည်းပါးသည်။ တပ်မတော်၏ စစ်ဆင်ရေးများမှာထိုပြည်နယ်သုံးခုကိုပစ်မှတ်ထားလာခြင်းမှာ နဝတ-နအဖ လက်ထက်က အဓိက ပစ်မှတ်အဖြစ် ထိုင်းနယ်စပ်ကို အာရုံထားခဲ့သော ပုံစံနှင့် လုံးဝ ပြောင်းပြန်ဖြစ်သွားခဲ့သည်။

ရခိုင်ပြည်နယ်တွင် ပဋိပက္ခများ တစ်ဖန်ပြန် ရုန်းကြွလာမည်ဆိုသည့် ကိစ္စမှာ မထင်မှတ်ထားဆုံး ကိစ္စမျိုးပင်ဖြစ်သည်။ ဦးသိန်းစိန်အာဏာရပြီး အစောပိုင်း ကာလများတွင် အတိတ်က ဒဏ်ရာများကို အခြေခံသည့် မတည်ငြိမ်မှုများမှာ မည်သည့်အခါကမျှ အနာကျက်အောင် မဖြေရှင်းခဲ့ကြသဖြင့် အတိတ်ကအတိုင်း ကျန်ရှိနေပါသည်။ သို့ရာတွင် ရခိုင်ဘက်ရော ရိုဟင်ဂျာဘက်တွင်ပါ လက်နက်ကိုင်အုပ်စုများ စစ်မြေပြင်တွင် လှုပ်ရှားနေသည်မှာ အနည်းငယ်မျှသာရှိပါသည်။ ၂၀၁၂ တွင် ဆက်တိုက်ဖြစ်လာသော အကြမ်းဖက်မှုများကိုကြည့်လျှင် လာတော့မည့် အန္တရာယ်ကို သတိပေးနေသလိုပင်။ သို့သော် ပြန်လည်ကုစားပေးနိုင်သည့် ငြိမ်းချမ်းမှုနှင့် တရားမျှတမှုကို အလေးထားသော လုပ်ရပ်မျိုးကို မလုပ်ခဲ့ကြပါ။ ရခိုင် လူမှုဘဝများမှာ ပို၍ အခြေအနေ ဆိုးရွားလာခဲ့ပြီး နောက်ဆုံးတွင် ပိုပြင်းထန်သော ချေမှုန်းတိုက်ခိုက်မှုများဆီသို့ ဦးတည်သွားခဲ့သည်။

ဤအနေအထားများ ဖြစ်ပျက်နေချိန်တွင် ရခိုင်ပြည်နယ်ရှိ အတိုက်အခံ လက်နက်ကိုင်တပ်များမှာ ဘေးထွက်ရပ်ကာ ထိုင်ကြည့်နေသူများဖြစ်ရန် ခက်ပါသည်။ နအဖရာထူးမှ ဆင်းသွားချိန်တွင် ရခိုင်လက်နက်ကိုင်တပ်ဖွဲ့များမှာ တိုက်ခိုက်ရန် ခြေလှမ်းပင် မပြင်ရသေးပါ။ နိုင်ငံအရပ်ရပ်တွင်ရှိသော အခြားလူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့များကဲ့သို့ပင် အုပ်ချုပ်ရေး အပြောင်းအလဲကြောင့် ဖြစ်လာမည့် သက်ရောက်မှုများ မည်သို့ ရှိမည်ကို ခန့်မှန်းရန် ခက်ခဲသည်။ သို့ရာတွင် ပြင်ပြင်ဆင်ဆင်ရှိနေရန် NUPA က United Nationalities Federal Council UNFC ၏ အဖွဲ့တည်ထောင်သူ ၁၁ဦးတွင် ပါဝင်လာခဲ့သည်။ (လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းများ ၊နိုဝင်ဘာ ၂၀၁၉ ကို ရှုပါ။) ထိုကာလမှာ ခေတ်သစ်တစ်ခု အစပျိုးသောကာလဟုလည်း ဆိုနိုင်သည်။ စာရွက်ပေါ်တွင် UNFC သည် ၁၉၇၆ဖွဲ့စည်းတွင် အမျိုးသား ဒီမိုကရက်တစ်တပ်ဦး တည်ထောင်စဉ် ကတည်းက လက်နက်ကိုင်တပ်ဖွဲ့များထဲတွင် အရေးကြီးသော မဟာမိတ်အဖွဲ့ တစ်ခုဖြစ်သည်။ (အခန်း၄ ကိုရှုပါ) နဝတ-နအဖ လက်ထက်တွင် မဟာဗျူဟာ အပြောင်းအလဲတစ်ရပ်အနေနှင့် UNFC က အပစ်ရပ်အုပ်စုများကိုရော အပစ်မရပ်ထားသော ထပ်ဖွဲ့များကိုရော စုစည်းခဲ့သည်။ ကနဦးအဖွဲ့ဝင်များတွင် တရုတ်နယ်စပ်မှ KIA (ထိုအချိန်က အပစ်ရပ်အုပ်စု)၊ ထိုင်းနယ်စပ်မှ KNUC (အပစ်ရပ်အုပ်စုမဟုတ်) နှင့် အိန္ဒိယနယ်စပ်မှ ချင်းအမျိုးသားတပ်ဦး (အပစ်ရပ်အုပ်စုမဟုတ်) တို့ပါဝင်ခဲ့သည်။[၄၀] ထိုသို့လူမျိုးပေါင်းစုံမှ လက်နက်ကိုင်တပ်ဖွဲ့များ ညီညွတ်လာကြခြင်းမှာ တစ်နည်းအားဖြင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်ပတ်သက်၍ စိတ်မချမ်းသာကြသည့်အဖြစ်ကို ထင်ဟပ်နေသည်။ UNFC၏ ရည်ရွယ်ချက်မှာ နှစ်လမ်းသွားဖြစ်သည်။ ဖက်ဒရယ် ဒီမိုကရေစီ အရေးနှင့် လက်နက်ကိုင် အတိုက်အခံများကို ကိုယ်စားပြုသော အဖွဲ့အစည်းအနေနှင့် အစိုးရနှင့် အနာဂတ်အရေး ဆွေးနွေးမှုများတွင် ဦးဆောင်နိုင်ရေး ဖြစ်သည်။

နောက်ထပ်သုံးလမျှကြာသောအခါ ရခိုင်အတိုက်အခံ အုပ်စုများသည်လည်း UNFC တွင် ပါဝင်နေသော အာရကန် ကိုယ်စားပြုမှုကို NUPA အနေနှင့် ရှိခဲ့ရာမှ ၂၀၁၁ မေလမှစပြီး ရခိုင်ပြည် အမျိုးသားကောင်စီဟု ပိုမိုကျယ်ပြန့်စေရန် (Arakan National Council- ANC) ဟု ရည်ရွယ်ပြောင်းလဲခဲ့သည်။[၄၉] ထိုအဆင့်တွင် ရခိုင် အများစုပါဝင်သော လက်နက်ကိုင်အဖွဲ့သုံးခုဖြစ်သည့် NUPA-ANC၊ ALP နှင့် ULA တို့သည် အချင်းချင်း မဟာမိတ်ဖွဲ့ရန် မစဉ်းစားကြသေးပါ။ ULA သည် နောင်တွင် UNFC၏ အဖွဲ့ဝင်အဖြစ် တွဲဖက်လှုပ်ရှားလာသော်လည်း ထိုရခိုင်အဖွဲ့အစည်း သုံးခုစလုံးမှာ ၎င်းတို့၏ သီးခြားဝိသေသလက္ခဏာများဖြင့် ရပ်တည်ကြသည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်သည် (အာရကန်လက်နက်ကိုင် လှုပ်ရှားမှု သမိုင်းကို ရှုရန်)။ မူလဘူတအရ NUPA–ANC နှင့် ALPတို့သည် ယခင်ခေတ်များမှ ကျန်ရစ်ခဲ့သည့် အမွေဟု ပြောနိုင်ပြီး ULA ကမူ ၂၀၀၉ခုနှစ်တွင် ဖွဲ့စည်းခဲ့သော မျိုးဆက်သစ် လှုပ်ရှားမှုဟု ဆိုနိုင်သည်။ (အခန်း၇ နှင့် ၈ ကိုရှုပါ။)

သို့ရာတွင်အစိုးရနှင့် UNFCတို့ကြား၌ငြိမ်းချမ်းရေး

လမ်းစပေါ်လာခြင်းမှာ လုံးဝမရှိခဲ့ပါ။ ဤအချိန်မှစကာ ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ပုံစံပြောင်းသွားပြီး သွေးခွဲအုပ်ချုပ်ရေး "Divide and Rule" ဖြစ်ခဲ့သလော၊ သို့မဟုတ် ငြိမ်းချမ်းရေးဇာတ်ထုတ် ကိုယ်၌က အလွန်ရှုပ်သော ဇာတ်လမ်း တစ်ပုဒ်ဖြစ်ခဲ့သလော ဆိုသည်မှာ ဆက်လက်အငြင်းပွားစရာပေ။ အစောပိုင်းကတည်းကပင် အစိုးရဘက်က ဆွေးနွေးဖက်များ ရွေးချယ်ပုံမှာ စိတ်ဝမ်းကွဲစရာများဖြစ်စေပြီး ၎င်းတို့ရည်ရွယ်ထားသည့်အဖွဲ့များကိုသာ ရွေးတော့သည်သဘောရှိခဲ့သည်။ ဤအခြေအနေကို ရခိုင်ပြည်နယ်နှင့် တစ်ပြည်လုံးတွင် တွေ့နိုင်သည်။ အထင်ရှားဆုံးမှာနိုင်ငံ၏ အရှေ့မြောက်ဘက်တွင် KIO နှင့် ၂၀၁၁ ဇွန်လတွင် အပစ်ရပ် သဘောတူညီမှု ပျက်ပြားပြီး တပ်မတော်နှင့် တိုက်ပွဲများ အရှိန်မြင့်လာခဲ့ခြင်းပင်။ တစ်ဖက်တွင်မူ အစိုးရသည် KNU တခြား ထိုင်းနယ်စပ်တစ်လျှောက်မှ လူမျိုးစုလက်နက်ကိုင် တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ ရယူရာတွင် အချိန်အနည်းငယ်အတွင်း တိုးတက်မှုများ ဖြစ်ထွန်းလာခဲ့သည်။ အိန္ဒိယနယ်ခြားဒေသတွင်မူ ချင်းအမျိုးသားတပ်ဦး CNF က ၂၀၁၂ ဇန်နဝါရီတွင် အပစ်အခတ်ရပ်စဲရေးစာချုပ်ကိုချုပ်ဆိုခဲ့ပြီး နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ ကက်ပလန် နှင့် စာချုပ်ကို ထိုနှစ်ဇူလိုတွင်ပင် ရေးထိုးခဲ့သည်။

ရခိုင်ပြည်နယ်တွင်လည်း အလားတူ ဆွေးနွေးဖက်ကွက်ကြားရွေးချယ်ခြင်းမျိုးကို ကြုံတွေ့ရသည်။ တပ်မတော်အနေနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ရိုဟင်ဂျာအုပ်စုများနှင့်သော်လည်းကောင်း၊ ANC နှင့်သော်လည်းကောင်း ULA နှင့်သော်လည်းကောင်း မဆောင်ရွက်လိုပါ။ တပ်မတော်က ရွေးချယ်ခဲ့သည်မှာ ဇူလိုင် ၂၀၁၂ တွင် အပစ်အခတ်ရပ်စဲရေး စာချုပ်လက်မှတ် ရေးထိုးခဲ့သော ALP ကိုဖြစ်သည်။ ALP ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်သည် အစိုးရနှင့် လက်မှတ်ထိုးရန် ထိုင်းနယ်စပ်မှ စစ်တွေသို့ ထွက်လာခဲ့သည်။ အာရကန်နယ်မြေကို လက်နက်ကိုင်လှုပ်ရှားမှုရှိသောနယ်မြေတစ်ခုအဖြစ် အစိုးရက အသိအမှတ်ပြုခြင်းမှာ အလွန်ရှားပါသည်။ KNU ၏ ရင်းနှီးသော မဟာမိတ်ဖြစ်သည့် ALP အတွက် အပစ်အခတ်ရပ်စဲရန်မှာ မျှော်လင့်ထားခဲ့သော ကိစ္စတစ်ခုမဟုတ်ပေ။ သို့သော် အစိုးရက ALP ကို ဆွေးနွေးဖက်အဖြစ် ရွေးချယ်လိုက်သောအခါ ရခိုင်ပြည်နယ်မှ တက်ကြွလှုပ်ရှားသူများအဖို့ အကြံအိုက်စရာကိစ္စဖြစ်လာသည်။ ALP တွင် အစိုးရနှင့် အပစ်ရပ်စာချုပ်ချုပ်ဆိုရန် အခွင့်အရေး ရှိသည်ကို ငြင်းစရာမလိုချေ။ သို့သော် ALP သည် ရခိုင်ပြည်နယ်ထဲတွင် အစဉ်အလာအရ စစ်ရေးလှုပ်ရှားမှု အလွန်နည်းပါးသည်။ ALP ၏ လက်နက်ကိုင် တပ်များမှာ ထိုင်းနယ်စပ်တွင်သာ နေရာချထားသည်။ ALPသည်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းမှု များတွင် ဦးဆောင်နေသော UNFC ၏ အဖွဲ့ဝင်တစ်ဦးလည်း မဟုတ်ပေ။

သေချာသည်က အပစ်ရပ်စာချုပ်မှာ ALP ခေါင်းဆောင်များ၏ ကံကြမ္မာ အလှည့်အပြောင်းကို ဖြစ်စေခဲ့သည်ပင်။ နှစ်လေးဆယ်ခန့် လက်နက်ကိုင် တော်လှန်ရေးထဲနေခဲ့ပြီးနောက် ALP ကို ရခိုင်ပြည်နယ်ထဲတွင် ကျောက်တော်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်များတွင် ဆက်သွယ်ရေးရုံးခန်းများ ဖွင့်လှစ်ရန် ခွင့်ပြုခဲ့သည်။ ထိုသို့ ALP ကို အိန္ဒိယနယ်စပ်ဒေသများတွင် နေရာပေးလိုက်ခြင်းမှာ အငြင်းပွားစရာ ကိစ္စဖြစ်ပြီး တင်းမာမှုများကို ဖြစ်စသည့်အကြောင်းရင်းတစ်ခုလည်း ဖြစ်သည်။ ယခင်က တောင်ပေါ်ဒေသများတွင် ရခိုင်တပ်များ ဝင်ထွက်လှုပ်ရှားလေ့ ရှိသော်လည်း ၎င်းတို့ရှိနေခြင်းက လူမျိုးစုများ၏ ရပ်ရွာအသိုင်းအဝိုင်းအားလုံးအတွက် အဆင်ပြေနေခဲ့သည် မဟုတ်ပါ။ ချင်းခေါင်းဆောင်များက အစိုးရ၏ ထိုဆုံးဖြတ်ချက် အကြောင်းကို ချက်ချင်းစုံစမ်းခဲ့ကြသည်။[၁၀] ထိုစဉ်က CNF ကလည်း ဇန်နဝါရီလ အပစ်အခတ် ရပ်စဲရေးအပြီးတွင် ပလက်ဝမြို့နယ်၌ အခြေစိုက်စခန်း တစ်ခု ဖွင့်လှစ်နိုင်ရန် အခွင့်အရေးကို တောင်းဆိုခဲ့သည်။[၁၁]

အစိုးရလုပ်ပုံမှာ သွေးခွဲအုပ်ချုပ်ခြင်း "Divide and Rule" ပုံစံဖြစ်နေမည်လားဆိုသော စိုးရိမ်မှုများကို အစောပိုင်းတွင် ခပ်တိုးတိုးသာ ဆွေးနွေးခဲ့ကြသည်။ ထိုစဉ်က စဉ်းစားခဲ့ကြပုံမှာ ALP နှင့် အပစ်ရပ်စဲခြင်းမှာ ကနဦး ခြေလှမ်းဖြစ်ပြီး အခြား EAO များကိုလည်း မကြာမီ ထည့်သွင်းစဉ်းစားလာနိုင်သည်ဟူ၍ ဖြစ်၏။ သို့သော် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပဋိပက္ခများ ပို၍ဆိုးရွားလာချိန်တွင် စတင်၍ သံသယ ဖြစ်လာခဲ့ပြီ ဖြစ်သည်။ လအတန်ကြာလာသောအခါ ANC ကိုလည်းကောင်း ULA ကိုလည်းကောင်း တပ်မတော်က အဆင့်အတန်းတူ ဆွေးနွေးဖက်အဖြစ်ထည့်သွင်း စဉ်းစားတော့မည်မဟုတ်ဟူသော အချက်ကို ရှင်းလင်းလာခဲ့သည်။ တရုတ်မှလွဲလျှင် နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း ဤအခြေအနေကို တုံ့ပြန်ရာတွင် များစွာနှေးကွေးခဲ့ပါသည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် ၂၀၁၂ အကြမ်းဖက်မှုကိုသာ အာရုံစိုက် နေကြသောကြောင့်လည်း ဖြစ်သည်။ ထို့ပြင် နောက်တစ်ကြောင်းမှာ ယခုအခါ အနောက်နိုင်ငံ အစိုးရများစွာက အထောက်အပံ့ပြုနေသော ခရီးမဆုံးသေးသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင်နိုင်ငံခြားသား အလှူရှင်များက ပုံအောထားကြခြင်းကြောင့်လည်း ဖြစ်သည်။[၁၂] အရင်းစစ်လိုက်သော် မြန်မာအစိုးရက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် စာရင်းထဲ တည့်မထားသူများမှာ ပြဿနာ ရှိသူများဟု သတ်မှတ်ခံရသူများ ဖြစ်ကြသည်။

နောက်နှစ်များတွင်မူ ရခိုင်၊ ကချင်နှင့် ရှမ်းပြည်

နယ်များ မှ ပြည်သူများ၏ နစ်နာချက်မှာ ကြီးမားလှသည်။ အစိုးရသည် အပစ်အခတ်ရပ်စဲရေးအားဖြင့် နိုင်ငံရေးအဖြေကို မရတော့ဟု ထင်သည့်အခါ တပ်မတော်၏ ထိုးစစ်ဖြင့် စစ်ရေးအရ ထိန်းချုပ်ရန် ကြိုးစားလာခဲ့သည်ဟု ထင်မြင်လာကြသည်။ ဦးသိန်းစိန် လက်ထက်တွင် ထိုင်းနယ်စပ်တွင် ကျင့်သုံးခဲ့သော ငြိမ်းချမ်းရေးသာ ပထမဟူသောမူနှင့် ဘင်္ဂလားဒေ့ရှ် နှင့် တရုတ်နယ်စပ်တွင် သုံးခဲ့သော လုံခြုံရေးသာ ပဓာနဟူသောမူ နှစ်ခုမှာ ရှင်းလင်းစွာ ကွဲထွက်လာခဲ့သည်။

ရခိုင်ပြည်နယ်တွင် ပဋိပက္ခများ ဆီလျော်အောင် မီးရှို့မြှင့်ပေးသော အကြောင်းအရင်းနှစ်ခုလည်း ယခုအခါ ပေါ်ထွက်လာခဲ့သည်။ အစောပိုင်းတွင် မထင်ရှားသော်လည်း နိုင်ငံရေး အဝန်းအဝိုင်းမှာ ပို၍ စစ်ဘောင်ထဲသို့ ရောက်ရှိလာကြခြင်းဖြစ်သည်။ ပထမဆုံးနှင့် အထင်ရှားဆုံး စေ့ဆော်မှုမှာ ၂၀၁၂ အတွင်း ဖြစ်ပွားခဲ့သော ဗုဒ္ဓဘာသာ-မွတ်ဆလင်တို့ကြား အကြမ်းဖက်မှုဖြစ်သည်။ သို့သော် သူချည်းမဟုတ်ပါ။ ဒုတိယ အကြောင်းတစ်ရပ်ရှိ နေပါသေးသည်။ စစ်ဘက်မှ ပြင်ဆင်မှုများ စစ်အင်အားများ ချဲ့တွင်လာခဲ့သည်။ ထိုအချိန်မှာ အဓိက ဧာတ်ကောင်သုံးဦးဖြစ်ကြသော တပ်မတော် ULA နှင့် ရိုဟင်ဂျာ လက်နက်ကိုင်များက အစီအစဉ်များကို ရှေ့တိုးကာ ဖြစ်လာတော့မည့် တိုက်ပွဲများ အချိန်မြှင့်ရန် ခြေလှမ်းစတင်နေပြီ ဖြစ်သည်။

၂၀၁၂ အကြမ်းဖက်မှုအတွင်းသို့ ကျရောက်ခဲ့ရခြင်းကို အစိုးရဘက်ကလည်း သူ့အလိုလို ဖြစ်လာသော အဖြစ်အပျက်များ ဆက်တိုက်ကြုံခဲ့ရခြင်းမျိုးကဲ့သို့ ပုံဖော်ပြောဆိုပါသည်။ သို့သော် လူအုပ်စုလိုက် တိုက်ခိုက်နေခြင်း၊ ရန်စနေခြင်းဖြစ်စဉ်များတွင် တပ်မတော်က လေ့ကျင်ပေးနေသော "ကာကွယ်ရေး" ပြည်သူ့စစ်များ၏ လက်စလက်နများ ပါဝင်နေသည့် သက်သေများရှိခဲ့သည်။ ဤကာလအတွင်း တပ်မတော်က ပြည်သူ့စစ်ကဲ့သို့သော အရပ်သားများကို လေ့ကျင့်ပေးသည့် နည်းဗျူဟာများကို အဘယ်ကြောင့် ရွေးချယ်ခဲ့သနည်းဟူသော မေးခွန်းအတွက် အဖြေမရှိပေ။ လွတ်လပ်ရေးရကတည်းက သမိုင်းတစ်လျှောက်ကို ကြည့်လျှင် တပ်မတော်က လက်နက်ကိုင် ပဋိပက္ခရှိသော နေရာများတွင် ဒေသခံ "တပ်ဖွဲ့" သို့မဟုတ် " ပြည်သူ့စစ်" ကို ဖွဲ့ပေးပြီး အစိုးရ အုပ်ချုပ်ရေးအားနည်း နေခြင်းကို ဖြေရှင်းရန် ထိုသူတို့အား အခွင့်အာဏာပေးခြင်းဖြင့် ဗဟိုမှ အာဏာစက်ကို ဖြန့်ကျက်ခဲ့ကြသည်။ ၂၀၀၉ ခုနှစ်တွင် ဤမူဝါဒကို သွေးသစ်လောင်းကာ ပြည်သူ့စစ် မျိုးဆက်သစ်များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များ အသွင်ဖြင့် နိုင်ငံ၏ ဒေသများစွာတွင် အင်အားတိုးချဲ့ခဲ့ သည်။

အစောပိုင်းတွင် နိုင်ငံ၌ ဖွဲ့စည်းအုပ်ချုပ်ပုံ ဆိုင်ရာအပြောင်းအလဲများ ဆောင်ရွက်နေစဉ် ထိုနည်းလမ်းအသစ်ကို ဆောင်ရွက်နေစဉ် ပဋိပက္ခကို အသွင်ပြောင်းလျှော့ချရေးအတွက် အပစ်ရပ်အုပ်စုများကို တပ်မတော်၏ ထိန်းချုပ်မှုအောက်သို့ ထည့်သွင်းရန် မဟာဗျူဟာ တစ်ရပ် အနေနှင့် သုံးနေခြင်းဖြစ်နိုင်သည်ဟု ထင်မြင်ခဲ့ကြသေးသည်။ သို့သော်ထိုထင်မြင်ချက်မှာ တစ်ဝက်သာမှန်သည်။ ဆယ်စုနှစ်တစ်ခု ကြာခဲ့ပြီး ချိန်တွင် BGFs နှင့် န.အ.ဖ လက်ထက်ကတည်းက ရှိခဲ့သော ပြည်သူ့စစ်များသည် နိုင်ငံရေးပါတီများ ထက်စာလျှင် နယ်စပ်ဒေသများ၏ လုံခြုံရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးတွင် ပို၍သြဇာရှိသော အစိတ်အပိုင်းများ ဖြစ်နေကြဆဲပင်။ တပ်မတော်မှ အရာရှိတစ်ဦး၏ အဆိုအရ ပြည်သူ့စစ်တပ်ဖွဲ့ပေါင်း ၆၀၅၀ ခန့်ရှိပြီး တစ်ဖွဲ့လျှင် ၂၀ မှ ၆၀ အထဲပါဝင်ပြီး လက်နက် တပ်ဆင်ပေးထားသည်။ ထို့သူတို့မှာ တိုင်းပြည်တစ်ပြည်လုံးအနှံ့ အပြားတွင် ယနေ့ထိတိုင်အောင် ရှေ့တန်းကာကွယ်ရေး တာဝန်ကို ယူနေကြသူများဟု တပ်မတော်အရာရှိတစ်ဦးက ဆိုသည်။[၁၄] ဤအရေအတွက်မှာ BGFs များနှင့်ပို၍ အရွယ်အစားကြီးသော တိုက်ပွဲရှေ့တန်း ဧရိယာများမှ ပြည်သူ့စစ်များကို ထည့်တွက်ထားခြင်းမရှိပေ။

ဦးသိန်းစိန်၏ အစိုးရလက်ထက်တွင် ပြည်သူ့စစ်များသည် ရခိုင်ပြည်နယ်၏ အရေးပါသော အပြောင်းအလဲ သစ်တစ်ခု ဖြစ်လာခဲ့သည်။ ပြည်သူ့စစ်ကို တာဝန်ပေးထားသော အလေ့အထမှာ အခြားပြည်နယ်များထက် စာလျှင် ရခိုင်ပြည်နယ်တွင် အတွေ့အကြုံနည်းပါးသည်။ ရခိုင်ရော ရိုဟင်ဂျာ နှစ်ဖက်စလုံးကိုပါ အစိုးရက မယုံမကြည်ဖြစ်ဟန်တူသည်။ ဥပမာ ဗမာပြည်ကွန်မြူနစ်ပါတီ (အာရကန်) ကို ၁၉၉၇ အပစ်ရပ်စာချုပ်ချုပ် ဆိုပြီးကတည်းကစ၍ ကိုယ်ပိုင်ပြည်သူ့စစ် ဒေသထားရန် ခွင့်မပြုခဲ့ပါ။ သို့သော် တပ်မတော်သည် ၂၀၀၉ ခုနှစ်မှစကာ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် ဒေသခံများကို ပြည်သူ့စစ်အဖြစ် လေ့ကျင့်ပေးခဲ့ရာ ထိုအထဲတွင် ရခိုင်၊ မြို၊ သက် နှင့် အခြားဒေသခံ လူမျိုးများပါဝင်ခဲ့သည်။ လေ့ကျင့်ပေးရာတွင် တပ်မတော်နှင့် န.စ.ခ ခေါ် နယ်စပ်ဒေသ လုံခြုံရေးတပ်ဖွဲ့များလည်း ပါဝင်ခဲ့ကြပြီး ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ပြည်သူ့စစ် ၆၉၀၀မှ ၁၁၀၀၀ အထိ တိုးလာအောင် ဆောင်ရွက်ခဲ့သည်။[၁၅] အရေးကြီးသောအချက်မှာ ပြည်သူ့စစ်ထဲတွင် မွတ်ဆလင်တို့ကို မထည့်သွင်းခြင်းဖြစ်သည်။ အပေါ်ယံက သုံးသပ်လျှင် ထိုသို့ မွတ်ဆလင်ကို ချန်လှပ်ထားခြင်းမှာ USDP က မွတ်ဆလင်မဲများကို ၂၀၁၀ ရွေးကောက်ပွဲတွင်ရရှိအောင် ကြိုးစားခဲ့သောမူနှင့် ဆန့်ကျင်နေပေသည်။ အစိုးရ၏ ရည်ရွယ်ချက်က မည်သို့ပင်ရှိစေ၊ လူမျိုးစုများကို စိတ်ဝမ်းကွဲစေခြင်းနှင့် စစ်လက်နက်အင်အားချဲ့ထွင်ခြင်းများက အန္တရာယ်မျိုးစေ့ကို ချခဲ့ကြပြီးဖြစ်သည်။

အကျိုးဆက်များမှာ မွတ်ဆလင်ရပ်ရွာများကို ၂၀၁၂ ခုနှစ်တွင် တိုက်ခိုက်ခဲ့ကြစဉ်က ထိုပြည်သူ့စစ်များ

လူမျိုးစု လက်နက်ကိုင်အဖွဲ့များ - ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအထိ[၅၃]

ရက္ခိုင့်တပ်တော် - ရခိုင်အမျိုးသားအဖွဲ့ချုပ် [၁၂၃၄]
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ [၂၅၆]
ရခိုင်ပြည် အမျိုးသားကောင်စီ [၁၂၇]
ချင်းအမျိုးသားတပ်ဦး [၂၅၆၈]
ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် [၂၅၆]
ကချင်လွတ်လပ်ရေးအဖွဲ့ [၁၂၃၄၈]
ကရင်အမျိုးသားအစည်းအရုံး [၂၅၆၈]
ကရင်နီအမျိုးသားတိုးတက်ရေးပါတီ [၂၅၇]
KNU/KNLA ငြိမ်းချမ်းရေးကောင်စီ [၂၅၆]
မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် [၁၂၃၄]
နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ ကက်ပလန်[၅*]
မွန်ပြည်သစ်ပါတီ [၂၅၆၇]
ပအို့ဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ [၂၅၆၈]
ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ [၅၆]
ရှမ်းပြည်တိုးတက်ရေးပါတီ [၂၄၅၇]
တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် [၁၂၃၄]
ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် [၄၅]
ဝ အမျိုးသားအစည်းအရုံး [၁၂၄၈]
လားဟူဒီမိုကရက်တစ်အစည်းအရုံး [၂၆၇]
အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် [၄၅]
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး [၅**]

၁။ အစိုးရနှင့် အပစ်အခတ်ရပ်စွဲပြီး
၂။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ညှိနှိုင်းရေးအဖွဲ့ (NCCT)
၃။ မြောက်ပိုင်းမဟာမိတ်အဖွဲ့ (ကေအိုင်အေမှအပ ညီနောင်တိုင်းရင်းသားများမဟာမိတ်)
၄။ ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC)
၅။ အစိုးရနှင့် အပစ်ခတ်ရပ်စဲပြီး
၆။ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ်ရေးထိုးပြီး (NCA)
၇။ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)
၈။ UNFCC အဖွဲ့ဝင်ဟောင်း
* အိန္ဒိယဘက်တွင်လည်း စစ်ရေးလှုပ်ရှားမှုရှိသည်။
** လူမျိုးကို အခြေမခံဘဲ တိုင်းရင်းသားနယ်မြေများတွင် လှုပ်ရှားသည်။

က တမင်ရန်မီးပွားအောင် ရန်စခဲ့ကြသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်ဟု အများက လက်ခံထားကြသည်။ (၂၀၁၂ မွတ်ဆလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုများကြည့်ပါ။) သို့သော် ပြည်သူ့စစ်သင်တန်းများကို ရပ်ပစ်လိုက်ကြရမည့်အစား ၂၀၁၂နောက်ပိုင်းတွင် ပို၍ပင် တိုးလာခဲ့သေးသည်။[၅၆] နယ်ခြားလုံခြုံရေးတပ်ဖွဲ့များ နှ.စ.ခ ကို ၂၀၁၃ ခုနှစ်တွင် နယ်ခြားစောင့်ရဲများဖြင့် အစားထိုးခဲ့သည်။ သို့သော် ထိုအမည်နှစ်ခုစလုံးကို ဆက်လက်အသုံးပြုခဲ့သည်။ လုံခြုံရေး တပ်ဖွဲ့အချင်းချင်းကြား နီးနီးကပ်ကပ် ဆက်ဆံမှုများ ရှိကြပြီး နှ.ဝ.တ-နှ.အ.ဖ စစ်အုပ်ချုပ်ရေး ကာလအတွင်းက မြန်မာပြည်၏ အခြားဒေသများမှလူများကို နှ.တ.လ ကျေးရွာများတွင် ဗုဒ္ဓဘာသာချည်း နေထိုင်စေခဲ့သည်။ မေယုတောင်ကြားဒေသများတွင် လမ်းမကြီးတစ်ခု ဖောက်လုပ်ခဲ့စဉ်က အစိုးရက များစွာအာရုံစိုက်ခဲ့ပြီး လုံခြုံရေး တပ်ဖွဲ့များကိုလည်း ပြန်လည်နေရာချထားခဲ့သည်။[၅၇] ထိုအထောက်အထားများမှာ ထင်ရှားလှပြီး ၂၀၁၆-၂၀၁၈ တွင် တပ်မတော်က လေ့ကျင့်ပေးခဲ့သော ပြည်သူ့စစ်များမှာ အသစ်ဖွဲ့စည်းလိုက်သော အာရကန်ရိုဟင်ဂျာများ ကယ်တင်ရေးတပ်က ပထမဆုံးတိုက်ခိုက်ခဲ့ပြီးနောက် ဆက်တိုက်ဖြစ်လာသော မွတ်ဆလင် ဆန့်ကျင်ရေး အကြမ်းဖက် လှုပ်ရှားမှုများတွင် သွေးဆူအောင်ဆွပေးခဲ့သူများတွင် အဓိကအုပ်စုအဖြစ် ပါဝင်ခဲ့ကြကြောင်း ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်က တွေ့ရှိခဲ့သည်။[၅၈]

ပဋိပက္ခများ အတွင်းသို့ သက်ဆင်းခဲ့ရသည့် အခြေအနေတွင် အပြစ်မကင်းသည်မှာ ရခိုင်ရော ရိုဟင်ဂျာ အမျိုးသားရေးအုပ်စုများ နှစ်ဖက်စလုံးပင်ဖြစ်သည်။ ထိုအချိန်က မွတ်ဆလင်အုပ်စုများသည် သာမာန်အားဖြင့် တိတ်ဆိတ်နေခဲ့ကြသော်လည်း မျိုးဆက်သစ် လှုပ်ရှားသူ

များသည် ၂၀၁၂အကြမ်းဖက်မှုနောက်ပိုင်းတွင် နယ်စပ်ဒေသများ၌ စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေခဲ့သည်။ (အခန်း ၇ ကိုရှုပါ။) ။ ရခိုင်ဘက်တွင်လည်း ANC နှင့် ULA ခေါင်းဆောင်များသည် မွတ်ဆလင် သို့မဟုတ် ရိုဟင်ဂျာနိုင်ငံရေးနှင့် ရိုဟင်ဂျာတို့၏ ဖြစ်တည်မှုနှင့် ပတ်သက်သော မီဒီယာတို့၏ မေးခွန်းများကိုဖြေကြားရာတွင် သတိကြီးစွာ ဖြေဆိုခဲ့ကြသည်။ အထူးသဖြင့် NUPA သည် န.ဝ.တ- န.အ.ဖ လက်ထက် တစ်လျှောက်လုံးတွင် ရခိုင်-ရိုဟင်ဂျာ ညီညွတ်ရေးကို ရရှိရန်ကြိုးစားရာတွင် အဓိက ပြောဆိုနေသည့် အဖွဲ့တစ်ခု ဖြစ်ခဲ့သည်။ (အခန်း ၅ ကိုရှုရန်)။ ALP ခေါင်းဆောင်များကမူ ထိုကဲ့သို့မဟုတ်ဘဲ ရိုဟင်ဂျာတို့အား ဆန့်ကျင်သည့် သဘောထားကို ထုတ်ပြရန် ဝန်မလေးခဲ့ပေ။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် ALPက နိုင်ငံရေး အစည်းအဝေးများတွင် ရိုဟင်ဂျာများ၏ ကိုယ်စားပြု ပါဝင်မှုကိုပိတ်ပင်နိုင်ရန် အမြဲကြိုးစားခဲ့သည်။ ၂၀၁၂ အပစ်အခတ် ရပ်စဲ ပြီးနောက်ပိုင်းတွင် ALP သည် ရိုဟင်ဂျာများအား ပိတ်ပင်ရေးအတွက် အင်အားသုံးသင့်ကြောင်း တစ်ဆင့်မြှင့် အရေးဆိုလာခဲ့သည်။

> "ရခိုင်လူမျိုးများသည် မြန်မာနိုင်ငံကို ဘင်္ဂလီတို့၏ အန္တရာယ်မှကာကွယ်ရန် ရှေ့တန်း ခံစစ်မှူးများအဖြစ် ဆောင်ရွက်နေသူများ ဖြစ်ကြသည်။ ALP သည် မြန်မာအစိုးရနှင့် မြန်မာလူမျိုးတို့အား ဤ ဘုံအန္တရာယ် ကို နှိမ်နှင်းရန် လက်တွဲဆောင်ရွက်စေလိုသည်။ အကယ်၍ အတူလက်မတွဲနိုင် လျှင် လည်း ALP သည် ရခိုင်မြေကို အစွမ်းကုန် ကာကွယ်ရန် ပိုင်းဖြတ်ပြင်ဆင်ပြီး ဖြစ်ပါသည်။ "[၅၉]

ထိုနိမိတ်ပြစကားများသည် ၂၀၁၂အကြမ်းဖက်မှုနောက်ပိုင်းတွင် အစိုးရအသိုင်းအဝိုင်းကို မြှောက်ပေးသလို ဖြစ်ခဲ့သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကြည်း ၊ ရေ ၊ လေ ညှိနှိုင်းကွပ်ကဲရေးမှူး ဖြစ်ခဲ့သော သူရရွှေမန်းက ပွင့်ပွင့်လင်းလင်းထုတ်ပြောခဲ့ဖူးသည်။ ရခိုင်ခေါင်းဆောင်များနှင့် တွေ့ဆုံသော ၂၀၁၃ အစည်းအဝေးတစ်ခုတွင် ၎င်းက တိုင်းပြည်၏ အနောက်ဘက်နယ်ခြားတွင် ပြည်သူ့စစ်များဖွဲ့စည်း နေရာချထားသည့်ကိစ္စကို ဖွင့်ဟချီးကျူးခဲ့သည်။ ရခိုင်လူမျိုးများက မြန်မာနိုင်ငံကို ကာကွယ်ရန် ကြိုးပမ်းအားထုတ်နေသည့်အတွက် များစွာ ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်။[၆၀]

ထိုအချိန်မှာ အလွန်အရေးကြီးသော အချိုးအကွေ့တစ်ခုလည်းဖြစ်သည်။ အာရကန်တွင် ဆယ်စုနှစ် ခြောက်ခုမျှ နိုင်ငံရေးနှင့် လူမျိုးရေး ပဋိပက္ခများဖြစ်ခဲ့ ပြီးနောက်တွင် အစိုးရထဲမှ ထိပ်တန်းပုဂ္ဂိုလ်ကြီးများက ရခိုင်လူမျိုးများကို လက်နက်ကိုင်ရန် အားပေးနေချေပြီ။ အမျိုးသား ရင်ကြားစေ့ရေးကို လုပ်ရမည်ဟုထင် ထားကြသောအချိန်တွင် စစ်အင်အားတိုးချဲ့ရေး စကားများက ရခိုင်နိုင်ငံရေးတွင် ခေတ်စားလာပြန်သည်။ အုပ်စုအားလုံးဘက်အားလုံးသည် စစ်တိုက်ရေးခိုက်ရေး စကားများကိုသာ ပြောလာကြသည်။[၆၀]

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ် ရခိုင်ပြည်နယ်တွင်မအောင်မြင်ခဲ့သောနိုင်ငံရေး

မည်မျှပင် အာဝဇ္ဇန်းကောင်းစေကာမူ ဦးသိန်းစိန်၏ အစိုးရသည် ရခိုင်ပြည်နယ်၏ နိုင်ငံရေး စိန်ခေါ်မှုများကို သုံးသပ်ရာတွင် အကြီးအကျယ် လွဲချော်ခဲ့ကြသည်။ အစိုးရအရာရှိများသည် ရခိုင်လူမျိုးများကြား စစ်မက်ရေးရာတွင် ပို၍ထက်သန်လာကြခြင်း၊ဗုဒ္ဓဘာသာနှင့်မွတ်ဆလင်တို့ကြား စိတ်ဝမ်းကွဲမှုကြောင့်ဟုလည်းကောင်း ၊ အမျိုးသားရေးဝါဒီ အစွန်းရောက်များ၏ အကျိတ်အခဲများကြောင့်ဟုလည်းကောင်း လက်ညှိုးထိုး အပြစ်ဖို့လိုက်ရုံနှင့် မပြီးပေ။ အစိုးရ၏ အကြံပေးများကမူ ၎င်းတို့ကိုယ် ၎င်းတို့ကာကွယ်သည့် သဘောနှင့် ALPနှင့် အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်လိုက်ပြီးသည့်နောက် ရခိုင်ပြည်နယ်၏ လက်နက်ကိုင်ပြဿနာကို ဖြေရှင်းနိုင်ခဲ့ပြီဟု ယူဆခဲ့ကြောင်း ဆိုခဲ့ကြသည်။ ALP က ရခိုင်အမျိုးသားရေးကို ခေါင်းဆောင်မှုပေးခဲ့သည်မှာ ရခိုင်ပြည်နယ်၏ အပြင်ဘက်တစ်နေရာမှသာ ဖြစ်၏။ သို့ရာတွင် ANC ကိုလည်းကောင်း၊ ULA ကိုလည်းကောင်း ၊ ALP နှင့် အဆင့်အတန်းတစ်ခုတည်းထား၍ ဆွေးနွေးဖက်အဖြစ် အစိုးရက သတ်မှတ်ခဲ့ခြင်းမရှိပေ။ လပေါင်းများစွာ ကြာလာသည်နှင့်အမျှ ULA၏ ရက္ခိုင့်တပ်တော်၏အင်အားကို အစိုးရလုံခြုံရေးတပ်များဘက်က များစွာလျှော့တွက်ခဲ့ကြကြောင်း ထင်ရှားလာခဲ့သည်။ တိုက်ရေးခိုက်ရေးအတွက် ပြင်ဆင်မှုများကို ပြုလုပ်နေခဲ့သည်မှာ တပ်မတော် တစ်ခုတည်းက မဟုတ်ခဲ့ပါ။

ကချင်ပြည်နယ်တွင် ဌာနချုပ်ထားရှိသော်လည်း ULA သည် ၂၀၀၉ခုနှစ် စတင်တည်ထောင်စဉ်ကပင် အသံမထွက်ဘဲ ကြီးထွားလာခဲ့ပြီဖြစ်သည်။ ယခုအခါ ULA အဖွဲ့သားတို့သည် ရခိုင်နှင့် သွားချည်ပြန်ချည်ရှိ နေကြပြီး အဖွဲ့အသစ်တစ်ခုအနေနှင့် ရခိုင်ဇာတိမြေမှ အားပေးထောက်ကူမှုကို ရရန်အခက်အခဲသိပ်မရှိလှပါ။ မသေချာမရေရာသော အပြောင်းအလဲကာလတွင် ULA က ရခိုင်၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုကာ ရခိုင်အမွေအနှစ်များကို ထိန်းသိမ်းရန်နှင့် လူမျိုးစုံနေထိုင်သော အာရကန်တွင် ရခိုင်တို့၏ အကျိုးစီးပွားကို မြှင့်တင်ရန် ဟူသောကြွေးကြော်သံများက အာရကန်များကြား လူကြိုက်များစေသည်။[၆၁] ပို၍ အရေးကြီးသည်မှာ ရက္ခိုင့်တပ်မတော်၏ တပ်ဖွဲ့ဝင်များသည် တရုတ်နယ်စပ်တွင် အစိုးရနှင့် KIO, MNDAA နှင့် TNLA တို့နှင့် ပစ်ခတ်ကြသော တိုက်ပွဲများ

တွင်အတူ ဝင်တိုက်ခဲ့ခြင်းအားဖြင့် တိုက်ပွဲ အတွေ့အကြုံများကို ရရှိခဲ့သည်။

နအဖ အစိုးရအောက်မဟုတ်တော့သည့် ထိုကာလတွင် ရခိုင်ပြည်နယ်၌ အမျိုးသားရေး ကြွေးကြော်သံများမှာ ပို၍ညံလာခဲ့ပေသည်။ ဦးထွန်းမြတ်နိုင်နှင့် ULA ခေါင်းဆောင်များမှာ အာရကန် အမျိုးသားရေးကို လှုပ်ရှားသူ ခေါင်းဆောင်များစွာထဲမှ အစိတ်အပိုင်းတစ်ခုသာ။ ဥပဒေပြုရေး အပိုင်းတွင် RNDP ကလည်း ရခိုင်လူမျိုး လက်နက်ကိုင် အတိုက်အခံအဖွဲ့များ ဖြစ်ကြသော ULA , ANC နှင့် ALP တို့နှင့် ပြိုင်တူအရေးဆိုလျှက်ရှိသည်။ ဤနိုင်ငံရေးရေချိန်အပေါ် သံသယတစုံတရာ ရှိသည်ဆိုခဲ့ပါလျှင် ၂၀၁၄ ခုနှစ် မေလတွင် ကျောက်ဖြူ၌ ကျင်းပသော ရခိုင်အမျိုးသားညီလာခံတွင် နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ဆွေးနွေးချက်များကို ကြည့်နိုင်သည်။ ထိုကွန်ဖရင့်မှာ ၁၉၆၀ ခုနှစ်များအစောပိုင်းကစ၍ ရခိုင်တွင် မကြုံခဲ့ရသည့် အကြီးဆုံးနိုင်ငံရေး စုရုံးမှုကို ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ရွေးကောက်ပွဲနိုင်ငံရေးထဲမှ ပုဂ္ဂိုလ်များနှင့်တကွ လက်နက်ကိုင်အတိုက်အခံများကို ထောက်ခံသူများပါ ပါဝင်ကြသည်။[၆၂]

ကြီးထွားလာသော မငြိမ်သက်မှုများကို သတိပေးကြသည့်အလား စိုးရိမ်စရာကိစ္စ နှစ်ရပ်ကိုလည်း ဆွေးနွေးခဲ့သည်။ လုံခြုံရေးနှင့် စီးပွားရေးကိစ္စများဖြစ်သည်။ စစ်ရေးအမြင်ဖြင့် ရခိုင်အမျိုးသား ကာကွယ်ရေးတပ်ကိုလည်း ဗုဒ္ဓဘာသာများအား လုံခြုံရေးပေးရန် ဖွဲ့စည်းသင့်ကြောင်း တင်ပြခဲ့ကြသည်။[၆၃] စီးပွားရေးဘက်တွင် ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတများ ထုတ်ယူခြင်းမှရလာသော အကျိုးအမြတ်ကို တရားမျှတစွာ ခံစားခွင့်ရှိသင့်သည်ဟု ဆွေးနွေးခဲ့ကြ သည်။ တရုတ်နှင့် အိန္ဒိယ ရင်းနှီးမြှုပ်နှံမှုများ ဝင်လာတိုင်းတွင် ဒေသခံများ၏အမြင်၊ ခံစားချက်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဟု ခံစားရသောကြောင့် မိမိတို့လူမျိုးများမှာ အကျိုးအမြတ်၏ ၅၀ ရာခိုင်နှုန်းကို ရသင့်သည်ဟု ထိုညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ်များက တောင်းဆိုခဲ့ကြသည်။[၆၄] သုံးလခန့်အကြာတွင် ကျောက်ဖြူမှ တရုတ်နိုင်ငံအတွက် ယူနန်ပြည်နယ်ကူမင်းမြို့သို့ ဆက်သွယ်ရေးအတွက် ရထားလမ်းဆောက်လုပ်ရန် ဒေါ်လာ ၂၀ ဘီလီယံတန် စီမံကိန်းကို ဆန္ဒပြသူများက ရပ်တန့်ပစ်ခဲ့ကြသည်။ ထိုဖြစ်ရပ်မှာ တရုတ်စီမံကိန်းများကို ဒေသခံများက မည်မျှ ဒေါသထွက်နေကြသည်ကို မြင်နိုင်သည့် ထင်သာမြင်သာ ဥပမာတစ်ခုပင် ဖြစ်ကြောင်း ရွှေဓါတ်ငွေ့လှုပ်ရှားမှုမှ ဦးဝင်းအောင်က ပြောကြားခဲ့သည်။[၆၅]

အဘက်ဘက်မှ သုံးသပ်ကြည့်လျှင် ရခိုင်အမျိုးသားညီလာခံသည် ဖြစ်လာတော့မည့် ပို၍ကြီးမားသောအုံကြွမှုကြီး၏ ရှေ့ပြေးသာဖြစ်နေသည်ကို တွေ့နိုင်သည်။ ရခိုင်နိုင်ငံရေး လှုပ်ရှားမှု အသစ်တစ်ခုအနေနှင့် ပထမဆုံးလူသိရှင်ကြား စုစည်းမိကြသော အခင်းအကျင်း တစ်ခုဖြစ်သည်နှင့်အညီ အာရကန် အမျိုးသားပါတီ ANP ကလည်း ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့သည်။[၆၆] (အောက်တွင်ဖော်ပြထား) ဤတစ်ကြိမ်တွင်လည်း အာဏာပိုင်တို့က သတိမပြုမိပြန်ပေ။ ဦးသိန်းစိန် သမ္မတသက်တမ်း ကုန်ခါနီးအချိန်တွင် တစ်နိုင်ငံလုံးငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်နိုင်မည့် အလားအလာများမှာ စတင်မှေးမှိန်လာလေပြီ။[၆၇] ၂၀၁၅ထဲဝင်လာချိန်တွင် အစိုးရက ရခိုင်ပြည်နယ်တွင် သုံးခဲ့သော အပစ်အခတ်ရပ်စဲရေး နည်းဗျူဟာမှာ အောင်မြင်ခဲ့သည်ဟု ဦးသိန်းစိန်၏ အကြံပေးများက ထင်ကောင်းထင်ကြပါလိမ့်မည်။ အကယ်၍ အမှန် တကယ်ပင် ဤသို့ထင်ခဲ့ကြသည်ဆိုလျှင်လည်း ဖြစ်ပြီးခဲ့သမျှကိုမူ ပြန်ပြင်၍ ရမည်မဟုတ်ပါ။ သို့သော် ဤအချက်က ဆိုးဆိုးရွားရွား အမှားအချို့ ဦးသိန်းစိန်လက်ထက်တွင် မည်သို့ ဖြစ်လာခဲ့ကြောင်းကို ရှင်းပြနိုင်ပါလိမ့်မည်။

ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်တို့ကြား တင်းမာမှုများရှိနေသော်လည်း အတိုက်အခံ ခေါင်းဆောင်များက အစောပိုင်းတွင် မျှော်လင့်ခဲ့ကြသည်က ဦးသိန်းစိန်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များက အာရကန်ရှိ မတူညီသော လူများ ၊ အုပ်စုများ အသီးသီးကို အတူဆွဲခေါ်နိုင်ခဲ့သည့် ပလက်ဖောင်းတစ်ခုကို ပံ့ပိုးပေးလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ဤနေရာတွင် မှတ်သားရန် အရေးကြီးသည်မှာ ရိုဟင်ဂျာအုပ်စုများအား မည်သည့်အခါကမျှ ထည့်သွင်း စဉ်းစားကြခြင်းမရှိခြင်း ဖြစ်သည်။ သို့သော် ၂၀၁၃ နိုဝင်ဘာလတွင် ALP , ANC နှင့် ULA တို့အပါအဝင် လက်နက်ကိုင်အဖွဲ့ ၁၆ဖွဲ့က တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ၊ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ NCCT ကို လိုင်ဇာရှိ KIO နယ်မြေထဲတွင် ဖွဲ့စည်းခဲ့ကြပြီး အစိုးရနှင့်နိုင်ငံရေး ဆွေးနွေးမှုများအတွက် ငြိမ်းချမ်းရေး မူဘောင်များ ဆွေးနွေးကြရန် အကြောင်းဖန်လာချိန်တွင် ရခိုင်အဖွဲ့အစည်းများအတွက် အကောင်းဘက်သို့ မျှော်လင့်မိကြပြန်သည်။[၆၈] ထို့ပြင် မြစ်ကြီးနားတွင်ကျင်းပသော အစိုးရနှင့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင်လည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် မစ္စတာ ဗီဂျေးနမ်ဘီယားနှင့်တရုတ်ဘက်မှ အာရှအထူးကိုယ်စားလှယ်ဝမ်ယင်ဖန်တို့လည်း တက်ရောက်ခဲ့ကြသည်။ တစ်နိုင်ငံလုံးမှ တက်ရောက်လာသော ခေါင်းဆောင်များက ဖက်ဒရယ် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရန် ဆော်သြခဲ့ကြပြီး နိုင်ငံရေးလမ်းသစ်မှာ ဖြောင့်ဖြူးတော့မည်ဟု ထင်စရာရှိသည်။ ၂၀၁၄ ဖေဖော်ဝါရီလ၏ ပြည်ထောင်စုနေ့တွင် သမ္မတဦးသိန်းစိန်က တပ်မတော်က ပြောလေ့ပြောထုံးစံမရှိသည့် "ပင်လုံစိတ်ဓာတ်" ဟူသော စကားလုံးကို



ကျောက်တော် ALP ရုံးဖွင့်လှစ်ပွဲတွင် ဒေါ်စောမြရာဇာလင်းက မိန့်ခွန်းပြောနေစဉ်၊ ၂၀၁၂ (MZ)

ထည့်ပြောခဲ့ပြီး ဖက်ဒရယ်စနစ်ဖြင့် ငြိမ်းချမ်းသော၊ ခေတ်မီသော ဒီမိုကရေစီနိုင်ငံတော်သို့ အတူချီတက်ကြမည်ဟု သုံးနှုန်းခဲ့သည်။[၆၉]

သို့ရာတွင် များမကြာမီပင် အတားအဆီးများ ပေါ်ပေါက်လာခဲ့သည်။ ဆက်တိုက်ကြုံလာသော မအောင်မြင်မှုများမှာ မည်သို့မည်ပုံဖြစ်ခဲ့ရသည်ကို အမျိုးမျိုး အကြောင်းပြချက်များ ရှိနိုင်ပါသည်။ နောင်နှစ်များတွင်မူ အပစ်ရပ်အုပ်စုနှင့် အပစ်မရပ်အုပ်စုဟူ၍ ခွဲခြားထားခြင်းမှာ မြန်မာတစ်နိုင်ငံလုံးတွင်ပို၍ထင်ရှားလာသည်။ အစိုးရငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အမျိုးသားရင်ကြားစေ့ရေးသို့ ဦးတည်နိုင်မည့် လမ်းတစ်ခု ဖြစ်ရမည့်အစား ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နယ်စပ်များတွင် ပဋိပက္ခများကို ဆွပေးခဲ့ပြီး နောင်လာမည့် ဆယ်ခုနှစ်များ၌ မတည်ငြိမ်ခြင်းများ၊ အသက်အိုးအိမ်ဆုံးရှုံးရခြင်းများ အကြီးအကျယ် ဖြစ်လာအောင်သာ ကြိုလမ်းခင်းပေးခဲ့သည်။ အာရကန်နိုင်ငံရေးနှင့် အာရကန်လူ့အဖွဲ့အစည်းမှာလည်း ဖွဲ့စည်းပုံ အသေအချာ ပြောင်းလဲခဲ့လေပြီ။ ထိုအဆိုးအပျက်များ အမြစ်တွယ်ခဲ့ပုံကို ကြည့်လျှင် အဓိက ချို့ယွင်းချက်ကြီး တစ်ခုမှာ သက်ဆိုင်သူအားလုံးတို့ကို ပါဝင်ခွင့်ပေးရန် ပျက်ကွက်ခဲ့ခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ၂၀၁၄တွင် အရှိန်ရနေခဲ့စဉ်က ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တပ်မတော်ခေါင်းဆောင်များက တပ်မတော်ကသာလျှင် စစ်ရေးနှင့်ပတ်သက်သော ညှိနှိုင်းချက်များနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ နိုင်ငံရေး ဦးတည်ချက်များကို အဆုံးအဖြတ်ပေးခွင့် ရှိသည်ဟု ရှင်းရှင်းပြောခဲ့ကြသည်။ ဤအချက်ပင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အဓိက ချို့ယွင်းချက်ကြီးဖြစ်သည်။ နိုင်ငံ၏အနာဂတ်ကို ဆုံးဖြတ်ကြမည့် နိုင်ငံရေး ဆွေးနွေးပွဲတွင် မိမိတို့လူမျိုးများကို ကိုယ်စားပြုနိုင်ရန် မည်သူက အခွင့်ရနိုင်တော့မည်နည်း။

သက်ဆိုင်ရာများအနေနှင့် ပါဝင်ဆွေးနွေးနိုင်ခွင့် မရှိသည့် ကိစ္စမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရှေ့ဆက် မတိုးနိုင်သည့် အပိတ်အဆို့ အတားအဆီးကြီးတစ်ခု ဖြစ်လာခဲ့သည်။ လူမျိုးစု လက်နက်ကိုင် ၂၁ဖွဲ့ကို ၂၀၁၁ ငြိမ်းချမ်းရေးလုပ်ငန်းများစတင်စဉ်ကတည်းကပင် ဆွေးနွေးပွဲများတွင် ပါဝင်နေကြသူများအဖြစ် သတ်မှတ်ထားသည်။ (လူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုဝင်ဘာ ၂၀၁၉ကိုရှု) တပ်မတော် အရာရှိများက မြစ်ကြီးနားအစည်းအဝေး နောက်ပိုင်းတွင် ရခိုင်မှ ANC နှင့် ULA ၊ MNDAA ၊ TNLA, လားဟူ ဒီမိုကရက်တစ်ယူနီယံ LDU နှင့် ရှမ်းပြည်နယ်မှ WNO ကို တင်းပြည့် ဆွေးနွေးဖက်များအဖြစ် အသိအမှတ် မပြုနိုင်ဟု ဖိပြောလာခဲ့သည်။ ဆိုလိုသည်မှာ ထိုအဖွဲ့ခြောက်ခုအနေနှင့် လက်နက်ဖြုတ်သိမ်းပြီးမှသာ ဆွေးနွေးပွဲသို့ ပါဝင်နိုင်မည်ဟု တစ်ခုတည်းသော နည်းလမ်းပေးထားသည်။[၇၀] ရိုဟင်ဂျာ သို့မဟုတ် မွတ်ဆလင်များအား ကိုယ်စားပြုသောအဖွဲ့ကို ဖိတ်ခေါ်ရန် အကြံမျိုးကမူ ထိုဆွေးနွေးပွဲများတွင် မပါဝင်ခဲ့ပေ။ ရခိုင်နှင့်ပတ်သက်လာလျှင်ကား ယခင် ALP ၏ခေါင်းဆောင်ဟောင်းများ

ကသာ ရခိုင်မှ လက်နက်ကိုင် အဖွဲ့အစည်းများထဲမှ တစ်ခု တည်းသောအသံဖြစ်လာခဲ့သည်။

ယနေ့အချိန်ထိလည်း သက်ဆိုင်ရာအဖွဲ့များကို ပါဝင်ခွင့် မပေးထားခြင်းမှာ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး ပြုပြင် ပြောင်းလဲမှုများအား နှောင့်နှေးတုံ့ဆိုင်းမှု ဖြစ်နေစေတုန်း ပင်။ တပ်မတော် ခေါင်းဆောင်များသည် လွတ်လပ်ရေးရ ကတည်းက ခေတ်အဆက်ဆက်၌ ဆွေးနွေးဖက် ကိုယ်စား လှယ်အဖွဲ့များကို မထင်လျှင် မထင်သလိုလဲပစ်ရန် ဝန်မလေး ခဲ့ပါဟု အဖွဲ့ပေါင်းစုံက အသိအမှတ်ပြုထားကြသည်။ လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည်ပင်လျှင် န.အ.ဖ အုပ်ချုပ်ရေး မှ ဦးသိန်းစိန် အစိုးရ အပြောင်းအလဲကြားတွင် ဖြစ်ပေါ်ခဲ့ သော အပစ်အခတ်ရပ်စဲရေးများ ပြန်လည်သုံးသပ် ပြင်ဆင် ကြသည့် ကာလတွင်ဖြစ်ခဲ့သည့် အပြောင်းအလဲများအပေါ် အခြေခံထားခြင်း ဖြစ်သည်။ တပ်မတော်၏ ရပ်တည်ချက်ကို မထိခိုက်စေရန် အရာရှိကြီးများက ပြောခဲ့ကြသည်မှာ မိမိတို့ တပ်မတော်သည် လက်နက်ကိုင် တပ်ဖွဲ့အသစ်များကို လည်ကောင်း သို့မဟုတ် လူပ်ရှားသက်ဝင်နေခြင်းမရှိတော့ သည့် အဖွဲ့များကိုလည်းကောင်း ထည့်စဉ်းစားမည် မဟုတ် ဟူ၍ ဖြစ်သည်။ ၎င်းတို့အနေနှင့် ယခင်ကာလများကတည်း က လက်နက်ကိုင်သည့် သမိုင်းကြောင်း ရှိခဲ့သူများဖြင့်သာ အညီအမျှ နေရာပေး၍ ညှိနှိုင်းနိုင်မည်ဟု သဘောရသည်။[၇၁]

ဤကဲ့သို့သော အကြောင်းပြချက်မျိုးမှာ အဖွဲ့များစွာ တို့အတွက် အခက်အခဲတွေ့စေသည်။ ၁၉၈၉ခုနှစ်မှစ၍ မြန်မာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ကမ္ဘာပေါ်တွင် ဝင်္ကပါကဲ့သို့ အရှုပ်ထွေးဆုံး လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ ငြိမ်းချမ်းရေးကို အသည်းအသန် လိုအပ်နေသော နိုင်ငံတစ်ခုအဖို့ ထိုသို့ရှင်း ရှင်းလင်းလင်းမရှိခြင်းမှာ နိုင်ငံပြုပြင် ပြောင်းလဲရေးအတွက် အဓိက အတားအဆီးတစ်ခုဖြစ်သည်။ အလားတူပင် နောက် ထပ်ပြဿနာဖြစ်စေသော အချက်တစ်ခုမှာ တပ်မတော် ခေါင်းဆောင်များက အစိုးရထဲတွင် ကြီးစိုးနေဆဲဖြစ်သော် လည်း ၎င်းတို့အနေနှင့် နိုင်ငံရေးကိစ္စများကို ဆွေးနွေးညှိ နှိုင်းမည်မဟုတ်ဟု ဆိုတတ်ကြခြင်းဖြစ်သည်။ ၎င်းတို့၏ တာဝန်မှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တရား ဥပဒေ စိုးမိုးရေး၊ ရပ်ရွာများ နေသားတကျရှိရေး တို့ကိုသာ ဆောင်ရွက်ရန်ဖြစ်သည်ဟု ဆိုခဲ့သည်။ ထိုကဲ့သို့ ညှိနှိုင်းမခံဘဲ ဆွေးနွေးစရာများကို တင်းကျပ်အောင် ဘောင်ခတ်ထားခြင်း ကလည်း နိုင်ငံရေးအရ အများပါဝင်နိုင်သော၊ အဓိပ္ပါယ်ရှိ သော ညှိနှိုင်းဆွေးပွဲများကို မဖြစ်စေပါ။

ဤသို့ဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ ရည်ရွယ်ချက်မှာ နိုင်ငံရေးအရအဖြေကို ရှာကြရန်လော၊ အစိုးရ လုံခြုံရေးဘက်က အာဏာတည်တံ့စေရန်လောဟူ၍ မေးစရာရှိသည်။ ထိုရပ်တည်ချက် နှစ်ခုကြားတွင် ဟိုဒီ ရွေ့လျားနေပြီး ပုံသေမူဟူ၍ မရှိခဲ့သည်များကိုလည်း တွေ့ ရသည်။ အစိုးရ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အဖွဲ့ကြီးများမှ ခွဲထွက်ခဲ့သော လက်နက်ကိုင်အဖွဲ့ငယ်များ၊ အုပ်စုကလေးများသည် အဖွဲ့အဖြစ်ရပ်တည်ခဲ့သည်မှာ မကြာ သေးသော်လည်း ပါဝင်ခွင့်ရကြသည်။ သို့သော်တပ်မတော်က အဖက် မတန်သလို စဉ်းစားခဲ့သော၊ ပိတ်ပင်ခဲ့သော လူမျိုးစု လက်နက်ကိုင်အဖွဲ့ခြောက်ခုသည် တကယ်တမ်းအသစ်ဟု မဆိုနိုင်ဘဲရှေးကပင်တည်ရှိခဲ့သည်ဟု ဆိုနိုင်သောအကြောင်း များနှင့် နိုင်ငံရေးလှုပ်ရှားမှု အမွေများ ရှိနေကြသည်။[၇၂] ထို ပိတ်ပင်ခံရသော အဖွဲ့များတွင် ULA တစ်ဖွဲ့တည်း သာလျှင် အသစ်ဟုခေါ်နိုင်သည်။[၇၃] သို့ရာတွင် ထိုအဖွဲ့ကို ထောက်ခံသူများအဆိုအရ ULA သည်ယခင်က အဖွဲ့ဟောင်း များမှ ထွက်လာသူများ ပါဝင်နေသလို ၁၉၄၈ လွတ်လပ်ရေး ရပြီးနောက်ပိုင်းကတည်းကစတင်ခဲ့သောရခိုင်လက်နက်ကိုင် လှုပ်ရှားမှု အသီးသီးက နောက်ဆက်တွဲ အသစ်ပေါ်ထွက် လာသော အဖွဲ့အစည်းလည်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ULA သည် ဆယ်စုနှစ်များစွာအတွင်း ရခိုင်အမျိုးသားရေး လှုပ်ရှားမှုများထဲတွင် အားအကောင်းဆုံးတစ်ခုဖြစ်လာ ပေသည်။

၂၀၁၉ ကုန်ခါနီးအထိ ဗိုလ်ချုပ်မှူးကြီး မင်းအောင် လှိုင်နှင့် တပ်မတော် ခေါင်းဆောင်များသည် ANC, ULA နှင့်ပတ်သက်ပြီး ၎င်းတို့၏ ရပ်တည်ချက်များကို မပြောင်း လဲခဲ့ပါ။ (အခန်း ၈ကိုရှုပါ) ၂၀၁၃-၂၀၁၅ ကာလကို ပြန် ကြည့်လျှင် ထိုအဖွဲ့ ၂၀ခုစလုံးမှာ အနည်းဆုံးငြိမ်းချမ်း ရေးဆွေးနွေးညှိနှိုင်းမှုများတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။ သို့သော် ရခိုင်ပြည်နယ်အတွက်ကိုမူ တပ်မတော်၏ ညှိနှိုင်းရေးမှူးများက ALP တစ်ခုတည်းကိုသာ အသိ အမှတ်ပြုခံ EAOs များဖြစ်ကြသော KNU, CNF တို့နှင့် တစ်တန်းတည်းထား၍ ဆက်ဆံပြီး တစ်နိုင်ငံလုံး ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်တွင် ထည့်သွင်းကာ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမည်ဟု တင်းခံခဲ့သည်။[၇၄] တစ်နည်းအားဖြင့် ရန်မီးပွားကို ဆွသလိုဖြစ်ခဲ့သည်မှာ အစိုးရဘက်မှ အရာရှိများသည် ANC နှင့် ULA ကိုယ်စားလှယ်များကို တံခါးပိတ်ဆွေးနွေးပွဲထဲတွင် ၎င်းတို့အနေနှင့် လက်နက် ကိုင်တိုက်ပွဲများတွင် ပါဝင်ရခြင်း မရှိခဲ့သဖြင့် တပ်ဘက်မှ ဖယ်ထုတ် ထားရခြင်းဖြစ်ကြောင်း အကြောင်းပြချက် ပေးခဲ့သည်။ အမှန်စင်စစ် ANC သည် NCCT ၏လှုပ်ရှား မှုများတွင် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး ၎င်း၏ အထွေထွေအတွင်းရေးမှူးချုပ် ဦးထွန်းဇော်မှာ ၂၀၁၃-၂၀၁၄ UNFC ငြိမ်းချမ်းရေး ကိုယ်စားလှယ်များ ရန်ကုန်သို့ လာရောက်ခဲ့စဉ်က ဒေါ်အောင်ဆန်းစုကြည်နှင့် သုံးကြိမ်မျှ ဆုံတွေ့ခဲ့ဖူးသည်။[၇၅] ယခင်ကရှိခဲ့ဖူးသော ရခိုင်အမျိုးသား ရေးလှုပ်ရှားများကို ကိုယ်စားပြု၍ဖွဲ့ထားသော အင်အားစု တစ်ခု အနေနှင့် ANC ခေါင်းဆောင်များက ငြိမ်းချမ်းရေး

လုပ်ငန်းစဉ်၏ အဓိကတာဝန်မှာ တစ်နိုင်ငံလုံးမှ အဖွဲ့အစည်းအသီးသီးကို ပါဝင်စေခြင်းဟုသာ ယုံကြည်သည်။[၇၆]

၂၀၁၄ ခုနှစ်တွင် ပဋိပက္ခများဘက်သို့ အရှိန် အဟုန် ပြင်းပြင်းနှင့် ရွေ့လျားလာနေပြီဖြစ်သည်။ ရခိုင် အမျိုးသားရေး ညီလာခံက မီး မောင်း ထိုး ပြခဲ့သည့် အတိုင်း ပင်ဦးသိန်းစိန်အစိုးရက ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ချဉ်းကပ်ပုံကြောင့် ပို၍ပင်သူဘက် ကိုယ့်ဘက် ကွဲစေလျက် အမှန်တကယ် အမျိုးသားရင်ကြားစေ့ရေးနှင့် ပြုပြင်ပြောင်းလဲရေးများ လိုအပ်နေသော ပြည်နယ်တို့ထဲတွင် စိတ်ဝမ်းမညီ မစည်းမလုံး ဖြစ်စေခြင်းကို ပို၍ပင် တိုးပွားစေခဲ့သည်။ တော်လှန်ခုခံရေးသည် ရခိုင်များထဲတွင် အသစ်တစ်ဖန် ပြန်လည် စတင်ခဲ့ပြန်ပြီ။ တိုက်ပွဲများ ယာယီရပ်ခဲ့ထားသော ကာလအတွင်း ၂၀၁၄ နိုဝင်ဘာတွင် KIO ၏ နယ်မြေထဲတွင် ရှိသော စစ်သင်တန်းကျောင်းကို လက်နက်ကြီးဖြင့် တပ်မတော်က ပစ်ရာအရာရှိလောင်း ၂၃ဦး သေဆုံးခဲ့ခြင်းမှအစအမုန်းတရားပို၍ပြင်းထန်လာခဲ့သည်။[၇၇] သေဆုံးသူများထဲတွင် ULA မှ ရှစ်ဦး ၊ TNLA မှ ၁၁ဦး၊ CNF မှနှစ်ဦးနှင့် ABSDF မှ နှစ်ဦးတို့ပါဝင်ခဲ့သည်။ ပါလီမန်တွင်ဖြစ်စေ ငြိမ်းချမ်းရေးတွင်ဖြစ်စေ ရခိုင်များကို ဘေးဖယ်ထားပြီး ဆက်ဆံသည်ဟု ရခိုင်ခေါင်းဆောင်များက ယုံကြည် လာကြသည်။ ULA ခေါင်းဆောင် ဦးထွန်းမြတ်နိုင်က သတိပေးပုံမှာ-

> "ကျွန်တော်တို့ ပြဿနာတွေကို စကားဝိုင်းမှာ ဆွေးနွေးပြီး ဖြေရှင်းချင်ကြတယ်။ ဒါပေမဲ့လည်း အစိုးရရဲ့ သဘောထားက မရိုးဖြောင့်ဘူးဆိုတာကို ပြနေတယ်။ ဒါကြောင့်မို့ အချိန်နှစ်နှစ်လောက် အကုန်ခံပြီး စကားဝိုင်းမှာ မရေမရာဝေ့လည်ကြောင်ပတ် ဖြစ်နေရတာက အချိန်ဖြုန်းတာပဲ။ အကျိုးလည်းမရှိဘူး၊ ရလဒ်လည်း မထွက်လာဘူး၊ ရေရာတာမရှိဘူး၊ ဒါ့ကြောင့်မို့ အပစ်အခတ်ရပ်စဲရေးဆိုတာ အဖွဲ့ တွေကွဲသွားအောင်လုပ်ဖို့ နည်းလမ်းဗျူဟာ တစ်ခုလိုပဲ။"[၇၈]

၂၀၁၄ခုနှစ်အတွင်း ရခိုင်တပ်မတော် တပ်ဖွဲ့များသည် သုံးနိုင်ငံ နယ်ခြားဆုံချက်သို့ တိတ်တဆိတ်ထိုးဖောက်ဝင်ရောက်လာကြသည်။ နောက်တစ်နှစ်တွင် ပလက်ဝနှင့် ကျောက်တော်မြို့နယ်များ၌ ပထမဆုံး တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ The Diplomat မဂ္ဂဇင်းက[၇၉] တိုက်ပွဲဟောင်းထဲက စစ်မြေပြင်အသစ် New Front in an Old War" ဟုခေါင်းစီးတပ်၍ ဖော်ပြခဲ့သည်။ တိုက်ပွဲများ ခပ်စိပ်စိပ်ဖြစ်လာချိန်တွင် တပ်မတော်က စစ်ကြောင်းများ အမြန်ဝင်ရောက်လာပြီး ULA ဆက်မတက်နိုင်အောင် ဟန့်တားရန် ကြိုးစားသည်။ ၁၉၇၀ခုနှစ်များက တပ်မတော်သည် ထိုကဲ့သို့ပင် ALP နှင့် ရခိုင်ပြည်လွတ်လပ်ရေးအဖွဲ့တို့ကို ယခုသုံးသော လမ်းကြောင်းမှ ဖြတ်တိုက်ကာ ဖျက်ဆီးပစ်နိုင်ခဲ့ဖူးသည်။ (အခန်း ၄ကိုရှုပါ။) သို့သော် ၂၁ ရာစု တိုက်ပွဲတွင်မူ လက်နက်ကိုင်လှုပ်ရှားမှု အသစ်တစ်ခုအဖို့ မိမိကို ထောက်ခံနေသူများနှင့် မြေပြင်တွင် လျင်မြန်စွာ ဆက်သွယ်နိုင်သည်။ ၂၀၁၆ဖြတွင် ရခိုင်တပ်မတော်အသစ်သည်အင်အား ၃၀၀၀ခန့်အထိ ရှိလာပြီဟုခန့်မှန်းနိုင်သည်။[၈၀] အများစုမှာ ကချင်နယ်စပ်တွင် အခြေစိုက်နေကြပြီး လစဉ်ပင်တဖြည်းဖြည်း ရခိုင်သို့ တစ်သုတ်ပြီး တစ်သုတ် ပြန်ရောက်လာကြသည်။

တပ်မတော်သည် ထိုသို့ AA အင်အားကြီးထွားလာသည်ကို စိုးရိမ်ပုံရခဲ့လျှင်ပင် စိုးရိမ်ကြောင်းမပြခဲ့ပါ။ ယခုအချိန်ထိ ULA နှင့် ပတ်သက်၍ တပ်မတော်၏ တရားဝင်မူဝါဒမှာ သိသိသာသာ အပြောင်းအလဲမရှိပါ။ ဇန်နဝါရီ ၂၀၁၅တွင် မီဇိုအမျိုးသားတပ်ဦး၏ ဥက္ကဋ္ဌ Pu Zoramthanga က အစိုးရအရာရှိများနှင့်တကွ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့နှင့် တွေ့ဆုံကာ အရှေ့မြောက် အိန္ဒိယမှငြိမ်းချမ်းရေး ဖော်ဆောင်မှု အတွေ့အကြုံများ ဝေမျှပေးရန် လာရောက်ခဲ့ခြင်းကြောင့် ခေတ္တမျှ မျှော်လင့်ချက် ရောင်ခြည်သန်းခဲ့ရသလိုရှိသည်။[၈၁] ALP, ANC နှင့် ULA တို့အားလုံးမှာ NCCT အဖွဲ့ဝင်များဖြစ်ကြပြီး သုံးနိုင်ငံနယ်ခြားဆုံချက်တွင် မီဇိုနှင့် ရခိုင်တော်လှန်ရေး လှုပ်ရှားမှုများကြား အချင်းချင်း အဆက်အသွယ်များ ရှိနေခဲ့ကြသည်။ (အခန်း၄ကိုရှုပါ။) သို့သော်နောက်လထဲတွင် အစိုးရနှင့် KNU,SSA,RCSS နှင့် KNU မှ ခွဲထွက်ခဲ့သောကရင်အဖွဲ့နှစ်ခု အားလုံးပေါင်း အဖွဲ့အစည်းလေးခုနှင့်သာ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် လိုက်နာရမည့် ကျင့်ထုံးများကို သဘောတူလက်မှတ် ရေးထိုးခဲ့ကြသောအခါ ပို၍ မကျေမနပ်ဖြစ်လာခဲ့ကြသည်။[၈၂] ရခိုင်မှ ရွေးကောက်ပွဲ နိုင်ငံရေးထဲမှ ပါတီများကို ဖိတ်ကြားခဲ့သော်လည်း (အောက်တွင် ဖော်ပြထား) လက်နက်ကိုင် တပ်ဖွဲ့များကို မထည့်သွင်းခဲ့ပါ။

၂၀၁၅ခု အောက်တိုဘာလ ဦးသိန်းစိန်အစိုးရ အပြောင်းအလဲ မဖြစ်မီကာလတွင် အစိုးရက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်ကို EAOs ရှစ်ဖွဲ့နှင့်အတူ အစိုးရက ချုပ်ဆိုလိုက်ခြင်းကို ရခိုင်တွင်ပို၍ စိတ်ပျက်ခဲ့ကြသည်။[၈၃] EAO အများစုမှာ ထိုစာချုပ်တွင် လက်မှတ်မထိုးခဲ့ပါ။ လက်မှတ် မထိုးခဲ့သည့် အဖွဲ့များတွင် KIO, UWSA နှင့် မြန်မာနိုင်ငံအတွင်း အင်အားအတောင့်တင်းဆုံးဟု ဆိုနိုင်သော လက်နက်ကိုင် အဖွဲ့များပါဝင်သည်။ (လူမျိုးစု လက်နက်ကိုင် အဖွဲ့အစည်းများ နိုဝင်ဘာ ၂၀၁၉ ဇယားကို ကြည့်ပါ။) ဤအခင်းအကျင်းထဲတွင် ALP ကမူ လက်မှတ်ရေးထိုးခဲ့သည်။ လက်မှတ်ထိုးခဲ့သော EAO, ရှစ်ခုထဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာ အနေနှင့် အရေးကြီးသည်ဟု ဆိုနိုင်သောအဖွဲ့မှာ KNUနှင့် SSA/



ရခိုင်အမျိုးသားညီလာခံ (RNC) ၄၀၀၂ခုနှစ်ဖွဲ့စည်းတည်ထောင်ခဲ့ပုံ

RCSS နှစ်ဖွဲ့သာပါသည်။ အခြားအဖွဲ့များမှာ ALP ကဲ့သို့ အဖွဲ့ခပ်သေးသေး သို့မဟုတ် အခြားအဖွဲ့မှ ကွဲထွက်လာသော အုပ်စုငယ်များ ဖြစ်ကြသည်။[၈၄]

သံတမန်အသိုင်းအဝိုင်းက ဤစာချုပ် လက်မှတ်ရေးထိုးမှုကို ချီးကျူးထောမနာ ပြုကြသော်လည်း လူမျိုးစုအတိုက်အခံအဖွဲ့များကမူ သတိကြီးကြီး ချထားရမည့် စာချုပ်ဟုယူဆသည်။ နယ်စပ်ဒေသ နေရာများစွာတွင် တိုက်ပွဲများကဆက်လက်ဖြစ်ပွားနေသည်။ "တစ်နိုင်ငံလုံး" ဟု စာချုပ်တွင်ထဲ ထည့်ရေးထားခြင်းမှာ အချိန်မတန်သေးဟု ထင်စရာရှိသည်။ နိုင်ငံရေးဆွေးနွေးမှုများလည်း စပင်မစရသေးပေ။ ယနေ့အချိန်တွင်မူ ထိုတစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုသော အရာမှာ တပ်မတော် ခေါင်းဆောင်များကသာ တကယ်လိုလားပါလျှင် မြန်မြန်ပင် ရနိုင်သောကိစ္စ ဖြစ်သည်ဟူသော အမြင်ကို လက်ခံသူ အများပင်ရှိကြသည်။ သို့သော် EAOs များထဲမှ လက်မှတ်မထိုးထားသော အဖွဲ့များကမူ ရပ်တည်ချက် တစ်မျိုးဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုများ မရှိဘဲ ULA နှင့် ANC ကဲ့သို့သော အဖွဲ့များအားလုံး ပါဝင်နိုင်ခွင့် မရှိဘဲ NCA ကို လက်မှတ်ထိုးကြမည် မဟုတ်ဟု ပိုင်းဖြတ်သည်။ နေပြည်တော်၏ ရပ်တည်ချက်ကမူ ၎င်းတို့နှင့် ခြားနားသည်။ အစိုးရအနေနှင့် NCAကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ပါဝင်လိုသော မည်သည့်အဖွဲ့နှင့်မဆို ညှိနှိုင်းလက်မှတ်ရေးထိုးမည်ဟု အစိုးရအထောက်အပံ့ရရှိသော မြန်မာငြိမ်းချမ်းရေးစင်တာမှ ဦးအောင်နိုင်ဦးက ပြောကြားခဲ့သည်။ "တစ်ဝက်လောက်နှင့် သဘောတူညီချက်ရထားခြင်းက တစ်ဖွဲ့နှင့်မျှ လက်မှတ်မထိုးရသေးသည်ထက် ပိုကောင်းသည်" ဟု ဆိုသည်။[၈၅] လက်ရှိအချိန်ထိပင် အစိုးရ၏ မူဝါဒများ၌ ထိုသဘော မပြောင်းလဲသေးသည်ကို တွေ့ရသည်။ အသက်ပေါင်းများစွာ ဆုံးရှုံးရခြင်း၊ ဘဝပေါင်းများစွာ နာကျင်ခံစား နေရခြင်းများကလည်း ဆက်လက်ဖြစ်ပေါ်လာခဲ့သည်။

နောက်ပိုင်းတွင် EAO အဖွဲ့နှစ်ခုဖြစ်သော LDU နှင့် NMSP တို့က NCA ကို ၂၀၁၈တွင် လက်မှတ်ရေးထိုးခဲ့သည်။ သို့သော်သက်ဆိုင်သူအားလုံး ပါဝင်အောင် မနှိုးဆော်နိုင် မဆွေးနွေးနိုင်ခြင်းသည် ငြိမ်းချမ်းရေးကို တည်ဆောက်လိုသည်ဟု ထင်စရာကောင်းသော ဤအချိန်ကာလမျိုးတွင် သမိုင်းနှင့်ချီ၍ လွဲမှားသော အမှားတစ်ရပ်ဖြစ်ခဲ့သည်။ အဖွဲ့အစည်းများစွာမှာ အပြစ်မကင်းကြပေ။ နိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုများ သက်ဆိုင်သူအားလုံးကို ပါဝင်စေရမည့်အစား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် စစ်တုရင်ဆန်ဆန် ကစားပွဲများသဖွယ် ဖြစ်ခဲ့သည်။ သုံးနှစ်ခန့်ကြာလာပြီးချိန်တွင် ပဋိပက္ခကို ဖြေရှင်းနိုင်ခြင်း မရှိသကဲ့သို့ တိုင်းပြည်၏ ပြုပြင်ပြောင်းလဲရေး စိန်ခေါ်မှုများကိုလည်း ကိုင်တွယ်နိုင်ခြင်းမရှိပေ။ NCCTနှင့် UNFC ဆွေးနွေးညှိနှိုင်းရေးမှူးများက အလွတ်သဘော စကားပြောကြစဉ် ဤအခြေအနေကို ဘေလုံး ကစားပွဲနှင့် နှိုင်းသည်။ "ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် ဘေလုံးမပါသော ဘောကန်ခြင်းမျိုး ကဲ့သို့ပင်ဖြစ်ပြီး တပ်မတော်ထံတွင်သာ ခရာမှုတ်နိုင်သည့် အခွင့်အရေး(ဗီတို) ရှိနေသည်" ဟုဆိုကြသည်။ ယခင် ပဋိပက္ခဇုန်များဖြစ်ကြသော ထိုင်းနယ်

စပ်တစ်လျှောက်တွင် ငြိမ်းချမ်းခြင်းများ ပျံနှံ့လာသည်မှာ မှန်ပါသည်။ ယခုအချိန်အထိ ဦးသိန်းစိန်လက်ထက်က NCA ၏ အဓိကအသီးအပွင့်များဟု ဆိုရမည်။ သို့သော် အစိုးရ အာဏာပိုင်များဘက်တွင်မူ ရခိုင်ပြည်သူလူထုသည် မိမိတို့မှာ ခွဲခြားဆက်ဆံခံရပြီး ဘေးရောက်နေရသည်ဟူသော ခံစားချက်မျိုးရှိနေသည်ကို အစိုးရက မှတ်မှတ်ရရရှိပုံ မပြသောအခါ ပို၍ပင် စိတ်နာလာခဲ့သည်။

ဤအတောအတွင်း အစိုးရက ရခိုင်ပြည်နယ်မှ မွတ်ဆလင်များအပေါ် ပို၍ ဖိနှိပ်လာခဲ့သည်။ (၂၀၁၂ အကြမ်းဖက်မှုနောက်ပိုင်း ခွဲခြားဆက်ဆံပုံများ ကိုဖတ်ရန်။) ၂၀၁၅ ဖေဖော်ဝါရီတွင် သမ္မတ ဦးသိန်းစိန်သည် အဖြူရောင်ကတ် (ယာယီမှတ်ပုံတင်ကတ်) ကိုင်ဆောင်ခွင့်ရထားသော ရိုဟင်ဂျာများကို မဲပေးခွင့် ရသင့်ကြောင်း အဆိုပြုခဲ့သေးသည်။ သို့သော် စစ်တွေမှသည် ရန်ကုန်သို့ ပျံနှံ့လာသော ဆန္ဒပြမှုများကြောင့် အစိုးရသည် ထိုအကြံကို အမြန်ပြန်ရုပ်သိမ်းခဲ့ပြီး အဖြူရောင်ကတ်များကိုပါ ဖျက်သိမ်းခဲ့သည်။ ၁၈၂၄အတွင်း ပင်လယ်ရေကြောင်းမှ မလေးရှားသို့ ထွက်ခွာခဲ့သူ အရေအတွက်မှာ ၂၀၁၄- ၂၀၁၅ အတွင်း၌ ၉၀၀၀ ကျော်ရှိခဲ့သည်။[၅၆] ဤဖြစ်ရပ်ကဲ့သို့ပင် တုန်လှုပ်စရာကောင်းသည်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူလက အမျိုးသားမှတ်ပုံတင်ကတ်ပြား)များ ကိုင်ဆောင်ခွင့်ရှိထားသော ကမန်များသည်လည်း အိုးအိမ် စွန့်ခွာကြရပြီး ရခိုင်ပြည်နယ်မှ မန္တလေးနှင့် ရန်ကုန်သို့ရွှေ့ပြောင်းလာကြသည်။[၅၇] သတိပေးခေါင်းလောင်းသံကို ကြားနေရပေပြီ။ ကမန်တို့သည် လူဦးရေ ၅၀၀၀ ခန့်သာရှိသော လူနည်းစုဖြစ်ရာ ၎င်းတို့၏ ခေါင်းဆောင်များက ကမန်ယဉ်ကျေးမှုများ ကွယ်ပျောက်သွားတော့မှာကို စိုးရိမ်နေကြသည်။[၅၈] အကျိုးဆက်ကို ကြည့်လျှင် အာရကန်ရှိ မွတ်ဆလင်များမှာ နိုင်ငံမဲ့များဖြစ်လာကြတော့သည်။[၅၉]

တစ်ဆင့်ပြီးတစ်ဆင့် ဆိုသလို လူမျိုးစု နိုင်ငံရေးမုန်တိုင်းများ ရခိုင်သို့ဝင်ရန် စိုင်းပြင်းနေလေပြီ။ ဗုဒ္ဓဘာသာရော မွတ်ဆလင်နှစ်ဖက်စလုံးတွင် နိုင်ငံရေးတွင် နိုးကြားသတိရှိကြသည်။ သို့သော် NCA မှာ ၎င်းတို့အဓိက အာရုံစိုက်သည့် ကိစ္စမဟုတ်ပေ။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီး နီးလာချေပြီ။ ၂၀၁၀ တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲသည် အစိုးရလက်အောက်တွင် ကျင်းပခဲ့သည်ဖြစ်ရာ အခြေအနေမှာ များစွာကွာခြားသည်။ ယခုအခါတွင် ၂၀၁၅ ရွေးကောက်ပွဲကြောင့်ဖြစ်လာမည့် နိုင်ငံရေးအပြောင်းအလဲနှင့် ပတ်သက်၍ မျှော်လင့်ချက်ကြီးစွာထား ရှိကြသည်။ ဒီမိုကရေစီကို ထောက်ခံသူများက ရိပ်မိကြသကဲ့သို့ပင် မြန်မာသည် နိုင်ငံရေး ခေတ်သစ်တစ်ခု၏အစကို ချဉ်းနင်းဝင်ရောက်ရုံမျှသာ ရှိသေးသည်။ အဆုံးသတ်ကို မရောက်သေးပေ။

၂၀၁၅ အထွေထွေ ရွေးကောက်ပွဲ၊ အာရကန်အမျိုးသားပါတီနှင့် ဦးသိန်းစိန် သမ္မတ သက်တမ်းကုန်ဆုံးခြင်း

ဦးသိန်းစိန်အုပ်ချုပ်သော ကာလပြီးခါနီးလာသောအခါ ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြောင့် နိုင်ငံရေးအရအားရစရာ လမ်းစ ရှိကောင်းရှိလာနိုင်သည်ဟု မျှော်လင့်ခဲ့ကြသည်။ ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတခဲ့ပါလျှင် NLDသည် မုချနိုင်စရာရှိသည်။ ဤနေရာတွင် ရွေးကောက်ပွဲ ခန့်မှန်းချက်များ လွန်စွာမှန်ကန်ခဲ့ပါသည်။ USDP နှင့် တပ်မတော် အစိုးရ၏ ငါးနှစ်သက်တမ်းအပြီးတွင် NLD ကမဲအများစုဖြင့် အနိုင်ရခဲ့ပြီး ဒီမိုကရေစီအရေးထောက်ခံသူများက NLD အနိုင်ရလာခဲ့ပြီဖြစ်သောကြောင့် အမျိုးသားငြိမ်းချမ်းရေး နှင့် ပြုပြင်ပြောင်းလဲရေးများ အမြန်ပင် အကောင်အထည် ပေါ်လာတော့မည်ဟူသော ထင်ကြေးများကို ပိုခိုင်မာလာစေတော့သည်။ နိုင်ငံရေးတိုက်ပွဲများ အခက်အခဲများကို ဆယ်စုနှစ်သုံးခု ရင်ဆိုင်ရပြီးနောက် NLD အဖွဲ့ဝင်များသည် အောင်ပွဲကြောင့် စိတ်လှုပ်ရှား တက်ကြွနေကြသည်။

ရခိုင်ပြည်နယ်တွင်မူ ဤအနေအထားနှင့် ကွာခြားသည်။ "အထွေထွေရွေးကောက်ပွဲသည် ပဋိပက္ခများဖြင့် အဆုံးသတ်ပြီး ငြိမ်းချမ်းရေးလမ်းစပေါ်ရန်နှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်ထွန်း ပေါ်ပေါက်လာရန် ဟူသော မျှော်လင့်ချက်များ လျင်မြင်စွာပင် ပျောက်ကွယ်ခဲ့ကြသည်။" လူမျိုးစု နိုင်ငံရေး လှုပ်ရှားသူများကမူ ရွေးကောက်ပွဲကို များစွာ အရေးမထားခဲ့ကြပေ။ ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သလို ဒီမိုကရေစီယဉ်ကျေးမှုများလည်း အမြစ်တွယ်ရန် ဝေးလွန်းပါသေးသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီတွင် ရခိုင်နိုင်ငံရေးတွင် အထင်ရှားဆုံး ပါတီနှစ်ခုဖြစ်သော NLD နှင့် RNDP တို့ နှစ်ခုပူးပေါင်း၍ အာရကန် အမျိုးသားပါတီ ANPကို ဖွဲ့စည်းနိုင်ခဲ့ခြင်းကသာ အောင်မြင်မှုတစ်ရပ်ဖြစ်သည်။[၆၀] အသစ်ဖွဲ့စည်းလိုက်သော ANP ကို ရခိုင်ပြည်သူလူထုက ကြိုဆိုခဲ့ကြပြီး ခေတ်သစ်နိုင်ငံရေးတွင် ရခိုင်တို့ညီညွတ်မှု၏ သင်္ကေတဟု မှတ်ယူခဲ့ကြသည်။ ALDမှ ဦးအေးသာအောင်နှင့် RNDP မှ ဦးအေးမောင်တို့သည် ပူးတွဲခေါင်းဆောင်များ ဖြစ်လာကြပြီး ANP ၏ ရည်ရွယ်ချက်မှာ "ဖယ်ဒရယ်စနစ်" ကို တည်ဆောက်ရန်၊ "ဒီမိုကရေစီလမ်းစဉ် အတိုင်းသွားရန်နှင့် ဖွံ့ဖြိုးရေးကို အားပေးရန်" တို့ဖြစ်ကြသည်။[၆၁]

ပါလီမန်နိုင်ငံရေးကို အခြားလူမျိုးစု နိုင်ငံရေးလှုပ်ရှားသည့် အဖွဲ့များကလည်း ထောက်ခံခဲ့ကြောင်း ပြသခဲ့ကြပါသည်။ ၂၀၁၅ ဖေဖော်ဝါရီတွင် ရခိုင်မှ ပါတီခြောက်ခုသည် အစိုးရနှင့် လူမျိုးစုအတိုက်အခံ လက်နက်ကိုင်အဖွဲ့များ ပါဝင်သော ငြိမ်းချမ်းရေးနှင့် အမျိုးသား

ရင်ကြားစေ့ရေး လမ်းစဉ်ကို လက်မှတ်ရေးထိုး ခဲ့ကြသူ လူမျိုးစု နိုင်ငံရေးအဖွဲ့ ၃၄ ဖွဲ့ တွင်ပါဝင်ခဲ့သည်။ ရခိုင်မှ လက်နက်ကိုင် အင်အားစု တစ်ခုမှ ပါဝင်နိုင်ခဲ့ခြင်း မရှိသော်လည်း အာရကန်နိုင်ငံရေး ပါတီများက စိတ်အားထက်သန်စွာ ပါဝင်ခဲ့ကြသည်။ ANP နှင့်အတူ အခြားနိုင်ငံရေး ပါတီဝင်ယ်တစ်ခု ဖြစ်ကြသော ရခိုင်ပြည်နယ် အမျိုးသား ညီညွတ်ရေး ပါတီတို့အပြင် ခမီအမျိုးသား ညီညွတ်ရေး ပါတီ၊ မွတ်ဆလင် အခြေပြုနိုင်ငံရေးပါတီ သုံးခုဖြစ်ကြသော ကမန် အမျိုးသား တိုးတက်ရေးပါတီ KNPP၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ DHRP ယခင် ၁၉၉၀ ရွေးကောက်ပွဲတွင်ပါဝင်ခဲ့သော NDPHR နှင့် ၂၀၁၀ ရွေးကောက်ပွဲတွင် နှစ်နေရာနိုင်ခဲ့သော အမျိုးသား ဖွံ့ဖြိုးရေး ဒီမိုကရက်တစ် ပါတီ NDPD တို့က အတူ လက်မှတ်ရေးထိုးခဲ့ကြသည်။[၆၂]

မကြာမီကာလတွင် နိမ့်နင်းမှုများ ဖြစ်လာတော့မည့်ကာလဖြစ်ရာ ငြိမ်းချမ်းရေးနှင့် အမျိုးသား ရင်ကြားစေ့ရေးကို အခြားနည်းလမ်းများဖြင့် ရယူနိုင်သေးသလောဟူ၍လည်း ရင်နင့်စွာမေးခွန်းထုတ်စရာ အချိန်ဖြစ်သည်။ သို့သော် ထိုကာလမှာသိပ်မကြာလိုက်ဘဲ ပို၍ စိုးရိမ်စရာကောင်းသောပဋိပက္ခများအစဉ်လိုက်ဖြစ်ပေါ်လာတော့သည်။

ပထမအကျပ်အတည်းတစ်ခုမှာ ANP လှုပ်ရှားမှုအတွင်း၌ အခက်အခဲများရှိနေခြင်းဖြစ်သည်။ ယခင် ALD အဖွဲ့ဝင်ဟောင်းများစွာ ခွဲထွက်သွားခဲ့ကြပြီး ရခိုင်မျိုးချစ်ပါတီကို တည်ထောင်ခဲ့ကြသည်။ ANP ၏ တွဲဖက်ဥက္ကဋ္ဌ ဦးအေးမောင်မှာ သူအမတ်နေရာ ရထားခဲ့သော အမျိုးသားလွှတ်တော်တွင် ထပ်ပြိုင်မည့်အစား ပြည်နယ်လွှတ်တော်တွင် အမတ်နေရာ ဝင်ပြိုင်ရန် ကြိုးစားခြင်းကြောင့် ဝေဖန်မှုများ ရှိလာခဲ့သည်။ ထိုသို့နိုင်ငံတော်အဆင့် ပါတီမန်မှ ပြည်နယ်အဆင့် ပါလီမန်သို့ နေရာပြောင်းလိုက်ခြင်းအားဖြင့် ရွေးကောက်ပွဲ အပြီးတွင် ရခိုင်၏ဝန်ကြီးချုပ်နေရာကို ရည်မှန်းနေသည်ဟု ခန့်မှန်းခဲ့ကြသည်။[၉၃] ထိုအဖြစ်အပျက်နှစ်ခုစလုံးမှာ အနာဂတ် ရခိုင်ပြည်နယ်နိုင်ငံရေးတွင် ပေါ်ပေါက်လာတော့မည့် အပြိုင်အဆိုင်များကို အချက်ပေးနေသလိုပင် ဖြစ်သည်။

ဒုတိယအကျပ်အတည်းမှာ ပို၍ အလောသုံးဆယ်နိုင်သည်။ မြန်မာသည် မွတ်ဆလင်များစွာကို လူ့အဖွဲ့အစည်းအတွင်းမှ သမိုင်းဝင်မောင်းထုတ်ပွဲကြီး ကျင်းပတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲ ပိုနီးလာချိန်တွင် ရခိုင်ပါလီမန် နိုင်ငံရေးမှာ မွတ်ဆလင်ရွေးကောက်ခံအမတ်များကို ရွေးကောက်ပွဲမှ ဖယ်ထုတ်ရန် မည်သို့ကြိုးစားရမည်နည်းဟူသော အရေးက ပို၍လွှမ်းမိုးနေသည်။ မွတ်ဆလင်များအပေါ် ကန့်သတ်ချုပ်ချယ်မှုများ တဖြည်းဖြည်း တင်းကျပ်လာသည်ကိုလည်း ရှင်းလင်းစွာတွေ့လာရပြီဖြစ်သည်။ (၂၀၁၂ အကြမ်းဖက်မှုနောက်ပိုင်း ခွဲခြား ဆက်ဆံမှုများ) ရခိုင်ပြည်နယ်တွင်သာ အကျိုးဆက်ကို ခံစားရသည် မဟုတ်ဘဲ နိုင်ငံတစ်ခုလုံးတွင်ပါ သက်ရောက်မှုရှိနေသည်။ ဦးသိန်းစိန်အစိုးရက NDPD နှင့်တကွ အခြားမွတ်ဆလင် ပါတီများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို လက်မှတ် ရေးထိုးခဲ့ပြီးသည့်နောက်တွင် မွတ်ဆလင် ငါးသိန်းခန့်မှာ ယာယီမှတ်ပုံတင်ကတ်များကို အစိုးရက ရုပ်သိမ်းခဲ့သဖြင့် မဲပေးခွင့် နစ်နာခဲ့ရသည်။[၉၄] ဤအတောအတွင်း မ.ဘ.သ လှုပ်ရှားမှုများက မွတ်ဆလင်းများအား ဆန့်ကျင်ရေး လော်ဘီများ အရှိန်အဟုန်မြှင့်ခဲ့ပြီး မြန်မာနိုင်ငံနေရာအချို့တွင် မွတ်ဆလင်များကို အကြမ်းဖက်သည့် လုပ်ရပ်များ ပေါ်ပေါက်ခဲ့သည်။[၉၅]

ဤအနေအထားတွင် မွတ်ဆလင်ဘက်မှ ရွေးကောက်ခံလိုသူများအဖို့ ရွေးကောက်ပွဲတွင် ဝင်ပါရန် မဖြစ်နိုင်တော့ပေ။ သိသာသည်မှာ NLD နှင့် USDP ထဲတွင် မွတ်ဆလင်များစွာမှာ ပါတီဝင်အဖြစ် ပါဝင်နေကြသော်လည်း ရွေးကောက်ပွဲတွင် ဝင်ပြိုင်ရန် အမတ်လောင်းရွေးချယ်ရာတွင် အဓိကပါတီကြီး နှစ်ခုစလုံးက မွတ်ဆလင် တစ်ဦးတစ်ယောက်ကိုမျှ မထည့်သွင်းခဲ့ပေ။ ရွေးကောက်ပွဲ နိုင်ငံရေးထဲတွင် ဘာသာမတူသူများ ပါဝင်နိုင်ရန်မှာ မျှော်လင့်ချက်မဲ့သွားခဲ့လေပြီ။ မဲပေးကြမည့်နေ့အတွက် မွတ်ဆလင်အမတ်လောင်း ၈၀ ခန့်ကို[၉၆] ပယ်ချခဲ့ပြီး ရွေးကောက်ပွဲဝင်အမတ်လောင်း ၆၀၀၀ ထဲတွင် ၂၈ဦးသာလျှင် မွတ်ဆလင်အဖြစ် ဝင်ရောက် အရွေးခံခွင့်ရသည်။[၉၇]

မွတ်ဆလင်-ဆန့်ကျင်ရေး အတွေးအခေါ်များသည် ရခိုင်ပြည်နယ်တွင် ပို၍ပင် သိသာလာခဲ့သည်။ ရခိုင်ပါတီများသည် ယခင်က စည်းလုံးညီညွတ်ရေး စကားများ ပြောဆိုခဲ့ကြသော်လည်း ယခု ANP ၏အဖွဲ့ထဲမှ RNDP ခေါင်းဆောင်များကမူ မိမိတို့၏ ALD မိတ်ဖက်များသည် လူမျိုးရေးကိစ္စတွင် သဘောထား ပြတ်သားကြမည်ဟု မျှော်လင့်ကြောင်း ပြောကြားရင်း မွတ်ဆလင် ဆန့်ကျင်ရေးကို ထုတ်ပြခဲ့သည်။ "ကိုယ်အမျိုးကိုယ်ချစ်ပါ၊ သွေးမနှောပါစေနှင့်။ ရခိုင်စစ်စစ်ဖြစ်ပါစေ၊ ANP ကိုမဲပေးပါ" ဆိုသော ဆောင်ပုဒ်က ပါတီ၏ ရွေးကောက်ပွဲ ကြွေးကြော်သံဖြစ်လာခဲ့သည်။[၉၈] ဘင်္ဂါလီများဖြစ်ကြသည်ဟု အထင်ခံရသော မွတ်ဆလင်များကို အထူးပစ်မှတ် ထားခဲ့သည်။ ANP ဒုတိယဥက္ကဋ္ဌဖြစ်လာသော RNDP ၏ အထွေထွေအတွင်းရေးမှူး ဦးခိုင်ပြည်စိုးက "ကျွန်တော်တို့ ပါတီ၏ မူဝါဒမှာ ဘင်္ဂလီကိုလည်း လက်မခံပါ။ ရိုဟင်ဂျာနာမည်ကိုလည်း အသိအမှတ်မပြုပါ" ဟု ပြောဆိုခဲ့သည်။[၉၉]

ထိုသဘောထားများ ပျံနှံ့လာချိန်တွင် မွတ်ဆလင်တို့ကို ဘေးဖယ်ထားသည့်အတွက် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဆိုးကျိုးများ စတင်ဖြစ်ပေါ်လာသည်။ မောင်တောခရိုင်ထဲတွင်ရှိသော မဲဆန္ဒနယ်မြေများစွာတွင် လူဦးရေ



ANP ဗဟိုဌာနချုပ် စစ်တွေ၊ ရခိုင်ပြည်နယ်၏ မြို့တော် (IR)

ကိန်းဂဏန်းများမှာ မွတ်ဆလင်မဲပေးခွင့် များကို အကြီးအကျယ် ပယ်ဖျက်လိုက်ပြီးနောက် များစွာအပြောင်းအလဲ ရှိခဲ့သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မွတ်ဆလင် အမတ်လောင်း၁၉ဦး ပယ်ချခံရပြီး အများစုမှာ နိုင်ငံသားမဟုတ်ဟူသော အကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲဝင်ခွင့်မရခြင်း ဖြစ်သည်။[၁၀၀] တစ်သီးပုဂ္ဂလ ရွေးကောက်ခံများအနက် တစ်ဦးမှာ USDP ၏ ဘူးသီးတောင်အမတ်ဖြစ်ခဲ့ဖူးသော ဦးရွှေမောင်မှာလည်း ရိုဟင်ဂျာဖြစ်နေပြန်သည်။ ဦးရွှေမောင်ကို ထုတ်ပယ်ပစ်ခြင်းမှာ အထင်ကရ ဖြစ်ရပ်တစ်ခု ဖြစ်သည်။ ၎င်းသည် ယခင်ကတပ်မတော်၏ အကြီးအကဲတစ်ဦးလည်းဖြစ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌလည်း ဖြစ်ခဲ့ဖူးသော သူရဦးရွှေမန်းနှင့် နီးစပ်သူဖြစ်သည်။ နောက်ထပ် ဖယ်ရှားခဲ့ရသည် မွတ်ဆလင်အမတ်လောင်းတစ်ဦးမှာ DHRP မှဦးကျော်မင်းဖြစ်ပြီး ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ဖူးသူဖြစ်သည်။ ထို့ပြင် ၎င်းအား NLD၊ ALD ပါတီများနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီထဲတွင်လည်း ပါဝင်ရန် ဖိတ်ခေါ်ခံရဖူးသည်။ (အခန်း ၅ ကိုရှုပါ။) နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးဖြစ်သော ဦးကျော်မင်းကမူ မိမိဖယ်ရှားခံရသည်မှာ ရိုဟင်ဂျာတစ်ဦးဖြစ်နေသောကြောင့်ဟု သေချာခဲ့သည်။ "ဒီမိုကရေစီအစိုးရလို့ခေါ်တဲ့ အစိုးရလက်ထက်မှာ ကျွန်တော် နိုင်ငံသားအခွင့်အရေး ဆုံးရှုံးသွားတယ်" ဟု ဦးကျော်မင်းကဆိုသည်။[၁၀၁]

ရခိုင်ပြည်နယ်၌ ဖိနှိပ်မှုများ ပြင်းထန်လာချိန်တွင် နိုင်ငံသားဖြစ်ခြင်း မဖြစ်ခြင်းဟူသော ရှုထောင့်မှ ကြည့်ကာ မွတ်ဆလင် အမတ်လောင်းများကို ခွင့်ပြုခဲ့ရာ KNPP ပါတီမှ မွတ်ဆလင်များသာ ယှဉ်ပြိုင်ခွင့်ရကြသည်။[၁၀၂] သို့ရာတွင် ကမန်ခေါင်းဆောင်များကလည်း ၎င်းတို့၏ဒုက္ခမှာ အနည်းငယ်မျှ သက်သာရုံသာ ရှိသည် ဟုဆိုခဲ့သည်။ ၂၀၁၂ အဓိကရုဏ်းအတွင်း ကမန်များစွာသည် အိုးပစ်အိမ်ပစ်ပြေးခဲ့ကြရသည့်အပြင် ရိုဟင်ဂျာများက ကမန်ဟု နာမည် ၁၀၃ ခံပြီး နိုင်ငံသားစိစစ်ရေးကတ်များ လျှောက်ထားလာခြင်း ရှိသည်ဟု စွပ်စွဲကာ ကမန်များကို နိုင်ငံသားစိစစ်ရေးကတ်အသစ် ထုတ်ပေးခြင်း ရပ်တန့်ပစ်ခဲ့သည်။" ကျွန်တော်တို့ဟာ မွတ်ဆလင်ဖြစ်ရုံနဲ့ ခွဲခြားဆက်ဆံတာ ခံရတယ်" ဟု သံတွဲမြို့မှ KNPP က အမတ်လောင်း ဦးသန်းဝင်းကပြောဆိုခဲ့သည်။[၁၀၄]

အာရကန် သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲတစ်ခုတွင် မွတ်ဆလင်မဲဆန္ဒရှင်များကို လုံးလုံးလျားလျား ပိတ်ပင်ခံသော ရွေးကောက်ပွဲ ဖြစ်လာခဲ့သည်။ မွတ်ဆလင်များ မပါတော့သောကြောင့် လစ်ဟာသွားသော ရခိုင်ပြည်နယ်တွင် ရွေးကောက်ပွဲမှာ ANP , NLD နှင့် USDP အစရှိသည့် ပါတီသုံးရပ်၏ အပြိုင်အဆိုင် မြင်းသုံးကောင်ပြေးသည့်ပွဲဖြစ်လာခဲ့သည်။ တစ်နိုင်ငံလုံးအဆင့်တွင် NLD က မဲအလုံးအရင်းဖြင့် အနိုင်ရခဲ့သည်။ သို့သော် ရခိုင်တွင်မူ ANP က ပိုအရေးသာခဲ့သည်။ ALD နှင့် RNDP တို့ ၁၉၉၀ ရွေးကောက်ပွဲနှင့် ၂၀၁၀ ရွေးကောက်ပွဲ၌ ရခဲ့သောရလဒ်ထက် အခြေအနေ ပိုကောင်းခဲ့သည်။ အဲ့ဩစရာ နောက်တစ်ခုမှာ ALD နှင့် RNDP တို့ ပေါင်းစည်းသွားခြင်းကြောင့် ANP သည် တစ်နိုင်ငံလုံးမဲအများဆုံးရသည့် NLD နှင့် USDP တို့နောက်တွင် ယခင်က စတုတ္ထအမတ် အများဆုံးပါတီအဖြစ်သာ ရှိခဲ့ရာမှ ယခုအခါ တတိယအင်အားအကောင်းဆုံးပါတီ ဖြစ်လာခဲ့သည်။ လွတ်တော်အဆင့်

သုံးဆင့်အတွက် စုစုပေါင်း အမတ်နေရာ ၄၅ ခုကို ANP က အနိုင်ရခဲ့ပြီး ရခိုင်ပြည်နယ်လွှတ်တော် တစ်ခုလုံးတွင် အမတ်နေရာအများဆုံးနေရာကိုရရန် မဲဆန္ဒနယ်တစ်ခုသာ လိုသွားခဲ့သည်။[၁၀၅] ANP သည် ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ရခိုင်ရေးရာ ဝန်ကြီးနေရာကို အနိုင်ရခဲ့သည်။

ANP ထောက်ခံသူများအဖို့ ထိုမဲရလဒ်မှာ ပါတီ၏ အင်အားနှင့် ရခိုင်အမျိုးသားရေး နိုးကြားမှု မှတ်ကျောက်ပင်ဖြစ်သည်။ ဆန္ဒမဲရာခိုင်နှုန်းတိုးလာခြင်းကိုကြည့်လျှင် ANPသည် မွတ်ဆလင် မဲဆန္ဒရှင်များကို ဖိနှိပ်လိုက်သည့် အစိုးရကြောင့် မဲရလဒ် ပိုအားကောင်းသွားခဲ့သည်မှာ အမှန်ပင်။ အရေးကြီးသော မှတ်သားစရာမှာ မွတ်ဆလင် အမတ်လောင်းများအား ချန်ထားခဲ့ခြင်းကြောင့် NLD ရော USDP ပါရလဒ်များ ပိုမကောင်းသွားခဲ့ပါ။ ဗုဒ္ဓဘာသာများထဲတွင် NLD ကို မွတ်ဆလင် အကျိုးလိုလားသော ပါတီဟု ထင်နေကြသည်များရှိပြီး USDP ကမူ ၂၀၁၀ တွင် မွတ်ဆလင်မဲကို ရအောင်ကြံဖန်ယူခဲ့သည် ဟူသောနာမည်မှ မလွတ်မြောက်သေးပေ။ အနိုင်ရခဲ့သော အမတ်နေရာများကိုကြည့်လျှင် NLD သည် ရခိုင်ပြည်နယ်တွင် အလယ်အလတ်မျှဖြစ်ခဲ့ပြီး ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးနေရာကို ရယူနိုင်ခဲ့သည်။ NLD သည် မြန်မာပြည် အလယ်ပိုင်းက နိုင်ငံရေး လွှမ်းမိုးမှုရှိသော ရခိုင်ပြည်နယ် တောင်ပိုင်းတွင် ANP ထက်စာလျှင် အမတ်နေရာပိုရခဲ့သည်။ သို့သော်ယခင် ရွေးကောက်ပွဲ၌ ဖြစ်ခဲ့သည့် ပုံစံအတိုင်းပင် ဗမာအများစု ကြီးစိုးသောပါတီတို့သည် ရခိုင်များကြားတွင် အားကောင်းမောင်းသန် ထောက်ခံမှုကိုရရန် ခဲယဉ်းသည်။ မဲဆန္ဒရှင်အများစုသည် ရခိုင်ပြည်နယ်အခြေစိုက် ပါတီကို မဲပေးရန် ပို၍စဉ်းစားကြသည်။

သို့ရာတွင် ANP ၏အောင်ပွဲကို နိုင်ငံရေး ခေတ်သစ်တစ်ခု၏အစဟု မမှတ်ယူနိုင်ပါ။ ပထမ အကြောင်းရင်းမှာ မွတ်ဆလင်များအား အစုလိုက်အပြုံလိုက် မဲပေးခွင့် ရုတ်သိမ်းပစ်ခြင်းမှာ အလွန်စိတ်ဝမ်းကွဲစေသော ထိုးနှက်ချက်တစ်ခုဖြစ်ပြီး နောက်လာတော့မည့် ပဋိပက္ခများ၏ ရှေ့ပြေးနိမိတ်ပင် ဖြစ်သည်။ ဒုတိယမှာ- ရခိုင်ပြည်နယ်၏ နိုင်ငံရေးကလည်း အခြေအနေမတည်ငြိမ်ပါ။ နိုင်ငံရေး အဖွဲ့အစည်းအချင်းချင်း ကွဲပြားခြားနားမှုများ ဆက်လက်ရှိမြဲရှိနေကြသလို ဦးအေးမောင်က ပြည်နယ်လွှတ်တော်သို့ ပြောင်းရန်ကြိုးစားသော်လည်း မာန်အောင် ၂ မဲဆန္ဒနယ်မြေတွင် မနိုင်ခဲ့သောအခါ ပါတီအင်အား ဆုတ်ယုတ်ရသည်။ ရခိုင်တပ်မတော်နှင့် ဖြစ်ပွားနေသော ပဋိပက္ခများ တင်းမာမှု အရှိန်မြင့်တက်လာပြီး AA၏အင်အားများ သုံးနိုင်ငံနယ်ခြားဆုံချက်သို့ တစစတိုးချဲ့ ဝင်ရောက်လာ သည်။၂၀၁၅ - ၂၀၁၆ အတွင်း၌ ရှစ်ရက်အတွင်း နိုင်ငံပိုင်သတင်းစာများ၏ ထုတ်ပြန်ချက်အရ ကျောက်တော်တွင် တပ်မတော်နှင့် AA တို့ တိုက်ပွဲပေါင်း ၁၅ ကြိမ်မျှဖြစ်ပွားခဲ့ကြသည်။[၁၀၆]

ထိုဖော်ပြပါ အကြောင်းတရားများကြောင့်ပင်လျှင် တပ်မတော်သည်တိုင်းပြည်ကို ဆယ်စုနှစ်ငါးခုကျော်မျှ အုပ်ချုပ်ခဲ့ပြီးနောက် တစ်နိုင်ငံလုံးတွင်လည်းကောင်း၊ ရခိုင်ပြည်နယ်တွင်လည်းကောင်း ပထမဆုံး ပြည်သူ့မဲနှဖြင့် တက်လာသော အစိုးရကို အမှန်တကယ် အာဏာလွှဲပေးနိုင်ပါမည်လောဟု ရခိုင်ပြည်နယ်တွင် သံသယ အကြီး



ကုလားတန်မြစ်ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၏ ဆိုင်းဘုတ် (TK)



ဒေါ်အောင်ဆန်းစုကြည်နှင့် UNFC တို့အစည်းအဝေး (ဝဲမှဘာ) နိုင်ဟံသာ (NMSP)၊ Abel Tweed (KNPP)၊ David Thackerbaw (KNU) နှင့် ထွန်းဇော် (ANC) (IR)

အကျယ် ရှိခဲ့ကြသည်။ သုံးသပ်သူများက ခန့်မှန်းခဲ့ကြသလိုပင် NCA ကို အောက်တိုဘာလထဲတွင် ALP က လက်မှတ်ရေးထိုးခဲ့ခြင်းကရခိုင်ပြည်နယ်၏ အနေအထားကို မည်သည့် အပြောင်းအလဲကိုမျှ ရေရေရာရာ မဖြစ်စေခဲ့ပါ။ သို့ရာတွင် ရွေးကောက်ပွဲရလဒ်အရ ထိုစဉ်ကမူ ANP နှင့် ULA အဖွဲ့နှစ်ခုစလုံးမှ ခေါင်းဆောင်များက နိုင်ငံရေးအပြောင်းအလဲမှာ မိမိတို့ဘက်သို့ ပါလာပြီဟု ထင်မှတ်ခံကြသည်။ ၁၉၉၀ ခုနှစ်များကတည်းက စ၍ရေတွက်လျှင် အာရကန်အမျိုးသားရေးတွင် ဦးဆောင်သူ အဖွဲ့ကြီး နှစ်ခုမှာ ကံဇာတာ အတက်ဘက်သို့ ရောက်နေပြီဟု ဆိုနိုင်သည်။

သမ္မတဦးသိန်းစိန်သည် ရာထူးမှ မစွန့်ခွာမီတွင် နောက်ဆုံးအနေနှင့် ငြိမ်းချမ်းရေးအတွက် သူလက်ရာခြေရာကို ချန်ခဲ့ဦးမည့် သဘောရှိသည်။ NCA ကို အကောင်အထည်ဖော်ရာတွင် ပထမအဆင့်အနေနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို ကျင်းပပြီး NCA ကို လက်မှတ်မထိုးရသေးသည့် အဖွဲ့များကိုလည်း တက်ရောက်သူအဆင့်နှင့် မဟုတ်ဘဲ "လေ့လာသူ" အဖြစ်ဖိတ်ခေါ်ခဲ့သည်။ NCA လက်မှတ်မထိုးသေးသော အဖွဲ့အစည်းများဘက်ကမူ ဤသို့အဆင့်ခွဲထားခြင်းက မိမိတို့ကို အရေးမလုပ်ခြင်းဟုသာ ယူဆသဖြင့် ANC , ULA နှင့်တကွ အခြား UNFC အဖွဲ့ဝင်များက သပိတ်မှောက်ခဲ့ကြသည်။ NCA စာချုပ်လက်မှတ် မထိုးရသေးသောအဖွဲ့တစ်ဖွဲ့ကမျှ မတက်ရောက်ခဲ့ပါ။

UCA လက်မှတ်ထိုးထားသူများနှင့် လက်မှတ်မထိုးရသေးသောသူဟူ၍ ခွဲခြားလိုက်ခြင်းကို တပ်မတော်က ရည်ရွယ်ချက်ရှိရှိလုပ်သည်ဖြစ်စေ မလုပ်သည်ဖြစ်စေ လာမည့်နှစ်များတွင် ဖြစ်ပေါ်လာတော့မည့် ပြဿနာများကို ကြိုတင်လှမ်းမြင်နေရပြီဖြစ်သည်။ NCA သည် ငြိမ်းချမ်းရေးဆီ အရောက်သွားမည့် ယာဉ်တစ်စီးဖြစ်လာရန် ကြွေးကြော်ခဲ့ကြသော်လည်း ယခုအခါတွင်ကား ပို၍ စိတ်ဝမ်းကွဲစေသည့် အကြောင်းတစ်ခုဖြစ်လာခဲ့ပြီး ANC နှင့် UNFC တို့မှ ခေါင်းဆောင်တစ်ဦးဖြစ်သော ဦးထွန်းဇော်က ပြင်းထန်စွာဝေဖန်ခဲ့သည်။ "သူတို့က ကျွန်တော်တို့ကို ခွဲခြားဆက်ဆံနေကြပြီ။ လက်မှတ်ထိုးထားတဲ့အဖွဲ့တွေက အစည်းအဝေးတွေမှာဝင်ပြီး ဆွေးနွေးဆုံးဖြတ်ပိုင်ခွင့်ကို ရပြီးတော့ အစိုးရကလည်း သူတို့ကို ငြိမ်းချမ်းရေးဆိုတဲ့ ဆုကိုပေးတယ်။ ကျွန်တော်တို့အစိုးရဆီက ရတာကကျတော့ တိုက်ပွဲတွေ ထပ်တိုးလာတာပဲ" ဟု ၎င်းကဆိုခဲ့သည်။[၁၀၇]

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ မအောင်မြင်ခြင်းနှင့်အတူ ဦးသိန်းစိန်၏ နိုင်ငံရေး သက်တမ်းမှာ ကုန်ဆုံးခဲ့လေပြီ။ ယခုအချိန်မှစကာ ရခိုင်နှင့်အခြားလူမျိုးစုခေါင်းဆောင်များက အသစ်တက်လာမည့် NLD အစိုးရမှာ သက်တမ်းစေ့သွားပြီဖြစ်သည့် USDP ထက် စာလျှင် နိုင်ငံရေးအပြောင်းအလဲကို ဆောင်ကျဉ်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်တကြီးရှိကြသည်။ ANP, ALD နှင့် RNDP တို့ကဲ့သို့ပင် NLD သည် အမြဲတစေပင် ဒီမိုကရေစီပန်းတိုင်သို့ ဦးတည်သည်ဟု ကြွေးကြော်ခဲ့သော ပါတီဖြစ်ပြီး စစ်အုပ်ချုပ်ရေးမှသည် လွတ်လပ်သော

ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော စနစ်တစ်ခု[၁၀၈] အတွက် ရုန်းကန်ခဲ့သည့် ပုံရိပ်ရှိခဲ့ပေသည်။ ပါတီ၏ ၂၀၁၅ ရွေးကောက်ပွဲ ကြေညာစာတမ်းတွင်ပင်လျှင် NLD က "စစ်မှန်သောလွတ်လပ်သော ညီမျှသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စု တည်ထောင်နိုင်ရန် ကြိုးပမ်းသွားမည်"[၁၀၉] ဟူသော အဓိဋ္ဌာန်ကို အသစ်တစ်ဖန် ပြဋ္ဌာန်းခဲ့သေးသည် မဟုတ်ပါလော။

နိုင်ငံရေးနယ်ပယ်မှ မျက်လုံးများအားလုံးသည် ယခုအခါ ဒေါ်အောင်ဆန်းစုကြည်ထံသို့ စူးစိုက်နေကြပြီဖြစ်သည်။ NLD က အာဏာ မရယူရသေးမီကလေးတွင် လူမျိုးစုအရေးနှင့် ပတ်သက်၍ ရင်အေးစရာ အရိပ်အရောင် ပြခဲ့သေးသည်။ ၂၀၁၆ ဧန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် သူမက နိုင်ငံသို့ ကတိတစ်ခု ရဲရင့်စွာပင် ပေးအပ်ခဲ့သည်။ "အစိုးရသစ်အနေနှင့်နဲ့ ပထမဆုံး ဆောင်ရွက်မယ့် အရာကတော့ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပဲ ဖြစ်ပါတယ်။ သက်ဆိုင်သူများအားလုံး ပါဝင်နိုင်တဲ့ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ရအောင် ကြိုးစားသွားပါမယ်"[၁၁၀] ဟု ပြောဆိုခဲ့သည်။ လေးနှစ်ကြာခဲ့ပြီးသော အခါတွင်ကား ထိုစကားတို့မှာ အထမြောက်အောင်မြင်ခြင်း မရှိသေးပေ။



မွေးချင်းတစ်ဦးကို ကူထိန်းပေးနေသော IDP စခန်းမှ မြို့မိန်းကလေး (IR)

၇။ NLD တပ်မတော်အစိုးရ (၂၀၁၆ဖမှ ယနေ့အထိ)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၁၆ခုနှစ် မတ်လတွင် အာဏာရယူပြီးနောက် အစိုးရသစ်က ပျားရည်ဆမ်းကာလမှာ အလွန်ပင် တိုတောင်းလှသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အစိုးရဆင်းသွားပြီးချိန်တွင်လည်း အစိုးရ၏ လုပ်ပိုင်ခွင့်အာဏာမှာ အထူးတလည် ပြောင်းလဲသွားခြင်းမရှိကြောင်း မကြာမီပင် သိရှိလာကြသည်။ အစိုးရသစ်သည် အမှန်စင်စစ် NLD နှင့် တပ်မတော်တို့ရောရော၍ အုပ်ချုပ်ခြင်းပုံစံပင် ဖြစ်သည်။ ဝန်ကြီးဌာနသုံးခုနှင့်အတူ ပါလီမန်အားလုံးတွင် အမတ်ဦးရေ၏ ၂၅ ရာခိုင်နှုန်းကို အုပ်စီးထားသည့်အတွက် တပ်မတော်နိုင်ငံရေးတွင် လက်ဝါးကြီးအုပ်ခွင့် ရနေဆဲဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ၅၄(စ) အရ တပ်မတော်၏ ကိုယ်စားလှယ်လောင်းများသည် ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတမဖြစ်လာအောင် ပိတ်ပင်ထားနိုင်ကြသည်။ (ဒေါ်အောင်ဆန်းစုကြည်မှာ ဗြိတိသျှနိုင်ငံသားနှင့် အိမ်ထောင်ကျခဲ့ပြီး မိသားစုဝင်ထဲတွင် နိုင်ငံခြားသားများ ပါဝင်နေသောကြောင့်ဟူသည့် အကြောင်းပြချက်ဖြင့် ကန့်ကွက်နိုင်) သမ္မတရာထူးအစား နိုင်ငံတော်၏ အတိုင်ပင်ခံရာထူးကို ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက်နိုင်ရန် အသစ်ဖန်တီးနိုင်ခဲ့ခြင်းဖြင့် ခေါင်းဆောင်နေရာကို ထိန်းထားနိုင်ခဲ့သည်။

NLD ၏ နောက်ထပ်တိုးလာသော ဒုက္ခများထဲတွင် အစိုးရသစ်၏ လူအင်အားအရ မူဝါဒအရ ပြင်ပြင် ဆင်ဆင် ရှိပုံ မရခြင်းပင်ဖြစ်သည်။ ဤအချက်မှ ဒေါ်အောင်ဆန်းစုကြည်က ယခင်စစ်တပ်ဘက်မှ အရာရှိဟောင်းများအချို့ကို အစိုးရသစ်ထဲတွင် ခန့်အပ်ခဲ့ခြင်းကို ကြည့်လျှင် သိသာလှသည်။[၁] တပ်မတော်၏ အာဏာသည် ကျုံ့သွားရမည့်အစား ပို၍ပင် ခိုင်မာလာခဲ့သည်။ ဤသို့နေရာကို ရအောင်ဝင်ယူခြင်းက ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တပ်မတော်ခေါင်းဆောင်များ၏ နည်းဗျူဟာတစ်ရပ်ဟုတ်မဟုတ် ဆိုသည်ကို မည်သည့်အခါကမျှ မရှင်းပြခဲ့ပါ။ သို့သော် ထိုသို့ ပူးပေါင်းဆောင်ရွက် ကြခြင်းမှာ အနာဂတ် အစိုးရက လှမ်းမည့်ခြေလှမ်းများကို အရိပ်ထိုးနေပေတော့သည်။ NLD ရော တပ်မတော်ပါ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုဘက်တွင် အထက်စီးမှ အမိန့်ပေးသော စနစ်ကိုသုံးပြီး အစိုးရ၏ ကက်ဘိနက်အသစ်မှာပြုပြင်ပြောင်းလဲမှုများကို ရဲရဲတင်းတင်း လုပ်နိုင်ခဲ့ခြင်းမရှိပါ။

နောက်နှစ်များတွင်မူ လုပ်ငန်းကျွမ်းကျင်မှု မရှိခြင်း နှင့် အစီအစဉ်ရေးစွဲရာတွင် ညံ့ဖျင်းခြင်းတို့က NLD

ကိုပြန်ပြီး ခြောက်လှန့်လာပြန်သည်။ အစိုးရအာဏာကို ရခဲ့ပြီးသော်လည်း NLDပါတီသည် အလွန်မှားယွင်းသော အမှားအချို့ကို ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ကို ရှေ့ဆက်ရာတွင် ဒေါ်အောင်ဆန်းစုကြည်က ခေါင်းဆောင်၍ အစိုးရဦးစီးသော ပြည်ထောင်စုငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲ ပူးတွဲကော်မတီ UPDJC ကိုဖွဲ့စည်းခဲ့သည်။ ထိုအတောအတွင်း အမျိုးသားရင်းကြား စေ့ရေးနှင့် ငြိမ်းချမ်းရေးစင်တာ NRPC ဟု အဖွဲ့အသစ်ကို ဖွဲ့စည်းကာ မြန်မာငြိမ်းချမ်းရေးစင်တာ MPC ၏ နေရာ၌ အစားထိုးစေသည်။ MPC သည် ဦးသိန်းစိန် လက်ထက်က ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ကြားခံဆက်သွယ်ရေးရုံးအဖြစ် ရှိခဲ့သည်။ အစိုးရ၏ လက်အောက်တွင်ရှိသော အဖွဲ့အစည်း တစ်ခုဖြစ်ပြီး MPC တွင်လည်း ပြစ်တင်ဝေဖန်စရာအကြောင်းများ ရှိသည်။ သို့ရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါနေသော အဖွဲ့အစည်းတစ်ရပ်ကို ရုတ်တရက် အပြောင်းအလဲ လုပ်လိုက်ခြင်းသည် လက်နက်ကိုင် တပ်ဖွဲ့များ၏ ခေါင်းဆောင်အသီးသီးနှင့် ဆက်ဆံရေးတွင် အခက်အခဲများဖြစ်ပွားစေသည်။ ယခုအချိန်ထိထို အမှား၏ ရလဒ်များကို ပြန်လည်ပြင်ဆင် နိုင်သေးခြင်း မရှိပါ။

ကနဦးတွင် စိတ်လှုပ်ရှား တက်ကြွခဲ့ကြသော်လည်း NLD ၏ အမှားများမည်မျှ အတိုင်းအဆကြီးမားသည်ကိုသိရန် ကာလအတန်ငယ်ကြာပါသည်။ ဤမျှလောက် အချိန်ကိုက်ဖြစ်သော အမှားမျိုးမရှိနိုင်တော့ပေ။ လူမျိုးစုနိုင်ငံရေးသမားများ အသိုင်းအဝိုင်းသည် NLD ကလူမျိုးစု ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးပြုပြင် ပြောင်းလဲရေးများကို ဦးစားပေးကာ ကိုယ်စားပြုဆော်ဩ ဆောင်ရွက်ပေးမည်ဟူသော မျှော်လင့်ချက်များစွာ ထားခဲ့ကြသည်။ NLD၏ ရှည်လျားစွာကြာမြင့်သော နိုင်ငံရေးတိုက်ပွဲများကို လည်း ထောက်ခံအားပေးခဲ့ကြသူများ ဖြစ်သည့် အလျောက် ထိုမျှော်လင့်ချက်ကို ထားခဲ့ကြသည်။ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ၌ အတူဆောင်ရွက်ကြခြင်းအားဖြင့်လည်းကောင်း ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီမှတစ်ဆင့် ပူးပေါင်းကြခြင်း အားဖြင့်လည်းကောင်း အဖွဲ့အစည်း အသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးတို့သည် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် မဟာမိတ်အဖြစ် တိုက်ပွဲအတူ ဝင်ခဲ့ကြသည်။ (အခန်း ၅ ကို ကြည့်ပါ။) တစ်နှစ်ကုန်ဆုံးသော ကာလအတွင်းမှာပင် ထိုမျှော်လင့်ချက်များမှာ စိတ်ပျက်ခြင်းများအဖြစ် ပြောင်းလဲကြကုန်ပြီး နိုင်ငံ၏ဒေသများစွာတွင် ပဋိပက္ခများ အရှိန်ပိုမြင့်လာကြသည်။

အခြားနေရာများထက်စာလျှင် ရခိုင်ပြည်နယ်သည် အစိုးရသစ်၏ ပျက်ကွက်ခြင်းများ၏ ဒဏ်ကို ပိုခံရသော ပြည်နယ်ဖြစ်သည်။ NLDက အာဏာရလာသောအခါ ရခိုင်ဒေသအတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်တိုက်ပွဲများက စိန်ခေါ်မှုကို အစိုးရက မြန်မာနိုင်ငံဟာ ပဋိပက္ခရပ်ဝန်းတွင် ခပ်သေးသေး ကိစ္စဟုသာ အထင်ရောက်ခဲ့သည်။ တပ်မတော်အရာရှိများက ရခိုင်ပြည်နယ်ကို "အဖြူရောင်" နယ်မြေဟု ဆက်လက် မှတ်ယူနိုင်သည်။ အဖြူရောင်နယ်မြေဟုဆိုလျှင် လက်နက်ကိုင်တိုက်ပွဲများကင်းစင်ခဲ့ပြီးသော နယ်မြေဟုဆိုလိုသည်။ တစ်ဖန် မြန်မာနိုင်ငံက အစိုးရသစ်သည် တကယ်မြေပြင်ပေါ်မှ လူမျိုးစု နိုင်ငံရေးအကျပ်အတည်း၏ အတိုင်းအဆကို လျှော့တွက်ခဲ့သည်။ အကြိမ်ကြိမ် သတိပေးခဲ့ခြင်းများကို လျစ်လျူရှုခဲ့ကြသောကြောင့် အကြမ်းဖက်မှုများသည် ဒုတိယကမ္ဘာစစ်အတွင်းကကြုံခဲ့သော အုံကြွမှုနှင့် အတူတူဟု ခေါ်လောက်သော အဆိုးဆုံးပေါက်ကွဲမှုဆီသို့ ပြန်လည် ရောက်ရှိလာခဲ့သည်။

၂၁ ရာစုပင်လုံညီလာခံနှင့် ညှိနှိုင်းဆွေးနွေးပွဲများ မအောင်မြင်ရခြင်း

NLD အစိုးရအပေါ် အစောပိုင်း၌ ရှိခဲ့သော မျှော်လင့်ချက်များမှာ နောက်ပိုင်းတွင် ဖြစ်လာခဲ့သော အခြေအနေနှင့် များစွာကွာခြားပါသည်။ ရွေးကောက်ပွဲရလဒ်ကြောင့် အောင်ပွဲနှင့် မော်ကြွားနိုင်ခဲ့ပြီးနောက် ပြည်သူတို့က ယုံကြည်မှုများလည်း တစ်မျိုးသားလုံး၏ ငြိမ်းချမ်းရေးကိစ္စကို အစီအစဉ်နှစ်ရပ်နှင့် ကိုင်တွယ်မည်ဟု ဒေါ်အောင်ဆန်းစုကြည်က ကြေညာခဲ့ပြီးနောက် ပို၍ပင် မြင့်တက်လာခဲ့သည်။ ပထမအစီအစဉ်မှာ လူမျိုးစု ငြိမ်းချမ်းရေးနှင့် နိုင်ငံပြုပြင်ပြောင်းလဲရေးတို့ကို ၂၁ ရာစုပင်လုံညီလာခံကျင်းပ၍ ဖော်ဆောင်ပေးရန်ဖြစ်ပြီး ဒုတိယအစီအစဉ်မှာ ရိုဟင်ဂျာမွတ်ဆလင်တို့၏ ပြဿနာကို ဖြေရှင်းရန်အတွက် အကြံဉာဏ်များ ပေးနိုင်ရန် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သော "ရခိုင်ပြည်နယ်အကြံပေးကော်မရှင်"ကို ကိုခန့်အပ်မည်ဖြစ်ကြောင်း နှစ်ချက်ကြေညာခဲ့သည်။ ထိုဖြေရှင်းနည်း နှစ်ရပ်စလုံးကို ကြည့်လျှင် မြန်မာနိုင်ငံ၏ နိုင်ငံရေးခေါင်းဆောင်များအနေနှင့် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်ရင်ကြားစေရေးကို အပတ်တကုတ် အားထုတ်ကြရန်ပြင်ဆင်ထားပြီဖြစ်ကြောင်း ပြနေသကဲ့သို့ပင် ဒေါ်အောင်ဆန်းစုကြည်၏ ဖခင် လွန်လေပြီးသော ဗိုလ်ချုပ်အောင်ဆန်းက ကမကထပြုခဲ့သော ၁၉၄၇ ပင်လုံစာချုပ်ကြီးသည် တိုင်းပြည်ကို ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရန် လူသားအားလုံး ညီမျှစွာ နေထိုင်နိုင်သည့် လူ့အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် ရည်သန်ခဲ့ကြသည့်

သင်္ကေတအဖြစ် ခိုင်မာနေတုန်းပင် ဖြစ်သည်။ (အခန်း ၂ကို ရှုပါ) အောင်ဆန်းနှင့် ကိုဖီအာနန်ဆိုသော အင်အားကြီးသည့် အမည်နှစ်ခုကို NLD က နိုင်ငံရေးဇာတ်ခုံပေါ်သို့ ဆောင်ယူရန် ကြိုးစားခဲ့လေပြီ။[၂]

သို့သော်သိပ်မကြာပါ။ NLD ၏ အကြံအစည်အသစ်များမှာ အခက်အခဲများနှင့် ကြုံရတော့သည်။ ပင်လုံကိစ္စတွင်ဖြစ်ခဲ့သည်မှာ စိတ်စေတနာ မပါခဲ့သောကြောင့် အထမမြောက်ခဲ့ခြင်းမဟုတ်ပေ။ လူမျိုးစု အဖွဲ့အစည်းများတွင် ဦးသိန်းစိန်စတင်ခဲ့သော တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေး စာချုပ်ကိုဆက်လက် ဆွေးနွေးလိုစိတ် ရှိကြသည်။ (အခန်း ၆ ကိုရှုပါ။) လူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်း အနည်းငယ်ကသာလျှင် လက်မှတ် ထိုးရသေးသည်ဖြစ်ရာ အစိုးရပြောင်းသွားချိန်တွင် ထိုစာချုပ်ပါ အချက်အလက်များမှာ အားလုံး ပါဝင်နိုင်အောင် ပြုပြင်၍ ရကောင်းသည်ဟု လူမျိုးစုနိုင်ငံရေးသမားများက မျှော်လင့်ခဲ့သည်။ ငြိမ်းချမ်းရန် လုပ်ငန်းများကို ပြန်လည်အရှိန်ရအောင် ဝိုင်းကြိုးစားကြရန် အစီအစဉ်သစ်များဖြင့် အားယူခဲ့ကြပြန်သည်။

ပထမဆုံးခြေလှမ်းမှာ ၂၁ရာစုပင်လုံ အစည်းအဝေး မတိုင်မီ ၂၀၁၆ ဇူလိုင်လအတွင်း မိုင်ဂျာယန်ရှိ ကချင်လွတ်လပ်ရေးအဖွဲ့ နယ်မြေထဲ၌ ကျင်းပသော အစည်းအဝေးတွင် EAO အဖွဲ့ ၁၇ ဖွဲ့တက်ရောက်ခဲ့ရာ ALP, ANC နှင့် ULA တို့ကလည်း ပါဝင်ခဲ့ကြခြင်းဖြစ်သည်။ ထိုတွေ့ဆုံပွဲမှာ လက်နက်ကိုင်အဖွဲ့အစည်းများရော နိုင်ငံရေးပါတီများအဖြစ် သမိုင်းရှိခဲ့ကြသူများ ပါဝင်လျက် ကိုယ်စားပြုမှု အစုံလင်ဆုံးဖြစ်ပြီး သက်ဆိုင်သူအားလုံး ပါဝင်နိုင်ခဲ့သော အချိန်အခါဖြစ်သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ထဲတွင် EAO ပေါင်း ၂၁ခုကို တက်ရောက်ရန် အသိအမှတ်ပြုထားပြီး လေးဖွဲ့ကသာ မတက်ရောက်ခဲ့ပေ။ (နိုဝင်ဘာ ၂၀၁၉ လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများ စာရင်းကို ကြည့်ပါ။)[၃] အခြားအဖွဲ့ဝင်များတွင် ရွှေကောက်ပွဲနိုင်ငံထဲရှိနေပြီး ပါလီမန်ထဲတွင် အမတ်နေရာအများဆုံး ယူထားသော ရခိုင်အမျိုးသားပါတီ ANP နှင့် အခြားနိုင်ငံရေး အင်အားစုနှစ်ခုဖြစ်သော ညီနောင်တိုင်းရင်းသားများ ဖက်ဒရေးရှင်း (၂၀၁၀ ရွေးကောက်ပွဲမှ ပါတီများ) နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ် (၁၉၉၀ ရွေးကောက် ပွဲဝင်ပါတီများ) တို့ပါဝင်ကြသည်။ အစည်းအဝေး အခမ်းအနားကို ပို၍တန်ဆာဆင်စိမ့်သောဌာ တရုတ်၏ အာရှအရေးဆိုင်ရာ အထူးသံအမတ် Sun Guozxiang နှင့် ငြိမ်းချမ်းရေး တမန်အဖြစ် ခန့်အပ်ထားသော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ အထူးအကြံပေး ဗီဂျေးနမ်ဘီးယားတို့လည်း တက်ရောက်ခဲ့သည်။

ထိုအစည်းအဝေးထဲတွင် အချို့ ရုပ်လုံးပေါ်နေပြီဖြစ်သော အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုကို တည်ထောင်ရန် အာမခံချက်ပေးထားသော ပြန်လည်ပြင်ဆင်ထားသည့် NCA မူကြမ်းထဲတွင် ပါဝင်ရမည့်မူ ဘောင်ရှစ်ချက်ကို သဘောတူခဲ့ကြသည်။ (UNFC ၏ အခြေခံမူ ရှစ်ချက်ကိုကြည့်ပါ။)[၄] ထိုအချိန်တွင် ANP ၏ ဥက္ကဋ္ဌနှင့် နိုင်ငံရေးပါတီအနေနှင့် UPDJC အဖွဲ့အဖြစ်တက်ရောက်လာခဲ့သော ဦးအေးမောင်က သက်ဆိုင်သူအားလုံး ပါဝင်နိုင်ရေးကို အရေးဆိုခဲ့သည်။ ထိုသို့အားလုံး ပါဝင်နိုင်မှသာ ULA နှင့် တပ်မတော်က ပိတ်ပင်ထားသော အခြား EAO များပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲတွင် အဆင့်တူ ဆွေးနွေးဖက်များအဖြစ် ပါဝင်နိုင်မည်ဖြစ်သည်။[၅] အတိုက်အခံခေါင်းဆောင်များဘက်က ထိုသဘောတူညီချက်များက လာမည့် ညီလာခံတွင် နိုင်ငံရေး တစ်ခေတ်ဆန် စေမည့် အခြေခံအုတ်မြစ်များ ဖြစ်လာလိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်။

ဩဂုတ်လအကုန်တွင် နေပြည်တော်၌ ကျင်းပသည့် ၂၁ရာစုပင်လုံညီလာခံသို့ ထိုနိုင်ငံရေးအရှိန်မှာ လိုက်ပါ သွားခဲ့ပါသည်။ အစောပိုင်းတွင် တပ်မတော်ဘက်မှ ANC၊ ULA နှင့် အခြား EAU မဟာမိတ်များကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲသို့ ပါဝင်ခွင့် မပေးရန် တင်းခံနေခဲ့သည်။[၆] (အခန်း ၆ ကိုရှုပါ) သို့သော် နောက်ဆုံးမိနစ် ညှိနှိုင်းကြချိန်တွင် စိတ်ပြောင်းကာ UNFC ၏ ကိုယ်စားပြုမှု ကို ခွင့်ပြုလိုက်သည်။ သို့ဖြစ်ရာ အဓိပ္ပါယ်မှာ ရခိုင်ရှိ အရေးပါသော အုပ်စုများအားလုံးနှင့် အခြားဒေသများမှ လက်နက်ကိုင် အစုအဖွဲ့များအတွက် UNFC က ရပ်တည်နိုင်မည်ဖြစ်သည်။[၇] ရခိုင်ပြည်နယ်အတွက် အကြံပေးကော်မရှင်ကို ဖွဲ့စည်းကြောင်း ကြေညာခဲ့သော်လည်း ခြွင်းချက်အနေနှင့် ရိုဟင်ဂျာဟူသည် မရှိဟူ၍ ငြင်းဆိုထားရာ အစိုးရက ဘင်္ဂလီဟု ယူဆထားသူများနှင့် ငြိမ်းချမ်းရေး မဆွေးနွေးနိုင်ဟူသော သဘောထား ရှိခဲ့သည်။[၈]

ထို့နောက် ၁၉၄၈ လွတ်လပ်ရေးပြီးကတည်းက အကြီးဆုံး ညီလာခံဟုဆိုနိုင်သော နိုင်ငံရေးခေါင်းဆောင်များနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ သက်ဆိုင်ရာ လူပုဂ္ဂိုလ်များ တက်ရောက်သော အစည်းအဝေးကြီး ကျင်းပခဲ့ကြသည်။ ၂၀၁၆ ဩဂုတ်လ ညီလာခံသို့ ကိုယ်စားလှယ်ပေါင်း ၇၅၀ တက်ရောက်ခဲ့ကြပြီး အစိုးရဘက်မှ ကိုယ်စားလှယ်များ နိုင်ငံရေးပါတီများ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် EAO များ ပါဝင်ခဲ့သည်။ အစီအစဉ်တင်ပြမှုများ ပြုလုပ်ခဲ့ကြပြီး နိုင်ငံတကာ၏ ပံ့ပိုးမှုကိုလည်း မကြုံစဖူးရရှိခဲ့သည်။ ကုလသမဂ္ဂ အထွေအထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မိန့်ခွန်းပြောကြားခဲ့ပြီး ငြိမ်းချမ်းရေးအတွက် အလျှော့ပေး ညှိနှိုင်းကြရန် လိုအပ်



ယခင်RNDP နှင့်ANP ခေါင်းဆောင်ဦးဆောမောင် (IR)

ကြောင်း တိုက်တွန်းခဲ့သည်။[၉]

ဝမ်းနည်းစရာကောင်းသည်မှာ ထိုတဒင်္ဂသည် အစိုးရ သစ်သက်တမ်းအတွင်း ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် အကောင်းဘက်သို့ မျှော်လင့်နိုင်ခဲ့သည့် နောက်ဆုံးအချိန်ကလေးဖြစ်သည်။ NLD ၏ ရည်ရွယ်ချက်ကောင်းကို သံသယဖြစ်စရာ မရှိသော်လည်း ထိုအစည်းအဝေးကာလအတွင်း စိုးရိမ်စရာကိစ္စများ တန်းစီ၍ ပေါ်ပေါက်လာခဲ့သည်။ နိုင်ငံရေးကိစ္စများကို အနည်းငယ်မျှသာ ဆွေးနွေးကြပြီး NLD နှင့် တပ်မတော်ခေါင်းဆောင်များသည် "ပင်လုံ"ဟူသော အမှတ်တံဆိပ်ကို ပြန်သုံးပြီး အခြေခံမူသစ်များနှင့်အတူ အသက်ပြန်သွင်း လိုဟန်ရှိသည်။ ဤညီလာခံမှာ အစိုးရဘက်က အာဝဇ္ဇန်း ကောင်းကောင်းဖြင့် လူမျိုးစုခေါင်းဆောင်များဘက်သို့နူတ်ကတိများ ရွှန်းရွှန်းဝေအောင် ပေးသော်လည်း တကယ်အဓိပ္ပါယ်ရှိသော ပြုပြင်ပြောင်းလဲမှုကို မလုပ်လိုသည့် ၁၉၅၀ ကျော်က ပါလီမန်ခေတ် ဗမာနိုင်ငံရေးသမားများကို အမှတ်ရစေသည်။[၁၀] ဆွေးနွေးသူများကကျောခိုင်းသွားခဲ့ပြီဖြစ်သောကြောင့် သမိုင်းဝင်အဖြစ်အပျက်တစ်ခုအဖြစ် တွင်ကျန်နိုင်သော ငြိမ်းချမ်းရေးအခွင့်အလမ်းမှာ မှေးမှိန်စပြုခဲ့ပြီ။

ထိုညီလာခံနောက်ပိုင်း ဖြစ်လာသော အဖြစ်အပျက်များကလည်းပို၍ အငြင်းပွားစရာများပင် ဖြစ်သည်။ တိုင်းပြည်၏ မတူသောဒေသကြီးနှစ်ခုတွင် ပဋိပက္ခများ အကြီးအကျယ် ပေါက်ကွဲတော့မည့် အနေအထားသို့ ရောက်လာတော့မည်ဖြစ်သည်။ ၂၁ရာစုပင်လုံအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်က ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဆုံတွေ့ခဲ့သည်။ ၎င်းတို့နှစ်ဦး၏ ဆွေးနွေးပွဲအကြောင်းကို ပြည်သူအားချမပြခဲ့ပါ။ သို့သော်နောက်ပိုင်းတွင် NLD နှင့်တပ်မတော်တို့သည် ဦးသိန်းစိန်၏ NCA စာချုပ်ကိုသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှေ့တိုးနိုင်ကြမည့် တစ်ခုတည်းသောလမ်းအဖြစ် ခိုင်ခိုင်မာမာ ရွေးချယ်ခဲ့ကြပုံ ရပါသည်။ အပြန်အလှန်အားဖြင့် တပ်မတော်မှ ခေါင်းဆောင်များအနေနှင့်လည်း ဤသဘောတူညီချက်ကို တစ်နိုင်ငံလုံးရှိ အပစ်အခတ်ရပ်စဲထားခြင်း မရှိသော ဧရိယာများတွင် စစ်ဆင်ရေးများ ပြန်စရန် မီးစိမ်းပြလိုက်သကဲ့သို့ပင် မှတ်ယူခဲ့ဟန်ရှိသည်။ EAOs များဘက်က တင်ပြလာသော အခြေခံမူရှုစ်ချက်ကဲ့သို့ပင် တပ်မတော် ဘက်ကလည်း ၎င်းတို့ ကိုင်စွဲသော အခြေခံမူ ခြောက်ချက်ကို အထပ်ထပ်ပြောလာသည်။ ထိုခြောက်ချက်မှာ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကာကွယ်ရေးအပေါ်တွင် အခြေခံပြီး

ဤအချက်ကို ထိခိုက်စေမည့် အရာအားလုံးကို လက်မခံနိုင်ဟု ပြောကြားခဲ့သည်။[၁၁] ထိုကာလတွင် NLD အစိုးရကလည်း ငြိမ်းချမ်းရေးတမန်ကဲ့သို့ တစ်ဘက်နှင့် တစ်ဘက် စကားသယ်ယူပေးနိုင်သော ကုလသမဂ္ဂ အထူးအကြံပေး မစ္စတာဗီဂျေးနမ်ဗီးယားကို သက်တမ်းထပ်မတိုးရန် ဆုံးဖြတ်ခဲ့သည်။

ရခိုင်၊ ကချင်နှင့် အခြားလူမျိုးစု နိုင်ငံရေးပါတီများမှာ တုန်လှုပ်ခြင်းကြီးစွာ ဖြစ်ရသည်။ မြင်ရသော လုပ်ရပ်များသည် မကြာသေးခင်က မိမိတို့အား လုံးတက်ရောက်ခဲ့ကြသည့် ၂၁ ရာစုပင်လုံညီလာခံတွင် ဆိုခဲ့ကြသော ပင်လုံစိတ်ဓါတ် ၊ ညီလာခံရည်ရွယ်ချက်များနှင့် လုံးလုံးကြီး ဆန့်ကျင်နေသည်။ နောက်လာမည့် လများတွင် တပ်မတော်သည် ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အပစ်အခတ်မရပ်စဲထား သော နေရာများ ကို အကြီး အကျယ် ဆုံးထိုးစစ် ဆင်နွှဲနေပြီဖြစ်သည်။ ယခု အကြိမ်တွင် EAO ကလည်း အပြင်းအထန် ပြန်ခုခံကြပါသည်။ ULA ၏ ရခိုင့်တပ်မတော်သည်လည်း KLO နှင့်အတူ မြောက်ပိုင်း မဟာမိတ်ထဲတွင် ပါဝင်ခဲ့ပြီး အခြားအဖွဲ့ဝင်များဖြစ်သော ကိုးကန့် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်ဟောင်း အမျိုးသား လွတ်မြောက်ရေးတပ်များ နှင့် ပေါင်းကာ ပြန်တိုက်သည်အထဲတွင် ပါဝင်ခဲ့သည်။ တိုက်ပွဲများ ကျယ်ပြန့်လာချိန်တွင် မြောက်ပိုင်းမဟာမိတ်များ၏ စုပေါင်းထားသော တပ်အင်အားက တပ်မတော် လေကြောင်းမှ ဗုံးမကျဲမီတွင် တရုတ်နယ်စပ်ရှိ မုန်းကိုးမြို့ကို သိမ်းယူနိုင်လု နီးနီးဖြစ်ခဲ့သည်။[၁၂]

တိုက်ပွဲများ အသစ်တစ်ဖန်ပြန်စလာခြင်း၏ အကျိုးဆက်ကား ယခုထက်ဆိုးဖွယ်ရာ မရှိတော့ပေ။ ကြေကွဲစရာကောင်းလှသော ဒုက္ခများကို ပဋိပက္ခ သံသရာလည်းကာ ပြန်တွေ့ရပြီး လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပြန်စခဲ့ကြရသည်။ ယခုတစ်ကြိမ် ပဋိပက္ခသံသရာမှာ NLD အစိုးရ၏ လက်အောက်တွင် ဖြစ်ပျက်နေခြင်းဖြစ်သည်။ တိုက်ခိုက်မှုများ ပုံ့နှံ့လာချိန်တွင် အိုးမဲ့ အိမ်မဲ့ ထွက်ပြေးရသော ဒုက္ခသည် အရေအတွက် လျင်မြန်စွာ တိုးလာခဲ့ရာ နိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင် လူပေါင်းတစ်သိန်းကျော်သို့ ရောက်ရှိလာခဲ့သည်။ ယခုတစ်ကြိမ်တွင် တပ်မတော် ထိုးစစ်များ၏ နောက်ကွယ်မှအကြောင်းရင်းမှာ နိုင်ငံရေး မဟုတ်ဘဲ စီးပွားရေးအကျိုးအမြတ်များဖြစ်နေသည်။[၁၃] စစ်တပ်သည်လူ့အခွင့်အရေး ချိုးဖောက်မှုများအကြီးအကျယ်ကျူးလွန်နေကြောင်း စွပ်စွဲချက်များ များပြားလာခဲ့သည်။ စုံးစမ်းထောက်လှမ်းပြီးနောက် တိုက်ပွဲများထံမှ " မြန်မာ နယ်စပ်" "Myanmar's Borderlands on Fire" အစီရင်ခံစာကို Amnesty International ကထုတ်ပြန်ခဲ့သည်။[၁၄]

ထိုအချိန်၌ ရခိုင်ပြည်နယ်မှာလည်း ပေါက်ကွဲတော့မည့် ပဋိပက္ခထဲသို့ ရောက်ရှိနေသည်။ ၂၁ ရာစုပင်လုံကြေညာချက်နှင့် ကိုဖီအာနန်ကော်မရှင်ကို ပိုကောင်းလာမည့် အခြေအနေများဖြစ်လာနိုင်ရေး ခြေလှမ်းအဖြစ် ကြိုဆိုခဲ့ကြသည်။[၁၅]

သို့သော်ထိုကဲ့သို့ ပြင်ဆင်ထားသော လုပ်ငန်းစဉ်အသစ်များ ရှိခဲ့သော်လည်း အစိုးရသည် လုံခြုံရေးအရစိတ်ချရပြီဟု တလွဲယုံကြည်ရန် ချော့မော့ခံလိုက်ရပုံ ရပါသည်။ အမှန်တကယ်တွင် ပြည်တွင်း၌ မကျေမနပ်မုန်းတီးမှုများ မြင့်တက်လာခဲ့ပြီ။ ၂၀၁၆ ဇွန်လတွင် ကုလသမဂ္ဂလူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက ရိုဟင်ဂျာမွတ်ဆလင်များနှင့် အခြားလူမျိုးစုများ၏ မပြေလည်ဆိုးရွားနေသော အခြေအနေကို သတိပေးခဲ့သည်။[၁၆] သို့သော် အာဏာရပြီးနောက် အစိုးရသစ်သည် အမှားများကို စတင်၍ တန်းစီကာ ကျူးလွန်ခဲ့ပြီး ဗုဒ္ဓဘာသာနှင့် မွတ်ဆလင် အသိုင်းအဝိုင်း နှစ်ခုကြား ပို၍ အလှမ်းကွာစေလာခဲ့ပြီ။

ဦးစွာ ရခိုင်လူမျိုးနိုင်ငံရေး အသိုင်းအဝိုင်းထဲတွင် ဒေါသထွက်ကြသည်မှာ NLD ၏ အမတ် ဦးညီပုအား အစိုးရက ရခိုင်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ရခိုင်လွတ်တော် အမတ်နေရာထဲတွင် အများဆုံးအနိုင်ရခဲ့သော ANP ကိုယ်စားလှယ်က ဝန်ကြီးချုပ်ဖြစ်ခွင့် မရှိတော့ပေ။ NLD သည် သမ္မတရုံး၏ အမည်ကို သုံးကာ ၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေ အောက်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များအားလုံးမှ ဝန်ကြီးချုပ်နေရာများကို ရွေးချယ်ရန် လုပ်ပိုင်ခွင့်ကိုရယူခဲ့သည်။ NLD သည် တစ်တိုင်းတစ်ပြည်လုံးရှိ ပြည်နယ်နှင့်တိုင်း ဒေသကြီး ၁၄ ခုစလုံးတွင် ထိုလုပ်ပိုင်ခွင့်ကို ကျင့်သုံးခဲ့သည်။ ရခိုင်ပြည်နယ်တွင် ANP ၏အောင်ပွဲကို အသိအမှတ်မပြုခဲ့ခြင်းအားဖြင့် NLD သည် ရခိုင်အမျိုးသားရေး ဝါဒီများ၏ သံသယကို ပိုခိုင်မာစေခဲ့သည်။ သို့ဖြစ်ရာ နိုင်ငံရေးစနစ်သစ်ထဲတွင် လူမျိုးစု အခွင့်အရေးနှင့် ကိုယ်စားပြုခွင့်ရရန် အခြေအနေပေးမည်မဟုတ်ဟု ယူဆလာကြသည်။ ထို့ကြောင့်ပင် ANP သည် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခဲ့ပြီးနောက် အစိုးရက အာဏာကို လက်ဝါးကြီးအုပ်နေသည်ဟုယူဆကာ ဆက်မဆွေးနွေးတော့ဘဲ ထွက်ခွာသွားခဲ့သည်။[၁၇] ANP ၏ အတွင်းရေးမှူး ဦးထွန်းအောင်ကျော်က "ကျွန်တော်တို့က ကြိုးဆွဲရုပ်သေးလို ကမယ့် ဝန်ကြီးချုပ်လိုချင်တာမဟုတ်ဘူး" ဟုပြောကြားခဲ့သည်။[၁၈]

နောက်တစ်ချက်မှာ NLD သည် ပင်လုံကတိကဝတ်များ ပေးခဲ့သော်လည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အာရုကန်အဖွဲ့များကို ပါဝင်ခွင့် မပေးခဲ့ပေ။ ဦးသိန်းစိန် အစိုးရကဲ့သို့ပင် NLD ခေါင်းဆောင်များက ULA နှင့် ANC

တို့ အမျိုးသားအဆင့်ငြိမ်းချမ်းရေး စကားဝိုင်းများတွင် တင်းပြည့်ပါဝင်နိုင်ခွင့်ကို ငြင်းဆန်ခဲ့သည့် အတွက်ကြောင့် ဖြစ်လာမည့် အကျိုးဆက်များကို မမြင်တတ်ခဲ့ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းများ ရှိခဲ့သည်။ NCA ကို လက်မှတ်ထိုးထာသော ALP တစ်ဖွဲ့တည်းကိုသာလျှင် အသိအမှတ်ပြု ပါဝင်ခွင့်ပေးခဲ့သည်။ NLD အစိုးရက ခွဲခြားဆက်ဆံမှုကြောင့် ရခိုင်အမျိုးသားရေး လှုပ်ရှားသူတို့ကလည်း ရခိုင်ကိုသွေးခွဲပြီး အုပ်ချုပ်နေပြီဟုပင် ယူဆကြသည်။ နိုင်ငံရေးအာရုံစိုက်မှုများကလည်း NLD ၏ ၂၁ ရာစုပင်လုံသို့ စုပြုံကျနေသည့်အချိန်ဖြစ်ရာ ထို့ကဲ့သို့ ခွဲခြားဖယ်ထုတ်ထားသည့်အဖြစ်များကို နားလည်ရန် ပို၍ခက်ခဲခဲ့သည်။ ရှည်လျားသော အာရက္ခန်၏ လက်နက်ကိုင် တိုက်ပွဲဝင်မှု သမိုင်းတစ်လျှောက်တွင် မြေပေါ်နှင့် မြေအောက်နိုင်ငံရေး လှုပ်ရှားသူများကြားအမြဲပင် အဆက်အစပ် ရှိကြသည်။ (အာရန်ကန် လက်နက်ကိုင်လှုပ်ရှားမှု သမိုင်းကို ကြည့်ပါ။) ယခုလည်း အဆက်အသွယ် မပြတ်ကြပါ။ ရခိုင်နိုင်ငံရေးတွင် ဆယ်စုနှစ်များစွာ စိုးမိုးထားသော အင်အားစုနှစ်ခုမှာ ANP နှင့် ULA ဖြစ်နေကြရာ ယခုလည်း မပြောင်းလဲပါ။ အထူးသဖြင့် ရခိုင်လွတ်တော် ဥက္ကဋ္ဌ ပုဏ္ဏားကျွန်းမှ ANP အမတ်ဦးစံကျော်လှမှာ ULA ခေါင်းဆောင်ဦးထွန်းမြတ်နိုင်၏ ယောကျ်ားမ ဖြစ်သည်။[၁၉]

တတိယ - နိုင်ငံရေး အဆီးအတားများ မြင့်တက်လာချိန်တွင် NLD သည် မြေပြင်ပေါ်ရှိ ပဋိပက္ခများကို ဖြစ်စေသော ရေသောက်မြစ်များကို ပစ်စလက်ခတ်ပင် လျစ်လျူရှုခဲ့ကြသည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည်လည်း တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင်သာရှိနေရာ NLD အနေနှင့် ကာလုံ၏ မဟာဗျူဟာဆုံးဖြတ်ချက်များတွင် မည်မျှအတိုင်း အတာအထိ သြဇာသက်ရောက်သနည်း ဆိုသောအချက်က မေးစရာဖြစ်သည်။ NLD သည် ရခိုင်ဗုဒ္ဓဘာသာများနှင့် ရိုဟင်ဂျာမွတ်ဆလင်တို့ကြား တွင်ရှိသော ပို၍နက်ရှိုင်းလာသော နိုင်ငံရေးအကျိတ်အခဲများကို နားလည်ပုံ မရပါ။ ဦသိန်းစိန် အစိုးရလက်အောက်တွင် စစ်ရေးအင်အား တိုးချဲ့မှုကို ဧောင်းပေးလာခဲ့ပြန်သည်။ (အခန်း ၆ ကိုကြည့် ပါ။) နည်းဗျူဟာအရ လက်နက်ကိုင်အတိုက်အခံများကို တပ်မတော်က နှိမ်နင်းနိုင်ရန်ဝေးစွ။ တပ်မတော်ကို ပြန်တော်လှန်မည့် လက်နက်ကိုင်လုပ်ငန်းများအပေါ် လူငယ်များက ပို၍ စိတ်ဝင်စားလာခဲ့သည်။

ULA သည် ပထမဆုံး ပေါ်ပေါ်ထင်ထင် စစ်ရေးအင်အားကို ပြသရန် အဆင်သင့်ဖြစ်လာသောအဖွဲ့ဖြစ်သည်။ အစိုးရ အပြောင်းအလဲကာလအတွင်း အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် တို့နှင့် သုံးနိုင်ငံ နယ်ခြားဆုံချက်တွင် တိုက်ပွဲများ ပုံ့နှံ့နေပြီဖြစ်သည်။ ၂၀၁၆ ဇူလိုင်လတွင် ရခိုင့်တပ်မတော်သည် မိမိတို့ခြေကုတ်ယူရာ ပလက်ဝ ဒေသမှ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦးမြို့နယ်များသို့ ဝင်ရောက် နေရာယူလာရာ တပ်မတော်နှင့် ရင်ဆိုင်ပစ်ခတ်မှု အကြိမ် ၇၀ ကျော်ဖြစ်ပွားခဲ့သည်ဟု ULA က ထုတ်ဖော်ပြော ကြားခဲ့သည်။[၂၀] ULA သည် ယခုအခါ အမြဲတမ်း စခန်းချနိုင်မည့် ဧရိယာကို ရှာဖွေနေပြီဖြစ်သည်။ NLD ခေါင်းဆောင်များသည် နိုင်ငံ၏ အနောက်ဘက် နယ်စပ်တွင် ဖြစ်ပေါ်နေသော ပဋိပက္ခများ၏ အခြေအနေကို ခပ်မြန်မြန် ရိပ်မိခဲ့ခြင်းမရှိပါ။[၂၁] မြောက်ပိုင်း မဟာမိတ်ထံမှ ရက္ခိုင့်တပ်ဖွဲ့ဝင်များသည်လည်း မြန်မာနိုင်ငံ အရှေ့မြောက်နယ်စပ်ရှိ တိုက်ပွဲများတွင် ပါဝင်တိုက်ခိုက်နေကြသည်။ NLD အာဏာရပြီး အကောင်းဘက်သို့ မျှော်လင့်ခဲ့ကြသော အစောပိုင်းလများအတွင်း ဒေါ်အောင်ဆန်းစုကြည်ကသာ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးကို ကြေညာခဲ့လျှင် အခြေအနေများအား လုံး တစ်မျိုးပြောင်းကောင်းပြောင်းသွားနိုင်သည်။ တိုင်းပြည်အတွင်း၌ ဒေါ်အောင်ဆန်းစုကြည်၏ ခေါင်းဆောင်မှုကို အားကိုးကြသူ အများပင်ရှိသည်။ သို့သော်သူ့ထံမှ ထိုကြေညာချက်မျိုး ထွက်မလာခဲ့ပါ။

အာရက္ခန်နိုင်ငံရေးနှင့် လူ့အခွင့်အရေးကိစ္စများအား လျစ်လျူရှုထားခဲ့ကြခြင်းက စတုတ္ထအကြိမ်မြောက်လည်း ဖြစ်၊ နောက်ဆုံး အဆင့်လည်းဖြစ်သော လူမှုရေး၊ နိုင်ငံရေး ဖရိုဖရဲဖြစ်မှုကြီး ဆီသို့ ဦးတည်လာ နေပြီဖြစ်သည်။ နောက်ထပ် ပဋိပက္ခများ အရှိန်တက်လာသည်မှာ ULA ကြောင့် မဟုတ်သလို ရခိုင်လူမျိုးများနှင့်လည်း မဆိုင်ပါ။ ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင် အသစ်ပေါ်ပေါက်လာသော လက်နက်ကိုင် လှုပ်ရှားမှု အာရက္ခန် ရိုဟင်ဂျာ ကယ်တင်ရေးတပ်နှင့်သာ သက်ဆိုင်သည်။ ကိုဖီအာနန် အကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ကြေညာခံခြင်းမှာ အချိန်နှောင်းခဲ့ပြီ။ လုံလောက်သည့် တုံ့ပြန်မှုလည်း မဖြစ်နိုင်တော့။ ၁၉၇၈ နှင့် ၁၉၉၂ ဒုက္ခသည်များ အကျပ်အတည်းများတုန်းကကဲ့သို့ပင် ထိုနယ်စပ်တွင် ဖြစ်ပေါ်လာသော လုံခြုံရေး ပြဿနာများသည် ပိုဆိုးသော အခြေအနေဆီ ဦးတည်လာနေပြီ။ (အခန်း ၄ နှင့် ၅ ကိုရှုပါ)။ ၂၀၁၂ ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်အကြမ်းဖက်မှုများအပြီး ရခိုင်တွင် ဖြစ်ခဲ့သမျှမှာ မွတ်ဆလင်အသိုင်းအဝိုင်းများကို ဖယ်ကျဉ်ထားခြင်းနှင့် စစ်ရေးအင်အားများ တိုးချဲ့လာခြင်းတို့သာ ဖြစ်သည်။ (အခန်း ၆ကိုရှုပါ။)

ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၏ အခြေခံမူ (၈)ချက်

(၁) တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲကြောင်း ကြေညာခြင်းကို အစိုးရ၊ တပ်မတော်က ဤသဘောတူညီချက် ရရှိပြီးနောက် ၂၄ နာရီအတွင်း ထုတ်ပြန်ပြီး ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီဝင် အဖွဲ့ဝင်အဖွဲ့အစည်းများက ၄၈ နာရီအတွင်း အသီးသီး ထုတ်ပြန်သွားရန်၊

(၂) လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက် အပြည့်အဝရှိသော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံကို တည်ဆောက်သွားရန်၊

(၃) နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ အဆင့်ဆင့်တွင် အစိုးရ၊ လွတ်တော်နှင့် တပ်မတော်တို့၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအားလုံးတို့၏ ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ ပါဝင်စေပြီး တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များကို ၎င်းတို့နှင့်ဆက်စပ်သော ကဏ္ဍများတွင်သာ ပါဝင်စေရန်

(၄) ၂၁ ရာစုပင်လုံညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရန်

(၅) နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုဆိုင်ရာမူဘောင် အပါအဝင် နှစ်ဖက်လိုက်နာရမည့် အပစ်အခတ် ရပ်စဲရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ တပ်ပိုင်းဆိုင်ရာကျင့်ဝတ် COC နှင့် စောင့်ကြည့်ရေးလမ်းညွှန် TOR နှင့် တပ်နေရာ ပြန်လည်ချထားရေးတို့ကို ကြိုတင်သဘောတူညီမှု ရယူရန်၊

(၆) အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသောပုဂ္ဂိုလ်များပါဝင်သော အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီတစ်ရပ်ကို နှစ်ဖက်သဘောတူ လက်ခံနိုင်သည့် နိုင်ငံတကာမှ အစိုးရကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသော ကြီးကြပ်စောင့်ကြည့်ရေးအဖွဲ့နှင့်အတူ ဖွဲ့စည်းသွားရန်

(၇) တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် NCA နှင့် ဤသဘောတူညီချက်ပါ လိုက်နာရမည့် တာဝန်များ၊ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ မပြေလည်မှု ပေါ်ပေါက်လျှင် ပြည်တွင်းနှင့် နိုင်ငံတကာမှ နှစ်ဖက်သဘောတူညီသော ဥပဒေပညာရှင်များနှင့် တရားသူကြီးများ ပါဝင်သော လွတ်လပ်သည့် ဖျန်ဖြေရေး ကော်မရှင်၏ ဆုံးဖြတ်မှုခံယူရန်၊

(၈) အပစ်ရပ်ဒေသအတွင်း ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှု ကြီးမားသော စီမံကိန်းများကို ဖော်ဆောင်ရန်ရှိပါက သဘာဝသယံဇာတများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ (Extractive Industries Transparency Initiative- EITI) ၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတို့နှင့် ညှိနှိုင်း သဘောတူညီချက် ရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်အပြင် နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီများကို ဤသဘောတူညီချက်အရ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်သည်။

*ANC နှင့် အခြား UNFC အဖွဲ့ဝင်များက ၂၀၁၆ ဩဂုတ်လအတွင်း အတည်ပြုခဲ့သော ထိုအချက် ၅စ်ချက်ကို ၂၀၁၅ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်ထဲသို့ လက်မှတ်မထိုးကြမီ ပြန်လည် ပြင်ဆင်ဖြည့်စွက်ရန် သဘောတူထားကြသည်။

ရည်ညွှန်း ။ San Wan sai, " Framework Jor politicad Dialogue : UNFC, boycott leads to peace process deterooatiun, S,H,A,N,21 September 2016.

မြန်မာ့ဒီမိုကရေစီကို လိုလားခဲ့ကြသူများကို ကိုဖီအာနန်၏ ကော်မရှင်သည် နိုင်ငံတကာတွင် အဖြေတစ်ခုထုတ်ပေးနိုင်ကောင်းသည်ဟု ယုံကြည်ခဲ့ကြသည်။ သို့သော် NLD သည် မွတ်ဆလင် လူထုဘက်သို့ သံလွင်ခက်ကို မကမ်းခဲ့ပါ။

နေပြည်တော်တွင် အစိုးရ အရာရှိများသည် မွတ်ဆလင် ဒေသများမှာ မငြိမ်သက်မှု ဒီရေတိုး လာနေသည်ကို အဆက်ပြတ်နေကြသည်။ ရခိုင်ခေါင်းဆောင်များက ဤအခြေအနေကို ကောင်းစွာ သိမြင်သည်။ ၂၀၁၆ ဇူလိုင်လ အတွင်းက ရခိုင်ပြည်နယ်အစိုးရကြုံနေသည့် အခက်အခဲဆုံးတာဝန်မှာ မည်သည့်ကိစ္စဖြစ်မည်နည်းဟူသော မေးခွန်းကို ULA ၏ ခေါင်းဆောင် ဦးထွန်းမြတ်နိုင်က ပြောကြားရာ "ဘင်္ဂလီ(ရိုဟင်ဂျာမွတ်ဆလင်)အရေး" ဟုဖြေကြားခဲ့သည်။[၂၂] ၎င်းကမူ NLDသည် နိုင်ငံသားတို့၏ အကျပ်အတည်းကို တာဝန်သိသိ "တာဝန်ခံမှုရှိရှိ" ဖြင့် ဖြေရှင်းပေးသင့်ပြီး "လူတိုင်း ကျေနပ်အောင် လုပ်ပေးရန်မှာ လွယ်ကူမည်မဟုတ်" ဟု သတိပေးထားခဲ့သည်။[၂၃] ကြေကွဲစရာပင်။ ထိုသို့ကြိုတင် ထင်မြင် ယူဆချက်မှာ မှန်ကန်လာခဲ့ပေသည်။

ARSA အရှိန်ရလာခြင်းနှင့် တစ်ဖန်အသစ်ဖြစ်လာသော ရိုဟင်ဂျာ အကျပ်အတည်း

နောက်ထပ်ဖြစ်လာသည် အုံကြွမှု၏ အကျိုးဆက်များကို မြန်မာနိုင်ငံရှိ လူမျိုးပေါင်းစုံက ခံစားကြ ရပါသည်။ သို့သော် မွတ်ဆလင်များ၏ ဒုက္ခမှာများစွာ ပိုမိုဆိုးရွားပါသည်။ ၂၀၁၆ အလယ်တွင် မွတ်ဆလင် အများစုဖြစ်သော အိုးပစ်အိမ်ပစ် စွန့်ခွာထွက်ပြေးကြသူပေါင်း ၁၂၀,၀၀၀ခန့် ရှိလာပြီ ဖြစ်ပြီး ရမ်းဗြဲကျွန်းနှင့် မောင်တောမြို့နယ်တို့ရှိ ဒုက္ခသည်စခန်းများတွင် ရှိနေကြသည်။[၂၄] နောက်ထပ် ဒုက္ခသည် ၂၃၂၉၇၄ ဦးမှာ ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိနေပြီဖြစ်သည်။[၂၅] ကိုဖီအာနန်ကော်မရှင်ကို ခန့်အပ်လိုက်ပြီဟု ကြေညာပြီးနောက်တွင် အစိုးရသည် ပြုပြင်ပြောင်းလဲမှုအသစ်များကို လမ်းဖွင့်ပေးရတော့မည့် အချိန်ဖြစ်သည်။ သို့သော် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် မွတ်ဆလင် မဲဆန္ဒရှင်များကို ကန့်သတ်ခဲ့ခြင်းကြောင့် မည်သည့် လူမျိုးပင်ဖြစ်စေ မွတ်ဆလင်တို့၏ ကိုယ်စားပြုမှု ရှိမနေခဲ့ခြင်းမှာ တစ်တိုင်းပြည်လုံး ပင်ဖြစ်သည်။ ရိုဟင်ဂျာဟု ခံယူထားသူ မွတ်ဆလင်များထဲတွင်လည်း မျှော်လင့်ချက်မဲ့ စိတ်ပျက်မှုကို အထူးခံစားခဲ့ရသည်။

မ.ဘ.သ အမျိုးသားရေးလှုပ်ရှားသူများသည် ဗုဒ္ဓဘာသာ ကာကွယ်စောင့်ရှောက်ရေးဟူ၍ လှုံ့ဆော်မှုများ အရှိန်တင်ဆောင်ရွက်လာကြသည်။ ၂၀၁၆ ခုနှစ် မေလတွင် ရန်ကုန်မြို့ အမေရိကန်သံရုံး အပြင်ဘက်တွင် ဆန္ဒပြပွဲ တစ်ခုကျင်းပခဲ့ပြီး သံရုံးဝန်ထမ်းများကို ရိုဟင်ဂျာဟူသောအမည်ကို သုံးစွဲနေခြင်းမှ ရပ်ဆိုင်းရန် တောင်းဆိုခဲ့ကြသည်။[၂၆] NLD အစိုးရသည် ထိုလုပ်ရပ်များကိုဟန့်တားရန် ကြိုးစားသော်လည်း ယခုအခါတွင် မွတ်ဆလင် ဆန့်ကျင်ရေး ဝါဒဖြန့်မှုများကို ထိန်းချုပ်ရန်ခက်ခဲခဲ့သည်။[၂၇] မ.ဘ.သ၏ ခေါင်းဆောင် ဦးဝီရသူက "ဒေါ်အောင်ဆန်းစုကြည်က ဘင်္ဂါလီတွေကို အကူအညီ ပေးချင်တယ်။ ဒါပေမဲ့ ကျုပ်က ဒါကိုပိတ် ထားတယ်" ဟု ပြောဆိုခဲ့သည်။[၂၈] မကြာမီကပင် ဦးဝီရသူ၏ တရားဟောခွင့်ကို အမြင့်ဆုံး ဗုဒ္ဓသာသနာအဖွဲ့အစည်း ဖြစ်သော နိုင်ငံတော် သံဃာ့မဟာနာယက က တစ်နှစ်ခန့် ပိတ်ပင်ခဲ့သည်။ သို့သော် မ.ဘ.သ ထောက်ခံသူတို့၏ မွတ်ဆလင် ဆန့်ကျင်ရေး ကြွေးကြော်သံများမှာ Facebook, Youtube နှင့် အခြားဆိုရှယ်မီဒီယာများပေါ်တွင် ဆက်လက်ပြန့်ပွားနေပြီး တစ်နိုင်ငံလုံးမှ မွတ်ဆလင် ဆန့်ကျင်ရေးအင်အားများကို စုစည်းနေခဲ့သည်။ (Facebook နှင့် ဆိုရှယ်မီဒီယာ၏ အခန်းကဏ္ဍကို ကြည့်ပါ။)

ဤသို့ပိုဆိုးလာသည့် အခြေအနေများထဲတွင်ပင် ပဋိပက္ခအရှိန် ရုတ်တရက် ထိုးတက်လာသည့် အဖြစ် အပျက်ပေါ်ပေါက်လာခဲ့သည်။ ရိုဟင်ဂျာတို့၏ စစ်ရေးလှုပ်ရှားမှုများသည် ၂၀၁၂ ခုနှစ် အကြမ်းဖက်မှု နောက်ပိုင်းတွင် လူမြင်သူမြင်မရှိဘဲ ရပ်တန့်သွားခဲ့သည်။ ၂၀၁၆ခုနှစ် အောက်တိုဘာ ၉ရက် ရိုဟင်ဂျာ အဖွဲ့အသစ်တစ်ခုသည် နယ်စပ် ရဖေ့တောင်နှင့် မောင်တောရှိ လုံခြုံရေးစခန်းကို အငိုက်ဖြင့် ဝင်တိုက်ခဲ့ပြီး ရဲတပ်သား ၉ဦးကို သတ်ပစ်ခဲ့သည်။[၂၉] အစောပိုင်းတွင်ကို ရိုဟင်ဂျာအဖွဲ့သစ်ကို အမည် လျှို့ဝှက်ထားသည့် စုတ်စုတ်ပြတ်ပြတ် တပ်ဖွဲ့တစ်ခုဟု သာထင်စရာဖြစ်သည်။ ဘာသာရေး လှုပ်ရှားမှုတစ်ခုဖြစ်သော (Harakah al-Yaqin) ဟုသိထားကြသောအဖွဲ့တစ်ခုဟု ပေါ်ထွက်လာခဲ့ပြီး အဖွဲ့ဝင်များမှာ လက်နက်မပြည့်မစုံနှင့် လေ့ကျင့်မှု ကောင်းကောင်း မရထားမှန်း သိသာသည်။ သို့သော် နောက်ပိုင်းတွင် ထိုအဖွဲ့မှာ လူမျိုးရေး အမည်ကို စွဲကာ "အာရကန် ရိုဟင်ဂျာကယ်တင်ရေးတပ်"ဟု အများသိအောင် ကြေညာလာသည်။[၃၀] ပဋိပက္ခ ပိုကြီးလာသောအခါ ထိုအဖွဲ့ ၏ ခေါင်းဆောင်ပိုင်းများက ၎င်းတို့၏ နိုင်ငံတကာ အချိတ်ဆက်များကို ထုတ်ပြောလာသည်။ ပါကစ္စတန်တွင်မွေးပြီး ဆော်ဒီအာရေးဗီးယားတွင်ကြီးသော ရိုဟင်ဂျာ (အတျူလာ အဘူ အမ်မာဂျူနူနီက) ခေါင်းဆောင်သည်။ ဤအဖွဲ့သစ်သည် ၁၉၅၀ကျော်နှစ်များ နှင့် မူဂျာဟစ်များနှင့် ယခင် မွတ်ဆလင်အဖွဲ့များထက်စာလျှင် ပို၍ အစွန်းရောက်သည့် ဘက်ယိမ်းသည်။

တစ်ကမ္ဘာလုံး၌ဂျီဟတ်ဘာသာရေးစစ်ပွဲကိုကြောက်

နေကြချိန်တွင် ARSA လူပ်ရှားမှု ရောက်လာခြင်းက ရိုဟင်ဂျာတို့၏ အမျိုးသားရေး လူပ်ရှားများအပေါ် ပို၍ အမြင်စောင်းစေသည့် အန္တရာယ်ရှိသည်။ အာဖဂန် နစ္စတန်နှင့် ပါကစ္စတန်ရှိ လက်နက်ကိုင် အဖွဲ့များနှင့် ယခင်က အဆက်အသွယ် ရှိခဲ့သော်လည်း ရိုဟင်ဂျာတို့သည် မြေပြင်တွင် ယခုကဲ့သို့ အသေအချာ လူပ်ရှားဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပေ။[၃၁] မြန်မာနိုင်ငံရှိ မွတ်ဆလင်တို့သည် အစဉ်အလာအရ ပြင်းထန်သော အစွန်းရောက်များ မဟုတ်ကြပေ။ သို့သော် ARSA ပေါ်လာချိန်တွင် မွတ်ဆလင်တို့အပေါ် ထားသော အမြင်များ ပြောင်းလဲသွားကြတော့သည်။ အာရကန် ရိုဟင်ဂျာ အမျိုးသားအဖွဲ့သည် လက်နက်ကိုင် လူပ်ရှားမှုထဲမှ ၂၀၀၆ပြည့် အလွန်နှစ်များတွင် အနားယူသွားခဲ့ပြီး နိုင်ငံတကာတွင် အရေးဆိုရေးကိုသာ အာရုံစိုက်ခဲ့သည်။[၃၂] ထိုနည်းတူပင် ၁၉၉၀ အထွေထွေရွေးကောက်ပွဲတွင် အမတ်နေရာလေးနေရာ အနိုင်ရခဲ့ဖူးသော လူအခွင့်အရေးအတွက် အမျိုးသား ဒီမိုကရက်တစ်ပါတီသည် လည်း ဒီမိုကရေစီအရေး လူပ်ရှားသော ပြည်ပ အသိုင်အဝိုင်းထဲ ရောက်ရှိပြီး ပြည်ပတွင်သာ ရုံးခွဲဖွင့် လှုစ်ခြင်းများသာ ရှိခဲ့သည်။

ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေးအဖွဲ့ The Rohingya Solidarity Organization ကသာလျှင် လက်ရှိ လက်နက်ကိုင် တပ်ရှိသော အဖွဲ့ဖြစ်သည်။ သို့ရာတွင် ထိုအမည်မှာ ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင်ရှိသော ရိုဟင်ဂျာ လက်နက်ကိုင် လူအမျိုးမျိုးက အသုံးပြုကြသော အမည်ဖြစ်သည်ဟု International Crisis Group က ထောက်ပြသည်။[၃၃] အနည်းဆုံး ပြည်ပရောက် ရိုဟင်ဂျာ အသိုင်းအဝိုင်းများနှင့် နိုင်ငံရေး အဖွဲ့အစည်းများထဲတွင် လည်း အနည်းဆုံး ရိုဟင်ဂျာအဖွဲ့အစည်း ခြောက်ခုလောက် ရှိသည်။ အသစ်ပေါ်ပေါက်လာသော ARSA သည် မကြာမီ ၂၀၁၂ အကြမ်းဖက်မှုနောက်ပိုင်းတွင် အိုးအိမ်မဲ့ဒုက္ခသည်ဖြစ်ရသော လူငယ်များကြားထဲတွင် ထောက်ခံမှုရရှိလာသည်။ အိမ်ခြေရာခြေမရှိ မိသားစုဝင်များ ဆုံးရှုံးခဲ့ရသော မျိုးဆက်သစ်များသည် ဒုက္ခသည်စခန်း၊ အိုးအိမ်မဲ့တို့၏ စခန်းများတွင် ကြီးပြင်းလာကြသည်။ ရိုဟင်ဂျာထဲမှ လူကြီးများက ဝန်ခံပြောဆိုကြသည်မှာ လူငယ်တို့သည် လည်း ARSA ၏ ဝါဒဖြန့်ချိရေး စကားဖြစ်သည့် "ဆုံးရှုံးစရာ ဘာမှမရှိတော့" ဟူသောစကားကို သံသယဝင်ကြသည်ဟု ဆိုသည်။

လူအဖွဲ့အစည်းထဲတွင် ဘေးဖယ် ခံထားရသော ရိုဟင်ဂျာ အသိုင်းအဝိုင်းများအတွက် စားဝတ်နေရေးနှင့် လုံခြုံရေးပြိုလဲစေနိုင်သော အစိတ်စိတ်ခြေမွမည့် ပေါက်ကွဲမှုတစ်ခု ထပ်မံရောက်ရှိလာခဲ့သည်။ တပ်မတော်သည် ရိုဟင်ဂျာတို့ကို ထိုးစစ်ကြီးကြီးမားမားဖြင့် နှိမ်နင်းမှု စတင်ချိန်တွင် အစိုးရ၏ ရခိုင်နှင့် ရိုဟင်ဂျာအရေးကို ကိုင်တွယ်ပုံများက လည်း တပ်နှင့် ချိန်သားကိုက်နေကြသည်။ အောက်တိုဘာ ၂၀၁၆ တိုက်ခိုက်မှု မဖြစ်ပေါ်မီလများတွင် တပ်မတော်၏ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်သည် တပ်အင်အားကိုတိတ်တိတ်ဖြည့်ဆည်းနေပြီး ULA ဧရိယာချဲ့ထွင်လာမှုကို တုံ့ပြန်ရန် ပြင်ဆင်နေသည်။[၃၄] ယခုအခါ လုံခြုံရေးလိုအပ်ချက်အရ ရိုဟင်ဂျာတို့ဘက်သို့ ဦးလှည့်သွားပြီးဖြစ်ရာ မွတ်ဆလင်ခေါင်းဆောင်များက ထိုအချိန်က အခြေအနေကို များစွာကြောက်ရွံ့ခဲ့ကြပြီး အလွန်အကျွံများ ဖြစ်လာနိုင်သည့် အန္တရာယ်ကို ပူပင်ခဲ့ကြသည်ဟု ဆိုသည်။[၃၅] ARSA ၏ တိုက်ခိုက်မှုများက အသေအပျောက်များဖြစ်စေခဲ့သည်။ သို့သော် တိုက်ပွဲမှာ သေးသေးမျှသာ။ အစိုးရတပ်ဖွဲ့များကမူ ရိုဟင်ဂျာရွာများထဲသို့ ပြန်ဝင်ကြပြီး ၁၉၇၀ ကျော်နှစ်များနောက်ပိုင်းနှင့် ၁၉၉၀ ပြည့်နှစ်များ အစောပိုင်းကကဲ့သို့ပင် အပြင်းအထန် မြေလှန်ဝင်ရောက်လာကြသည်။ (အခန်း ၄ နှင့် ၅ ကိုကြည့်ပါ။) လူအသေ အပျောက်မည်မျှ ရှိသည်ကို အတိအကျ မည်သို့မျှ မသိနိုင်ပါ။ နောက်လများထဲတွင် မောင်တောမှ အိမ်ခြေပေါင်း ၁၅၀၀ ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရပြီး အရပ်သားပေါင်း ၇၀,၀၀၀ ခန့် အိုးမဲ့ အိမ်မဲ့ဒုက္ခသည်ဖြစ်လာကြသည်။ အသတ်ခံရသော ရိုဟင်ဂျာ ခန့်မှန်းခြေတစ်ထောင်ခန့်ရှိသည်။[၃၆] ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိလာသော ရိုဟင်ဂျာ ဒုက္ခသည် အရေအတွက်မှာ သုံးသိန်းကျော်ခဲ့ပြီဖြစ်သည်။

နိုင်ငံတကာမှ ဝေဖန်သံများ ဆူညံလာချိန်တွင် လူ့အခွင့် အရေးချိုးဖောက်ခြင်း သတင်းများမှာ မမှန်ကန်ကြောင်း အစိုးရအရာရှိများဘက်က ငြင်းဆန်ခဲ့သည်။[၃၇] အစိုးရဘက်က ပေးသောဖြေရှင်းချက်က ဘင်္ဂါလီများသည် မိမိတို့အိမ်ကို မိမိတို့ဘာသာ မီးရှို့ဖျက်ဆီးခဲ့ကြသည်ဟု ဆိုသည်။ "တချို့တွေက အိမ်အသစ်ရမယ်ထင်လို့ ဖျက်ဆီးပစ်လိုက်ကြတယ်"ဟု ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။[၃၈] သို့သော် ထိုသို့ အဖြစ်မှန်ကို ကာပြီး ပြောဆိုမှုများကို ချေဖျက်နေသည်မှာ တကယ့်မြေပြင်ကတက်လာသော အထောက်အထားများပင်ဖြစ်သည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည်နယ်မြေကိုတင်းကျပ်စွာထိန်းချုပ်ထားပြီး လုပ်နေကျနည်းဗျူဟာများကို ရှေ့ဆက်အရှိန်မြှင့် ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသကို ပိတ်ပစ်ပြီး နိုင်ငံခြားမီဒီယာများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပိတ်ပစ်သည်။ မွတ်ဆလင် မဟုတ်သူများအား ပြည်သူ့စစ်သင်တန်းများ ပေးခြင်းကို ရှေ့တိုးဆောင်ရွက်သည်။ [၃၉]

ပို၍ ရှုပ်ထွေးလာခဲ့သည်မှာ အဖွဲ့သစ် ARSA သည် အစိုးရအတွက် ခြိမ်းခြောက်မှု အမျိုးမျိုးကို ဖြစ်စေသည်။ ULA နှင့် အခြား EAO များကဲ့သို့ လွတ်မြောက်နယ်မြေကို



ရှိပင်ကုန်တော်ဆလင် IDP စခန်းကိုစောင့်ကြည့်နေသော ပဲခြံရေးတပ်သားများ (AFP)

ထိန်းချုပ်နိုင်ရေးအတွက် ရည်ရွယ်ချက်မျိုးဖြင့် တိုက်နေကြသည် မဟုတ်သောကြောင့် ARSA ခေါင်းဆောင်များသည် မှန်းရခက်ခဲသည်။ ထို့ပြင် ရက်စက်သည်ဆိုသော နာမည်လည်း ထွက်သည်။ ARSA ၏ အမည်ကို ကြောက်ရွံ့ခြင်း ပိုများလာကြသည်။ အင်တာနက်နှင့် ဆိုရှယ်မီဒီယာကို အသုံးပြုကာ စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ကြပြီး ပထမအကြိမ် တိုက်ပွဲအတွင်းက တုတ်နှင့် ဓားများကိုသာ တတ်နိုင်သော အရပ်သား လက်နက်ကိုင်များကို ပစ်မှတ်ထား စည်းရုံးသည်။ နောက်လများတွင်မူ ARSA အဖွဲ့ဝင်များသည် မွတ်ဆလင်ရော- ဗုဒ္ဓဘာသာနှစ်ဖက် စလုံးမှ လူပေါင်း ၇၀၀ခန့် ကို ဆွဲခေါ်သွား ခြင်း၊ သတ်ပစ်ခြင်းများ ကျူးလွန်ခဲ့ကြသည်။[၄၀] ထို့နောက် ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်ဘက်ရှိ ဒုက္ခသည်စခန်းများတွင်လည်း လူသတ်မှုကျူးလွန်ထားသည်ဟူသော စွပ်စွဲချက်များရှိကြသည်။[၄၁]

ရန်စမှုများရှိပင်ရှိသော်ငြားလည်း မြန်မာအစိုးရ၏ တုံ့ပြန်မှုများမှာ မြို့ရွာပျက်နှန်းမြင့်မားလှသဖြင့် NLD ကို နာမည် ပျက်စေသည်။ ARSA သည် လုံခြုံရေးပြဿနာ ကြီးတစ်ခု အဖြစ်တည်ရှိလာခြင်းမှာ မှန်၏။ သို့သော် ကချင်ပြည်နယ်တွင် စစ်တပ်က ထိုးစစ်များ ပြန်စခဲ့ကြချိန်တွင် တပ်မတော်၏ လုပ်ပုံကိုင်ပုံများနှင့် ပတ်သက်၍ အဘယ့်ကြောင့် NLD က ဤမျှအသံတိတ် နေရသည်ကို မြန်မာ့ဒီမိုကရေစီကို ထောက်ခံခဲ့ကြသူများ အနေနှင့် နားမလည်နိုင်ခဲ့ပေ။ ဒေသခံ လူမျိုးစုများသည် အချင်းချင်း တစ်ဘက်တစ် ပြန်လက်တုံ့ပြန်နေကြသော အကြမ်းဖက်မှုဖြစ်ခဲ့စဉ်က တစ်စုံတစ်ရာ ထုတ်ပြောရန် ပျက်ကွက်ခဲ့သကဲ့သို့ပင် ယခုတစ်ကြိမ်၌လည်း NLD သည် ကြားဝင်ဖြေနိုင်သည့် အချိန်အခါသင့်သော အခွင့်အရေးတစ်ခုကို ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ သို့ရာတွင် ဤသို့ နောက်ကျသွားခြင်းမှာလည်း လုံးလုံးအရေးယူ ဆောင်ရွက်ခြင်းမျိုးမလုပ်ရန်အတွက် ဆင်ခြေတစ်ခုမဟုတ်ဟု NLD ကို နှစ်ပေါင်းများစွာ ထောက်ခံခဲ့ကြသူတို့က ဆိုသည်။ ဒေါ်အောင်ဆန်းစုကြည်၏ တိတ်ဆိတ်မှုကြောင့် အသဲကွဲရသည်ဟု လူအခွင့်အရေးလှုပ်ရှားသူ ဒေါ်ခင်ဥမ္မာက ဆိုခဲ့သည်။ "သူရဲ့နိုင်ငံရေးသီလကြောင့် လူတွေက သူ့နောက်ကို လိုက်ကြတယ်။ သူရဲ့ပါဝါက အဲဒီသီလမှာ တည်တယ်။ သူက ဒါကိုမေ့လိုက်တာလား၊ မရှိတော့တာလား။"[၄၂]

NLD ၏ မိမိကိုယ်ကိုကာကွယ်သည့် အနေနှင့် ပြောဆိုလေ့ရှိသည်က မိမိတို့မှာ မဆိုင်ပါပဲ စွပ်စွဲ ခံရသည်ဟု ဆိုသည်။ မ.ဘ.သ တို့၏ မွတ်ဆလင် ဆန့်ကျင်ရေးလှုပ်ရှားမှုများကို သဘောကျနေသည် ပြည်သူများစွာရှိကြောင်း NLD ခေါင်းဆောင်များထဲကလည်း နောက်ကွယ်တွင်ဝန်ခံလေ့ရှိသည်။ ၂၀၁၅ရွေးကောက်ပွဲမဲဆွယ်ကာလတွင် ပါတီ၏အောင်နိုင်ရေး မဟာဗျူဟာမှာထို မ.ဘ.သ ထောက်ခံသူများ၏ အင်အားကို ထည့်စဉ်းစားရန် ဖြစ်သည်။ NLD သည် အစိုးရဖြစ်လာပြီးသည့်အခါတွင်လည်း ကိုဖီအာနန်၏ကော်မရှင်ဖွဲ့စည်းခဲ့ခြင်းဖြင့် ရခိုင်ပြည်နယ်အရေးကို ဖြေရှင်းမည်ဟု ဆိုခဲ့ကြပြီး ဤလမ်းကြောင်းကို နိုင်ငံတကာအသိုင်းအဝိုင်းက ထောက်ခံမည့်လမ်းဟုယူဆ ခဲ့သည်။

သို့သော် ပါတီအနေနှင့် မွတ်ဆလင်များကို အဘယ့်ကြောင့် ဘေးဖယ်ထားရသနည်းဟူသော မေးခွန်းကို ဤလုပ်ရပ်အားဖြင့် မဖြေရှင်းနိုင်သော်လည်း သံတမန်အသိုင်းအဝိုင်းကမူ ထိုဖြေရှင်းချက်ကို လက်ခံပေးကြပါသည်။ သို့သော် NLD ၏ နှောင့်နှေးခြင်းများအတွက် ပို၍ လေးနက်သော အကြောင်းတရားများ ရှိပါသည်။ NLD ၏ ခေါင်းဆောင်ပိုင်းများထဲတွင် ပြောရဲဆိုရဲ မရှိကြတော့ခြင်းပင်ဖြစ်သည်။

၂၀၁၇ ဇန်နဝါရီလတွင် စစ်တပ်နှင့် အကျိုးစီးပွားဆက် နွယ်နေသူ သေနတ်သမားတစ်ဦးက ရန်ကုန် လေဆိပ်အပြင်ဘက်တွင် NLD ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးရာ ရှေ့နေဦးကိုနီ ကိုလုပ်ကြံခဲ့ပြီးနောက်တွင် NLD သည် အတိုက်အခိုက်ခံရမည့် အရေးကို များစွာစိုးရိမ်ခဲ့သည်။[၄၄] ထင်ရှားသော မွတ်ဆလင်ခေါင်းဆောင် တစ်ဦးဖြစ်သော ဦးကိုနီသည် သူ့အသက်ကို ရန်ရှာသောစာများရရှိနေခဲ့သည်။ လူသတ်သမားက ပေးချင်သော သတင်းစကားမှာ ထို့ထက် ပိုရှင်းစရာမရှိတော့ပြီ။ ဦးကိုနီ သေဆုံးသွားချိန်တွင် ဗုဒ္ဓဘာသာရော မွတ်ဆလင်များပါ ပါဝင်သည့် အရပ်သားကိုယ်စားလှယ်များနှင့် အစိုးရအရာရှိများက အင်ဒိုနီးရှားမှ အဖွဲ့လိုက် ပြန်လည်ရောက်ရှိလာကြသော အချိန်ဖြစ်သည်။ ၎င်းတို့၏ ခရီးစဉ် ရည်ရွယ်ချက်မှာ နိုင်ငံရေး အကူးအပြောင်းကာလ အရေးကိစ္စနှင့် ရခိုင်ပြည်နယ်ရှိ လူမျိုးစုအချင်းချင်းကြား ရင်ကြားစေ့ရေး လုပ်ငန်းများဆွေးနွေးရန်ဖြစ်သည်။[၄၅] ယခုအခါတွင် ထိုမျှော်လင့်ချက်မှာ အဆုံးသတ်ခဲ့ပြီဖြစ်သည်။

ကြောက်စရာလန့်စရာကြုံခဲ့ရသော ထိုအကြမ်းဖက်သည့်လုပ်ရပ်မှာ ပထမနှစ်သက်တမ်း ကာလအတွက် အစိုးရ၏ စဉ်းစားပုံကို ပြဋ္ဌာန်းလိုက်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ခေါင်းဆောင်များသည် သိသိသာသာပင် နူတ်ဆိတ်သွားကြသည်။ လူမျိုးစု ငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပြုပြင်ရေးတို့မှာလည်း ဆိုင်းငံ့နေလေပြီ။ အမွေးအတောင်စုံကာစ အစိုးရသစ်တစ်ခုဌ ဌ နိုင်ငံရေး အကျပ်အတည်းက နက်ရှိုင်းလာလေပြီ။ မွတ်ဆလင်ရှေ့နေတစ်ဦး အသတ်ခံလိုက်ခြင်းနှင့် မြန်မာ့အိပ်မက်ပြိုကွဲခြင်းဟု ရိုက်တာသတင်းအေဂျင်စီက ရေးသားခဲ့သည်။[၄၆]

ညှပ်ပူးညှပ်ပိတ် နိုင်ငံရေးနှင့် တရုတ်ကဝင်ရောက်လာပုံ

၂၀၁၆ ခုနှစ်တွင် အကြမ်းဖက်မှုများ တစ်ဖန်ပြန်လည်ဖြစ်ပေါ်လာပြီးနောက် ရခိုင်ပြည်နယ်၏ လူမျိုးတစ်ခုနှင့် တစ်ခုကြား စိတ်ဝမ်းကွဲမှုမှာ ပုံမှန်အနေအထားပြန်ရောက်ရန် ပင်ခက်သည့် အခြေအနေသို့ ရောက်သွားခဲ့သည်။ တိုင်းပြည်အတွင်းတွင် ဖြစ်နေသော အခြေအနေများအပေါ် ထင်ဟပ်၍ နိုင်ငံတကာ ဆက်ဆံရေးတွင်လည်း NLD ၏ ရှိဟင်ဂျာအရေး ကိုင်တွယ်ပုံအပေါ် သဘောထားအမြင်များ ကွဲပြားကြသည်။ ဒုတိယ ကမ္ဘာစစ်ကတည်းက ကြည့်လျှင် ပထမဆုံးအကြိမ်အဖြစ် အာရဏကန်အရေးသည် နိုင်ငံတကာ ပထဝီနိုင်ငံရေးနှင့် သံခင်းတမန်ခင်းများတွင် ရှေ့တန်းသို့ ပြန်ရောက်လာခဲ့သည်။ (အခန်း ၂ ကို ဖတ်ပါ)။ အနောက်ကမ္ဘာနှင့် အာဆီယံအတွင်းမှ နိုင်ငံများဖြစ်လာသော အင်ဒိုနီးရှားနှင့် မလေးရှားတို့မှ နိုင်ငံရေးသမားများက တပ်မတော်၏ လုပ်ရပ်ကို ပွင့်ပွင့်လင်းလင်း ရှုံ့ချကြသည်။ တရုတ်ကမူ နေပြည်တော်မှ မြန်မာအစိုးရ အရာရှိများ ဖာထေးပြီး ပြောလေ့ရှိသော "လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး" ရှုထောင့်နှင့် ပိုနီးစပ်သည်။ ရှိဟင်ဂျာ အရေးတွင် နိုင်ငံတကာဆက်ဆံရေး ပုံစံအကြီးအကျယ် ပြောင်းလဲမှုတစ်ရပ် ပေါ်ပေါက်လာတော့ မည်ဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းသည် မြန်မာနိုင်ငံကို စောင့်ကြည့်နေချိန်တွင် ၂၀၁၆ တပ်မတော်၏ အပြင်းအထန် ရှိဟင်ဂျာ နှိမ်နင်းမှုများ နောက်ပိုင်း၌ NLD သည် အရုပ်ဆိုးစွာ ခလုတ်တိုက်မိတတ်သည်။ အတိုက်အခံအုပ်စုများသည်လည်း NLD အနေနှင့် အလွန်ပြင်းထန်သော ဖိအားများအောက်တွင် လုပ်ကိုင် ဆောင်ရွက်နေရသည်များကို နားလည်ကြပါသည်။ သို့သော်တပ်မတော်၏ နယ်စပ်ဒေသအသီးသီးတွင် စစ်ပွဲများ ဆက်လက်ဆင်နွှဲနေချိန်တွင် NLD အနေနှင့် အရေးကြီးသော ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုကိစ္စများတွင် ဝင်ရောက်ထောက်ပြပြောဆိုရန် ပျက်ကွက်ခဲ့လေသည်။ သို့ဖြစ်ရာ ဤအခြေအနေအပေါ် စိုးရိမ်လာကြသည်။ NLD ၏ ခေါင်းဆောင်ပိုင်းမှာ ပြုပြင်ပြောင်းလဲရေးထက်စာလျှင် တပ်မတော်နှင့် ညှိနှိုင်းရေးကို ပို၍ စဉ်းစားနေရပြီလောဟူ၍ အတွေးရောက်စေသည်။ ထို့ပြင် စစ်တပ်က အာဏာပြန်သိမ်းနိုင်သည်ဟူသော ကောလဟလလည်း ပေါ်ထွက်လာသည်။ စီးပွားရေး အစီအမံများကား သိသိသာသာပင် ရှေ့မတိုးတော့ပေ။ ဤအခြေအနေတွင် ဒုတိယအကြိမ်ကျင်းပမည့် ပင်လုံညီလာခံကို အကြိမ်များစွာ ရွှေ့ဆိုင်းခဲ့ရသည်။ NLD ကိုစိတ်ပျက်မှုများက ၂၀၁၇ ဧပြီလတွင် ကျင်းပသော ပါလီမန်ကြားဖြတ် ရွေးကောက်ပွဲတွင် ပေါ်လွင်လာသည်။ NLD သည် လူမျိုးစု ဒေသလေးခုတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ သုံးခုတွင် ရှုံးနိမ့်ခဲ့သည်။ ရခိုင်ပြည်နယ်တွင် NLD ကို တုံ့ပြန်မှုမှာ ပို၍ပင် သိသာသေးသည်။[၄၆] ANP ၏ ခေါင်းဆောင် ဦးအေးမောင်က ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သော နေရာဖြစ်သည်။ (အခန်း ၆ ကိုရှုပါ)။ သို့သော် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေး ဇာတ်ခုံပေါ်သို့

ဦးအေးမောင်သည် အမ်းမြို့နယ်၏ အောက်လွှတ်တော် အမတ်နေရာကို ရရှိကာ ပြန်လည်ဝင်ရောက်လာခဲ့သည်။ မကွေးတိုင်းဒေသကြီးနှင့် ထိစပ်နေသော ရခိုင်မဲဆန္ဒနယ်မြေတစ်ခုတွင် ဦးအေးမောင် အနိုင်ရဖို့ကို အစောပိုင်းတွင် သေချာပေါက် မမျှော်မှန်းနိုင်ခဲ့ပါ။ သို့သော် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရခိုင်မျိုးချစ်စိတ ်ကြွေးကြော်သံများက မည်မျှလွှမ်းမိုးလာခဲ့ကြောင်း ပြသနေသည်ဟု ရွေးကောက်ပွဲလေ့လာသူများက ဆိုကြသည်။[၄၇] ဦးအေးမောင်သည် သိသာစွာပင် ရခိုင်အရေး လှုပ်ရှားသူဖြစ်ပြီး ဘင်္ဂလီမွတ်ဆလင်ဆန့်ကျင်ရေးတွင် တက်ကြွသူဟူသော အနေအထားဖြင့် အမ်းမြို့နယ်မှ မဲဆန္ဒများ ရခဲ့သည်။[၄၈]

NLD ခေါင်းဆောင်များက ၎င်းတို့၏ မျှော်လင့်ချက်ကိုပြည့်ဝရန် လုပ်ငန်းစဉ်သုံးရပ်ဖြင့် အခြေအနေ ပြန်ထိန်းနိုင်အောင် ကြိုးစားသည်။ ၂၁ ရာစုပင်လုံညီလာခံ ရခိုင်ပြည်နယ်အရေးအတွက် ကိုဖီအာနန်၏ အကြံပေးကော်မရှင်နှင့် တရုတ်နှင့် ရင်းနှီးသောဆက်ဆံရေးဖြစ်သည်။ ထိုလုပ်ငန်းသုံးခု အချင်းချင်း အဆက်အစပ်ရှိနေပုံကို ဒုတိယ ၂၁ ရာစုပင်လုံ ညီလာခံအကြိုရက်များဖြစ်ကြသော ၂၀၀၇ မေလတွင် ဒေါ်အောင်ဆန်းစုကြည်သည် ဘေကျင်သို့ သွားရောက်ပြီး ခြေလှမ်းကျယ်လှသော တရုတ်နှင့် ဥရောပ အာရှကုန်းတွင်းပိုင်းသို့ ဆက်သွယ်မည့် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်းကြီး၏ ပထမဆုံး နိုင်ငံတကာဖိုရမ်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင် မိန့်ခွန်းပြောသော အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ မြန်မာတိုင်းမသတင်းစာကမူ BRI သည် တစ်ကမ္ဘာလုံး ကိုင်လှုပ်မည့် စီမံကိန်းဟု ရေးသားခဲ့သည်။[၄၉]

BRI သည် သေချာသော ပန်းတိုင်တစ်ခုဖြစ်လာပြီဆိုသောအခါ ဘေကျင်း၏ မြန်မာနိုင်ငံနှင့် ပတ်သက်သော မဟာဗျူဟာ ရည်မှန်းချက်မှာ ဘင်္ဂလား ပင်လယ်ကွေ့မှ ခါတ်ငွေ့ နှင့် ရေနံပိုက်လိုင်း သွယ်ရန်ထက်ပိုသော အစီအစဉ်များ ပါဝင်လာတော့မည်။ အစောပိုင်းတွင် ကျောက်ဖြူ ကို ရွေးချယ်ခဲ့ရာတွင် တရုတ်က မလက္ကာရေလက်ကြားကိုဖြတ်၍ စင်ကာပူကို သဘော်နှင့် တကွေ့တပိုက် သွားနေရသော လမ်းကြောင်းကို သုံးရန်မလိုဘဲ စွမ်းအင်ကို တရုတ်သို့ သယ်ယူရုံသာဖြစ်ခဲ့သည်။[၅၀] (အခန်း ၅ ကိုကြည့်ပါ။) ယခုအခါတွင် ဘေကျင်း၏ ကုန်သွယ်ရေးကို မြှင့်တင်ရန် အခြေခံအဆောက်အဦးလုပ်ငန်းများ မြန်မာကို ကန့်လန့်ဖြတ်၍ ယူနန်မှမြန်မာပြည် အနောက်ဖက်သို့ ဖြန့်ကျက်ရန် ဆန္ဒပြည့်နိုင်ရေးအတွက် ရခိုင်ပြည်နယ်ကို အဓိက ဆုံချက်တစ်ခုအဖြစ် ပစ်မှတ်ထားနေကြပြီဖြစ်သည်။

မြန်မာသည် ယခင်တရုတ်အစိုးရနှင့် မြန်မာကြားဖြစ်ခဲ့သော ဆက်ဆံရေးဖုထုံးကို ပြန်ဖြည်မည်ဟု တရုတ်အစိုးရဘက်က ကြိုတင်မခန့်မှန်း နိုင်ခဲ့ကြပါ။ ဦးသိန်းစိန် အစိုးရလက်ထက်တွင် မြန်မာအစိုးရသည်တရုတ်၏အရိပ်နှင့် ခပ်လှမ်းလှမ်းနေလိုပုံရကြောင်း အရိပ်အခြေများ ကို ဘေဂျင်းမှ အစိုးရက မြင်ခဲ့ရသည်။ ၂၀၁၁ စက်တင်ဘာတွင် မြစ်ဆုံဆည် ရပ်စဲကြောင်းနှင့်အတူ ရောက်လာသော မြန်မာပြည်မှ တွန်းကန်အားကို တရုတ်နိုင်ငံရေး စီးပွားရေး အသိုင်းအဝိုင်းတွင် မှတ်မိနေကြသေးသည်။ ကချင်ပြည်နယ်မှ ဧရာဝတီ မြစ်ဆုံတွင် တည်ဆောက်မည့် ဧရာမဆည် စီမံကိန်းကြီးကို ဦးသိန်းစိန်က ရပ်တန့်ခဲ့ချိန်က ဖြစ်သည်။[၅၁] (အခန်း ၆ကိုကြည့်ပါ။)

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရသည် USDP နှင့် တပ်မတော်မှ အရာရှိဟောင်းများ ဦးဆောင်သော အစိုးရထက်စာလျှင် အနောက်နိုင်ငံများနှင့် ပိုနီးစပ်မည်ဟု တရုတ်အစိုးရအရာရှိများက ထင်မှတ်ခဲ့ကြသည်။ စစ်အုပ်ချုပ်ရေးအောက်နေခဲ့ရသော ဆယ်စုနှစ်များ အပြီးတွင် ဒီမိုကရေစီစနစ်ကို ပြင်းပြစွာ မျှော်လင့်ခြင်းမှာ တိုင်းပြည်တစ်ခုလုံးတွင် ပေါ်လွင်ထင်ရှားသည်။ သို့သော် ရိုဟင်ဂျာ အကျပ်အတည်းက အခြေအနေဆိုးလာချိန်တွင် ရွေးရခက်သော အခြေအနေတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ အနောက်နိုင်ငံများမှ အစိုးရများက နိုင်ငံရေးအကူးအပြောင်းကို "အုပ်ချုပ်မှု ကောင်းမွန်သန့်ရှင်းခြင်း၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ခြင်း" ဟူသော စံများဖြင့် အားပေးချိန်တွင် တရုတ်ဘက်ကမူ မည်သည့် စည်းကမ်းမျှ မသတ်မှတ်ဘဲ မြန်မာကို ချဉ်းကပ်ခဲ့သည်။ ထို့ပြင် တရုတ်အစိုးရသည် ရေအား လျှပ်စစ်စီမံကိန်းများ မှသည် မြန်နှုန်းမြင့် ရထားလမ်းစီမံကိန်းများအထိ ရင်းနှီးမြှုပ်နှံမှုအကြီးစားများကို ယူဆောင်လာပြီး အခြေခံအဆောက်အဦဖွံ့ဖြိုးရေးကို ဦးစားပေးသည်။ ထိုအခါ နေပြည်တော်မှ စစ်တပ်အဝိုင်းခံထားရသော အစိုးရအဖို့ တရုတ်မှာ ရုတ်တရက် အကူအညီအလွန်ပေးတတ်သော မဟာမိတ်ဆွေကြီး ဖြစ်လာခဲ့သည်။[၅၂]

တရုတ်အစိုးရထံတွင် နောက်ထပ်လိုလျှင်သုံးနိုင်သော အရေးပါသည့် ဖဲတစ်ချပ်ရှိပါသေးသည်။ ထိုဖဲချပ်မှာ လူမျိုးစု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သည်။ တရုတ်အာဏာပိုင်များအဖို့ ယူနန်ပြည်နယ်၏ နယ်စပ်တစ်လျှောက်ဖွံ့ဖြိုးရေးအတွက် လုံခြုံရေးနှင့် စီးပွားရေး ကိစ္စများကို ပူပင်တတ်သည်မှာ အလွန် သဘာဝကျသော ကိစ္စဖြစ်ပါသည်။ဗမာပြည်ကွန်မြူနစ်ပါတီအား နှစ်ပေါင်းလေးဆယ်ခန့် အထောက်အပံ့ပေးပြီးသည့်တိုင်အောင်ပင် အိမ်နီးချင်း ဒုက္ခသည်မြန်မာပြည်သည် ဘေကျင်းအစိုးရ၏ နိုင်ငံရေးမဟာဗျူဟာသမားများအတွက် အရေးတကြီးကိစ္စ အဖြစ် ခေါင်းထဲထည့် နေရတုန်းပင်ဖြစ်သည်။ ဤပြဿနာကို ဖြေရှင်းရန်တရုတ်သည် မူလက ကျင့်သုံးခဲ့သော "အစိုးရအချင်းချင်း ဆက်ဆံရေးပုံစံမှ ပါတီအဖွဲ့အစည်း အချင်းချင်း"

ဟူသောဆက်ဆံရေးကိုတည်ဆောက်ခဲ့ပြီးယခင်ကတည်းက အစဉ်အလာအရ သုံးခဲ့သော ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးမျိုးကို နှစ်နိုင်ငံကြား တည်ဆောက်ကြရန် ဟူသောနည်းလမ်းကို ရွေးချယ်ခဲ့သည်။

ယနေ့အခါတွင် ဗ.က.ပများအတွက် တရုတ်၏ အထောက်အပံ့ မရှိတော့သည်မှာ ကြာချေပြီ။ ယခုအချိန်အထိ တရုတ်သည် မြန်မာပြည်နှင့် ဆက်ဆံရေးတွင် NLD များ နှင့်လည်းကောင်း တပ်မတော်နှင့်လည်းကောင်း (EAOs) များနှင့်လည်းကောင်း အဖွဲ့အစည်းအချင်းချင်း ဟူသော ဆက်ဆံရေးပုံစံမျိုးကို ထိန်းထားနိုင်သည့် တစ်ခုတည်းသော နိုင်ငံဖြစ်သည်။ တရုတ်ကွန်မြူနစ် ပါတီသည် အမြဲလိုပင် နိုင်ငံရေးအရ ရေရှည်ရလဒ်ကို ကြည့်သည်။ (ကြီးကျယ်သော ကစားပွဲအသစ်-နိုင်ငံတကာ ဇာတ်ခုံတွင် ရှေ့တန်း ရောက်လာသော အာရဂန် မြေကိုရှုပါ။) ပို၍ အရေးကြီးသော မှတ်သားစရာမှာ မြန်မာပြည်တွင် မည်သည့် အစိုးရတက်သည်ဖြစ်စေ ၁၉၆၃ ၊ ၁၉၈၈ -၈၁ နှင့် ၁၉၈၉ နောက်ပိုင်းတွင်ပါ ကျင်းပပြုလုပ်သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် တရုတ်က တက်ရောက်ခဲ့သော သမိုင်းကြောင်း ရှည်လျားစွာရှိသည်။[၁၄] ၂၀၁၁ ခုနှစ်တွင် ဦးသိန်းစိန်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အသစ်ချမှတ်သောအခါတွင်လည်း တရုတ်သံတမန်များသည် ပါဝင်ရန်များစွာ စိတ်ထက်သန်ခဲ့ကြသည်။[၁၄]

ရခိုင်ပြည်နယ်ရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအစီအစဉ်များတွင် ထိရောက်သော လုပ်ပိုင်ခွင့်များ ထိန်းထားနိုင်ရန် တရုတ်တို့သည် မြန်မာနှင့် နှစ်နိုင်ငံဆက်ဆံရေးကို တတ်နိုင်သလောက် အသုံးချခဲ့သည်။ BRI အစီအစဉ် ကြေညာပြီးသည့် နောက်ပိုင်းတွင် တရုတ်အရာရှိများသည် မြန်မာနှင့်ပတ်သက်သောအရေးအရာသုံးရပ်တွင်တွန်းတွန်းတိုက်တိုက် ရပ်တည်ပြောဆိုလာခဲ့သည်။ ရိုဟင်ဂျာအရေးတွင် မြန်မာကို နိုင်ငံတကာက ပိတ်ဆို့အရေးယူမှုများ မလုပ်ရန် မြန်မာအစိုးရဘက်မှ ခုခံရပ်တည်ပေးခြင်း၊ ကျောက်ဖြူကို ဘင်္ဂလားပင်လယ်အော်ရှိ BRI ၏ ဂိတ်ပေါက်အဖြစ် သတ်မှတ်ခြင်း ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အစိုးရကို ကူညီခြင်းမှာ ထိုအရေးအရာသုံးရပ်ဖြစ်သည်။ ဤအစီအစဉ်များကို ဆော်ဩရာတွင် ပြတ်သားမှုနှင့် တသမတ်တည်းဖြစ်သော ရပ်တည်မှုတွင် တရုတ်အစိုးရကို အခြား မည်သည့်နိုင်ငံမှ အစိုးရကမျှ မယှဉ်နိုင်ပါ။အထူးသဖြင့်အနောက်နိုင်ငံများမှအရာရှိများနှင့် အကူအညီပေးရေး အဖွဲ့အစည်းများအနေနှင့် တရုတ်နယ်စပ်တွင်ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းများ လာရောက်ဆောင်ရွက်နေကြ မည်ကိုလည်း တရုတ်က စိုးရိမ်ပါသည်။ ယူနန်နယ်စပ်မှာ နိုင်ငံ၏ မပျက်မစီးသော အစိတ်အပိုင်းအဖြစ် အထူးထိန်းသိမ်းထားသော နယ်မြေဟု တရုတ်က ခံယူပါသည်။

တရုတ်၏ တက်ကြွပုံကို ပထမဆုံးမြင်နိုင်သည်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဖြစ်သည်။ နိုင်ငံရေးအခင်းအကျင်းကို ကြည့်လျှင် ၂၀၁၇ နှစ်လည် ဒုတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံနီးလာသောအခါ စိတ်သဘောထား



ဒေါ်အောင်ဆန်းစုကြည်ရခိုင်ပြည်နယ်သို့ လာရောက်စဉ် (AFP)

များ ကွဲမြဲကွဲနေကြသည်။ နယ်စပ်ဒေသများစွာတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပြီး တပ်မတော်သည်လည်း ANC, ULA နှင့် အခြား UNFC ၏ မဟာမိတ်လေးဖွဲ့ကို ဆွေးနွေးဖက်များအဖြစ် ဖိတ်ခေါ်ရန်ငြင်းဆန်နေတုန်းပင်။ EAOsများ ကြားတွင်ပင် စိတ်ဝမ်းကွဲသည့် အဖြစ်အပျက်များရှိခဲ့သည်။ အထူးသဖြင့် SSA/RCSSသည် NCAကို လက်မှတ်ထိုးပြီးနောက် ၂၀၁၅ခုနှစ်နှောင်းပိုင်းတွင် ရှမ်းပြည်မြောက်ပိုင်းသို့တပ်ဖွဲ့များကိုနေရာရွှေ့ပြောင်းသည်။ စခန်း တစ်နေရာတွင် နယ်နိမိတ် အငြင်းပွားမှုကြောင့် ထိုနယ်မြေမှ ULA၏ မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များနှင့် ပစ်ခတ်ကြသည်။[၁၅]

ANC,ULA နှင့် ၎င်းတို့၏ EAO မဟာမိတ်များက ထိုအခြေအနေမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကူညီရန် ကြိုးစားကြသည်။ ၂၀၁၇ မတ်လတွင် UNFC အဖွဲ့သည် နေပြည်တော်သို့ သွားရောက်ကာ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံပြီး ဒုတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံ မတိုင်မီတွင် NCA စာချုပ်ကို ပြင်ဆင်နိုင်ရေးအတွက် ၎င်းတို့ထည့်စေလိုသော အခြေခံမူရှစ်ချက်အကြောင်းဆွေးနွေးရန် လာရောက်ခဲ့ကြသည်။ (UNFC ၏ အခြေခံမူရှစ်ချက်ကိုကြည့်ပါ။)[၁၆] သို့သော် ဒေါ်အောင်ဆန်းစုကြည်က ANC နှင့် အခြား UNFC အဖွဲ့များက NCA ကို လက်မှတ်ထိုးတော့မည်ဟု ကြေညာလိုက်သောအခါ လာရောက်သောဖွဲ့မှာ နားဝေတိမ်တောင်ဖြစ်ခဲ့ရသည်။[၁၇] နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ ထိုစကားအမှားမှာ လူမျိုးစုနိုင်ငံရေး အသိုင်းအဝိုင်းထဲသို့ ကျယ်ပြန့်စွာ ဆိုးဆိုးရွားရွားပျံ့နှံ့သွားပြီး ANC နှင့် အခြား UNFC အဖွဲ့ဝင်များ စိတ်ထဲတွင်လည်း မိမိတို့ကို နိုင်ငံရေးအရ အမြတ်ထုတ်သွားခဲ့သည်ဟု ယူဆမိကြသည်။ သို့ဖြစ်ရာ ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပသောအခါ မတက်ရောက်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။

ထိုအချိန်တွင် ANC နှင့် UNFC မဟာမိတ်များသာလျှင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြောင့် စိတ်ညစ်ညူးကြရသူများမဟုတ်ပေ။ ၂၀၁၇အစောပိုင်း ကာလတွင် ULA သည် မြန်မာနိုင်ငံအရှေ့ မြောက်ဘက်မှ မြောက်ပိုင်းမဟာမိတ်ရဲဘော်များနှင့်အတူ တရုတ်နယ်စပ်တွင် အပစ်ရပ်အုပ်စုများရော အပစ်မရပ်ရသေးသည့် အုပ်စုများရော ပါဝင်သည့် ပြည်ထောင်စု နိုင်ငံရေးဆွေးနွေး ညှိနှိုင်းရေးကော်မတီကို FPNCC ကို အတူဖွဲ့စည်းခဲ့ကြသည်။[၁၈] ၂၀၁၇ ဧပြီလ ကြေညာချက်တွင် FPNCC အဖွဲ့ပါဝင်လာခဲ့ပြီး အဖွဲ့ဝင်များမှာ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၊ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ် တပ်မတော် (မိုင်းလား) ရှမ်းပြည်တပ်မတော်နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ၊ အပစ်ရပ်အုပ်စုများ မဟုတ်ကြသော အဖွဲ့လေးဖွဲ့ ဖြစ်သည့် ULS, KIO, MNDAA နှင့် TNLA တို့ဖြစ်ကြသည်။ (လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများ ၊ နိုဝင်ဘာ ၂၀၁၉ ကိုရှုပါ။).

FPNCC သည် ထူးခြားသောဖြစ်စဉ် တစ်ခုပင်။ မြောက်ပိုင်း မဟာမိတ်လေးဖွဲ့သည် ထိုအချိန်က တပ်မတော်နှင့် ပုံမှန်လိုပင် ပစ်ခတ်မှုများဖြစ်နေသည်။ နိုင်ငံအတွင်း အင်အားအတောင့်တင်းဆုံး EAO ဖြစ်သော UWSA ကလည်း မဟာမိတ်အဖွဲ့သစ်တွင် ပါဝင်လာခဲ့သည်။ UWSA သည် ၁၉၈၉ စတင်ထူထောင်စဉ်ကတည်းက အစိုးရနှင့် အပစ်အခတ်ရပ်စဲထားခဲ့သော်လည်း TNLA နှင့် FPNCC မဟာမိတ်များအား စစ်ရေးနှင့်နိုင်ငံရေး အထောက်အပံ့များ ပေးအပ်နေသည်မှာလည်း လူသိပ်မသိသော ကိစ္စတစ်ခုပင် ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ထို UWSA ၏ စီးပွားရေးနိုင်ငံရေး အင်အားကောင်းလာရန် အာဖြည့်ပေးနေသည့် တရုတ်ဘက်မှ အကူအညီပေးနေသူများ ပုံစံမျိုးစုံရှိသည်။[၁၉] ၁၉၈၉ ခုနှစ်တွင် အဖွဲ့ကို စတင်တည်ထောင်ခဲ့စဉ်က ယခင် ဗကပ၏ ဌာနချုပ်ကို နယ်မြေကို အမွေရခဲ့သော UWSA သည် အိမ်နီးချင်းတရုတ်နှင့် ဆက်ဆံရေးကောင်း မွန်စွာရှိခဲ့သည်။ ဤအခြေအနေကိုလည်း မြန်မာအစိုးရ အဆက်ဆက်ကလည်း လာရောက် စိန်ခေါ်ခြိမ်းခြောက်မှု မရှိခဲ့ပါ။ နယ်စပ်ချင်း ဖြတ်ကျော်ဆက်ဆံ ကူးလူးနေကြပြီး နှစ်ဖက်လူထု၏ ယဉ်ကျေးမှုအရနီးစပ်သောယူနန်နှင့် နယ်ခြားနှစ်ဖက် စလုံး၌ တရုတ်ဘာသာစကားကိုသာအများဆုံး အသုံးပြုကြသည်။

ဒုတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံ ကျင်းပမည့် မေလနှင့်နီးလာချိန်တွင် တွေ့ကြရသော အတိတ် နိမိတ်များမှာ မကောင်းလှပေ။ ရခိုင်ပြည်နယ်တွင် သတိထားရမည့် ကိစ္စများစွာရှိသည်။ စစ်ရေးလှုပ် ရှားမှုများကို ULA ရော ARSA ရော နှစ်ဖက်စလုံးက ဆောင်ရွက်နေကြသည်။ အစိုးရနှင့် အပစ်ရပ်ထားသော ALP မှ အရာရှိတစ်ဦးမှာ တပ်မတော်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဝေဖန်ပြီး သည့်အတွက် အကြည်ညိုမဲ့အောင်ပြုသည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံထားရသည်။[၆၀] NCA တွင်ပါရှိသော အခြေခံ စည်းမျဉ်းများအရ လုပ်ပိုင်ခွင့်ရှိသော ရပ်ရွာအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကိုလည်း လုံခြုံရေးအကြောင်းပြချက်ဖြင့် အစိုးရကပိတ်ပစ်ခဲ့သည်။ ဤသို့ဒုံရင်းအခြေ အနေသို့ ပြန်ရောက်လာခြင်းကို ပြုပြင်ရန် နိုင်ငံရေးခေါင်းဆောင်များက ရခိုင်EAOsများ ဖြစ်ကြသော ALP,ANC နှင့် ULA သုံးဖွဲ့စလုံးကို ပင်လုံညီလာခံတွင် အတူတက်ရောက်ပြီး ရခိုင်ကို ကိုယ်စားပြုခွင့်ရစေချင်ကြသည်။ သို့သော်အကွဲအပြဲမှာ ပို၍ပင် နက်ရှိုင်းလာသည်။ တပ်မတော်သည် ULA ကို ပိတ်ဆို့ထားဆဲ ဖြစ်သည်။ ANC သည် UNFC နှင့် တစ်ပေါင်းတည်း ညီလာခံကို

သပိတ်မှောက်ထားသည့်အထဲတွင် ပါဝင်သည်။ ALP သာလျှင် တက်ရောက်ရန် ဖိတ်ခေါ်ခြင်းခံရသည်။

တရုတ်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲတွင် ပါနေသော သူ့အခန်းကဏ္ဍကို ထုတ်ပြလိုက်သည့် အချိန်မှာ ၎င်း၏အဖွဲ့များ ကြားဝင်ပေးသဖြင့် FPNCC အဖွဲ့များ နောက်ဆုံးမိနစ်တွင် ဖိတ်ကြားခံရသော ဧည့်သည်တော်များအဖြစ် ညီလာခံသို့ ရောက်ရှိလာကြချိန်တွင် ဖြစ်သည်။[၆၀] တပ်မတော်၏ အကဲဆတ်မှုကြောင့် FPNCC ကိုယ်စားလှယ်များသည် ပင်လုံညီလာခံအတွင်း၌ အစိုးရအရာရှိများနှင့် ဆွေးနွေးစဉ် နှစ်ဖွဲ့ခွဲ၍ ပါဝင်ခဲ့သည်။ KIO, NDAA, SSA/SSPP နှင့် UWSA တို့က တစ်ဖွဲ့၊ ULA, MNDAA နှင့် TNLA တို့က တစ်ဖွဲ့ ဖြစ်ကြသည်။ ဒေါ်အောင်ဆန်းစုကြည်ကမူ နိုင်ငံရေးညှိနှိုင်းဆွေးနွေးပွဲများမှာ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်ကြောင်းကို သဘောတူပေးခြင်းအားဖြင့် မျှော်လင့်ချက်ကို မြှင့်တင်ပေးပါသည်။ အဖွင့်မိန့်ခွန်းတွင် ၎င်းက NCA မှာ ပန်းတိုင်မဟုတ်သေးပါဟု ပြောကြားခဲ့သည်။[၆၂] သို့သော်ထိုညီလာခံမှာ တပ်မတော်ကိုယ်စားလှယ်များဘက်က ခွဲမထွက်ရေးဟူသော စာကြောင်းထည့်သွင်းခြင်းကို နောင်ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူညီချက် Union Peace Accord ကိုလက်မှတ်ရေးထိုးသူတိုင်းက လက်ခံရမည်ဟု တောင်းဆိုသဖြင့် ညီလာခံမှာ အငြင်းပွားမှုများဖြင့် အဆုံးသတ်သွားခဲ့သည်။[၆၃]

ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတစ်ခုမှာ လျှင်မြန်စွာ ပေါ်ပေါက်လာခဲ့သည်။ ALP, KNU နှင့် အခြား NCA ကို လက်မှတ်ရေးထိုးထားသော အုပ်စုများက အလျှော့မပေးကြပေ။ ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကိုယ်စားလှယ်များက ညီမျှရေး၊ ဖက်ဒရယ်စနစ်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အစရှိသော နိုင်ငံရေးကိစ္စများအား ဆွေးနွေးခွင့်မပေးဘဲ ပိတ်ပင်ထားသည်။ အငြင်းအခုံများ ဆက်လက်ဖြစ်ပွားရခဲ့ပြီး နောက်ဆုံးတွင် အခြေခံစည်းမျဉ်းစည်ကမ်း ၃၇ ချက်အပေါ် သို့သော် ထိုအချက်များသည် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥဒေနှင့် လက်ရှိသဘောတူညီချက်များနှင့် ကိုက်နေပြီး သားအချက်များသာဖြစ်ရာ အငြင်းပွားစရာ မလိုတော့သည့် သဘောတူထားပြီး အချက်များဖြစ်ကြသည်။ လူမျိုးစုကိုယ်စားလှယ်များက စိတ်ပျက်ရသည့် ကိစ္စများကို ချက်ချင်းပင် ဖွင့်ဟပြောဆိုကြပါသည်။ ၂၁ ရာစုပင်လုံသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ကျဉ်းပေးလာရမည့်အစား NLD ၏ လုပ်ငန်းစဉ်မှာ နဝတ - နအဖ လက်ထက်က ၂၀၀၈ အခြေခံဥပဒေကို အတည်ပြုနိုင်ရန် ကျင်းပစေခဲ့သည် ဒုတိယအကြိမ် အမျိုးသားညီလာခံနှင့် သာတူနေပေတော့သည်။(အခန်း ၅ ကိုရှုပါ။) ပင်လုံ၌ ညီညွတ်ကြပါ၏လော၊ မညီညွတ်ကြပါပြီလောဟု Frontier Myanmar မဂ္ဂဇင်း ကမေးခွန်းထုတ်ခဲ့သည်။[၆၄]

တစ်ခုသောအဖွဲ့ကား ညီလာခံတွင် တွေ့မြင်ရသည့် အဖြစ်အပျက်များကိုလေ့လာပြီး အားရစွာနေပြည်တော်မှပြန်လည်ထွက်ခွာ သွားကြသည်။ ထိုအဖွဲ့မှာ တရုတ်ကိုယ်စားလှယ် အဖွဲ့ဖြစ်သည်။ တရုတ်အရာရှိများသည် ငြိမ်းချမ်းရေး လမ်းစကို မတွေ့ရသည့်အတွက် စိတ်ပျက်သည်မှာမှန်၏။ သို့သော်တရုတ်ဩဇာသည် ငြိမ်းချမ်းရေးလုပ်ငန်းများ၏ ကန့်လန့်ကာနောက်ကွယ် ညှိနှိုင်းသည့်ကိစ္စများတွင် မည်မျှကြီးကြောင်းကို ပြသခဲ့ပြီးလေပြီ။ ထိုအချိန်မှစ၍ မြန်မာငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအကြောင်းပြောလျှင် ပင်လုံစိတ်ဓါတ်သည် ဘေဂျင်း၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်ကြရာတွင် အထူးလိုအပ်လာတော့သည်။[၆၅] သို့ရာတွင် အခက်အခဲများစွာ ရှိနေပါသေးသည် ။(ကြီးကျယ်သော ကစားပွဲ အသစ်-နိုင်ငံတကာ ဇာတ်ခုံတွင် ရှေ့တန်းရောက်လာသော အာရဂန်မြေကိုဖတ်ပါ။) မည်သို့ပင်ဖြစ်စေ တရုတ်အရာရှိများဘက်က ယုံကြည်သွားသည်မှာ နှစ်နိုင်ငံကြား ယခင်ကကဲ့သို့ ပေါက်ဖော်ဆက်ဆံရေးကို ပြန်လည်ထူထောင်နိုင်ပြီဟူ၍ ဖြစ်သည်။

ကိုဖီအာနန်ကော်မရှင်နှင့် ရိုဟင်ဂျာတို့ အစုလိုက်အပြုံလိုက်ထွက်ပြေးကြရခြင်း

၂၁ ရာစုပင်လုံညီလာခံပြီးချိန် ၂၀၁၇ နှစ်လည်လောက်တွင် နိုင်ငံရေးရာသီဥတုမှာ မသာယာဘဲ ပိုဆိုးလာခဲ့သည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရည်ရွယ်ချက်ကို မှန်းဆရန် ခက်ခဲနေတုန်းပင်။ သို့သော် တပ်မတော်သည် NLD ၏ ပင်လုံညီလာခံကိုအောင်မြင်စေလိုသော ဆန္ဒမရှိဟု လူမျိုးစု အဖွဲ့အစည်းများစွာက ယုံကြည်နေကြသည်။ညီလာခံပြီးစီးသွားပြီးနောက် နောက်ထပ်တပ်မတော် ထိုးစစ်လှိုင်းလုံး တစ်လုံးက လူဦးရေတစ်သိန်းခန့် ဒုက္ခသည် ဖြစ်နှင့်ပြီးသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းသို့ ရောက်ရှိလာပြန်သည်။[၆၆] Amnesty International အဖွဲ့ကြီးကလူ့ အခွင့်အရေး ချိုးဖောက်မှုများအပေါ် စိုးရိမ်ကြောင်း ထုတ်ပြန်ခဲ့သည်။ အရပ်သားများအား လုံးစစ်ဇာတ်ကို ခံစားနေရသည်ဟု ၎င်းကသတိပေးခဲ့သည်။[၆၇]

ယခုအကြိမ်တွင်မူ NLD ကို နှုတ်ဆိတ်မှုအတွက် အပြစ်တင်ကြသူများရှိလာပြီ ဖြစ်သည်။ NLD အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ရှေ့ကို ကြိုတင်တွက်ဆပြီး ထထကြွကြွရှိသင့်သည်ဟု UNFC နှင့် ANC တို့မှ ကိုယ်စားလှယ်ဦးထွန်းဇော်က သတိပေးသည်။[၆၈] အပြင်း

ဆုံး အရှဆုံးဝေဖန်သံကမူ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေများ လေ့လာရေး အထူးကိုယ်စား လှယ်မစ္စယန်ဟီးလီထံမှ ဖြစ်သည်။ ဇူလိုင်လတွင် ထုတ်ပြန်သောကြေညာချက် တစ်စောင်၌ မစ္စယန်ဟီးလီက ယခင် အစိုးရလက်ထက်က အသုံးပြုနေသော နည်းဗျူဟာများကို ယခု NLD အစိုးရက ဆက်သုံးနေမြဲ ဖြစ်သည် ဟုပြောကြားခဲ့သည်။[၆၉] NLD သည် ယမန်နှစ်ကမှ အာဏာရယူလာသော အစိုးရဖြစ်ရာ ထိုသို့ပြင်းထန်သော ဝေဖန်ချက်မျိုးကို မြန်မာ ဒီမိုကရေစီအရေး ထောက်ခံ အားပေးသူအချို့က မျှော်ပင်မမျှော်လင့်ထားပါ။

ပဋိပက္ခများ၏ ဗဟိုချက်မှာ ယခုအခါ ရခိုင်ပြည်နယ်သို့ ပြည်လည်ရောက်ရှိ သွားပေပြီ။ ရခိုင်သမိုင်းတွင် ယခုမှစနောက်ထပ်ဖြစ်လာသည့် အဖြစ်အပျက်များအား သုံးသပ်ရာတွင်၌ ပြင်းထန်လှသော အကြမ်းဖက်မှုများဆီကို ဦးတည်သွားပုံမှာ ဤသို့ ဤပုံဟု ဖြစ်ရပ်အချင်းအရာများအား အစဉ်လိုက်သုံးသပ်ကြရာတွင် အလွန်သတိကြီးရန် လိုပါသည်။ သို့သော် ဖြစ်ပျက်ခဲ့သည့် ဒုက္ခအပေါင်းကြောင့် ၂၀၁၇ - ၂၀၁၈ ကာလအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း၌ စစ်တပ်နယ်မြေ ရှင်းလင်းရေးလှုပ်ရှားမှုများမှာ တပ်မတော်၏ ၁၉၄၈ လွတ်လပ်ရေးရပြီး နောက်ပိုင်းနှစ်များ အားလုံးထဲမှ စစ်ဆင်ရေးတိုက်ပွဲများတွင် စစ်ကြောစေ့ငုကြခြင်း ကို အများဆုံးခံရသော တိုက်ပွဲများဖြစ်သည်။ တစ်နှစ် အတွင်း အစိုးရက လုံခြုံရေး တပ်ဖွဲ့များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်တိုက် ကျူးလွန်ခဲ့ကြပြီး ထိုလုပ်ရပ်များကြောင့် အပြည်ပြည်ဆိုင်ရာတရားရုံးသို့ပင် အတိုင်ခံရသည်အထိ ဖြစ်ခဲ့သည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာမဟာမင်းကြီး Zeid Ra'ad Al Hussein က တပ်မတော်လုပ်ရပ်များသည် "လူမျိုးစုသုတ် သင်ရှင်းလင်းမှုကို ပြဋ္ဌာန်းစာအုပ်တွင်ပင် ထည့်သွင်းနိုင်သည့် ဥပမာ" ဟုပြောဆိုခဲ့သည်။[၇၀] ထိုအဖြစ်အပျက်များ မပေါ်လာမီကပင် လုံခြုံရေးအရ စစ်တပ်ဘက်မှ ပြင်ဆင်နေခဲ့ကြောင်း သက်သေအထောက်အထားများ ရှိနေခဲ့ပါသည်။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက် ရှာဖွေရေး မစ်ရှင်ကမူ ဤကဲ့သို့ကြီးမားလှသော ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် လိုအပ်သော၊ အချိန်ယူရသော၊ စဉ်းစားတွက်ချက်ရသော နှိမ်နင်းသုတ်သင်မှုမျိုးကို ကြိုတင်တွက်ဆစီစဉ်မှုများမပါဘဲ ဆောင်ရွက်နိုင်သည့် ကိစ္စများ မဟုတ်ဟု ဆိုခဲ့သည်။[၇၁]

ဤသို့ လုံခြုံရေးအစီအမံများ တိုးမြှင့် တည်ဆောက်ထားခဲ့သည့် ရည်ရွယ်ချက်မှာ အဘယ်နည်း။ လာမည့်လများတွင် ဘင်္ဂလားဒေရှ်နှင့် အိန္ဒိယတို့နှင့် ဆက်စပ်နေသော သုံးနိုင်ငံနယ်ခြားဆုံချက်တွင်ရှိသော လူမျိုးစုများက စိုးရိမ်သောက ရောက်နေခဲ့ကြသည်။ အစောပိုင်းတွင် ULAက အစိုးရ၏ အဓိကပစ်မှတ် ဖြစ်သည်ဟု ထင်ထားခဲ့ကြသည်။ ဒုတိယပင်လုံညီလာခံတွင် ဧည့်သည်အဆင့်နှင့် ဖိတ်ခေါ်ခံရသော်လည်း လက်တွေ့တွင် တပ်မတော်ဘက်ကရော ULA ဘက်ကရော တိုက်ပွဲအရှိန်မလျှော့ခဲ့ကြပါ။ ULA ကိုအဓိက ပစ်မှတ်နေရာထားခဲ့သောအချိန်မှာ ဇွန်လအတွင်း တပ်မတော်က အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ဘက်တွင် တပ်ရင်းနှစ်ခု ထပ်မံတိုးချဲ့လိုက်ပြီး ဘူးသီးတောင်ရှိ တပ်ရင်း - ၁၅က AA တပ်များ ကျောက်တော်အထိ မြောက်ဦးနှင့် မင်းပြား တို့အထိ တပ်များ ပြန့်လာမည်ကို တားဆီးရန် တိုက်ခိုက်နေသည်။[၇၂]

ထိုအချိန်က သိပ်သတိမထားမိကြသည်မှာ ချင်းပြည်နယ်နှင့် ထိစပ်နေသော မြောက်ပိုင်းရှိ ကုလားတန်မြစ်ဝှမ်း ဒေသတွင်းတင်းမာမှုများ မြင့်တက်လာသည်ကို ဖြစ်သည်။ (ဒေသတွင်း ပဋိပက္ခအရှုပ် အထွေးကိုရှုပါ။) ရခိုင့်တပ်မတော် သည် NCA ကိုလက်မှတ်ထိုးထားသည် ALP ၏ စခန်းကို ၂၀၁၇ ဩဂုတ်လ အတွင်း၌ ပလက်ဝမြို့နယ်ထဲတွင် နှစ်ကြိမ်မျှ တိုက်ခိုက်ခဲ့ကြောင်း သတင်းထွက်လာသည်။[၇၃] AA သည် ALP ၏ စခန်း တိုက်ခိုက်ခြင်းအား ဖြင့် အိန္ဒိယနယ်စပ်ဒေသတွင် ULA ၏ ထိန်းချုပ်မှုကို တိုးချဲ့လိုက်ခြင်းလည်း ဖြစ်သည်။[၇၄] ဤအချိန်တွင် ANP ၏ ခေါင်းဆောင်ဦးအေးမောင်က အာရကန်နယ်မြေထဲတွင် ပါဝင်ခဲ့ဖူးသော ချင်းဒေသများ၏ နိုင်ငံရေးသဘောထားကို မေးမြန်းခဲ့သောကြောင့် ချင်းနိုင်ငံရေးအသိုင်းအဝိုင်းတွင် မကျေမလည် ဖြစ်နေခဲ့ချိန် ဖြစ်သည်။[၇၅] (အခန်း ၂ ကိုရှုပါ။) ပဋိပက္ခများမြင့်တက်လာချိန်တွင် ရွာသားများ စွာမှာ အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသောကြောင့် ဒုက္ခသည်အရေအတွက် ပိုတိုးလာသလို အိန္ဒိယနယ်စပ်တစ်လျှောက် ခိုလှုံရသူများ လည်း ပိုများလာခဲ့သည်။[၇၆]

ထိုအချိန်တွင် ARSA ခေါင်းဆောင်များက ကိုယ်ယောင်ဖျောက်သွား ပြီဖြစ်သော်လည်း စစ်ရေးလှုပ်ရှားမှုများကမူမပြတ်သေးပါ။ ၂၀၁၇နှစ်လယ်တွင် ARSA ကိုထောက်ခံသူအုပ်စုကလေးများသည်မေယုတောင်ကြားနှင့် ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ်နတ်မြစ်ဝန်းကျင်တွင် လှုပ်ရှားနေကြသည်ဟု သိရသည်။ တပ်မတော် ဘက်ကလည်း ARSA ကို တုံ့ပြန်ရန် မြို့လူမျိုး ရွာသားများနှင့် ဗုဒ္ဓဘာသာရွာသားများ အသတ်ခံခဲ့ရသည့် ဘူးသီးတောင် နှင့် မောင်တောမြို့နယ်များသို့ ဩဂုတ်လ အစောပိုင်းတွင် တပ်များ ထပ်မံစေလွှတ်ခဲ့သည်။[၇၇] လူမျိုးစုအချင်းချင်းကြား ရပ်ထဲရွာထဲတွင် တိုက်ခိုက်မှုများ ကြီးထွားလာမည်ကို စိုးရွံ့နေကြချိန် ဖြစ်သည်။ ထိုသို့ကြောက်လန့်နေကြချိန်တွင် ဦးအေးမောင် ဦးဆောင်သော ANP ခေါင်းဆောင်များက ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အတူတပ်မတော် ခေါင်းဆောင်ပိုင်းများကို နေပြည်တော်

တွင် တွေ့ဆုံခဲ့ပြီး ဒေသခံပြည်သူများကို အကာအကွယ်ပေးပါရန် အကူအညီတောင်းခဲ့သည်။ ရခိုင်ကျေးရွာများကို ဘင်္ဂလီရွာများက ဝိုင်းထားရာ ဘင်္ဂလီကင်းမဲ့ဇုန်များထူထောင်ပေးရန် တောင်းဆိုခဲ့သည်ဟု ANP ၏ကိုယ်စားလှယ် အထက်လွှတ်တော်အမတ် ဦးခင်မောင်လတ် က ပြောခဲ့သည်။[၇၈]

တပ်မတော်ခေါင်းဆောင်များသည် ထိုအကာအကွယ်ပေးရေး အကူအညီတောင်းခံချက်ကို လိုက်လျောခဲ့ပုံရပါသည်။ သို့သော်ရခိုင်သို့ လေကြောင်းမှရောက်ရှိလာသော လုံခြုံရေးတပ်ဖွဲ့သစ်များသည် ရဲများ မဟုတ်ကြဘဲ အမြန်တပ် မ ၃၃ နှင့် ၉၉ တို့မှ တပ်ဖွဲ့ဝင်များဖြစ်ကြသည်။ ဤအချိန်တွင် တပ်မတော်၏ ရခိုင်ပြည်နယ်၌ တပ်များဖြန့်ထားပုံ နေရာချထားပုံစံအား လုံး ကွာခြားသွားခဲ့ပြီဖြစ်သည်။ ခြေမြန်တပ်မများသည် တပ်မတော်၏ ဖြတ်လေးဖြတ် စစ်ဆင်ရေးများတွင် အတွေ့အကြုံအလွန်များ ခဲ့သော လက်ရွေးစင် တိုက်ပွဲဝင်တပ်များဖြစ်ကြသည်။[၇၉] (အခန်း ၄ ကိုရှုပါ။) ပို၍ဆိုးရွား လာသော ပဋိပက္ခများကို ရိပ်စားမိသော ကုလသမဂ္ဂအထူး ကိုယ်စားလှယ် ယန်ဟီးလီသည် အစိုးရ အာဏာပိုင်များအား အခြေအနေကို ပိုမဆိုးစေရန် ပါးနပ်စွာတုံ့ပြန်ရန်လိုကြောင်း ထပ်မံသတိပေးလာသည်။ ရခိုင်ရှိ လုံခြုံရေးကိစ္စများတွင် တပ်မတော်လုံခြုံရေးတပ်ဖွဲ့များသည် မည်သည့် အခြေအနေတွင်မဆို လူ့အခွင့်အရေးကို လေးစားလိုက်နာရန်[၈၀] အစိုးရအနေနှင့် ထိန်းကွပ်သင့်ကြောင်း သတိပေးခဲ့သော်လည်း ၎င်း၏ အရေးဆိုမှုများ အရာမထင်ခဲ့ပါ။

ရိုဟင်ဂျာ အကျပ်အတည်းမှာ လက်ရှိကမ္ဘာတွင် အကြီးဆုံးသော အရေးပေါ် ပဋိပက္ခအခြေအနေ တစ်ရပ်သို့ အရှိန်မြင့်သွားခဲ့သည်။ ဤအဖြစ်အပျက်ကို သမိုင်းတွင် မေ့နိုင်ရန် အချိန်အတော်ယူရမည့် အဖြစ်မျိုးဖြစ်သည်။ ထိုသို့မဖြစ်မီလများတွင် ပဋိပက္ခတွင် ဦးဆောင်ပါဝင်နေကြသူ နည်းနည်းကလေးကသာ စေ့စပ်ပြန်ဖြေသူတို့၏ အသံများကိုနားထောင်ပါသည်။ အားလုံးသည် ကိုဖီအာနန်ကော်မရှင်၏ အစီအရင်ခံစာကို စောင့်ဆိုင်းကြဟန်တူသည်။ သို့ရာတွင် ထိုအစီအစဉ်ခံစာသည် ရန်မီးငြိမ်းနိုင်မည့် တံခါးများကိုဖွင့်နိုင်ရန်ဝေးစွ။ ထိုအစီရင်ခံစာ ထုတ်ပြန်သော ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၄ရက်နေ့ မှာ အကြမ်းဖက်မှုမှာ အဆိုးရွားဆုံးကြုံရသည့် နေ့တစ်နေ့ ဖြစ်သည်။

အစီရင်ခံစာထဲတွင် ပဋိပက္ခ၏ မျက်နှာစာအသီးသီးမှ ခေါင်းဆောင်များက လက်ခံပြီး လိုက်နာကျင့်ကြံအပ်သည့် အကြံပြုချက်များ ပါဝင်ပါသည်။ ရခိုင်ပြည်နယ်ရှိလူ့အဖွဲ့အစည်းကကြုံနေရသောနိုင်ငံရေးနှင့် အခြားစိန်ခေါ်မှုများကို အသေအချာ ထောက်လှမ်းရေး



ဘင်္ဂလားဒေ့ရှ်ရှိ ကူတူပါလောင်စခန်းသို့ လာရောက်သော ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် António Guterres ကိုရိုဟင်ဂျာဒုက္ခသည်များက ကြိုဆိုစဉ် (RS)

သားထားသော သုံးသပ်ချက်နှင့် ဂရုတစိုက် ကိုင်တွယ်မှု ကိုရပေတော့မည်။[၈၁] ညီမျှခြင်းနှင့် တရားမျှတခြင်းတို့ကို အဓိကထားသော ကော်မရှင်အနေနှင့် အကြံပြုသော အချက်များထဲတွင် လူအများလွတ်လပ်စွာ သွားလာနိုင်ခွင့်ရှိရေး၊ နိုင်ငံသားဖြစ်ခွင့်ရရှိရေး၊ နိုင်ငံရေးအရ ကိုယ်စားပြုခွင့်ရှိရေး၊ ပြန်လည်နေရာချထားရေး၊ ယုံကြည်မှုပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတို့ ပါဝင်သည်။ ကော်မရှင်သည် အစိုးရ၏ လျစ်လျူရှုမှုကို အကြီးအကျယ်ဝေဖန်ပြီး ယနေ့မြင်တွေ့နေရသော အာရက္ခနှင့်သည် အဆင်းရဲဆုံးအနေ အထားတွင်ရှိပြီး စာမတတ်ကြခြင်းနှင့် ကလေးငယ်များ အသေအပျောက်နှုန်းတွင် တစ်နိုင်ငံလုံးတွင် အမြင့်ဆုံးထဲပါနေကြောင်း ဖော်ပြခဲ့သည်။[၈၂] ကိုဖီအာနန်သည် စကားလုံးကို အရှင်းလင်းဆုံးဖြစ်အောင်ရွေး ပြောသွားခဲ့သည်။ "တစ်ချိန်က စည်းကားတိုးတက်သော ကုန်သွယ်ရပ်ဝန်းနှင့် အာရှ၏ ဆန်တင်ပို့ရာ နယ်မြေတစ်ခုဖြစ်ခဲ့သော ရခိုင်သည် ယနေ့တွင် မြန်မာနိုင်ငံ၏ အဆင်းရဲဆုံး ပြည်နယ်များတွင် ပါဝင်နေပြီး လူမျိုးစုများကြား တင်းမာမှုများနှင့် ပဋိပက္ခများ၏ တိုက်စားခြင်းကို ခံနေရပေသည်။"[၈၃]

သို့ဖြစ်ရာ အစီအရင်ခံစာထွက်လာပြီးနောက် နိုင်ငံရေးအရ ဖြေရှင်းနိုင်သည့် လမ်းစပေါ် လာနိုင်မည်လော ဟူသော မျှော်လင့်ချက်မှာ လျင်မြန်စွာ မှေးမှိန်သွားခဲ့ပြီဖြစ်သည်။ အကြံပေးကော်မရှင်၏ အစီအရင်ခံစာထွက်လာပြီးသည့်နေ့တွင်ပင် မောင်တော၊ ဘူးဘီးတောင်နှင့် ရသေ့တောင်မြို့နယ်များရှိ တပ်စခန်း ၂၄ ခု ကို ARSA ကထပ်မံတိုက်ခိုက်ခဲ့သည်။[၈၄]ဘင်္ဂလီများကအစ္စလာမ်နိုင်ငံ[၈၅] ထူထောင်ရန် ကြိုးစားကြခြင်းဖြစ်သည်ဟု စွပ်စွဲကာ တပ်မတော်က ၁၉၄၈ လွတ်လပ်ရေးပြီးကတည်းက အရှိန်အပြင်းဆုံးသော တန်ပြန်တိုက်ခိုက်မှုမျိုးဖြင့် နယ်မြေရှင်းလင်းရေး အစီအစဉ်များကို စတင်ကာ ပစ်မှတ်ထားသော လူတစ်စုအား တုံ့ပြန်တော့သည်။ နောက်ရက်သတ္တပတ်များအတွင်း အကြမ်းဖက် တိုက်ခိုက်မှုများနှင့် ရွာမီးရှို့မှုများအတွင်း လူတစ်ထောင်ခန့် သေဆုံးခဲ့သည်ဟု ခန့်မှန်းကြပြီး ထိုလုပ်ရပ်များဖြင့် ရိုဟင်ဂျာ မွတ်ဆလင်များအား တိုင်းပြည်မှ မောင်းထုတ်ရန် ကြိုတင် အစီအစဉ်ရေးဆွဲထားပုံမျိုးဖြင့် တိုက်ခိုက်ခဲ့သည်။[၈၆] ထိုတိုက်ခိုက်မှုများ၏ရလဒ်မှာ လူပေါင်း ၇၂၅,၀၀၀ တို့ နယ်စပ်သို့ ခြေလွတ်လက်လွတ်ထွက်ပြေးကြရပြီး မူလကတည်းက ဘင်္ဂလားဒေ့ရှ်ဘက်တွင် ရောက်ရှိနေပြီးသော ခန့်မှန်းခြေ ဒုက္ခသည်ပေါင်း ၃၅၀,၀၀၀ ခန့်ကဲ့သို့ပင် တစ်ဘက်ကမ်း၌ ခိုလှုံကြရသည်။[၈၇] သမိုင်းတစ်လျှောက်၌ အာရကန် နယ်ခြားဒေသသည် ပဋိပက္ခပေါင်းစုံကို ကြုံခဲ့ဖူးပါပြီ။ သို့သော် ၂၀၁၇ တွင် ကြုံရသော အိုးမဲ့အိမ်မဲ့ထွက်ပြေးကြရခြင်းနှင့် အသေအပျောက်ရှိခြင်းတို့မှာ အဆိုးဆုံးဖြစ်ရပ်ထဲတွင် ပါဝင်သည်။

မီဒီယာပေါ်မှ သတင်းများတွင် တပ်မတော်အရာရှိများက စစ်ဆင်ရေးများအတွင်း လူအခွင့်အရေး ချိုးဖောက်မှုများ၊ နှိပ်စက်မှုများ မရှိခဲ့ကြောင်း ပုံမှန်လိုပင် ငြင်းဆိုခဲ့ကြပြီး ၎င်းတို့မှာ အစွန်းရောက် အကြမ်းဖက်သမားများကို[၈၈] လုံခြုံရေးအရ ရှင်းလင်းနေရခြင်းဟု ဆိုသည်။ ARSA ၏ကနဦး တိုက်ခိုက်မှုများတွင် လူအသေအပျောက်ရှိခဲ့သည်မှာ သံသယဖြစ်စရာမရှိပေ။ ထိုမှစကာ နောက်ပိုင်းအဖြစ်အပျက်များတွင်လည်း ARSA လူပ်ရှားမှုအသစ်သည် ပို၍အကြမ်းဖက်လာသကဲ့သို့ ခြိမ်းခြောက်ခြင်းများ ရှိလာသည်။ လွန်ခဲ့သည့် သုံးနှစ်အတွင်း ARSA ၏ ပစ်မှတ်များထဲတွင် ရခိုင်၊ ဒိုင်းနက်နှင့် မြိုလူမျိုး ရွာသားများပါသကဲ့သို့ အစိုးရနှင့် ပူးပေါင်းသည်ဟု စွပ်စွဲခံရသူ မွတ်ဆလင်များလည်း ပါဝင်သည်။ ၂၀၁၇ ခုနှစ် အစောပိုင်းက တိုက်ခိုက်မှုများတွင် ARSA အဖွဲ့က ဟိန္နုရွာသား ၉၉ဦးကို အစုလိုက် အပြုံလိုက်သတ်ပစ်ခဲ့ကြသည်။[၈၉] ထို ARSA တို့၏ ပြစ်ချက်များက အစိုးရအရာရှိများက ဂျီနိုဆိုက် ကျူးလွန်သူဟူသော စွပ်စွဲချက်များ၊ လူမျိုးစုရှင်းလင်း သုတ်သင်ရေးကို ဆောင်ရွက်ခဲ့သည်ဟူသော စွတ်စွဲချက်များကို တုံ့ပြန်ရာတွင် မကြာခဏသုံးသော ဖြေရှင်းချက်တစ်ခုဖြစ်လာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်က BBC နှင့် အင်တာဗျူးတစ်ခုတွင်

> "ကျွန်မကတော့ လူမျိုးစုရှင်းလင်း သုတ်သင်ရေး ဖြစ်နေတယ်လို့ မထင်ပါဘူး၊ အခုဖြစ်နေရာတွေကို လူမျိုးစုရှင်းလင်း သုတ်သင်ရေးလို့ ပြောဖို့ဆိုတာ စကားလုံး သိပ်ပြင်းထန်လွန်းပါတယ်။ မုန်းတီးရန်လိုမှုတွေက အများကြီးရှိပါတယ်။ အစိုးရနဲ့ ပူးပေါင်းတယ်လို့ အထင်ခံရရင် မွတ်ဆလင်ကို မွတ်ဆလင်က သတ်တာလည်း ရှိပါတယ်။"[၉၀]

သို့ရာတွင် ယနေ့ခေတ်၏ ဂြိုလ်တုဓါတ်ပုံများ၊ မိုဘိုင်းဖုန်းများနှင့် နိုင်ငံတကာ အဆက်အသွယ်များကြောင့် အစိုးရ အာဏာပိုင်များအနေနှင့် ထိုဒေသတွင်ဖြစ်နေသော စစ်ပွဲများ၏ ပမာဏကို ဖုံးထားရန် မဖြစ်နိုင်တော့ပါ (Facebook နှင့် ဆိုရှယ်မီဒီယာ၏ အခန်းကဏ္ဍကိုရှုပါ။) နှစ်ပေါင်းများစွာပင် တပ်မတော်၏ လက်နက်ကိုင်များတိုက်ထုတ်ရေး စစ်ဆင်မှုများ မြန်မာနိုင်ငံဒေသများစွာ၌ မည်သို့ဖြစ်ပျက်ခဲ့သည်ကို ပြန်ပြောင်းပြောပြသည့် မျက်မြင် သက်သေထွက်ဆိုချက် များစွာရှိခဲ့ပါသည်။ (အခန်း ၄ နှင့် ၅ ကြည့်ပါ)။ သို့သော် ယခုတစ်ကြိမ်မှာ တပ်မတော်၏ လုပ်ရပ်များကို ပျက်ပျက်ထင်ထင် ရှင်းလင်းစွာ ဖော်ထုတ်လိုက်နိုင်သည့် ပထမဆုံးအကြိမ်ဖြစ်ပြီး အနေအထားဖြစ်ပြီး လူအခွင့်အရေး ထောက်လှမ်းစုံစမ်းသူများကလည်း ပူးပေါင်းဖော်ထုတ်ခဲ့ကြသည်။ နောင်တွင်အနည်းဆုံး ရွာပေါင်း ၃၉၂ ရွာခန့် မှာ ရာနှုန်းပြည့် သို့မဟုတ် တစ်စိတ်တစ်ပိုင်းမျှ ဖျက်ဆီးခံရဟု ကုလသမဂ္ဂ၏

အချက်အလက်ရှာဖွေရေးမစ်ရှင်ကဖော်ပြခဲ့သည်။ထိုကျေးရွာများထဲတွင် မွတ်ဆလင်အများဆုံး နေထိုင်သော မောင်တောမြို့နယ်မှ ကျေးရွာများ၏ ၇၀ ရာခိုင်နှုန်း ပါဝင်သည်။[၉၁] သို့သော်ရခိုင်မြို့ရွာများကိုမူ မထိခိုက်ခဲ့ပေ။[၉၂]

တွေ့ရသော သက်သေအထောက်အထားများမှာ ချည်ပြီးတုတ်ပြီးဖြစ်စေသော အထောက်အထားများပင်။ အစိုးရက ဝန်မခံသော်လည်း ပဋိပက္ခ နှစ်ပေါင်း ၇၀ ကျော်ဖြစ်ပွားနေခဲ့သည့်နေရာတွင် မွတ်ဆလင် များနေသည့် မေယုတောင်ကြားဒေသ အနောက်ဘက်ဒေသတစ်ခုလုံးကို ရှင်းလင်းပစ်ရန် ဆုံးဖြတ်ချက်ချခဲ့ကြပုံရပါသည်။ မြောက်ပိုင်း အာရကန်မြေပေါ်တွင် ဂျမီယာတူ-အူလမာ ခေါင်းဆောင်တို့ ၁၉၃၀ ကျော်နှစ်က မျှော်လင့်ခဲ့သော မွတ်ဆလင် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ" အိပ်မက်မှာ အဆုံးသတ်ခဲ့လေပြီ။ ရိုဟင်ဂျာအုပ်စုများကမူ တပ်မတော်၏ ခြောက်လှန့်မောင်းထုတ်မှုများမှာ ကြုံတင်စီစဉ်ခဲ့မှုများ ဖြစ်ကြောင်း မှတ်တမ်းတင်ရန်ကြိုးစားခဲ့ကြသည်။[၉၃]

လူသားချင်း စာနာထောက်ထားစရာ အရေးပေါ်အခြေအနေ၏ အတိုင်းအဆကို ရိပ်မိသွားပြီး နောက်နိုင်ငံတကာက ဝေဖန်ပြစ်တင်မှုများမှာ မကြုံစဖူးအဆင့်အထိ မြင့်တက်လာခဲ့သည်။ အကျိုးအကြောင်းကို သိနေသူများထံမှလာသော လူအခွင့်အရေး ဆော်ဩချက်များကို တပ်မတော်ရော NLD အစိုးရကပါ လျစ်လျူရှုခဲ့ကြသည်။[၉၄] ARSA ခေါင်းဆောင်များတွင် ကိုဖီအာနန် ၏ အစီရင်ခံစာ မိတ်ဆက်သည့်အချိန်ကို အသုံးချ လိုသည့် ရည်ရွယ်ချက်ရှိမည်မှာ သေချာပါသည်။ သို့သော် ၂၀၁၂ ကတည်းက စတင်လာခဲ့သော အကြမ်းဖက်မှုများကို ကြည့်လျှင် တပ်မတော်၏ လုံခြုံရေးဆိုင်ရာကြုံတင်ပြင်ဆင်မှု အစီအမံများက စနစ်ကျပြီး အစီအစဉ်တကျ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ (အခန်း ၆ ကိုကြည့်ပါ။) ၂၀၁၆ ခုနှစ်တွင်တစ်ကြိမ်ထပ်ဖြစ်ခဲ့ပြီးနောက် အာဏာပိုင်များက ဖြစ်ပျက်ခဲ့သမျှကို ဖုံးထားရန် အသည်းအသန် ကြိုးစားပြန်သည်။

နိုင်ငံခြားမီဒီယာကိုလည်း ကန့်သတ်ထား၊ လူသားချင်းစာနာထောက်ထားမှု အကူအညီကိုလည်း ပြင်းထန်စွာ ချုပ်ချယ်ထားသည့်အပြင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ယန်ဟီးလီကိုယ်တိုင်ကို တိုင်းပြည်ထဲ အဝင်မခံသည့် အခြေအနေဖြစ်သည်။ သို့သော်ထိုလုပ်ရပ်များက ဘင်္ဂလားဒေ့ရှ်နယ်စစ်မှ သတင်းစီးဆင်းမှုကို ဖြတ်တောက်နိုင်ခြင်း မရှိပါ။ လူအခွင့်အရေးချိုးဖောက်မှုများ ဆက်တိုက်ဖြစ်ပေါ်နေသည့် မှတ်တမ်းများ ဆက်လက် ထွက်ပေါ်နေသည်ကို မတားနိုင်ပါ။

အလွန်အရုပ်ဆိုးသော မီဒီယာဖိနှိပ်မှုမှာ ရိုက်တာမှ ဂျာနယ်လစ်နှစ်ဦးဖြစ်သော မြန်မာနိုင်ငံသား များ ကို ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ထိုသူတို့မှာ အင်ဒင်းရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဗုဒ္ဓဘာသာ အရပ်သားများက ရိုဟင်ဂျာများအား သတ်ဖြတ်သည့်သတင်းကို စုံစမ်းထောက်လှမ်းနေစဉ်တွင် အဖမ်းခံရခြင်းဖြစ်သည်။[၉၅] ၎င်းတို့ကို စစ်ဘက်မှ ထောင်ဖမ်းသည့် သက်သေများရှိခဲ့သော်လည်း နိုင်ငံတော် လျှို့ဝှက်မှုအက်ဥပဒေ အရ ထောင်ခုနှစ်စီ အချခံခဲ့ရသည်။[၉၆] ထိုအင်ဒင်း လူသတ်ပွဲတွင် တာဝန်ရှိသော စစ်သားခုနှစ်ဦးမှာ ထိုဂျာနယ်လစ်များထက် ထောင်ဒဏ်လျှော့ပေးပြီး ထိုသတင်းကိုရေးသော ဂျာနယ်လစ်များကို ပို၍ညှဉ်းပန်းသော ထောင်ဒဏ်ကိုရသောအခါ ဒေါသ များ ပို၍ထွက်ခဲ့ကြရသည်။[၉၇] ထို့ပြင်အငြင်းပွားစရာ ပို့ဖြစ်သော ကိစ္စတစ်ခုမှာ တပ်မတော်၏ပြန်ကြားရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးဌာနက ထုတ်ဝေသော စာအုပ်တွင် ရဝမ်ဒါမှ ပုံများကိုသုံးကာ ဘင်္ဂါလီများက မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး ဒေသခံတို့အား သတ်ဖြတ်နေပုံဟု လိဆယ်ဖော်ပြ ထားခြင်းဖြစ်သည်။[၉၈] တပ်မတော်က ဘင်္ဂါလီတို့မှာ အကြမ်းဖက်သမားများဖြစ်ကြပြီး ရိုဟင်ဂျာတို့၏ တိုင်းပြည်ကို "Arkistan" အာကစ္စတန်ဟူသော အမည်ဖြင့် မြန်မာပြည်ကိုဖဲ့ထုတ်သွားရန် ရည်ရွယ်ကြောင်း စွပ်စွဲခဲ့သည်။[၉၉]

NLD ခေါင်းဆောင်များသည် အကျပ်အတည်းကို တုံ့ပြန်ရန် အရေးပေါ်အစီအစဉ်အချို့ကို တင်ပြလာသည်။ နောက်တစ်နှစ်တွင် အစိုးရက "ရခိုင်ပြည်နယ်အတွက် အကြံပြုချက်များကို အကောင်အထည်ဖော်ရေး ကော်မတီ" နှင့် "ရခိုင်ပြည်နယ် လူသားချင်းစာနာမှု အကူအညီပေးရေး ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးပြည်ထောင်စုလုပ်ငန်းကော်မတီ"[၁၀၀]နှင့် ထိုင်းနိုင်ငံမှ နိုင်ငံရေးသမား ဆူရကီ ရတ်ဆတ်သီယာထိုင်း ဦးဆောင်သော နိုင်ငံတကာ ရခိုင်ပြည်နယ် အကြံပေးအဖွဲ့"[၁၀၁] ကို ဖွဲ့စည်းခဲ့သည်။ သို့သော် အမေရိကန် သံတမန်ဟောင်း မစ္စတာ ဘေလ်ရစ်ချတ်ဆန်က ဒေါ်အောင်ဆန်းစုကြည်၏ စစ်တပ်ဘက်ကို မဆန့်ကျင်လိုသော သဘောထားကြောင့် နှုတ်ထွက်သွားပြီးနောက် အဖွဲ့၏သိက္ခာမှာ အတန်ငယ်ကျဆင်း ခဲ့သည်။ ဘေလ်ရစ်ချစ်ဆန်က "ဤအဖွဲ့တွင် လူဖြူ များပါသည်ဆိုရုံထည့်ထားပြီး အဓိပ္ပါယ်မရှိဘဲ ပါဝင်ပေးရခြင်း"[၁၀၂] မျိုး ကြုံရမည်ဟု မထင်ထားပါဟု ပြောကြားခဲ့သည်။ ထို့နောက်တွင် နောက်ထပ် ကော်မတီတစ်ခုဖြစ်သော ဖိလစ်ပိုင် သံတမန်တစ်ဦးဖြစ်သည့် ရိုဆာရီယိုမာနာလို ဦးဆောင်သော "လွတ်လပ်သည့် စုံစမ်းရေးကော်မရှင်"[၁၀၃] တစ်ရပ်ကို ဖွဲ့စည်းခဲ့ပြန်သည်။

နိုင်ငံတကာမှ စိုးရိမ်မှုများက တရိပ်ရိပ်တက်လာခဲ့ပေပြီ။ ကမ္ဘာသည် အရေးပေါ် ပဋိပက္ခများစွာကို ကိုင်တွယ်နေရသော်လည်း ရခိုင်ပြည်၏ အကျပ်အတည်း

အသစ်မှာ ကြောက်လန့်စရာ သတင်းမျိုးဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်က ရင်ဆိုင်ရသည့် စိန်ခေါ်မှုမှာလည်း မသေးပါ။ နိုင်ငံတကာ အကူအညီပေးရေး အဖွဲ့များသည် ဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများပေးနိုင်ရန် ကြိုးစားနေကြသည်။ အနောက်တိုင်း အစိုးရများက ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ တစ်ဆင့် မြန်မာနိုင်ငံအား အရေးယူမည့် အရေးတွင်လည်း ခါတိုင်းမြန်မာနိုင်ငံနှင့်ပတ်သက်သည့် နိုင်ငံတကာ အရေးယူမှုများတွင် ဖြစ်နေကျပုံစံအတိုင်းပင် တရုတ်နှင့် ရုရှားတို့က ကာဆီးပိတ်ဆို့ထားပေသည်။[၁၀၄]

တရုတ်အစိုးရက အဆိုပြုသော အဆင့် သုံးဆင့် ပါသည့် ရိုဟင်ဂျာ ပြဿနာဖြေရှင်းရေးအဆိုကို ၂၀၁၇ နိုဝင်ဘာတွင် တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ရီက တင်ပြခဲ့သည်။ ထိုအဆင့်သုံးဆင့်တွင် နိုင်ငံ တည်ငြိမ်မှု ရရှိစေရန် အပစ်အခတ်ရပ်စဲကြရေး၊ ပြန်လည်နေရာ ချထားရေးနှင့် ဆွေးနွေးညှိနှိုင်းရေးကို အားပေးရန် နိုင်ငံတကာက အကြံဉာဏ်နှင့် အထောက်အပံ့များပေးရေးနှင့် ပြဿနာ၏ ရေသောက်မြစ်များကို ဖြတ်နိုင်မည့် မဟာဗျူဟာများချမှတ်ကြရေး တို့ပါဝင်သည်။[၁၀၅] သို့သော် ယနေ့အချိန်အထိ ထိုအကြံဉာဏ်များထဲတွင် တကယ်လုပ်ဖြစ်သော အပိုင်းမှာ အလွန်နည်းပါးသည်။ (အခန်း ၈ ကိုကြည့်ပါ။) နိုင်ငံတကာ၏ အာရုံစိုက်မှုမှာလည်း ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဖွဲ့စည်းလိုက်သော လွတ်လပ်သည့် နိုင်ငံတကာ အချက်အလက် ရှာဖွေရေးမစ်ရှင်၏ စုံစမ်းဖော်ထုတ်ရေး အပေါ်တွင်သာ ရှိသည်။ ၂၀၁၈ စက်တင်ဘာလတွင် အချက်အလက်ရှာဖွေရေးမစ်ရှင်၏ တွေ့ရှိချက်များမှာ အစိုးရလုံခြုံရေးတပ်ဖွဲ့များ၏ အပြုအမူများကို ကြမ်းကြုတ်ကြောင်း အပြင်းအထန် စွဲချက်တင်ထားသည်များ ပါဝင်သည်။ ထိုအစီရင်ခံစာမှာ ဤအရေးအခင်းနှင့် ပတ်သက်၍ နိုင်ငံတကာအမြင်ကို ခိုင်မာ သွားစေသော သမိုင်းဝင်အထောက်အထား တစ်ခု ဖြစ်လာသည်။ တပ်မတော်ခေါင်းဆောင် ၆ ဦးသည် စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့သူများဟု အမည်တပ် ထားပြီး ဂျီနိုဆိုက် မြောက်မမြောက်ကို စုံစမ်းစစ်ဆေးရန် အကြံပြုထားသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အမှတ် ၃ စစ်ဆင်ရေး အထူးအဖွဲ့မှူး၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ခြေမြန်တပ်မ (၃၃) နှင့် (၉၉) တို့အား ခေါင်းဆောင်များကို အဓိက အပြစ်ကျူးလွန် ခဲ့သူများအဖြစ် ဖော်ပြထားသည်။[၁၀၆]

ထိုစာရင်းမှာ အကုန်အစင်ဟု မဆိုနိုင်ပေ။ အခြားအရေးကြီးသည့် ကိစ္စများကိုလည်း မီးမောင်း ထိုးပြထားပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ.စ.ခတပ်များနှင့် နယ်စပ်လုံခြုံရေးရဲများသည်လည်း အလားတူပင် လူ့အခွင့်အရေး ချိုးဖောက်မှုရှိခဲ့ကြောင်း တွေ့ရှိခဲ့သည်။ "ဒေသခံအာဏာပိုင်များ၊ ပြည်သူစစ်များ၊ လက်နက်ကိုင်ထားသော အရပ်သားအုပ်စုများ၊ နိုင်ငံရေးသမားများနှင့် ရဟန်း" များသည်လည်း အထက်ပါ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် အနည်းနှင့်အများ ပါဝင်ခဲ့ကြသည်ဟု ဆိုသည်။[၁၀၇] ရခိုင်အပြင်ကို လှမ်းကြည့်လျှင်လည်း ထိုကဲ့သို့ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တပ်မတော်၏ စစ်ဆင်ရေးအတွင်း တွေ့ရကြောင်း ရေးသားထားသည်။ မွတ်ဆလင်များအပေါ် အမုန်းတရား ပွားများစေသော သတင်းစကားများကို ပျံ့နှံ့စေခဲ့သည့်အတွက် Facebook နှင့် အခြားဆိုရှယ်မီဒီယာများ ကိုလည်း ဝေဖန်ခဲ့သည်။[၁၀၈]

လူသတ်မှုများနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ARSA တွင် တာဝန်ရှိပုံကိုလည်း မီးမောင်းထိုးပြထားသော စုံစမ်းထောက်လှမ်းမှုဖြစ်သည်။ အချက်အလက်ရှာဖွေရေး မစ်ရှင်သည် ဖြစ်ခဲ့သော လူမှုဒုက္ခရှိဖရဲ အခြေအနေကို မြန်မာနိုင်ငံ၏ အရေးအရာများနှင့် ဆက်စပ်တင်ပြသည်။ နိဂုံးတွင်မူ မြန်မာနိုင်ငံအတွင်း သက်ဆိုးရှည်လှသောစစ်ဘောင်ချဲ့ကြခြင်း၏ အတိုင်းအတာကို သတိပေးခဲ့သည်။ အချက်အလက်ရှာဖွေရေး မစ်ရှင်က အကျဉ်းချုပ်ကို အောက်ပါအတိုင်း ရေးခဲ့သည်။

> "ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ပေါ်ခဲ့သော အလွန်ဆိုးရွားလှသည့် လူ့ အခွင့်အရေး ချိုးဖောက်ခြင်းများနှင့် ကြမ်းတမ်းစွာ ကိုင်တွယ်ခဲ့ခြင်းများမှာ ကြောက်စရာကောင်းလှပြီး နေရာအားလုံးတွင် တစ်ပုံစံတည်းပင် ဖြစ်သည်။ ဖြစ်ပျက်ခဲ့သော လူ့ အခွင့်အရေး ချိုးဖောက်ခြင်းများမှာ နိုင်ငံတကာဥပဒေများအရ အကြီးလေးဆုံး ပြစ်မှုများ ဖြစ်နိုင်သည့် ကိစ္စများဖြစ်သည်။ ထို ပြဿနာများက လူ့အဖွဲ့အစည်း၏ ဖရိုဖရဲဖြစ်နေပုံမှာ နက်ရှိုင်းလှကြောင်းကို ပြနေသကဲ့သို့ ကာလကြာရှည်စွာရှိခဲ့သော ဖွဲ့စည်းပုံအရ မမျှမတမှု များကလည်း ထင်ရှားနေပြီးဆယ်စုနှစ်များစွာပင် လုံလုံလောက်လောက် မကုစားဘဲပစ်ထားခဲ့ကြောင်း ပေါ်လွင်သည်။ ကြောက်စရာကောင်းသည်မှာ ဤ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပျက်ခဲ့သည်ကို ငြင်းပယ်ခြင်း၊ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ကဲ့သို့ နေသားကျနေကြခြင်း၊ အပြစ်ကျူးလွန်သူများ အပြစ်ပေး မခံရဘဲလွတ်နေခြင်းတို့ပင် ဖြစ်သည်။ ယခုတွေ့ရသော အနိုင်ကျင့်သည့် လုပ်ရပ်မျိုးမှာ ယခင် အကြိမ်များက အခြားမြန်မာနိုင်ငံ အရပ်ဒေသများတွင် ဖြစ်ခဲ့သည့် ပဋိပက္ခများနှင့်လည်း ပုံစံတူကြောင်း ဤမစ်ရှင်အနေနှင့် သုံးသပ်လိုပေသည်။"[၁၀၉]

ဤစကားလုံးများက မြန်မာနိုင်ငံဒေသများစွာတွင်

လွတ်လပ်ရေးရသည့် ၁၉၄၈ ကတည်းကပင် ဖြစ်ပျက်ခဲ့သော အခြေအနေများကို ဖော်ကျူးနေပါသည်။ ဝမ်းနည်းစရာမှာ ရခိုင်ပြည်နယ်နှင့် တရုတ်နှင့် ထိစပ်နေသော အရှေ့မြောက် နယ်ခြားဒေသများတွင် ပဋိပက္ခများကြောင့် နာကျင်ခံစားမှုများ မရပ်တန့်သွားသေးခြင်းဖြစ်သည်။ ကိုဖီအာနန် အကြံပေးကော်မရှင်နှင့် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး မစ်ရှင်နှစ်ခုစလုံး၏ အစီရင်ခံစာများမှာ မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းများကို ဖြေရှင်းရန် နိုင်ငံတကာက ပေးထားသော အကြံပြုချက် ကတ်တလောက်ထဲတွင် စာရင်းထပ်တိုးလာခဲ့ပြီ။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် အစိုးရများသည် ၂၀၁၈ နိုဝင်ဘာလကစတင်ပြီး ဒုက္ခသည်များအား နေရာပြန်လည်ချထားရန် သဘောတူညီချက် ရထားကြသည်။ သို့သော် ယခုအချိန်အထိ ပြန်လည်နေရာချထားမှုများ မရှိခဲ့သေးပေ။ (အခန်း ၈ ကိုရှုပါ။) လတ်တလောတွင် လူမျိုးစု ငြိမ်းချမ်းရေး၊ စစ်ဘက်တွင် တာဝန်ခံမှုရှိရေးနှင့် တရားဥပဒေနှင့်အညီ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးတို့မှာ မြန်မာလူမျိုးများအတွက် သေချာရေရာခြင်း မရှိသေးပါ။

Facebook နှင့် ဆိုရှယ်မီဒီယာ၏ အခန်းကဏ္ဍ

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်က ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှုများ၏ ဖြစ်လာရခြင်း၏ အကြောင်းတရားတစ်ခုမှာ ဆိုရှယ်မီဒီယာ ဖြစ်သည်ဟု ပြစ်တင်ရှုံ့ချလိုက်သည်။ မိုဘိုင်းလ်ဖုန်းနှင့် အင်တာနက်တို့သည် မြန်မာနိုင်ငံသို့ အတော်နောက်ကျမှ ရောက်ပါသည်။ Facebook သုံးစွဲသူ ၁၈ သန်းရှိသောနိုင်ငံတွင် သုံးစွဲသူများစွာ၏ အင်တာနက်မှာ Facebook ဖြစ်နေသည်။ အချက်အလက်ရှာဖွေရေး မစ်ရှင်က အစီရင်ခံရာတွင် ၂၀၁၆ - ၂၀၁၇ အကြမ်းဖက်မှုများဖြစ်ပေါ်နေစဉ် ကာလအတွင်း အစိုးရမီဒီယာများနှင့် Facebook ပေါ်တွင် စစ်တပ်က မွတ်ဆလင်တို့အား နှိပ်ကွပ်သည့် ကာလတစ်လျှောက်လုံးတွင် မွတ်ဆလင် ဆန့်ကျင်ရေးတရားများ လွတ်လွတ်လပ်လပ်ပင် တင်ဆက်ဖော်ပြနေကြသည်ဟု ဖော်ပြခဲ့သည်။

အငြင်းပွားအဖြစ်ဆုံးကိစ္စတစ်ခုမှာ ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်၏ စစ်ဆင်ရေးများမှာ ဒုတိယကမ္ဘာစစ်အတွင်းက "မပြီးပြတ်ခဲ့သော ကိစ္စများ" ကို ရှင်းနေခြင်း ဖြစ်ကြောင်း (အခန်း ၂ ကိုရှုပါ။) ပြောကြားခဲ့ခြင်းဖြစ်သည်[၁၁၀] တစ်ကမ္ဘာလုံးမှာ ထိုစကားကြောင့် လန့်ဖျပ်ကြရသည်။ "နယူးယောက် တိုင်းမ်၏ သတင်းတစ်ပုဒ်က "Facebook ပေါ်တွင် လှုံ့ဆော်လာသော ဂျီနိုဆိုက်နှင့် မြန်မာစစ်တပ်၏ Facebook ရေးသားချက်များ" ဟုတင်ပြခဲ့သည်။[၁၁၁]

ထို့နောက်တွင် သတင်းတု၊ သတင်းယောင်များနှင့်တကွ ရမ်းကားသော ခွဲခြားသော စကားလုံးအသုံးအနှုန်း ပြန့်နှံ့မှုကို တုံ့ပြန်ရာတွင် မိမိတို့အနေနှင့် အလွန်နှေးကွေးခဲ့ကြောင်း Facebook က သိရှိသွားခဲ့သည်။[၁၁၂] ထိုအချိန်မှစ၍ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ စာမျက်နှာအပါအဝင် အချို့ Facebook စာမျက်နှာများကို ဖယ်ရှားခဲ့သည်။[၁၁၃] အစိုးရ၏ တောင်းဆိုမှုဖြင့် Facebook က အပစ်အခတ်ရပ်စဲရေး စာချုပ်ကို လက်မှတ်မထိုးထားသော ULA, KIO နှင့် MNDAA တို့၏ စာမျက်နှာများကိုပါ ဖယ်ရှားပေးခဲ့သည်။ သို့သော် ဆိုရှယ်မီဒီယာက လူမျိုးရေး စိတ်ဝမ်းကွဲမှုများကို ဖြစ်စေသည်၊ လူမျိုးစုများကြားပဋိပက္ခများ တိုးစေသည်ဟူသော ကိစ္စကို အရေးတယူလုပ်လာကြချိန်မှာ ဘင်္ဂလားဒေ့ရှ် နယ်စပ်သို့ ထွက်ပြေးခဲ့ရသော ဒုက္ခသည်နှင့် အိုးအိမ်မဲ့ လူ တစ်သန်းအတွက်မူ နောက်ကျလွန်းလှသည်။

နိုင်ငံရေးပဋိပက္ခနှင့် ရခိုင်အမျိုးသားရေး

နိုင်ငံတကာက ရိုဟင်ဂျာအရေးကို ဂရုစိုက်နေချိန်တွင် ဘင်္ဂလားဒေ့ရှ်နယ်ခြားမှ ပဋိပက္ခမှာ ရခိုင်ပြည်၏ တစ်ခုတည်းသော အရေးပေါ်ကိစ္စ မဟုတ်ခဲ့ပါ။ အခြားလူမျိုးစုများအပေါ် တပ်မတော်၏ ဆက်ဆံပုံမှာ အထက်တွင် ဖော်ပြခဲ့သော လုပ်ပုံကိုင်ပုံများနှင့် မထူးလှပါ။ ရခိုင်အမျိုးသားရေး လှုပ်ရှားသူ အများအပြားက မွတ်ဆလင်တို့အား အစိုးရက ဖိနှိပ်သည်ကို ထောက်ခံ ခဲ့ကြသော်လည်း တစ်ဘက်တွင် အဏာပိုင်များသည် အစိုးရအာဏာစက်ရခိုင်တွင် ကျယ်ပြန့်လာအောင် ရိုဟင်ဂျာအကျပ်အတည်းကို အသုံးချနေကြသည်ဟူသော အမြင်ကိုလည်း ကျယ်ပြန့်စွာ လက်ခံကြသည်။ အခြားလူမျိုးစုဒေသများတွင် ရင်နှီးနေပြီးသားဖြစ်သော တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်သောလုပ်ရပ်များမှာ ဒေသခံတို့၏ မကျေနပ်မှုများ စိတ်ဝမ်းကွဲခြင်းများကို မဖြေရှင်းနိုင်ရုံမျှမက ပို၍ပင် ဆိုးလာသော နည်းဗျူဟာများသာ ဖြစ်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းခေါင်းဆောင် တစ်ဦးဖြစ်သူ ကျော်ဆန်းကကျွန်တော်တို့လူ့အဖွဲ့အစည်းမှာအရင်တုန်းက ထက်တောင် သူ့ဘက်ကိုယ့်ဘက် ပိုကွဲ လာကြတယ်" ဟု ဆိုခဲ့သည်။[၁၁၄]

မွတ်ဆလင်များနှင့် ပတ်သက်၍ အခြေအနေများဆိုးသထက်ဆိုးလာပြီဟူသော သတင်းပေးချက်များကို အကြိမ်ကြိမ် လျစ်လျူရှုခဲ့ကြသည်။ ရခိုင်လူမျိုးများ အပေါ်တွင်လည်း လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆိုးဆိုး ရွားရွား ကျူးလွန်ခဲ့ကြပါသည်။[၁၁၅] ဤဖြစ်ရပ်များကြောင့် ဗမာလူမျိုးနိုင်ငံ ခေါင်းဆောင်များသည် တမင်တကာပင် ရခိုင်ကို ချိုးနှိမ်ထားသည်ဟူသော အမြင်ကို ရခိုင်ခေါင်းဆောင်များပို၍

ယုံကြည်လာခဲ့သည်။ အစိုးရအာဏာပိုင်များ၊ ဗုဒ္ဓဘာသာရခိုင်များနှင့် မွတ်ဆလင် လူနည်းစုများ သုံးပွင့်ဆိုင် အနေအထား၌ ဘက်သုံးဖက်စလုံးမှ ပြည်သူများမှာ ညှပ်ပူးညှပ်ပိတ်အနေအထားနှင့် ကြုံရသည်။[၁၁၆] ဖွဲ့ဖြိုးရေးကို သုံးသပ် ဆွေးနွေးသူ ရဲမင်းဇော်က "အကြောက်တရားသည် မြန်မာနိုင်ငံ၏ လူမှုဘဝများထဲသို့ စိမ့်ဝင်နေပြီး မသိမသာရှိခဲ့သော ဘက်လိုက်ခြင်းများမှာ ယခုအခါပေါ်လွင် လာကြပြီဟု ရေးသားခဲ့သည်။[၁၁၇]

NLD အစိုးရလက်အောက်တွင် ရခိုင်နိုင်ငံရေးပါတီများမှာ မလုံခြုံမှုများ ကြီးစိုးလာချိန်တွင်မသိချင်ယောင်ပြု၍ တိတ်တိတ်နေခဲ့ကြသူများမဟုတ်ပေ။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအပြီးတွင် အာရကန်အမျိုးသားရေး ဆော်သြစည်းရုံး တိုက်တွန်းရေးတွင် အုပ်စုကြီးနှစ်ခုက လွှမ်းမိုးထားသည်။ ရွေးကောက်ပွဲနိုင်ငံရေးထဲမှ ANP နှင့် လက်နက်ကိုင်အဖွဲ့ ULA တို့ဖြစ်ကြသည်။ အစောပိုင်းတွင် ANP သည် NLD အာဏာရလာပြီးနောက် ပိုင်း အရှိန်လျော့သွားသလို ရှိသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ပါတီက အခြေအနေ ကောင်းခဲ့သော်လည်း ဂိဏ်းဂဏအကွဲအပြဲများက ပြဿနာဖြစ်နေမြဲပင်။ ၂၀၁၇ ဇန်နဝါရီလအတွင်း ALD အဖွဲ့ဝင်ဟောင်းများက ၎င်းတို့၏ ယခင်ပါတီဟောင်းကို ပြန်လည်ထူထောင်ရန် ခွဲထွက်သွားကြသည်။[၁၁၈] ကွဲသွားရသည့်အကြောင်းမှာ ခေါင်းဆောင်မှုနှင့် ပတ်သက်သည်။ သို့သော် အငြင်းပွားကြသည်များတွင် NLD နှင့် ANP က မည်မျှ နီးနီးကပ်ကပ် အတူလက်တွဲသင့်သနည်းဟူသော ကိစ္စလည်းပါသည်။ ဤအချက်မှာ အစိုးရအဆက်ဆက် လက်အောက်၌ ကြုံခဲ့ရသော ကြာရှည်ကြာများရှိခဲ့သည့် အကြံအိုက်စရာ ကိစ္စတစ်ခုဖြစ်သည်။ ယခင် အကြိမ်များကကဲ့သို့ပင် လူမျိုးစုပါတီများ အနေနှင့် မိမိတို့နိုင်ငံရေးလမ်းစဉ်ကို ကိုယ်တိုင်လမ်းဖောက်ရမည်လော။ ဗဟိုမှ ဗမာကြီးစိုးသော ပါတီများနှင့် ပူးပေါင်းရမည်လော ဟူသော မေးခွန်းကို ရင်ဆိုင်ကြရသည်။

ထို့နောက်တွင် ANP သည် နိုင်ငံရေး ရေချိန်ကို ထိန်းထားပြီး ပါတီဥက္ကဋ္ဌ ဦးအေးမောင်က ၂၀၁၇ ကြားဖြတ် ရွေးကောက်ပွဲတွင် အမ်းမြို့နယ် ကိုယ်စားလှယ်အဖြစ် ပြည်သူ့လွှတ်တော် အမတ်နေရာကို အနိုင်ရချိန်သို့ ရောက်လာခဲ့သည်။ သို့ရာတွင် ဦးအေးမောင်မှာ ဒီဇင်ဘာလအတွင်း ရိုဟင်ဂျာပြဿနာ အမြင့်ဆုံးအရှိန်တက် နေချိန်တွင် ပါတီမှနှုတ်ထွက်ခဲ့ရာ ဤအဖြစ်အပျက်မှာ ANP လူပ်ရှားမှုတစ်ခုလုံးကို အံ့အားသင့်သွားစေသော လုပ်ရပ်ဖြစ်ခဲ့သည်။[၁၁၉] ပထမတွင် ထိုသို့ နှုတ်ထွက်ခဲ့ခြင်းကြောင့် ဦးအေးမောင်မှာ ဘေးရောက်သွားသလိုရှိသည်။ သို့သော် ဤအတောအတွင်း ဦးအေးမောင်မှာ ရခိုင်ပြဿနာ ပိုဆိုးလာချိန်တွင် လူပြောများသော ခေါင်းဆောင်တစ်ဦးအဖြစ် ပို၍ပင် နာမည်ကြီးလာသည်။

တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်အနှံ့အပြား၌ ULA ကို ထောက်ခံမှုများလည်း ပို၍မြင့်မားလာခဲ့သည်။ ၂၀၁၇အတွင်း ရက္ခိုင်တပ်မတော်သည် သုံးနိုင်ငံနယ်ခြားဆုံချက်မှတစ်ဆင့် ပလက်ဝ၊ ဘူးသီးတောင်နှင့် ကျောက်တော်မြို့နယ်များတစ်ဝိုက် ထောက်ပံ့ ပို့ဆောင်ရေးလမ်းကြောင်းများ ရရှိခဲ့သည်။ တပ်မတော်ဘက်ကလည်း ပြင်းထန်သော တုံ့ပြန်မှုများပြုလုပ်ရန် အရှိန်ယူနေဆဲ အချိန်ဖြစ်ရာ ဩဂုတ်လ ARSA ၏ တိုက်ခိုက်မှုကြောင့် အဓိကပစ်မှတ်ထားသောကိစ္စမှာ ရိုဟင်ဂျာများ ဆီသို့ ရောက်ရှိလာခဲ့သည်။ အကယ်၍ ULA ၏အင်အား အခြေအနေကို ရိပ်မိနိုင်သည့်အချက်မှာ ကုလားတန်မြစ်ပေါ်တွင် ၂၀၁၇နိုဝင်ဘာလအတွင်းခြုံခိုတိုက်ခိုက်မှုကြောင့်တပ်မတော်သား ၁၁ ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရခဲ့သည်။[၁၂၀] ထိုမျှ သေဆုံးဒဏ်ရာရသည့်နှုန်းမှာ နှစ်ပေါင်းများစွာအတွင်း ရခိုင် EAO များကြောင့် အစိုးရတပ်က ထိခိုက်ရခြင်းများအနက် အပြင်းထန်ဆုံး ဖြစ်သည်။

ရက္ခိုင့်တပ်မတော် အင်အားကြီးထွားလာချိန်တွင် ULA သည် လက်နက်နှင့်ငွေကြေးများကို မည်သည့် အရပ်မှ ရနေသနည်း ဟု မေးစရာအကြောင်းရှိလာသည်။ ထိုဝင်ငွေများတွင် မူးယစ်ဆေးဝါးရောင်းဝယ်မှုများ နှင့် အတင်းခိုင်းစေဖြန့်ချိမှုများ ပါဝင်နိုင်သည်ဟု ဆိုကြသည်။[၁၂၁] မြန်မာ့လက်နက်ကိုင် ပဋိပက္ခများ သမိုင်းတွင် ထိုကဲ့သို့ စွပ်စွဲမှုများနှင့် တစ်ဖက်က အပြန်အလှန် ပြန်စွပ်စွဲမှုများသည် တောက်လျှောက်လိုပင် တော်လှန်ရေးနှင့်အတူရှိခဲ့ကြသည်။[၁၂၂] ပဋိပက္ခနှင့် မူးယစ်ဆေးဝါးကိစ္စမှာ ခွဲခြားမရအောင်ပင် ယှက်နွှယ်နေကြပြီး နှစ်ပေါင်းများစွာအတွင်း မူးယစ်ဆေးဝါးကိစ္စတွင် အဖွဲ့အစည်းမျိုးစုံက ပတ်သက်နေကြသည်။ မြန်မာသည် ယနေ့ခေတ်တွင် ဘိန်းဖြူနှင့် မက်သာဖီတမင်းဆေးပြားများ တရားမဝင်ထုတ်လုပ်မှုတွင် ကမ္ဘာပေါ်တွင် ထိပ်တန်းပြေးနေသည်။ International Crisis Group ၏ မကြာသေးခင်က အစီရင်ခံစာတစ်ခုဌ ရှုမ်းပြည်နယ်၏ မူးယစ်ဆေးဝါး ပြဿနာကို ဤသို့ဖော်ပြထားသည်။ "မြန်မာ့တပ်မတော်သည် ထိပ်တန်း အရာရှိများကစ၍ လာဘ်စားမှုများကို အမြစ်ကလှန်ပစ်သင့်ပြီး ကြံဖော်ကြံဖက်ပြည်သူ့စစ်များကိုလည်း လက်နက် ဖြုတ်လိုက်သင့်သည်" ဟု အကြံပြုခဲ့သည်။[၁၂၃]

အမှန်စင်စစ် လက်နက်ကိုင် ပဋိပက္ခဖြစ်စဉ်များ လွတ်လပ်ရေးအပြီးတွင် ပေါ်ပေါက် လာကတည်းကပင် လက်နက်ကို ရှာဖွေရရှိရန် မည်သည့်အခါကမျှ မခက်ခဲခဲ့ကြပါ။ ယနေ့တွင် အစိုးရက ထူထောင်ထားသော ပြည်သူ့စစ်တပ်ဖွဲ့များ၊ နယ်ခြားစောင့်တပ်များနှင့် EAO အဖွဲ့ ၂၀ ကျော်ရှိသော နိုင်ငံတွင် ငွေရှာရန်လည်း မခက်ခဲခဲ့ကြပါ။[၁၂၄]

အစိုးရဘက်ရော လူမျိုးစုအတိုက်အခံလှုပ်ရှားမှု အားလုံးက တိုက်ခိုက်လိုစိတ် ပြင်းပြခဲ့ကြသည်မှာ အချိန်ကြာခဲ့ပါပြီ။ ULA ကမူ တရုတ်နယ်စပ်ဒေသ မဟာမိတ်များရှိရာ အရပ်တွင်လက်နက်များ ရနိုင်ပြီး လေ့ကျင့်မှုများကို အုပ်စုလိုက်ဆောင် ရွက်နိုင်ကြသည်။ ULA မှတက်ကြွလှုပ်ရှားသူများသည် ပြည်ပနေ ရခိုင် အသိုင်းအဝိုင်းများကြား အထောက်အပံ့ရနိုင်ရေး ကွန်ရက်များ ချိတ်ဆက်မိခဲ့ပြီး လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံနယ်စပ်ဒေသများသို့ ခိုလှုံရောက်ရှိနေသော ရခိုင်နိုင်ငံရေးသမားများကို ပြန်လည်စုစည်းခဲ့ကြသည်။[၁၂၅] ယခုအခါတွင် ရခိုင်တပ်အင်အားများမှာ အနည်းဆုံး ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်းနှင့် ကရင်ပြည်နယ်တို့အပါအဝင် ဒေသငါးခုတွင်ရှိသည်။

ULA ၏ အင်အားကြီးမားလာသည်နှင့်အမျှ စဉ်းစားလာကြသည်မှာ အဘယ်ကြောင့် ဤအဖွဲ့သည် န.အ.ဖ ဓလေတ် နောက်ပိုင်းရောက်ခါမှ အဘယ့်ကြောင့် ပြည်သူ့ထောက်ခံမှုကို ဤမျှ မြန်မြန်ရလာခဲ့သနည်း ဟူသော မေးခွန်းဖြစ်သည်။ နိုင်ငံရေးအရ ALP နှင့် ANC နှစ်ဖွဲ့စလုံးမှာ ၂၀၁၁ ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များစကတည်းက တက်ကြွလှုပ်ရှား နေခဲ့ကြသည်။ သို့သော် ထိုနှစ်ပါတီစလုံးမှာ ဤအပြောင်းအလဲ ကာလ နှစ်များအတွင်း ULA လောက် အသိအမှတ်ပြုခံရခြင်း အင်အားအရှိန်အဟုန်ကို မရခဲ့ကြပါ။ (အခန်း၈ ကိုရှုပါ။)

ဤသို့အကဲဆတ်သော အခြေအနေတွင် နောက်ထပ် ပြည်သူတို့ ဒေါသထွက်စရာ မီးပွားတစ်ရပ် ကျရောက်လာပြန်သည်။ ၂၀၁၈ အစောပိုင်းတွင် မြို့ဟောင်းမြောက်ဦး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများကြား ထိပ်တိုက်တွေ့ကြရာ အရပ်သားခုနှစ်ဦး သေဆုံးပြီး ရှစ်ဦးဆေးရုံသို့ ရောက်ခဲ့ချိန်တွင် ရခိုင်အမျိုးသားရေး စိတ်ဓာတ်များပို၍ တက်ကြွလာကြသည်။ အစိုးရက လူစုပြီး အခမ်းအနားများ လုပ်ခွင့်မရှိဟု ပိတ်ပင်လိုက်ပြီး နှစ်ရက်အကြာတွင် ကျင်းပခဲ့သော ၁၇၈၄ အာရကန်မင်းနေပြည်တော် ကျဆုံးသည့် အထိမ်းအမှတ် နှစ်ပတ်လည်နေ့တွင် ဖြစ်ပျက်ခဲ့သည်ဖြစ်ရာ အခင်းဖြစ်ပွားခဲ့သည့် နေရာနှင့် အချိန်မှာ ယခုထက် အမျိုးသားသင်္ကေတများ ပိုအားကောင်းသော အခြေအနေ မရှိနိုင်တော့ပေ။ နောက်ထပ် နှစ်ရက်အကြာတွင် ယခင် ANP ခေါင်းဆောင် ဦးအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့ကို ရသေ့တောင် မြို့နယ်ဟောပြောပွဲတွင် ပြောကြားခဲ့သော မိန့်ခွန်းကို အကြောင်းပြု၍ ဖမ်းဆီးပြီး နှစ်ဦးစလုံးကို နိုင်ငံတော် သစ္စာဖောက်မှုနှင့် တရားမဝင် အဖွဲ့အစည်း ထိန်းချုပ်ရေးဥပဒေတို့ဖြင့် အရေးယူခဲ့သည်။ ထင်ရှားသော ရခိုင်အမျိုးသားရေးလှုပ်ရှားသူများဖြစ်သောကြောင့် နှစ်ဦးစလုံးကို ULA ၏ ဆုံးရှုံးခဲ့ရသော အာရကန်၏ အချုပ်အခြာကို ပြန်လည်ထူထောင်ရေး ကြွေးကြော်သံအား ယုံကြည်ထောက်ခံသူများအဖြစ် စွပ်စွဲခဲ့သည်။[၁၂၆] ဝေဟင်အောင်၏ ဟောပြောချက်ထဲတွင် "ယနေ့အချိန်ဟာ အစိုးရက နိုင်ငံရေး အကျပ်အတည်းတွေ့နေတဲ့ အချိန်ပါ။ ဒါကြောင့်မို့ လက်နက်ကိုင်တိုက်ပွဲဝင်ပြီး ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးကို ပြန်ယူဖို့အချိန်ကောင်းပါ။ ကျွန်တော်တို့အားလုံး ဒီတိုက်ပွဲမှာ ပါဝင်ကြပါစို့" ဟု ဆိုခဲ့သည်။[၁၂၇]

ယနေ့အချိန်တွင်မူ ထို ၂၀၁၈ ခုနှစ်က မြောက်ဦးတွင် အရပ်သားများ သေဆုံးခဲ့ရခြင်းကို ရခိုင်တို့က စစ်တွေတွင် ၁၉၆၇ဆန်ပြဿနာနေ့က လုံခြုံရေးများဘက်မှ အရပ်သား လူအုပ်ထံ ပစ်ခတ်မှုများကဲ့သို့ သမိုင်းမှတ်တိုင်တစ်ခုဟု မှတ်ယူလာကြသည်။(အခန်း ၄ ကို ရှုပါ။) တစ်ဆယ့်လေးလမျှကြာသောအခါ ဦအေးမောင်နှင့် ဝေဟင်အောင်တို့ကို ထောင်ဒဏ် နှစ်နှစ်ဆယ်စီ ချမှတ်လိုက်သောအခါ ရခိုင် အမျိုးသားရေး စိတ်ဓာတ်များ ပိုမိုအုံကြွလာခဲ့သည်။ "ရခိုင်တွေဒီကိစ္စကို ဒေါသထွက်နေကြတယ်" ဟု တရားခံဘက်မှ ရှေ့နေဒေါ်အေးနုစိန်က ပြောကြားသည်။[၁၂၈]

မြောက်ဦးတွင် လူသေခဲ့ပြီးနောက် နိုင်ငံရေးရာသီဥတုမှာ မှုန်မှိုင်းနေခဲ့သည်။ ဆန္ဒပြပွဲကို ကိုင်တွယ်ခဲ့သော အစိုးရအရာရှိမှာ စစ်တွေရှိ အစိုးရရုံးများအနီးတွင် ဗုံးသုံးလုံးပေါက်ကွဲစဉ်တွင် ကွယ်လွန်ခဲ့သည်။ အာဏာပိုင်များက နောင်တွင် စစ်တွေဗုံးပေါက်ကွဲမှုအတွက် ANC ၏ ကိုယ်စားလှယ်များ အပါအဝင် သံသယရှိသူ ခုနှစ်ဦးကို ဖမ်းဆီးခဲ့သည်။[၁၂၉] ထိုအဖမ်းခံရသူအားလုံးက မိမိတို့နှင့် မဆိုင်ကြောင်း ထွက်ဆိုခဲ့ကြသည်။ နောက်တစ်နှစ်ထဲတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အရပ်သားများကြား ၌ လူသတ်ရန် ခြိမ်းခြောက်ခြင်းများ၊ လူသတ်သွားခြင်းများ ရှိခဲ့ပြီး အုပ်စုအမျိုးမျိုးက ပြုလုပ်ကြောင်း စွပ်စွဲသံများ ရှိခဲ့ကြသည်။[၁၃၀] ပြည်တွင်းစစ်ထဲသို့ ရခိုင်က တိုးဝင်ရာတွင် အရှိန်ရလာပေလေပြီ။

ထိုသို့အချင်းများစရာများ ဆက်လက်ဖြစ်ပေါ်လာချိန်တွင် နေပြည်တော်၌လည်း ၂၀၁၈ ခုနှစ်တွင် ကျင်းပသည့် သုံးကြိမ်မြောက် ၂၁ရာစု ပင်လုံညီလာခံလည်း ကျင်းပပြီးခဲ့ပြီဖြစ်သည်။ သို့ရာတွင် ဖြစ်ဖြစ် မြောက်မြောက် အောင်မြင်မှုမရခဲ့ပါ။[၁၃၁] ဖေဖော်ဝါရီလအတွင်း အခြားလက်နက်ကိုင် တပ်ဖွဲ့နှစ်ခုဖြစ်သော လားဟူ ဒီမိုကရက်တစ်သမဂ္ဂနှင့် မွန်ပြည်သစ်ပါတီတို့က NCA ကိုလက်မှတ် ရေးထိုးခဲ့ခြင်းကသာလျှင် အစိုးရအတွက် အားတက်စရာရှိသည်။ ထိုနှစ်ဖွဲ့သည် ALP အပါအဝင် အခြား NCA လက်မှတ်ထိုးထားသော အဖွဲ့များနှင့်အတူ ညီလာခံသို့ တက်ရောက်ခဲ့ကြသည်။ တပ်မတော်က ANC နှင့် LDU တို့ကိုချန်လှပ် ထားလိုကြသော်လည်း အစိုးရဘက်မှ စေ့စပ်ညှိနှိုင်းပေးသူများက LDU နှင့် NMSP တို့နှင့်အတူ အပစ်ရပ်

စာချုပ်ကို လက်မှတ်ထိုးရန် တိုက်တွန်းခဲ့ကြသည်။ သို့ရာတွင် ထိုသူများ မအောင်မြင်ခဲ့ဘဲ ANC သည် ယခင် တောင်းဆိုချက်များ ဖြစ်ကြသော NCA တွင် အားလုံးစုံညီစွာ ပါဝင်နိုင်ရေးနှင့် UNFC က တောင်းဆိုထားသော အခြေခံ ထည့်သွင်းပေးရေးတို့ကို ဆက်လက်ကိုင်စွဲထားသည်။ (UNFC ၏ အခြေခံစည်းမျဉ်းရှစ်ချက်ကို ကြည့်ပါ။) ပင်လုံညီလာခံ သည် ယခုတစ်ကြိမ်တွင်လည်း ရိုဟင်ဂျာ အကျပ်အတည်းကို လျစ်လျူရှုခဲ့ ပြန်သည်။ ဘင်္ဂလားဒေ့ရှ်သို့ ဒုက္ခသည်များ အလုံးအရင်းနှင့် ရွှေ့ပြောင်းသွားရခြင်းမှာ ညီလာခံတွင် ဆွေးနွေးစရာ ကိစ္စတစ်ခု ဖြစ်လာခဲ့ပုံ မရပါ။

နောက်ဆုံးတွင် ALP နှင့် အခြား NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များက ညီလာခံအတွင်း နောက်ထပ် အခြေခံစည်းမျဉ်း ၁၄ ခုကို လာမည့် ပြည်ထောင်စုဒြိမ်းချမ်းရေး စာချုပ်ထဲတွင် ထည့်သွင်းရန် သဘောတူခဲ့ကြသည်။ သို့သော် ယခင်အစည်းအဝေး နှစ်ကြိမ်က ကဲ့သို့ပင် လူမျိုးစု ကိုယ်စားလှယ်များကမူ ညီလာခံမှာ တကယ့် အရေးကြီးသော နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ထိထိရောက်ရောက် ဆွေးနွေးရာ နေရာမဟုတ်သဖြင့် စိတ်ပျက်ကြရပြီး ဒြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးမှာ တုံ့ဆိုင်းတင်းခံနေသည့် အနေအထားဟု သဘောပေါက်ကြသည်။ သို့သော် ညီလာခံ၏ နိုင်ငံရေးရာသီဥတုကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်အမှာစကားက အရိပ်လွှမ်းသွားပြန်သည်။ ၎င်းက ယနေ့တိုင်းပြည်ကရင်ဆိုင်နေရသော စိန်ခေါ်မှုများကို တပ်မတော်ကသာဖြေရှင်းနိုင်မည်ဟု ကြွေးကြော်ခဲ့သည်။

"တချို့ဒေသက တိုင်းရင်းသား လက်နက်ကိုင်အုပ်စုတွေဟာ ၅၂ သန်းသော မြန်မာပြည်သူတွေကို ကိုယ်စားမပြုပါဘူး။ နိုင်ငံရေးပါတီတွေကလည်း သူတို့ကိုထောက်ခံတဲ့ လူအုပ်ကိုပဲ ကိုယ်စားပြုတာပါ။ တပ်မတော် ကသာလျှင် တိုင်းရင်းသား ပြည်သူတွေထဲက ပေါက်ဖွားလာတာ ဖြစ်တဲ့အတွက် နိုင်ငံတော်နဲ့ ပြည်သူကို ကိုယ်စားပြုတဲ့အဖွဲ့အစည်းဖြစ်တယ်" ဟု ပြောကြားခဲ့သည်။[၃၃]

ထိုစကားမှာ ညီလာခံမှ အပြန်တွင်ပါလာခဲ့သော အငြင်းအခုံဖြစ်ရစရာ စကားစုဖြစ်ပါလိမ့်မည်။ ကိုယ်စားလှယ်များစွာသည် တရုတ်အရာရှိများ၏ ဩဇာကြီးမားပုံကို အံ့အားသင့်ဖြစ်ကြသည်။ တဖန်ယခု တစ်ကြိမ်တွင်လည်း အပစ်မရပ်ထားသည့် အုပ်စုများဖြစ်ကြသော ULA, KIO, TNLA, MNDAA နှင့် အခြား FPNCC အဖွဲ့ဝင်များအား ဧည့်သည်အဖြစ် ဖိတ်ခေါ်ရန် ကြားဝင်စီစဉ်ပေးခဲ့သည်။ ဒြိမ်းချမ်းရေး လုပ်ငန်းများတွင် တရုတ်၏ အခန်းကဏ္ဍမှာ တဖြည်းဖြည်း တိုးလာခဲ့သည်။ NLD တပ်မတော်နှင့် EAOs များအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးတို့မှာ တရုတ်အစိုးရကို မူလိုက်လျောရသည့် အခြေအနေဖြစ်ကြောင်း ပေါ်လွင်လာသည်။

FPNCC ကိုယ်စားလှယ်များ ညီလာခံ သို့ရောက်ရှိလာခဲ့ခြင်းက ညီလာခံတွင် ဒြိမ်းချမ်းရေး ရလာစရာလမ်းတစ်ခု မဖြစ်လာခဲ့ပြန်ပါ။ တပ်မတော်သည် FPNCC



ကချင်ပြည်နယ်ရှိ လေ့ကျင့်ရေးစခန်းမှ အာရကန်တပ်သားသစ်များ (IR)

အဖွဲ့ဝင်များကို နှစ်ဖွဲ့ခွဲထားသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် KIO, NDAA, SSA/SSPP နှင့် UNSA အဖွဲ့များနှင့် တွေ့ဆုံခဲ့ပြီး ၎င်း၏ လက်ထောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ULA, MNDAA, TNLA တို့နှင့် သီးသန့်တွေ့ဆုံခဲ့သည်။ ထိုသို့ဆွေးနွေး ကြရာတွင် တပ်မတော်ဘက်မှ ရပ်တည်ချက်များမှာ မပြောင်းမလဲရှိနေဆဲဖြစ်ပြီး ULA, MNDAA နှင့် TNLA တို့ကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ထဲ ပါဝင်ရန် လက်နက်ဖြုတ်သိမ်းရမည်ဟူသောမူကို ကိုင်စွဲထားသည်။ ထို့အတူ KIO နှင့် UWSA တို့ အပါအဝင် အခြား FPNCC အဖွဲ့ဝင်များကိုကား NCA ကို တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးပန်းတိုင်ရောက်ရှိရန် NCA မှာ တစ်ခုတည်းသောလမ်းအဖြစ် လက်ခံရမည်ဟု တပ်မတော်က ပြောကြားခဲ့သည်။

ရခိုင်နှင့် အခြားလူမျိုးစု နိုင်ငံရေး အဖွဲ့အစည်းများအတွက်မူ ရလဒ်မှာ စိတ်ကျေနပ်စရာမဟုတ်ပါ။ ၂၁ ရာစု ပင်လုံညီလာခံသုံးကြိမ်အပြီးတွင် NCA နှင့် ပင်လုံငြိမ်းချမ်းရေးလုပ်ငန်းစဉ် အသစ်နှစ်ခုစလုံးမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအတွက် လမ်းဖွင့်ပေးမည့် ဂိတ်ပေါက်များမဟုတ်ကြဘဲ လမ်းကို ပိတ်ဆို့ထားသောအရာများသာ ဖြစ်နေကြသည်။ ဦးသိန်းစိန်ငြိမ်းချမ်းရေး လုပ်ငန်းစဉ် စတင်သည့် နှစ်မှစရေတွက်လျှင် ၇ နှစ်မျှ ကြာသော အချိန်တွင် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသအချို့မှာ ပဋိပက္ခများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပြီး အချို့မှာ ငြိမ်းချမ်းရေးရော၊ စစ်ပွဲမှာမရှိသည့် သောင်မတင်ရေမကျ အနေအထား ဖြစ်သည်။ အောက်တိုဘာလတွင် ဒေါ်အောင်ဆန်းစုကြည်၊ အစိုးရနှင့် NCA လက်မှတ်ထိုးထားသော ခေါင်းဆောင်များ၏ အဆင့်မြင့် ထိပ်သီး အစည်းအဝေးကို ကျင်းပ၍ အပြန်အလှန် ညှိနိုင်းဆွေးနွေးမှုများ ပြန်စရန်ကြိုးစားခဲ့ကြသည်။ သို့ရာတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အစိုးရအနေနှင့် ခွဲထွက်ရေး သို့မဟုတ် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးအစရှိသည့်တောင်းဆိုချက်များတွင်လိုက်လျောစရာ အကြောင်းမရှိကြောင်း ပိတ်ပင်သောမိန့်ခွန်းကို ပြောကြားခဲ့ပြီး အစည်းအဝေးမှ ထွက်ခွာသွားခဲ့သည်။[၁၃၃] မကြာမီ ပင် EAOs ထဲမှ အပစ်ရပ်ထားသော KNU နှင့် SSA/RCSS တို့က ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၏ တိုးတက်ခြင်းမရှိသည်ကို ပြန်လည်သုံးသပ်နိုင်ရန် NCA အစည်းအဝေးများတွင် တက်ရောက်ခြင်းခေတ္တ ရပ်နားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။[၁၃၄] ALP ၏ ဦးဆောင်စေ့စပ်ရေးမှူး ဒေါ်စောမြရာဇာလင်းက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြီး တစ်ခုလုံးမှာ ယခုအခါ နောက်ပြန်ဆုတ်နေပြီ ဖြစ်ကြောင်း သတိပေးခဲ့သည်။[၁၃၅]

NLD အစိုးရသက်တမ်းနှစ်နှစ်မျှ ကြာခဲ့ပြီးချိန်တွင် မြန်မာနိုင်ငံဒေသအသီးသီးရှိ လူမျိုးစုနိုင်ငံရေး လှုပ်ရှားမှုများထဲတွင် NLD နှင့် ပတ်သက်၍ ဟုတ်တိုင်းမှန်ရာကို သိမြင်လာကြပြီးဖြစ်သည်။ နိုဝင်ဘာလတွင် ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲတွင် NLD က (၁၃) နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ရာ (၇) နေရာတွင်သာ အနိုင်ရခဲ့သည်။ အခြားနေရာများကိုမူ တပ်မတော်က ကျောထောက်နောက်ခံပြုထားသော USDP နှင့် အခြားလူမျိုးစုပါတီများမှ အမတ်လောင်းသုံးဦးက အနိုင်ရသွားကြသည်။ ဤအထဲတွင် အမှတ်ထင်ထင် ရှိသောကိစ္စမှာ ရခိုင်ပြည်နယ်ရသေ့တောင် မဲဆန္ဒနယ်မြေတွင် ဖမ်းဆီးခံထားရသော အမတ်ဟောင်း ဦးအေးမောင်၏သား ဦးတင်မောင်ဝင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။ တစ်သီးပုဂ္ဂလအမတ်အဖြစ် ယှဉ်ပြိုင်သော ၎င်းအား ANP နှင့် ALD ကိုကျော်ပြီး ရခိုင်ပြည်သူများက မဲပိုပေးခဲ့ကြသည်မှာ အဖမ်းခံရသော ဖခင်နှင့်အတူ ရပ်တည်၍ စည်းလုံးမှုအား ကို ပြသကြခြင်းဖြစ်သည်။[၁၃၆]

နိုင်ငံရေး အပြောင်းအလဲအတွက် မျှော်လင့်ချက်များ ပိုမိုနိုလာကြသည်။ မြန်မာနိုင်ငံသည် နေရာဒေသများစွာ၌ မငြိမ်းချမ်းသည့် ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ သို့သော် နိုင်ငံ၏ အနောက်ဘက်နယ်စပ်ရှိ ရခိုင်နှင့် ရိုဟင်ဂျာတို့၏ ဘဝကို ဆိုးရွားစေသော ပဋိပက္ခများလောက် မသေချာသော အနာဂတ်ကို ပုံဆောင်နေသော အဖြစ်အပျက်မရှိတော့ပြီ။ အသက်အိုးအိမ်များ ဆုံးရှုံးရခြင်းနှင့် နေစရာမရှိ ထွက်ပြေးနေရခြင်းများက ပို၍များပြားလာသည်။ NLD အစိုးရသည် အဖြေကိုယူဆောင်မလာနိုင်ခဲ့ရာတင်းမာနေသော နိုင်ငံရေးအခြေအနေကသာ တစ်နေ့ထက်တစ်နေ့ပိုဆိုးလာခဲ့သည်။

ကြီးကျယ်သော ကစားပွဲအသစ် - နိုင်ငံတကာဇာတ်ခုံတွင် ရှေ့တန်းရောက်လာသော အာရကန်မြေ

၂၀၁၈ ခုနှစ်ကုန်ခါနီးတွင် ရခိုင်ပြည်နယ်၏ နိုင်ငံရေးပြဿနာများမှာ ညှပ်ပူးညှပ်ပိတ် အခြေအနေထဲတွင်သာရှိသည်။ အမျိုးမျိုးသော နိုင်ငံတကာ အစီအစဉ်များက ရိုဟင်ဂျာအကျပ်အတည်းကို ဖြေရှင်းရန် ဆက်လက်ကြိုးစားကြသည်။ သို့သော် လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် လူအခွင့်ရေး ချိုးဖောက်ခံရမှုများကို စုံစမ်းထောက်လှမ်းရန် ထောက်ပံ့ပေးခြင်းဖြစ်သည်။ သို့သော် ထိုကြိုးပမ်းမှုများသည် အောက်ခြေတွင် အပြောင်းအလဲများကို မဖြစ်စေနိုင်ပါ။ ဘင်္ဂလားဒေ့ရှ်မှာ ဒုက္ခသည်များပြန်လာနိုင်ပုံ မရသေးပါ။ တရုတ်အစိုးရကမူ ဤအခြေအနေမျိုးကိုပင် မြန်မာနိုင်ငံရှိ နိုင်ငံရေးနှင့် စီးပွားရေးမဟာဗျူဟာများ ပုံဖော်နိုင်သည့်အချိန်ဟု ယူဆသည်။

ဤသဘောထားမျိုးကပင် အာရကန် အကျပ်အတည်းကို အခြေအနေသစ်တစ်ခုဆီသို့ တွန်းပို့လိုက်သည်။ နိုင်ငံတကာ၏ ယှဉ်ပြိုင်မှုများ မြင့်မားလာချိန်တွင် ရခိုင်သည် ၁၉၄၈ လွတ်လပ်ရေးရပြီးကတည်းက ကြုံခဲ့ရသမျှထဲတွင် အရေးအကြီးဆုံး စီးပွားရေးနှင့် ပထဝီနိုင်ငံရေး အပြောင်းအလဲ တစ်ရပ်ကို ကြုံရတော့မည့် အခြေအနေဖြစ်သည်။

ထိုအဖြစ်အပျက်များ ပေါ်ပေါက်လာချိန်တွင် အာရကန်လူမျိုးများသည်အခြားသူတို့ကဂင်းတို့၏ နိုင်ငံရေးနှင့် စီးပွားရေးအနာဂတ်များအား ပိုင်းခြား ဆုံးဖြတ်နေကြသည့်အရေးတွင် အပြင်လူကဲ့သို့ ထိုင်ကြည့်နေရသည့် ခံစားမှုမျိုး ပြန်ဖြစ်ရပြန်သည်။ တရုတ်သည် ထိုသို့ ရခိုင်အရေးကို အဓိက အဆုံးအဖြတ်ပေးနေသည့် နိုင်ငံတစ်ခုဖြစ်လာသည်။ (အပေါ်တွင် ဖော်ပြထားသကဲ့သို့ပင် နိုင်ငံရေး ညှပ်ပူးညှပ်ပိတ် အခြေအနေနှင့် တရုတ်က ဝင်ရောက်လာခြင်းကို ရှုပါ။) ၂၀၁၆ ရိုဟင်ဂျာ ပြဿနာ ပြန်လည်ပေါ်ပေါက်လာခဲ့ပြီး နောက်ပိုင်းကြုံရသော အဖြစ်အပျက်များမှာ တရုတ်နိုင်ငံအတွက် အကျိုးကျေးဇူးရရှိဖို့ရာ ဖြစ်လာကြသည်။ အချိန်ကာလအားဖြင့် တိုက်ဆိုင်မှုဟု ဆိုနိုင်သော်လည်း ဆက်တိုက်ဖြစ်လာသော အဖြစ်အပျက်များက စီစဉ်ထားသလို တရုတ် အာဏာပိုင်များနှင့် မြန်မာအစိုးရတို့ ဦးသိန်းစိန် လက်ထက်တွင် မမျှော်လင့်ဘဲ ဆက်ဆံရေး အေးခဲသွားသည်ကို ပြန်လည်လမ်းကြောင်းတည့်၍ လက်ရှိမြန်မာအစိုးရနှင့် ပိုမိုနီးစပ်သွားသော အခြေအနေကို ဖန်တီးပေးခဲ့သည်။ (အခန်း ၆ ကိုရှုပါ။) အစောပိုင်းကတည်းကပင် တရုတ်အကျိုးစီးပွားများမှာ စုစုစည်းစည်းမဟုတ်ဘဲ ပြန့်ကျဲနေသည်။ ၂၀၁၇ မေလတွင် သမ္မတရှီကျင့်ဖျင်က BRI ကို စတင်ခဲ့ပြီးသည့် နောက်ပိုင်းတွင် တရုတ်အာဏာပိုင်များက ပို၍ မဟာဗျူဟာကျကျ စဉ်းစားလာသည်။ အဓိကအားဖြင့် ဧရိယာသုံးခုကို ပစ်မှတ်ထားသည်။ ထိုသုံးခုစလုံးမှာ ရခိုင်ပြည်နယ်၏ အနာဂတ်အတွက် အရေးကြီးသည့် ဒုက္ခသည် ပြဿနာဖြေရှင်းရေးကိစ္စ၊ လူမျိုးစု ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုတို့ဖြစ်ကြသည်။

လက်ရှိတွင် ထိုနယ်ပယ်သုံးခုစလုံးမှာ စလုံးရေစသည် ဆိုရုံသာရှိသေးသည်။ ရိုဟင်ဂျာတို့ အရေးတွင် ၂၀၁၇ နိုဝင်ဘာလတွင် တရုတ်နိုင်ငံခြားရေးဝန်ရီ အကြံပေးခဲ့သော ပြန်လည်နေရာချထားရေး အစီအစဉ်မှာ အထမမြောက်ခဲ့ပါ။[၃၃] ပြီးခဲ့သည့် နှစ်နှစ်အတွင်း၌ နိုင်ငံတကာ ခံရုံးများကို ဆန့်ကျင်ရေး မြန်မာနိုင်ငံအပေါ် ကျရောက်လာမည့် ပိတ်ဆို့မှုများကို ပြဿနာဖြေရှင်းသည့် နည်းလမ်းဟု မယူဆဘဲ ငြင်းပယ်ရေးတို့ဖြင့် တရုတ်၏ မူဝါဒမှာ အနောက်နိုင်ငံများနှင့် ခွဲထွက်ခဲ့သည်။ ထိုကြိုးပမ်းမှုများကို လျှော့မတွက်သင့်ပါ။ သို့ရာတွင် တရုတ်တို့အနေနှင့် ဘက်ပေါင်းစုံမှ လူမျိုးအစုအဖွဲ့များ ကျေနပ်လောက်သည့် ဖြေရှင်းပုံမျိုးကို ရောက်ရှိရန် အတော်ကြိုးစားရပါလိမ့်ဦးမည်။ ၂၀၁၉ ခုနှစ်အတွင်း ရိုဟင်ဂျာအကျပ်အတည်းမှာ အာရှတွင် မဖြေရှင်းနိုင်သော ပြဿနာတစ်ခု ဖြစ်နေမြဲပင်။

ရိုဟင်ဂျာကိစ္စ ဖြေရှင်းမရဘဲ တန့်နေခြင်းမှာ အခြားဦးစားပေးဧရိယာနှစ်ခုမှ မဟာဗျူဟာကိစ္စများ နောက်သို့ လိုက်ရာတွင် တရုတ်အတွက် အဟန့်အတား မဖြစ်စေပါ။ လူမျိုးစုများကြား ငြိမ်းချမ်းရေး နှင့် စီးပွားရေး စီမံကိန်းများတွင်လည်း တရုတ်အစိုးရအရာရှိများက ယခင်နှင့်မတူဘဲ ပါဝါအပျော့ကို သုံးလာကြသည်။ အစိုးရအချင်းချင်းသာ ဆက်ဆံခဲ့ရမှ ယခုအခါ ပြည်သူနှင့်ပြည်သူကြားဟူသော ဆက်ဆံရေး တည်ဆောက်ရန်ကိုပါ ထည့်စဉ်းစားလာသည်။ BRI ကို စတင်ကြေညာစဉ်ကတည်းက အစိုးရ အချင်းချင်းကြား အစည်းအဝေးများ ကျင်းပခဲ့ကြသကဲ့သို့ မြန်မာတရုတ်ချစ်ကြည်ရေး အသင်းများကလည်း ပြည်သူ့အခြေပြုအစီအစဉ်များကို ဆောင်ရွက်လာကြသည်။[၃၄] တရုတ်အရာရှိများသည် အစိုးရကိုရော လူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများကိုရော တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးစာချုပ် အကောင်အထည် ပေါ်နိုင်ရေးအတွက် ကန့်လန့်ကာ နောက်ကွယ်မှ တိုက်တွန်း နှိုးဆော်ပေးသူ အဓိက ဇာတ်ဆောင်များ ဖြစ်ကြသည်။

တရုတ်က လူမျိုးစုငြိမ်းချမ်းရေးကိစ္စများတွင် ပိုမိုတက်ကြွလာခြင်းကို အခြားသူများကလည်း သတိမထားမိဘဲ မနေပါ။ အခြားနိုင်ငံများကမူ မြန်မာ့နိုင်ငံရေး အရှုပ်အထွေးထဲတွင် တရုတ်အာဏာပိုင်တို့က ဤမျှစိတ်ဆန္ဒ ထက်သန်နေကြခြင်းကို အံ့သြကြသည်။ "တရုတ်သည် မြန်မာနိုင်ငံ၏ လူမျိုးစုအရေး ဖြေရှင်းရာတွင် အဘယ့်ကြောင့် အားကုန်ထုတ် နေရသနည်း" ဟု တောင်အာရှလေ့လာရေးအဖွဲ့တစ်ခုက မကြာသေးခင်က မေးမြန်းခဲ့သည်။[၃၅] သို့သော် အမှန်တကယ်တွင် တရုတ်သည် အခြားနိုင်ငံတကာက မြန်မာနှင့် ဆက်ဆံနေကြသူများထက်စာလျှင် ဤနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် လူမျိုးအားလုံး တစည်းတလုံး ပါဝင်နိုင်ရေးအား လိုအပ်နေကြောင်းကို ပို၍နားလည်ခဲ့သည်မှာ ရှေးကတည်းကပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးတွင် ၁၉၈၈-၉၉ ခုနှစ်များ၌ ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်နှစ်ခုက နိုင်ငံခြားရေးမူဝါဒရေးရာ သုံးသပ်သူများကို အရေးကြီးသည့် သင်ခန်းစာများပေးခဲ့သည်။ ထိုဖြစ်ရပ်နှစ်ခုမှာ ဗိုလ်ချုပ်နေဝင်း၏ မြန်မာနည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်နှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့ ရှေ့ဆင့်နောက်ဆင့် ပြိုကျသွားကြခြင်းဖြစ်သည်။ ဤအချိန်ကစ၍ တရုတ်အာဏာပိုင်များသည် မကြာခဏ ဖရိုဖရဲ ဖြစ်တတ်သော အိမ်နီးချင်း

နှင့် တည်ငြိမ်သော ဆက်ဆံရေးကို ထူထောင်ရန် ရေရှည်ရည်မှန်းချက်ထားခဲ့ကြသည်။ ပြဿနာတစ်ခုကို ဦးတည်ဖြေရှင်းရေးထက်စာလျှင် တရုတ်တို့အဓိက ဦးတည်သည်မှာ မိမိတို့အတွက် အရေးပါမည့် ပုဂ္ဂိုလ်များ နှင့် ဆက်ဆံရေးကို ထိန်းထိန်းသိမ်းသိမ်းထားရန် ဖြစ်သည်။[၁၄၀]

ထိုကဲ့သို့ လက်တွေ့ကျပုံမျိုးကိုသုံးကာ တရုတ်သည် ၂၀၁၇ BRI စီမံကိန်းများစတင်ခဲ့ချိန်မှ အစပြု၍ ယုံယုံကြည်ကြည်လှုပ်ရှားခဲ့သည်မှာ စီးပွားရေးကဏ္ဍတွင်ဖြစ်သည်။ သို့ရာတွင် တရုတ်တို့၏ မဟာဗျူဟာလက်တံများ ရှည်လျားမှုမှာ ကုန်သွယ်ရေး သဘောတူညီချက်အချို့ကိုရရှိရန်ထက် များစွာပိုပါသည်။[၁၄၁] ၁၉၄၈ လွတ်လပ်ရေးပြီးကတည်းက မြန်မာအစိုးရအဆက်ဆက်သည် ၎င်းတို့၏ အင်အားကြီးမားလှသော အိမ်နီးချင်းနှင့် အလွန်နီးကပ်သည့် အနေအထားမျိုးမရှိအောင် သတိနှင့် ဆက်ဆံခဲ့ကြသည်။ ၂၀၁၁ ခုနှစ် သမ္မတဦးသိန်းစိန်လက်ထက်တွင် ကချင်ပြည်နယ်ရှိ မြစ်ဆုံဆည်ကို ရပ်တန့်ခဲ့ခြင်းကလည်း ထိုသဘောကို ထင်ဟပ်နေပေသည်။ သို့သော် ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ဘေကျင်းရှိ တရုတ်အစိုးရနှင့် နေပြည်တော်ရှိ မြန်မာအစိုးရတို့မှာ ဒေါ်အောင်ဆန်းစုကြည် အာဏာရခါစကဆိုလျှင် ဤကဲ့သို့ ဖြစ်လာမည်ဟု မှန်းဆရန် အလွန်ခက်မည့် ဆက်ဆံရေးမျိုးကို ပြန်လည် တည်ဆောက်ရန် သဘောမျှခဲ့ကြသည်။

၂၀၁၇ ခုနှစ်ကစပြီး ဤပုံစံအတိုင်းပင်ဖြစ်ခဲ့သည်။ အနောက်နိုင်ငံအစိုးရများသည် NLD အပေါ် စိတ်ပျက်ခဲ့ကြသည်။ မြန်မာအစိုးရ ခေါင်းဆောင်များသည် တရုတ် ရင်းနှီးမြှုပ်နှံမှုများကို စီးပွားရေး အခွင့်အလမ်းအဖြစ် ရှုမြင်ခဲ့ကြသည်။ တပ်မတော်အရာရှိများကိုမူ တရုတ်က စစ်ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး လုပ်ရန်အကြံများကို မထောက်ခံပါဟူသောကတိဖြင့် နှစ်သိမ့်ခဲ့သည်။[၁၄၂] တရုတ် စီးပွားရေးအကျိုးအမြတ် ရမည့်ကိစ္စများစွာမှာ BRI ဖွံ့ဖြိုးရေး စီမံကိန်းများ ခေါင်းစဉ်အောက်တွင်ထည့်ကာ စည်းရုံးခဲ့သည်။ ထိုစီမံကိန်းများထဲတွင် ယခင်ကလုပ်ငန်း ပြန်စရန် အလွန်ပင်ခက်ခဲမည်ဟု ထင်ရသော မြစ်ဆုံစီမံကိန်းကိုပင် ပြန်လည်အရေးဆိုခဲ့သည်။

ရှေ့လာမည့်နှစ်များတွင် နှစ်နိုင်ငံကြားရှိ နိုင်ငံရေး စီးပွားရေး အခြေအနေများ ကွာဟနေခြင်း အပါအဝင် အခက်အခဲမှာ များစွာရှိနိုင်ပါသည်။ တရုတ်၏ မြန်မာပြည်အတွက် လမ်းပြမြေပုံသည် NLD အစိုးရလက်ထဲတွင် ရှိသော မျှော်မှန်းချက်ထက်ပင် ကြီးကျယ်သည်မှာ သေချာပါသည်။ မြန်မာနိုင်ငံ၏ အစိတ်အပိုင်း အားလုံးမှာ BRI အဝန်းအဝိုင်းထဲမှ လွတ်သောအပိုင်းမရှိပါ။ သို့သော် ရခိုင်ပြည်နယ်အတွက်မှာမူ ကုန်းလမ်းခရီးရော ရေလမ်းခရီးအတွက်ပါ အလွန်အရေးကြီးသည့် နေရာတစ်ခုဖြစ်လာခဲ့သည်။ ပထဝီနိုင်ငံရေးအကျိုးဆက်များကို ဘင်္ဂလားပင်လယ်အော်၌ ယခုပင် စတင်ခံစားနေရပြီဖြစ်သည်။ ယခုအခါ နိုင်ငံတကာမှ မျက်လုံးများသည် ရခိုင်ကို စောင့်ကြည့်နေလေပြီ။

NLD အာဏာရယူခဲ့စဉ်က နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ တန့်သွားခဲ့သည်။ ယူနန်သို့သွားမည့် ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်းများ ပြီးစီးသွားသော်လည်း ကျောက်ဖြူမှ ကူမင်းသို့ ပြေးဆွဲမည့် မြန်နှုန်းမြင့် ရထားလမ်း ဆောက်လုပ်ရေး စီမံကိန်းကို ဒေသခံအရပ်ဘက်လူ့အဖွဲ့အစည်းက ဆန္ဒပြသဖြင့် ရပ်တန့်ခဲ့ကြသည်။ (အခန်း ၆ ကို ရှုပါ။) NLD သည် ဦးသိန်းစိန်အစိုးရထံမှ စီမံကိန်းကြီးသုံးခုကို အမွေရခဲ့ပါ သည်။ ဘင်္ဂလားဒေ့ရှ်က ရင်းနှီးမြှုပ်နှံမည့် ကညင်ချောင်း စီးပွားရေးဇုန်နှင့် ပုဏ္ဏားကျွန်းစက်မှုဇုန်၊ အိန္ဒိယက ရင်းနှီးမြှုပ်နှံမည့် ကုလားတန်မြစ် ဘက်စုံသုံး သယ်ယူပို့ဆောင်ရေး စီမံကိန်းနှင့် တရုတ်၏ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းတို့ ဖြစ်ကြသည်။ ထိုသုံးခုစလုံးမှာ ပြဿနာတက်နေကြပြီး ARSA နှင့် ULA တို့၏ လှုပ်ရှားမှုများပေါ်လာပြီး နောက်ပိုင်းတွင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများက ပို၍ပင် စိုးရိမ်လာကြသည်။ ကုလားတန်မြစ်ဝှမ်းအတွင်း ရက္ခိုင့် တပ်မတော် က တိုက်ခိုက်နေခြင်းများသည် ပြင်းထန်ထက်ရှသောသတိပေးချက်များ ဖြစ်ကြသည်။ မြန်မာ့စီးပွားရေးပညာရှင်များ အနေနှင့် ရခိုင်ပြည်နယ်၏ အရေးပါပုံကို သံသယဖြစ်စရာ ရှိမည်မဟုတ်ပါ။ သို့သော် ပြည်တောင်စုစက်မှုလက်မှုလုပ်ငန်းရှင်နှင့် ကုန်သည်ကြီးများ အသင်း UMFCCI မှ ဦးထွန်းနိုင်က "မြန်မာ့စီးပွားရေးသည် ရခိုင်မှပြဿနာများအား ဖြေရှင်းနိုင်မှအပေါ်တွင် မူတည်နေသည်ဟု" [၁၄၃] ဆိုခဲ့သည်။

တရုတ်အာဏာပိုင်များက မြန်မာနှင့် သံခင်းတမန်ခင်းများပိုမို တိုးချဲ့ဆောင်ရွက်လာချိန်တွင် အခြေ အနေမှာ မကောင်းလှပါ။[၁၄၄] ရခိုင်ပြည်နယ်၏ မဟာဗျူဟာအချက်အချာကျပုံမှာ ထင်ရှားလှပါသည်။ မြစ်ဆုံ ရပ်ဆိုင်းခဲ့သည့်ကိစ္စနောက်ပိုင်းတွင် တရုတ်ဘက်ကလည်း များစွာပြင်ဆင်ထားသည်။[၁၄၅] ရခိုင်ပြည်နယ်မှ အခြေအနေများတိုးတက်မှုမှာ နိုင်ငံ၏ ဖွံ့ဖြိုးမှုအတွက် မရှိမဖြစ် လိုအပ်နေသကဲ့သို့ ရခိုင်မှာ အိန္ဒိယသမုဒ္ဒရာမှ ဝင်ပေါက်တစ်ခုအဖြစ် ရှိကျင့်ဖျင်၏ အစီအစဉ်ထဲတွင် ပါဝင်နေပြန်သည်။ BRI စတင်ကတည်းကပင် ကျောက်ဖြူရှိ ရေနက် ဆိပ်ကမ်းမှာ အဓိက ဦးစားပေးတစ်ခုဖြစ်ပြီး ပါကစ္စတန်မှ ဂွါဒါနှင့် သီရိလင်္ကာမှ ဟမ်ဘန်တိုတာ ဆိပ်ကမ်းများကဲ့သို့ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် အဓိကမဏ္ဍိုင်ကြီးများ အဖြစ် လျာထားသည်။ ပုလဲကုံးသီထားသည့်နယ် အိန္ဒိယသမုဒ္ဒရာထဲမှ တရုတ်၏ ရေကြောင်းလုံခြုံရေး မဟာဗျူဟာထဲတွင်

ကျောက်ဖြူမှာ တရုတ်ကို စစ်ရေးအရ အရေးသာစေမည့် ပုလဲတစ်လုံးဖြစ်ပြီး အာဖရိကအင်ူဒေသနှင့် သမုဒ္ဒရာ ဖြတ်ကျော် ကုန်သွယ်စီးပွား ဆက်ဆံရေးများအတွက် လည်း အရေးပါလာမည်ဖြစ်သည်။

BRI ကို ဆက်လက် အကောင်အထည်ဖော်နိုင်ရန် တရုတ်အာဏာပိုင်များက ၂၀၁၈ အတွင်း အခြေခံကျသော အစီအစဉ်နှစ်ရပ်ဖြင့် ထပ်မံတိုက်တွန်းလာသည်။ ထိုအစီ အစဉ်နှစ်ရပ်မှာ ကျောက်ဖြူတွင် စီးပွားရေး ရပ်ဝန်းတစ်ခု တည်ဆောက်ရန်နှင့် မြန်မာနိုင်ငံတလွှားနှင့် ဆက်သွယ် ခရီးဆန့်နိုင်ရန် လမ်းကြောင်း တစ်ခုကို ထပ်မံဖြည့်စွက် ခဲ့သည်။ ထိုနှစ်စက်တင်ဘာတွင် NLD အစိုးရနှင့် တရုတ် မြန်မာ စီးပွားရေး စကြံ့အစီအစဉ်အတွက် နားလည်မှု စာ ချွန်လွှာကို လက်မှတ်ထိုးလိုက်ခြင်းက ဤအစီအစဉ် များ အထမြောက်ကြောင်း သင်္ကေတပင်ဖြစ် သည်။

စီမံကိန်းများ၏ အတိုင်းအဆမှာ ကြီးမားလွန်းပြီး မြန်မာနှင့်အိမ်နီးချင်းနိုင်ငံများကြား လူမှုရေး နိုင်ငံရေး ဆက်စပ်မှုပုံစံများကို ပြောင်းလဲပစ်နိုင်သည့် အလားအလာ များရှိသည်။[၁၄၆] CMEC သည် ရခိုင် ပြည်နယ်ကို ရန်ကုန်၊ မန္တလေး၊ ယူနန်ပြည်နယ်တို့နှင့် ဆက်သွယ်ပေး မည့် တကယ့်လမ်းကြောင်းကြီးကို အကောင်အထည်ဖော်မည် ဖြစ်သလို နှစ်နိုင်ငံအစိုးရများကြား စီးပွားရေးအရ ပူးပေါင်း ဆောင်ရွက်မည့် အခြားအစီအစဉ်များ အခွန်အကောက် ဆိုင်ရာ စာချုပ်များနှင့် စက်မှုဇုန်များပါ ပါဝင်လာမည့် စီမံကိန်းလည်း ဖြစ်သည်။[၁၄၇] ကနဦးတွင် တည်ဆောက်စရိတ် အမေရိကန်ဒေါ်လာ ၂ ဘီလီယံခန့်မှန်းထားသော စုစုပေါင်း စီမံကိန်း ၂၄ ခုမှာ CMEC အောက်တွင် ပေါ်လာရန် ရည်မှန်း ထား ကြသည်။[၁၄၈] သို့သော် ထိုပမာဏမှာ အစပိုင်း အတွက်သာ ဖြစ်ပြီး BRI ကို ပီပီပြင်ပြင် အကောင်အထည် ဖော်ကြသည့် အချိန်တွင် နှစ်နိုင်ငံအကြား မဟာဗျူဟာ အရ ပူးပေါင်းဆောင်ရွက်မှု တစ်ခေတ်ဆန်းသစ်မည် ဖြစ်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းပြဿနာများကိုပင် ဖြေရှင်း ပေးနိုင်လိမ့်မည်ဟု တရုတ်ဆောင်းပါးရှင်များက ရေးသားကြ သည်။ "ရန်ကုန်မှ တရုတ်သံအမတ် ဟုန်လျန်းက" BRI ကို မြန်မာနိုင်ငံတွင် တွန်းအားပေး အကောင်အထည် ဖော်နိုင် ပါက ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့် ပြည်သူတို့ ကောင်းစား ရေးသို့ လမ်းကို နှစ်နိုင်ငံအတူ တည်ဆောက်နိုင်မည်ဟု ပြောကြားခဲ့သည်။[၁၄၉]

အဆိုပါကတိများကား ရဲတင်းလှသည်။ CMEC စာချုပ်ကို လက်မှတ်ထိုးသည့် အချိန်မှစ၍ တရုတ်ကုမ္ပဏီ များနှင့် အာဏာပိုင်များမှာ မြန်မာနိုင်ငံနှင့် ပတ်သက်၍ ယုံကြည်မှုပိုမြင့်မားလာသည်။ အနောက်နိုင်ငံအစိုးရများ ၏ မူဝါဒများနှင့် လက်တွေ့ လှုပ်ရှားဆောင်ရွက်မှုများမှာ အလှမ်းပိုကွာလာပါသည်။ ၂၀၁၈ခုနှစ် အနှောင်းပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံအစိုးရများကြား ဒုက္ခသည် လွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက် ရသွားခဲ့ခြင်းက ရခိုင်ပြည်နယ် ပြဿနာကို ဖြေရှင်းနိုင်မည့် လမ်းစဖြစ်မည်ဟု တရုတ်၏ နိုင်ငံခြားရေးဝန်ကြီး ဝမ်းရီက ပြောကြား ခဲ့သည်။ (အခန်း ၈ ကိုရှုပါ။) သို့သော် ၎င်း၏စကားထဲတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး အေဂျင်စီများကို လည်း ထင်ထင်ရှားရှား ပုတ်ခတ်ပြောဆိုခဲ့သည်။ "ကုလသမဂ္ဂ၏ အထူးအေဂျင်စီများသည် ဤပြဿနာတွင် အပြုသဘော ဆောင်သော အခန်းကဏ္ဍမှ ပါဝင်သင့်ပြီး အပျက်သဘော မဖြစ်သင့်ဟု ပြောခဲ့သည်။[၁၅၀] ထိုရက်သတ္တပတ်အတွင်းမှာ ပင် တရုတ်၏ နိုင်ငံပိုင် CITIC လုပ်ငန်းစုက NLD အစိုးရ နှင့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် တည်ဆောက်ရန် စာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ ထိုနှစ် ဒီဇင်ဘာတွင် နိုင်ငံတော် အတိုင်ပင်ခံဒေါ်အောင် ဆန်းစုကြည်အား BRI စီမံကိန်းများနှင့် မြန်မာဘက်ခြမ်း မှ CMEC ကြီးကြပ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌခန့်ထားခြင်းဖြင့် တရုတ်၏ အစီအစဉ်များ ပို၍ အသက်ဝင်လာခဲ့သည်။ ဤအဖွဲ့ဝင် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌဖြစ်လာခြင်းက အလွန်ကြီးကျယ်သော ထောက်ခံချက်မျိုးပင်ဖြစ်သည်။

စီးပွားရေးနယ်ပယ်ဘက်မှ ကြည့်လျှင် တရုတ်၏ အစီအစဉ်များမှာ ချောမွေ့နေသည်။ ၂၀၁၈ ခုနှစ်က တည်းကပင် ဆိုက်ရောက်ဗီဇာအစီအစဉ်ဖြင့် တရုတ်ခရီးသွား များ အရေအတွက်တိုးလာခဲ့ပြီး NLD အစိုးရအဖွဲ့ဝင် များမှာလည်း တရုတ်သို့မကြာခဏပင် အလည်အပတ် ရောက်ရှိခဲ့ကြသည်။ "တရုတ်သည် မြန်မာ့ NLD ကို ပျော်ပွဲ စားလွှတ်၍ မြှူလေပြီ" ဟု ရိုက်တာသတင်းအေဂျင်စီက ရေးသားခဲ့သည်။[၁၅၁] တိုးတိုးတိတ်တိတ် လှုပ်ရှာမှုများ အနေ နှင့်မူ တရုတ်အစိုးရ အရာရှိများသည် မြန်မာအစိုးရ၊ ULA မြောက်ပိုင်း မဟာမိတ်များနှင့် FPNCC တို့ကို ငြိမ်းချမ်းရေး စာချုပ် တစ်ခုချုပ်ဆိုရန် တိုက်တွန်းနေခဲ့သည်။[၁၅၂] ဘေကျင်း မှ တရုတ်နိုင်ငံပိုင် မီဒီယာများတွင်ကား မြန်မာနိုင်ငံ၏ လူမျိုးစုငြိမ်းချမ်းရေးနှင့် စီးပွားရေးတိုးတက်မှုတို့တွင် တရုတ်၏ အခန်းကဏ္ဍအရေးကြီးပုံကို မပြတ်မီးမောင်းထိုး ပြနေခဲ့သည်။ ၂၀၁၈ခုနှစ်ဒီဇင်ဘာလတွင် The Global Times သတင်းစာက "တရုတ်နှင့် တည်ဆောက်မည့် စီးပွားရေး စကြံ့မှာ မြန်မာ့ငြိမ်းချမ်းရေးအတွက် အဓိကကျ" ဟူသော ခေါင်းစဉ်ဖြင့် ရေးသားခဲ့သည်။[၁၅၃]

မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်၏ အကျိုးစီးပွား များမှာ ဘက်စုံထောင့်စုံတွင် ရှိသည်။ ထိုင်းနိုင်ငံ နယ်စပ် အနီး ကရင်နယ်ခြားစောင့်တပ်က ထိန်းချုပ်သော နယ်မြေ ထဲတွင်ရှိသည့် ရွှေကုက္ကို "တရုတ်မြို့သစ်" ဟု ခေါ်ကြသော ဘီလီယံဒေါ်လာများစွာ တန်သော ဆောက်လုပ်ရေး စီမံကိန်း ထက်ပို၍ ထင်ရှားသော ဥပမာမရှိတော့ပြီ။ ယူနန်နယ်စပ်နှင့်

ကီလိုမီတာ ၈၀၀ မျှကွာဝေးသော နေရာတွင်ရှိပြီး တရုတ်ရင်းနှီးမြှုပ်နှံသူများက ဤမြို့သစ်စီမံကိန်းကို အာရှကုန်းမကြီး၏ နောက်ထပ် ဂိတ်ပေါက်တစ်ခုဟု မှတ်ယူကြသည်။[၁၅၄] မြန်မာနိုင်ငံကို အကြောင်းပြု၍ တရုတ်ရည်မှန်းထားသော အကျိုးရလဒ်များ မြင့်မားလှခြင်းက အချို့သော သူများအတွက် စိတ်သက်သာစရာမဖြစ်ပါ။ တရုတ်အစိုးရက မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးစင်တာအား ငွေပေးလှူသည့် သတင်းကို ဧရာဝတီမဂ္ဂဇင်းက တုံ့ပြန်ရေးသားသော ခေါင်းစဉ်မှာ "မြန်မာပြည်ကြီးကို ငြိမ်းချမ်းစွာထားခဲ့ပါ" ဟူ၍ဖြစ်သည်။[၁၅၅]

နောက်ထပ်လှမ်းလာမည့် တရုတ်၏ ခြေလှမ်းများကို မှန်းဆရန်ခက်ပါသည်။ ပဋိပက္ခများ ဆယ်စုနှစ်ပေါင်း များစွာရှိခဲ့သည့် မြန်မာနိုင်ငံတွင် အခြားသူများက ဝင်မဖြေရှင်းပေးနိုင်ဘဲ တရုတ်ကသာ ဝင်ဖြေရှင်းပေးရန် တရုတ်တွင်လည်း ပဉ္စလက်ဆေးကြိမ်လုံး ရှိပုံမရပါ။ နိုင်ငံတကာအသိုင်းအဝိုင်းတွင် သံသယရှိကြစေကာမူ တရုတ်အရာရှိများက ၎င်းတို့၏ မူဝါဒကို ကာကွယ်သောအားဖြင့် မြန်မာပြည် အရေးတွင် ဝင်ရောက်ဆောင်ရွက်ပေးရန် အကြောင်းပြချက်ခိုင်လုံသည်ဟု ဆိုလေ့ရှိကြသည်။ BRI သည် မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံမှ သက်ဆိုင်ရာ လူပုဂ္ဂိုလ်များအား လုံးကို စုစည်းပေးနိုင်မည့် အခင်းအကျင်း ဖြစ်သည်ဟု ဆိုကြသည်။ ၂၀၁၈ ခုနှစ် BRI စတင်ကတည်းက ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာပြည် အတွင်းရှိ BRI ရော CMEC နှင့် ပါ ပတ်သက်သည့် လုပ်ငန်းကော်မတီများကို ဦးဆောင်နေသည်။

တရုတ်၏ လမ်းကို မလိုက်ဘဲ အမေရိကန်ပြည်ထောင်စု အောက်လွတ်တော်သည် ရိုဟင်ဂျာအပေါ် လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်ခဲ့သော အမှုများကို ဂျီနိုဆိုက်ဟု ကြေညာခဲ့ပြီး ဥရောပသမဂ္ဂနှင့် အမေရိကား နှစ်ဖက်စလုံးက တပ်မတော်ခေါင်းဆောင်များအပေါ် ပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။[၁၅၆] ကမ္ဘာ့ဘဏ်၏ ဒေါ်လာသန်း တစ်ရာတန်စီမံကိန်းကြီး ရခိုင်ပြည်နယ်တွင် စတင်ရန်မှာလည်း ဤဒေသ၏ လူမျိုးစုပဋိပက္ခ များ၊ ဒုက္ခသည်များထွက်ပြေးနေရခြင်းများနှင့် ပြည်တွင်းမှာပင် အိုးအိမ်မဲ့ဖြစ်နေရခြင်းများ ရှိနေသေးသောကြောင့် နိုင်ငံတကာ NGO များက ဝိုင်းကန့်ကွက်ခဲ့ကြသည်။[၁၅၇] ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီကမူ မြန်မာနိုင်ငံ၏ အခြေအနေကို မပြတ်စောင့်ကြည့် အကဲခတ်လျက်ရှိသည်။

အဆုံးသတ်တွင် တရုတ်ဘက်က မြန်မာ့နိုင်ငံရေးလောကတွင် မည်မျှသတိရှိရှိ အထိအခိုက် နည်းအောင် လှုပ်ရှားနိုင်မည်နည်းဟူသော အချက်ပေါ်တွင် များစွာမူတည်သည်။ တရုတ်တို့သည် အာဏာရှင်ဆန်ဆန်ဝင်ရောက်လာသူများဖြစ်သည်ဟူသော အမြင်မျိုးကို တရုတ်တို့ရခိုင်ပြည်နယ်တွင် ကြုံလာရနိုင်ပါသည်။[၁၅၈] "တရုတ်တွေဟာ သူတို့ရင်နှီးမြှုပ်နှံမှုအတွက်ဆိုရင် အင်မတန်တဇွတ်ထိုး နိုင်တယ်" ဟု မြောက်ဦးမြို့ နယ် ANP ၏ အောက်လွှတ်တော် အမတ် ဦးဦးလှစော က ပြောကြားခဲ့သည်။[၁၅၉] ၂၀၁၉ တွင် ရခိုင်၌ အပစ်အခတ်များ ပို၍ကြုံကြိုက် လာရခြင်းကြောင့် BRI စီမံကိန်းများ မည်မျှမြန်မြန် အကောင်အထည်ဖော်နိုင်မည်နည်းဟု စဉ်းစားစရာ ဖြစ်သည်။[၁၆၀] ရိုဟင်ဂျာအရေးနှင့်ပတ်သက်၍ တရုတ်အစိုးရကမည်သို့ ကမ်းလှမ်းသည်ကိုမူ မသိနိုင်ပါ။ တရုတ်အစိုးရ အရာရှိများကမူ ဒုက္ခသည်များအား ပြန်လာစေရန် ငွေကမ်း လှမ်းခဲ့သည်ဆိုသော်ကိစ္စမှာ မဟုတ်ကြောင်း ရှင်းလင်းခဲ့သည်။[၁၆၁] မကြာသေးခင်က တရုတ်၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်တို့ သုံးနိုင်ငံပူးတွဲ အလုပ်အဖွဲ့ကို ရိုဟင်ဂျာများ ပြန်လည် လွှဲပြောင်းရေးအတွက် ဖွဲ့စည်းခဲ့သည်။ သို့သော် မြေပြင်ပေါ်တွင် သိသာသောအပြောင်းအလဲများ ဖြစ်လာရန် များစွာအားထုတ်ရပေဦးမည်။[၁၆၂]

တရုတ်သည် အမှန်တကယ် ရိုးဖြောင့်သော ငြိမ်းချမ်းရေးပွဲစား ဖြစ်နိုင်ပါမည်လားဟု ဒေသခံတို့ကြားတွင် ပူပန်နေကြခြင်းလည်း ရှိပါသည်။ ခေတ်သစ်ဗုဒ္ဓဘာသာနှင့် မွတ်ဆလင်များကြားတွင်ရှိသော အကွဲအပြဲသည် သေးငယ်သည့် ပြဿနာမဟုတ်ပေ။ ရခိုင်၏အနာဂတ်နှင့် ဤပြဿနာမှာ ခွဲမရအောင်ရှိသောကြောင့် လျစ်လျူရှုရန် မဖြစ်နိုင်ပါ။ အခြားနိုင်ငံတကာ အသိုင်းအဝိုင်းများထက်စာလျှင် ဘာသာရေးအပေါ် တရုတ်၏အမြင်မှာ တစ်မျိုးဖြစ်သည်ဟု သာသနာရေးဘက်မှ ခေါင်းဆောင်များကလည်း သတိထားမိကြသည်။ တရုတ်သမ္မတရှီကျင့်ဖျင်လက်ထက်တွင် ဘာသာရေးအုပ်စုများ၏ လှုပ်ရှားမှုများကို အစွန်းရောက်များဟူသော မျက်မှန်ဖြင့်ကြည့်လေ့ ရှိပြီး မွတ်ဆလင်နှင့် အခြားလူနည်းစုများ အပေါ် တွင်လည်း သဘောထားတင်းမာခဲ့သည်။[၁၆၃] အထူးသဖြင့် မြန်မာနိုင်ငံရှိ ခရစ်ယာန် ဘာသာရေးခေါင်းဆောင်များသည် တရုတ်၏ တွန်းတွန်းတိုက်တိုက် ဖိအားပေးစည်းရုံး တတ်ပုံကို များစွာ စိုးရိမ်ကြသည်။[၁၆၄] တရုတ် အရာရှိများသည် မြန်မာ အစိုးရကဲ့သို့ပင် ရိုဟင်ဂျာဆိုသော အသုံးအနှုန်းကို ရှောင်ကျဉ်ကြသည်။

ရေရှည်တွင် ဤပြဿနာကို ဖြေရှင်းရမည့် နည်းလမ်းများလိုအပ်လာမည် ဖြစ်သည်။ BRI ၏ ကံကြမ္မာသည် မည်သို့ပင်ဖြစ်စေ တရုတ်၏ လက်ထဲတွင်ရှိပြီး တရုတ်အစိုးရသည် နောက်ထပ်လှမ်းရမည့် ခြေလှမ်းများအတွက် ပြင်ဆင်နေပြီဖြစ်သည်။ မည်သည့်နိုင်ငံကမှ အတိတ်က အဖြစ်အပျက်များကို လုံးလုံး ကန့်လန့်ကာချပြီး အနာဂတ်ကို လွတ်လွတ်လပ် လပ်ဦးတည်သွားနိုင်ခဲ့ကြသည်မဟုတ်ပါ။ BRI သည် နောက်ထပ်စစ်ဘောင်ချဲ့မှု

များနှင့် ပဋိပက္ခများဆီသို့ ရောက်မသွားရန် အလွန်အရေးကြီသည်ဟု Transnational Institute က မကြာသေးခင်က သတိပေးခဲ့သည်။[၁၆၅] BRI – CMEC အောင်မြင်ဖို့အတွက်ဆိုလျှင် တရုတ်အနေနှင့် မြန်မာပြည်သူများ ရင်ဆိုင်နေရသော လက် တွေ့ အ ခြေ အ နေ များ နှင့် မြန် မာ ပြည် သူ များ ၏ လိုအပ်ချက် အပေါ် မူတည်၍ ရည်မှန်းချက်ကို အကောင်အထည်ဖော်သင့်ပြီး ထိုသို့မဟုတ်လျှင် မြန်မာနိုင်ငံအတွက် အဆင်မပြေနိုင်ဟူသော ထင်မြင်ယူဆချက်များလည်းရှိလာသည်။ Stimson Center မှ Yun Sun က "အပေါ့စား BRI စီမံကိန်းများ"ကို ပြန်စဉ်းစားခြင်းဖြင့် မြန်မာနိုင်ငံသည် ပြည်တွင်းဒဏ်ပါ ဖွံ့ဖြိုးရေး မော်ဒယ် ဖြစ်လာနိုင်ကြောင်း ရေးသားခဲ့သည်။[၁၆၆]

သေချာသည်က မြန်မာနိုင်ငံ၏ အိမ်နီးချင်းများကမည်သို့ တုံ့ပြန်ကြမည်နည်း ဆိုသည်မှာ အရေးကြီးခြင်းပင်။ "ဖွံ့ဖြိုးရေး" နှင့် "ဒေသတွင်း နီးကပ်စွာ ကူးလူး ဆက်သွယ်နိုင်ခြင်း" တို့ဟူသော စကားလုံးများကို အာရှ၏ ဤအစိတ်အပိုင်းအတွင်း အပေါင်းလက္ခဏာဆောင်သော အမှတ်အသားအဖြစ် ယူဆကြသည်။ သို့သော် တရုတ်၏ ပြိုင်ဘက်များကမူ BRI သည် သမ္မတရှီကျင့်ဖျင်၏ တရုတ်ပါဝါကြီးစိုးရေး အစီအစဉ်ဖြစ်ပြီး ဖွံ့ဖြိုးရေးကို ဖြစ်စေမည့် မဟာဗျူဟာ တစ်ခုအဖြစ် မမြင်ကြပေ။ BRI ကို ၂၀၁၇ တွင် စတင်သည့် အချိန်ကစ၍ ဒေသတွင်းရှိ မလေးရှား၊ သီရိလင်္ကာနှင့် အခြားနိုင်ငံများတွင် တရုတ်စီမံကိန်းများ အကြွေး ထောင်ချောက်များ ဖြစ်နိုင်ခြင်း၊ တရုတ်ကို အမှီအခိုပြုလာခြင်းများနှင့် ဒေသတွင်း လုံခြုံရေး အန္တရာယ် ပိုကြီးလာခြင်းအစရှိသည့် အမြင်များဘက်မှသုံးသပ်ခြင်းများ ရှိလာသည်။[၁၆၇]

အထူးသဖြင့် ဂျပန်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့က ထိုစိုးရိမ်မှုကို ပို၍နက်နက်ရှိုင်းရှိုင်း ခံစားနေရသည်။ ထိုနိုင်ငံသုံးခုစလုံးမှာ မြန်မာနိုင်ငံနှင့် သမိုင်းတလျှောက် ပတ်သက်မှု၊ ဆက်ဆံမှုများ ကိုယ်စီရှိ နေကြသော နိုင်ငံများဖြစ်ကြသည်။ လာမည့် နှစ်များတွင် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးရေးအပေါ် ၎င်းတို့၏ စိုးရိမ်မှုများကြောင့် ဖြစ်လာသော နောက်ဆက်တွဲများကို တွေ့လာနိုင်ပေသည်။ NLD အာဏာရလာပြီး နောက်ပိုင်းတွင် ဂျပန်သည် မြန်မာနိုင်ငံတောင်ပိုင်းနှင့် ထိုင်းနိုင်ငံကို ဆက်သွယ်မည့် အာရှလမ်းမကြီးကို အကောင်အထည်ဖော်လျှက် ရှိသည်။ အိန္ဒိယသည် သုံးနိုင်ငံနယ်ခြားဆုံချက်ဒေသတွင် ကုလားတန်-စစ်တွေ ရေလမ်းကြောင်းကို အကောင်အထည်ဖော်နေပြီး ဘင်္ဂလားဒေ့ရှ်သည် ရိုဟင်ဂျာအကျပ်အတည်းကြောင့် မြန်မာနိုင်ငံနှင့် ဆက်စပ်ဖြေရှင်းနေရသည့် နိုင်ငံဖြစ်သည်။ တရုတ်၏ ဩဇာကျယ်ပြန့်လာသည်နှင့်အမျှ ထိုနိုင်ငံသုံးခုစလုံးကလည်း ၂၀၁၆ ရခိုင်အရေးအခင်း အရှိန်မြင့်တက်လာပြီးနောက်ပိုင်းတွင် ၎င်းတို့ လုပ်ငန်းများကို အရှိန်တင်ကာ နည်းလမ်းအမျိုးမျိုး သုံး၍ တုံ့ပြန်လာခဲ့ကြသည်။

ဂျပန်သည် တရုတ်နှင့် ဤအာရှဒေသတွင် ပထဝီနိုင်ငံရေး ပြိုင်ဘက်ဖြစ်မြဲ ဖြစ်နေဆဲပင်။ သို့သော် ရှင်ဇိုအာဘေး၏ အစိုးရသည် ရခိုင်ပြည်နယ်တွင် ဂျပန်၏ ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်လိုသည့် အရိပ် အယောင်ကို ပြခဲ့သည်။ ၂၀၁၉ ဖေဖော်ဝါရီလတွင် ဂျပန်အစိုးရအေဂျင်စီများက "ရခိုင်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးပြပွဲ" ကို ပြုလုပ်ခဲ့သည်။ သံတမန်တို့၏အဆိုအရ ဂျပန်၏ ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်အတွင်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများတွင် ရှေ့တန်းမှ ဦးဆောင်နိုင်ရန် ဖြစ်သည်။[၁၆၈]

ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယတို့ကမူ ပို၍ နီးနီးကပ်ကပ် ပါဝင်ကြရမည့် အနေအထား ရှိသည်။ နယ်စပ်ချင်း ထိစပ်နေသော နိုင်ငံများဖြစ်နေကြခြင်းကြောင့် သမိုင်းတစ်လျှောက်လုံးတွင် သုံးနိုင်ငံနယ်ခြားဆုံချက်ဒေသ မငြိမ်းချမ်းသရွေ့ ရခိုင်ပြည်နယ်ငြိမ်းချမ်းရေး ရစရာမရှိကြောင်း သိခဲ့ကြပါသည်။ (ဒေသတွင်း ပဋိပက္ခ အရှုပ်အထွေးကိုရှုပါ။) ဤနိုင်ငံသုံးခုစလုံးမှ အစိုးရခေါင်းဆောင်များသည် ဤဒေသကို ကာလကြာမြင့်စွာ လျစ်လျူရှုထားခဲ့ကြသော်လည်း ယခုအခါတွင်မူ ၎င်းတို့အတွက် အပူတပြင်းအဖြေရှာရမည့်ကိစ္စ ဖြစ်လာပေသည်။ BRI ကိုတည်ထောင်လိုက်ကတည်းက ယခင် ၁၉၉၀ နောက်ပိုင်းကတည်းက ရှိခဲ့သော ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနှင့်မြန်မာ စီးပွားရေးစင်္ကြံ စီမံကိန်း BCIM ပင်လျှင် အရှိန်ရလာပါကြောင်း BRI ကိုထောက်ခံသည့် တရုတ်သုံးသပ်သူများက ရေးသားခဲ့ကြသည်။[၁၆၉] သို့သော် ယခုလက်ရှိတွင် BICM သည် ဘေဂျင်း၏ BRI စီမံကိန်းများက ရည်မှန်းထားသော အတိုင်းအဆ၊ အလှမ်းကျယ်မှုနှင့် မည်သို့မျှ နှိုင်းယှဉ်နိုင်သည့် ကိစ္စမဟုတ်တော့ပါ။

ဘင်္ဂလားဒေ့ရှ်အတွက်ရှိသော ရွေးချယ်စရာလမ်းမှာ မများလှပါ။ ဘင်္ဂလားဒေ့ရှ် အစိုးရသည် ဒုက္ခသည် အကျပ်အတည်းတွင် ခါးစားခံသဖွယ် ဖြစ်နေခဲ့သည်။ ရိုဟင်ဂျာအရေးကို မိမိတို့ဖာသာဖြေရှင်းနိုင်သည့် နည်းလမ်းက နည်းပါးလွန်းသည်။ စစ်တကောင်းခရိုင်ရှိ ၎င်းတို့၏ ဘင်္ဂလားဒေ့ရှ်ပြည်သူများ ခံစားရသောဝန်ထုတ်ဝန်ပိုးများ ထပ်တိုးလာခဲ့သောကြောင့် ဘင်္ဂလားဒေ့ရှ်၏ အဓိကဦးစားပေးမှာ တစ်သန်းနီးပါးရှိနေသော ဒုက္ခသည်များကို နတ်မြစ်၏ တစ်ဂ်ကမ်းသို့ ပြန်ပို့နိုင်ရန်ဖြစ်သည်။ ဤသို့ဆိုသည့်အတွက် ဘင်္ဂလားဒေ့ရှ်၏ အခန်းကဏ္ဍမှာ အရေးမကြီးဟု ဆိုလိုခြင်းမဟုတ်ပါ။ အရေးတကယ်ကြီးနေပါသည်။ BRI ကို အကောင်အထည်ဖော်ရေးတွင် ဘင်္ဂလားဒေ့ရှ်သည် တရုတ်စီမံကိန်းဆွဲရာတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေသည်။[၁၇၀] တစ်ချိန်တည်းတွင် နိုင်ငံတကာ



တရုတ် BRI စီမံကိန်း၏ မြန်မာနိုင်ငံဝင်ပေါက်၊ ကျောက်ဖြူမြို့နယ် မဒေးကျွန်းဝို့ အဝင်ဆိုင်းဘုတ် (I R)

အသိုင်းအဝိုင်းသည် ဘင်္ဂလားဒေ့ရှ်ရှိ နိုင်ငံမှ မွတ်ဆလင် အစွန်းရောက်များ၏ ခြိမ်းခြောက်မှုကို အလွန်စိုးရိမ်နေသည်။ ARSA သော်လည်းကောင်း ULA သော်လည်း သုံးနိုင်ငံခြားဆုံချက်တွင် လျှို့ဝှက်လှုပ်ရှားနေကြသော အဆက်အသွယ်များ၏ အထောက်အပံ့ကို မရလျှင် လှုပ်ရှားရန် မလွယ်နိုင်ကြောင်းကို အများသိကြပါသည်။[၁၇၁] အခြေအနေများမှာ ၁၉၄၈ခုနှစ် ဖြတိသျှတို့ ဤသုံးနိုင်ငံကို နယ်နိမိတ်မျဉ်းပိုင်းခြား လိုက်ပြီးကတည်းက မပြောင်းမလဲ တည်ရှိနေသော နယ်စပ်ဒေသတစ်ခု၏ အခင်းအကျင်း ဖြစ်သည်။

အရေးပေါ်အခြေအနေကို တုံ့ပြန်သောအားဖြင့် ဘင်္ဂလားဒေ့ရှ်အစိုးရက ဘာဆန်ချာကျွန်းသို့ ရိုဟင်ဂျာတစ်သိန်းခန့်ကို ရွှေ့ပြောင်းရန် စီစဉ်ခဲ့သော်လည်း ရိုဟင်ဂျာခေါင်းဆောင်များက ကန့်ကွက်ခဲ့သည်။[၁၇၂] သို့သော် ဘင်္ဂလားဒေ့ရှ်အစိုးရအတွက်မူ ယခုထိက် ပို၍လုပ်ပေးနိုင်သည့် အရာများများမရှိပါဟု ဆိုခဲ့သည်။ မြန်မာအစိုးရ ကသာ လုံးလုံးတာဝန် ယူရမည့် ကိစ္စဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိများက ပြောဆိုခဲ့သည်။ "မြန်မာနိုင်ငံက ပြန်မခေါ် ရင်တော့ ရိုဟင်ဂျာတွေဟာလည်း အစွန်းရောက်လာနိုင်ပါတယ်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အဗ္ဒုလ္မုမိုမန်က မကြာသေးခင်က သတိပေးခဲ့သည်။[၁၇၃](အခန်း ၈ကိုကြည့်ပါ။)

ဤပါဝါအရွှေ့၏ အိန္ဒိယအပေါ်အကျိုးသက်ရောက်ပုံကမူ ပုံစံတစ်မျိုးဖြစ်ပြီး နယ်စပ်ဖြတ်ကျော် ဆောင်ရွက်ရမည့် အစီအစဉ်များနှင့် သြဇာချဲ့ထွင်စရာကိစ္စများ ပို၍ပါဝင်သည်။ ဖြတိသျှလက်အောက် မြန်မာပြည်နှင့် အိန္ဒိယတို့ကြား ရှိခဲ့သော ကိုလိုနီခေတ် ချည်နှောင်မှုကို မြန်မာအမျိုးသား ရေးခေါင်းဆောင်များဘက်က မလိုလားအပ်သော ဆက်ဆံရေးပုံစံဟု မြင်ခဲ့ကြသည်မှာ အချိန်အတော်ကြာပါသည်။ စစ်အုပ်ချုပ်ရေးကာလ တစ်လျှောက်လုံးတွင် အိန္ဒိယ ဆန့်ကျင်မုန်းတီးရေးကို ဗိုလ်ချုပ်နေဝင်း လက်ထက်တွင်သာမက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်ထက်အထိကြီး စိုးခဲ့သည်။ ယနေ့ကာလတွင် ထိုနှစ်နိုင်ငံကို ပေါင်း၍ အုပ်ချုပ်ခဲ့ဖူးကြောင်းကိုပင် အမှတ်ရသော သူအနည်းငယ်မျှသာ ရှိတော့မည်ထင်သည်။ ၂၀၁၁ ကတည်းကပင် နှစ်နိုင်ကြား သံခင်းတမန်ခင်းများပို၍ တိုးတက် ကောင်းမွန်လာခဲ့သည်။ ပင်လယ်မျှော့ စစ်ဆင်ရေးနှင့် လန်းဖောကျွန်း စစ်ဆင်ရေး နေ့ရက်များသည်လည်း ကြာမြင့်လာပြီဖြစ်သလို (အခန်း ၅ ကိုကြည့်ပါ။) အိန္ဒိယ၏ "အရှေ့မျှော်" နိုင်ငံခြားရေးမူဝါဒကို ယခုအခါတွင် "အရှေ့နှင့်ဆက်ဆံ" ဟူသော မူဝါဒအဖြစ် ဝန်ကြီးချုပ် နာရန်ဒါမိုဒီ၏ လက်ထက်တွင် အဆင့်မြှင့်ခဲ့ ပြီဖြစ်သည်။ ၂၀၁၈ ကုန်ခါနီးအချိန်တွင် သမ္မတ ရမ်နတ်သ်ကိုဗင်က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး နယူးဒေလီနှင့် မြန်မာတို့ကြား ချစ်ကြည်ရေးခိုင်မြဲရန် အရေးကြီးကြောင်း အထူးပြုဆွေးနွေးခဲ့သည်။

အိန္ဒိယအစိုးရ အရာရှိများအတွက် အဓိကစိန်ခေါ်မှု မှာ တရုတ်၏ စီးပွားရေးနှင့် နိုင်ငံရေးသြဇာသည် မြန်မာအပေါ်တွင် အိန္ဒိယထက်များစွာ ရှေ့ရောက်နေခြင်းဖြစ်သည်။ အရှေ့မြောက် အိန္ဒိယနှင့် ရေကြောင်း ကုန်းကြောင်းတို့ဖြင့် ဆက်သွယ်မည့် ကုလားတန်မြစ် စီမံကိန်းသည် ရှီကျင့်ဖျင်၏ BRI အစွန်းအဖျားမျှပင် မရှိပေ။ မြန်မာနိုင်ငံတွင် ပို၍ကြီးထွားလာသော တရုတ်၏ ရင်းနှီးမြှုပ်

နှံမှု အစီအစဉ်များကို လောလောလတ်လတ်အိန္ဒိယမှ စိန်ခေါ်မည့်သူ မရှိနိုင်ပါ။ တရုတ်လေ့လာ သုံးသပ်သူများက BRI သည် အိန္ဒိယနှင့်မြန်မာ နှစ်နိုင်ငံစလုံးပါဝင်နေသည့် BCIM စီးပွားရေးစင်္ကြံကိုပင် ပြန်လည် အသက်ဝင်လာစေနိုင်သည်ဟု ဆိုကြသည်။[၁၇၄] သို့သော် ထိုသို့ပူးပေါင်း ဆောင်ရွက်မှုများ ရရှိင်ပြည်နယ်ဘက်တွင် ဖြစ်လာရန် မသေချာလှပါ။ အဘယ့်ကြောင့် ဆိုသော် တရုတ်၏ ရေတပ်အင်အားသည် ဘင်္ဂလားပင်လယ်အော်တွင် ပို၍ထင်ရှား လာဖွယ်ရှိသည်။ အိန္ဒိယ အစိုးရဘက်မှ ယခုအခါ စကားမကျွံအောင် သတိနှင့်နေသည်။ သို့သော် Times of India သတင်းစာက ကျောက်ဖြူစီမံကိန်းမှာ အိန္ဒိယ၏အကျိုးစီးပွားကို ပါကစ္စတန်ရှိ ဂွါဒါထက်ပို၍ ကြီးကျယ်သော ခြိမ်းခြောက်မှုဖြစ်ပြီး အိန္ဒိယလုံခြုံရေး အမှုထမ်းများကို ညညအိပ်မရ ဖြစ်စေမည့် စီမံကိန်းဖြစ်သည်ဟု ရေးသားခဲ့သည်။[၁၇၅] ဤကဲ့သို့ မတည်ငြိမ်သည့် ကမ္ဘာတွင် ထိုကဲ့သို့သောစကားမှာ ရရှိင်ပြည်နယ်တွင် ဖြစ်ပေါ်လာမည့် အပြောင်းအလဲများနောက်ကွယ်မှ ဒရော သောပါး တွန်းအားများနှင့် ပတ်သက်၍ လေးနက်သော သတိပေးစကားများပင်ဖြစ်သည်။

အချိန်အားဖြင့် စောပင်စောနေသေးသော်ငြား လည်းအဖြစ်အပျက်တို့ပေါ်ပေါက်လာပုံမှာ အိန္ဒိယ၏မဟာဗျူဟာတွေးဆချက်များအပေါ် သက်ရောက်မှုရှိမည်မှာ အမှန်ပင်။ BRI-CMEC ပေါ်လာကတည်းက အိန္ဒိယနှင့်မြန်မာလုံခြုံရေးတပ်ဖွဲ့များသည် စစ်ရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လာကြသည်။ ဆယ်စုနှစ်များစွာအတွင်း သုံးနိုင်ငံနယ်ခြားဆုံချက်မှာ ပဋိပက္ခများ ရှိနေခြင်းနှင့် မည်သည့်အစိုးရကမျှ ဝင်မစွက်နိုင်သော လွတ်မြောက်နယ်မြေ ဖြစ်နေခြင်းတို့ကြောင့် နယ်စပ်နှစ်ဖက်နှစ်ချက်စလုံးတွင် EAO များ အမျိုးမျိုး လှုပ်ရှား သွားလာနေခဲ့ကြသည်။ တပ်မတော်သည် Nagaland – Khaplang အမျိုးသားဆိုရှယ်လစ်ကောင်စီနှင့် အပစ်အခတ်ရပ်စဲရေးစာချုပ် လက်မှတ်ထိုး ထားခဲ့သော်လည်း တပ်မတော်က စစ်ကိုင်းတိုင်း အတွင်းရှိ NSCN-K ၏ ဌာနချုပ်ကို ၂၀၁၉ ဇန်နဝါရီလတွင် သိမ်းပိုက်လိုက်သည်။ သို့ဖြစ်ရာ အရှေ့မြောက် အိန္ဒိယနယ်စပ်မှ EAOs များမှ ကိုယ်စားလှယ်များစွာ ထွက်ပြေးကြရသည်။[၁၇၆] ထို့နောက် NSCN-K က NLD ခေါင်းဆောင်များကို ဦးသိန်းစိန် အစိုးရလက်ထက်က ချမှတ်ခဲ့သော အပစ်အခတ်ရပ်စဲရေး မူဝါဒများအတိုင်း ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံခဲ့သည်။[၁၇၇] သို့ရာတွင် နာဂခေါင်းဆောင်ငါးဦးကို မဏိပူနှင့် အာသံတို့မှ လက်နက်ကိုင်အုပ်စုများနှင့် ဆက်သွယ်သည်ဆိုကာ တရားမဝင်အဖွဲ့အစည်းများနှင့် ဆက်သွယ်သော ပုဒ်မဖြင့် မြန်မာနိုင်ငံ မြောက်ပိုင်းတွင် အကျဉ်းချခဲ့သည်။[၁၇၈]

ဤအချိန်မှစကာ အိန္ဒိယရော မြန်မာနှစ်ဖက် စလုံးမှတပ်များသည် မိမိတို့ထိစပ်နေသော နယ်စပ်တစ်လျှောက် လက်နက်ကိုင်အတိုက်အခံများကို ထပ်မံတိုက်ခိုက်ခဲ့သည်။ မဏိပူ၊ အာသံနှင့် နာဂမြေတို့မှ EAOs များကို ပစ်မှတ်ထားတိုက်ခိုက်ကြပြီး အိန္ဒိယလုံခြုံရေးတပ်ဖွဲ့များကလည်း ULA ကိုနှောင့်ယှက်ခဲ့ကြသည်။ အိန္ဒိယဘက်မှ မီဒီယာတို့သည် စစ်တပ်၏ မဟာဗျူဟာများကို အတိအလင်းပင် "ကုလားတန်မြစ် စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ့တပ်မတော်အား ကူညီသည်"ဟု ရေးသားကြသည်။[၁၇၉] ထို့ကြောင့်ပင် ၂၀၁၉တွင် အိန္ဒိယ၏အကျိုးစီးပွားကို ထိခိုက်စရာ အန္တရာယ်များဖြစ်လာခဲ့ပြီး ကုလားတန်မြစ်ဝှမ်းတစ်လျှောက် တိုက်ခိုက်မှုများပို၍ တွေ့လာရသည်။ အရပ်သားများနှင့်အတူ အိန္ဒိယမှ အလုပ်သမားများ အပြန်အလှန်ပစ်ကြသော တိုက်ပွဲများတွင် ပိတ်မိခြင်းများ ပိုမိုဖြစ်သွားလာခဲ့သည်။

သို့သော် တရုတ်၊ အိန္ဒိယနှင့် အခြားအာရှမှ မြန်မာ၏ အိမ်နီးချင်းနိုင်ငံများသည် ခါတိုင်းကဲ့သို့ပင် အကြံအစည်များကိုအကောင်အထည်ဖော်နေကြမြဲပင်။ထိုနိုင်ငံများ လုံးလုံးလျားလျား လျစ်လျူရှုထားသော အရာမှာ ရရှိင်ပြည်နယ်တွင် အမှန်တကယ် နေထိုင်နေကြသော ဒေသခံတို့၏ကိုယ်စားပြုမှု၊ ဒေသခံတို့၏ ပါဝင်မှုကိုပင်ဖြစ်သည်။ မှတ်လောက်သားလောက်အောင်ပင် ထိုစီးပွားရေးဖွံ့ဖြိုးမှု စီမံကိန်းများနှင့် လုံခြုံရေး ပူးပေါင်း ဆောင်ရွက်ခြင်းများ ပေါ်ပေါက်လာချိန်မှာ ဤဒေသ၌ ဆယ်စုနှစ်ပေါင်းများစွာ အတွင်း ပဋိပက္ခ အပြင်းထန်ဆုံးနှင့် လူအများအိုးပစ်အိမ်ပစ် စွန့်ခွာထွက်ပြေးရမှုများ အကြီးအကျယ်ဆုံးဖြစ်ပွားနေသည့် ကာလဖြစ်နေသည်။ စစ်၏ ဒဏ်ကို ရရှိင်၊ ရှိဟင်ဂျာနှင့် ချင်းရပ်ရွာများ ထိခိုက်ခံစားနေကြရသည်။ တရုတ်၊ အိန္ဒိယနှင့် ဂျပန်တို့တွင် ဤစီမံကိန်းကြီးများပေါ်မှ ရရှိနိုင်သော အကျိုးအမြတ်များကို စိတ်ကူးဖြင့် အကောင်းမြင်နေကြချိန်တွင် ရရှိင်ပြည်နယ်အတွင်း၌မူ ခုခံတွန်းကန်လိုမှု၊ မကျေနပ်မှုများ တိုးပွားလာလျက်ရှိသည်။ BRI၊ CMFC၊ BCIM နှင့် ကုလားတန်မြစ်ကြောင်းအစရှိသော စီမံကိန်းကြီးများ အောင်မြင်ဖို့ရာမှာ ဒေသခံပြည်သူတို့၏ ပါဝင်မှု နှင့် အကျိုးကျေးဇူးကို ဝေမျှခံစားနိုင်မှုတို့ မပါဘဲ မဖြစ်နိုင်ပေ။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ ရရှိင်ပြည်နယ်တခုတည်းတွင်သာမဟုတ် မြန်မာတစ်နိုင်ငံလုံးနှင့် ပတ်သက်လျှင် အခွင့်အလမ်းကိုရော စွန့်စားစရာကိုပါ အသေအချာတွက်ချက် စဉ်းစားကြရန် လိုအပ်သည်။

အရေးကြီးသော အခိုက်အတန့်တစ်ခု မကြာမီပင် ရောက်ရှိလာခဲ့ပေသည်။ ရန်ကုန်တွင် CMEC ၏ လုပ်ငန်းတစ်ခုကို ဖွင့်လှစ်သော အခမ်းအနားတစ်ခု၌ ဤကဲ့သို့သော အခြေခံ အဆောက်အဦများ အတွဲလိုက် ပါဝင်မည့် စီမံကိန်း

များမှာ လာမည့်နှစ်များတွင် ဒေသခံတို့အပေါ် ကြီးလေးလှသည့် အကျိုးဆက်များစွာ ကျရောက် လိမ့်မည်မှာ မလွဲပါဟု ဦးသန့်မြင့်ဦးက သတိပေးခဲ့သည်။ "မြန်မာနိုင်ငံ၏ ထွန်းသစ်စ ဒီမိုကရေစီ ယဉ်ကျေးမှုကို ချိုနဲ့စေမည့် အနာဂတ်စီမံကိန်းများ၊ အနာဂတ်လုပ်ငန်းကြီးများကို မလုပ်ကြပဲ ပိုမိုခိုင်မာသန်စွမ်းလာအောင် အားပေးနိုင်မည့် စဉ်းစားဆုံးဖြတ်မှုမျိုးကို တွေးဆရန်လိုအပ်ပါသည်" ဟု ၎င်းကပြောကြားခဲ့သည်။[၁၈၀] အထူးသဖြင့် အရေးကြီးသည့်အချက်မှာ ပွင့်လင်းမြင်သာမှု ရှိရေးနှင့် ဒေသခံပြည်သူတို့နှင့် အနှစ်သာရရှိသော ဆွေးနွေးခြင်းများ ပေါ်ပေါက်လာရေးအတွက် စည်းမျဉ်းမူဘောင်များ အားမကောင်းနေခြင်းပင်ဖြစ်သည်။ Transnational Institute က သတိပေးထားသကဲ့သို့ပင် စီမံကိန်းများ ကျယ်ပြန့်လာသည်နှင့်အမျှ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များအပေါ် စိုးရိမ်ကြောင့်ကြမှုများ ကြီးလာခဲ့လျှင် နောက်ထပ် ပဋိပက္ခများဆီ ဦးတည်သွားနိုင်သည်ကို သတိပြုရန်လိုပါသည်။[၁၈၁]

လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်၏ နိုင်ငံရေးခေါင်းဆောင်များနှင့် ရပ်ရွာခေါင်းဆောင်များက သတိထားရမည့်အကြောင်းများရှိနေသည်ဟု ယုံကြည်ထားကြသည်။ မြန်မာအစိုးရသည် BRIနှင့် ပတ်သက်သော ညှိနှိုင်းမှုများကို လျှို့ဝှက်စွာ ဆောင်ရွက်ခဲ့ပြီး ဤမှုစုံလင်များ ပြားရုပ်ထွေးလှသော စီမံကိန်းများမှ ရလာပြီး နိုင်ငံသားတို့အတွက် အကျိုးကျေးဇူး သို့မဟုတ် ထိုအစီအစဉ်များ အားလုံးမှတစ်စုတည်း ထွက်ပေါ်လာမည့်အကျိုးအပြစ်တို့ကို တွက်ချက်ထားပုံမရပေ။ ကျောက်ဖြူတွင် အလုပ်အကိုင်ပေါင်း ၁၀၀,၀၀၀ ခန့်အထိ ရလာကြမည်ဟု ကတိပြုထားသည်။ စီမံကိန်းတန်ဖိုးကို ယခင်အမေရိကန် ဒေါ်လာ ၇.၅ ဘီလီယံမှသည် ၁.၃ ဘီလီယံသို့ လျှော့ချထားသည်။[၁၈၂] ပိုင်ဆိုင်မှုအားဖြင့် ယခင်က တရုတ်နှင့် မြန်မာ ၈၅:၁၅ အချိုးဖြင့် တရုတ်က အသာစီးရနေခဲ့ရာမှ ယခုအခါ ၇၀:၃၀ အချိုးသို့လျှော့ပြီး ပြောင်းလဲခဲ့သည်။ သို့သော် ချိန်ခွင်လျှာတစ်ဘက်သို့ လေးနေသည့်သဘောမှာ ထင်ရှားပါသည်။ စီမံကိန်းအသစ်များမှ ထွက်ပေါ်လာနိုင်သည့် အကျိုးဆက်များတွင် မြေသိမ်းခံရခြင်းမှအစ ငါးမဖမ်းနိုင်တော့ခြင်းအလယ်၊ သဘာဝပတ်ဝန်းကျင်အပျက်အစီးနှင့် တရုတ်အလုပ်သမားများက မြန်မာနိုင်ငံသားတို့ထံမှ အလုပ်ကို အရယူသွားခြင်းအဆုံး ဖြစ်လာနိုင်သမျှ အတွက် ပူပန်မှုများ တိုးလာလာသည်။

ဇူလိုင် ၂၀၁၉ တွင် တရုတ်သံအမတ် ချန်းဟိုင်းက ကျောက်ဖြူသို့ အလည်အပတ်သွားရောက်ခဲ့ပြီး တရုတ်ပြည်သူ့ဆက်ဆံရေးပုံရိပ်ကို မြှင့်တင်ခဲ့သည်။ သို့သော် ဝေဖန်နေသော အသံများကိုမူ မရပ်တန့်နိုင်ခဲ့ပါ။ "တရုတ်စီမံကိန်းတွေကို ဘယ်သူကပဲ လက်ခံလက်ခံ၊ အာရကန်လူမျိုးတွေအတွက် ကောင်းကျိုး မဖြစ်စေဘူးဆိုလို့ရှိရင် ကျွန်တော်တို့က မြစ်ဆုံရေကာတာတုန်းက ဆန့်ကျင်ကြသလို ဆန့်ကျင်ရမှာပဲ။" ဟု ကျောက်ဖြူကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့မှ ဦးထွန်းကြည်က ပြောကြားခဲ့သည်။[၁၈၃] တကယ်စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ပြည်သူတို့ ပါဝင်နိုင်မှုမရှိလျှင် ပြင်ပမှဝင်ရောက်လာသော အသေအချာတွေးဆ ဆင်ခြင်ပြီးမှ ဆောင်ရွက်ခြင်း မဟုတ်သည့် အစီအစဉ်များမှာ နိုင်ငံရေးအရ ပြည်သူများ စုစည်းလာရသည့် အကြောင်းရင်းများ ဖြစ်လာနိုင်သည်။ ရခိုင်ပြည်နယ် ကိုဖီအာနန်ကော်မရှင် ကလည်း ဤသို့သတိပေးခဲ့သည်။

> "ရခိုင်ရှိအကြီးစား ရင်းနှီးမြှုပ်နှံမှု စီမံကိန်းကြီးများမှာ ဒေသခံတို့က ဗဟိုအစိုးရအပေါ် မကျေနပ်ချက်များ ပို၍ကြီးထွားလာ စေသည့်အကြောင်းရင်းများ ဖြစ်နေကြသည်။ ဒေသခံများကို ထိုစီမံကိန်းများကို ရေးဆွဲခြင်း အကောင်အထည်ဖော်ခြင်းတို့တွင် ပါဝင်ခွင့်မရဘဲ ဖယ်ချန်ထားခြင်းခံရသည်။ အကျိုးအမြတ်များကိုမူ နေပြည်တော်နှင့် နိုင်ငံခြားကုမ္ပဏီများက မျှဝေခံစားကြမည်ဖြစ်ရာ အကျိုးဆက်မှာ ဗဟိုအစိုးရသည် ဒေသခံတို့ အပေါ် ခေါင်းပုံ ဖြတ်နေသည်ဟု အထင်ရောက် လေ့ရှိသည်။"[၁၈၄]

ဒေသခံတို့အပေါ် သိနားလည်ခြင်းသည် စီးပွားရေးတွင် အောင်မြင်သော အခြေခံဖြစ်နိုင်သည်။ အရေးကြီးဆုံးမှာ လူမျိုးစုငြိမ်းချမ်းရေး ပြဿနာဖြစ်သည်။ ရေရှည်တွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို တက်လှမ်းနိုင်ရန် လမ်းအမျိုးမျိုးကို ရှာတွေ့နိုင်ပါသည်။ သို့ရာတွင် လောလောဆယ် ရေတိုၦ ပဋိပက္ခဖြစ်နေရာ ဒေသသို့ အပြင်မှဝင်ရောက်လာသူများ ဝင်လာမစဲဖြစ်နေခြင်းက ဒေသခံတို့၏ တင်းမာမှုကိုပိုဆိုးစေနိုင်ပါသည်။ အိုးပစ် အိမ်ပစ်စွန့်ခွာပြေး နေရသော ဒုက္ခသည်များ သေဆုံးရသူများ ရှိနေချိန်တွင်စီးပွားရေးကိစ္စကိုပဋိပက္ခကို ဖြစ်စေသည့် နိုင်ငံရေးအကြောင်း တရားများမှ ဖယ်ထုတ်စဉ်းစားရန် မဖြစ်နိုင်ပေ။

သို့ရာတွင် တရုတ်၏ နိုင်ငံရေးအာသီသကိုလျှော့မတွက်သင့်ပေ။ တရုတ်အရာရှိများသည် စီးပွားရေး ဘက်ကို ကောင်းပေးနေသော်လည်း အချင်းချင်းကြားတွင်မူ ရခိုင်ပြည်နယ်၏ အကြီးဆုံး စိန်ခေါ်မှုများဖြစ်သော လူမျိုးစုအရေးနှင့် နိုင်ငံရေးအခြေခံ အကြောင်းတရားများကို နားလည်နေကြဟန်တူပါသည်။ အပေါ်ယံတွင် တရုတ်အဆိုပြုသော ဆေးသုံးခွက်ဖြစ်သည့် ဒုက္ခသည်များကို ပြန်လည်နေရာချထားရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးတို့မှာ လေလုံးထွားဟန်ရှိပါသည်။ သို့သော် ပြန်စဉ်းစားကြည့်လျှင် ၂၀၁၆-၂၀၁၈ ကာလ

အတွင်း BRI စီမံကိန်းများနှင့် ပတ်သက်လျှင် မြန်မာနိုင်ငံတွင် တိုးတက်မှုများစွာ ရရှိခဲ့သည်ဟု ဆိုနိုင်သည်။ စီးပွားရေးကဏ္ဍကို ရှေ့တိုးနေကာ ယခုအခါ ရှီကျင့်ဖျင်၏ စီမံကိန်းများကို ပုံဆွဲသင်ပုန်းပေါ်မှသည် တကယ့် မြေပြင်ဆီသို့ ချကာ ရှေ့တိုး အကောင်အထည်ဖော်နေကြပြီး ဖြစ်သည်။ ဤအတောအတွင်း တရုတ်အစိုးရသည် မြန်မာနိုင်ငံမှ ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်အသီးသီးကို နားချကာ တရုတ်၏ ဖွံ့ဖြိုးရေး မော်ဒယ်က မြန်မာပြည်နှင့် ပို၍သင့်တော်ပြီး အနောက်နိုင်ငံများ၏ လူ့အခွင့်အရေး အခြေပြု ဆောင်ရွက်ပုံများက တိုင်းပြည်၏ လူမှုစီးပွားတိုးတက်မှုများ အတွက် အဖြေမဟုတ်ကြောင်း အင်တိုက်အားတိုက် တိုက်တွန်းနေခဲ့သည်။

ဤစဉ်းစားပုံကို အခြေခံကာ တရုတ်အရာရှိများသည် ၂၀၁၈ ခုနှစ်တွင် တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေး စာချုပ်ပေါ်ပေါက်ရန်အတွက် ထောက်ခံခဲ့ကြသည်။ ULA ကအဖွဲ့ဝင် အဖြစ်ပါဝင်နေသော FPNCC မှာ ဤခရီးတွင် တရုတ်အတွက် အဓိကယာဉ်တစ်စီးဖြစ်သည်။ နှစ်ကုန်ပိုင်းတွင် အသံအကျယ်ဆုံးဖြစ် လာခဲ့သည်။ သို့သော် အဓိက ပြဿနာမှာ တပ်မတော်က FPNCC အဖွဲ့ဝင် များဖြစ်ကြသော ULA, MNDAA နှင့် TNLA တို့အား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တင်းပြည့် ပါဝင်ခွင့်မပြုဘဲ ငြင်းပယ်နေမြဲဖြစ်သည်။ သို့သော် ၂၀၁၈တွင် ထိုအဖွဲ့ သုံးဖွဲ့စလုံးက နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းကာ "အမျိုးသားရင်ကြားစေ့ရေး နှင့် ငြိမ်းချမ်းရေး"ကို ဆောက်ရွက်ရန် ဆန္ဒရှိကြောင်း ကြေညာချက်အား လက်မှတ်ရေးထိုး လိုက်ချိန်တွင် တရုတ်၏ လွှမ်းမိုးနိုင်သော အင်အားကို မြင်လိုက်ကြရသည်။ ဇာတ်တိုက်ထားသည်နှင့် မခြားသော တုံ့ပြန်မှုမှာ The Global Times က တရုတ်၏ ငြိမ်းချမ်းရေးဆောင်ရွက်ပေးနေပုံများကို မှတ်တမ်းတင်ခဲ့ခြင်းပင် ဖြစ်သည်။ ယူနန်တက္ကသိုလ်မှ ပါမောက္ခဘီရှီဟောင်း၏ ဆောင်းပါးက "ဆွေမျိုးပေါက်ဖော်"နိုင်ငံတစ်ခုက အဘယ်ကြောင့် မြန်မာ၏ အမျိုးသား ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကို လိုလားရကြောင်း ရှင်းပြရေးသားခဲ့သည်။[၁၈၅] နောက်ထပ်ခြေလှမ်းများမှာ နေပြည်တော်အပေါ်တွင်သာ မူတည်သည်။

ယခုအခါအဖြစ်အပျက်တို့မှာ လျင်မြန်လှသည်။ ဒီဇင်ဘာ ၂၁ ရက်နေ့တွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပနေစဉ် ကာလ လေးလအချိန်အတွင်း ဧပြီလ ၂၀၁၉ အထိ ပဋိပက္ခနယ်မြေများတွင် အပစ်အခတ် ရပ်စဲထားမည် [၁၈၆] ဖြစ်ကြောင်း ကြေညာချက်ထွက်လာသော အချိန်တွင် တရုတ်၏ ကြိုးပမ်းမှုများ အရာထင်လာခဲ့ပြီဟု ဆိုရမည်။ သို့ရာတွင် စစ်တိုင်းဒေသများသာပါဝင်ခဲ့ပြီး မြောက်ပိုင်းတိုင်း၊ အရှေ့မြောက်တိုင်း၊ အရှေ့ပိုင်းတိုင်း၊ အလယ်ပိုင်းတိုင်း၊ တြိဂံဒေသတို့သာ အကျုံးဝင်သည်။ အနောက်တိုင်းတိုင်းစစ်ဌာန ချုပ်နယ်မြေဖြစ်သော ရခိုင်ပြည်နယ်နှင့် သုံးနိုင်ငံနယ်ခြားဆုံချက်ဒေသများ မပါဝင်ပေ။

သို့ဖြစ်ရာ ထိုအပစ်အခတ်ရပ်စဲရေး ကြေညာချက်မှာ တစ်နိုင်ငံလုံးငြိမ်းချမ်းရေး ရရှိရန် ရည်ရွယ်သည်လော (သို့မဟုတ်) သွေးခွဲအုပ်ချုပ်ခြင်း မဟာဗျူဟာကို တစ်ဖက်တွင်သုံးကာ အခြားနေရာတွင် သုံးရန်မလိုသော စစ်အင်အားများကို ရရှိငြိမ်းနယ်တွင် စုစည်း အသုံးချမည်လောဆိုသည့် မေးခွန်းမှာ လူမျိုးစု လက်နက်ကိုင် အဖွဲ့များကြားတွင် ချက်ချင်းမေးစရာ ဖြစ်လာခဲ့သည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အပစ်အခတ် ရပ်စဲရေး ကြေညာချက်မှာ နည်းဗျူဟာအရ အချိန်ကောင်းကို ရွေးကြေညာခဲ့ခြင်းဖြစ်လေသည်။ NCA လုပ်ငန်းစဉ်များမှာ ပြိုကျနေပြီး တပ်မတော်ခေါင်းဆောင်များသည် ယခုအခါ နိုင်ငံတကာ ဥပဒေအရ စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်များနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။ အပစ်အခတ်ရပ်စဲသည်ဟူသော သတင်းမျိုး ပျံ့လွင့်သွားခြင်းမှာ ယခုအချိန်တွင် တပ်မတော်အား အကျိုးရှိစေမည့် သတင်းကောင်းပင်ဖြစ်သည်။

သို့ရာတွင် ထိုငြိမ်းချမ်းသောကာလမှာ ကြာကြာမခံလိုက်ပါ။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အပစ်အခတ်ရပ်စဲရေး ကြေညာချက်ထုတ်အပြီး လအနည်းငယ်အကြာတွင် ရခိုင်နှင့် သုံးနိုင်ငံနယ်ခြား ဆုံချက်တွင် တိုက်ပွဲများ အကြီးအကျယ်ပြန်စလာခဲ့ရာ ဆယ်စုနှစ်များစွာအတွင်း အပြင်းထန်ဆုံး ဖြစ်လာခဲ့သည်။ ဧပြီလတွင် အစိုးရက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးကြောင်း ကြေညာခဲ့သော်လည်း တကယ့်ဖြစ်ရပ်တွင် တရုတ်နယ်စပ်တွင်လည်း တိုက်ပွဲများပြန်လည် ပြင်းထန်လာသည်။ ရွေးကောက်ပွဲ ထပ်မံကျင်းပမည့် ၂၀၂၀ တွင် လူမျိုးစု ငြိမ်းချမ်းရေးနှင့် ဒုက္ခသည်များ ပြန်လည်နေရာချထားရေးများ နေရာကျလာလိမ့်မည်ဟု မျှော်လင့်နေကြဆဲပင်။ ငြိမ်းချမ်းဖို့ရာအတွက် အလျှော့ပေးညှိနှိုင်းကြရခြင်းမှာ အသည်းအသန်လို အပ်သော်လည်း မျှော်လင့်ချက်များနှင့် လွဲသည်မှာ NLD အာဏာရလာသော အချိန်တွင် ထိုကဲ့သို့ မဖြစ်လာခဲ့ခြင်းပင်ဖြစ်သည်။

၂၀၁၉ သည် မတည်ငြိမ်မှုများ ရှိခဲ့သော တိုက်ပွဲများကြောင့် လူအများသေကျေကြရသော နှစ်တစ်နှစ် ထပ်ဖြစ်လာပြန်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ အစိုးရသည် တက်လာချိန်တွင် ကတိများစွာပေးခဲ့သည်။ သို့သော် အာရကန်ရှိ ပဋိပက္ခများမှာ အဆုံးသတ်နိုင်ရန် ဝေးနေဆဲပင်။



ULA-AA အဖျိုးသစ်စစ်သည် (Youtube)

၈။ ယနေ့အာရကန်

ကသောင်းကနင်း အာရကန်မြေ

ရိုဟင်ဂျာ အကျပ်အတည်း ဆက်လက်ဖြစ်ပေါ်နေချိန် ၂၀၁၆- ၂၀၁၈ ကာလတွင် ULA အဖွဲ့၏ ကြီးထွားလာမှုကို သတိမမူမိခဲ့ကြပါ။ ULA သည် အင်အား လျော့ကျသွားခြင်း မရှိရုံမျှမက ၎င်း၏ AA တပ်များသည် အင်အားပိုမိုကြီးထွားလာပြီး နယ်မြေဖြန့်ကျက်ထားနိုင်မှုမှာ နယ်စပ်မှ သည် ပလက်ဝ၊ ကျောက်တော်၊ မြောက်ဦး၊ ရသေ့တောင်၊ ဘူးသီးတောင်နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့အထိ ရောက်ရှိလာပြီး ပြည်နယ်၏ မြို့တော်စစ်တွေနှင့်ပင် လှုပ်ရှားမှုများ နီးစပ်လာခဲ့ပြီဖြစ်သည်။ ၁၉၇၀ ကတည်းက ယနေ့အချိန်အထိ လက်နက်ကိုင် အင်အားစုတစ်ခုအနေနှင့် ဤဒေသတွင် အကြီးကျယ်ဆုံး နယ်မြေနှင့် အင်အား ချဲ့ထွင်နိုင်ခြင်းပင်ဖြစ်သည်။ AA ၏ တပ်ဖွဲ့ဝင် တစ်ဝက်ကျော်မှာ ကချင်ပြည်နယ်ထဲတွင် ရှိသော်လည်း ULA သည် ၂၀၁၉ တွင် အမျိုးသမီးရော အမျိုးသားပါ တပ်ဖွဲ့ဝင်ပေါင်း ၇၀၀၀ ခန့်ကို လေ့ကျင့်ပေးပြီး ဖြစ်သည်ဟု ခန့်မှန်းနိုင်သည်။[၀] ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဘေးဖယ်ထားခြင်း ခံရသော်လည်း ရခိုင်ပြည်နယ်ကို ကိုယ်ပိုင် အုပ်ချုပ်ရေးရသော နယ်မြေအဖြစ် ရောက်ရှိရန် ULA ခေါင်းဆောင်များက ရည်မှန်းချက်ကြီးကြီးဖြင့် ဦးတည်သည်။

၂၀၁၈ ခုနှစ် အနှောင်းပိုင်းတွင် ပဋိပက္ခ ကြီးမားလာတော့မည့် အရိပ်အယောင်များ မြင့်တက်လာနေပြီဖြစ်သည်။ တိုက်ပွဲများ အရှိန်တက်လာချိန်တွင် ဘူးသီးတောင်ကို ညမထွက်ရ အမိန့်ထုတ်ပြန်ထားခဲ့ပြီး ရခိုင်၊ ခမီ၊ မြိုလူမျိုးရွာသားများ တိုက်ပွဲကြားတွင် ထွက်ပြေးတိမ်းရှောင် နေရမှုများ ပို၍များပြားလာသည်။[၂] ကျောက်တော်မြို့နယ်တွင် တပ်မတော်က လေကြောင်းတိုက်ခိုက်မှုများကိုလည်း ပြုလုပ်လာခဲ့သည်။ တစ်ချိန်တည်းတွင် ရခိုင်ဗုဒ္ဓဘာသာ နှစ်ဦးကို ARSA အဖွဲ့ဝင်များဟု သံသယရှိသူများက သတ်ဖြတ်ခဲ့ပြီး နောက်ပိုင်းတွင် မောင်တော မြို့၌ နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို အစိုးရတပ်ဖွဲ့များက ပြန်လည် စတင်လာခဲ့သည်။[၃]

ဒီဇင်ဘာလတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တရုတ်နှင့် ထိစပ်နေသော အရှေ့ဘက်နယ်စပ်တွင် လေးလတာမျှ အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့သည်။ (အခန်း ၇ကို ရှုပါ။) သို့သော် အနောက်ပိုင်းတိုင်း စစ်ဌာန ချုပ်နယ်မြေများကို အပစ်အခတ်မရပ်စဲဘဲ ချန်လှပ်ထားခဲ့ရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငြိမ်းချမ်းရေးလမ်းစကို မြင်နိုင်ရန်ဟူသော မျှော်လင့်ချက်မှာ လျင်မြန်စွာ ပြိုလဲခဲ့ရသည်။ ရခိုင်ပြည်နယ်ကို ချန်လှပ်ထားခဲ့ခြင်းကလည်း အတိုက်

အခံအဖွဲ့များ စိုးရိမ်နေသော အချက်ကို အတည်ပြုပေးလိုက်သလို ဖြစ်လာခဲ့သည်။ ကနဦးကတည်းကပင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ကြေညာချက်မှာ ULA ၏ အန္တရာယ်ကို စစ်တပ်က အာရုံစိုက် ကိုင်တွယ်နိုင်ရန် ပြန့်နေသည့် တပ်မတော်အင်အားများကို ပြန်လည်စုစည်းရေးအတွက် ရည်ရွယ်သည့် မဟာဗျူဟာတစ်ခုသာ ဖြစ်မည်ဟု စဉ်းစားခဲ့ကြသည်။ ဤသို့ အာရကန် အတိုက်အခံခေါင်းဆောင်များက စဉ်းစားနေချိန်တွင် နောက်လများအတွင်း၌ အစိုးရအနေနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်ကို အကောင်အထည် မဖော်နိုင်သလို ၂၁ရာစုပင်လုံညီလာခံကိုလည်း ပြန်မစခဲ့ပါ။[၄] ထိုနှစ်ခုစလုံးမှာ အခြေအနေမလှစွာ ရပ်တန့်နေခဲ့ရာ ငြိမ်းချမ်းရေးအတွက် နောက်ထပ်အခွင့်အလမ်းတစ်ခုကို ဆုံးရှုံးခဲ့ရပြန်ပြီဖြစ်သည်။ နောက်နှစ်ထဲတွင် တိုက်ပွဲများကသာ ပို၍အရှိန်ရလာခဲ့သည်။

အာရကန်ကို ဖယ်ထုတ်ခဲ့သည့် ထိုအချိန်ကတည်းကအစပြုကာ ULA နှင့် အစိုးရတို့ကြား ပဋိပက္ခများမှာ ပိုဆိုးလာခဲ့သည်။[၅] တပ်မတော်၏ ထိုးစစ်များကို မျှော်လင့်ထားပြီးဖြစ်သော ULA သည် ၂၀၁၉ အစောပိုင်းမှစ၍ အစိုးရစခန်းများအား တိုက်ခိုက်မှု အရှိန်မြှင့်ခဲ့သည်။[၆] ဇန်နဝါရီလ ၄ ရက် မြန်မာ့ လွတ်လပ်ရေးနေ့တွင် AA က ဘူးသီးတောင်မြို့နယ်တွင် အရာဏ်မတက်မီ နယ်ခြားစောင့်ရဲစခန်းလေးခုကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲ ၁၃ ဦး ကျဆုံးခဲ့သည်။[၇] နောက်ထပ်ရက်သတ္တပတ်များထဲတွင် ရခိုင်ပြည်နယ်၌ တိုက်ပွဲများ နေရာအနှံ့အပြားတွင် အရှိန်ပြင်းလာခဲ့သည်။ ULA ၏ နယ်မြေချဲ့ထွင်လာမှုကို တားဆီးနိုင်ရေးအတွက် တပ်မတော်၏ ခြေမြန်တပ်မ ၂၂၊ တပ်မ ၅၅ နှင့် တပ်မ ၉၉ တပ်ဖွဲ့ဝင်များ ရခိုင်ပြည်နယ်ထဲသို့ အရေးပေါ်ဝင်ရောက်လာကြသည်။[၈] တပ်မတော်ဘက်မှ အဆိုအရ ၂၀၁၉ ပထမသုံးလအတွင်း တပ်အချင်းချင်း ရင်ဆိုင်တိုက်ပွဲပေါင်း ၉၇ ကြိမ်ဖြစ်ပွားခဲ့ပြီး မိုင်းပေါက်ကွဲမှု ၃၉ ကြိမ်ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ ၂၀၁၈ တစ်နှစ်လုံးတွင် တိုက်ပွဲကြိမ်ရေ ၆၁ကြိမ် နှင့် မိုင်းပေါက်ကွဲမှု ၁၉ ခု ဖြစ်ပွားခဲ့သည်နှင့် နှိုင်းယှဉ်လျှင် တိုက်ပွဲများ ပိုကြမ်းလာပုံကို မြင်သာသည်။[၉]

ဤသို့ဆက်လက်တိုက်ခိုက်နေကြစဉ်တွင် အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများလည်း ဆပွားတိုးလာကြသည်။ မတ်လ အကုန်တွင် (ရခိုင်နှင့်ချင်းများ အများဆုံးပါဝင်သော) ရွာသားပေါင်း ၂၀,၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်။[၁၀] စိတ်ထိခိုက်စရာ ဖြစ်နေကျပုံစံများအတိုင်းပင် တပ်မတော်၏ စစ်ဆင်ရေးများ၌ စစ်၏ ဒဏ်ရာဒဏ်ချက်ကို အများဆုံးခံစားရသူတို့မှာ အရပ်သားများဖြစ်နေတတ်ကြသည်။ ရှေးဟောင်းမြို့တော် မြောက်ဦးတဝိုက်တွင် တိုက်ပွဲများစတင်ခဲ့ပြီးနောက် စစ်မြေပြင်မှ ဒေါမာန်ဟုန်များ ပို၍အရှိန်ပြင်းလာကြသည်။ ဤဒေသတွင် ယမန်နှစ်က ဆန္ဒပြသူခုနှစ်ဦး သေဆုံးခဲ့ရချိန်ကတည်းက အခြေအနေမှာ တင်းမာနေဆဲဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ၏ လွတ်လပ်သော အချက်အလက်ရှာဖွေရေး မစ်ရှင်၏ အစီရင်ခံစာထဲမှ အရပ်သားများအား အကာအကွယ် ပေးရေးဟူသော အချက်များကို လေ့လာခဲ့ကြဟန် မတူပေ။ (အခန်း ၇ ကိုရှုပါ။) ကုသလမဂ္ဂ အထူးကိုယ်စားလှယ် ယန်ဟီးလီက သတိပေးချက်တစ်ရပ်ကို အမြန်ပင် ထုတ်ပြန်ခဲ့သည်။

> "ရခိုင်တွင် တပ်မတော်က သုံးနေသော နည်းဗျူဟာများက လွန်ခဲ့သော ဆယ်စုနှစ်များ အတွင်းက တိုင်းရင်းသားများအပေါ်တွင် ကျင့်ကြံခဲ့ပုံများကို အမှတ်ရစေသည်။ ရခိုင်ပြည်နယ်ရှိ ရခိုင်၊ မြို၊ ဒိုင်းနက်၊ ဟိန္ဒူနှင့် ရိုဟင်ဂျာမှ အစရှိ၍ ပြည်သူများအားလုံး ခံစားရသော ဒုက္ခမှာ များလွန်းလှပါပြီ။"[၁၁]

ဤအခြေအနေများကြား၌ ဒေသခံပြည်သူများနှင့် အစိုးရတပ်ဖွဲ့များကြား မနှစ်မြို့မှုများ ပိုမိုနက်ရှိုင်း လာကြသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော် ခေါင်းဆောင်များ မကြာခဏဆိုခဲ့သော စကားများတွင် ULA ကို ချေမှုန်းပစ်သင့်သည်[၁၂]ဟူသောစကားမျိုးကိုကြားရသလို တပ်မတော်၏ သတင်းမှန်ပြန်ကြားရေး အဖွဲ့ကလည်း ULA ၏ တောင်းဆိုချက်များအား "ကလေးတစ်ယောက် စိတ်ကူးယဉ်သလို အတွေးမျိုး"[၁၃] ဟူ၍လည်းကောင်း၊ သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက ULA နှင့် ARSA ခေါင်းဆောင်များသည် မေယုတောင်ကြားကို အရှေ့အနောက် နှစ်ပိုင်းခွဲယူရန် သဘောတူထားပြီဖြစ်သည်ဟု ဆိုလိုက်သောကြောင့်လည်းကောင်း ဒေါသထွက်ခဲ့ကြသည်။[၁၄] တပ်မတော်သည် AA ကိုအဖြတ်တိုက်နိုင်သော်လည်း အဖြုတ်မတိုက်ခဲ့သည်မှာ မိမိတို့၏ တိုင်းရင်းသား ညီအစ်ကိုများ ဖြစ်နေသောကြောင့်ဟု ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက ဆိုခဲ့ခြင်းမှာမူ အစိုးရက နောက်ခြေ တစ်လှမ်းပြန်ဆုတ်သည်ကို ရှားရှားပါးပါး မြင်လိုက်ရသော ခဏဖြစ်သည်။[၁၅] ရိုဟင်ဂျာသို့မဟုတ် မွတ်ဆလင်အုပ်စုများကို တိုက်ခိုက်သော တပ်မတော်၏ စစ်ဆင်ရေးများ၌ ဤကဲ့သို့သော ခြွင်းချက်မျိုး မရှိခဲ့ပါ။ သို့သော် ထိုသတင်းခေါင်းကြီးများ နောက်ကွယ် တကယ့်မြေပြင်၌မူ တိုက်ပွဲများ ခါးခါးသီးသီး တိုက်ခိုက်နေကြပြီဖြစ်သည်။ ပြည်သူတို့မှာ မြို့ပေါ်တွင်နေသည် ဖြစ်စေ၊ မြို့ပြင်တွင်နေသည်ဖြစ်စေ အကြောက်တရားဖြင့် နေထိုင်နေကြရပြီ ဖြစ်သည်။

ဇန်နဝါရီလအစောပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း နှင့် ကပ်လျက်ရှိသော သုံးနိုင်ငံနယ်ခြား ဒေသများတွင် အရပ်သားများအပေါ် ရက်စက်သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှု သတင်းများ ဆက်တိုက် ထွက်ပေါ်လာခဲ့သည်။ ၂၀၁၉ ပထမခြောက်လကာလအတွင်း ဤကဲ့သို့ အကြမ်းဖက်မှုများ ကျူးလွန်ခဲ့

သည်ဟူသော စွပ်စွဲမှုများ တစ်သီတစ်တန်းပင် ပေါ်ပေါက်လာသည်။ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပု၏ ကားလမ်းခရီးစဉ်များအတွင် မိုင်းပေါက်ကွဲမှု နှစ်ကြိမ်မျှကြုံခဲ့ရပြီး နောက် အပြန်အလှန်စွပ်စွဲမှုများ ပို၍စိပ်လာခဲ့သည်။[၁၆] စစ်တိုက်နေကြသော နှစ်ဖက်စလုံးက ၎င်းတို့ထံ သစ္စာခံရမည်ဟု နိုင်ငံဝန်ထမ်းများအပေါ် ခြိမ်းခြောက်မှုများရှိနေသောကြောင့် ရခိုင်ဒေသမှ ဝန်ထမ်းပေါင်း ရာချီ၍ အလုပ်ထွက်ကြသည်။[၁၇] ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထဲမှ ၁၀ ဦးကျော်မှာလည်း ပျောက်ဆုံးနေခဲ့ပြီး အရာရှိခြောက်ဦးမှာ အမည်မသိ သေနတ်သမားများက သတ်ဖြတ်သဖြင့်သေဆုံးခဲ့ရသည်။[၁၈] လုံခြုံရေးတပ်ဖွဲ့များက ဖမ်းဆီးသော အရပ်သားများရှိသလိုတပ်မတော်စစ်ကြောင်းများက သတ်ပစ်သော အရပ်သားများလည်း ဒါဇင်နှင့်ချီ၍ ရှိလာသည်။[၁၉] ULA သည်လည်း အိန္ဒိယနှင့် ဆောင်ရွက်နေသော ကုလားတန်မြစ်ဝှမ်း စီမံကိန်းရှိ ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှ လုပ်သား ၁၃ ဦးကို ဖမ်းဆီးခဲ့သည်။[၂၀] ULA သည် ခူမီးရွာသား ၅၂ ဦးကို ထိန်းသိမ်းခဲ့သည်။ ထိုရွာသားအများစုမှာ ခရစ်ယာန်များဖြစ်ကြပြီး ၎င်းတို့ကိုချင်းပြည်နယ်ရှိ နယ်ခြားစခန်းတစ်ခုတွင် ခြောက်လခန့် ချုပ်နှောင်ထားခဲ့သည်။[၂၁] မတ်လတစ်လတည်းတွင် အစိုးရတပ်များ၏ ပစ်ခတ်မှုကြောင့်သေဆုံးခဲ့ရသော အရပ်သား ၁၄ဦးနှင့် တရား ဥပဒေနှင့်မညီဘဲ အရပ်သားများကို နှိပ်စက်တိုက်ခိုက်ခြင်းကြောင့် ၂၉ ဦး သေဆုံးခဲ့ကြောင်း Amnesty International က ထုတ်ပြန် ကြေညာခဲ့သည်။[၂၂] အဖြစ်ဆိုးဟုကျော်ကြားလှသော လယ်ကွင်းထဲမှ လယ်သမားများကို ရဟတ်ယာဉ်ပေါ်မှနေ၍ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဘူးသီးတောင်မြို့နယ်တွင် မွတ်ဆလင်ရွာသား ၇ ဦးနှင့် ဒဏ်ရာရသူ ၁၈ ဦးရှိခဲ့သည်။[၂၃] "အသစ်နေရာချထားသော တပ်များ ဖြစ်ကောင်းဖြစ်မည်။ ရက်စက်မှုကား တစ်ပုံစံတည်းပင်" ဟု Amnesty International က သတိပေးခဲ့သည်။[၂၄]

ဒေသခံတို့၏ စိတ်နှလုံးမှလာသော သိမ်းကျုံးယုံကြည်မှုကိုရအောင် တည်ဆောက်လိုသည့် ရည်ရွယ်ချက်အစိုးရထံ၌ အမှန်တကယ်ရှိသည်ဟု ဆိုနိုင်စရာ အထောက်အထား အလွန်နည်းပါးပါသည်။ အာရကန်ပြည်သူတို့၏ ပြဿနာကို ဖြေရှင်းနည်းမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးခြင်းဟု NLD က ယုံကြည်နေဆဲဖြစ်သည်။ ရခိုင်အတွက် ခရီးသွားလုပ်ငန်းနှင့် လျှပ်စစ်ခါတ်အား ရရှိရေးလုပ်ငန်းများကို အစိုးရက မကြာခဏထုတ်ပြောလေ့ရှိသည်။[၂၅] ရခိုင်ပြည်နယ်၏ လူမှုဘဝ အခြေအနေများ ပိုမိုကောင်းမွန်လာစေရေးအတွက် အဓိကကျသော အစီအမံတစ်ခုအဖြစ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်နေသော ရခိုင်ပြည်နယ် လူသားချင်း စာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီကို စီစဉ်ခဲ့သည်။ သို့သော် အတိုက်အခံများ ကြားတွင်မူ ထိုကော်မတီမှာ အစိုးရ၏ ဩဇာကို ဖြန့်ကျက်ရန်နှင့် ရခိုင်ကို ထိန်းချုပ်ရန် ကြိုးစားခြင်းပင် ဖြစ်သည်ဟု မြင်ကြသည်။ နိုင်ငံရေး အသိုင်းအဝိုင်းတစ်ခုလုံးတွင် ယုံကြည်နေကြသည်ကမူ တကယ့် အရေးကြီးသော အဆုံးအဖြတ်များကို တပ်မတော် ခေါင်းဆောင်များကသာ ချမှတ်နေသည်ဟူ၍ ဖြစ်သည်။

အစိုးရနှင့် ဒေသခံများကြား ပိုနက်ရှိုင်းလာသော အယုံအကြည်မရှိမှုမှာ အာရကန်အလံများကို ရခိုင်အိမ်များပေါ်တွင် မလွှင့်ထူရဟု လုံခြုံရေးတပ်ဖွဲ့များက အမိန့်ထုတ်လိုက်သည့်အချိန်တွင် ပိုသိသာလာခဲ့သည်။ ဒေသများစွာတွင် ရခိုင်လူမျိုးတို့သည် မိမိတို့ အမျိုးသားအထိမ်းအမှတ် အလံများကို မကွယ်မဝှက် လွှင့်ထူလာကြသည်။ များမကြာမီတွင် စာရေးဆရာဝေဟင်အောင်နှင့် ယခင် ANP ခေါင်းဆောင် ပါလီမန်အမတ် ဦးအေးမောင်ကို နိုင်ငံတော် သစ္စာဖောက်မှုဖြင့် တရားရုံးတင်စီရင်ခံရပြီး ထောင်ဒဏ်နှစ် ၂၀ စီ ချမှတ်ခဲ့သည်။[၂၆] တစ်ချိန်က ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခြားအစိုးရ ခေါင်းဆောင်များ ဧည့်ခံခဲ့ဖူးသော ရခိုင်ခေါင်းဆောင်တစ်ဦးကို ဤသို့ ထောင်ချခဲ့ခြင်းမှာ အံ့အားသင့်စရာ ဆက်ဆံရေး နောက်ပြန်လန်ကျသည့် ကိစ္စတစ်ခုပင်ဖြစ်သည်။ (အခန်း ၆ နှင့် အခန်း ၇ ကိုရှုပါ။) အစိုးရအရာရှိများဘက်က ULA သည် မူးယစ်ဆေးဝါး လုပ်ငန်းများတွင် ပါဝင်နေသည်ဟူသော စွပ်စွဲချက်များ ထပ်တင်လာခြင်းကို ULA ခေါင်းဆောင်များက ငြင်းဆန်ခဲ့သည်။[၂၇]

၂၀၁၉ ဧပြီ-မေလများတွင် တရုတ်အစိုးရက တိုက်ပွဲများ၏ ကန့်လန့်ကာနောက်ကွယ်မှ ကြား၀င်၍ ဩဇာလွှမ်းမိုးနိုင်ရန် ကြိုးစားလာခြင်းကြောင့် တိုက်ပွဲများ ယာယီရပ်ဆိုင်း သွားခဲ့သည်။ အနောက်နိုင်ငံများနှင့် မတူသည်မှာ တရုတ် အစိုးရသည် ပဋိပက္ခများ အရှိန်တက်နေသည့် ကာလတစ်လျှောက်လုံးတွင် ဆိုင်ရာ အဘက်ဘက်မှ သက်ဆိုင်သူများနှင့် မပြတ်ဆက်ဆံနေခြင်းဖြစ်သည်။ အရေးကြီးပုဂ္ဂိုလ်များအားလုံး တစ်ချိန်တည်းလိုလို ဆုံမိရန်မှာ ဖြစ်တောင့်ဖြစ်ခဲကိစ္စ ဖြစ်သော်လည်း ကြုံကြိုက်လာခဲ့သည်။ BRI နှစ်နှစ်ပြည့် နှစ်ပတ်လည်တွင် တရုတ်သို့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရော ဒေါ်အောင်ဆန်းစုကြည်ပါ အလည်အပတ်သွားရောက်ခဲ့ကြသည်။[၂၈] တရုတ်ပြည်သူ့သမ္မတနိုင်ငံအား မြန်မာနိုင်ငံက ထာဝရမိတ်ဆွေဟူ၍ မှတ်ပါကြောင်း မဟာဗျူဟာအရ မဟာမိတ်များအဖြစ် ရပ်တည်သွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အိမ်ရှင်အစိုးရအား ပြောကြားခဲ့သည်။[၂၉] တရုတ်ကလည်း မြန်မာကို အမြဲတမ်းထောက်ခံအားပေးနေပြီး ဆက်လက်၍ ထိုသဘော

အတိုင်းပင် မပြောင်းမလဲရှိမည် ဖြစ်ပါကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က တုံ့ပြန်ခဲ့သည်။[၃၀]

အပြောင်းအလဲမှာ အရှိန်ဖြင့်လာနေချေပြီ။ တရုတ်နှင့် ၎င်း၏ စီမံကိန်းဖြစ်သော ရပ်ဝန်းနှင့် ပိုးလမ်းမ အစီအစဉ်ကို ထောက်ခံကြောင်း ထိုလတွင်ပင် ULA ၏ ဥက္ကဋ္ဌ ထွန်းမြတ်နိုင်ကလည်း ယူနန်နယ်စပ်ရှိ UWSA တည်ထောင်ခြင်း နှစ် ၃၀ ပြည့်နှစ်ပတ်လည်နေ့တွင် ပြောကြားခဲ့သည်။ ဤအခမ်းအနားသို့ တက်ရောက်ခဲ့သော တရုတ်အစိုးရ ကိုယ်စားလှယ်အဖွဲ့ကို အာရှရေးရာ အထူးသံသမန် Sun Guoxiang က ဦးဆောင်ခဲ့သည်။[၃၁] KIO နှင့် ULA ၏ မဟာမိတ်များဖြစ်ကြသော FPNCC နှင့် အတိုင်ပင်ခံ အဖွဲ့ဝင်များလည်း တက်ရောက်ခဲ့ကြသည်။ "အင်အားကြီးတဲ့ နိုင်ငံတွေနဲ့ အတတ်နိုင်ဆုံး သင့်မြတ်အောင် ကျွန်တော်တို့ ကြိုးစား ပါတယ်" ဟု ထွန်းမြတ်နိုင်က တက်ရောက်သော မီဒီယာများအား ပြောကြားခဲ့သည်။[၃၂] မြန်မာအစိုးရက တိုင်းပြည်ကို အလွဲသုံးစားပြုနေကြချိန်တွင် ရခိုင်လူမျိုးများ ဘေးဖယ်ခံထားရသည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။ ထိုအကြောင်းကြောင့်ပင် ULA အနေနှင့် မိမိတို့ပြည်နယ်တွင် တရုတ်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းအား ကန့်ကွက်ရန် အကြောင်းမရှိဟု ဆိုခဲ့သည်။[၃၃]

ရခိုင်အမျိုးသားရေးလှုပ်ရှားသူများ အသိုင်းအဝိုင်းတွင် ထွန်းမြတ်နိုင်၏ စကားများကြောင့် အံ့အားသင့်ကြသည်။ တရုတ်ရင်းနှီးမြှုပ်နှံမှုများကို အရပ်ဘက်လူ့အဖွဲ့အစည်းများကဲ့သို့ပင် ထိုသူတို့များစွာက စိုးရိမ်နေကြချိန်၌ ULAအရာရှိများအဖို့မူ ရခိုင်ပြည်နယ်အတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများက အဓိက ဖြစ်သည်ဟု အလွတ်သဘော စကားပြောချိန်များတွင် ပြောခဲ့ဖူးသည်။ နိုင်ငံရေးအပြောင်းအလဲသာ ဖြစ်လာခဲ့လျှင် အာရကန်လူမျိုးတို့သည် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်လာနိုင်ပြီး မိမိတို့အတွက် ကောင်းကျိုးများ စစ်စစ်မှန်မှန်ရရှိလာအောင် ကြိုးစားဆောင်ရွက်နိုင်မည်ဟူသော သဘောဖြစ်၏။ တရုတ်ကဖြစ်စေ၊ အနောက်နိုင်ငံများကဖြစ်စေ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူ ပေးလာချိန်များတွင်လည်း ကြုံဆိုခဲ့ကြသည်။ အကယ်၍ ပြင်ပမှ အကျိုးစီးပွား သက်သက်အတွက် ရခိုင်ကို ခေါင်းပုံဖြတ်ခြင်းမျိုး ရှိလာလျှင်မူ ငြင်းဆန်မည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအောက်တွင် လည်ပတ်နေသော လက်ရှိအစိုးရစနစ်နှင့် တပ်မတော်၏ အကျိုးစီးပွားများနှင့် ဆက်စပ်နေသော စီးပွားရေးလုပ်ငန်းများကမူ ထိုအမျိုးအစား ထဲတွင် ပါဝင်နေပေသည်။

မည်သို့ပင်ဖြစ်စေ ငြိမ်းချမ်းရေးအတွက် နောက်ထပ် အခွင့်အရေး တစ်ခု ပေါ်လာပြန်ပြီဟု ဆိုနိုင်သည်။ NLD၊ တပ်မတော်နှင့် ULA တို့ အားလုံးက တရုတ်နှင့် ဆက်ဆံရေးလမ်း ဖွင့်ပေးသင့်သည်ဟု သဘောမျှကြသော အချိန်လည်းဖြစ်သည်။ သို့ရာတွင် ထင်သလို နိုင်ငံရေးအပြောင်းအလဲ လမ်းစတစ်ခု မဖြစ်လာပြန်ပါ။ အမှန်စင်စစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အရှေ့မြောက်ပိုင်းတွင် အပစ်အခတ်ရပ်စဲရေး ကြေညာချက်ကို အစိုးရကသော်လည်းကောင်း၊ ထိုဒေသအတွင်းမှ လက်နက်ကိုင်အဖွဲ့များကသော်လည်းကောင်း စောင့်ကြည့်နေခြင်းမရှိပါ။[၃၄] အပစ်အခတ်ရပ်စဲမှုကို ဧပြီလတွင်တစ်ကြိမ် စက်တင်ဘာလတွင်တစ်ကြိမ် သက်တမ်းတိုးလိုက်ကြောင်း လူကြားကောင်းအောင် ကြေညာခဲ့သော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေတုန်းပင်။[၃၅] ULA သည် FPNCC နှင့် မြောက်ပိုင်းမဟာမိတ်ထဲမှ အဖွဲ့နှစ်ဖွဲ့ ဖြစ်ကြသော ကိုးကန့်အခြေစိုက် မြန်မာအမျိုးသားကာကွယ်ရေး မဟာမိတ်တပ်နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်များနှင့် အတူပူးပေါင်း တိုက်ခိုက်မှုများ ရှိခဲ့သည်။ ULA ကဲ့သို့ပင် MNDA နှင့် TNLA တို့သည်လည်း အစိုးရ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တင်းပြည့်ပါဝင်ခွင့်မရအောင် တပ်မတော်က ဖယ်ထားသော အဖွဲ့များ ဖြစ်ကြသည်။ ထိုအဖွဲ့ သုံးဖွဲ့သည် ယခုအခါညီနောင်မဟာမိတ်အနေနှင့် ရှမ်းပြည်မြောက်ပိုင်း၌ တန်ပြန်စစ်ဆင်ရေးများ ပူးပေါင်းဆောင်ရွက် လျက်ရှိသည်။

ထိုအချိန်တွင်ပင် ရခိုင်ပြည်နယ်၌ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်က စစ်ရေးလှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်နေမြဲဖြစ်သည်။ တိုက်ပွဲများကြောင့် လူသေနှုန်းမှာ မြင့်တက်နေမြဲပင်။ ၂၀၁၉ နှစ်လည်ကို ရောက်သောအခါ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် သုံးနိုင်ငံနယ်ခြားဆုံချက်တွင် အိုးအိမ်မဲ့ ထွက်ပြေးနေရသူ ငါးသောင်းကျော်သွားခဲ့ပြီဖြစ်သည်။ ခုနှစ်လတာကာလအတွင်း အရပ်သား ၇၁ ဦး အသတ်ခံရပြီး ၅၃ ဦး ဒဏ်ရာရရှိကာ ၉ ဦး ပျောက်ဆုံးနေကြောင်း၊ ၁၅၆ ဦးကို အစိုးရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း ရခိုင်တိုင်းရင်းသားများကွန်ဂရက်က ခန့်မှန်းသည်။[၃၆]

စစ်ထဲတွင် ကိုယ်တိုင်ပါဝင် တိုက်ခိုက်သူများအဖို့မူ ပို၍ပင် အဆုံးအရှုံးများသေးသည်။ နှစ်ဖက်စလုံးက တစ်ဖက်ကို တစ်ဖက် အပြန်အလှန်စွပ်စွဲနေကြသည်။ ULA ကြောင့် တပ်မတော်သား တစ်ထောင်ကျော် သေဆုံးသို့မဟုတ် ဒဏ်ရာရသွားခဲ့သည်ဟူသော ကြေညာချက်ကို တပ်မတော်က မဟုတ်မှန်ပါဟု ဆိုခဲ့သည်။ ၎င်းတို့ဘက်ကလည်း နှစ်ဝက်ကာလအတွင်း AA စစ်သား ၁၀၀ ခန့်ကို ပစ်ချနိုင်ခဲ့ပြီး ၄၈ ဦးကိုဖမ်းမိထားကြောင်း ကြေညာခဲ့သည်။[၃၇] ဧပြီလိုင်နှင့် ဩဂုတ်လများတွင် စစ်တပ်ဘက်မှ နောက်ထပ် တပ်ဖွဲ့ဝင် ၂၃၆ ဦးကို ULA လက်ချက်ဖြင့် ဆုံးရှုံးရ ပြန်ပြီဖြစ်ကြောင်း ကြေညာခဲ့ပြန်သည်။[၃၈] တပ်မတော်ဘက်မှ

၂၀၁၉ အစ ပထမ ခုနှစ်လအတွင်း၌ ဗိုလ်မှူးကြီးတစ်ဦး၊ ဗိုလ်မှူးလေးဦးနှင့် ဗိုလ်ကြီးတစ်ဒါဇင်မျှ ကျဆုံးသွားပြီဖြစ်ရာ တပ်မတော်၏ အဆုံးအရှုံးမှာ မနည်းလှဟု ဆိုရမည်။ ရှေ့တန်းမှ အကျအဆုံးစာရင်းများက တိုက်ပွဲများ၏ ပြင်းထန်ဆိုးရွားပုံကို ဖော်ပြနေသည်။[၉၉] သို့ရာတွင် ယုံကြည်ရလောက်သော အချက်အလက် အတိအကျကို ရှာမရနိုင်ပါ။

ရှေ့တန်းစစ်မြေပြင် ကျယ်ဝန်းလာသည်နှင့်အမျှ ရသေ့တောင်နှင့် စစ်တွေမြို့နယ် များမှ ရေတပ် သင်္ဘော များအား AA ကလည်း အမြောက်ဖြင့် လှမ်းပစ်တတ်သည်။ တိုက်ပွဲအားလုံးနီးပါးမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ကပ်လျက်တွင် တည်ရှိသော ပလက်ဝမြို့နယ်များတွင် စုပြီး ဖြစ်ပေါ်နေကြသည်။ သို့သော် ဇူလိုင်လမှစကာ တိုက်ပွဲများသည် ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ မြေပုံမြို့နှင့် အမ်းမြို့တို့အထိ ပျံ့နှံ့လာသည်။[၄၀] ဤမြို့နယ်များမှ ချင်းရွာပေါင်း ရာချီ၍ ပျက်ကြပြီး လူအများ ထွက်ပြေးကြရသည်။ ၁၉၈၆၌ အာရကန် ကွန်မြူနစ်ပါတီက မင်းပြားမြို့ကို ခေတ္တမျှ သိမ်းပိုက်နိုင်လိုက်ကတည်းက ယခုအချိန်အထိ ကာလအတွင်း ဤဒေသတွင် ပထမဆုံးဖြစ်ပေါ်ခဲ့သော လက်နက်ကိုင် ပဋိပက္ခဖြစ်သည်။ (အခန်း ၄ ကိုရှုပါ။) တိုက်ပွဲများသည် တဖြည်းဖြည်း တောင်ဘက်သို့ဆင်းလာပြီး ရမ်းဗြဲကျွန်းနှင့် ရေနက်ဆိပ်ကမ်း တည်ဆောက်မည့် ကျောက်ဖြူ သို့ ရွှေ့လျားလာသည်။

AA တို့အား တုံ့ပြန်ရန် တပ်မတော်ကား ပို၍ ကြမ်းတမ်းသော နည်းဗျူဟာများဘက်သို့ လှည့်လာသည်။ ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ခြင်း၊ ဒုံးများ၊ အမြောက်များနှင့် ULA တပ်ဖွဲ့များ လူပ်ရှားနေသည်ဟု အထင်ရှိသော နေရာများကို ပစ်ခတ်ခြင်းတို့ကို အကြိမ်ကြိမ် ပြုလုပ်သည်။ သို့ဖြစ်ရာ အရပ်သား သေဆုံးမှုနှုန်း ဆက်လက်မြင့်တက်လာပြီး နှစ်လယ်ပိုင်းအရောက်တွင် အရပ်သား ၁၆ ဦး မှာ ULA နှင့် အဆက်အသွယ်ရှိသည်ဟူသော စွပ်စွဲချက်ဖြင့် အဖမ်းခံရပြီး သေဆုံးခဲ့ရသည်။[၄၁] ဇူလိုင်လတွင် တပ်မတော်ဘက်မှ ထိုသေဆုံးမှုများကို ၎င်းတို့၏ စစ်ရုံးတွင် စုံစမ်းစစ်ဆေးခဲ့သည်။ သို့ရာတွင် စစ်တပ် ကိုယ်တိုင် ဖွဲ့စည်းထားသော ခုံရုံးများ၏ လွတ်လပ်မှု၊ မျက်နှာမလိုက်ဘဲ စီရင်နိုင်မှုကို ဒေသခံတို့က မယုံကြည်နိုင်ကြပေ။ အထူးသဖြင့် အစိုးရက ၂၀၁၃ ဆက်သွယ်ရေးဥပဒေအရ ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ကပ်လျက် ချင်းပြည်နယ်တို့မှ မြို့ပေါင်းရှစ်မြို့ကို အင်တာနက် ဖြတ်တောက်လိုက်သောအခါ စိုးရိမ်မှုများ ပိုမို ပြင်းထန်လာတော့သည်။[၄၂] ၂၀၁၄ သန်းခေါင်စာရင်းအရ ဒေသအတွင်း ခန့်မှန်းခြေလူတစ်သန်းကျော် နေထိုင်သည်ဖြစ်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ယန်ဟီးလီက လူ့အခွင့်ရေးချိုးဖောက်မှုများအား သတင်းအမှောင်ချထားခြင်းကို အကာအကွယ်ယူ၍ ကျူးလွန်နိုင်ကြောင်း ပူပန်ပြောကြားခဲ့သည်။ [၄၃] Frontiner Myanmar မဂ္ဂဇင်းကမူ "အမှောင်ထဲ ရခိုင်"ဟူ၍ ခေါင်းကြီးရေးခဲ့သည်။[၄၄]

ဩဂုတ်လတွင် မြန်မာပြည်အရှေ့မြောက်ပိုင်း တိုက်ပွဲများ အခြေအနေပိုဆိုးလာပြီးနောက် ငြိမ်းချမ်းရေး အလားအလာများ ပို၍ပင်မှေးမှိန်သွားတော့သည်။ ဩဂုတ်လ ၁၅ ရက်နေ့တွင် ULA ၏ ညီနောင်မဟာမိတ်သုံးဦးအဖွဲ့မှ အဖွဲ့ဝင်များဖြစ်ကြသော MNDAA နှင့် TNLA နှစ်ဖွဲ့ က ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တပ်မတော်ကို တိုက်ခိုက်မှုများ ပြန်စခဲ့သည်။ AA ကလည်း ထိုတိုက်ပွဲများတွင် ပါဝင်ခဲ့သည်။ အစိုးရသည် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ဗန်းပြပြီး လူမျိုးစု အတိုက်အခံအုပ်စုများကို ရှင်းပစ်ရန် ဆောင်ရွက်နေသည်ဟု ၎င်းတို့က စွပ်စွဲကြပြီး ယခုတိုက်ပွဲများမှာ တပ်မတော်၏ ထိုးစစ်များ ဤဒေသတွင် ရပ်တန့်သွားစေရန်နှင့် မိမိတို့နှင့် ဆွေးနွေးညှိနှိုင်းရန် ငြိမ်းချမ်းရေးစကားဝိုင်းသို့ အစိုးရကို အပါပြန်ခေါ်ရန်ကြံရွယ်သည့် သဘောဖြစ်သည်ဟု ၎င်းတို့က ဆိုခဲ့သည်။ "ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရသည် ငြိမ်းချမ်းရေးအတွက် ကြိုးစားနေသော်လည်း စစ်တပ်ကမပါဝင်သရွေ့ မည်သည့် ငြိမ်းချမ်းရေးမျှမရနိုင်ဟု ညီနောင်မဟာမိတ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။[၄၅] ပထမအကြိမ် တိုက်ခိုက်ရာတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်နည်းပညာ အကယ်ဒမီကို ပစ်ခတ်မှုလည်း ပါဝင်ခဲ့ပြီး တပ်ဘက်မှ ၁၅ ဦး ကျဆုံးခဲ့သည်။ ထိုတိုက်ခိုက်မှုမှာ တပ်မတော်ကို သတိပေး အချက်ပြမှုမျိုးသာဖြစ်သည်။

ထိုတိုက်ပွဲတွင် တပ်မတော်ဘက်က ချက်ချင်းတရကြမ်းတုံ့ပြန်ရာကချင်နှင့် ရှမ်းပြည်နယ်တို့တွင် သာမကရခိုင်တွင်ပါ အရှိန်ရိုက်ခတ်လာပါသည်။ အောက်တိုဘာလအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း အရပ်သားများအပေါ် ကြမ်းတမ်းရက်စက်စွာ တရစပ်ပြုမူ၍ လူ့အခွင့်အရေးချိုးဖောက်နေမှုများ ပြုလုပ်နေသည်ဟု Amnesty International က စွပ်စွဲခဲ့သည်။[၄၆] နိုဝင်ဘာလအတွင်း၌ တိုက်ပွဲများ ပို၍ ပြင်းထန်လာခဲ့သည်။ ညီနောင်မဟာမိတ်ခေါင်းဆောင်များဘက်ကလည်း တပ်မတော်၏ စစ်ကြောင်းများ လူမျိုးစုနယ်မြေများတွင် လာရောက်တိုက်ခိုက်နေခြင်းကို နောင်တွင် ခွင့်ပြုမည်မဟုတ်ဟု ကြုံးဝါးခဲ့သည်။[၄၇] ၎င်းတို့ဘက်က တစ်ဖက်တစ်ပြန် တပ်မတော် အစောင့်ချထားသည့် မြို့များကို တိုက်ခိုက်ခဲ့သည်။

ရခိုင်ပြည်နယ်၌လည်း ထိုအချိန်က တိုက်ပွဲများ အမြင့်ဆုံး အရှိန်ရောက်တော့မည့် အနေအထား ဖြစ်သည်။ အောက်တိုဘာလလယ်တွင် ULA သည် ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်များမှ စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို တိုက်ခိုက်ခဲ့သည်။ [၄၈]

အစိုးရတပ်များ သုံးစွဲသော သယ်ယူပို့ဆောင်ရေးယာဉ်များကို ခြုံခိုတိုက်ခိုက်ခြင်း စစ်သားများနှင့် အစိုးရအမှုထမ်းများအား အကျဉ်းသားအဖြစ် ခေါ်ဆောင်သွားခြင်းများကို AA တပ်များကပြုလုပ်လာသည်။[၄၈] တပ်မတော်သည် ရေကြောင်း၊ လေကြောင်း (ရဟတ်ယာဉ်ဖြင့်)၊ ကြည်းကြောင်း နည်းလမ်းပေါင်းစုံကိုသုံးကာ ရခိုင်ပြည်နယ်မြောက်ပိုင်းကို လွှမ်းခြုံတိုက်ခိုက်နိုင်အောင် ကြိုးစားသည်။ စစ်ပွဲသည် တဖြည်းဖြည်း လူပုဂ္ဂိုလ်များကို ရည်ရွယ်တိုက်ခိုက်လာခြင်းမျိုးလည်း ရှိလာသည်။ နှစ်ဖက်စလုံးမှ မိသားစုဝင်များကိုပါခါးစားခံအဖြစ် ပစ်မှတ်ထား လာကြပြီး ဥပဒေပြင်ပသတ်ဖြတ်ခြင်းများကိုလည်း အပြန်အလှန် ကျူးလွန်လာကြသည်။[၅၀] နိုဝင်ဘာလ၌ အိန္ဒိယအလုပ်သမားငါးဦး နှင့်ချင်း NLD အမတ် ဦးဇော့တင်းကို ကုလားတန် မြစ်ကြောင်းအတိုင်း ပလက်ဝမှ ကျောက်တော်သို့ ခရီးသွားနေစဉ် AA က ဖမ်းဆီးခေါ်ဆောင်သွားသည်။[၅၁] ချင်းခေါင်းဆောင်များနှင့် အရပ်ဘက် လူအဖွဲ့အစည်းများက စိုးရိမ်ကြောင်းစာများ ထုတ်ပြန်ခဲ့ကြပြီး ချင်းနှင့် ရခိုင်လူမျိုးများကြားတွင် စိတ်ဝမ်းကွဲစေမည့် ကိစ္စမျိုးကို ရှောင်ရှားသင့်ကြောင်း တိုက်တွန်းခဲ့ကြသည်။[၅၂]

ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှုများသည် တစ်ပြည်လုံးသို့ အရိပ်ထိုးနေပါသည်။ ပဋိပက္ခ နယ်မြေထဲတွင် ရှိမနေကြသည့်တိုင်အောင် တစ်တိုင်းပြည်လုံး၏ ဆန္ဒသည် NLD၊ တပ်မတော်နှင့် ULA တို့အနေးနှင့် အမြန် အပစ်အခတ်ရပ်စဲမှုအတွက် သဘောတူနိုင်သည့် အခြေအနေကို ရောက်ရှိနိုင်ရေးဖြစ်သည်။ ရွေးကောက်ပွဲကျင်းပတော့မည့် ၂၀၂၀ သည် အရေးကြီးသော နှစ်တစ်နှစ်ဖြစ်ပါလိမ့်မည်။ ရိုဟင်ဂျာဒုက္ခသည်များအရေး၊ တရုတ်၏ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့ကား ဆက်လက်ရင်ဆိုင်ရမည့် ကိစ္စများဖြစ်ကြသည်။ သို့သော် ငြိမ်းချမ်းရေးကတိကဝတ်များကမူ အပြန်အလှန်ပစ်ခတ်နေကြသော တိုက်ပွဲများကြား ပိတ်မိနေကြသော အရပ်သားများအတွက် နှစ်သိမ့်စရာတစ်စုံတစ်ရာဖြစ်ပါလိမ့်မည်။ ၂၀၁၉ နိုဝင်ဘာလတွင် ရခိုင်၊ ချင်း၊ မြို လူမျိုးများထဲမှ ဒေသတွင်း အိုးအိမ်မဲ့ထွက်ပြေးရသော အရပ်သား ပြည်သူပေါင်း ၉၀,၀၀၀ ကျော်သို့ရောက်ရှိလာပြီး ထိုစခန်းများသည် မြောက်ဘက်တွင် ပလက်ဝနှင့် မောင်တောမှသည် တောင်ဘက်မြေပုံမြို့တို့ကြားတွင် ပျံ့နှံ့တည်ရှိသည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီတစ်ခုဖြစ်သော UNHCR သည် ၂၀၁၉ ခုနှစ်တွင် အိန္ဒိယနှင့် မလေးရှားတွင် ခိုလှုံနေကြသော ချင်းဒုက္ခသည်ပေါင်း ၃၅၀၀၀ ကို အကာအကွယ် ပေးထားခြင်းအား သက်တမ်းတိုးပေးရန် သဘောတူလိုက်သည်။[၅၃]

မြန်မာနိုင်ငံ၏ လူမျိုးစုနိုင်ငံရေး ပဋိပက္ခ များကို လောလောလတ်လတ် ဖြေရှင်းပေးနိုင်မည့် အဖြေမရှိနေကြသေးသော်လည်း ၂၀၁၉မှာ အဆုံးပိုင်းသို့ ရောက်လာလေပြီ။ နိုင်ငံတကာ၏ စိုးရိမ်ပူပန်ခြင်းမှာ မလျော့သေးသလို ဤနယ်မြေမှာကုလသမဂ္ဂ၏ လူသားချင်း စာနာထောက်ထားမှု အစီအစဉ်များ ဦးစားပေးရသောနေရာ၊ နိုင်ငံရေးအရ နာလန်ထူနိုင်မှုကို ထည့်စဉ်းစားရသည့် နေရာတစ်ခု ဖြစ်နေပေသည်။ သို့သော် အိုး အိမ်မဲ့စွန့်ခွာခဲ့ရ သူများအဖို့ အိမ်ပြန်စရာ မျှော်လင့်ချက်မှာ လွယ်လွယ်နှင့် မြန်မြန်ပြည့်ဝဖို့ရာ လမ်းမမြင်ပါဟု ဧရာဝတီမဂ္ဂဇင်းက သတိပေးခဲ့သည်။[၅၄] ကျောက်တော်မှ ရွာသားတစ်ဦးကမူ "ငြိမ်းချမ်းမှပဲ ကျွန်တော်တို့ အိမ်ပြန်နိုင်ကြမှာ" ဟု ပြောကြားခဲ့သည်။[၅၅]

အကြမ်းဖက်မှုများ မြင့်တက်လာသည့် နှစ်တစ်နှစ်အပြီးတွင် အာရကန်မြေသည် ကသောင်းကနင်း ဖြစ်နေဆဲ၊ မျှော်လင့်စရာ နည်းပါးပြီး စိတ်ပျက်စရာအဖြစ်များ ခြောက်လှန့်နေဆဲပင်။

ပဋိပက္ခအသစ်များသို့မဟုတ် ဖြေရှင်းစရာ နည်းလမ်းသစ်များ

လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း ရခိုင်ပြည်နယ်၌ ပဋိပက္ခများ ပြန်လည်ခေါင်းထောင်လာချိန်တွင် အာရကန်အမျိုးသားရေးဝါဒများလည်း ပို၍ကျယ်ပြန့် ထွန်းကားလာခဲ့သည်။ ရခိုင်ပြည်နယ်အတွင်းရှိ လူပ်ရှား တက်ကြွသူများဖြစ်စေ၊ မြန်မာပြည်၏ အခြားဒေသများတွင် နေထိုင်နေကြသူ ရခိုင်ပြည်နယ်သားများဖြစ်စေ၊ ကျယ်ပြန့်လာသည့် ပြည်ပတွင် အခြေချနေထိုင်သူ ရခိုင်အသိုင်းအဝိုင်းများမှ ဖြစ်စေ၊ ဒစ်ဂျစ်တယ်ခေတ်၏ ဆိုရှယ်မီဒီယာကြောင့် အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုတက်ကြွလာကြပါသည်။ (Facebook နှင့် ဆိုရှယ်မီဒီယာ၏ အခန်းကဏ္ဍကို ရှုပါ။) ဇူလိုင်လတွင် ထွန်းမြတ်နိုင်၏ ညီငယ်အပါအဝင် ရခိုင်ခြောက်ဦး စင်ကာပူတွင် အဖမ်းခံရပြီး ULA အတွက် ရံပုံငွေရှာဖွေပေးခြင်း၊ ULA ကို အများထောက်ခံအောင် ဆော်သြခြင်းတို့ကြောင့် စင်ကာပူက ပြည်နှင်ခဲ့ပါသည်။[၅၆] ထိုအဆက်အစပ်ကို မီဒီယာက အသားပေးဖော်ပြခဲ့ကြသည်။ သို့သော် တကယ့် လက်တွေ့၌ နိုင်ငံတကာသို့ဖြန့်ကျက်နေသော ကွန်ရက်ရှိလာခြင်းကပင်လျှင် ရခိုင်အမျိုးသားရေး လူပ်ရှားမှုကို ပို၍ ထောက်ခံအားပေးလာကြသည့် အထောက်အထားပင်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင်မူ မျိုးဆက်ဟောင်းမှ ခေါင်းဆောင်များက ယခု ၂၀၁၁ နောက်ပိုင်းအမျိုးသားရေးစိတ်ဓာတ်များ တက်ကြွလာပုံကို ယခင်အစိုးရအပြောင်းအလဲများဖြစ်ခဲ့သော ၁၉၄၈၊ ၁၉၆၂ နှင့် ၁၉၈၈ ကာလများက လူပ်ရှားမှုများနှင့် နှိုင်းယှဉ်ကြည့်ကြသည်။ အစိုးရ၏ အင်တာနက်ဖြတ်တောက်ပစ်ခြင်းသည်လည်းကောင်း၊ ULA

၏ Facebook စာမျက်နှာများအား ပိတ်ပစ်ခြင်းသည် လည်းကောင်း ULA ကို ထောက်ခံမှုများအား မရပ်တန့်စေခဲ့ပါ။ "လူတွေကဒီမိုကရေစီပြုပြင် ပြောင်းလဲရေးဆိုတာကို အယုံအကြည်မဲ့ ကုန်ကြပြီဟု ANP ၏ ခေါင်းဆောင်ဦးဦးလှစောက ပြောကြားခဲ့သည်။[၁၇]

မည်သို့ပင်ဖြစ်စေ ရခိုင်၏ အရေးပေါ်အခြေအနေများကို ဖြေရှင်းရန်အရေးမှာ ရိုးရှင်းသည့် ကိစ္စတစ်ခုမဟုတ်ပါ။ "အာရကန်၏ အမျိုးသားရေးလှုပ်ရှားမှုများသည် ဂိုဏ်းဂဏကွဲပြား နေကြသေးသည်။ လွန်ခဲ့သည့် သုံးနှစ်အတွင်း ရွေးကောက်ပွဲနိုင်ငံရေးထဲ ဝင်ခဲ့သော ANP တွင် အက်ကြောင်းများ ရှိနေခဲ့သည်။ ခွဲထွက်သွားသော အဖွဲ့ဝင်များက ၁၉၉၀ အထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသည့် အာရကန်ဒီမိုကရေစီအဖွဲ့ချုပ်ကို ပြန်လည်အသက်သွင်းရန် ကြိုးစားနေကြသည်။ မွတ်ဆလင်များ ရခိုင်လူ့အဖွဲ့ အစည်းအတွင်း စည်းစည်းလုံးလုံးနေထိုင်နိုင်ရေးမှာ လက်တွေ့တွင် မဖြစ်လာသေးပေ။ ထို့ပြင် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ၂၀၁၈ ခုနှစ် အဖမ်းခံရပြီး ၂၀၁၉ အစောပိုင်းတွင် ထောင်ကျခဲ့သော ANP ၏ ခေါင်းဆောင် ဦးအေးမောင်မှာ ပါတီမှ နှုတ်ထွက်သွားခဲ့ပြီဖြစ်သည်။ (အခန်း ၇ ကိုရှုပါ။)

ရခိုင်အမျိုးသားရေးလှုပ်ရှားမှုခွဲ လက်ရှိအချိန်တွင် လက်နက်ကိုင်အဖွဲ့အစည်းသုံးခုရှိနေသည်။ အပစ်အခတ်ရပ်စဲထားသော ALP၊ အပစ်မရပ်ထားသည့် ANC နှင့် ULA တို့ဖြစ်ကြသည်။ ထိုအဖွဲ့သုံးခုမှာလည်း မတူကွဲပြားသော နိုင်ငံရေးအင်အားစုကြီး သုံးခုထဲတွင် ရခိုင်ကို ကိုယ်စားပြု ပါဝင်နေကြသည်။ ALP သည် NCA လက်မှတ်ရေးထိုးထားသော အဖွဲ့ ၁၀ ဖွဲ့တွင် တစ်ဖွဲ့အပါအဝင်ဖြစ်သည်။ ANC က UNFC[၁၈] ၏ အဖွဲ့ဝင်ဖြစ်ပြီး ULA ကမူ နိုင်ငံ၏ အရှေ့မြောက်ပိုင်းမှ အဖွဲ့လေးဖွဲ့ပါဝင်သော မြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့် အဖွဲ့ ၇ ဖွဲ့ပါဝင်သော FPNCC တို့ထဲတွင်ပါဝင်နေသည်။ သို့သော် လွန်ခဲ့သည့် သုံးနှစ်တာ အုံကြွမှုကာလများအတွင်း ထိုအဖွဲ့သုံးခုတို့၏ ပါဝါချိန်ခွင်လျှာမှာမူ နေရာများစွာ၌ အထိုက်အလျောက် ပြောင်းလဲခဲ့ပြီ ဖြစ်သည်။

ULA သည် ရခိုင်အမျိုးသားရေး အကျိုးစီးပွားကိုယ်စားပြုအရေးဆိုရာတွင်လည်းကောင်း၊ ခုခံတော်လှန်ရာတွင်လည်းကောင်း၊ ဦးဆောင်နေသောအသံ ဖြစ်လာသည်။ ALP နှင့် ANC တို့ကား ရခိုင်၏ လက်နက်ကိုင်နိုင်ငံရေး အစောပိုင်းကာလ ၁၉၅၀ကျော်နှင့် ၁၉၆၀ ကျော်အချိန်များက နိုင်ငံရေး လှုပ်ရှားမှုများ၏ အမွေအကြွင်းအကျန်ကို ရခဲ့သော အဖွဲ့အစည်းများ အသွင်တည်ရှိသည်။ အထူးသဖြင့် ANC မှ ဦးခင်မောင်နှင့် ALP မှ ဦးခိုင်ရဲခိုင်တို့ကဲ့သို့ ဝါရင့်နိုင်ငံရေးသမားများသည် မြန်မာအစိုးရကို လက်နက်ကိုင်တော်လှန်သည့် လှုပ်ရှားမှုများတွင် လွန်ခဲ့သော နှစ် ၅၀ တစ်ဝိုက် ၎င်းတို့ လူငယ်ဘဝကတည်းက ပါဝင်ခဲ့ကြသည်။ ယခုအချိန်တွင်မူ ထိုပါတီနှစ်ခုစလုံး၌ မိမိတို့၏ မူလစရိုက်လက္ခဏာများအား ဆက်ထိန်းကြသည်။ ALP ခေါင်းဆောင်များသည် NCA လမ်းကြောင်းမှတဆင့် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရာတွင် KNU နှင့် နီးစပ်သော ဆက်ဆံရေးရှိသည်။ ANC ကမူ ၎င်း၏ UNFC အဖွဲ့ဝင်ဟူသော အခြေအနေတွင် တစ်နိုင်ငံလုံးရှိ လူမျိုးစုလက်နက်ကိုင်အဖွဲ့များကို အသိအမှတ်ပြုပြီး ဆွေးနွေးဖက်အဖြစ် ပါဝင်နိုင်အောင် ပြင်ဆင်ပေးမှသာ NCA ကို လက်မှတ်ထိုးမည်ဟူသော ရပ်တည်ချက်ဖြင့် လှုပ်ရှားနေသည်။ (UNFC ၏ အခြေခံမူ ရှစ်ချက်ကိုရှုပါ။)[၁၉]

သူတို့အချင်းချင်းကြား ၌လည်း သဘောထားမသင့်မြတ်မှုများ ရှိကြသည်။ ALP သည် ထိုင်းနိုင်ငံနယ်စပ်တွင် အင်အားသေးသော အဖွဲ့အစည်းတစ်ခုဖြစ်သကဲ့သို့ ၂၀၁၂၌ အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း ၂၀၁၅ကစ၍ NAC ကို လက်မှတ်ထိုးခဲ့ပြီးဖြစ်ရာ လက်နက်ကိုင် လှုပ်ရှားမှုများ မလုပ်တော့သည့်အဖွဲ့ ဖြစ်သည်။ ၎င်း၏ သုံးနိုင်ငံ နယ်ခြားဆုံချက်တွင်ရှိသော စခန်းကိုလည်း ULA က အုပ်စီးသွားခဲ့ပြီး ၎င်းတို့အဖွဲ့နှစ်ခုကြား ပစ်ခတ်မှုများကြောင့် လူအချို့ သေဆုံးခဲ့သည့်ဖြစ်ရပ်လည်း ရှိသည်။ ANC သည် ယနေ့တွင် AASYC ၏ တက်ကြွသော အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ မျိုးဆက်သစ် လူငယ်များသည် AASYC ကို ဆက်ထိန်းထားလိုပြီး လက်နက်တပ်ဆင်ထားသော ရခိုင်ပြည်၏ တပ်မတော် "Arakan (State) Army ဟု ခေါ်တွင်သည့် စစ်အင်အားနည်းသောတပ်မှာ ဦးခိုင်ရာဇာတို့ ဦးဆောင်ခဲ့သော မူလလက်ဟောင်း ၁၉၉၀ ကျော်မှ ရခိုင့်တပ်မတော်၏ အစဉ်အလာများ ရှိနေသေးသည်။ (အခန်း ၅ ကိုရှုပါ။)

ဤသို့ဂိုဏ်းဂဏကွဲပြားနေကြခြင်းမှာ လွတ်လပ်ရေးရကတည်းက ပေါ်လာသော ဗဟိုအစိုးရ အဆက်ဆက် လက်အောက်တွင် ကျင့်သုံးခဲ့သည့် သွေးခွဲအုပ်ချုပ်ရေးမူများက ချန်ရစ်ခဲ့သည့် ယနေ့ခေတ်အထိ ပါလာသည့် စိတ်ဝမ်းကွဲမှုများဟု အာရကန်နိုင်ငံရေး လှုပ်ရှားသူများက ယူဆကြသည်။[၆၀] အစိုးရအာဏာပိုင်များသည် လူမျိုးစုအမျိုးမျိုး၊ နိုင်ငံရေးအစုအဖွဲ့အမျိုးမျိုးနှင့် လက်နက်ကိုင်အင်အားစု အမျိုးမျိုးအပေါ် ခြားနားသော မူအမျိုးမျိုးသုံးကာ ချဉ်းကပ်ခဲ့ကြသည်။ ရခိုင်ပြည်နယ်နှင့် ရခိုင်ပြည်သူများအရေးကို ဆုံးဖြတ်သောအခါ ရခိုင်တို့၏ အမြင်ရှုထောင့်မှ မဟုတ်ဘဲ ဗဟိုအစိုးရအဆက်ဆက်၏ အမြင်ဘက်မှ ကိုင်တွယ်ခဲ့ကြသည်။ ဤကဲ့သို့ ကြားနေကျ စွပ်စွဲမှုမျိုးကို မြန်မာနိုင်ငံ၏ လူမျိုးစုအသီးသီးနေထိုင်ရာ နယ်စပ်ဒေသများတွင် အစိုးရဘက်က မသိကျိုးကျွန် ပြုခဲ့ကြသည်။



ရခိုင်ပြည်နယ်နှစ်ဆယ်စုကြိုးပမ်းဆောင်ရွက်ပေးခဲ့သော ဆိုင်းဘုတ်ကြီး (TK)

၁၉၄၈ နောက်ပိုင်းပြည်တွင်းစစ်များ စတင် လာသည့် အချိန်များကတည်းက ကြံ့လျှင်ကြံ့သလို မသိကျိုးကျွန် ပြုခဲ့ကြသည့်အဖြစ်များပင်။ ဗမာခေါင်းဆောင် အချင်းချင်း ပြည်မတွင် အာဏာအတွက် ပြိုင်ဆိုင်ကြမှုများနှင့် တိုင်းပြည်အရေး မတည်ငြိမ်မှုများက ကြုံနေရသော ပြဿနာများ၏ အရင်းခံဖြစ်သည်ဟု တစ်ဖက်မှ ရခိုင် အမျိုးသားရေး လှုပ်ရှားသူများက မြင်ကြသည်။ ဒေသ အသီးသီးမှ လူမျိုးစုများအတွက် ဒီမိုကရေစီဟူ၍ မရှိသလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်လည်း မရှိပေ။ အာရကန်မြေနှင့် အခြားလူမျိုးစုပြည်နယ်များကို ဗဟိုအစိုးရက သံယောတ အရင်းအမြစ်များ ထုတ်ယူရန်ဟူသောအမြင်နှင့် လုံခြုံရေး အမြင ဘက်ကသာ စဉ်းစားကြလေ့ရှိသည်။ ဤအခြေ အနေမှာ ယခုအခါတွင် NLD နှင့် တပ်မတော်တို့ကြား ညှိမရသည့် အနေအထားကြောင့် ပို၍ပင် ပေါ်လွင်နေသေး သည်။ လူမျိုးစု ပါတီများအနေနှင့် NLDနှင့် ညှိနှိုင်း အလုပ် လုပ်ကြရမည်လား၊ တပ်မတော်နှင့် ဆက်ဆံညှိနှိုင်းကာ အလုပ်ဖြစ်မည်လား မကွဲပြားဘဲရှိခဲ့သည်။ NLD ရော တပ်မတော်၌ပါ အနာဂတ်ရေး စိတ်ကူးအကြံများ အပြိုင် အဆိုင်ရှိကြသည်။ အခြားနိုင်ငံရေး အစုအဖွဲ့တို့သည်ကား သူတို့အလိုကို ဖြည့်ရမည့်သူများဟုသာ မြင်သည်။

ယခုဖြစ်နေသော အခြေအနေမှာ လွတ်လပ်ရေး ရအပြီး ပါလီမန်ခေတ်က အကွဲအပြဲများနှင့် များစွာဆင်တူ သည်ဟု ဝါရင့်နိုင်ငံရေးသမားများက မြင်ကြသည်။ (အခန်း ၃ကိုရှုပါ။) ဤအဆိုအရ အစိုးရထဲမှ နိုင်ငံရေး ပြိုင်ဆိုင်မှုများနှင့် စိတ်သဘောထား လမ်းစဉ်ကွဲလွဲမှု များသည် အစိုးရ၏ ပြင်ပတွင်ပါ စိမ့်ဝင်နေပြီး ရခိုင် ပြည်နယ်နှင့် အခြားလူမျိုးစု နယ်မြေများဆီသို့ပါ ရိုက်ခတ်မှု ရှိသည်။ ယနေ့အချိန်အခါမှာလည်း ဤအတိုင်းပင် ဖြစ်ပျက် နေသည်။ လွန်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်အတွင်း ကျင်းပ ခဲ့သည့် ရွေးကောက်ပွဲ သုံးခုစလုံးတွင် ALD၊ ANP နှင့် RDN တို့သည် ရလဒ်ကောင်းများ ရခဲ့ကြသော်လည်း ရွေးကောက်ပွဲအပြီး၌ နိုင်ငံရေးအရ ကိုယ်စားပြုမှုနှင့် အုပ်ချုပ်မှုတို့တွင် လောက်လောက်လားလား အဓိပ္ပါယ်ရှိစွာ ပါဝင်နိုင်ခြင်း မရှိကြပါ။ ရွေးကောက်ပွဲရလဒ်မှာ မည်သို့ ပင်ရှိပါစေ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးအတွက် အာဏာနှင့် လုပ်ပိုင်ခွင့်များသည် ဗဟိုအစိုးရနှင့် တပ်မတော်တို့၏ လက်ထဲတွင်သာရှိသည်။

ဤသို့ စိတ်ဝမ်းမညီသည့်ဖြစ်အင်မှာ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်ထဲတွင်လည်း ရှိနေသည်။ ၂၀၁၂ ခုနှစ်တွင် ALP က အပစ်အခတ် ရပ်စဲခဲ့ပြီးနောက်ပိုင်း USDP နှင့် NLD အစိုးရသက်တမ်းနှစ်ဆက်စလုံးသည် တပ်မတော် ၏ အလိုကိုသာ လိုက်လျောနေရပြီး တပ်မတော်သည် ANC နှင့် ULA တို့ကို နိုင်ငံရေး ဆွေးနွေးပွဲများတွင် တရားဝင် တက်ရောက်ခွင့် မရအောင် ပိတ်ပင်ထားခဲ့ သည်။ ဤသို့ဖယ်ကျဉ်မှုမျိုးမှာ ရိုဟင်ဂျာနှင့် မွတ်ဆလင် များအရေးတွင် ၁၉၇၈ နဂါးမင်း စစ်ဆင်ရေးကာလ များကတည်းပင် စတင်ခဲ့ပြီး ၁၉၈၂ နိုင်ငံသားဥပဒေအရ မွတ်ဆလင်များစွာမှာ ပြည်နယ်အတွင်း၌ပင် တန်းတူညီတူ

အခွင့်အရေးမရကြပေ။ အင်အားအပြည့်နှင့် မုန်တိုင်းကား စတင်အားယူနေလေပြီ။

ARSA အင်အားကြီးလာခဲ့ပြီးနောက် တပ်မတော်က ရိုဟင်ဂျာတို့အား အကြီးအကျယ် နှိမ်နင်းခဲ့ချိန် တွင် NLD အစိုးရလက်ထက်၌ ရခိုင်ပြည်နယ်သည် ပဋိပက္ခများ၏ ဗဟိုချက်ဖြစ်လာခဲ့သည်။ သို့သော် ပဋိပက္ခများ လောင်ကျွမ်း လာခြင်းက အစိုးရ၏ မူဝါဒများကို ချက်ချင်း အပြောင်းအလဲ ဖြစ်စေခဲ့သည် မဟုတ်ပါ။ ငြိမ်းချမ်းရေးကို တည်ဆောက် ရမည့် အချိန်ဟု ထင်နေကြဆဲမှာပင် ရခိုင်ပြည်နယ်နှင့် သုံးနိုင်ငံ နယ်ခြားဆုံမှတ်ဧရိယာကို ၂၀၁၈ ဒီဇင်ဘာတွင် ကြေညာခဲ့သည့် အပစ်အခတ်ရပ်စဲရေး နယ်မြေများထဲ တွင် တပ်မတော်က မထည့်သွင်းခဲ့ပါ။ ဤအဖြစ်မျိုးမှာ ကုလသမဂ္ဂ၏ လွတ်လပ်သော အချက်အလက် ရှာဖွေရေး မစ်ရှင်တို့က တပ်မတော်ခေါင်းဆောင်များ၏ စစ်ရာဇဝတ်မှု များ ဒေသခံတို့ အပေါ်ကျူးလွန်ခဲ့ခြင်းကို စစ်ဆေးပေးရန် တိုက်တွန်းနေသော NLD အစိုးရလက်ထက်တွင်ပင် ဖြစ်လာသည့် ကိစ္စဖြစ်ကြောင်း အာရကန် အမျိုးသားရေး လှုပ်ရှားသူများက ထောက်ပြကြသည်။ (အခန်း ၇ ကိုရှုပါ။)

ဤသို့ရခိုင်အရေးကို ဘေးဖယ်ထားခံရသည် ဟူသော အယူအဆခိုင်မာလာသည့်အခါ ANP နှင့် ULA တို့သည် လွန်ခဲ့သောနှစ်များအတွင်း မိမိတို့၏ အမျိုး သားရေး လှုပ်ရှားမှုများအတွက် နေရာကို ချဲ့ထွင်လာ ကြသည်။ အကြမ်းဖက်မှု တစ်ခုဖြစ်လာခဲ့ခြင်း၌ ပါဝင် ခဲ့ကြသူအား လုံးသည် အပြစ်နှင့်ကင်းသည်ဟူ၍ မရှိပါ။ သို့သော် မြောက်ဦးလူသတ်မှုတွင်မူ ဆန္ဒပြသူတို့ အသက်ဆုံးရခြင်း၊ ရုန်းရင်းဆန်ခတ် ပြေးလွှား တိမ်းရှောင် ရခြင်းများနှင့် ဦးအေးမောင်နှင့် အခြားအမျိုးသားရေး ထောက်ခံသူများအား ဖမ်းဆီးခဲ့ခြင်း တို့ကြောင့် ဗဟိုအစိုးရ၏ လျစ်လျူရှုမှုများနှင့် ညှင်းပန်းနှိပ်စက်ခဲ့ခြင်းများ ကြောင့် ယခင်ကတည်းက ရှိနေခဲ့သော ဒဏ်ရာဒဏ်ချက် များ ပိုနက်သွားစေခဲ့သည်။

အာရကန်အမျိုးသားရေးကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ရာတွင် လက်နက်စွဲကိုင်ခြင်း အားဖြင့်သာ အားထုတ်ခဲ့ကြခြင်း မဟုတ်ပါ။ ULA ၏ စစ်ရေးလှုပ်ရှားမှုများနှင့် ရိုဟင်ဂျာအကျပ်အတည်းကို မီဒီယာ ခေါင်းကြီးသတင်းများအဖြစ် ဖော်ပြနေကြချိန်တွင် နိုင်ငံရေးပါတီများ ကလည်း နိုင်ငံရေးအရ စည်းလုံး အရေးဆိုရေးနှင့် ဥပဒေပြုရေးဘက်တွင် ပါဝင်လာကြ သည်။ ဖက်ဒရယ်ဒီမိုကရေစီကို ၂၁ ရာစုပင်လုံ ညီလာခံ လုပ်ငန်းများအားဖြင့် ရရှိလာနိုင်ပါကြောင်း၊ နိုင်ငံရေးပါတီ များ လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အစိုးရတို့ကြား ပူးပေါင်းဆောင်ရွက်မှုများအားဖြင့် ငြိမ်းချမ်းနိုင်မည်ဟု ထင်ကြောင်း ANP ၏ ခေါင်းဆောင်ဟောင်း ဦးအေးမောင်က တရားရုံး၌ တရားရင်ဆိုင်နေရစဉ်ကာလတွင် အကောင်းမြင် သည့်ဘက်မှ ပြောကြားခဲ့သည်။[၆၁] ရခိုင်ပြည်နယ်ရှိအမျိုးသား ရေးအဖွဲ့အစည်းများသည် မည်မျှပင် ဂိုဏ်းဂဏကွဲနေ



ကိုယ်ခံတော်များနှင့် ULA ခေါင်းဆောင် ထွန်းမြတ်နိုင်(IR)

ကြသော်လည်း နိုင်ငံရေးအရအဖြေထွက်ရန်ကို ပို၍အားစိုက်လာကြသည်။ ရိုဟင်ဂျာ အကျပ်အတည်းကြောင့် ဖိအားများ တိုးလာခြင်းနှင့် တရုတ်၏ BRI နောက်ဆက်တွဲအကျိုးဆက်များကြောင့် အမျိုးသားရေးအပေါ် ကြောင့်ကြစိုးရိမ်လာရခြင်းများကြောင့် အာရကန်တို့သည် မိမိတို့ကြမ္မာကို စီမံထိန်းချုပ်ပိုင်ခွင့်အား မိမိတို့ လက်ထဲတွင်သာ ထားလိုသော ဆန္ဒရှိလာကြသည်။

ANP၏ ရပ်တည်ချက်ကမူရှင်းပါသည်။လွတ်တော်အတွင်း ရွေးကောက်ခံမဟုတ်သော စစ်တပ်မှ ခန့်အပ်ထားသည့် ကိုယ်စားလှယ်များအား တစ်ခါတည်း ဖြုတ်ချရန်ဖြစ်သည်။[၆၂] ဤရည်ရွယ်ချက်ဖြင့် ANP သည် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ပြင်ရန်အချက်ပေါင်း (၈၅၈) ချက်ကို ပေးပို့ခဲ့ပြီး ပါတီများအနက် ဒုတိယ အများဆုံးပြင်ဆင်ချက်များကို ပါလီမန်ဥပဒေရေးရာပြင်ဆင်ရေးကော်မတီသို့ ပေးပို့ခဲ့သည့် နိုင်ငံရေးပါတီဖြစ်လာခဲ့သည်။[၆၃] ANPထက် ပြင်ဆင်ချက်များ ပို၍အကြံပြုခဲ့သော အဖွဲ့မှာ ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့သာ ရှိသည်။

သို့သော် အစိုးရနှင့် ရခိုင်နိုင်ငံရေးပါတီများကြားလက်ရှိဖြစ်ပေါ်နေသော အငြင်းအခုံတွင် လုံးလုံးမပါဝင်သေးသော ကိစ္စတစ်ခုရှိနေပါသေးသည်။ ဤအချက်မှာ မွတ်ဆလင်တို့၏ ကိုယ်စားပြုမှုနှင့် မွတ်ဆလင်တို့၏ လူ့အခွင့်အရေးဖြစ်သည်။ လက်ရှိငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး အခင်းအကျင်းထဲတွင် လက်ရှိရိုဟင်ဂျာများ၏လှုပ်ရှားမှု သို့မဟုတ် အခြားမွတ်ဆလင်လှုပ်ရှားမှုများကို ထည့်သွင်းစဉ်းစားထားခြင်း မရှိပါ။ လောလောဆယ်တွင် မည်သည့် မွတ်ဆလင်နိုင်ငံရေး လှုပ်ရှားမှုကိုမှ မွတ်ဆလင်များ၏ အသံနှင့် အခွင့်အရေးကို ကိုယ်စားပြုနေသည်ဟူ၍ အစိုးရက အသိအမှတ်မပြုထားပါ။ ရခိုင်ပါတီများသည်လည်း မွတ်ဆလင် အဖွဲ့အစည်းများအား ဝိုင်းကျဉ်ထားခြင်း၊ လျစ်လျူရှုခြင်းများအတွက် တာဝန်ရှိပါသည်။ ၂၀၁၉ တွင် မြောက်အမေရိကရှိ မွတ်ဆလင်အသင်းအဖွဲ့များ ညွှန့်ပေါင်းညီလာခံက ANP အမတ်များကို နိုင်ငံခြားသား မုန်းတီးသူများအဖြစ် စွပ်စွဲပြီး ရိုဟင်ဂျာ မလိုလားသူ၊ အစွန်လာမ်ကြောက်ရွံ့မှုဝါဒီများ ဟုဆိုခဲ့သည်။[၆၄]

မိမိတို့ အမျိုးသားနိုင်ငံရေး အသိုင်းအဝိုင်းထဲတွင်လည်း အမြင်များ၊ ခံယူပုံများ အမျိုးမျိုးရှိကြသည်ကို ရခိုင်ခေါင်းဆောင်များက ဝန်ခံပါသည်။ အချို့ ရခိုင်နိုင်ငံရေးသမားများသည် ခါးခါးသီးသီးပင် မွတ်ဆလင်ကို မုန်းတီးကြသည်။ သို့ရာတွင် ANP, ALD နှင့် ULA ခေါင်းဆောင်ပိုင်းများကမူ ဤသို့ လူမျိုးချင်း မသင့်မြတ်ကြသည်မှာ ဗမာကြီးစိုးလွှမ်းမိုးသော အစိုးရများက ဖန်တီးခဲ့သည့် အကြောင်းတရား များကြောင့် ဖြစ်ရကြောင်း ပြောဆိုကြသည်။ ယခင်အစိုးရများ လက်ထက်များက ကဲ့သို့ပင် လက်ရှိတပ်မတော်နှင့် NLD အစိုးရတို့သည်လည်း ပြည်နယ်အဆင့်၌သာမက တစ်နိုင်ငံလုံးအဆင့်တွင်ပါ ရခိုင်ကို အရေးလုပ်တိုင်ပင်ခြင်း မရှိသည့် အစဉ်အလာကို ဆက်လုပ်နေသည်ဟု ဆိုကြသည်။ ဤအချက်ကြောင့်ပင် ဒေသခံတို့အနေနှင့် မိမိတို့ ဒေသတွင်းပြဿနာကို မိမိတို့ ဘာသာဖြေရှင်းနိုင်ရန် အခွင့်အရေးများ ဆုံးရှုံးနေရသည်။ ရခိုင်ပြည်နယ်ရှိ NLD ခေါင်းဆောင်ပိုင်းများသည် မြေပြင်တွင် ဖြစ်ပျက်နေသော အခြေအနေများကို မသိပါဟု ANP မှ ဦးဦးလှစောက ဆိုသည်။[၆၅]

ရခိုင်ခေါင်းဆောင်အချို့ကမူ အစိုးရအား ထို့ထက်မက စွပ်စွဲပါသည်။ တပ်မတော်သည် ဤဒေသတွင်း အာဏာကို ဆက်ထိန်းထားနိုင်ရန်အတွက် ဒေသခံများအပေါ် သွေးခွဲအုပ်ချုပ်သည့်နည်းကိုသုံးကာ မသင့်မြတ်စေသည့် အခြေအနေများကို ဖန်တီးထားကြောင်း၊ လွတ်လပ်ရေးရကတည်းက ယခုအချိန်ထိ လုပ်ရိုးလုပ်ငန်းစဉ်များကို တပ်မတော်ကထပ်ကာထပ်ကာသုံးနေခဲ့ကြောင်း သုံးသပ်ကြသည်။ ULA ခေါင်းဆောင် ဦးထွန်းမြတ်နိုင် က မကြာသေးမီက ဆိုခဲ့သည်မှာ -

> "မြန်မာ့တပ်မတော်အနေနဲ့ ရခိုင်ပြည်နယ်ထဲမှာ ဆက်ပြီး နေရာယူချင်တဲ့အခါ အာရကန်နဲ့မွတ်ဆလင်တွေကြားထဲမှာ သွေးခွဲတဲ့မူတွေ ကျင့်သုံးတယ်။ အဲဒါတွေကြောင့်ပဲ ပဋိပက္ခတွေ ဖြစ်ကြတယ်။ ရခိုင်မှာရှိတဲ့ အာရကန်နဲ့ မွတ်ဆလင်တွေကြားမှာပဲ စိတ်ဝမ်းကွဲစေတာမဟုတ်ဘူး။ အာရကန်တွေနဲ့မြို့တွေကြားမှာ၊ အာရကန်တွေနဲ့ ခမီတွေကြားမှာလည်း အမြင်တွေ မကြည်လင်အောင်လုပ်တယ်။ တပ်မတော်ကတချို့ နေရာတွေမှာ သူ့ဩဇာကို တည်ဆောက်ဖို့အတွက်၊ သူ့အုပ်ချုပ်မှုကို လူတွေက လိုအပ်နေဖို့ အတွက် ပြဿနာတွေကိုဖန်တီးထားတယ်။ သူတို့လုပ်တာက ဒါပါပဲ။" ဟု ဆိုခဲ့သည်။[၆၆]

ဤတွင် အရေးကြီးသော မေးခွန်းမှာ ULA ပေါ်ပေါက်လာခြင်းက အမျိုးမျိုးသော နိုင်ငံရေးအင်အားစုများကို အဘယ်ပုံစုစည်းပေးနိုင်ပြီး အကျပ်အတည်းကို ဖြေရှင်းမည့် နည်းလမ်းအသစ်အတွက် အဘယ်မျှ အထောက်အကူဖြစ်မည်နည်းဟူ၍ ဖြစ်သည်။ ULA ၏ ရိုးရှင်းသော ရက္ခိတ လမ်းစဉ်ဟူသော နိုင်ငံရေး အတွေးအခေါ်နှင့် ၂၀၂၀ အာရကန် အိမ်မက်တို့ဖြင့် လှုံ့ဆော်မှုများက ရခိုင်ပြည်နယ်အနှံ့အပြား အထူးသဖြင့် လူငယ်များကြားတွင် ထောက်ခံမှုတစ်ခဲနက်ရခဲ့ပြီး လှုပ်ရှားမှုအရှိန်တင်နိုင်ခဲ့သည်။[၆၇] ULAက ၎င်းတို့၏ လှုံ့ဆော်စာများတွင် ဤသို့ရေးသားခဲ့သည်။

> "ဗမာတို့၏ ကိုလိုနီပြုမှုနှင့် အမျိုးအနွယ် ခွဲခြားဆက်ဆံသော အုပ်ချုပ်မှုအောက်၌ အာရကန်သည် မြန်မာနိုင်ငံ၏ အဆင်းရဲဆုံးပြည်နယ်တစ်ခုဖြစ်ခဲ့ပြီ။

အာရကန်ပြည်သူတို့သည် မမျှတမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှုများ ဖြင့် အဆိုး ကျော့သံသရာထဲသို့ ရောက်ရှိနေကြသည်။ဤဆင်းရဲဒုက္ခများနှင့်နာကျင်ပင်ပန်းခြင်းများက အာရကန်မျိုးဆက်သစ်တို့အား အမျိုးသားရေးအတွက် တော်လှန်ခြင်းမှလွဲ၍ အခြားနည်းမရှိဟူသော အဖြစ်သို့ ရောက်စေခဲ့ပြီ"ဟု ရေးသားထားသည်။[၆၈]

လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ခြင်းအား အကြောင်းပြချက်ပေးရာတွင် ULA ၏ ခေါင်းဆောင်ဦးထွန်းမြတ်နိုင်က မိမိတို့အနေနှင့် ခွဲထွက်ရေးကို တောင်းဆိုခြင်း မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။ ဖက်ဒရယ်လမ်းစဉ်ကို နှစ်လေးဆယ် ALP, ANC, KNU နှင့် အခြားလက်နက်ကိုင်တပ်ဖွဲ့များ ULA ၏ မျက်မှောက်ပန်းတိုင်မှာ မတူဘဲ ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။ အာရကန်၏ ဘေးဖယ်ခံရခြင်းကိစ္စကိုကုစားရန် ချမှတ်ထားသော ULA၏ မဟာဗျူဟာမှာ "လက်နက်ကိုင်တိုက်ပွဲက အရင်" ဟူသော UWSA, MNDAA, TNLA နှင့် လက်ရှိ FPNCC မဟာမိတ်အဖွဲ့ဝင်များ စဉ်းစားသည့် လမ်းစဉ်မျိုးနှင့် ပိုတူပါသည်။

ဤနေရာတွင်နိုင်ငံရေးနှင့်စစ်ရေးဟူ၍စဉ်းစားစရာနှစ်ပိုင်းရှိပါသည်။ ဦးစွာ နိုင်ငံရေး၌ FPNCC ခေါင်းဆောင်များက မြင်ခဲ့သည်မှာ ပါလီမန် ရွေးကောက်ပွဲများနှင့် လူမျိုးစုတပ်ဖွဲ့များနှင့် အပစ်အခတ် ရပ်စဲခြင်းများ မည်သို့ပင် ရှိစေကာမူ သမိုင်းတစ်လျှောက်တွင် တပ်မတော်သည် ဖယ်ဒရယ်စနစ်ကို လည်းကောင်း၊ စီးပွားရေးလုပ်ပိုင်ခွင့်များနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးများကို လည်းကောင်း မည်သည့်အခါကမျှ လေးလေးနက်နက် ညှိနှိုင်းဆွေးနွေးခဲ့ခြင်းမရှိဟူ၍ ဖြစ်သည်။ ဤအချက်ကြောင့်ပင်လျှင် EAO အများစုသည် အစိုးရနှင့် အပစ်အခတ်ရပ်စဲရန် သဘာတူထားသည် ဖြစ်စေ၊ သဘောမတူထားသည်ဖြစ်စေ လက်နက်ကို စွန့်လွှတ်ရန် ဝန်လေးကြခြင်းဖြစ်သည်။ နိုင်ငံရေးမျှော်မှန်းချက်ဘက်မှ ပြောရလျှင် ULA သည် ယခုမှ ပြင်ဆင်နေသည့်အဆင့်တွင်သာ ရှိပါသေးသည်။

ဒုတိယအနေနှင့် စစ်ရေးဘက်က စဉ်းစားလျှင် လက်ရှိတွင် UWSA ၏ လှုပ်ရှားမှုကို များစွာအာရုံစိုက်လာကြသည်။ လွန်ခဲ့သော နှစ်များအတွင်း ULA နှင့် အခြား EAO ခေါင်းဆောင်များအဖို့ UWSA ၏ နမူနာကို မြင်ခဲ့ကြသည်။ ဝတို့သည် ၁၉၈၉ မှ စတင်ကာ ဝအမျိုးသားရေး စရိုက်လက္ခဏာကို မြန်မာနိုင်ငံမြေပုံပေါ်တွင် အားကောင်းခိုင်မာစွာ ရပ်တန့်နိုင်ရန် စတင်ခဲ့စဉ်က ဖြစ်လာမည့်ကိစ္စများကို မှန်းဆနိုင်သည့် အနေအထား မရှိပေ။ UWSA ၏ နမူနာမှာလည်း ရေရှည်တည်တံ့နိုင်သည့် မော်ဒယ်ဖြစ်မည်ဟူ၍ အာမခံချက် မရှိသော်လည်း UWSA သည် အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသည့် ကာလအတွင်း အဖွဲ့အစည်းအနေနှင့် အောင်မြင်မှုများစွာ ရရှိခဲ့သည်။ ယနေ့အချိန်အခါတွင် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ ဝ တို့၏ အာဏာစက်ကို အသိအမှတ်မပြုဘဲ ငြင်းဆန်နိုင်သူဟူ၍ မရှိချေ။ စစ်အင်အားတပ်ဖွဲ့ဝင် သုံးသောင်းကျော်နှင့် ဝ ခေါင်းဆောင်များသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက အသိအမှတ်ပြုထားသော ကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေကို ထိန်းချုပ်ထားသည်။

သို့ဖြစ်ရာ ULA ၏ မဟာဗျူဟာမှာ တရုတ်နယ်စပ်မှ UWSA နှင့် အခြား FNPCC အဖွဲ့ဝင်များ လျှောက်ခဲ့သောလမ်းကို နမူနာယူပြီး မိမိတို့အခြေစိုက်ရာ နယ်မြေကို အာရကန်တွင် ခိုင်ခန့်အောင် တည်ဆောက်ရန် ဖြစ်သည်။ ဦးထွန်းမြတ်နိုင်က ULA ၏ ပန်းတိုင်မှာ "အာရကန်ပြည်နယ်၏ အချုပ်အခြာအာဏာကို အာရကန်တို့ လက်ထဲမှာထားနိုင်ရန်" ဖြစ်သည်ဟု ဆိုခဲ့သည်။ ဤနည်းအားဖြင့် မြန်မာနိုင်ငံရှိ လူမျိုးစုပြည်နယ်များတွင် ကွန်ဖဒရေးရှင်းမူဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ ပေါ်ထွက်လာနိုင်သည် ဟု ၎င်းက ပြောကြားသည်။[၆၉]

လက်နက်ကိုင်တိုက်ပွဲများ ပြင်းထန်လာသည်နှင့်အမျှ ULA သည်လည်း အဝေဖန်ခံရမှုများ ပို၍ကြုံလာရသည်။ သို့သော် "ရက္ခိုင်တလမ်းစဉ်" ဖြင့် စည်းရုံးလှုံ့ဆော်နေသော ULA သည် အလေးအနက် သဘောထားသင့်သည့် လှုပ်ရှားမှုတစ်ခု ဖြစ်လာသည်က အမှန်ပင်။ မြန်မာနိုင်ငံရေးတွင် ၁၉၈၈ မျိုးဆက် ကျောင်းသားများကဲ့သို့ ဗိုလ်ချုပ်နေဝင်း၏ စစ်အစိုးရကို တော်လှန်ရန် ထကြွလှုပ်ရှားခဲ့သော ကျောင်းသား မျိုးဆက်များ ရှိကြသည်။ AASYC ကဲ့သို့သော အဖွဲ့အစည်းများနှင့် အရပ်ဘက်လူအဖွဲ့ အစည်းများသည် ထို ကျောင်းသား လှုပ်ရှားမှုများ၏ စိတ်ဓာတ်မျိုးကို ဆက်လက် ရှင်သန်စေသော အုပ်စုများဖြစ်သည်။ ဖွဲ့ကာစ ပထမဆယ်စုနှစ်အတွင်း၌ ULA ခေါင်းဆောင်များသည် မိမိတို့အပေါ် ဝေဖန်နေသူများကို အားနည်းအောင် လုပ်ပစ်လိုက်နိုင်ခဲ့ပြီး အငြင်းအခုံ အပြိုင်အဆိုင်များလှသော အမျိုးသားနိုင်ငံရေးတွင် နေရာသစ် တစ်နေရာရရှိလာသည်။ ဤနယ်မြေထဲ၌ ၁၉၅၀ ကျော်က ဦးစိန်လွှာ၏ အာရကန်လူမျိုးများ လွတ်မြောက်ရေးပါတီပြီးလျှင် အင်အားအကောင်းဆုံး အဖွဲ့ဖြစ်လာခဲ့သည်။ (အခန်း ၃ ကို ရှုပါ။) ULA အနေနှင့် ဤလှုပ်ရှားမှုအရှိန်ကို ဆက်လက်ထိန်းနိုင်ခြင်းရှိမရှိမှာ မသေချာပေ။ သို့သော် ULA ၏ ပထမရည်မှန်းချက်ဖြစ်သော အာရကန်အမျိုးသားရေး ပြန်လည်နိုးကြာပြီး နိုင်ငံရေးဇာတ်ခုံပေါ် ပြန်လည် တက်ကြွလှုပ်ရှားလာနိုင်ရေးကမူ ပြည့်ဝခဲ့ပြီဟု ဆိုနိုင်သည်။ (အာရကန်လက်နက်ကိုင်လှုပ်ရှားမှုများ သမိုင်းကို ရှုပါ။)

ရခိုင်ပြည်နယ်၌ နောက်တစ်ဆင့်တွင် မည်သည့်ကံကြမ္မာနှင့် ကြုံရမည်ကို မှန်းဆရန် အလွန်ခက်ပါ

သည်။ အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စိတ်ပျက်လက်ပျက်ဖြစ်နေကြချိန်တွင် လူမျိုးစုနိုင်ငံရေး အဖွဲ့အစည်းများစွာသည် UWSA နှင့် ULA က နိုင်ငံရေး အပြောင်းအလဲ ဆောင်ရွက်ရာတွင် နမူနာကြည့်ရမည့် မော်ဒယ်များ အဖြစ် ရှုမြင်ကြသည်။[၇၀] ဝေဖန်သူများကမူ ဤကဲ့သို့ ဖက်ဒရယ်စနစ်ကို လိုလားသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ရည်မှန်းချက်များကို နိုင်ငံခေါင်းဆောင်များဖြစ်လာကြသော သမ္မတဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည် နှင့် လူမျိုးစုအပစ်အခတ်ရပ်စဲရေး အုပ်စုများက ၂၀၁၂ လောက်ကတည်းကပင် အဆင့်ဆင့် သဘောတူညီမှုရခဲ့ ကြကြောင်း ထောက်ပြသည်။ သို့ရာတွင် ၂၀၂၀ ရွေးကောက်ပွဲ နီးလာသည့်အချိန်အထိ တိုးတက်မှု အနည်းငယ်သာ ရှိခဲ့သည်။

ရွေးကောက်ပွဲနိုင်ငံရေးထဲမှ ဖြစ်စေ၊ လက်နက်ကိုင်နိုင်ငံရေးထဲမှ ဖြစ်စေ လူမျိုးစု အမျိုးသားရေး လှုပ်ရှားသူများကြား ခံစားနေရသည်မှာ ၎င်းတို့အား အရေးမပါသည့် အလား အရံနေရာ၌ တမင်ဘေးဖယ် စဉ်းစားသည်ဟူ၍ ဖြစ်သည်။ လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်းအစရှိသည့် ပြည်နယ်များတွင် တိုက်ပွဲများဖြစ်ပွားနေသော ရှေ့တန်းနယ်မြေများ ပါဝင်နေသည့် မဲဆန္ဒနယ်မြေများကို တိုက်ပွဲဖြစ်နေသည်အကြောင်းပြ၍ မဲဆန္ဒပေးခွင့်ကို ပိတ်ပင်နိုင်သည်ဟု နိုင်ငံရေးသမားများက ကြောင့်ကြနေကြသည်။ ဤသို့ မဲပေးခွင့်ပိတ်ပင်လိုက်လျှင် ရခိုင်၊ ကချင်၊ ကိုးကန့်နှင့် တအာင်းပြည်သူတို့၏ မဲများကို ပစ်လိုက်ရမည်ဖြစ်ပြီး NLD နှင့် တပ်မတော်က ထောက်ခံသော USDP တို့ မဲပိုရရန်အခွင့်သာ စေလိမ့်မည်ဖြစ်သည်။ ထို့အကြောင်းကြောင့်ပင် ၂၀၂၀ သည် ရခိုင်ပြည်နယ်၏ နိုင်ငံရေးအလှည့်အပြောင်းကို အဆုံးအဖြတ်ပေးမည့် အရေးပါသော နှစ်တစ်နှစ်ဖြစ်နိုင်ပေသည်။

ဤအနေအထား ထက် ပို၍ဉာဏ်ကြီး သော ဖြေရှင်းသည့် နည်းလမ်းရှိလာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ ရခိုင်တွင် ကိုယ်စားပြုနိုင်ငံရေး တန်းတူညီတူရှိရေးနှင့် တရားမျှတမှုရှိရေးတို့မှာ အမြဲတစေပင် နိုင်ငံရေးကိစ္စများ ဖြစ်ခဲ့သည်။ ၁၉၃၉ ခုနှစ်ကတည်းကစခဲ့ပြီး ဒုတိယကမ္ဘာစစ် တစ်လျှောက်တွင် ပြင်းထန်လာသည့် ပဋိပက္ခများ၏ အမွေဆိုးကို ဖြေရှင်းကြရာတွင် အမှန်တကယ် အလုပ်ဖြစ်မည့် နည်းလမ်းများကို ရှာဖွေကြရာ၌ အချိန်ကြာညောင်းခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးကြရန် အစိုးရဘက်က ပြန်လည်ကမ်းလှမ်းလာခဲ့ပြီး ၂၀၂၀ ရွေးကောက်ပွဲ မတိုင်မီ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ရန်နှင့် ပင်လုံ ညီလာခံ နောက်တစ်ကြိမ်ကျင်းပရန် တာစူနေသည်။[၇၁] ULA နှင့် ညီနောင်မဟာမိတ်များကလည်း ငြိမ်းချမ်းရေး ခြေလှမ်းများ အရှိန်ရလာစေရန် ၂၀၁၉ ခုနှစ်အကုန်အထိ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေး ကို ကျင့်သုံးမည်ဟု ကြေညာခဲ့သည်။[၇၂] ထိုအချိန်တွင် တရုတ်ဘက်ကလည်း ၎င်း၏ ဦးစားပေးဧရိယာသုံးခု ဖြစ်သည့် လူမျိုးစုငြိမ်းချမ်းရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးမှုရရှိရေးနှင့် ရိုဟင်ဂျာ ဒုက္ခသည်များ ပြန်လည်နေရာချထားရေးတို့တွင် အောင်မြင်မှု ရရှိလာစေရေး အတွက် ကြိုးပမ်းနေသည်။ နိုဝင်ဘာလ အစောပိုင်းတွင် တရုတ်၏ အာရှဒေသဆိုင်ရာ အထူးသံတမန် ဆွန်ကော့ရှန်းသည် အစိုးရသို့ ငြိမ်းချမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဒေါ်လာ တစ်သန်းခန့် လှူဒါန်းခဲ့သည်။

သို့ရာတွင် ရေရေရာရာ လက်ငင်းအောင်မြင်မှုကို ပြနိုင်ရန် အထောက်အထားနည်းပါးလှပါသည်။ ပဋိပက္ခဒေသများတွင် လူအများအတွက် စိတ်ပင်ပန်းစရာ အခြေအနေများစွာရှိသည်။ အကယ်၍ နိုင်ငံရေး အာသီသသာ ပြင်းပြပါလျှင် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ရှေ့ဆက်ဆောင်ရွက်ရန် တားဆီး ပိတ်ပင်နေသည့် အရာဟူ၍ မရှိစကောင်းပါ။ ကာလအတော်ကြာပင် ရင်ဆိုင်နေရသော ရိုဟင်ဂျာတို့၏ လူ့အခွင့်အရေးပြဿနာနှင့် ရိုဟင်ဂျာလူမျိုးများ၏ ရည်တည်ခွင့်အတွက် အဖြေရှာရာတွင်လည်း ဤသဘောပင် ဖြစ်သည်။ သို့ရာတွင် NLD သည် ပထမ ရာထူးသက်တမ်းငါးနှစ် ကုန်ဆုံးခါနီး အချိန်အထိ မည်မည်ရရ အောင်မြင်မှုဟူ၍ မရှိခဲ့ပါ။

၂၀၁၉ ခုနှစ်ကုန်ခါနီးအချိန်တွင် တစ်နိုင်ငံလုံးမှ လူမျိုးစု အသီးသီးတို့နေထိုင်ရာ ဒေသများတွင်လက်ရှိ အခြေအနေအပေါ် မနှစ်မြို့မှုများ နေရာတကာတွေ့မြင်ကြားသိနေရသည်။ ဆင်းရဲချမ်းသာကွာဟမှုကြီးသထက် ကြီးမားလာသလို မြန်မာနိုင်ငံအနောက်ဘက် နယ်ခြားရှိ လူသားချင်းစာနာ ထောက်ထား စရာ အရေးအခင်းက အာရှ၏ အဆိုးဆုံး အဖြစ်အပျက်တစ်ခု ဖြစ်နေဆဲပင်။ ဦးသန့်မြင့်ဦးကမူ "ရွေးကောက်ပွဲများနှင့် လွတ်လပ်သော စျေးကွက်စီးပွားရေး အဖြစ်သို့ ပြောင်းလဲရေးတည်းဟူသော ဖန်တရာတေနေသည့် ဆေးနည်းများ အား ဖြင့်" မြန်မာပြည်၏ ပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ပါဟု သတိပေးပြောကြားခဲ့သည်။[၇၃] နိုင်ငံတော်၏ အင်စတီးကျူးရှင်းဖွဲ့စည်းပုံများ အားကောင်းရန်၊ နိုင်ငံသားတိုင်း တန်းတူညီတူဖြစ်သော အခွင့်အရေးများရရှိရန် နှင့် ခွဲခြားဆက်ဆံမှုများ မရှိသည့်နိုင်ငံအဖြစ် တည်ဆောက်ရန်တို့အတွက် အတွေးအကြံ အသစ်များ လိုနေသည်မှာ ရှင်းပါသည်။

၁၉၄၇ ဖေဖော်ဝါရီလတွင်ကျင်းပသော ပင်လုံညီလာခံတွင် လွတ်လပ်ရေးသူရဲကောင်း အောင်ဆန်းကထင်ရှားသည့် မိန့်ခွန်းတစ်ခုကို ပြောကြားခဲ့သည်။ ယနေ့အခါတွင် ၎င်းချန်ရစ်ခဲ့သည့် အမွေကို ကြိုက်သူရော မကြိုက်နိုင်သူရော ရှိကြသည်။[၇၄] ဗိုလ်ချုပ်အောင်ဆန်းပေး

သွာခဲ့သော သာနာညီမျှရှိရေး၊ ပြည်ထောင်စုတည် ဆောက်ရေးနှင့် တရားမျှတမှုကို ဆောင်ယူနိုင်ရေးအစရှိသည့် ကတိကဝတ်တို့မှာ ယခုအချိန်ထိပင် မဖြည့်ဆည်းပေးနိုင်သေးပါဟု လူမျိုးစုနိုင်ငံရေးအဖွဲ့များက ၎င်းတို့၏ နစ်နာချက်ကို ထုတ်ညည်းကြမြဲဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သည့်စကားများမှာ အနာဂတ်အတွက် ဟောကိန်းများ မဖြစ်ခဲ့သလို မှန်လည်းမမှန်လာခဲ့ပါ။ ဖြိတိသျှတို့ ထွက်ခွာခဲ့ပြီးနှစ်ပေါင်း ၇၀ကြာသည့်တိုင်အောင် ရှေးဟောင်းမြေ အာရကန်သည် ယနေ့ကမ္ဘာတွင် ပဋိပက္ခအဖြစ်ဆုံးစိတ်ဝမ်းအကွဲဆုံး နေရာတစ်ခုထဲတွင် ပါဝင်နေဆဲဖြစ်သည်။

> "တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက် အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာဘဲ။ ဗမာက တစ်မျိုး၊ ကရင်က တဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား (မွန်၊ ရခိုင်တို့က တသင်း) အကွဲကွဲအပြားပြား လုပ်နေကြယင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလဲ အကျိုးရှိကြောင်း သိနိုင်တယ်။"[၇၅]

ရိုဟင်ဂျာနောက်ဆက်တွဲ

ရခိုင်ပြည်နယ်၏ အမျိုးသားနိုင်ငံရေးအကြောင်းကို ပြောလျှင် ရခိုင်တို့လှုပ်ရှားမှုများကို အာရုံစိုက် ဖြစ်ကြသည်။ သို့သော် ရိုဟင်ဂျာအကျပ်အတည်းမှာလည်း မကြာမီ ဖြေရှင်း၍ ရနိုင်မည့် အခြေအနေမှာ အလွန်နည်းပါးသည်။ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲ၌ ထိုမွတ်ဆလင်တို့အဖို့ ကိုယ်စားပြုပါဝင်ခွင့်ရနိုင်ရန် မဖြစ်နိုင်သလောက်ပင်။ အကယ်၍ ပြန်လည် လွှဲပြောင်းခြင်း ပြန်လည်နေရာချထားခြင်းများ စတင် နိုင်ခဲ့လျှင်ပင် ရိုဟင်ဂျာဟု အမည်ခံယူထားသူများသည် တိုင်းပြည်၏ ပြင်ပတွင်နေထိုင်သူ အများပင်ရှိနိုင်သလို ဒုက္ခသည်စခန်းတစ်ခုခုတွင် ကာလအတန်ကြာ နေကြရဖွယ်ရှိသည်။ လက်ရှိတွင် အစိုးရက လုံခြုံရေးအရ အာရုံစိုက်သည်မှာ ဒုက္ခသည်စခန်းများတွင် မြေအောက်လှုပ်ရှားမှု အသွင်ရှိနေပြီး နတ်မြစ်နယ်ခြား ဒေသတစ်လျှောက်တွင်လည်း လှုပ်ရှားနေသော ARSA ကို ဖြစ်သည်။

ရိုဟင်ဂျာအကျပ်အတည်းမှာ လာမည့်နှစ်များတွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကြား ဆက်ဆံရေးကို မတည်မငြိမ်ဖြစ်စေနိုင်သည့် မရေမရာ အခြေအနေတစ်ခုပင်။ အကျိုးဆက်မှာ ထွက်သွားစရာ နေရာမရှိသော လူပေါင်းတစ်သန်းလောက်သည် နိုင်ငံမဲ့များအဖြစ် ဆက်လက်ရှိနေကြဦးမည်ပင်။ ဤအတောအတွင်း ရခိုင်ပြည်နယ်တွင် ဆက်လက်နေထိုင်နေကြသော ရိုဟင်ဂျာ မွတ်ဆလင်များသည်လည်း ဘင်္ဂလားဒေ့ရှ်ဘက်က ရိုဟင်ဂျာများနည်းတူပင် မရေရာသော အနာဂတ်သာရှိသည်။ ၎င်းတို့သည် နိုင်ငံရေးအရ မည်သူ၏ ပိုင်နက်ဟူ၍ မဟုတ်သော ဒေသတွင် နေထိုင်ကြလျှက် နိုင်ငံသားအဖြစ် ခံယူနိုင်ရန် အခွင့်အရေးကို ရရန်အလားအလာမှာ နည်းပါးလှသည်။ လူ့အခွင့်အရေး အဖွဲ့အစည်းများ မည်မျှပင် ကန့်ကွက်ကြသော်လည်း မြန်မာနိုင်ငံ၏ လက်ရှိ အနေအထားအရ နိုင်ငံသားအခွင့်အရေးနှင့်တိုင်းရင်းသားအဖြစ်ကို ရရှိနိုင်မှမှာ ၁၉၈၂ နိုင်ငံသားဖြစ်မှု ဥပဒေဘောင်အတွင်းမှသာ ဆွေးနွေးကြလေ့ ရှိသည်။

ကုလသမဂ္ဂ၏ လွတ်လပ်သော အချက်အလက်ရှာဖွေရေးမစ်ရှင်၏ အစီရင်ခံစာကို ၂၀၁၈ တွင် ထုတ်ဝေခဲ့ချိန်မှစ၍ ယခုတိုင်အောင် အိုးအိမ်မဲ့ မွတ်ဆလင် ဒုက္ခသည်များ၏ဘဝမှာ အပြောင်းအလဲသိပ် မရှိလှပေ။ တိုင်းပြည်အတွင်း၌ဖြစ်စေ၊ အပြင်ဘက်တွင်ဖြစ်စေ မထူးလှချေ။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံအစိုးရများ၏ သဘောတူညီချက်အရ ၂၀၁၈ နိုဝင်ဘာလတွင် ရခိုင်ပြည်နယ်သို့ ပထမဆုံး ဒုက္ခသည်အသုတ် ပြန်လာခဲ့ပြီး နေရာချထားခဲ့ပြီး ဖြစ်သည်ဟု ကြေညာခဲ့သည်။ သို့ရာတွင် ထိုသူတို့သည်ငင်းတို့၏ အိမ်ယာများဆီသို့ပြန်သွားနိုင်ရန် အာမခံချက်မရှိသလို နိုင်ငံသားအဖြစ်ကို ရရှိရန်မှာလည်း မသေချာပေ။ လက်ရှိ အနေအထား၌ ၎င်းတို့၏ အပြန်ခရီးကို လူလူချင်း အလွှာ ခွဲခြားဆက်ဆံသော "apartheid" စနစ်က စောင့်နေဟန် ရှိသည်။[၇၆]

ထိုသို့ရိုဟင်ဂျာများအား သတ်သတ်စီ ခွဲထုတ်ထားမည့်နေရာချထားမှုပုံစံမျိုးတွင် မိမိတို့ကြံရာပါအဖြစ်မခံနိုင်ကြောင်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့များအနေနှင့် သတိပေးနေရသည်။[၇၇] အထက်တွင် ဖော်ပြခဲ့သော ပြဿနာများကြောင့်လည်း ယမန်နှစ် တစ်နှစ်လုံးတွင် အဆိုပါ အဖွဲ့အစည်းများက ထောက်လျှောက်ဝေဖန် ထောက်ပြနေခဲ့သည်။ ၎င်းတို့ဖော်ပြသကဲ့သို့ပင် ၁၉၉၀ ကျော်၌ နဝတ လက်ထက် ရိုဟင်ဂျာတို့၏ နယ်မြေ၌ လူမှုဖွဲ့စည်းပုံအပြောင်းအလဲများ ပေါ်လာအောင် ချမှတ်ခဲ့သည့် မဟာဗျူဟာတို့ကို ၂၀၁၂ ဦးသိန်းစိန် အစိုးရ လက်ထက်တွင် ပို၍ပင် အဆင့်မြှင့်ကာ ထိထိရောက်ရောက် အသုံးချလာခဲ့သေးသည်။ (အခန်း ၅ နှင့် ၆ ကိုရှုပါ။) မြန်မာနိုင်ငံ၏ အနောက်တံခါးကို ကာကွယ်ရန်ဟုဆိုကာ တပ်မတော်က ၂၀၁၆-၁၈ ကာလအတွင်း ထိုးစစ် ဆင်နွှဲချိန်တွင် ရိုဟင်ဂျာတို့ကို သတ်သတ်စီ ခွဲထုတ်ထားခြင်းအား ပို၍တင်းကျပ်စွာ ကျင့်သုံးခဲ့သည်။[၇၈] အာဏာပိုင်တို့သည် ရခိုင်ပြည်နယ်၏ ဖွဲ့စည်းပုံကို ပြောင်းလဲပစ်နေကြပြီဟု Amnesty International ကပြောကြားခဲ့သည်။[၇၉] လူမရှိတော့သော မွတ်ဆလင် ကျေးရွာများကိုလည်း ဘုဒ္ဓဘာသာဝင်များအား အခြေချ ပြောင်းဝင်



ဘူးသီးတောင်စခန်းရှိ မတ်ဆလင်လူငယ်တစ်ဦး (TK)

လာစေခဲ့သည်။ ရိုဟင်ဂျာ ဒုက္ခသည်တို့သည် ၎င်းတို့အပြန်အား မည်ကဲ့သို့သော အနာဂတ်မျိုးက စောင့်နေမည်ကို များစွာ စိုးရိမ်ကြောင့်ကြသည်။[၈၀]

မွတ်ဆလင်ဒုက္ခသည်တို့ အစုလိုက် အပြုံလိုက် ထွက်ပြေးနေရခြင်းများ ရပ်တန့်မသွားဘဲ ဆက်လက်ဖြစ်ပေါ်လာသောအခါ၌လည်း မြန်မာနိုင်ငံ၏ အာရှ အိမ်နီးချင်းများနှင့် ဆက်ဆံရေး တင်းမာလာခဲ့သည်။ ၂၀၁၉ အလယ်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ တရားဝင်ဒုက္ခသည် စခန်းများတွင် ရိုဟင်ဂျာ ၉၁၃,၀၀၀ ရှိပြီး စခန်းများအပြင်ဘက်တွင်မူ ၂၀၀,၀၀၀ ခန့် နေထိုင်သည်ဟု ခန့်မှန်းကြသည်။[၈၁] ရိုဟင်ဂျာနှင့်မြန်မာ မွတ်ဆလင် ၁၀၀,၀၀၀ ခန့်သည် မလေးရှားနိုင်ငံတွင် UNHCR ၏ ကာကွယ်ပေးမှုဖြင့် နေထိုင်ကြသည်။[၈၂] ၂၀၁၉ တွင် အိန္ဒိယအာဏာပိုင်များက လူ့အခွင့်အရေးသမားများ ဆန့်ကျင်နေသည့်ကြားမှာ ရိုဟင်ဂျာဒုက္ခသည် ၄၀၀,၀၀၀ ခန့်ကို မြန်မာနိုင်ငံဘက်သို့ ပြန်ပို့ရန် ကြိုးစားသည်။[၈၃] ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က "ကျွန်တော့်အတွေ့အကြုံအရ ကမ္ဘာပေါ်တွင် ရိုဟင်ဂျာများလောက် ခွဲခြားဆက်ဆံခံရတဲ့ လူမျိုးဟူ၍ မတွေ့ခဲ့ရဖူးပါ" ဟု ပြောကြားခဲ့သည်။[၈၄]

NLD နှင့် တပ်မတော်ခေါင်းဆောင်များကမူ လူသိရှင်ကြား ငြင်းမြွေငြင်းနေကြသည်။ ရခိုင်ပြည်နယ်အတွက် ကိုဖီအာနန် အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန် စီစဉ်နေပါသည်ဟူသော အဆိုမျိုးဖြင့်သာ NLD က ဝေဖန်မှုများကို ချေပလေ့ရှိသည်။ (အခန်း ၇ ကိုကြည့်ပါ။) အစိုးရ၏ကြံရွယ်ချက်မှာ ထိုအကြံပေးချက်များကို အကောင်အထည်ဖော်ရာတွင် အစိုးရ၏ အထောက်အပံ့ဖြင့် ဖွဲ့စည်းထားသော လူသားချင်း စာနာမှုအကူအညီအထောက်အပံ့ပေးရေးပြန်လည်နေရာချထားရေး၊ဖွံ့ဖြိုးရေး စီမံကိန်းကော်မတီ UEHRD နှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မတီရှင် ICOE တို့ကတစ်ဆင့် ဆောင်ရွက်ရန်ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် တပ်မတော်ကလည်း သုတေသန အဖွဲ့နှစ်ခုကို တာဝန်ပေးအပ်ခဲ့သေးသည်။ ပထမတစ်ခုမှာ ကုလသမဂ္ဂ၊ Amnesty International နှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများက အစီရင်ခံစာများကို တုံ့ပြန်ရန်အတွက် "စုံစမ်းရေးကော်မရှင်" ဖြစ်ပြီး နောက်တစ်ခုမှာ ULA ကို နှိမ်နင်းရေး စစ်ဆင်ရေးများအတွင်း အရပ်သား သေဆုံးမှုများအကြောင်း "စုံစမ်းရေးအဖွဲ့" ဖြစ်သည်။[၈၅] သို့သော် ထိုတပ်မတော်ဘက်မှ စုံစမ်းထောက်လှမ်းမှုများ၏ လွတ်လပ်မှုနှင့် ဘက်မလိုက်ဘဲ ရှာဖွေသုံးသပ်နိုင်မှုကို အများက အယုံအကြည် အလွန်နည်းကြသည်။ အထူးသဖြင့် ရိုဟင်ဂျာများကို သတ်ဖြတ်မှုတွင် တာဝန်ရှိသော စစ်သားများအကြောင်းကို ရေးသားခဲ့သော ရိုက်တာမှ ဂျာနယ်လစ်နှစ်ဦးကို ထောင်ဒဏ်နှစ်ရှည် ချမှတ်လိုက်သောအခါတွင် ပို၍ပင် သိသာခဲ့သေးသည်။

ဤသို့စုံစမ်းစစ်ဆေးမှုများ အဖွဲ့ပေါင်းစုံ ရှိနေသေးသော်လည်း NLD သည် ရိုဟင်ဂျာများ၏ နိုင်ငံသားဖြစ်ခွင့်နှင့် ပတ်သက်၍ ဥပဒေကြောင်းအရ ရှိနေသော အရှုပ်အထွေးများကို ရှင်းရှင်းလင်းလင်း ဖြစ်အောင် ဆောင်ရွက်ပေးရန် ထထကြွကြွ ဆောင်ရွက်ပေးခြင်း အလျဉ်းမရှိပေ။ ၂၀၁၅ ခုနှစ်တွင် ယာယီမှတ်ပုံတင်ကတ် (အဖြူရောင်ကတ်များ) ရုပ်သိမ်းလိုက်ကတည်းက အာဏာပိုင်များ သည် အထောက်အထားမရှိသော ရိုဟင်ဂျာများကို ဒစ်ဂျစ်တယ် စိစစ်ရေးကတ်များအား လက်ခံအောင် ဖိအားပေးနေခဲ့သည်။ ဤကတ်ပြားကို ယူလိုသော မွတ်ဆလင်မှာ အနည်းငယ်သာ ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုကတ်ပေါ်တွင် ရိုဟင်ဂျာအစား ဘင်္ဂါလီဟုသာ ဖော်ပြထားသောကြောင့် အလိုအလျောက် "နိုင်ငံခြားသား"ဟူ၍ သတ်မှတ်ပြီးသား ဖြစ်သွားသောကြောင့်ပင်။[၈၆] စက်တင်ဘာလတွင် မြန်မာအစိုးရက ဒုက္ခသည်များပြန်လည် လက်ခံရန် တရုတ်၊ ဘင်္ဂလားဒေ့ရှ်တို့နှင့်အတူ ပူးတွဲအလုပ်အဖွဲ့ကို ဖွဲ့စည်းရန် သဘောတူခဲ့သည်။ သို့သော် လုံခြုံသော၊ ဂုဏ်သိက္ခာရှိသော၊ မိမိသဘောဆန္ဒအလျောက် ဆုံးဖြတ်နိုင်ခွင့်ရှိသော၊ ပြန်လည် နေရာချထားခြင်းမျိုး မဟုတ်လျှင် မလွှဲပြောင်းပေးသင့်ကြောင်း လူသားချင်းစာနာရေး အကူအညီအဖွဲ့များ

ကလည်းကောင်း ဒုက္ခသည်များ ကိုယ်တိုင်ကလည်းကောင်း ဆန့်ကျင်မှုများ ရှိခဲ့သည်။

၂၀၁၉ ကုန်ခါနီးတွင် ရိုဟင်ဂျာမွတ်ဆလင်တို့၏ ဒုက္ခမှာ စိတ်မောဖွယ်ရာအထိဖြစ်သည်။ ၂၀၁၀ နှင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများတွင် ပါဝင်ခဲ့ကြသော မွတ်ဆလင် အခြေပြု လှုပ်ရှားမှုများဖြစ်ကြသော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီနှင့် အမျိုးသား ဒီမိုကရေစီပါတီတို့သည် လုံးဝမလှုပ်ရှားနိုင်ကြတော့ပေ။ (အခန်း ၆ ကိုရှုပါ။) ရိုဟင်ဂျာခေါင်းဆောင်များ ထဲတွင်လည်း ဤဒုက္ခသည် ပြဿနာကို အဆောတလျင် မဖြေရှင်းနိုင်လျှင် လူငယ်လူရွယ်များကို ARSA က စည်းရုံးကာ အကြမ်းဖက်မှုများ ဆီသို့ သိမ်းသွင်းသွားမည့် အရေးကို ကြောက်ရွံ့ကြသည်။ ARSA သည် ဒုက္ခသည်စခန်းများထဲတွင် လှုပ်ရှားနေသေးသလို ရခိုင်မြောက်ပိုင်း နယ်စပ်ဒေသများတွင်လည်း ဆက်လက် ရှိနေသေးသည်။ သုံးနိုင်ငံနယ်ခြား ဆုံချက်တွင် ကြောက်ရွံ့ခြင်းနှင့် မလုံခြုံခြင်းများ စိမ့်ဝင်လျက်ရှိသည်။

မြန်မာရိုဟင်ဂျာ အကျပ်အတည်းသည် ဘင်္ဂလားဒေ့ရှ်၏ နိုင်ငံရေးအကျပ်အတည်းလည်း ဖြစ်လာပေသည်။ အစွန်းလာမှစ် အကျိုးဆောင်အဖွဲ့ Hefazef-e-Islam သည် ဒုက္ခသည်စခန်းများထဲတွင် စိမ့်ဝင်နေပြီး ဩဂုတ်လတွင် ရိုဟင်ဂျာဒုက္ခသည် ခြောက်ဦးကို ဘင်္ဂလားဒေ့ရှ်ရဲက ပစ်သတ်လိုက်သည်။ ကော့ဘဇားရှိ လက်ရှိအုပ်ချုပ်နေသောပါတီ Awami League အဝါမီအဖွဲ့ချုပ်၏ ဒေသခံလူငယ် ခေါင်းဆောင်ကို လုပ်ကြံမှု ဖြစ်ပွားခဲ့ပြီးနောက် ရိုဟင်ဂျာများကို သတ်ခဲ့ခြင်းဖြစ်သည်။[၈၇] ယခုအချိန် ၂၀၁၉ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပစ်ခတ် တိုက်ခိုက်ကြစဉ် သေဆုံးခဲ့သူ ရိုဟင်ဂျာ ၃၉ ဦးခန့် ရှိပြီဖြစ်သည်။[၈၈] စက်တင်ဘာလတွင် ဘင်္ဂလားဒေ့ရှ်အစိုးရက အကူအညီပေးရေး အဖွဲ့များကို ကန့်သတ်ချုပ်ချယ်မှုများ မြှင့်တင်လိုက်ပြီး ကော့ဘဇားအနီးရှိ အကြီးဆုံးဒုက္ခသည် စခန်းဖြစ်သည် ကူတူပါလောင်ထဲတွင် ဒုက္ခသည် ၂၀၀,၀၀၀ ခန့် ဆန္ဒပြကြပြီးနောက်တွင် အာဏာပိုင်တို့က အင်တာနက်ကိုပါ ဖြတ်တောက်ခဲ့သည်။[၈၉] ဤအချိန်တွင်ပင် ထိုဒုက္ခသည်စခန်းများတွင် နေထိုင်သူများအား အသက်ရှင်ရုံ ကျွေးမွေးထားရန် နိုင်ငံတကာ အကူအညီမှာ တစ်နှစ်လျှင် အနည်းဆုံး အမေရိကန်ဒေါ်လာ သန်း ၉၂၀ လိုအပ်နေသည်။[၉၀]

ဤဘေးဒုက္ခများ စတင်ခဲ့ချိန်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူး အပြောင်း၏ စိန်ခေါ်မှုများ အပေါ် စာနာထောက်ထားကြသူတို့အဖို့မူ မြင်နေရသော လူ့အခွင့်အရေး ချိုးဖောက်မှုများမှာ တုန်လှုပ်စရာ ကောင်းသည်။ မြန်မာနိုင်ငံ၏ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ နှင့် ခရီးသွားလုပ်ငန်းများတွင် ပတ်သက်ယှက်နွှယ် ရခြင်းမှာ ကျင့်ဝတ်နှင့်ညီမညီဟူသော ဆန်းစစ်ခြင်းများ မရှိတော့သည့် နှစ်အတန်ငယ်ကြာလာခဲ့ပြီးမှ တစ်ဖန် နိုင်ငံတကာ အသိုင်းအဝိုင်းတွင် ထိုကိစ္စကို ပြန်၍မေးခွန်းထုတ် လာကြပြန်သည်။ အထူးသဖြင့် ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေးမစ်ရှင်က ၂၀၁၉စက်တင်ဘာတွင် နိုင်ငံခြားကုမ္ပဏီများအား တပ်မတော်နှင့် တပ်မတော်က ထိန်းချုပ်ထားသော လုပ်ငန်းပေါင်း ၁၂၀ ခန့်နှင့် ကင်းကင်းရှင်းရှင်းနေကြရန် တိုက်တွန်းလိုက်သောအခါ ပို၍ပင် ကျင့်ဝတ်ကိစ္စကို ဆွေးနွေးလာကြသည်။[၉၁] ပြည်တွင်းကုမ္ပဏီများမှာလည်း ဝေဖန်ခံရမှုနှင့် မကင်းပေ။ ထိုကုမ္ပဏီများ၏ လုပ်ရပ်များမှာလည်း စစ်ရာဇဝတ်မှုမြောက်မမြောက် အငြင်းပွားနေကြခြင်းလည်း ရှိသည်။ အထူးသဖြင့် စာရင်းထဲတွင် ပါဝင်သော လုပ်ငန်းရှင်များသည် ရိုဟင်ဂျာဟူသော လူမျိုးကို ဖျောက်ပစ်ရန် ရခိုင်မြောက်ပိုင်းကို ဖွံ့ဖြိုးရေး စီမံကိန်းများဟု အမည်ခံထားသော ပြန်လည်နေရာချဖွဲ့စည်းပုံပြောင်းသည့်လုပ်ငန်းများကို ငွေကြေးထောက်ပံ့ခြင်း (သို့မဟုတ်) တပ်မတော်ကို ငွေကြေးလှူဒါန်းခြင်းများ ရှိခဲ့ကြသည်။[၉၂]

အကယ်၍ ရိုဟင်ဂျာများကို မြန်မာနိုင်ငံသားဖြစ်ခွင့်မပေးလျှင် ဘင်္ဂလားဒေ့ရှ်အား ရခိုင်ပြည်နယ်မှ မွတ်ဆလင်များနေထိုင်ရာ နယ်မြေကို ဘင်္ဂလားဒေ့ရှ်ထဲပေါင်းထည့်လိုက်ခြင်းအားဖြင့် ဒုက္ခသည်အကျပ်အတည်းကို ဖြေရှင်းနိုင်မည်ဟု အမေရိကလွတ်တော် အမတ် ဘရက်ဒလေးရှားမန်းက အကြံပေးလိုက်သောအခါ နှစ်နိုင်ငံစလုံး၏ နယ်စပ်ဒေသများ၌ ထိတ်လန့်သွားခဲ့ကြသည့် နောက်တွင် နိုင်ငံရေးရာသီဥတုမှာ ပိုဆိုးလာတော့သည်။[၉၃] ဤကဲ့သို့အခြေအနေကို ပြောင်းပြန်လှန်ပစ်နိုင်သော ဖြေရှင်းနည်းမျိုးမှာ လွတ်လပ်ရေး ရကာစနှစ်များတွင် မေယုနယ်ခြားခရိုင်၏ နယ်မြေအများစုကို သိမ်းပိုက်ထားခဲ့သော မူဂျာဟစ်ပါတီ၏ တောင်းဆိုမှုနှင့် ဆင်တူပါသည်။ (အခန်း ၃ ကိုကြည့်ပါ။) ပြည်နယ်သတ်သတ်ခွဲထုတ်ရန် ထိုအကြံကို နေပြည်တော်နှင့် ဒါကာမှ အစိုးရနှစ်ရပ်စလုံးက အချိန်မဆိုင်းဘဲ ပယ်ချခဲ့ပါသည်။ သို့သော် မကြာမီပင် ထိုစိတ်ကူးမျိုးကို မလေးရှားဝန်ကြီးချုပ် မဟာသီဟာ မိုဟာမက်က ထပ်မံဆွေးနွေးခဲ့ပြီး ရိုဟင်ဂျာများအတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေကို ပေးရန် (သို့မဟုတ်) နိုင်ငံသားအဖြစ် သတ်မှတ်အခွင့်အရေးပေးရန် တိုက်တွန်းခဲ့သည်။[၉၄] ပြည်ပတိုင်းပြည်များမှ နိုင်ငံရေးသမားများကသာရယ်ဒီကယ်အတွေး အခေါ်များကို အားပေးလာသည်မဟုတ်၊လွန်ခဲ့သော နှစ်နှစ်အတွင်း၌ အစွန်းလာမှစ် လှုပ်ရှားမှု ဟယ်ဖာဇာတ် အီးအစ်လာမ် Hefazad-e-Islam က ရခိုင်ပြည်နယ်လွတ်မြောက်ရေး ဂျီဟတ် ဘာသာရေးစစ်ပွဲကြေညာမည်ဟု ခြိမ်းခြောက်ခဲ့သည်။ "အကယ်၍ စစ်တပ်နှင့် အပေါင်းအပါများသည် ရိုဟင်ဂျာမွတ်ဆလင်များ အားညှင်းဆဲနေခြင်းများ မရပ်တန့်"လျှင် ဂျီဟတ်နှင့်ကြုံရမည်

ဟု ကြေညာခဲ့သည်။[၆၅]

လက်ရှိတွင် ထိုအကြံဉာဏ်များအား လုံးကို စိတ်ကူးပေါက်သလို တွေးကောင်း တွေးကြပါလိမ့်မည်။ သို့သော် ထိုအကြံများအား လုံးနောက်တွင် မေးစရာတစ်ခု ပေါ်လာပါသည်။ အကယ်၍ ဤမျှဆင်းရဲဒုက္ခရောက်နေသော၊ ဘေးဖယ်ကျဉ်ထားခြင်းခံရသော လူများအတွက် တရားမျှတမှုနှင့် လူ့အခွင့်အရေးကို ဆောင်ယူလာပေးနိုင်သော အများပါဝင်နိုင်သည့် ဖြေရှင်းပုံမျိုးကို မရနိုင်ခဲ့လျှင် ဖြေရှင်းနိုင်မည့် အခြားနည်းများမှာ အဘယ်နည်း။ ပြည်တွင်းနိုင်ငံရေးတွင် ၂၁ ရာစု ပင်လုံညီလာခံ၏ အခင်းအကျင်းတစ်ခုလုံးသည် တိုင်းပြည်အတွင်း နေထိုင်ကြသူအားလုံးအတွက် နိုင်ငံရေးအရ ပါဝင်နိုင်မှုနှင့် ငြိမ်းချမ်းရေးကို ခံစားနိုင်မှု လိုအပ်နေသည်ကို လက်ခံကာတည်ဆောက်ထားခြင်း ဖြစ်သည်။ နိုင်ငံတကာ အခင်းအကျင်းတွင်မူ ကိုဖီအာနန်၏ အကြံပေးကော်မရှင်နှင့် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး မစ်ရှင်တို့သည် လွန်ခဲ့သော နှစ်နှစ်အတွင်း၌ အရေးကြီးသော ဆောင်ရွက်စရာများကို အကြံပေးခဲ့ကြသည်။ ယခုအချိန်တွင် လိုအပ်နေသည်မှာ ထိုအကြံများအတိုင်း အမြန်ချမှတ်အကောင်အထည်ဖော်ရန်အတွက်၊ ကောင်းသောပြောင်းလဲခြင်းကို ဦးတည်သော၊ ငြိမ်းချမ်းရေး တည်ဆောက်နိုင်သော ဖြေရှင်းနည်းများကို ပေးနိုင်မည့် မူများ၊ လုပ်ငန်းများဖြစ်ကြသည်။



စစ်ထွေမှ သံဃာတစ်ပါး (TK)

ထိုအခြေခံမှ စဉ်းစားသောနိုင်ငံခြားသံတမန်များက ယခုတလောတွင် "လုံခြုံသော ဂုဏ်သိက္ခာရှိသော၊ စိတ်ဆန္ဒအလျောက် ဆောင်ရွက်နိုင်သော၊ အပိုင်း ၃ ပိုင်းပါ ဒုက္ခသည်ပြဿနာ ဖြေရှင်းနည်းကို ဆော်ဩလျှက်ရှိသည်။ ထိုအဆင့်သုံးဆင့်တွင် ကိုဖီအာနန်အကြံပေး ကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရန်၊ နိုင်ငံသားအဖြစ်မှ ငြင်းပယ်ခံထား ရသူများကို နိုင်ငံသားဖြစ်စေနိုင်သည့် လမ်းကို ဖွင့်ပေးရန်၊ လူ့အခွင့်အရေးကို လူတိုင်းတန်းတူညီမျှခံစားခွင့်ရှိရေး၊ တရားမျှတမှုကို ရရှိနိုင်ရေးတို့အတွက် လွတ်လပ်သည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် တို့ဖြစ်ကြသည်။[၆၆] တရုတ်အစိုးရသည် ထိုအပိုင်းသုံးပိုင်းတွင် ပါဝင်သော ကိစ္စရပ်များကို အဆိုပြုလျှက်ရှိသည်။ ထိုအထဲတွင် ဒုက္ခသည် အကျပ်အတည်းကို ဖြေရှင်းရေး၊ လူမျိုးစုငြိမ်းချမ်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ပါဝင်သည်။ နိဝင်ဘာလ အတွင်းတွင်မူ တရုတ်သံအမတ်က ထိုစိတ်ကူးအကြံများကို မြန်မာနိုင်ငံ၏ အစိုးရရုပ်မြင်သံကြားမှ ပြောကြားခဲ့ပြီး တရုတ်နိုင်ငံအနေနှင့် ထိုလုပ်ငန်းများတွင် အကြံအား၊ ငွေအား၊ လူအားဖြင့် ကူညီပေးလိုပါကြောင်း ပြောကြားခဲ့သည်။[၆၇] သေချာသည်မှာ ရခိုင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကူညီလိုသည်ဟူသော နိုင်ငံတကာမှ ရွှန်းရွှန်းဝေသော စကားများ မကြာမကြာ ပေါ်လာရန် မခဲယဉ်းလှပါ။

ခဲယဉ်းသော အချက်ကမူ လွတ်လပ်ရေးရပြီးကတည်းက အစိုးရ အဆက်ဆက် မည်သည့်ခေတ်တွင်ဖြစ်စေ၊ ထိုရွှန်းရွှန်းဝေသော အကြံများ၏ အောင်မြင်မှုများ မြန်မာနိုင်ငံတွင် လည်ပတ်နေသော နိုင်ငံရေး စနစ် အပေါ်တွင်မူတည်နေသည်။ နိုင်ငံရေးစနစ်က လူအားလုံး၏ လူ့အခွင့်အရေးကို လေးစားမှုသာ အာမခံပေးနိုင်မှုသာ အောင်မြင်နိုင်ကြမည်ဖြစ်သည်။ ဤအချက်က အဓိကအတားအဆီးကြီးတစ်ခု အဖြစ်ခေတ်တိုင်း ရှိနေခဲ့သည်။ အဆုံးသတ်လျှင် မြန်မာနိုင်ငံသားများကသာလျှင် ဖြေရှင်းနည်းများကို ရှာတွေ့နိုင်ကြပြီး တကယ့် ပြဿနာကို ဖြေရှင်းနိုင်မည့်သူများ ဖြစ်ကြသည်။ သို့သော် လက်ရှိတွင် အာရကန်လူမျိုးစု နိုင်ငံရေး အကျပ်အတည်းကို မည်သို့မည်ပုံ ဖြေရှင်းကြမည်ဆိုသည်နှင့် ပတ်သက်၍ ဘုံသဘောတူညီချက်မရှိသလို စုစုစည်းစည်း မည်သို့ဆက်လက်ခရီးဆက်နိုင်မည်နည်းဟူသော အဖြေလည်း မရှိသေးပါ။ ရိုဟင်ဂျာ ပြဿနာမှာ တိုင်းပြည်အတွင်း၌ ကြုံနေရသော လူမျိုးစုရေးရာ စိန်ခေါ်မှုများအနက် တစ်ခုမျှသာဖြစ်ပြီး ထိုအရေးကို အမျိုးသားနိုင်ငံရေး ဇာတ်ခုံပေါ်တင်၍ ဦးစားပေးဖြေရှင်းရန် ပြင်ဆင်ထားသော နိုင်ငံရေး ခေါင်းဆောင်ဟူ၍ အလွန်အလွန် နည်းပါးပါသည်။

အမှန်ကိုဆိုရလျှင် မြန်မာနိုင်ငံ၌ ယေဘုယျအားဖြင့်



ဖွဲ့အိတ်များကိုလှည်းဖြင့်ဆွဲနေသော အထမ်းသမား.စစ်တွေ (TK)

မွတ်ဆလင်တို့၏ အခြေအနေကို ကိုယ်ချင်းစာနာနိုင်မှုမှာ နည်းနည်းကလေးသာရှိသည်။ ၂၀၁၁ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့ချိန်မှ စတင်ကာ ရိုဟင်ဂျာအရေးမှာ လူကြိုက်များအောင်လုပ်သော ဝါဒကို နှစ်သက်သော ခေါင်းဆောင်များက အပူတပြင်း နိုင်ငံရေးအကျိုးအမြတ်အလို့ငှာ ကစားသည့် ကိစ္စတစ်ခုဖြစ်လာခဲ့သည်။ အပြောင်းအလဲများ မြန်မြန်ဆန်ဆန် ဖြစ်လာရန်မှာ အဟန့်အတားများရှိနေသည်။ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲနီးလာချိန်တွင် မွတ်ဆလင်များ၏ ရပိုင်ခွင့်များမှာ တဖန် အရေးကြီးသော စဉ်းစားစရာများ ဖြစ်လာကြပေဦးမည်။အမုန်းတရားများ ဟောသောကြောင့် တရားပွဲပိတ်ခြင်းခံလိုက်ရသော ဦးဝိရသူနှင့် မ.ဘ.သ လှုပ်ရှားမှုမှာ ယခုအခါ အမည်ပြောင်း၍ ဗုဒ္ဓဓမ္မပရဟိတ ဖောင်ဒေးရှင်းဟု အမည်ပြောင်းထားပြီး မွတ်ဆလင်မုန်းတီးရေး ဆန္ဒ ထုတ်ဖော်ပွဲများနှင့် တပ်မတော် ထောက်ခံပွဲများကို ပြန်ကျင်းပနေခဲ့သည်။[၉၈] ထောက်ခံပွဲကျင်းပသည့် အဖွဲ့များကို ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း "မျိုးချစ်ပြည်သူ"များဟု ချီးမွမ်းခဲ့သည်။[၉၉] ဒေါ်အောင်ဆန်းစုကြည်ကို မဖွယ်မရာ ပြောဆိုခဲ့သည့်အတွက် ၂၀၁၉ မေလတွင် ဦးဝိရသူကို ဖမ်းဝရမ်း ထုတ်လိုက်သည်။[၁၀၀] သို့သော် အစွန်းရောက် ဗုဒ္ဓဘာသာ ရဟန်များသည် ယခင်ကလောက် မပေါ်လွင်သော်လည်း အားရှိနေတုန်းပင်။

NLD အစိုးရတက်လာစဉ်က အစိုးရစနစ် ပြောင်းပြီဟု မျှော်လင့်ချက်ကြီးစွာ ထားခဲ့ကြသော ဒီမိုကရေစီ ထောက်ခံအားပေးသူတို့အဖို့ ရခိုင်ပြည်နယ်ရှိ အကျပ်အတည်းများကို NLD က ကိုင်တွယ် ဖြေရှင်းရန် ပျက်ကွက်သောအခါ ပါတီသည် နောက်ပြန်လန်ကျသော အခြေအနေသို့ ရောက်နေပြီး နိုင်ငံရေးအရ မခိုင်မာမှုကြောင့် တပ်မတော်က ဆက်လက်နေရာယူတော့မည်ဟုသာ ယူဆကြသည်။ အရပ်ဘက် လူ့အဖွဲ့ အစည်းများ၊ လွတ်လပ်သော မီဒီယာနှင့် လူမျိုးစုနိုင်ငံရေး အဖွဲ့အစည်းများဘက်ကသာလျှင် ရိုဟင်ဂျာအရေး နှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ပူပန်ကြသည်။ နိုင်ငံတစ်ဝှမ်းရှိ ပဋိပက္ခနယ်မြေများတွင် တပ်မတော်၏ နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေးများကို ကြောက်ရွံ့နေရဆဲဖြစ်ပြီး မိမိတို့အလှည့် တစ်ချိန်ချိန်တွင် ရောက်လာမည်ကို စိုးရိမ်နေသော လူမျိုးစုများရှိကြသည်။[၁၀၁] KNU နှင့် ချိတ်ဆက်နေသော အဖွဲ့အစည်းတစ်ခုက "ကရင်လူမျိုးများနှင့် အခြားလူမျိုးစုများအပေါ် မြန်မာ့တပ်မတော်က ကျူးလွန်ခဲ့ဖူးသော ရာဇဝတ်မှုများသည် ၎င်းတို့၏ မဟာဗျူဟာဟု အကြမ်းဖက်မှု၊ နှိမ့်ချကျိုးနွံစေမှုနှင့် လူမျိုးရေး သုတ်သင်မှု ပုံစံများဖြစ်ကြပြီး ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအား နှိမ်နင်းမှုများ၌ တစ်ဖန်ပြန်တွေ့ရသည်ဟု ဆိုခဲ့သည်။[၁၀၂]

နိုင်ငံတကာလူ့အခွင့်အရေး ကျွမ်းကျင်သူများသည် သည်ဟိသ်မြို့တွင် ရာဇဝတ်မှုနှင့် ပတ်သက်၍ ဆွေးနွေးကောင်း ဆွေးနွေးနေပါလိမ့်မည်။ နိုဝင်ဘာလတွင် နိုင်ငံတကာ တရားရုံး (International Criminal Court) က မြန်မာစစ်တပ်ကို စွဲဆိုထားသော "အကြမ်းဖက်မှုများအား စနစ်တကျ ကျူးလွန်ခဲ့ခြင်း" "တိုင်းပြည်အတွင်းမှ လူအများကို မောင်းထုတ်ခြင်းကြောင့်ဖြစ်လာသော လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှု" နှင့် "လူမျိုးသို့မဟုတ်ဘာသာကို အကြောင်းပြု၍ ညှင်းပန်းနှိပ်စက်ခြင်း" တို့အတွက် စစ်ဆေးရန် သဘောတူလိုက်ပြီဖြစ်သည်။ နိုင်ငံတကာ တရားမျှတမှုခုံရုံး (International Court of

Justice) ကလည်း ၁၉၄၈ ကုလသမဂ္ဂ ဂျီနိုဆိုက် ရာဇဝတ်မှု တားဆီးရေးနှင့် အပြစ်ပေးရေး ကွန်ဗန်းရှင်းအရ မြန်မာနိုင်ငံကို တရားစွဲဆိုပေးရန် ဂမ်ဘီယာမှ တင်ပြလာမှုကို လက်ခံ၍ အမှုဖွင့်ထားပြီဖြစ်သည်။[၁၀၃] သို့သော်လည်း ထိုတရားရေးလမ်းကြောင်းမှာ အချိန်ယူသော လုပ်ငန်းများ ဖြစ်ကြသည်။ ၂၀၂၀ ရွေးကောက်ပွဲကို အာရုံစိုက်နေ ကြချိန်တွင် ရိုဟင်ဂျာပြဿနာကို ထိထိရောက်ရောက် မကိုင်တွယ်နိုင်ဘဲ အတန်ကြာနေနိုင်ပါသည်။ ထို့ပြင် ရိုဟင်ဂျာများအားနှိပ်ကွပ်ခြင်းကို မြန်မာအမျိုးသားရေးဝါဒီ အသိုင်းအဝိုင်းတွင် ကျယ်ကျယ်လောင်လောင်ပင် လက်ခံထားကြပြီး ဒေါ်အောင်ဆန်းစုကြည်ကလည်း အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် မြန်မာနိုင်ငံအတွက် ခုခံကာကွယ်မည်ဟု သန္နိဋ္ဌာန်ပြုထားသည်။ နိုင်ငံတကာအဆင့် ဥပဒေကြောင်းအရ စုံစမ်းစစ်ဆေးသည့် သတင်းများသည် ဤပဋိပက္ခကို အမြန်ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း အစိုးရထံမှ အသိကို လှုပ်မနှိုးနိုင်ခဲ့ပေ။[၁၀၄]

နိုင်ငံရေးအရ မရေရာသော နှစ်တစ်နှစ်အစပြုခဲ့ပြီးနောက်တွင် လက်ရှိအခြေအနေများကို သုံးသပ် ရလျှင် ရိုဟင်ဂျာနှင့် အခြားလူနည်းစုများအတွက် များစွာအနည်မထိုင် မတည်ငြိမ်သော နှစ်တစ်ခုဖြစ်ပါသည်။ သမ္မတဦးသိန်းစိန်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်တို့သည် ဖက်ဒရယ် ပြည်ထောင်စုသို့ အသွင်ကူးပြောင်းရန် ကတိထားခဲ့ကြသောကြောင့် လူမျိုးစုနိုင်ငံရေးဖြစ်စဉ် တစ်လျှောက် အတိတ်က မအောင်မြင်မှုများကို ပြန်လည်ကုစားရန် ဆောင်ရွက်စရာရှိသည်များကို သဘောပေါက်နေလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့ရာတွင် အစိုးရဖြစ်လာချိန် အတွေ့အကြုံထဲမှ လက်ရှိခေါင်းဆောင်မျိုးဆက်များ ရယူခဲ့ကြသည့် သင်ခန်းစာမှာ လူမျိုးစုံပါဝင်သော စုစည်းမရသည့် ဒီမိုကရေစီနိုင်ငံတွင် အာဏာကို မိမိတို့လက်တွင် မည်သို့ဆက်ကိုင်ထားမည်နည်းဟူသော ခေတ်ဟောင်းကို နောက်ကြောင်းပြန်သော သင်ခန်းစာဖြစ်သည်။အမျိုးသားခေါင်းဆောင်များသည်လူကြိုက်များရေးဝါဒဘက်သို့ ယိမ်းယိုင်ခဲ့ကြလေပြီဟု တမ္ပဒီပ အင်စတီကျူမှ ဦးခင်ဇော်ဝင်းကပြောကြားသည်။ ၎င်းက

> "အခုခေါင်းဆောင်တွေ အရေးတယူ လုပ်ကြတာက အစွန်းရောက် လူမျိုးကြီးဝါဒ ကြီးစိုးလာတာကို ထိန်းသိမ်းဖို့ မဟုတ်ဘူး။ နောက်ရွေးကောက်ပွဲကျရင် ဒီလူမျိုးကြီးဝါဒ အကြောင်း ပြောနေသူတွေကပေးမယ့်မဲတွေ ကိုပဲ။ မဲအများဆုံးရသူ အနိုင်ယူစတမ်းဆိုတဲ့ ဒီအိုဟောင်းနေတဲ့ စနစ်ထဲမှာ လူအများစု ဖြစ်တဲ့ လူမျိုး၊ လူများစုကိုးကွယ်တဲ့ ဘာသာက မဲတွေကသာ အဆုံးအဖြတ်ပေးတယ်ဆိုတာကို နိုင်ငံရေးသမားတွေနဲ့ ဗိုလ်ချုပ်တွေက ကောင်းကောင်းသိတယ်။ လူနည်းစု လူမျိုးတွေကို ဂရုမစိုက်ဘဲ နေလို့ရကြတယ်။"[၁၀၅]

ဤအကျပ်အတည်းကို ဖြေရှင်းရေးတွင် ရိုဟင်ဂျာများ၏ အဖြစ်ကို ပြည်တွင်း၌ လက်ခံထားကြပုံကိုရောနိုင်ငံတကာ အသိုင်းအဝိုင်းက ရှုမြင်ကြသည့်ပုံကိုရောနှစ်မျိုးလုံးနားလည်ရန် အရေးကြီးပါသည်။ ယနေ့ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာတို့သာလျှင် ဒုက္ခကို ခံစားနေရသော လူမျိုးများ မဟုတ်ကြပါ။ ၎င်းတို့ဘေး ဖယ်ခံရခြင်းနှင့် အိုးအိမ်မဲ့ ထွက်ပြေးရခြင်းအဖြစ်တို့က ပို၍ပေါ်လွင်နေသည်မှာမှန်၏။ သို့သော် အပြင်ဤသို့ ဖယ်ထုတ်ခံရသူ၊ ညှင်းပန်းနှိပ်စက်ခံရသူမှာ ရိုဟင်ဂျာတစ်ခုတည်း မဟုတ်ပါ။ ထိုသူတို့၏ ဒုက္ခအားလုံးသည် လူမျိုးစုနိုင်ငံရေး အကျအရှုံးများ ပြည့်နေသော နိုင်ငံတစ်ခု၌ စိတ်ဝမ်းကွဲ၊ ဂိုဏ်းဂဏ ကွဲနေခြင်းများ နှင့်အတူ အဆုံးအရှုံးများကို လွတ်လပ်ရေးပြီးကတည်းက အရပ်ဒေသအမျိုးမျိုးတွင် တွေ့ကြုံခံစားနေရခြင်းဟူသော အရင်းခံရောဂါ၏ လက္ခဏာတစ်ခုသာဖြစ်သည်။ ကိုးကွယ်ရာဘာသာကိုသော်လည်းကောင်း၊ လူမျိုးကိုသော်လည်းကောင်း အကြောင်းပြု၍ လူ့အသိုင်းအဝိုင်းမှ ဖယ်ကျဉ်ခြင်း၊ နေရပ်မှထွက်ပြေးအောင်ပြုခြင်းနှင့် အခြေခံ လူ့အခွင့်အရေးကို ငြင်းပယ်ခြင်းအား မလုပ်အပ်ပေ။ ကမ္ဘာပေါ်ရှိ အခြားနိုင်ငံအသီးသီးကဲ့သို့ပင် မြန်မာနိုင်ငံအနေနှင့် ယနေ့ကြုံနေရသောပြဿနာများကို ဥပဒေကြောင်းအရလည်းကောင်း၊ နိုင်ငံရေးအရ လည်းကောင်း ဖြေရှင်းရန် သာနာညီမျှမှုနှင့် တရားမျှတမှုကို အခြေခံသော အဖြေများ ရှိပါသည်။ သို့သော် ယခုအခါ ထိုအဖြေမျိုးကို ရှာရန် အဆောတလျင်ပင် လိုအပ်နေပါသည်။ ရှေ့ဆက်ရမည့် ခရီးမှာ Nehginpao Kipgen တလောက ရေးခဲ့သလိုပင် "လူတိုင်းပါဝင်နိုင်သော အများသဘောတူနိုင်သည့် နိုင်ငံရေး အကူးအပြောင်းမျိုးဖြင့်သာ ခရီးတွင်နိုင်ပါလိမ့်မည်။"[၁၀၆]

၂၀၂၀ တွင် မြန်မာနိုင်ငံသည် ရွေးကောက်ပွဲနောက်တစ်ကျော့ ပြန်လာတော့မည်ဖြစ်ပြီး မရေရာသည့် အခြေအနေများ ပို၍ကြီးစိုးလာတော့မည်။ လူတိုင်းခံစားခွင့်ရမည့် ငြိမ်းချမ်းသော၊ ဒီမိုကရေစီနှင့် ညီညွတ်သော နိုင်ငံကို တည်ဆောက်ကြရာတွင် ရိုဟင်ဂျာအရေးအတွက် အဖြေကိုပါ တစ်ပါတည်း စဉ်းစားရန် ခါတိုင်းထက်ပင် ပိုအရေးကြီးလာပါသည်။ ဗဟိုအစိုးရနှင့် မသင့်မမြတ်ဖြစ်မှုများကို အာရကန်မြေပေါ်၌ နေထိုင်သူ ဗုဒ္ဓဘာသာရော၊ မွတ်ဆလင်များပါ ၁၉၄၈ ခုနှစ်ကပင် စတင်ကြုံတွေ့ခဲ့ကြသည်။ ထိုအချိန်ကတည်းက ဖြစ်လာခဲ့သော ပဋိပက္ခကို ငြိမ်းချမ်းစွာ တရားမျှတစွာ အဆုံးသတ်ကြရန်မှာ အချိန်ပင် လင့်နေပါပြီ။



ရိုက္ခာအိတ်များတင်နေစဉ်၊စစ်တွေ (TK)

၉။ နိဂုံး

ယနေ့ အာရကန်သည် မရေရာခြင်းများဖြင့် လမ်းဆုံ လမ်းခွသို့ ရောက်ရှိနေသည်။ ယခင် အကျပ်အတည်း ကာလများကကဲ့သို့ပင် အရေးပေါ် အခြေအနေများသည် ရခိုင်ပြည်နယ် မြောက်ပိုင်းကို ဗဟိုပြု၍ ဖြစ်ပေါ်နေကြသည်။ သို့သော် အာရကန်လူမျိုးများ ယနေ့ကြုံနေရသော စိန်ခေါ်မှုများက မြန်မာတစ်ပြည် လုံး၏ နိုင်ငံရေးအရ ကျဆုံးမှုများ၏ ပုံရိပ်တစ်ခုမျှသာ ဖြစ်နေပေသည်။ မြန်မာနိုင်ငံအနှံ့အပြားမှ ပြည်သူများ၏ သမိုင်းကြောင်းနှင့် လူမျိုးတို့၏ သွင်ပြင်စရိုက်များကသာ ကွာခြားကောင်းကွာခြားလိမ့်မည်။ ရခိုင်၏ နက်နဲရှုပ်ထွေးသော သမိုင်းကြောင်း အနေအထားတို့ကြောင့် ကိုလိုနီခေတ်လွန် ကာလပြဿနာများ ခါးသီးပြင်းထန်ပုံတွင် ရခိုင်တွင်ပိုသည်းလာခြင်းဟုဆိုရမည်။ အာရကန်၏ ပထဝီ နိုင်ငံရေး အနေအထားအရ ယနေ့ခေတ် ရခိုင်ပြည်နယ်တွင် ဖြစ်ပျက်နေသော အခြင်းအရာများက မြန်မာကိုသာမက အိမ်နီးချင်းနိုင်ငံ များ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုပါ သက်ရောက်မှုများရှိနေပေသည်။

အခြားမတည်ငြိမ်သော တိုင်းပြည်များကဲ့သို့ပင် နိုင်ငံရေးအရ အစိတ်စိတ်အဖြာဖြာ ကွဲနေကြခြင်း၊ မတည်ငြိမ်ခြင်းများ၏ အကြောင်းရင်းများမှာ အာရကန်၏အတိတ် ကိုလိုနီခေတ်တွင် အမြစ် တွယ်နေသည်ကို တွေ့မြင်နိုင်ကြရသည်။ သို့ရာတွင် လူမျိုးစုပဋိပက္ခများနှင့် တော်လှန်ပုန်ကန်ခြင်းများသည် ၁၉၄၈ လွတ်လပ်ပြီး နောက်ပိုင်းတွင်လည်း ခေတ်တိုင်းခေတ်တိုင်း၌ ဆက်လက်ဖြစ်ပေါ်နေခဲ့သည်ကိုလည်း သိမှတ်ရပါမည်။ နိုင်ငံရေး၌ ဂိုဏ်းဂဏ ကွဲမှုများနှင့် လူ့အဖွဲ့အစည်းအတွင်း မညီညွတ်မှုများသည် စစ်အုပ်ချုပ်ရေး အောက်၌နေရသော နှစ်ပေါင်း ၅၀ အတွင်း၌ ပို၍ပင် နက်ရှိုင်းလာခဲ့သည်။ အာရကန်သည် လက်နက်ကိုင် တိုက်ပွဲများနှင့် ဖိနှိပ်မှုများ လွှမ်းမိုးထားသော ဆင်းဆင်းရဲရဲ ချောင်ကျသည့် နေရာတစ်ခုဖြစ်လာခြင်းက အမှန်တရားပင်။ ထိုကျဆုံးခြင်းများကို ယနေ့ ဖြေရှင်းကြရပါမည်။ ပဋိပက္ခဖြစ်စဉ်များကိုကြည့်လျှင် ယနေ့အာရကန်သည် သမိုင်းတစ်လျှောက်တွင် အစိတ်စိတ်အမွှာမွှာ အဖြစ်ဆုံး ကာလတစ်ခုသို့ ရောက်ရှိနေသည်။

နိုင်ငံရေးပဋိပက္ခများ၏ သဘောမှာ အချိန်ကို မစောင့်ပါ။ လူမျိုးစု အရေးမငြိမ်သက်မှုများနှင့် ပြုပြင်ပြောင်းလဲရေးရှေ့မတိုးနိုင်ခြင်းများသည် လွန်ခဲ့သည့်နှစ်အတွင်း များစွာပြင်းထန်လာခဲ့သည်။ ရခိုင်နှင့် ပတ်သက်သော အရေးကြီးသည့် အဆုံးအဖြတ်မှန်သမျှကို လူများစု ဗမာခေါင်းဆောင်များ ကြီးစိုးပြီး ဗမာပြည်မ၏ အကျိုးစီးပွားကို အလေးထားသော ဗဟိုအစိုးရနှင့် တပ်မတော်တို့က ချုပ်ကိုင်ထားသည်။ ရှမ်းနှင့် ကချင်တွင် တည်ဆောက်

မည့် ရေကာတာဖြစ်စေ၊ ရခိုင်ပြည်နယ်တွင် အကောင်အထည်ပေါ်လာမည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဖြစ်စေ၊ ဗဟိုမှလာသော စီးပွားရေး လုပ်ငန်းကြီးများသည် ဒေသပြည်သူတို့၏ စိတ်မလုံခြုံမှုကို ပိုတိုးစေပြီး ၎င်းတို့အား ဘေးဖယ်ထားသည် ဟူသော အသိကို ပိုနက်ရှိုင်းစေသည်။ "အဆိုပါ စီမံကိန်းများတွင် ဒီမိုကရေစီ နည်းကျကျ ပါဝင်ခွင့် မရဘဲ မည်သူတို့က မည်ကဲ့သို့ စဉ်းစားဆုံးဖြတ်ခဲ့ကြသနည်း။ တိုင်းပြည်အနှံ့အပြားတွင် ပဋိပက္ခများဖြစ်နေဆဲ ကာလတွင် စစ်ဘောင်ကျယ်လှသော နိုင်ငံတစ်ခုခု၌ ဤစီမံကိန်းများ ပေါ်လာအောင် မည်သို့စဉ်းစားခဲ့ကြသနည်း ဟူ၍ စီမံကိန်းနယ်မြေများမှ ဒေသခံများဘက်က မေးမြန်းကြပါသည်။

ထိုကဲ့သို့ မရေရာမှုများကို ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့နှင့် သုံးနိုင်ငံနယ်ခြားဆုံချက်မှ ပြည်သူများ ပြင်းပြင်းထန်ထန် ခံစားနေရသည်။ တစ်ဖန် အမျိုးသားနိုင်ငံရေး အုပ်စုများ အချင်းချင်း အပြိုင်အဆိုင် စိန်ခေါ်မှုများသည်လည်း အာရကန်မြေပေါ်တွင် ဖြစ်ပေါ်နေသည်။ ဘင်္ဂလားဒေ့ရှ်နယ်ခြားသည် ယနေ့ခေတ်ကမ္ဘာတွင် အကြီးမားဆုံးဒုက္ခသည် ပြဿနာတစ်ခုကို ထမ်းပိုးထားသည်။ တစ်ချိန်တည်းမှာပင် အာရကန်သည် တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် အခြားအနောက်နိုင်ငံမှ စီးပွားရေးသမားများစွာတို့လက်ဦးမှု လိုချင်ကြသော နယ်မြေဖြစ်လာပြီး ဤဒေသ၏ အနာဂတ် ပထဝီနိုင်ငံရေး လမ်းကြောင်းကိုလည်း ၎င်းတို့က ပင်ရောက်သြဇာလွှမ်းမိုးကာ ပုံဖော်လိုကြသောနေရာဖြစ်လာပြန်သည်။ ဤကဲ့သို့ သမိုင်းဘီးတစ်ပတ် ပြန်လည်လာခြင်းမျိုးကို ၁၇၈၄၊ ၁၈၂၄၊ ၁၉၄၂၊ ၁၉၇၈၊ ၁၉၉၂၊ ၂၀၁၂ နှင့် ၂၀၁၆ တို့တွင် ဖြစ်ခဲ့သော အုပ်ချုပ်သူ အပြောင်းအလဲကာလများ၌ တွေ့ရှိခဲ့ရပြီး ဖြစ်သည်။ အစိုးရအပြောင်းအလဲ ရှိလာတိုင်းတွင် ပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ခဲ့သော အစဉ်အလာမှာ ယခုလည်း တစ်ပတ်လည်လာခဲ့ပြန်ပြီ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်အချိန်မှစ၍ ဤနယ်မြေ၌ အုပ်ချုပ်ရေးတစ်ခေတ် အသစ်ပြောင်းတိုင်း အရှုပ်အထွေးများ ဆပွားလာသကဲ့သို့ ပဋိပက္ခမျက်နှာစာလည်း ပို၍စုံလင်လာခဲ့သည်။

နိုင်ငံရေးအရ မအောင်မြင်မှုများဆက်တိုက်ရှိခဲ့သော်လည်း အာရကန်မှ ပြည်သူတို့မှာ ဖြစ်သမျှအကြောင်းကို လက်သင့်ခံလိုသူ၊ ငြိမ်ခံနေမည့်သူများ မဟုတ်ခဲ့ကြပါ။ နိုင်ငံရေးလှိုင်းထဲတွင် တုံ့ပြန်လှုပ်ရှားနေကြသလို အမျိုးသားရေးလှုပ်ရှားမှု၏ အတက်အကျများကိုပါ ရင်ဆိုင်ခဲ့ကြသည်။ ယခုအခါ အာရကန်နယ်မြေ၏ အနာဂတ်ကို ဘက်ပေါင်းစုံက ထိန်းချုပ်ရန် ကြိုးစားမှုများ ပေါ်ပေါက်လာချိန်တွင် အာရကန်သားတို့၏ ရုန်းကန်မှုများသည်လည်း တစ်ဖန်ပြန်စလာပြန်သည်။ နှစ်ငါးဆယ်အတွင်း ပထမဆုံး ဒီမိုကရေစီနည်းဖြင့် ရွေးကောက်တင်မြှောက်သော အစိုးရတစ်ရပ် လက်ထက်ရောက်ချိန်တွင် အာရကန်တို့၏ ရုန်းကန်မှုမှာ အခြေအနေ အသစ်တစ်ခုသို့ ရောက်ရှိလာခဲ့သည်။ ထိုရုန်းကန်မှုအရှိန် ဤမျှအထိ မြန်ဆန်မည်ကို အများစုက မခန့်မှန်းနိုင်ခဲ့ကြပါ။ သို့သော် တပ်မတော်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့၏ ပူးတွဲအုပ်ချုပ်မှု အောက်၌ပင် ရိုဟင်ဂျာများ အစုလိုက်အပြုံလိုက် ဘင်္ဂလားဒေ့ရှ်သို့ ဝင်ရောက် တိမ်းရှောင်ရခြင်းနှင့် ပြည်နယ်မြောက်ပိုင်း အာရကန်၏ အသည်းနှလုံးဖြစ်သော နယ်မြေတွင် ULA ပေါ်ပေါက်လာခြင်းဟူသော အကျပ်အတည်းကြီးနှစ်ခု ပေါ်ပေါက်လာခဲ့သည်။

လူသားအားလုံး၏ အခြေခံလူ့အခွင့်အရေး ညီမျှစွာ ရရှိပိုင်ခွင့်ကို စောင့်ရှောက်ခြင်း၊ အာမခံချက် ပေးနိုင်ခြင်း၊ ပဋိပက္ခများ၏ ရေသောက်မြစ်ကို ကုစားနိုင်ခြင်းများမရှိဘဲ နောက်ထပ်တိုးတက်မှုကိုရရှိရန် လမ်းမမြင်ပါ။ မြန်မာနိုင်ငံ၏ ဒုတိယ အဆင့်ရဲဆုံး ပြည်နယ်ဖြစ်သော ရခိုင်ပြည်နယ်သည် ရှေ့တွင် ခက်ခဲသည့်နှစ်များကို ကြုံရပါလိမ့်ဦးမည်။ ရခိုင်၊ ရိုဟင်ဂျာ၊ ချင်း၊ ကမန်၊ မြိုနှင့် အခြားလူမျိုးများအပါအဝင် ဒေသခံများအားလုံး ဒုက္ခကြုံလာရသည်မှာ ကြာလှပါပြီ။ ဤဒေသတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးရနိုင်ရန် လူမျိုးစုအချင်းချင်း၊ နေထိုင်သူအချင်းချင်းကြားတွင် ပေါင်းကူးတံတားများ လိုအပ်ပါသည်။ နိုင်ငံရေးပြုပြင် ပြောင်းလဲမှုများ လိုအပ်ပါသည်။ လူ့အခွင့်အရေးနှင့် တရားမျှတမှုအပေါ် အခြေခံ၍ လူပေါင်းများစွာ အိုးအိမ်မဲ့ ဒုက္ခသည်ဖြစ်ကြသော အကျပ်အတည်းကြီးကို ဖြေရှင်းနိုင်ကြရပါမည်။

ရခိုင်ပြည်နယ်ရှိ အကျပ်အတည်းကို ဖြေရှင်းနိုင်ခြင်းသည် မြန်မာတစ်နိုင်ငံလုံးနှင့် ဒေသတွင်းအဝန်းအဝိုင်းများအထိ အကျိုးခံစားခွင့် ရှိလာပါမည်။ အာရှ၏ မဟာဗျူဟာကျသော အချက်အချာနေရာတွင် ရှိသော အာရကန်သည် သမိုင်းကြောင်းတစ်လျှောက် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ ရောက်ရှိ စည်ပင်ခဲ့သောနေရာဖြစ်သည်။ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသူများအားလုံးအတွက် လူ့အခွင့်အရေးနှင့် တရားမျှတမှုကိုသာ အာမခံနိုင်လျှင် မြန်မာနိုင်ငံ၏ အနာဂတ်အတွက်သာ အန္တရာယ်များစေသည်မဟုတ်။ အခြားသော လူမျိုးစုများစွာ စုပေါင်းနေထိုင်သည့် ဒေသတွင်းနိုင်ငံများအတွက်ပါ အခြေအနေမကောင်းနိုင်ပါ။ မတည်ငြိမ်သော ယနေ့ကမ္ဘာတွင် ငြိမ်းချမ်းရေးနှင့် ပြည်သူ့ အသိုက်အမြုံများကြား နားလည်စာနာနိုင်မှုသည် အရေးကြီးဆုံး လိုအပ်ချက်များဖြစ်လာကြသည်။ အသွေးအရောင် စုံလင်ခြင်းသည် တိုက်ခိုက်ဖိနှိပ်ပစ်ရမည့် အရာမဟုတ်ဘဲ တန်ဖိုးထားကြရမည့်အရာသာ ဖြစ်သည်။

မေးစရာမှာ လက်ရှိအခြေအနေကို ကုစားနိုင်သည့် ဆေး ရှိပါမည်လောဟူသော မေးခွန်းဖြစ်သည်။ အဖြေကမူ ရှိပါသည်ဟု ဆိုရပါမည်။ သို့သော် မည်သည့် အစိုးရလက်ထက်တွင်မဆို ပြည်သူအများ တကယ်ပါဝင်နိုင်သည့် ငြိမ်းချမ်းရေး သဘောတူညီချက်များ၊ နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်း တိုင်ပင်မှုများနှင့် အနှစ်သာရရှိရှိ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း ရှိမရှိဆိုသည့်အပေါ်တွင် အဖြေကမူတည်ပါသည်။ မြန်မာနိုင်ငံအတွင်း၌ ဖွဲ့စည်းပုံအရ တစ်ဖက်စောင်းနင်း ဖြစ်နေသော အခြေအနေများ ပိုနေမြဲ ကျားနေမြဲ မပြောင်းမလဲ တည်ရှိနေသည်မှာ ကြာပါပြီ။ ဤသို့ မပြောင်းမလဲခြင်းမှာ ဗဟိုအစိုးရ၊ ရခိုင်ပြည်နယ်အစိုးရတို့နှင့်သာ သက်ဆိုင်သော စိန်ခေါ်မှုတစ်ရပ်မဟုတ်ပါ။ ဤကဲ့သို့ စပ်ကူးမပ်ကူး ကာလအတွင်း၌ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံရှိကြသော အာရကန်ပြည်သူများသည် ၎င်းတို့၏ အနာဂတ်ကို အဆုံးအဖြတ်ပေးမည့်အရေးများတွင် ဒီမိုကရေစီနည်းကျကျ အတူဝင်ရောက်ဆောင်ရွက်နိုင်ရေး၊ ထိုသို့ဆောင်ရွက်နိုင်သည့် တာဝန်များ ပြန်လည်ရရှိ လာနိုင်ရေးတို့မှာ အသက်တမျှအရေးကြီးပါသည်။ ဤအချက်ကို အထမြောက်အောင် မဆောင်ရွက်နိုင်ကြသရွေ့ ရေရှည် တည်တံ့ နိုင်သော ငြိမ်းချမ်းရေးကို လမ်းမမြင်ပါ။

၂၀၁၁ ခုနှစ်ကတည်းကပင် မျှော်လင့်ခြင်းများ၊ အခွင့်အလမ်းများ တဖျောက်ဖျောက်ပေါ်လာခဲ့ကြသည်။ ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ၂၀၁၅ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်၊ NLD က ရွင်ပြန်ထမြောက်လာပြီး အစိုးရဖြစ်လာခဲ့ခြင်း၊ ၂၁ ရာစုပင်လုံညီလာခံ ပြန်လည်စတင်နိုင်ခြင်း အစရှိသည့် အဖြစ်အပျက်များ အား လုံးသည် စစ်အုပ်ချုပ်ရေး ကာလအောက်နေလာခဲ့ရသည့် ဆယ်စုနှစ်များအပြီးတွင် ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ဆောင်ရွက်ရန်မဖြစ်မနေ လိုအပ်ကြောင်း လက်ခံသည့် အမှတ်သင်္ကေတများ ဖြစ်ကြသည်။ တစ်ခါတစ်ရံတွင် တစ်တိုင်းပြည်လုံး၏ မျှော်လင့်ချက်များ ပြည့်ဝတော့မလိုလို လမ်းစတွေ့နီးနီး အချိန်များ ရှိခဲ့သည်။ သို့သော်တစ်ချိန်တည်းတွင်ပင် ဆယ်စုနှစ်များစွာအတွင်း အဆိုးဆုံးသော ပဋိပက္ခ၊ အသက်ဆုံးရှုံးကြရခြင်းများနှင့် နေရပ်စွန့်ခွာ ထွက်ပြေးရခြင်းများ ကြုံကြိုက်ခဲ့ကြရသည့် နယ်မြေများလည်း များစွာရှိခဲ့သည်။ ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်းပြည်နယ် နယ်စပ်ဒေသများ အားလုံးမှာ အကြမ်းဖက်မှုများနှင့်အတူ ဒုက္ခပေါင်းစုံကို ခံစားနေကြရသည်။

ယခုကြုံနေရသော စိန်ခေါ်မှုမှာ ပဋိပက္ခသံသရာကို မည်သို့ ဖြတ်တောက်ပစ်နိုင်မည်နည်းဟူသော အရေးဖြစ်သည်။ ရေရှည်အတွက် အဆင်ပြေသည့် ဖြေရှင်းနည်းက သက်ဆိုင်ရာ ပြည်နယ်ဒေသအသီးသီးမှ ပြည်သူအသီးသီးထံ အာဏာကို ခွဲဝေပေးခြင်းဖြစ်မည်။ ၁၉၄၇ ပင်လုံစာချုပ်သည် ထိုကတိကဝတ်ဖြင့် ကိုလိုနီခေတ်အလွန် ပြည်ထောင်စု မြန်မာနိုင်ငံကို တည်ထောင်ရန် စုစည်းခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုအခါတွင် အဓိပ္ပါယ် ပြည့်ဝသော ဆွေးနွေးညှိနှိုင်းမှုများ ဖြစ်စေနိုင်သည့် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော ပလက်ဖောင်းတစ်ခုကို မည်သို့တည်ဆောက်ကြမည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို မည်သို့ပြင်ဆင်မည် အစရှိသည်တို့နှင့် ပတ်သက်၍ ဘုံသဘောတူညီချက်ကို မရနိုင်ဘဲရှိသည်။ နိုင်ငံရေးအရ ရှေ့မတိုးနိုင်ခြင်း၊ လူမျိုးစု ပဋိပက္ခများရှိနေခြင်းတို့က မပြေနိုင်သော ကြိုးထုံးလို ရှုပ်ထွေးရစ်ပတ်နေသည်။ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေး မစ်ရှင်က မီးမောင်းထိုးပြသည်မှာ လူအခွင့်အရေးချိုးဖောက်ခြင်းနှင့် လုံခြုံရေးကို အကြောင်းပြ ကြီးစိုးခြင်းတို့က ဖြစ်ရိုးဖြစ်စဉ်ဖြစ်ခဲ့သော နိုင်ငံတစ်ခုဖြစ်ရာ ကျူးလွန်သူတို့ က အပြစ်ပေးမခံရဘဲ လွတ်မြောက်နေခြင်းများမှာ အစဉ်အလာတစ်ရပ် ကဲ့သို့ဖြစ်နေခဲ့သည်ဆို၏။ ဤအဖြစ်ကို ရပ်တန့်ကြရမည်။

ရခိုင်ပြည်နယ်အတွက် ပေါ်ထွက်လာသော အကြံပေးချက်များနှင့် အစီရင်ခံစာများ အတော်များများ ရှိနေပါပြီ။ ကိုဖီအာနန်၏ အကြံပေးကော်မရှင်၊ ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေး မစ်ရှင်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ သုံးသပ်ချက်များစွာတွင် ကိုင်တွယ်ဖြေရှင်းစရာကိစ္စရပ်များကို ထောက်ပြခဲ့ကြပြီး ဖြစ်သည်။ ၎င်းတို့အထဲတွင် ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ဒီမိုရက်တစ်ပြုပြင်ပြောင်းလဲရေး၊ စစ်တပ်၏ တာဝန်ခံရေး၊ လူ့အခွင့်အရေးကို လေးစားကာကွယ်ရေး၊ ပွင့်လင်းမြင်သာရေးနှင့် စီးပွားရေး အဆုံးအဖြတ်များတွင် ဒေသခံတို့ ပါဝင်နိုင်ကြရေး၊ ဒုက္ခသည်များနှင့် ကိုယ်လွတ်ထွက်ပြေးရသူများအား ပြန်လည်နေရာ ချထားရေးနှင့် ရိုဟင်ဂျာတို့၏ ဖြစ်တည်မှုနှင့် နိုင်ငံသားအခွင့်အရေး ခံစားနိုင်မှုတို့ကို လိပ်ခဲတည်းလည်း အခြေအနေတွင် ပစ်မထားဘဲ မြန်မာနိုင်ငံ၏ အရေးကြီးသော ပြုပြင်ပြောင်းလဲရေး တစ်ရပ်အဖြစ် တစ်ပါတည်း ကိုင်တွယ်ဖြေရှင်းရေးတို့ ပါဝင်သည်။ ဤရည်မှန်းချက်များ မဖြစ်မြောက်နိုင်ရန် အကြောင်းမရှိပါ။ အာရကန်တို့ကို ဗြိတိသျှကိုလိုနီတို့ မသိမ်းပိုက်မီက ယနေ့ခေတ်တွင် တွေ့မြင်နေရသော နိုင်ငံရေး၊ လူမှုရေး အစိတ်စိတ် အမွှာမွှာကွဲပြားမှုများ ရှိမနေခဲ့ပါ။ အဘက်ဘက်က သက်ဆိုင်ရာတို့ အားလုံးကလည်း စစ်ဘေးမချဲ့တော့ဘဲ မဟာဗျူဟာအတွက်လက်နက်ကိုအားကိုးခြင်းအား ရပ်တန့်ကြရပါမည်။

တစ်ချိန်တည်းတွင် အခြားအရေးကြီးသောကိစ္စ

တစ်ခုမှာ နိုင်ငံတကာ အသိုင်းအဝိုင်းအတွင်း မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဘုံသဘောတူညီချက် အတိုင်းအတာတစ်ခုထိ ရှိကြရန်လိုပါသည်။ ကုလသမဂ္ဂက ဖြစ်စေ၊ အနောက်နိုင်ငံ အစိုးရများက ဖြစ်စေ၊ တရုတ်၊ အိန္ဒိယနှင့် အခြားအာရှအိမ်နီးချင်း နိုင်ငံများကဖြစ်စေ မြန်မာနိုင်ငံအနေနှင့် မျက်မှောက်ပြု ဖြေရှင်းစရာ ကိစ္စများဖြစ်သော လူမျိုးစုငြိမ်းချမ်းရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲရေး၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် ရိုဟင်ဂျာပြဿနာဖြေရှင်းရေး အစရှိသည်တို့နှင့် ပတ်သက်၍ စိတ်ပမ်းညီသော ဘုံရပ်တည်မှု ရှိကြရန်လိုပါမည်။ ကြုံနေရသော ပြဿနာများ၏ အမြစ်ကိုဖြုတ်နိုင်ရန် အရေးများကို အာရုံစိုက်နိုင်ကြလျှင် နိုင်ငံတကာအသိုင်းအဝိုင်းသည်လည်း တိုးတက်သည့်အဖြေကို ပေးနိုင်သည့် ပတ်ဝန်းကျင်ဖြစ်လာပေမည်။

အပြည်ပြည်ဆိုင်ရာ တရားရုံး ICC နှင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုရုံး ICJတို့က လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် ညှင်းပန်းနှိပ်စက် မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် စစ်ဆေးပေးရန်လက်ခံပေးလိုက်ခြင်းကပင် ရှေ့လျှောက် ထိရောက်သောပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် တွန်းအားပေး လိုက်သောခြေလှမ်းတစ်ခုပင်။ ဤအစီရင်ခံစာတွင်လည်း ရခိုင်ပြည်နယ်တွင် ယနေ့ကြုံနေရသည့် ပဋိပက္ခ၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများနှင့် လူ့အခွင့်အရေးပြဿနာများသည် ယခုမှ ဖြစ်လာသည့်ကိစ္စများ မဟုတ်ကြောင်း ရှင်းလင်းသုံးသပ်ပြခဲ့ပါသည်။ နိုင်ငံရေးအုပ်စုများ အချင်းချင်း ပြိုင်ဆိုင်မှုများနှင့် တိုင်းပြည်ယိုယွင်းလာသော အခြေအနေများသည် လွတ်လပ်ရေး ရခဲ့ပြီးသည့်ကာလကပင် သန္ဓေတည်ခဲ့ပြီး ကိုလိုနီစနစ်မှ ခေတ်သစ်မြန်မာပြည်ကို ကူးပြောင်းတည်ထောင်ရာတွင် လူမျိုးစု ငြိမ်းချမ်းရေးကို အောင်အောင်မြင်မြင် မတည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်လာရသည်။

သို့ရာတွင် တင်ကူးသတိပေးလိုသော အချက်လေးချက်ရှိပါသည်။ပထမအချက်မှာနိုင်ငံရေး၊စီးပွားရေး၊လူမျိုးစု ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးဆိုသော အလွန်အရေးပါသည့် ကိစ္စရပ်များမှာ တစ်ကဏ္ဍစီသတ်သတ်ဟု ခွဲမခြင်းသင့်ပါ။ ၎င်းတို့သည် တစ်ခုချင်းစီ ကိုင်တွယ်၍မရနိုင်သော ကိစ္စများဖြစ်ပါသည်။ အာရကန်၏ ပဋိပက္ခများ လိပ်ခဲတည်း လည်း ဖြစ်နေသော အခြေအနေကို ကြည့်လျှင် ထိုကဏ္ဍများအား လုံး တစ်ခုနှင့်တစ်ခု ထွေးလုံးရစ်ပတ်နေသော အဆက်အစပ်ကို တွေ့ရမည်။ နိုင်ငံတကာ အသုံးအနှုန်းများ ဖြစ်ကြသော ဒီမိုကရေစီ၊ ဖက်ဒရယ်လမ်းစဉ်နှင့် ဖွံ့ဖြိုးရေးအစရှိသည် တို့မှာလည်း မြန်မာနိုင်ငံကို လက်ငင်းပြေလည်စေမည့် ဂါထာမန္တရားများ မဟုတ်ကြပါ။ တကယ့်လက်တွေ့ဘဝထဲမှ ပြည်သူတို့၏ ခံစားနားလည်ပုံ၊ ၎င်းတို့ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် ၎င်းတို့၏ လိုအပ်ချက်များအား နားလည်ခြင်းကို အခြေခံ ဆောင်ရွက်ကြမှသာ လိုရာရောက်ပါမည်။

ဒုတိယအချက်မှာ မြန်မာနိုင်ငံ၌ တရားဥပဒေကြောင်းအရ အားနည်းမှုများ ရှိနေခြင်းကြောင့် လာရောက်ရင်းနှီးမြှုပ်နှံကြသော လုပ်ငန်းများ၊ စီမံကိန်းကြီးများသည် နိုင်ငံတကာ အဆင့်အတန်းနှင့် ညီနိုင်သမျှ ညီလျှင် အကောင်းဆုံးဖြစ်ပြီး အစိုးရ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် လွတ်လပ်သော မီဒီယာများ အပါအဝင် သက်ဆိုင်သူ အရပ်ရပ်၏ ဝေဖန်ဆန်းစစ်မှုကို လက်ခံနိုင်သည့် စီမံကိန်းများဖြစ်ရပါမည်။

တတိယအချက်မှာ နိုင်ငံတကာမှ မြန်မာ့အရေးဆောင်ရွက်သူများသည် အတိတ်ကပါလာခဲ့သော ဤလူ့အဖွဲ့အစည်းအတွင်း ရှိနေသည့် အကွဲအပြဲများကို ပို၍ဆိုးရွားသွားစေနိုင်သည့် အလုပ်များကို ရှောင်ရှားပြီး ပိုမိုညီညွတ်ရေးဆီသို့ ဦးတည်နိုင်အောင် ပံ့ပိုးကူညီကြရပါမည်။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်မြေပြင်ဖြစ်ခဲ့သော အာရကန်မြေသည် အခြေအနေဆိုးများထဲမှ မည်သည့် အခါကမျှ နာလန်ပြန် မထူနိုင်ခဲ့သေးပါ။ ၂၁ ရာစုတွင်လည်း ရခိုင်ပြည်နယ်သည် နိုင်ငံတကာ ပထဝီနိုင်ငံရေးနှင့် အပြိုင်အဆိုင်များကြားတွင် နောက်တစ်ကြိမ် ကြားညှပ်ကာ အခက်ကြုံရခြင်းမျိုး မဖြစ်စေသင့်ပါ။

စတုတ္ထအချက်မှာ မြန်မာနိုင်ငံ၏ လူမျိုးစုံလင်ကွဲပြားမှုကို ထင်ဟပ်သော၊ အများယှဉ်တွဲနေနိုင်မှုကို အားပေးသော အမျိုးသား စရိုက်လက္ခဏာများကို တည်ဆောက်ကြရပါမည်။ လွတ်လပ်ရေး ရပြီးကတည်းက လူမျိုးရေးအပေါ်တွင် လွန်ကဲစွာ အခြေပြုသော နိုင်ငံရေးနှင့် လူများစုဖြစ်သော ဗမာ၏ စရိုက်လက္ခဏာကို မဏ္ဍိုင်ပြုကာ တည်ထောင်သော နိုင်ငံမှာ အလုပ်မဖြစ်ကြောင်း တွေ့မြင်ခဲ့ကြပြီးပါပြီ။ အတိတ်ကို ပြန်လည်အောက်မေ့ရင်း ခေတ်သစ်နိုင်ငံ၏ အနာဂတ်ကို ဖော်ဆောင်နေခြင်းသည် အာရကန်၊ ရှမ်း၊ မွန် အစရှိသဖြင့် ဗမာနည်းတူ အခြေကြီးခဲ့ကြ ဖူးသော နိုင်ငံရေးနှင့် ယဉ်ကျေးမှု ဗဟိုချက်များအား လျစ်လျူရှုလိုက်သကဲ့သို့ အနေအထားကိုသာ ပြန်ရောက်စေပါသည်။ လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့်က ပါမောက္ခ ဦးထွန်းအောင်ချိန်က သတိပေးခဲ့သလိုပင် မြန်မာနိုင်ငံရှိ လူမျိုးဘာသာအားလုံးကို တစ်တန်းတည်းထား ထွေးပွေ့နိုင်သော "မြန်မာနိုင်ငံတော်"ကို ဖန်တီးတည်ဆောက်ရန် လိုအပ်နေပါသည်။[၁]

အရေးအကြီးဆုံးမှာ အာရကန်နှင့် မြန်မာနိုင်ငံတို့၏ အနာဂတ်မှာ ပြည်သူတို့၏ လက်ထဲတွင် ရှိရန် ဖြစ်သည်။ လွန်ခဲ့သော သုံးနှစ်အတွင်း၌ ငြိမ်းချမ်းရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် မျှော်လင့်ချက်များ ယိုင်လဲခဲ့ကြသည်။ သို့သော် ၂၀၂၀မှာ အဘက်ဘက်က ရနိုင်သော အခွင့်အလမ်း

များကို ပြန်လည်သုံးသပ်ပြီး စိန်ခေါ်မှုများကို အသစ် တစ်ဖန် ပြန်လည်ရင်ဆိုင်ကြရန် အချိန်ဖြစ်ပါသည်။ ငြိမ်းချမ်းရေး အတွက် ချဉ်းကပ်ပုံအသစ်တစ်ခုမုချလိုပါသည်။ ရွေးကောက် ပွဲက နောက်တစ်ကြိမ်နီးကပ်လာချိန်တွင် ရခိုင်ပြည် နယ်ကရော ဗဟိုအစိုးရကပါ ၂၀၂၀ကို တိုင်းပြည် အပြောင်း အလဲအတွက် အရေးကြီးသော မှတ်တိုင်တစ်ခုဟု ယူဆ ထားကြသည်။ စစ်အုပ်ချုပ်ရေး နှစ်ငါးဆယ်ကျော် ကာလ အတွင်း၌ နည်းလမ်းအသစ် အစီအစဉ်အသစ်များအား မဖော်ဆောင်နိုင်သော အချိန်များ ရှိခဲ့ကြသည်။ သို့သော် လက်ရှိစပ်ကူးမတ်ကူး အပြောင်းအလဲကာလ၌မူ အတိတ်က ကျန်ရစ်ခဲ့သော ရန်မီးများကို ငြိမ်းသတ်နိုင်မည့် အချင်း ချင်း စုဝေးတိုင်ပင် ညှိနှိုင်းခြင်းများရှိကြရန်၊ အတွေးအခေါ် သစ်များ ဖော်ထုတ်ကြရန် အလွန်အရေးကြီးပါသည်။

အာရကန်သည် သမိုင်းကြောင်း ကြွယ်ဝသောမြေ ဖြစ်သည်။ အတိတ်မှ ယူစရာ သင်ခန်းစာများစွာ ရှိသည်။ လွန်ခဲ့သည့် နှစ်ခုနှစ်ဆယ်အတွင်း အစိုးရ၏ငြိမ်းချမ်း ရေး လုပ်ငန်းစဉ်များနှင့် ပြုပြင်ပြောင်းလဲမှုများတွင် ရခိုင် ပြည်နယ်ကို ဘေးဖယ်ထားခဲ့ခြင်းက အဆုံးအရှုံးများ လှသည့် အဖြစ်များကို ကျန်ရစ်စေခဲ့သော ထပ်တလဲလဲ ဖြစ်ခဲ့သည့် အမှားတစ်ခုပင်။ အာရကန် ပြည်သူများသည် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် နိုင်ငံရေး အပြောင်းအလဲများ ဖော်ဆောင်ရေးတို့တွင် အဓိကကျသော နေရာများ၌ ပါဝင်နိုင်ခွင့် ရှိရပါမည်။ စစ်အုပ်ချုပ်ရေးမှ လွတ်ရန် အသွင်ကူးပြောင်းနေစဉ်တွင် လွတ်လပ်ခွင့်နှင့် တန်းတူညီမျှခွင့်တို့ကို လူတိုင်းလူတိုင်း ခံစားခွင့်ရှိ သင့်ပါ သည်။ တစ်ခါက Ramon Magsaysay ဆုရှင် လဖိုင်ဆိုင်းရော် ပြောခဲ့ဖူးသည်။ "ငြိမ်းချမ်းရေးက ပြည်သူတွေကို လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ လူမှုအခြေခံ အပြောင်းအလဲတစ်ခုဖြစ်လို့ စစ်သားတွေနဲ့ ဖော်ထုတ်နိုင်မှာ မဟုတ်ပါ" ဟူ၍ဖြစ်ပါသည်။[၂]



ဘူးသီးတောင်မနက်ခင်းအရုဏ်တက် (TK)

မှတ်စုများ
၁။ နိဒါန်း

၁။ ရှေးက အာရကန်မြေ (Arakan, Aracan)၏ အမည်များနှင့် ပတ်သက်ပြီး အယူအဆများ ကွဲပြားကြပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ယနေ့ခေတ် နယ်မြေများကို ရည်ညွှန်းရာတွင် "ရခိုင်ပြည်နယ်" ဟု ခေါ်ကြပြီး အများအားဖြင့် "ရခိုင်"ဟု ခေါ်ဝေါ်ကြပါသည်။ ထိုအမည်ကို ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်ထားသည့် အတိုင်းသုံးစွဲလာကြခြင်း ဖြစ်သည်။ သို့သော် အမျိုးသားရေးလှုပ်ရှားသူများ ကြားတွင်မူ အာရကန်ကိုသာ အများစုက နှစ်ခြိုက်ကြသည်။ အသုံးမများတော့သော်လည်း ရခိုင်မြေမှ ပြည်သူလူထုကို ရည်ညွှန်းရာတွင် အာရကန်သားများ Arakanese ဟု ရံဖန်ရံခါ သုံးကြသည်။ ဤအစီရင်ခံစာတွင် အသုံးအနှုန်း တစ်အုပ်လုံး တစ်ညီတညီးဖြစ်စေရန် အာရကန်ကို သမိုင်းဝင်နှင့်ဆက်စပ်ပြီး ဖော်ပြရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ယနေ့ခေတ် အဖြစ်အပျက်များကို ဖော်ပြရာတွင်မူ ရခိုင်ပြည်နယ်ဟုသာ အသုံးပြုသွားပါမည်။ အခြားအမည်များတွင်လည်း မူကွဲပြဿနာ ရှိနေပါသည်။ ဥပမာ- ခိုင်ကို Khineဟုလည်းကောင်း Khaing ဟုလည်းကောင်း၊ မင်းနေပြည်တော်ဟောင်းကို မြောက်ဦးဟူ၍ လည်းကောင်း၊ မြို့ဟောင်းဟူ၍လည်းကောင်း တွေ့နိုင်သည်၊ ဤအစီရင်ခံစာပါ အသုံးအနှုန်းများကသာ သင့်တော်တိကျသည်ဟု မဆိုလိုပါ။ အစုပိုင်းတွင် သုံးထားသည့် အသုံးအနှုန်းအတိုင်း နောက်ထပ်ရေးသားရာတွင်လည်း တစ်ညီတညီးဖြစ်အောင်သာ ထပ်တူ အသုံးပြုထားပါသည်။

၂။ ကသောင်းကနင်းဖြစ်မှုများအတွင်းက ရှုပ်ထွေးမှုနှင့် မတူကွဲပြားစုံလင်မှုတို့ကြောင့် ဤသုံးသပ်ချက်တွင် "ပဋိပက္ခ" ဟူသော အခေါ်အဝေါ်ကို မကြာခဏတွေ့ရမည်ဖြစ်ပါသည်။ ပုံမှန်အားဖြင့် ဤအခေါ်အဝေါ်ကို အငြင်းပွားမှုများ တင်းမာမှုများထက် လက်နက်ကိုင် လှုပ်ရှားမှုများနှင့် နိုင်ငံတကာလူသား ချင်းစာနာ ထောက်ထားမှု ဆိုင်ရာဥပဒေအရ အကြမ်းဖက်မှုဟု သတ်မှတ်ထားသည့် ကိစ္စများကို ရည်ညွှန်းရာတွင် သုံးထားပါသည်။

၃။ ယနေ့ခေတ် ကယားပြည်နယ်၏ စိန်ခေါ်မှုများကို Transnational Institute ၏ အစီအရင်ခံစာ Tom Kramer , Oliver Russell, and Martin Smith, From War to Peace in Kayah (Krenni) State: A Land at the Crossroads in Myanmar (Amsterdam: TNI, 2018) တွင် ရှုပါ။

၄။ Advisory Commission on Rakhine State, "Towards a Peaceful , Fair and Prosperous Future for the People of Rakhine: Final Report of the Advisory Commission on Rakhine State ", August 2017.

၅။ UN Human Rights Council , "Report of the Independent International Fact- Finding Mission on Myanmar", 12 September 2018.

၆။ ဖိလစ်ပိုင်သံတမန်တစ်ဦးဖြစ်သူ "Rosario Manalo" က ဤအဖွဲ့ကို ဦးဆောင်သည်။

၇။ Transnational Institute, "Selling the Silk Road Spirit: China's Belt and Road Initiative in Myanmar", Myanmar Policy Briefing No.22, November 2019; Transnational Institute, "The Belt and Road Initiative (BRI): An AEPF Framing Paper", 29 October 2019.

၈။ ဤသုံးသပ်ချက်ကို ၁၉၈၀ နှစ်များအစောပိုင်းတွင် စတင် ခဲ့သော သုတေသနအပေါ် အခြေခံထားပါသည်။ ဤအစီရင်ခံစာပါ အဖွဲ့အစည်းများတွင် လက်ရှိသို့မဟုတ် ယခင်ကပါဝင်ခဲ့ဖူးကြသော အစိုးရဘက်နှင့် အတိုက်အခံ အုပ်စုများမှ အဖွဲ့ဝင်များနှင့် အင်တာဗျူးလုပ်ထားပါသည်။ ပဋိပက္ခနှင့် တိုင်းပြည်၏ မအောင်မြင်ပုံများကို ဖြစ်ပေါ်စေခဲ့သော သမိုင်းကြောင်းများ၊ အရေးအရာများနှင့် ဖြစ်ရပ်များအပေါ် မတူသောအမြင်အမျိုးမျိုးကို ပါဝင်စေခြင်းဖြင့် ပိုမိုနားလည်စေပြီး ဆွေးနွေးမှုများကို အထောက်အကူပြုရန် ရည်ရွယ်သည်။

၂။ အမေ့လျော့ခံ အာရကန်ဘုရင့်နိုင်ငံတော်

၁။ ထပ်ဖန်တလဲလဲကိုးကားကြသော ဤမှတ်ချက်မှာ ၁၇၇၅ ခုနှစ် မတ်လ ၂၂ ရက်ကတွင် Edmund Burke ပြောခဲ့သော "အမေရိကနှင့် ရင်ကြားစေ့ရေး မိန့်ခွန်း" ("Speech on Conciliation with America") မှ ကောက်နှုတ်ထားသည်။

၂။ တပ်မတော်၏ ပြဋ္ဌာန်းချက်များအရ "အဖြူရောင်နယ်မြေ"သည် "သူပုန်"အဖွဲ့များ မရှိသောနယ်မြေ ဖြစ်ပြီး "အမဲရောင်နယ်မြေ"မှာ လက်နက်ကိုင်များ ထိန်းချုပ်ထားသောနယ်မြေဖြစ်သည်။ "အညိုရောင်နယ်မြေ"မှာတပ်မတော်နှင့် အတိုက်အခံတပ်ဖွဲ့များ နယ်မြေလုနေကြရာ နေရာဖြစ်သည်။

၃။ National United Party of Arakan (NUPA), "Brief Analysis on Arakan Politics and Draft of the Policy of the National United Party of Arakan", Information Department, 17 September 2001, pp.3,12; Michael Charney, "Rise of a Mainland

Trading State: Rahkaing Under the Early Mrauk-U Kings, c.1430-1603", Journal of Burma Studies, 1998, Vol.3, pp.1-33.

၄။ Thant Myint-U, The River of Lost Footsteps: Histories of Burma (New York: Farrar, Strauss & Giroux, 2006), p.73.

၅။ Rakhine Education Programme for Advancement of Democracy in Myanmar, "Publicity Letter 2", 27 March 1992.

၆။ Maurice Collis, The Land of the Great Image (London: Faber & Faber, 1946), p.250.

7. See e.g., NUPA, "Brief Analysis on Arakan Politics", pp.7-10; Aye Chan, "The Development of a Muslim Enclave in Arakan", SOAS Bulletin of Burma Research, Vol.3:2, Autumn 2005, pp.398-9.

၈။ ကုန်းဘောင်မင်းများလက်အောက်ရှိ အာရကန်အပေါ် သုံးသပ်ချက်နှင့် ပတ်သက်၍ Jacques Leider, "Politics of integration and cultures of resistance: A study of Burma's conquest and administration of Arakan (1785-1825)", in, Geoff Wade (ed.), Asian Expansions: The Historical Experiences of Polity Expansion in Asia (London: Routledge, 2015), pp.184-213.

၉။ In Letter, "No.3, J. Stonehouse, Magistrate of the Zillah of Chittagong, to George Barlow, Secretary to the Government", 8 November 1798, India Office Records, British Library, F/4/71.

၁၀။ In Ibid., Letter, "No.1, J. Stonehouse, Magistrate of the Zillah", 10 November 1798.

၁၁။ In Ibid., "Translation of Letter from Great Rajah, second Rajah and Vizier of the Kingdom of Arracan to the Chief of Chittagong", in Letter, "No.1, J. Stonehouse, Magistrate of the Zillah".

၁၂။ See e.g., Jacques Leider, "From Aracan Mahomedans to Muslim Rohingyas", in, Surakarn Thoesomboon & Aurapin Khamson (eds.), Past, Identity and Authenticity of Ethnology, Art and Archaeology (Bangkok: Princess Maha Chakri Sirindhorn Anthropology Centre, 2018), pp.213- 270.

၁၃။ B.R. Pearn, "Arakan and the First Anglo-Burmese War, 1824-25", The Far Eastern Quarterly, Vol.4:1, 1944, pp.27–40.

၁၄။ International Crisis Group, "Myanmar: The Politics of Rakhine State", Asia Report No.261, 22 October 2014, p.1.

၁၅။ See e.g., Transnational Institute, "Ethnicity without Meaning, Data without Context: The 2014 Census, Identity and Citizenship in Burma/ Myanmar", TNIBCN Burma Policy Briefing No.13, February 2014; Mary Callahan, "Distorted, Dangerous Data? Lumyo in the 2014 Myanmar Population and Housing Census", Sojourn: Journal of Social Issues in Southeast Asia, Vol.32:2, July 2017, pp.452-478. သန်းခေါင်စာရင်း ကောက်သည့် နည်းများအရ "တိုင်းရင်းသားလူမျိုး" ၁၃၅ မျိုး ဟူ၍ ခွဲခြားထားသော်လည်း မျိုးနွယ်စုအလိုက် လူဦးရေ မည်မျှရှိသည်ကို မ ထုတ်ပြန်ခဲ့ပါ။ Department of Population, "The 2014 Myanmar Population and Housing Census: Rakhine State, Census Report Volume 3–K", Ministry of Immigration and Population, May 2015, p.11.

၁၆။ Department of Population, "The 2014 Myanmar Population and Housing Census: Rakhine State, Census Report Volume 3–K", Ministry of Immigration and Population ,May 2015, p.11.

၁၇။ Ibid.

၁၈။ UNOCHA, "Myanmar: New Displacement in Rakhine", 13 May 2019, စာ ၁၃။

၁၉။ Nyein Nyein, "IDPs in Myanmar's Rakhine See No Hope of Return Home", The Irrawaddy, 10 October 2019; "More than 92,500 civilians displaced by conflict in Rakhine – REC", Mizzima News, 28 November 2019.

၂၀။ "Laymyo Dams to Put Tens of Thousands of Villagers' Homes Underwater", Khonumthung News, 5 November 2019.

၂၁။ See e.g., "The education of Paletwa destroyed by war", Chin World, 21 August 2019.

၂၂။ Martin Smith, Burma: Insurgency and the Politics of Ethnicity (London: Zed Books, 2nd ed. 1999), p.53.

၂၃။ Rajashree Mazumder, "Illegal Border Crossers and Unruly Citizens: Burma-Pakistan-Indian borderlands from the nineteenth to the mid- twentieth centuries", Modern Asian Studies, Vol.53:4, 2019, p.1162.

၂၄။ Smith, Burma: Insurgency,p.53.

၂၅။ Moshe Yegar, The Muslims of Burma: A Study of a Minority Group (Wiesbaden: Otto Harrassowitz, 1972), pp.89-94.

26. J.J. Bennison, Census of India, 1931: Volume XI, Burma Part I Report (Rangoon: Government Printing and Stationery, 1933), pp.61-2. For a description of the British era and the delineations of what became known as a "plural society", see, Thant Myint-U, The Hidden History of Burma: Race, Capitalism and the Crisis of Democracy in the 21st Century (New York: W.W. Norton & Company, 2020), pp.16-27.

၂၇။ See e.g., Final Report of The Riot Inquiry Committee (Rangoon: Supdt. Govt Printing And Stationery, Burma, 1939).

၂၈။ Myanmar-Institute of Strategic and International Studies (M-ISIS), "Background Paper on Rakhine State", Yangon, 28 May 2018, p.12.

၂၉။ Yegar, The Muslims of Burma, p.95.

၃၀။ စစ်အတွင်းက လူပ်ရှားမှုများနှင့် အကျိုးဆက်များ See e.g., see e.g., Smith,Burma: Insurgency, pp.60-77.

၃၁။ Jacques Leider, "Conflict and Mass Violence in Arakan (Rakhine State): The 1942 Events and Political Identity Formation", in Marie Lall & Ashley South (eds.), Citizenship in Myanmar: Ways of Being in and from Burma (Chiang Mai University Press & ISEAS Yusof Ishak Institute, Singapore, 2018), pp.193-221.

၃၂။ Smith, Burma: Insurgency, pp.62-4.

၃၃။ Leider, "Conflict and Mass Violence", pp.193,221.

၃၄။ For an analysis, see, Ibid., pp.208-10.

၃၅။ ကွဲပြားသော အမြင်များကို See e.g., Chan, "The Development of a Muslim Enclave", pp.402-9; A.F.K. Jilani, The Rohingyas of Arakan: Their Quest for Justice (Ahmed Jilani, 1999), pp.142-8.

၃၆။ James Hookway, "Myanmar Says Clearing of Rohingya Is Unfinished Business from WWII", Wall Street Journal, 2 September 2017.

၃၇။ James Holland, Burma '44: The Battle That Turned Britain's War in the East (London: Bantam Press, 2016).

၃၈။ မြန်မာနိုင်ငံမှ အဖြစ်အပျက်များကို see e.g.,

Smith, Burma: Insurgency, pp.65-87.

၃၉။ Reference courtesy of Prof. Robert Anderson. Letter, "Kenneth Lindhop, Commissioner Arakan Division Akyab to E.R.L. Leach", 28 March 1946 (Leach Papers, King's College Archive, Cambridge University).

၄၀။ U Aung Zan Wai, Memoirs (Yangon: unpublished, 1972), p.164: quoted in Smith, Burma: Insurgency, pp.80-81.

၄၁။ Ibid.

၄၂။ ပါကစ္စတန်နိုင်ငံကို ၁၉၄၇တွင် တည်ထောင်သောအခါ အရှေ့ဘင်္ဂလားသည် ပြည်နယ်တစ်ခုဖြစ်လာပြီး ၁၉၅၅ ခုနှစ်တွင် အရှေ့ပါကစ္စတန်ဟုတွင်ကာအပျက်အစီးများသော "လွတ်လပ်ရေးစစ်ပွဲ"အပြီး ၁၉၇၁တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဖြစ်လာ။

၄၃။ Leider, "Conflict and Mass Violence", p.203.

၄၄။ Mazumder, "Illegal Border Crossers", p.1163.

၄၅။ Ibid., p.1163-72.

၄၆။ See e.g., Kyaw Minn Htin, "The Marma from Bangladesh: A 'de-Arakanized' Community in Chittagong Hill Tracts", Suvannabhumi, Vol.7:2, December 2015, pp.133-53.

၄၇။ Yegar, The Muslims of Burma, pp.96-7.

၄၈။ ၁၉၄၇ ပင်လုံညီလာခံကို ဖ.ဆ.ပ.လ နှင့် (နယ်ခြားတောင်တန်း) ဒေသ ကိုယ်စားလှယ်များသာ တက်ခဲ့ပါသည်။ သို့သော် ကိုလိုနီခေတ် မတိုင်မီကတည်းက သီးခြားလွတ်လပ်သော အဆင့်အတန်း ရှိခြင်းကြောင့် ချင်း၊ ရှမ်းနှင့် ကရင်နီများကဲ့သို့ပင် မိမိတို့လည်း တက်ရောက်ခွင့်ရသင့်

သည်ဟု အာရကန်ခေါင်းဆောင်များက ယူဆသည်။

၄၉။ Jamiatul-Ulama, "To the Honourable A.G. Bottomley, His Majesty's Under-Secretary for Dominions", Rangoon, 24 February 1947. Available at: http://www.networkmyanmar.org/ESW/Files/1947-Jamiat.pdf

၅၀။ Ibid.

၅၁။ Ibid.

၅၂။ ဘုံပေါက်သာကျော် တော်လှန်ရေးခရီးဝယ် (သတင်းဂျာနယ် ပုံနှိပ်တိုက်က ရန်ကုန်မြို့၌ ၁၉၇၃ ခုနှစ်တွင် ဗမာဘာသာဖြင့် ထုတ်ဝေသည်။) စာ ၂၇၆-၈။

၅၃။ "Weekly Intelligence Summary", No.19, 10 June 1947, in "Law and Order, Arakan", India Office Records, M/4/2503.

၅၄။ "Law and Order, Arakan", Minute Paper, B/C 1011/1947, 9 June 1947; Reuters, 3 June 1947. Smith, Burma: Insurgency, p.82.

၅၅။ ပင်လုံညီလာခံတွင် ရခိုင်တောင်တန်းဒေသအရေးကို ဆွေးနွေးခြင်း မရှိပါ။ သို့သော် နောက်လ၌တောင်တန်းဒေသများ စုံစမ်းရေးကော်မတီ လုပ်ငန်းများတွင်ထည့်သွင်းလာခဲ့သည်။ Report of the Frontier Areas Committee of Enquiry (Rangoon: Government Printing and Stationery, 1947).

၅၆။ Josef Silverstein, Burmese Politics: the Dilemma of National Unity (New Brunswick: Rutgers University Press, 1980), pp.185-205.

၅၇။ Maung Maung, Burma's Constitution (The Hague: Martinus Nijhoff, 1961), p.189.

၅၈။ Ibid.

၅၉။ "Better use of natural resources for development of Rakhine State stressed", Global New Light of Myanmar, 1 June 2016.

၆၀။ Jilani, The Rohingyas of Arakan, pp.171-2.

၆၁။ For a "Rohingya-Bengali" analysis, see, Su-Ann Oh, "Rohingya or Bengali? Revisiting the Politics of Labelling", ISEAS Perspective, 10 December 2012.

၆၂။ Nyi Nyi Kyaw, "Myanmar's Other Muslims: The Case of the Kaman", in, Lall & South (eds.), Citizenship in Myanmar, pp.279-300.

၆၃။ Advisory Commission on Rakhine State, "Towards a Peaceful" (ref: Ch.1, n.4), p.19.

၆၄။ Rohingya Patriotic Front, "Rohingyas' Outcry and Demands", RPF Information & Publicity Department, October 1976, p.1.

၆၅။ Hannah Beech, "'No Such Thing as Rohingya': Myanmar Erases a History", New York Times, 2 December 2017.

၆၆။ မြန်မာ အသိုင်းအဝိုင်းများအတွင်း အငြင်းပွားမှုများရှိနေကြပုံကို သိရှိရန် see e.g.: Chan, "The Development of a Muslim Enclave"; Myanmar- Institute of Strategic and International Studies, "Background Paper on Rakhine State"; Dr Mohammed Yunus, A History of Arakan (Past and Present) (Chittagong: Magenta Colour, 1994); Zul Nurain (a) Kyaw Min, Rohingya History: Reality, Devoid of Myth (Yangon: Revised Edition, 2012); U Kyaw Min, "An Assessment of the Question of Rohingya's Nationality: Legal Nexus between Rohingya and State", Arakan Monthly, 23 October 2012. နိုင်ငံတကာတွင် ဤအကြောင်းအရာကို ပိုရေးလာကြပါသည်။ Jacques Leider, "Rohingya: The History of a Muslim Identity in Myanmar", Oxford Research Encyclopedia of Asian History, May 2018; Leider, "From Aracan Mahomedans to Muslim Rohingyas" တို့ကို ဥပမာအဖြစ်ရှုပါ။ လက်ရှိအမြင်အမျိုးမျိုးကို ခြုံငုံကြည့်နိုင်ရန် Anthony Ware & Costas Laoutides, Myanmar's 'Rohingya' Conflict (London: Hurst Books, 2018)ကိုရှုပါ။

၆၇။ Francis Buchanan, "A Comparative Vocabulary of Some of the Languages Spoken in the Burma Empire", in, Asiatic Researches 5, London, 1799, p.237. For Buchanan's research and travels, see, Willem van Schendel (ed.), Francis Buchanan in Southeast Bengal (1798): His Journey to Chittagong, the Chittagong Hill Tracts, Noakhali and Comilla (Dhaka: University Press Limited, 1992).

၆၈။ အာရကန်မှ မွတ်ဆလင်တို့၏ သမိုင်းကို ဆွေးနွေးရာတွင် ရခိုင်အဖွဲ့အစည်းအချို့က "လူမျိုးစု"ဖြစ်မှုထက် နယ်မြေအတွင်း အစောဆုံး ဝင်ရောက်ချိန်ဟု ယူဆထားသော

အချိန်ကို ဗဟိုပြုဆွေးနွေးကြသည်။ ဥပမာ ABSDF-Arakan က မွတ်ဆလင်များ ရောက်ရှိလာချိန်ကို ၁၇၈၄ ခုနှစ်နှင့် ကုန်းဘောင်ကျူးကျော်စစ် မတိုင်မီကာလ၊ ဖြိတိသျှခေတ် ၁၈၂၄-၁၉၄၈ ကာလ၊ ၁၉၄၈-ဖ၂ -ဖဆပလခေတ် "တရားမဝင် လာရောက်နေထိုင်မှု"၊ နေဝင်းအာဏာသိမ်းချိန်မှ ယနေ့ အထိဟု ကာလလေးခု ဖြင့် ဖော်ပြသည်။ Military Regional Committee, "Historical Point of View of Arakan", ABSDF (Arakan), 29 April 1992.

၆၉။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၅ တွင် "လူတိုင်းသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသား အဖြစ်ခံယူခွင့်ရှိသည်။ မည်သူမျှ မိမိ၏ နိုင်ငံသားဖြစ်မှုကို မတရားရုပ်သိမ်းခြင်း မခံရစေရ။ မိမိ၏ နိုင်ငံသားဖြစ်မှု ပြောင်းလဲနိုင်သည့် အခွင့်အရေးကိုလည်း ငြင်းပယ်ခြင်း မခံရစေရ" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

၇၀။ Schendel (ed.), Francis Buchanan in Southeast Bengal, p.31.

၇၁။ အလားတူ ဥပမာတခုမှာ ယူနန်ပြည်နယ်နှင့် ထိစပ်နေသော ကိုးကန့်ဒေသဖြစ်သည်။ တရုတ်စကား ပြောသူများ နယ်စပ်နှစ်ဘက်စလုံးတွင် နေထိုင်ကြသည်။ လွတ်လပ်ရေး ရချိန်မှစကာ ရှမ်းပြည်နယ်ဖက်တွင် ပဋိပက္ခနယ်မြေအဖြစ် တည်ရှိသည်။ See e.g., Transnational Institute, "Military Confrontation or Political Dialogue: Consequences of the Kokang Crisis for Peace and Democracy in Myanmar", Myanmar Policy Briefing, No.15, 15 July 2015.

၇၂။ Mratt Kyaw Thu, "Rakhine, the parlous state", Frontier Myanmar, 2 April 2019.

၇၃။ See e.g., Htin, "The Marma from Bangladesh". ရှေးက ရခိုင်လူမျိုးများကိုညွှန်းဆိုရာတွင် ဘင်္ဂလီစကားပြော သူများက သုံးလေ့ရှိခဲ့သော "မာ့ဂ် Magh" ("ပင်လယ်ခါးပြ") ဟူသောစကားအစား မရမာဟု ပို၍သုံးလာ ခဲ့သည်။ ယနေ့အခါ "မာ့ဂ် Magh" ကို ချိုးနှိမ်သော အသုံးအနှုန်းဟု ယူဆသည်။

၇၄။ "Assam NRC: What next for 1.9 million 'stateless' Indians?", BBC, 31 August 2019.

၇၅။ For a discussion, see, Haradhan Mohajan, "History of Rakhine State and the Origin of the Rohingya Muslims", IKAT: The Indonesian Journal of Southeast Asian Studies, Vol.2:1, 25 July 2018, pp.19-46. (ရိုဟင်ဂျာ) အမည်သည် အာဖဂန်နှင့် အိန္ဒိယအနောက် မြောက်ပိုင်းမှ "ရူဟာ" လူမျိုးများ သို့မဟုတ် ရွှေ့ပြောင်း နေထိုင်သူများထံမှ ဆင်းသက်လာကြောင်းလည်း မူကွဲရှိသည်။

၇၆။ See e.g., Mohamed Ashraf Alam, "The etymology of Arakan, Rohingya and Rakhine", Kaladan News, 20 June 2007.

၇၇။ ဤရှုင်းလင်းချက်ကို RPF အား တည်ထောင်ခဲ့ကြသည့် မိုဟာမတ် ဂျဖားရ် ဟာဗစ်နှင့် ရှာဗီးယား ဟူစိန်တို့က ၁၉၈၀ ကျော်နှစ်များတွင် စာရေးသူထံ ပေးခဲ့ကြခြင်း ဖြစ်သည်။ ထိုအချိန်က ဤစကားအပေါ် မှန်းဆချက်များ ယနေ့လောက် မများပါ။ ၎င်းတို့ကလည်း အခြားအကောက်အယူများကို သတိပြုမိခဲ့ကြဟန် မတူပါ။ ယေဘူယျအားဖြင့် ရိုဟင်ဂျာ ဟူသော အမည်ကို မေယုနယ်ခြားဒေသမှ မွတ်ဆလင် ခေါင်းဆောင်များနှင့် အသိုင်းအဝိုင်းများက အသုံးပြုကြပြီး အခြားအရပ်က က မွတ်ဆလင်များက အသုံးမပြုခဲ့ကြပေ။ "ရိုဟင်ဂျာ"ကို ရခိုင်မွတ်ဆလင်၊ အိန္ဒိယသား/ ဘင်္ဂလီနှင့်၊ နှိမ့်ချခေါ်ဝေါ်သော "ကုလား" ဟူသော အသုံးအနှုန်းတို့မှ ကွဲထွက်သော အသုံးအနှုန်း လူမျိုးအမည်တစ်ခုအဖြစ် ရခိုင်မြောက်ပိုင်းမှ မဟုတ်သော နိုင်ငံရေးသမားများနှင့် ရခိုင် အသိုင်းအဝိုင်းများက များစွာရင်းနှီးမှုမရှိကြဟု ဖြည့်ပြောနိုင်သည်။ ရိုဟင်ဂျာအဖွဲ့များ၏ အဆိုအရမူ ဘင်္ဂလားဒေ့ရှ် နယ်စပ်တစ်လျှောက်တွင် နေသူများကို ရခိုင်ပြည်နယ်မှ လာသူဆိုလျှင် "ရွိုင်း Roi" ဟုခေါ်ပြီး၊ စစ်တကောင်းမှ ဆိုလျှင် "ချတ္တိုင်း Chattai" ဟုလည်း ခေါ်တတ်ကြသည်။

၃။ ပါလီမန်ခေတ် (၁၉၄၈-ဖ၂)

၁။ ထိုသူတို့တွင် အများလေးစားသောနောက်ကြောင်းများ ရှိကြသည်။ ဦးစိန္တာမှာ သြဇာရှိသော ဗုဒ္ဓဘာသာ ရဟန်း တပါး ဖြစ်သည်၊ (ရဲဘော်) ကျော်မြမှာ ပလက်ဝမှ အစိုးရ အရာရှိဟောင်း တဦးဖြစ်သည်။ ဘုံပေါက်သာကျော်မှာ ဆိုရှယ်လစ် ပါတီဝင်ဟောင်းတဦး ဖြစ်သည်၊ ဗိုလ်စံသာ ကျော်မှာ BIA အဖွဲ့ဝင်ဟောင်းဖြစ်ပြီး ဖ.ဆ.ပ.လ ဝန်ကြီး ဦးအောင်ဇံဝေ၏ သားမက်ဖြစ်သည်။ ဗိုလ်ကြာလှအောင်မှာ ရခိုင် ကာကွယ်ရေးတပ် (ADA) ခေါင်းဆောင်ဟောင်း ဖြစ်သည်။

၂။ အခြားစစ်ဌာနချုပ် နှစ်ခုမှာ "အရှေ့ပိုင်း" (ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်း) နှင့် "တောင်ပိုင်း" (မြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီ)တို့ဖြစ်ကြသည်။

၃။ Smith, Burma: Insurgency (ref: see Ch.2, n.22),p.136.

၄။ Ibid., p.182. ဥပမာ-နောင်တွင် ရခိုင်ပြည် ကွန်မြူနစ်

ပါတီ ရ.က.ပ CPA ခေါင်းဆောင်များ ဖြစ်လာကြသည့် ဦးရွှေသာနှင့် ဦးခိုင်စိုးတို့သည် ကျမ်းစာဘွဲ့ရများဖြစ်ပြီး လက်ဝဲ ANLP၏ ဗဟိုကော်မတီဝင်အချို့မှာ ယခင်က ဗုဒ္ဓဘာသာ ရဟန်းများ ဖြစ်ကြသည်။

၅။ ကာဆင်း Cassim မှာဘူးသီးတောင်နှင့် မောင်တောတောင်ပိုင်းတို့မှ ခေါင်းဆောင်ဖြစ်ပြီး မောင်တောမြောက်ပိုင်းတွင်မူ အာဘာတ်စ် (Abas)၏ ခေါင်းဆောင်မှုဖြင့် မူဂျာဟစ်တပ်များဆက်လက် လှုပ်ရှားနေခဲ့သည်။ မူဂျာဟစ် လှုပ်ရှားမှုများ အစောပိုင်း မှတ်တမ်းကိုရှုရန် - R.B. Pearn, "The Mujahid rebellion in Arakan: Professor R B Pearn Foreign Office 1952": available at: http://www.networkmyanmar.org/ ESW/Files/Pearn-1952-rev.pdf

၆။ ချင်းလွတ်မြောက်ရေးအဖွဲ့ CLO ကို ၁၉၅၀ တွင် တည်ထောင်ပြီး APLP နှင့် ဆက်စပ်သည်။(တောင်တန်းသားများအဖွဲ့ Hill Peoples Organisation ကို ၁၉၅၄ တွင် တည်ထောင်ပြီး ပြည်သူ့ရဲဘော်အဖွဲ့နှင့် ဆက်နွယ်သည်)၊ လူမျိုးစုံတိုင်းရင်းသား အဖွဲ့ Tribal Nationalities Organisation ကို စစ်တွေဒေသတွင် ၁၉၅၆ခု၌ တည်ထောင်ပြီး အလံဖြူ ဗကပနှင့် ဆက်နွယ်သည်)။

၇။ Hugh Tinker, The Union of Burma: A Study of the First Years of Independence (London: Oxford University Press, 1957), စာ ၆၈.

၈။ U Nu, Towards Peace and Democracy (Rangoon: Ministry of Information, 1949),p.151.

၉။ ၂၈ ဦး ကော်မတီတွင် ဗမာ ၇ ဦး ၊ ကရင် ၆ ဦး ၊ မွန် ၆ ဦး ၊ ရခိုင် ၅ ဦး နှင့် တောင်တန်းနေ လူမျိုးများထဲမှ ကိုယ်စားလှယ် ၄ ဦးတို့ပါဝင်သည်။ အသေးစိတ်ကို see, "Report of the Regional Autonomy

Enquiry Commission" (Rangoon: Government

Press, 1952).

၁၀။ Jilani, The Rohingyas of Arakan (ref: Ch.2, n.35), p.188. ၁၉၅၁ နှင့် ၁၉၅၆တွင် အမတ် ၅ နေရာစာအနိုင်ရသည်။ ၁၉၄၇ ရွေးကောက်ပွဲမှာ တိုင်းပြုပြည်ပြု လွှတ်တော် (Constituent Assembly) အတွက်ဖြစ်သည်။

၁၁။ Ibid. P.173.

၁၂။ Yegar, The Muslims of Burma (ref: Ch.2, n.25),pp.101-2.

၁၃။ Ibid., pp.89-90. ထိုအချိန်က အရပ်သုံးစကား၌ "အိန္ဒိယသား" မွတ်ဆလင်နှင့် "ဗမာ" မွတ်ဆလင်ဟူ၍ ဖော်ပြခံရသူတို့ကြား ဘာသာရေးအရ ကွဲပြားမှု ရှိခဲ့ကြသည်။ ဗမာမွတ်ဆလင် ကွန်ဂရက် BMC သည် နိုင်ငံ့အရေးတွင် မွတ်ဆလင်များအား ကိုယ်စားပြုခဲ့ရာ ဥက္ကဋ္ဌဦးခင်မောင်လတ်ကအစိုးရဝန်ကြီးဖြစ်လာချိန်တွင် အားကောင်းသည့် အစုအဖွဲ့တစ်ခု ဖြစ်လာခဲ့သည်။

၁၄။ Pearn, "The Mujahid rebellion in Arakan", pp.8-12.

၁၅။ Ibid. p.9.

၁၆။ Ibid.

၁၇။ Ibid. pp.8-9. ထိုစာတမ်းတွင် ရိုဟင်ဂျာ (Rohingya) ကို Rwanga ဟု ညွှန်းထားသည်။

၁၈။ Abdul Gaffar, "The Sudeten Muslims", The GuardianDaily, 20 August 1951.

၁၉။ Yegar, The Muslims of Burma, p.120.

၂၀။ Pearn, "The Mujahid rebellion in Arakan",p.5.

၂၁။ Jilani, The Rohingyas of Arakan, p.172.

၂၂။ Smith, Burma: Insurgency, pp.159-67. ၁၉၆၀ ပြည့်လွန်နှစ်များ အနောင်းပိုင်းတွင် ဗကပသည် မော်ဝါဒဘက်ကို လှမ်းခဲ့ပြီးနောက် ပါတီခေါင်းဆောင်များက "ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေး" လမ်းစဉ်ကို ရှုံ့ချခဲ့သည်။

၂၃။ Ibid. ညွန့်ပေါင်းဖွဲ့ရာတွင် အဓိက ပါတီမှာ မြန်မာနိုင်ငံအလုပ်သမား လယ်သမား ပါတီဖြစ်သည်။ ပမည်တနှင့် မဟာမိတ်များသည် စုစုပေါင်း ဆန္ဒမဲ၏ ၃၇ ရာခိုင်နှုန်း ရရှိသည်။

၂၄။ Ibid. pp.168-9.

၂၅။ Leider, "Rohingya: The History" (ref: Ch.2, n.66),p.8.

၂၆။ For the official account of these events, see, Is Trust Vindicated? (Rangoon: Ministry of Information, 1960).

၂၇။ ၁၉၄၆ဖွဲ့စည်းပုံလုပ်ငန်းစဉ်တခုရှိခဲ့ပြီး စာချုပ်ညှိနှိုင်းဆွေးနွေးမှုထဲတွင်ထိုညီလာခံကို မထည့်သွင်းတတ်ကြပေ။

၂၈။ စဝ်သိင်္ဂါ (Sao Singha)အင်္ဂလိပ်ဘာသာသို့ပြန်ဆိုသော "The Shan Federal Proposal: Document containing proposals for the Revision of the Constitution of the Union of Burma, submitted by the Shan State". ၁၉၆၁

ဖေဖော်ဝါရီလ ၂၅တွင် တောင်ကြီးညီလာခံက ဤစာတမ်းကို အတည်ပြုခဲ့သည်။

၂၉။ ရ.တ.ည (ANUO)နှင့် ရခိုင်ပြည် ပြည်သူညီညွတ်ရေး တပ်ဦး (ရ.ပ.ည.တ)တို့မှ ရခိုင်ကိုယ်စား လှယ်များ တက်ရောက် သည်။ ဤဖြစ်ရပ်များကို Sai Aung Tun, History of the Shan State: From its Origins to 1962 (Chiang Mai: Silkworm Books, 2009), pp.377-423.

၃၀။ Ibid.p.422.

၃၁။ See e.g., Transnational Institute, "Beyond Panglong: Myanmar's National Peace and Reform Dilemma", TNI Myanmar Policy Briefing No.21, September 2017; Sai Wansai, "Jump-starting the stalled peace process: Is Revitalization of the 1961 Federal Amendment Proposal the Way to Go?", TNI Commentary, 4 May 2017.

၃၂။ ထိုစဉ်က လူသိများသော လှုပ်ရှားနေသည့် အဖွဲ့ ၃ ဖွဲ့မှာ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP၊ မွန်ပြည်သစ်ပါတီ KNPP၊နှင့် ချင်းအမျိုးသား တပ်ဦးပါတီ CNVP တို့ဖြစ်ကြသည်။ ဤသုံးဖွဲ့သည် အလံဖြူ ကွန်မြူနစ်များနှင့် KNU လက်ဝဲအင်အားစုဖြစ်သော ကရင်အမျိုးသား ညီညွတ်ရေးပါတီ KNPP နှင့် မဟာမိတ် ဖြစ်သည်။

၃၃။ Quoted in Smith, Burma: Insurgency, p.194.

၃၄။ Yegar, The Muslims of Burma, p.104; Leider, "Rohingya: The History", p.7.

၃၅။ See e.g., "Arakan Muslims ask for constitutional safeguards", The Nation, 27 October 1960; Yegar, The Muslims of Burma, p.103.

၃၆။ Ibid.

၃၇။ For a contemporary description, see, U Tha Htu, "The Mayu Frontier Administrative Area", The Guardian, February 1962.

၃၈။ Smith, Burma: Insurgency, p.194.

၃၉။ Leider, "Rohingya: the History", p.8.

၄၀။ See e.g., Yegar, The Muslims of Burma, p.102.၁၉၆၀ တွင် ရန်ကုန်မြို့၌ အဖွဲ့သစ်လေးခုတည်ထောင်ခဲ့သည်။ ကျောင်းသားအဖွဲ့၊ အလုပ်သမားများအဖွဲ့၊ ရန်ကုန်တက္ကသိုလ် အဖွဲ့နှင့် ရိုဟင်ဂျာ ဂျမီယာတူ- အူလမာအဖွဲ့၏ ရန်ကုန် အဖွဲ့ခွဲ တို့ဖြစ်သည်။

၄၁။ The Guardian, 6 July 1961. မူရင်းဗမာဘာသာဖြင့် မိန့်ခွန်းကို လည်းကောင်း၊ အင်္ဂလိပ် ဘာသာပြန်များကို လည်းကောင်း သေချာစွာ စစ်ဆေးခဲ့ပါသည်။ အချုပ်မှာ ရိုဟင်ဂျာများသည် စစ်တကောင်းနွယ်ဝင်များ ဖြစ်ကြပြီး နယ်ခြားနှစ်ဘက် စလုံးတွင် မျိုးဆက်များစွာ နေထိုင် လာသူများ ဖြစ်ကြောင်း ဗိုလ်အောင်ကြီးက ဆိုခဲ့ခြင်း ဖြစ်သည်။

၄၂။ See e.g., TNI, "Beyond Panglong", p.709. Wansai, "Jump-starting the stalled peace process".

၄၃။ The Times, 3 March 1962.

၄။ "မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်" (၁၉၆၂-၈၈)

၁။ Smith, Burma: Insurgency (ref: Ch.2, n.22), p.206-12. တက်ရောက်သူများ ထဲတွင် ကရင်၊ ကချင်၊ ရှမ်း တပ်ဖွဲ့များ၊ အလံဖြူနှင့် အလံနီကွန်မြူနစ်များ ပါဝင်ကြသည်။

၂။ Ibid.p.209.

၃။ အစောပိုင်းသုံးသပ်ချက်တစ်ခု Robert Holmes, "Burmese Domestic Policy: The Politics of Burmanization", Asian Survey, Vol.7:3, March 1967, pp.188-197. ယနေ့အနေအထားအပေါ် သုံးသပ်ချက် Matthew Walton, "The 'Wages of Burman-ness:' Ethnicity and Burman Privilege in Contemporary Myanmar", Journal of Contemporary Asia, Vol.43:1, 2013, pp.1-27.

၄။ Smith, Burma: Insurgency, pp.258-62.

၅။ See e.g., Stephanie Nebehay, "Brutal Myanmar army operation aimed at preventing Rohingya return: U.N", Reuters, 11 October 2017.

၆။ See e.g., Human Rights Watch, "Burma: New Satellite Images Confirm Mass Destruction", 17 October 2017.

၇။ See e.g., Simon Lewis, Zeba Siddiqui, Clare Baldwin & Andrew Marshall, "Tip of the Spear: The shock troops who expelled the Rohingya from Myanmar", A Reuters Investigation, Reuters, 26 June 2018.

၈။ အခြားအဖွဲ့ဝင်များမှာ မွန်ပြည်သစ်ပါတီ NMSP၊ ချင်းဒီမိုကရေစီပါတီနှင့် ဦးနု၏ ပါလီမန် ဒီမိုကရေစီပါတီတို့

ဖြစ်ကြသည်။

၉။ မ.ဆ.လအုပ်ချုပ်ရေးကာလ အာရကန်ရှိ ဗ.က.ပနှင့် အခြား အတိုက်အခံတပ်ဖွဲ့များ အကြောင်းကို See e.g., Smith, Burma: Insurgency, pp.236-46.

၁၀။ အလံနီကွန်မြူနစ်တို့သည် နှစ်ပေါင်းများစွာပင် ပခုက္ကူ တစ်ကြောနှင့် ပခုက္ကူနှင့် ထိစပ်နေသော ချင်းတောင်တန်း၊ အာရကန်မှမင်းပြားတွင် ခြေကုတ်ယူခဲ့ကြသည်။၁၉၇၁တွင်မူ ကြွင်းကျန်သော အလံနီတပ်အများစုက အာရကန်ထဲသို့ ပြေးဝင်ခဲ့ရသဖြင့် ၁၉၉၂ အထိ သုံးနိုင်ငံနယ်ခြားဆုံချက်တွင် တပ်ကြွင်းအချို့ ကျန်ရစ်သည်။

၁၁။ ၁၉၅၁တွင် လုပ်ကြံခံခဲ့ရသော ပထမဆုံး မူဂျာဟစ် ခေါင်းဆောင် မစ္စတာဂျဖား ရ်ကာဝယ်ကို အမှတ်ရသော အားဖြင့် မစ္စတာစာနီက "ဒုတိယ ဂျဖား ရ်" ဟူသော အမည်ကို ယူခဲ့သည်။

၁၂။ See e.g., Alex Ellgee, "Mae Sot-based Arakanese Remember Famine", The Irrawaddy, 14 August 2009; "Rice Killing Day observed in Sittwe", Narinjara News, 14 August 2017.

၁၃။ ထိုစဉ်က ဦးစံကျော်ထွန်းမှာ မဟာတန်းကျောင်းသား ဖြစ်သည်။ "Hidden Colony: The New Outlook on Nationalism" သည် ၁၉၈၀ နှစ်များတွင် AIO ဂျာနယ်၏ အမည်ဖြစ်လာပြီး Hidden Colony ဟူသော အတွေးအခေါ်ကို လူသိများစေခဲ့သည်။

၁၄။ Smith, Burma: Insurgency, pp.323-24. အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့၏ ဗမာ အင်ပါယာများနောက် "စတုတ္ထအင်ပါယာ" ကို တည်ထောင်ရန် နေဝင်းသည် တစ်ပါတီစနစ်ကို အသုံးပြုနေကြောင်း AIO နှင့် အခြားလူမျိုးစုအဖွဲ့အစည်းများက ယုံကြည်ခဲ့ကြသည်။

၁၅။ ALP ဒုတိယဥက္ကဋ္ဌဟောင်း ရေးသားခဲ့သည့် ALP သမိုင်း- Khaing Soe Naing Aung, "Inceptive History of Arakan Liberation Party and Its Long Liberation Struggle", Monograph, 2012.

၁၆။ RPF တည်ထောင်သူ မိုဟာမတ် ဂျာဖား ရ် ဟာဗစ် က စာရေးသူထံပေးခဲ့သောစာတမ်းကို အခြေခံထားသောအချက် ဖြစ်သည်၊ Smith, Burma: Insurgency, p.219 and passim. ဖြစ်ရပ်များနှင့် အဖွဲ့အစည်းများအကြောင်း အသေးစိတ် သိလိုပါက Jilani, The Rohingyas of Arakan (ref: Ch.2, n.35), pp.227-69.

၁၇။ Ibid.p.232.

၁၈။ ထိုအချိန်က အိန္ဒိယနယ်စပ်တွင် လှုပ်ရှားနေသော အဓိကတပ်ဖွဲ့ ကြီးနောက်တစ်ခုမှာ ယနေ့ခေတ် နာဂ အမျိုးသား ဆိုရှယ်လစ်ကောင်စီ (NSCN)၏ ပင်မအဖွဲ့ နာဂ အမျိုးသားကောင်စီ ဖြစ်သည်။

၁၉။ Smith, Burma: Insurgency, p.242.

၂၀။ အလံဖြူကွန်မြူနစ်များ၏ ၁၉၇၀ပြည့်လွန်နှစ်များက အဓိက အခြေစိုက်စခန်းများမှာ စစ်တွေခရိုင်နှင့် ရခိုင်ရိုးမ အလယ်ပိုင်းတွင် ဖြစ်သည်။ ANLP အဖွဲ့ဝင်များကမူ နတ်မြစ် နယ်ခြားတစ်လျှောက် ဘူးသီးတောင်နှင့် မောင်တော တို့ကို အခြေပြုလှုပ်ရှားခဲ့သည်။ ရ.က.ပမှာကျောက်တော်၊ မင်းပြား၊ မြေပုံတို့ရှိ တောနယ်များတွင် လှုပ်ရှားခဲ့ပြီး ရမ်းဗြဲကျွန်း၊ သံတွဲတို့အထိ မြေအောက်လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။ AIO တပ်မှာ ကျောက်တော်နှင့် မြောက်ဦးမြို့နယ်တို့ရှိ တောင်တန်းများတွင် ခြေကုတ်စခန်းတခု တည်ထောင်ရန် ကြိုးပမ်းခဲ့သည်။ ALP တပ်ဖွဲ့များမှာ ကရင်ပြည်နယ်တွင် ရှိခဲ့ပြီး ရခိုင်ပြည်နယ်စပ် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယတို့နှင့် ကပ်လျက် သုံးနိုင်ငံဆုံချက် ဒေသတွင်လည်း ၎င်းတို့၏ ကိုယ်စားလှယ်များ ထားရှိခဲ့သည်။ RPF မှာ မေယုနယ်ခြားဒေသ၌ အဓိက လှုပ်ရှားသည်။ အလံနီ ဗ.က.ပ မှ ကြွင်းကျန်သော တပ်ဖွဲ့တစ်ခုမှာ ချင်း-အာရကန်နယ်စပ်တွင် ဆက်လက်လှုပ်ရှား နေခဲ့သော်လည်း ရခိုင်နိုင်ငံရေးတွင် ထည့်မစဉ်းစား နိုင်တော့ပေ။ Smith, Burma: Insurgency, pp.237-46 and passim.

၂၁။ ၁၉၅၇ လူမျိုးစုံ တိုင်းရင်းသားများ အဖွဲ့ TNO ကို တည်ထောင်သော အဖွဲ့များကို အခန်း ၃၊ မှတ်စု ၆ တွင် ရှုပါ။

၂၂။ M. Ismael Khin Maung, "The population of Burma: An analysis of the 1973 Census", Paper of the East West Population Institute, No.97, April 1986, p.1617. "တိုင်းရင်းသား လူမျိုးများ၊ တိုင်းရင်းသား မဟုတ်သော နိုင်ငံခြားလူမျိုးများ၊ နိုင်ငံခြားလူမျိုးများနှင့် သွေးနှောနေသော မြန်မာများ" ဟူ၍ သုံးစု ခွဲခြားသည်။

၂၃။ Ibid. p.17.

၂၄။ ဤဥပဒေကို အချို့ အစီရင်ခံစာများတွင် "၁၉၇၄ လူဝင်မှုကြီးကြပ်ရေး (အရေးပေါ် ပြဋ္ဌာန်းချက်များ) အက်ဥပဒေ" ဟုရည်ညွှန်းသည် - See e.g., Human Rights Watch, "The Rohingya Muslims: Ending a Cycle of Exodus?", Vol.8:9(C), September 1996. ဤအရေးကိစ္စမှာ ၁၉၄၇ ခုနှစ် ဥပဒေကို ပြန်လည် အသက်သွင်းခြင်း ဖြစ်ဟန်တူ ပါသည်။

၂၅။ See ref.22. ဤစာရင်းကို စုစုပေါင်း လူဦးရေမှ ရာခိုင်နှုန်း အချိုးအစားဖြင့် ထုတ်ပြန်ခဲ့သည် - ဗမာ ၆၈.၀၊ ရှမ်း ၈.၉၊ ကရင်၆.၆၊ ရခိုင် (Arakanese) ၄.၄၊ အခြား

တိုင်းရင်းသား လူမျိုးများ ၆.၇၊ မြန်မာနှင့် နိုင်ငံခြားသား သွေးနှောများ ၁.၅၊ တရုတ် ၀.၈၊ အိန္ဒိယနှင့် ပါကစ္စတန် ၁.၉၊ အခြားနိုင်ငံခြား လူမျိုးများ ၁.၂ ဟူ၍ ဖြစ်သည်။

၂၆။ "Ne Win Speaks on Racial Purity at Party Meeting", Rangoon Home Service, 11 December 1979, as translated in, BBC Survey of World Broadcasts, FE/6298/B/2, 15 December 1979.

၂၇။ Smith, Burma: Insurgency,p.308.

၂၈။ ဤဖြစ်ရပ်များကို Aung, "Inceptive History of Arakan Liberation Party" တွင်ရှုပါ။

၂၉။ Smith, Burma: Insurgency, pp.241, 308-9.

၃၀။ အသက် ၇၉နှစ်တွင် ကွယ်လွန်ခဲ့ပြီး ရိုဟင်ဂျာ ဒုက္ခသည်များ သက်သာချောင်ချိရေးအဖွဲ့ (Rohingya Refugee Welfare Organisation) တွင် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေခဲ့သည်။ ဗြိတိသျှတို့ ထွက်သွားပြီးနောက် လူနည်းစုရေးရာဝန်ကြီးဌာန (Ministry of Minorities) တွင် ပါလီမန်အတွင်းဝန်အဖြစ်လည်း တာဝန်ယူခဲ့ဖူးသည်။

၃၁။ Ian Lindquist, "Report on the 1978-1979 Bangladesh Refugee Relief Operation", (Head of UNHCR Suboffice Cox's Bazar, Bangladesh, 1978), June 1979. ထိုအချိန်များတွင် ဖြစ်ပွားခဲ့သော ပဋိပက္ခ၊ အိုးအိမ်စွန့်ခွာရမှုတို့နှင့် ပတ်သက်ပြီး ယုံကြည်စိတ်ချရသော ကိန်းဂဏန်း၊ စာရင်းဇယား မရှိချေ။ ANLP ၏ မပြည့်စုံသော မှတ်တမ်းများကို အခြေခံထားသော အထောက် အထားတစ်ခုအရ ၁၉၇၈- ၈၃ ခုနှစ်အတွင်း မြေပုံမြို့နယ်နှင့် မောင်တောမြို့နယ်တို့တွင် ကျေးရွာ ၂၅၀ ကျော် ဖျက်ဆီးခံရပြီး ဗုဒ္ဓဘာသာများက ဆုံးရှုံးမှုအများဆုံး ကြုံတွေ့ခဲ့ရသည့်အချိန်ဖြစ်သည်ဟု သိရသည်။ Shwe Lu Maung, Burma: Nationalism and Ideology (Dhaka, University Press, 1989), p.62-5.

၃၂။ See e.g., Forward, August 1978; Smith, Burma: Insurgency, p.241.

၃၃။ UN Human Rights Council, "Report of the Independent" (ref: Ch.1, n.5), စာ ၆။ Amnesty International, "We Will Destroy Everything: Military Responsibility For Crimes Against Humanity in Rakhine State, Myanmar" (London, 2018), p.9,21.

၃၄။ Arakan Independence Organisation Central Committee, "Statement on the Expulsion of Muslims from Arakan", Arakan, 20 May 1978.

၃၅။ Ibid.

၃၆။ အိမ်နီးချင်း နိုင်ငံများတွင်ဖြစ်ခဲ့သော ပဋိပက္ခများကိုလည်း လုံလုံလောက်လောက် ဆန်းစစ်သုတေသနပြုရခြင်း မရှိသေးပါ။ ခြုံငုံသုံးသပ်ချက်များ- See e.g., Willem van Schendel, The Bengal Borderland: Beyond State and Nation in South Asia (London: Anthem Press, 2005); Subir Bhaumik, Troubled Periphery: Crisis of India's North East (New Delhi: Sage Publications India, 2009).

